www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

# ဂမ္ဘီရလောက

မစုစင်း

ဆုပြည့်စုံထွန်းစာပေ

အမှတ်-၅၀၈/၅၁၂၊ ၂(ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၈၃၆၆၄၊ ၀၁-၃၈၆၈၃၃

http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသောစာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရလောက

No.117, February, 2017


အသဲထွက်နှလုံးသား
ဒဂုန်ရွှေမျှား ၆

ကယ်တင်ရှင်ဝိညာဉ်
သန့်လျှင်ရှင်လေး ၁၇

သချိုင်းပွဲ
နန္ဒဝင်းကျော်ခေါင်(ခေတ္တလူ့ပြည်) ၃၁

တစ္ဆေထောင်ချောက်
ဘာဘတော ၄၂

မိကျောင်းအိုင်ဇာတ်လမ်း
ပန်းဇာနေဒီ နေခင်လော် ၆၁

ထို ... ဆောင်းတစ်ညတွင်
အမ်ဂျီလှကြည် ၈၁

ဂမ္ဘီရပဝါ
ဝေစန်းမြင့် ၉၄


www.burmeseclassic.com

www.burmeseclassic.com

…ချောက်ချားဖွယ်ညများ
…အသင်ဇာသက်ဝေ ၁၂၁

…ခွဲအလမ်း
…လှိုင် ၁၃၄

…နာဘာဝလော သာရကာကျေးငှက်လော
…ခိုင်ရီစည် (စဥ့်ကိုင်) ၁၅၆

…ချောင်းဖော်ချောင်းဖက်
…သင်ယာ ၁၈၀

…နာချင်လျက် အပြန်ခက်သူ
…မလေင်း (ကလော) ၁၈၇

…ကို ပရိတ်ရေနဲ့ မကြာခဏပက်ပေးပါ
…မာ ၂၀၂

…ရှိနှိဒါန်း
…ခင်းတင့်ဝိုး (လှိုင်သာဓယာ) ၂၁၀

…အောင်းကျွတ်
… …၆

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



**အယ်ဒီတာချုပ်**
ကိုမြင့်ထွန်း (Quality)

**တာဝန်ခံအယ်ဒီတာ**
ဒေါက်မြင့်မောင် (၀၉ ၃၁၁၁၆၉၉၉)

**အုပ်ချုပ်မှုအယ်ဒီတာ**
ခင်မာဧရွှ

**အယ်ဒီတာအဖွဲ့**
ညက်လင်းထက်

**ထုတ်ဝေသူ**
ဒေါ်ခင်မာဧရွှ (ထုပြည့်စုံထွန်းစာပေ)(၀၀၅၆၀)
အမှတ် ၅၀၈/၅၁၂ (၂၈)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းသရုပ်ဖော်**
တင်ကောင်း၊ ဝင်းသိန်း၊ မြတ်မင်းဟန်၊ အောင်နိုင်လတ်၊
ကျော်စိုးညိန်း၊ တောင်ငူ စိုးမြင့်လေး၊
လှသစ်အောင်(အင်းလျား)၊ ရန်နိုင်ဦး၊ မောင်နေကြည်၊
ချစ်သူ၊ ဝေမွန်လင်း၊ ပေါ်ကာ၊ ပိုင်ဖော်။

**ချက်နှာပုံး**
ညက်လင်းထက်

**စာစီစာရိုက်ပြင်ဆင်ခြင်း / စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း**
အမှတ် ၅၀၈/၅၁၂ (၂၈)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၃၈၃၆၆၄၊ ၀၁ ၃၈၆၈၃၃

**ပုံနှိပ်သူ**
ဦးမဝလျှံပုံနှိပ်တိုက်၊ ဒေါ်ယဉ်ယဉ်မွန် (၀၀၂၃၈)
ဆန်စက်အပိုပစ္စည်းစက်ရုံဝင်း၊ အထက်ပုဇွန်တောင်လမ်း
စက်ဆန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

**ရုံးအဖွဲ့**
ကိုစိုးသိန်း၊ ထွန်းထွန်းလွင်၊ နေဇင်လတ်၊ ဝေလင်း
သန်းထက်ဇင်၊ တောင်းကောင်း၊ မြမြသင်း
မြတ်နှင်းသွယ်၊ အိမြ၊ မီမီဇင်။

**ကွန်ပျူတာနှင့် ပလင်**
Quality

**စာအုပ်ချုပ်**
ထင်မေထွန်း

အုပ်ရေ - ၅၀၀
တန်ဖိုး - ၂၀၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# Next




ဒဂုန်ရွှေမျှား
စိတ်ကိုနိုင်သောစိတ်

# Month

တာတေ
တစ္ဆေတစ်ရာ မှော်ဝင်ဓား




# Preview



ပဟိုရ်ရုစည်–စဉ်ကိုင်
ကျောက်ဖြစ်ရုပ်ပြွင်းတောင်ကြား

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



မှန်ပေသည်၊ ကျွန်ုပ်သည်တုန်လှုပ် ...ရာက်ချားနေပါသည်၊ အလွန့် အလွန် ...ကြာက်မက်ဖွယ်ကောင်းအောင် တုန် ...ချောက်ချားနေပါသည်၊ ယင်းကိုပင် ...င်တို့က ကျွန်ုပ်အား ရူးနေသည်ဟု ဆို ...ပါသလော၊ ရောဂါကြောင့် ကျွန်ုပ်၏ ...ရုံများသည် အတော်ပင်ထက်မြက် ...နေခဲ့၏၊ သို့သော် လုံးဝပျက်ပြားမသွား ...ထုံ၍လည်းမသွားခဲ့ပါ၊ အထူးသဖြင့် ...ကြားရသော အကြားအာရုံမှာ ပိုမို ...မြက်နေပါသည်၊ ကောင်းကင်တွင် ...သို့ ဖြစ်ပျက်နေသည်ကို လည်း ...ကောင်း၊ မြေကြီးပေါ်တွင် မည်သို့ ဖြစ် ...နေသည်ကိုလည်းကောင်း ကျွန်ုပ် ...စုံ ကြားရပါသည်၊ ငရဲပြည်တွင် ...သို့ဖြစ်ပျက်နေသည်ကိုလည်း အား ...ပင်ကြားရသည်ချည်းဖြစ်ပါသည်၊ ...လျှင် အဘယ်ကြောင့် ကျွန်ုပ် ရူး ...သနည်း၊ နားထောင်လော့၊ ကျွန်ုပ်မည်မျှလောက်ကျန်းကျန်းမာမာရှိသည်ကို ကြည့်ပါလော့၊ အဖြစ်အပျက်တစ်ခုလုံးကို မည်မျှလောက် အေးအေးဆေးဆေး ပြောပြနိုင်သည်ကိုကြည့်ပါလော့၊

ကျွန်ုပ်၏ဦးနှောက်ထဲတွင် မည်သို့စတင်အကြံရလာသည်ကို ကျွန်ုပ်မပြောနိုင်ပါ၊ သို့သော် စိတ်ကူးပေါ်သည့်အချိန်မှစ၍ နေ့ရောညပါ ကျွန်ုပ်၏ စိတ်ထဲတွင်စွဲမြဲနေပါတော့သည်၊ ရည်ရွယ်ချက်ကား မရှိပါ၊ မုန်း၍လည်း မဟုတ်ပါ၊ ကျွန်ုပ်သည် အဘိုးကြီးကို ခင်မင်ပါသည်၊ သူကလည်း ကျွန်ုပ်အား တစ်ခါမျှ မတရားမလုပ်ခဲ့ပါ၊ တစ်ခါမျှလည်း ကျွန်ုပ်ကို ရန်မစခဲ့ပါ၊ သူ၏ရွှေကိုလည်း ကျွန်ုပ် လိုချင်တပ်မက်စိတ် မရှိခဲ့ပါ၊ ဖြစ်ရပုံမှာ အခြားအကြောင်းကြောင့်မဟုတ်ဘဲ သူ၏မျက်လုံးကြောင့်ပင် ဖြစ်ရသည်ဟု ကျွန်ုပ် ထင်ပါသည်၊ မှန်ပါသည်၊ မျက်လုံးကြောင့်ပင် ဖြစ်ပါသည်၊

www.burmeseclassic.com

သူ့တွင် လင်းတမျက်လုံးကဲ့သို့ သောမျက်လုံးမျိုးရှိပါသည်။ ပြာလဲ့လဲ့နှင့် အပေါ်မှ အမှေးများ ဖုံးနေသကဲ့သို့ ရှိနေပါသည်။ သူ့မျက်လုံးနှင့် ကြည့်လိုက်သည့်အခါတိုင်း ကျွန်ုပ်သည် ကျောချမ်းသွားမိပါသည်။ ထို့ကြောင့်သူ၏မျက်လုံးဒဏ်မှ တစ်ခါတည်း ပယ်ရှားရလေအောင်သူ့အားသတ်ပစ်မှသာဖြစ်တော့မည်ဟု ကျွန်ုပ် ဆုံးဖြတ်လိုက်ပါသည်။

※

ယင်းသည်ပင် အကြောင်းရင်းဖြစ်ပါသည်။ သင်တို့သည် ကျွန်ုပ်အား ရူးသွပ်နေသည်ဟု ထင်မှတ်ကောင်း ထင်မှတ်ကြပေလိမ့်မည်။ အရူးများကား ဘာတိုမျှမသိပါ။ သင်တို့ကိုယ်တိုင်ကျွန်ုပ်ကို မြင်စေချင်ပါသည်။ ကျွန်ုပ်သည် မည်မျှလောက်ပိပိရိရိကြိုတင်ကြံစည်ပြီးလျက် ရှာခြွေမပျက် လုပ်ကိုင်သွားသည်ကို သင်တို့ မြင်စေချင်ပါသည်။ သူ့အား မသတ်မီ တစ်ပတ်အတွင်း အဘိုးကြီး အပေါ်တွင် ကျွန်ုပ်ထက် ပိုမိုကြင်နာသနားမည့်သူ ရှိနိုင်လိမ့်မည် မဟုတ်ပါ။ ညစဉ် သန်းခေါင်ယံလောက် အချိန်ရောက်လျှင် ကျွန်ုပ်သည် သူ အိပ်သည့်အခန်းတံခါးမင်းတုပ်ကို အသံမကြားအောင် အလွန်ညင်သာစွာ ဖြုတ်လေ့ ပါသည်။

ထို့နောက် ဦးခေါင်းဝင်သာရုံမျှ တံခါးကို ဖွင့်ပြီးလျှင် မီးရောင်မထွ အောင်ပြုလုပ်ထားသည့်ကျားမျက် မီးအိမ်ကိုသွင်းကာခေါင်းလျှို၍ဝင်လို ပါသည်။ မည်မျှလောက် အပါးကွန် ကျွန်ုပ် လုပ်သည်ကို မြင်ရလျှင် သင် ရယ်မိကြပေလိမ့်မည်။ ကျွန်ုပ်သည် အဘိုးကြီး အိပ်ပျော်နေသည် အနှောင့်အယှက်မဖြစ်စေရန် ဖြည်း သမျှ ဖြည်းညင်းစွာ လှုပ်ရှားရပါသည် သူ့အိပ်ရာပေါ်တွင် အဘိုးကြီး လဲအိပ် သည်ကို မြင်ရသည်အထိ ကျွန်ုပ် ဦးခေါင်းကို အပေါက်ထဲသို့ သွင်းရသည် မှာ တစ်နာရီပင်ကြာပါသည်။ သူရူး ယောက်သည် ဤမျှအထိ လုပ်ရည်ကို ရည် ရှိပါမည်လော။ ထို့နောက် ကျွန်ုပ် ဦးခေါင်းအခန်းတွင်းသို့ ရောက်သွား သောအခါကျွန်ုပ်သည်မီးအိမ်ကိုအလွ အလွန် ဂရုစိုက်လျက် လင်းတ၏ မျ လုံးကဲ့သို့သော မျက်လုံးပေါ်သို့ မီးရော အမျှင်တန်းကလေးတစ်ခုသာကျရော စေရန် ဖွင့်လိုက်ပါသည်။

ကျွန်ုပ်သည် ဤနည်းအတိုင်းနှင့် သ ခေါင်ယံအချိန် ရောက်တွင် ည



www.burmeseclassic.com

www.burmeseclassic.com

ညတိုင်း (၇) ညမျှ ပြုလုပ်ခဲ့ပါသည်။ သို့သော် မျက်လုံးမှာ အမြဲပိတ်ထားသည်ကို တွေ့ရပါသည်။ ထို့ကြောင့် အလုပ်လုပ်ရန် မဖြစ်နိုင်ခဲ့ပါ။ ကျွန်ုပ်အား နှောင့်ယှက်နေသည်မှာ အဘိုးကြီး မဟုတ်ပါ။ သူ၏ မကောင်းဆိုးဝါးနှင့်တူသောမျက်လုံးဖြစ်ပါသည်။ ထို့ပြင်နံနက် မိုးသောက် အလင်းရောက်သည့်အခါ တိုင်း ကျွန်ုပ်သည် အခန်းတွင်းသို့ ရဲရဲ တင်းတင်းဝင်သွားပြီးသော်သူ၏နာမည် ကို စိတ်ပါလက်ပါခေါ်လျက် ရဲရဲ ဝံ့ဝံ့ပင် သူနှင့် စကားပြောကာ "ညက ကောင်း ကောင်းအိပ်ရပါရဲ့လား" ဟုပင်မေးလိုက် ပါသေးသည်။

ထို့ကြောင့် ညစဉ် (၁၂)နာရီ အရောက် သူအိပ်နေစဉ် လာကြည့်တတ် သည်ကို ကျွန်ုပ်အား သင်္ကာမကောင်းဖြစ် လျှင် သူသည် အလွန်နက်နဲသော ဉာဏ်ရှိသူတစ်ဦး ဖြစ်မည်မဟုတ်ပါ လော။

ရှစ်ရက်မြောက်သောည၌ ကျွန်ုပ် သည် တံခါးကိုဖွင့်ရာတွင် ခါတိုင်းထက် ပို၍သတိထားပါသည်။ နာရီတစ်လုံး၏ မိနစ်လက်တံသည် ကျွန်ုပ်ထက်ပင် ပိုမို လျင်မြန်စွာလှုပ်ရှားပေလိမ့်မည်။ ထိုနေ့ ညမတိုင်မီက ကျွန်ုပ်၏စွမ်းအားနှင့် ကျွန်ုပ်၏ဉာဏ်စွမ်းဉာဏ်စကိုမည်သည့် အခါမျှ သတိမထားမိခဲ့ပါ။ ကျွန်ုပ်သည် မိမိကိုယ်တိုင်အထင်ကြီးသည့်စိတ်ထား ကိုမနည်းပင် ချုပ်တည်းထားရပါသည်။ ကျွန်ုပ်သည် ထိုနေရာသို့ ရောက်နေပြီး လျှင် တံခါးကို တဖြည်းဖြည်းဖွင့်စဉ် သူ့ အားကျွန်ုပ်၏လျှို့ဝှက်သောအလုပ်များ သို့မဟုတ် အကြံအစည်များကိုအိပ်မက် မျှပင် သူ မက်မည့်ပုံ မပေါ်သည်ကို စဉ်း စားမိသည့်အခါ ကျွန်ုပ် အတော်ကျေနပ် ၍ သရော်ပြုံးပင် ပြုံးမိပါသည်။

သို့သော်အဘိုးကြီးကြားလိုက်လေ သလော မသိပါ။ သူသည် ထိတ်လန့် သွားသည့်အလား အိပ်ရာပေါ်တွင် ရုတ်တရက် လူးလွန့်လိုက်ပါသည်။ ကျွန်ုပ် နောက်ဆုတ်သွားသည်ဟု သင်တို့ထင် ကောင်း ထင်ပေလိမ့်မည်။ သို့သော် ကျွန်ုပ်ကား နောက်မဆုတ်ပါ။ သူ၏ အခန်းတစ်ခုလုံးမှာ မှောင်ပိန်းနေပါ သည်။ (သူခိုးစားပြများ၏ရန်ကိုကြောက် သဖြင့် တရုတ်ကပ်များကို ပိတ်ထား သောကြောင့် ဖြစ်ပါသည်။) ထို့ကြောင့် တံခါးဖွင့်နေသည်ကို သူမြင်နိုင်မည် မဟုတ်ကြောင်း၊ ကျွန်ုပ် သိပါသည်။ ကျွန်ုပ်သည် တံခါးကို တဖြည်းဖြည်း တွန်းဖွင့်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

**ကျွန်ုပ်၏ဦးခေါင်းသည်**အတွင်းသို့ ရောက်နေပြီဖြစ်၍ မီးအိမ်ကို ဖွင့်လိုက်မည်အပြုတွင် ကျွန်ုပ်၏လက်မသည် မီးအိမ်တွင် ပတ်အုပ်ထားသည့် သံဖြူပြားကို ထိခိုက်မိသဖြင့် အဘိုးကြီးသည် အိပ်ရာထဲတွင်ထထိုင်ကာ "ဘယ်သူလဲဟေ့" ဟု အော်၍မေးလိုက်ပါသည်။

ကျွန်ုပ်သည် တုတ်တုတ်မျှမလှုပ်၊ အသံလည်းမပြုဘဲ နေလိုက်၏။ ကျွန်ုပ်သည် တစ်နာရီလုံးလုံး မလှုပ်မရှားဘဲ ငြိမ်နေ၍ ထိုအတောအတွင်း သူ ပြန်လှဲချသံကိုလည်းမကြားရဘဲရှိနေပါသည်။ သူသည် အိပ်ရာပေါ်တွင် ထိုင်နေလျက် နားစွင့်နေသေးသည်၊ ကျွန်ုပ်သည်တစ်ညပြီးတစ်ည မသာအသုဘစောင့်သူများသဖွယ် စောင့်ကာ နားထောင်နေသကဲ့သို့ပင် ဖြစ်ပါသည်။

မကြာမီပင် ညည်းသံတစ်ချက် ကျွန်ုပ် ကြားရ၍ သေလောက်အောင် ကြောက်ရွံ့နေသဖြင့် ညည်းလိုက်သည့် အသံပင်ဖြစ်သည်ကို ကျွန်ုပ် သိ၏။ ထိုညည်းသံသည် နာကျင်သောကြောင့်လည်းကောင်း၊ ပူဆွေးသောကြောင့်လည်းကောင်း ထွက်ပေါ်လာသည့် ညည်းသံ မဟုတ်ပါ၊ အမုန်ပင် မဟုတ်ပါ၊ ကြောက်ရွံ့ထိတ်လန့်လှ၍ အူထဲအသည်းထဲမှ ထွက်ပေါ်လာသည့် ခပ်အုပ်အုပ်အသံမျိုး ဖြစ်ပါသည်။ ထိုအသံကို ကျွန်ုပ် ကောင်းစွာသိ၏။ ညပေါင်းများစွာ သန်းခေါင်ယံအချိန် လောကကြီးတစ်ခုလုံး အိပ်စက်နေစဉ် ထိုအသံမျိုးသည် ကျွန်ုပ်၏ ရင်ထဲမှ ပဲ့တင်သံနှင့်အတူ ထွက်ပေါ်လာလျက် ကျွန်ုပ်အားစိတ်နှောက်ကျိအောင်နှောင့်ယှက်နေသည့် ထိတ်လန့်တုန်လှုပ်ဖွယ်များကိုပိုမိုလေးနက်စေခဲ့ပါသည်။ ကျွန်ုပ်သည် ယင်းကို ကောင်းစွာသိသည်ဟု ပြောလိုပါသည်။

※

အဘိုးကြီး၏ စိတ်ထဲတွင် မည်သို့ ခံစားနေရသည်ကိုလည်းကျွန်ုပ်ကောင်းစွာသိပါ၏။ သို့ဖြစ်၍ကျွန်ုပ်၏စိတ်ထဲတွင် ကျေနပ်နစ် သိမ့်နေသော်လည်း သူ့ကို သနားမိပါသေး၏၊ အဘိုးကြီးသည် ပထမ အသံသဲ့သဲ့ကြားကတည်းကပင် အိပ်ရာထဲတွင် လူးလွန့်ကာ နိုးနေပြီဖြစ်ကြောင်း ကျွန်ုပ် သိ၏။ ထိုအချိန်မှစ၍ သူ၏ ကြောက်စိတ်များမှာ တစ်စတစ်စ တိုး၍သာ နေပါသည်၊ သူသည်ယင်းတို့ကိုအကြောင်းမတန် ဖော်ဝန်လှည့်စား ကြည့်သော်လည်း မရနိုင်ခဲ့ပါ၊ "ဘာမျ

www.burmeseclassic.com

တော့တ်ပါဘူးလေ၊ မီးခိုးခေါင်းတိုင်တစ်လျှောက် လေတိုးနေသော ထင်ပါရဲ့"
"ပုရစ်တစ်ကောင်က တစ်ချက်တည်း မြည်လိုက်သံထင်ပါရဲ့"ဟု သူ့ကိုယ်သူ ပြောနေပါသည်။

အမှန်ပင် သူသည် ဤကဲ့သို့သော တွေးဆချက်များဖြင့် သူ့ကိုယ်သူ နှစ်သိမ့်ရန် ကြိုးစားနေမိပါသော်လည်း အချည်းနှီးဖြစ်သည်ကိုတွေ့ရလေသည်။ ဤကဲ့သို့ အချည်းနှီးဖြစ်ရသည်မှာ သေခြင်းသည် သူ့ထံသို့ ချဉ်းကပ်လာရာတွင် အမှောင်ထုကိုခိုကာအသတ်ခံရမည့်သူအား အမှောင်ထုဖြင့် ဖုံးလွှမ်းထားလိုက်သောကြောင့် ဖြစ်၏။ ဤကဲ့သို့ မဖြစ်နိုင်သည့်အမှောင်ထု၏လွှမ်းမိုးမှုကြောင့်ပင် လျှင် သူသည် မမြင်ရ မကြားရဘဲလျက် ကျွန်ုပ်၏ဦးခေါင်းအခန်းထဲသို့ရောက်နေသည့်အဖြစ်ကို ခံစားမိစေခဲ့လေသည်။

ကျွန်ုပ်သည်အလွန်သည်းခံအောင့်အည်းလျက် အိပ်ရာပေါ်သို့ ပြန်လှဲချသံ ကြားရဘဲ အတန်ကြာ စောင့်ဆိုင်းနေပြီးနောက် မီးအိမ်ကို ဖုံးအုပ်ထားရာမှ အလွန်သေးနိုင်သမျှသေးငယ်လှသော အပေါက်ကလေးဖြစ်လာအောင်ဖွင့်ပေးရန် ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် သူ၏ လင်းတမျက်လုံးကဲ့သို့သော မျက်လုံးပေါ်တွင် ပင့်ကူမျှင်သဖွယ် မှုန်မွှားမွှား မီးတန်းကလေးကို တံခါးကြားမှ ထိုးတျ[...] သွားအောင်ကျွန်ုပ်သည်မီးအိမ်ကိုဖြည်းနိုင်သမျှ ဖြည်းညင်းစွာ ဖွင့်လှစ်လိုက်လေသည်။

မျက်လုံးကား ပွင့်နေ၏။ ပြူး၍နေအောင် ပွင့်နေရာ ယင်းကိုကြည့်ရင်း ကျွန်ုပ်သည်တဖြည်းဖြည်းဒေါသထွက်လာ၏။ ကျွန်ုပ်သည်မျက်လုံးကိုအထင်းသား မြင်ရ၏။ ပြာလဲ့လဲ့အရောင်တွင် ကြောက်မက်ဖွယ်အမှေးဖုံးနေသောထိုမျက်လုံးသည်ကျွန်ုပ်အားရိုးတွင်းခြင်ဆီထိအောင် စိမ့်၍သွားစေ၏။ သို့သော် ကျွန်ုပ်သည်သူ၏မျက်လုံးမှအခြားအရာတို့ကိုလည်းကောင်းမမြင်နိုင်ပါ။အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် အလိုအလျောက်ပင် မီးရောင်တန်းကလေးကို ထိုနေရာသို့သာ အတိအကျရောက်အောင် ထိုးချထားခဲ့သောကြောင့်ဖြစ်ပါသည်။

ထို့ပြင် ကျွန်ုပ်အား ရူးသည်ဟု ဆိုခြင်းမှာ ကျွန်ုပ်၏အာရုံများအလွန်အတွဲ ထက်မြက်လာခြင်းကိုအထင်လွဲ၍ ပြောခြင်းပင်ဖြစ်သည်ဟု ကျွန်ုပ် ပြောခဲ့သည် မဟုတ်ပါလော။ ယခုမူ ကျွန်ုပ်သည် နာရီ တစ်လုံးအား ဝါဂွမ်းများဖြင့် ထွေးထား

သည့်အခါမြည်နေသည့်အသံမျိုးကဲ့သို့ ခပ်အုပ်အုပ်ခပ်သွက်သွက်အသံတစ်ခု ကျွန်ုပ်နားထဲတွင် ကြားလာရသည်ကို ပြောလိုပါသည်။ ကျွန်ုပ်သည်ထိုအသံကို ကောင်းစွာသိပါ၏။ ယင်းအသံမှာအဘိုးကြီး၏နှလုံးခုန်သံဖြစ်ပါသည်။ ထိုအသံသည် စစ်သည်တော်အား စစ်ဘင်ခရာသံတရဲရဲသွေးရဲမာန် တက်ကြွလာစေရန် လှုံ့ဆော်ပေးသကဲ့သို့ ကျွန်ုပ်၏ဒေါသကို ပိုမိုဆွပေးခဲ့ပါသည်။

※

သို့သော် ထိုအချိန်အထိ ကျွန်ုပ်သည် တစ်စုံတစ်ရာ မလှုပ်သေးဘဲ ငြိမ်နေပါသည်။ ကျွန်ုပ်သည် အသက်ပင် မရှူနိုင်ပါ။ မီးအိမ်ကိုလည်းမလှုပ်မယှက် ကိုင်ထားပါသည်။ သူ၏မျက်လုံးပေါ်တွင် မီးရောင်တန်းကလေး တည်ငြိမ်စွာ ကျနေစေရန် မည်သို့လုပ်ရမည်ကို ကျွန်ုပ် ကြိုးစားကြည့်ပါသည်။ ဤအတောအတွင်းနှလုံးခုန်သံသည်တိုးသည်ထက် တိုးလာပါသည်။ တစ်ကြိမ်ထက် တစ်ကြိမ်မြန်သည်ထက်မြန်ကာကျယ်သည်ထက်ကျယ်လာပါသည်။ တစ်ကြိမ်ထက် တစ်ကြိမ်ကျယ်သည်ထက်ကျယ်သည်ဟု ကျွန်ုပ် ပြောသည်ကို မှတ်သားထားစေလိုပါသည်။ ကျွန်ုပ်ကိုယ်တိုင် တုန်လှုပ်ချောက်ချားနေခဲ့သည့်အဖြစ်ကိုလည်းပြောပြီးဖြစ်ပါသည်။ ယခုလည်းချောက်ချားနေပါသည်။ ယခုကဲ့သို့တိတ်ဆိတ်လှသည့်အချိန်တွင် ယခုကဲ့သို့ ကြောက်မက်ဖွယ်ရာငြိမ်သက်နေသည့် အိမ်အိုကြီး၌ ယခုကဲ့သို့ ထူးဆန်းလှသည့်အသံသည်ကျွန်ုပ်အား ထိန်းသိမ်း၍မရနိုင်လောက်သည့်ကြောက်စိတ်ကို ဖြစ်ပေါ်စေပါသည်။ သို့တိုင်အောင် နောက်ထပ် မိနစ်အတော်ကြာမျှ တစ်စုံတစ်ရာ မလှုပ်သေးဘဲ ငြိမ်နေပါသေးသည်။ သို့သော်နှလုံးခုန်သံသည်ကျယ်သည်ထက်ကျယ်လာသဖြင့်နှလုံးသည် ကွဲသွားလိမ့်မည်ဟုပင် ထင်မိပါသည်။

ထိုအခါ ကျွန်ုပ်တွင် စိုးရိမ်စိတ်အသစ်တစ်မျိုး ဖြစ်ပေါ်လာ၏။ အသံကို အိမ်နီးချင်းတစ်ယောက်ယောက်များ ကြားသွားလေမည်လော။ အဘိုးကြီး၏ အချိန်ကားကျရောက်လာပေပြီ။ ကျွန်ုပ်သည်ကျယ်လောင်စွာဟစ်အော်လျက် မီးအိမ်ကို ဖွင့်လိုက်ပြီးလျှင် အခန်းတွင်းသို့ ခုန်ဝင်လိုက်၏။ သူသည် တစ်ကြိမ်သာ စူးစူးဝါးဝါး အော်လိုက်နိုင်သည်။ ချက်ချင်းပင် သူ့အား ကြမ်းပြင်ပေါ်သို့ ဆွဲချပြီးနောက် အိပ်ရာကြီးကို ဆွဲ၍ သူ့

www.burmeseclassic.com

အပေါ်မှ အုပ်ချလိုက်လေသည်၊ ထို့နောက် ကျွန်ုပ်သည် ထိုအချိန်အထိ ပြင်တိုင်ပြီးသမျှအတွက် ဝမ်းမြောက်ဝမ်းသာ ပြုံးရယ်လိုက်၏။

သို့သော် မိနစ်ပေါင်းများစွာ ကြာသည့်တိုင်အောင်ပင် သူ၏နှလုံးသည် ဆိတ်အုပ်အုပ်အသံဖြင့် ဆက်လက်ခုန်နေသေး၏၊ သို့သော် ဤကိစ္စအတွက် ကျွန်ုပ်သည်မည်သို့မျှအနှောင့်အယှက်မဖြစ်ပါ၊ ထိုအသံကိုနံရံအားဖောက်ထွင်း၍ ကြားနိုင်မည် မဟုတ်ပါ၊ နောက်ဆုံးတွင် နှလုံးခုန်သံရပ်သွားတော့၏၊ အဘိုးကြီးသား သေလေပြီ၊ ကျွန်ုပ်သည် အိပ်ရာကို ဖယ်ရှားလိုက်ပြီးလျှင် အလောင်းကို အသေအချာ စစ်ဆေးကြည့်၏၊ အဘိုးကြီးကာ အမှန်ပင် သေရှာလေပြီ၊ ကျွန်ုပ်သည် ကျွန်ုပ်၏ လက်ကို သူ၏နှလုံးသားပေါ်တွင် မိနစ်အတန်ကြာမျှ တင်ထားရာ ခုန်သံကား မကြားရတော့ပြီ၊ သူသည်အမှန်ပင်သေလေပြီ၊ သူ၏မျက်လုံးသည် ကျွန်ုပ်အား မည်သည့်အခါတွင်မျှ ဒုက္ခပေးနိုင်တော့မည်မဟုတ်ပေ၊ ကျွန်ုပ်အား ရူးသည်ဟု သင်တို့ထင်နေကြသေးလျှင် အဘိုးကြီး၏အလောင်းကို ဝှက်ထားရန် မည်ကဲ့သို့ လိမ္မာပါးနပ်စွာစီမံသည်ကိုကျွန်ုပ်စီကာပတ်ကုံး ပြောပြသည့်အခါ သင်တို့ထိုကဲ့သို့ ထင်ကြတော့မည် မဟုတ်ပေ၊

※

ရှေးဦးစွာ ကျွန်ုပ်သည် အလောင်းကို အပိုင်းပိုင်းဖြစ်အောင် ပြု၏၊ ကျွန်ုပ်သည် အလောင်းကို ခေါင်းတခြား၊ လက်တခြား၊ ခြေတခြားဖြစ်အောင် ခုတ်ပိုင်းလိုက်၏၊ ထို့နောက် အခန်း၏ကြမ်းပြင်မှ ပျဉ်သုံးချပ်ကို လှန်ကာ ယင်းတို့အောက်တွင် အပိုင်းပိုင်းပြုထားသော အဘိုးကြီး၏အလောင်းကို ချထားလိုက်၏၊ ထို့နောက် မည်သည့် လူသားမျက်စိတမျှ နောက်ဆုံးပြောရသော် အဘိုးကြီး၏မျက်စိကပင် မဟုတ်မတရား ဖြစ်နေသည်ကို မရိပ်မိနိုင်အောင် ပျဉ်များကို လိမ္မာကျွမ်းကျင်စွာ လက်ရာခြေရာမပျက်ပြန်ခင်းထားလိုက်၏၊ ဆေးကြောရန်လည်း မည်သည့်အစွန်းအထင်းမျှ မရှိ၊ သွေးစွန်းသွေးစမျှပင်မရှိ၊ သို့မဟုတ် ကျွန်ုပ်သည်အထူးဂရုတစိုက်စီစဉ်ထားခဲ့၏၊ စည်ပိုင်းပြတ်တစ်လုံးကို အောက်က ခံထားခဲ့သည်မဟုတ်ပါလော - ဟားဟား - ဟား၊

ကိစ္စများအားလုံး ပြီးစီးသွားသော အခါ လေးနာရီထိုးလေပြီ၊ သို့သော် ည


www.burmeseclassic.com

www.burmeseclassic.com

လယ်ကဲ့သို့ပင် မှောင်၍နေသေး၏။ လေးနာရီထိုးနေခိုက်၌ လမ်းမဘက်ရှိ တံခါးမှ တံခါးခေါက်သံ ပေါ်လာလေသည်။ ကျွန်ုပ်သည် ပေါ့ပေါ့ပါးပါးပင် သွားရောက် ဖွင့်ပေးလိုက်ပါသည်။ ကျွန်ုပ်အတွက်တစ်စုံတစ်ရာကြောက်ရွံ့ရန် ရှိပါသလော။ လူသုံးဦးဝင်လာ၍ သူတို့သည် ရဲအရာရှိများဖြစ်ကြောင်းနှင့် ယဉ်ကျေးသိမ်မွေ့စွာ ပြောပြကြ၏။ ညက အိမ်နီးချင်းတစ်ဦးသည် စူးစူးဝါးဝါး အော်သံတစ်ချက် ကြားလိုက်ရသဖြင့် တစ်စုံတစ်ရာဖြစ်သည်ဟု သံသယဖြစ်ပေါ်ခဲ့ကြောင်းဖြင့် ရဲဌာနသို့ တိုင်တန်းသောကြောင့် မိမိတို့အား ဤအိမ်သို့ ရှာဖွေရန် စေလွှတ်လိုက်ကြောင်းဖြင့် ပြောပြပါသည်။

ကျွန်ုပ်က ပြုံးလိုက်၏။ ကျွန်ုပ်အဖို့ တစ်စုံတစ်ရာကြောက်ရွံ့ရန်ရှိပါသလော။ ကျွန်ုပ်သည် ရဲအရာရှိများအား ကောင်းစွာ ခရီးဦးကြိုဆိုခြင်း ပြု၏။ အော်သံမှာ ကျွန်ုပ် အိပ်မက်ထဲတွင် လန့်၍ အော်လိုက်သည့်အသံ ဖြစ်ကြောင်းနှင့် ပြောပြ၏။ အဘိုးကြီးမှာ တောရွာသို့ သွားနေကြောင်းနှင့် ရှင်းလင်းပြောပြလိုက်လေသည်။ ထို့နောက် ဧည့်သည်များအား တစ်အိမ်လုံးလိုက်၍ပြ၏။ ကျေနပ်သည့်အထိ ရှာရန်ကိုလည်း ပြော၏။ နောက်ဆုံးတွင် သူတို့အား အဘိုးကြီး၏ အခန်းထဲသို့ ခေါ်သွား၏။ အဘိုးကြီး၏ အဖိုးတန် ပစ္စည်းများ လက်ရာခြေရာ မပျက်မပျောက်မရှဘဲ ရှိနေသည်ကိုလည်း လိုက်ပြလိုက်၏။ ကျွန်ုပ်ကိုယ်ကို ကျွန်ုပ် မည်မျှယုံကြည်သနည်းဆိုလျှင် အခန်းတွင်းသို့ ကုလားထိုင်များကိုယူဆောင်ပြီးလျှင် ယင်းတို့အား အပန်းဖြေထိုင်ရန်ပင် ပြောလိုက်သေး၏။ ကျွန်ုပ်ကိုယ်တိုင်ကမူ မိမိ အသေအချာ အောင်ပွဲရလိုက်သည့်အလျောက် အလွန်အကြူး ဝမ်းမြောက်ဝမ်းသာဖြစ်နေသည့်အတိုင်း အဘိုးကြီး၏အလောင်းမြှုပ်နှံထားရာ ကြမ်းပြင်နေရာပေါ်တွင် ကုလားထိုင်တစ်လုံးဖြင့် ကျကျနန ထိုင်ချလိုက်သည်။

※

အရာရှိများကား ကျေနပ်သွားကြသည်။ ကျွန်ုပ်၏အမူအရာကိုကောင်းစွာ ယုံကြည်သဘောပေါက်ကြပါသည်။ ကျွန်ုပ်အဖို့မှာလည်း ထူးထူးခြားခြား သက်သောင့်သက်သာ ရှိလှပါသည်။ သူတို့ထိုင်၍မေးသမျှကို ကျွန်ုပ်က ပျော်ပျော်ရွှင်ရွှင် ဖြေကြားနေခိုက် ထွေ



www.burmeseclassic.com

www.burmeseclassic.com

လေးပါး စကားများကိုပင် ရင်းရင်းနှီးနှီး ပြောနေကြပါသည်။ သို့သော် မကြာမီ ကျွန်ုပ်သည် မိမိကိုယ်မိမိ ဖြူဖပ်ဖြူရော် ဖြစ်လာသည်ကို သိရှိလာရပြီးလျှင် သူတို့အား ပြန်စေချင်သောစိတ် ပေါ်လာပါသည်။ ကျွန်ုပ်၏ဦးခေါင်းမှာ ကိုက်လာ၍ နားထဲတွင်လည်း ဆူဆူညံညံ အသံများ ကြားလိုက်ရပါသည်။ သို့သော် သူတို့သည် ထိုင်လျက်စကားပြောနေကြပါသည်။ ကျွန်ုပ် ကြားရသောအသံမှာ ပိုမို ကျယ်လောင်လာပြီးလျှင် ဆက်တိုက် ထွက်ပေါ်လာပါတော့သည်။ ကျွန်ုပ်သည် နားထဲ တွင် ကြားနေရသောအသံ ပျောက်သွားအောင်စကားများများပြော ဆိုလိုက်ပါသည်။ သို့သော် ဆက်လက် ကြားနေရပြီးလျှင်အသံမှာပိုမိုတိကျလာ ပါသည်။ နောက်ဆုံးတွင် ထိုအသံသည် ကျွန်ုပ်၏နားထဲတွင်ဖြစ်ပေါ်ခြင်းမဟုတ် သည်ကို တွေ့ရပါသည်။

ထိုအခါ၌ကျွန်ုပ်သည်အလွန်တရာ ဖြူဖပ်ဖြူရော် ဖြစ်လာသည်မှာ ယုံမှား သံသယမရှိပါ။ သို့နှင့် ကျွန်ုပ်သည် ယခင်က ထက်ကျယ်လောင်စွာသွက်သွက်လက် လက်စကားပြောလိုက်ပါသည်။ သို့တိုင် အောင် အသံမှာ ကျယ်၍သာ လာပါ သည်။ ကျွန်ုပ် မည်ကဲ့သို့ လုပ်နိုင်မည်နည်း။ အသံမှာခပ်အုပ်အုပ်ခပ်တိုးတိုးနှင့် ခပ်မြန်မြန် ထွက်ပေါ်လာသည့်အသံမျိုး နာရီကိုဂွမ်းများဖြင့်ထွေးထားသည့်အခါ ထွက်ပေါ်လာသောအသံမျိုးဖြစ်ပါသည်။ ကျွန်ုပ်မှာပါးစပ်အဟောင်းသားဖြစ်နေပါ တော့သည်။ အရာရှိများကား မကြားကြ သေးပါ။ သို့နှင့်ကျွန်ုပ်လည်းပိုမိုလျှင်မြန် ၍ ပိုမိုဆူညံစွာ စကားပြောလိုက်သည်။ သို့သော်အသံကားတဖြည်းဖြည်းကျယ် လာပါသည်။ ကျွန်ုပ်သည်နေရာမှထ၍ အသံကျယ်နိုင်သမျှ ကျယ်အောင်ပြု၍ လက်ဟန်ခြေဟန် ကိုးရိုးကားရားဖြင့် အသေးအဖွဲ့ကိစ္စကလေးများကိုပင် အခြေအတင် ပြောနေလိုက်ပါသည်။ သို့နှင့်ပင် အသံကား ကျယ်သည်ထက် ကျယ်လာပါတော့သည်။ သူတို့အဘယ် ကြောင့် မပြန်ကြသေးသနည်း။ ကျွန်ုပ် သည် ထိုလူများ ကြည့်ရှုစစ်ဆေးခြင်း အတွက် စိတ်ထွက်အံ့ဩသကဲ့သို့ ခြေသံပြင်းပြင်းနှင့် ကြမ်းပေါ်တွင်ခေါက် တုံ့ခေါက်ပြန် လမ်းလျှောက်နေပါသည်။ သို့သော်အသံကားတဖြည်းဖြည်းကျယ် ၍သာ လာပါတော့သည်။

※



www.burmeseclassic.com

www.burmeseclassic.com

အလို - ဘုရား - ဘုရား - ကျွန်ုပ်မည်ကဲ့သို့ ပြုလုပ်ရပါတော့အံ့နည်း။ ကျွန်ုပ်၏ ပါးစပ်မှ အမြှုပ်များ ထွက်လာ၏။ ဝက် ရူးပြန်သကဲ့သို့ တုန်တုန်ယင်ယင်ဖြစ်လာ၏။ ပါးစပ်မှ တွေ့ရာရေရွတ်ကျိန်ဆဲလျက်နေမိ၏။ ကျွန်ုပ် ထိုင်နေသောကုလားထိုင်ကိုဆွဲယူကာကြမ်းပျဉ်များနှင့်ပွတ်၍ကြိတ်လိုက်၏။ သို့သော်အသံကား အားလုံးအပေါ်တွင် လွှမ်းမိုးကာအဆက်မပြတ်ဘဲကျယ်သည်ထက်ကျယ်၍ ကျယ်၍ ကျယ်၍ လာတော့၏။ သို့နှင့်ပင် သူတို့သည် ပျော်ရွှင်စွာ စကားဆက်လက် ပြောဆိုကြလျက် ပြုံးလိုက်ပါသည်။ သူတို့ မကြားသည်မှာ ဖြစ်နိုင်ပါ၏လော။ အလို - ဘုရား - မဟုတ်ချေ။ သူတို့ ကြားကြ၏။ သူတို့ သင်္ကာမကင်းဖြစ်ကြ၏။ သူတို့ သိကြ၏။ သူတို့ကားကျွန်ုပ်၏ တုန်လှုပ်ချောက်ချားခြင်းကိုသရော်ပြောင်လှောင်နေခြင်းသာ ဖြစ်သည်။ ဤသို့ပင် ထင်ခဲ့၍ ဤသို့ ထင်မိ၏။ သို့သော်မည်သို့ပင်ဖြစ်စေယခုကဲ့သို့စိတ်ဒုက္ခ ရောက်နေသည်ထက်ကားတော်သေး၏။ ဤကဲ့သို့သရော်ခံရသည်ထက် မည်သည့်အရာကိုမဆို ခံနိုင်သေး၏။ သူတို့၏ ပြုံးရယ်ပြောင်လှောင်မှုကိုကျွန်ုပ်နောက်ထပ်မခံနိုင်တော့ပြီ။ ကျွန်ုပ်ဟစ်၍အော်လိုက်ချင်၏။ မအော်ရလျှင်သေရတော့မည်ကဲ့သို့ မနေနိုင်အောင်ရှိတော့၏။

ယခု နားထောင်ရင်းပင် အသံမှာကျယ်သည်ထက် ကျယ်၍ကျယ်၍လာပြန်ပါပြီ။

"ကိုင်း - လူယုတ်မာတွေ၊ ပရိယာယ်လုပ်ပြီး ဟန်ဆောင်မနေကြနဲ့တော့။ ကျုပ် ပြစ်မှုကို ကျုပ်ဝန်ခံတယ်။ ပျဉ်ချပ်တွေကို ခွာလိုက်၊ ဟောဒီမှာဟောဒီမှာ သူ့ရဲ့ရွံစရာကောင်းတဲ့နလုံးက ခုန်နေတဲ့အသံပေါ့" ဟု ကျွန်ုပ်သည်ကျယ်လောင်စွာ ဟစ်အော်လိုက်မိလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



# ကယ်တင်ရှင်ဝိညာဉ်

www.burmeseclassic.com

www.burmeseclassic.com

# သန့်လျှင်ရှင်လေး

ကယ်တင်ရှင်ဝိညာဉ်

မရောက်တာကြာလေပြီ။ ကြာဆို (၆) နှစ်ကျော် (၇) နှစ်တောင်ရောက်နေပြီ။ သည်မြို့၊ သည်ရွာ၊ သည်လမ်းတွေကို ဖြင့် မမှတ်မိနိုင်စရာအကြောင်းမရှိ။ အဓိက,ကတော့ သည်ရွာ၊ သည်လမ်း၊ သည်နေရာတွေပါပဲ။ တစ်ခုပဲ ကွာခြားသွားသည်။

(၆) နှစ်ကျော် (၇) နှစ်အတွင်းမှာ အသွင်အပြင်၊ အပြင်အဆင်တွေပြောင်းလဲကုန်သည်။

အိမ်သေးသေးလေးနေရာမှာ အိမ်ကြီးကြီးတွေ၊ တိုက်ခံနှစ်ထပ်အိမ်ကြီးတွေ၊ လုံးချင်းတိုက်တွေအစားထိုးနေရာယူလာကြတယ်လေ။

မြို့စည်းရိုးမှာလည်း ဆေးအဖြူသုတ်ထားကြလေရဲ့။ ယခင် လမ်းကျဉ်းကျဉ်းလေးတွေက ယခု လမ်းကျယ်လမ်းမကြီးတွေ ဖြစ်နေပြီကော။

အံ့ဩစရာတော့ အကောင်းသား။

ဦးမင်းခေါင်ခြေလှမ်းကိုသွက်သွက် လှမ်းနေမိသည်။ စိတ်မှ လှမ်းချင်နေ သည်။ လှမ်းချင်သည့်ဆန္ဒက ပြင်းပြနေ ၏။ တကယ်တမ်းကျတော့ လှမ်း၍ မ ချေ။

တုန့်နေးတုန့်နေးဖြစ်နေ၏။ ဖင့်နွဲ့ ဖင့်နွဲ့ ဖြစ်နေသည်။ "ဘယ်လိုဖြစ်နေ လိမ့်"

သည်လိုနှင့် - သည်လမ်းမကြီးတ အဆုံးထိ ရောက်အောင် ဘယ်လ လျှောက်ရပဲ့။

ယခင်ကဆိုလျှင် သည်လမ်းမကြ အတိုင်း လမ်းဆုံးလျှောက် လျှ ယောက်ျားခြေလှမ်း နာရီဝက်သာသာ ပေါ့။ ယခုတော့ဖြင့် တစ်နာရီသာ လျှောက်ရတော့မည်ထင်သည်။ ဦးမင်း ခေါင်စိတ်ကိုတင်းထားသည်။ ခြေလှမ်း



www.burmeseclassic.com

www.burmeseclassic.com

ကို မြန်နိုင်သမျှ လျှောက်ကြည့်သည်။ လျှောက်မရချေ။ တရွေ့ရွေ့ချင်း တစ်လှမ်းချင်းသာ။

လသည်လမိုက်ည၊ မှောင်နင့်မည်းမည်း။ ကြယ်ပွင့်လေးများ၏ အလင်းရောင်သည်အမှောင်ထုကိုမထိုးဖောက်နိုင်။ သို့သော် သူအားနှင့်သူတော့ ရှိသည်။ အလင်းရောင်ဖြူလွလွသည်မှုန်ပျပျ။

အလင်းရောင်ဖြူလွလွ၏ မှုန်ပျပျကြား မှာ အဆောက်အအုံ၊ အကြီးအသေး၊ အရောင်ကိုတော့ ခွဲခြားသိနိုင်ပါသေးသည်။ ဆောင်းရာသီ၊ ဆောင်းကာလ၊ ဆောင်းသမယမို့ထင်၏။ သည်ဆောင်းမှာ ယခင်ကထက် ပိုအေးသည်ထင်ရ၏။

သည်ဆောင်း၊ သည်ညမှာဖြင့် အေးလိုက်သည်ဖြစ်ခြင်း။ အအေးဓာတ်သည် ပိုကဲနေသည်ဟု ထင်ရ၏။ အပြင်မှာ အေးနေသော်လည်း ဦးမင်းခေါင်၏ ရင်ထဲတွင် ပူနေ၏။ လွန်စွာမှ ပူနေသည်။

လေသည်တဟူးဟူးတိုက်ခတ်နေ၏။ ဦးမင်းခေါင်သည် လမ်းမကြီးအတိုင်း လမ်းဆုံးရောက်အောင် အားယူ၍ လျှောက်နေမိသည်။ အချိန်တန်တော့လည်း တရွေ့ချင်း တရွေ့ချင်း၊ တစ်လှမ်းချင်း၊ တစ်လှမ်းချင်းဖြင့် လမ်းဆုံးရောက်သွားသည်။

ဦးမင်းခေါင်သည်လွန်စွာမှဝမ်းသာသွား၏။ လမ်းဆုံးလျှင် ရွာတွေ့တော့မည် မဟုတ်ပါလော...။

ဤလမ်းဆုံးသော် တောင်ကုန်းလေးတစ်ခုကိုတွေ့သည်။ ဘယ်ဘက်ကို ချိုးကွေ့၍ (၁၅) မိနစ်မျှ လျှောက်လိုက်သည်ဆိုရင်ပဲ ရေကန်ငယ်တစ်ခုကိုတွေ့လေ၏။

ဟုတ်ပြီ။ ရောက်ခါနီးပြီ။ ဦးမင်းခေါင် စိတ်ထဲမှ တွေးလိုက်မိ၏။

အချိန်တွင် မထင်မှတ်သော "ညမွှေးပန်း" အနံ့သည် မွှေးကြိုင်စွာ အနံ့ရလေ၏။

ဦးမင်းခေါင်သည်တစ်ဝကြီး ရှူရှိုက်လိုက်သည်။ တစ်ဆက်တည်းဆိုသလို ပင်ခွေးလေးငါးကောင်သည် စူးစူးဝါးဝါး ထိုးဟောင်နေသည်။ တချို့ခွေးများသည် ရှည်လျားစွာ အူနေကြလေ၏။

"ဘယ်လိုဖြစ်တာပါလိမ့်"

"လမ်းမကြီးအတိုင်း လာတုန်းက ခွေးဟောင်သံမကြားရပါဘူး။ သည်နား

www.burmeseclassic.com

ရောက်ခါမှ ခွေးဟောင်သံရော၊ ခွေးအူသံပါ ကြားနေရတယ်”ဟု ဦးမင်းခေါင် တွေးမိ၏။

သည်နေရာတွင် ခြံလေးငါးခြံနှင့် အိမ်လေးငါးအိမ်သာရှိတော့၏။ ခြံကျယ်ကြီးများ ဖြစ်သည်၊ အိမ်ခြေ ကျဲသွား၏။ ထိပ်ဆုံးမှခြံကျယ်ကြီးသည်ဦးမင်းခေါင်၏ ညီဖြစ်သူ ဦးမင်းအောင်၏ ခြံမဟုတ်ပါလား။ ခြံ၏အနောက်ဘက်တွင် လယ်ကွင်းပြင်သာ ရှိတော့၏။ မမှားနိုင်ပါ...။ သည်ခြံမှ သည်ခြံပါပဲ။ အိမ်သည်အများနည်းတူ သေးသေးမှ ကြီးကြီးသို့ပြောင်းသွား၏။

တိုက်ခံ နှစ်ထပ်အိမ် ဖြစ်နေလေ၏။

သည်ခြံ သည်ဝင်း အကျယ်ကြီး အတွင်းရှိ အိမ်တွင် ဦးမင်းခေါင်သည် ငယ်ငယ်လေးမှစ၍နှစ်ရှည်လများ နေခဲ့ဖူးသည်။

ရန်ကုန်တွင် အလုပ်ရပြီး အိမ်ထောင်ကျပြီးတည်းက သည်ခြံနှင့် အိမ်ကိုစွန့်ခွာခဲ့ရသည်။ ခြံသည်ခြံစည်းရိုးနှင့် သေသေသပ်သပ် အများနည်းတူ အဖြူရောင်ဆေးသုတ်ထားသည်။ အဖြူရောင်မို့မှောင်နေသော်လည်းကြယ်၏အလင်းရောင်ကြောင့် အထင်းသား မြင်နေသည်။ ခြံတံခါးသည် ပိတ်ထား၏။

ဦးမင်းခေါင်သည် ခြံတံခါးဝတွင် ခြေစုံရပ်လိုက်၏။

“ညီလေး - မင်းအောင်ရေ”

ဦးမင်းခေါင်မှအသံခပ်ကျယ်ကျယ် ခေါ်လိုက်ခြင်းဖြစ်သည်။ သို့သော် အသံသည် ထွက်မလာ၊ လည်ချောင်းတွင် ဆို့ပြီး ကျန်ရစ်ခဲ့သည်။

“ညီလေး - မင်းအောင်ရေ”

ဒုတိယအကြိမ် ထပ်ပြီး ခေါ်ပြန်သည်။ ပထမနည်းတူပင်။ အသံသည် ထွက်မလာချေ။ လည်ချောင်းထဲတွင် ဆို့နစ်ပြီး ကျန်ရစ်ခဲ့ပြန်သည်။

တတိယအကြိမ် ပထမ၊ ဒုတိယ နည်းတူ အသံသည် ထွက်မလာပေ။ ခေါ်၍မရအော်၍မရသည့်အဖြစ် ဦးမင်းခေါင် အံ့ဩနေမိသည်။

“ဘယ်လိုဖြစ်တာပါလိမ့်”ဟု တွေးနေမိသေး၏။

မကြာလိုက်ပါ။ မှောင်အတိဖြစ်နေသော အိမ်ကြီးသည် ချက်ချင်းဆိုသလို မီးရောင်း လင်းထိန်သွားသည်။ ဦးမင်းခေါင် အံ့ဩသွားသည်။ လျှပ်စစ်မီး၏ အလင်းရောင်ကိုကြည့်ပြီး “တယ်ဟုတ်

www.burmeseclassic.com

www.burmeseclassic.com

နေပါလား၊ ငါနေတုန်းကနဲ့ တခြားစီပဲ၊ ဘျှပ်စစ်မီးတွေတောင်ရလို့ပါလား”ဟု တွေးလိုက်မိသေးသည်။

မီးရောင်အောက်ရှိ အိမ်ပေါက်ဝ၌ လက်နှိပ်ဓာတ်မီးတစ်လက်ဖြင့် ဦးမင်းအောင်ကို တွေ့လိုက်ရပြီ။

ဦးမင်းခေါင် ဝမ်းသာလိုက်သည် ဖြစ်ခြင်း၊ လွန်စွာမှ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေ၏။ ဦးမင်းအောင်သည် လက်နှိပ်ဓာတ်မီးဖြင့် ခြံထဲသို့ ဟိုထိုး သည်ထိုး လုပ်နေသည်။ ခြံတံခါးဝ၊ ဦးမင်းခေါင် ခြေစုံရပ်နေသည့်နေရာသို့ ဦးတည်လာနေသည်။

ဦးမင်းခေါင် ပို၍ပို၍ ဝမ်းသာသွား၏။ “ငါ့ကိုမြင်သွားပြီ - တွေ့သွားပါပြီ”ဟု ဦးမင်းခေါင် စိတ်ထဲမှ ထင်နေမိသည်။ ဦးမင်းအောင်ကို အနီးကပ် တွေ့လိုက်ရသည်ဖြစ်၍ ညီဖြစ်သူထံ လာရကျိုးနပ်ပြီဟု ဦးမင်းခေါင် တွေးမိသည်။

ဦးမင်းအောင်သည် ခြံဝ၊ ဦးမင်းခေါင်၏ ရှေ့တည့်တည့်တွင် မတ်တတ်ရပ်ပြီး ဟိုကြည့်၊ သည်ကြည့် ပြုပြီးကာ ချာခနဲလှည့်၍အိမ်ဘက်သို့ပြန်သွားလေ၏။

သည်အခါတွင်ဦးမင်းခေါင်မှ အသံကျယ်ကျယ်ဖြင့် စူးစူးဝါးဝါး ခေါ်လိုက်ပြန်ပါသည်။

“ညီလေး - မင်းအောင်၊ ညီလေး မင်းအောင်ရေ”

ထုံးစံအတိုင်းပင် အသံက ထွက်မလာချေ။ စိတ်ကပါသော်လည်း အသံက ထွက်မလာချေ။ ဦးမင်းအောင်သည် အိမ်အပေါ်ထပ်သို့ပင် ပြန်ရောက်သွားပါပြီ။

ဦးမင်းခေါင်သည်လည်း ညီဖြစ်သူ ဦးမင်းအောင်ဆီသို့ မလာတာ အတော်ကိုကြာခဲ့ပြီပဲ။

“သူလည်း သူ့ဇနီး၊ သူ့သားသမီး သူ့မြေးတွေနဲ့ သူ့အလုပ်နဲ့သူ လည်ပတ်နေမှာပဲ။ သူလည်း ငါ့လိုပဲ မအားလပ်အောင် ရှိနေမှာပါပဲလေ”

ဦးမင်းအောင် တွေးမိပါသေးသည်။

※

ဦးမင်းအောင် မျက်နှာသစ်ပြီး တည်းကညမှမြင်မက်ခဲ့သောအိပ်မက်ကို သတိတရ ဖြစ်နေ၏။ မြင်ယောင်နေမိသည်။ ဘယ်လိုမှ ဖျောက်ဖျက်၍ မရ။ စိတ်ကို တည်ငြိမ်အောင်အတတ်နိုင်ဆုံး ကြိုးစားသည်။ ဘုရားရှိခိုး မေတ္တာပို့ အမျှဝေလိုက်၏။ ပြီးတော့

www.burmeseclassic.com

အိမ်ရှေ့ခန်းတွင်ရှိသော ပက်လက်ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

ထိုင်လိုက်ခါမှ အိပ်မက်အကြောင်းက ဘွားဘွားကြီး ပေါ်လာသည်။ အစ်ကိုဖြစ်သူ ဦးမင်းခေါင်သည် အဝတ်အစား သစ်သစ်လွင်လွင်ဖြင့် သူ့ဆီသို့ လာသည်။ ခြံပေါက်ဝမှ တကျော်ကျော်အော်ခေါ်နေသည်ဟု မြင်မက်သည်။ စကားတွေ အများကြီး ပြောချင်ပုံရသည်ဟု ထင်မိသည်။

မျက်နှာ မလှ၊ ကြည်သာခြင်း မရှိ။

အိပ်မက်ပြီး၍ အိပ်ရာမှ လန့်နိုးတော့ မှတ်မှတ်ရရ နာရီကို ကြည့်လိုက်မိ သည်။ "ညသန်းခေါင်ယံ ၁၂ နာရီ" တိတိ။

ဦးမင်းအောင် တော်တော် စိတ်မကောင်း ဖြစ်နေမိသည်၊ အိပ်မက်ကို မတွေးမိအောင်ကြိုးစားကြည့်၍မရချေ။ စိတ်ပြေပြောင်း ခြံထဲတွင်ရှိသော ပန်းပင်များကို ကိုယ်တိုင်ကိုယ်ကျပင် ပေါင်းသင်မြေဆွ ပြုလုပ်ပေးနေ၏။

ဘာလိုလိုနှင့် (၁၀) နာရီ ထိုးပါပြီတော့၊ ဗိုက်ထဲတွင် ဟာတာတာရှိသည်နှင့် သိသာသာဖြစ်လာမှ သိမ်းအကြီးမကို ထမင်းဟင်းထည့်ခိုင်းပြီး စားလိုက်မိသည်၊ တကယ်စားတော့လည်း မဝင်၊ ကြောင်စာလောက်မျှသာ။

ထမင်းစားပြီးအိမ်ရှေ့ခန်းသို့သွား၍ ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်လိုက်မိသည်၊ အနီးရှိ စားပွဲပေါ်တွင်ရှိသော သတင်းစာကို လှမ်းယူလိုက်စဉ် -

စားပွဲပေါ်တွင်တင်ထားသောအလှပန်းအိုးလေးသည်အမှတ်မထင်အောက်ကြမ်းပြင်ပေါ်သို့ကျ၍ ကွဲလေ၏။ ကြမ်းပြင်ပေါ်တွင် ဖန်စများကြဲပြန့်သွားသည်၊ ရေများ စိုရွှဲသွားလေ၏။ ပန်းပွင့်လှလှလေးများသည် တစ်ပွင့်စီ တစ်ပွင့်စီ၊ ဟိုနေရာ သည်နေရာမှာ။

ထိုအချိန်တွင်ရှေးဟောင်းတိုင်ကပ်နာရီမှ နာရီအချက်ပေးသံက တစ်ချက်ချင်း မြည်လာသည်။

"ဒေါင် - ဒင် - ဒေါင် - ဒင် - ဒေါင် - ဒင်"

(၁၂) ချက်တိတိ။

"ဩော် - နေ့ (၁၂)နာရီတောင်ထိုးပါကောလော"

နာရီမောင်းခေါက်သံအပြီး၊ မရှေ့မနှောင်းမှာပင် ထူးခြားသောအသံသည် ထူးထူးခြားခြား ကြားလိုက်ရ၏။

" သဲကြိုးစာချုပ် - သဲကြိုး[illegible]ပါတယ်"

ဦးမင်းအောင် အံ့ဩသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ထူးတော့ ထူးတယ်၊ ဘာများပါ
မ့်-ဘယ်ကပါလိမ့်" ဟုဦးမင်းအောင်
ည် ထိုင်ရာမှထ၍ စာပို့လုလင်ထံ
ပြေးလေးသွားရင်းမှ အတွေးဝင်မိ
သည်။

"ဒီနေရာလေးမှာ လက်မှတ်ထိုး
ပါ"

စာပို့လုလင်ညွှန်ပြသောနေရာ
င် ဦးမင်းအောင် လက်မှတ်ထိုးလိုက်
သည်။

ဦးမင်းအောင်သည် သံကြိုးစာကို
၍ အိမ်ပေါ်သို့ ခပ်သုတ်သုတ်လေး
တ်လိုက်သည်။ မူလထိုင်သော ပက်
တ်ကုလားထိုင်တွင် ထိုင်ချလိုက်၏။

ဦးမင်းအောင်၏စိတ်သည်မတည်
နိုင်တော့၊ လွန်စွာမှ စိတ်လှုပ်ရှားနေ
သည်။ သံကြိုးစာကိုတုန်တုန်ယင်ယင်
နေသောလက်ဖြင့်ကိုင်၍ စူးစူးစိုက်
တ် ဖတ်လိုက်မိပါသည်။

"ဦးမင်းခေါင်ည(၁၂)နာရီတိတိမှာ
ုံးတယ်၊ ဦးမင်းအောင်အမြန်လာ"

ဦးမင်းအောင်သံကြိုးစာကိုဖတ်ပြီး
ရင်ထဲတွင်ဟာခနဲဖြစ်သွားသည်။
ထဲတွင်လည်း ချာချာလည်အောင်
သွားသည်ထင်ရ၏။ တုန်ယင်နေ
သောလက်ထဲမှသံကြိုးစာသည်လွင့်၍
ကြမ်းပြင်ပေါ်သို့ကျပြီးရွေ့လျားနေသည်။
ဦးမင်းအောင်ချွေးပြန်နေသည်။

ချွေးစေးများ ဖြစ်၏။ ရင်မှာ မော
ဟိုက်လာ၏။ သည်ကြားထဲမှပြက္ခဒိန်ကို
အားယူ၍ကြည့်လိုက်မိသည်။

"ဒီနေ့က သောကြာနေ့ပဲ။ ဒီလိုဆို
ရင်မနေ့က သူ့မွေးနေ့ကြာသပတေးနေ့၊
လမိုက်ည၊ သန်းခေါင်ယံ၊ ည၁၂နာရီမှာ
ငါ့အစ်ကို ဦးမင်းခေါင် ဆုံးရှာပြီပဲ။

"ငါ့အစ်ကိုဦးမင်းခေါင်ဆုံးပြီဆိုတာ
ကိုရှေ့ပြေးနိမိတ်အနေနဲ့ အိပ်မက်နဲ့လာ
ပေးခဲ့တာပဲ"

သူ အသက်မထွက်ခင် ညီတစ်
ယောက်တည်းရှိတဲ့ငါ့ကိုစွဲလမ်းပြီးသေ
သွားရှာတယ်ထင်ပါတယ်။ သူ့ဝိညာဉ်က
သေပြီဆိုချက်ချင်းငါ့ဆီရောက်လာတာ
ဖြစ်မယ်။ အသေချစ်၊ အသေခင်တာပဲ
ကိုး။

ခြော် - အစ်ကို - အစ်ကို သနားပါ
တယ်။

လွန်ခဲ့တဲ့အပတ် မသေခင် လေး
ငါးရက်အလိုထဲက အစ်ကိုဦးမင်းခေါင်
ဆီသွားချင်နေတာ စိတ်ထဲမှာပြင်းပြင်း
ပြပြပဲ။


www.burmeseclassic.com

www.burmeseclassic.com

အခုတော့ ငါတကယ် သွားရပြီပေါ့။

မနက်ဖြန် မနက်အစောကြီး မီရာကားနဲ့ လိုက်ရမယ်။ ဒါမှ အစ်ကိုသင်္ဂြိုဟ်ပို့ဖြစ်မှာလေ။

※

အစ်ကို ဖြစ်သူ ဦးမင်းခေါင်၏ အသုဘပို့ပြီးသည်နှင့် မိမိအိမ်ရှိရာ ပဲခူးသို့ ပြန်တော့မည်ဟု ဆုံးဖြတ်လိုက်ပါသည်။ သို့သော် "အစ်ကိုရယ် မပြန်ပါနဲ့၊ ရက်လည်ပြီးမှပဲ ပြန်ပါလားဟင်၊ အစ်ကိုရှိသင့်တာပေါ့" ဟု ခယ်မဖြစ်သူမှ ပြောသည်က တစ်မျိုး။

"ဦးဦး မပြန်ပါနဲ့နော်၊ ရက်လည်ပြီးမှပြန်ပါဦး ဦးဦးရယ်၊ ဦးဦးရှိတော့ အားရှိတာပေါ့"

ဟု တူ၊ တူမများမှ ပြောကြသည်၊ တားကြသည်က တစ်ကြောင်း၊ အကြောင်းများကြောင့် ဦးမင်းအောင် ပဲခူးသို့ မပြန်ဖြစ်တော့ချေ။ အစ်ကိုဖြစ်သူ ဦးမင်းခေါင် အသုဘချသောနေ့ သည်နေ့၊ သည်ည၊ ညသန်းခေါင်ယံတွင် ဦးမင်းအောင်သည် ထူးထူးခြားခြား အိပ်မက်ကို မြင်မက်လေ၏။

"ညီလေး မင်းအောင်၊ ငါ-ငါလေ မင်းနေတဲ့ခြံကြီးထဲမှာနေချင်တယ်ကွ
နေခွင့်ပြုပါနော်" ဟု မျက်နှာညှိုးငယ်
နဲ့ ပြောရှာသည်၊ ဝတ်ထားသည့်အဝတ်
အစားမှာ ဖောင်းဖောင်းနွမ်းနွမ်း။

"အစ်ကို ကိုမင်းခေါင် ပြောဖို့
သေးလားဗျာ။ အစ်ကို ငယ်စဉ်တော
ကျေး၊ ကလေးဘဝထဲက ကြီးပြင်းတဲ့
နေလာခဲ့တဲ့ အိမ်နဲ့ ခြံပဲ၊ အစ်ကိုနေ
ဘယ်လိုနေနေ ပျော်သလိုသာ နေ
ခြံကြီးက အကျယ်ကြီးပါ၊ အစ်ကိုကြိုက်
တဲ့နေရာမှာ နေပါ"

"ဝမ်းသာလိုက်တာ - ညီလေးရ
ညီလေးနေခွင့်မှပြုမှပြုပါ့မလားလို့ စိုးရိမ်
လိုက်ရတာ၊ အစ်ကို ဘယ်လိုဝမ်းသာ
မှန်းမသိတော့ပါဘူး ညီလေးရာ၊ ကျေးဇူး
တင်တယ်၊ သိပ်ကို ကျေးဇူးတင်ပါတယ်
ညီလေးရေ"

"ညီအစ်ကိုတွေပဲ အစ်ကိုရာ၊ ကျေး
ဇူးတင်စကား ပြောနေစရာ မလိုပါဘူး
နေပါ - နေပါ - ပျော်အောင်သာနေ" ဟု
ညီအစ်ကိုနှစ်ယောက် အချီအချစကား
ပြောနေကြသည်ကို ကွက်ကွက်ကွင်း
ကွင်း အိပ်မက်တွင်း၌ မြင်မက်
သည်။

"အင်း - ဒီတိုင်းဆိုရင် အိပ်မက်
အလိုအရ ညီဖြစ်သူ့ကို စွဲလမ်းပြီးသေ



www.burmeseclassic.com

www.burmeseclassic.com

သွားလို့ အစွဲကြီးပြီး ငါနေတဲ့ခြံထဲမှာ အစောင့်ဖြစ်တော့မှာ သေချာပြီ။ ငါ့ အစ်ကို ငါ့ခြံထဲမှာ အစောင့်ဖြစ်နေပြီပဲ”

※

သည်ညီ၊ သည်အိမ်၊ သည်ခြံကို အစွဲကြီးစွဲ လမ်းပြီး သေဆုံးသွား၍ သည်ခြံတွင်းရှိသည်။ သစ်ပင်ကြီးကြီးမှာ အစွဲကြီးတဲ့ သရဲကြီး၊ အကြီးစားသရဲထီး ကြီး ရှိနေပြီဖြစ်သည်။

မည်မျှကြီးသနည်းဟု မေးခဲ့ပါလျှင် သရဲကြီး၏ ကိုယ်လုံးသည် အကြီးစား ဘတ်ကြီး သုံးလေးလုံးစာမျှ ကြီး၏။ ဦးခေါင်းနှင့်မျက်နှာသည် ဆန်ကောဝိုင်း ခန်းချပ်စာမျှ ရှိ၏။ မျက်လုံးနှစ်လုံးကပင် ကွင်းကြီးမျှ ရှိသည်။ နှာခေါင်းမှာ ကြီး ကြီး၊ ပိပြားနေသည်။ ပါးစပ်ပေါက်မှာ အကျယ်ကြီး၊

အစွယ်ကြီးက ကြောက်စရာ၊ လွန် စွာမှ ရှည်သဗျာ၊ အမွေးတွေက ဗရပျစ်၊ ညှီးမည်းမှောင်နေသည်။ တံတောင်မျှ ရှည်ပါလိမ့်မည်။ ကြောက်စရာကောင်း လွန်းပါဘိ။

ကြောက်စရာ – လန့်စရာ – ရင် ထိတ်စရာပင် ဖြစ်တော့သည်။ အကြီး စားသရဲကြီး၊ သရဲထီးကြီးသည် သည် အိမ်မှ သည်လူများနှင့် သည်အိမ်၊ သည် ခြံကို စောင့်ရှောက်ပေးနေ၏။

ခြံထဲတွင် လမ်းလျှောက်နေသည်။ နေ့နေ့ညည ပတ်နေသည်။ ခြံထဲတွင် အရှေ့မှအနောက်၊ တောင်မှမြောက်ပတ် လျှက်ရှိသည်။ ခြေကားရား၊ လက်ကား ရား၊ ခြေတံကရှည်သည်၊ လက်တံက ရှည်သည်။ ထန်းပင်ကြီးလောက် ရှည် ၏။

ခြေနင်းသံက ခပ်ပြင်းပြင်း၊ ပြင်းမှ ပြင်း၊ ညဘက် သန်းခေါင်ယံကျော်လျှင် အသေအချာ နားထောင်ကြည့် ခြေနင်း သံ ကြားနေရသည်။ ညဦးပိုင် လူဝင် လူ ထွက်ကို သူကြည့်သည် သူသိသည်။ ညဥ့်နက်ပြီဆိုသည်နှင့် လူအဝင်မခံ တော့။ ခြံနားမှာပင် ရစ်ဝဲဖို့မကြံလေနှင့်၊ သူ့ကို မြင်ရုံမျှနှင့် အသည်းငယ်သူ၊ အကြောက်ကြီးသူများ သေသွားနိုင် သည်။ လာဝံ့လာစမ်း – လာလှည့်စမ်း။

မသမာသူများဆိုလျှင် သည်နေရာ မှာပင် လည်ကုပ်အချိုးခံရပြီး ပွဲချင်းပြီး သေသွားနိုင်သည်။

သည်မျှကြောက်စရာကောင်းလွန်း ပါဘိ။ လုံခြုံစိတ်ချရပါပေတော့သည်။

www.burmeseclassic.com

“ဟုတ်ပြီ။ ရောက်ခါနီးပြီ။ ဦးမင်းအောင် စိတ်ထဲမှ တွေးလိုက်မိ၏။ ထိုအချိန်တွင် မထင်မှတ်သော ‘ညမွှေးပန်း’ အနံ့သည် မွှေးကြိုင်စွာ အနံ့ရလေ၏။ ဦးမင်းခေါင်သည် တစ်ဝကြီး ရှူရှိုက်လိုက်သည်။ တစ်ဆက်တည်းဆိုသလိုပင် ခွေးလေးငါးကောင်သည် စူးစူးဝါးဝါးထိုးဟောင်နေသည်။ တချို့ခွေးများသည် ရှည်လျားစွာ အူနေကြလေ၏။



တစ်ခါတစ်ရံသရဲကြီးသည်တဟားဟားရယ်သည်၊ တဟီးဟီးငိုသည်၊ ဘာကြောင့်မှန်းမသိ၊

သူ သိနေသည်မှာ တစ်ခုတည်း၊ သည်အိမ်နှင့် သည်ခြံ သည်မိသားစုတွေကို စောင့်ရှောက်ပေးရန် ဖြစ်သည်၊

သူ့အလုပ်သည်အစောင့်၊ သူသည် သည်ခြံ သည်သစ်ပင်မှာရှိသော အစောင့် သရဲအကြီးစား၊ ညဘက်ရောက်ပြီဆိုမှဖြင့် လူများသည် ခြံထဲကို မဆိုထားနှင့် ခြံပြင်သို့ပင် မကပ်ရဲကြ

သို့သော် – လူများ မလာရဲ၊ မကပ်ရဲကြ

သော်လည်းကပ်ရဲသူရှိ၏၊ လာရဲသူဝင်

သူရှိသည် သူသည်ကား ...၊

လူမဟုတ်ချေ၊ သရဲ၊ သူ့လိုပင် လုံ

တူ၊ ဒေါက်တူ၊ ပေတူ သရဲ၊ အကြီးစားသ

ပင် ဖြစ်လိမ့်မည်၊ သရဲထီးတော့ မဟု

ချေ၊ သရဲမ လမ်းသွားပုံချင်းတော့ မတူ

သရဲမလမ်းသွားသည်က ကွတတ၊ ဘ

သွားသွားတတ်သည်၊ သရဲမသည် ရှိ

www.burmeseclassic.com

ကြီးတင်င် ငိုထားပုံရသည်။ မျက်ရည်
စမ်းစမ်းဖြင့် သရဲထီးကို ခယ၊ တောင်း
ပန်၍ ပြောဆိုနေသည်။

“ငါ့မှာ နေစရာမရှိလို့ ငါ ဒုက္ခလှလှ
ရောက်နေပါတယ်၊ ငါ့ကိုကယ်ပါ၊ ကူညီ
ပါ၊ နင်ပိုင်ဆိုင်တဲ့နေရာမှာ ငါ့ကို တစ်နေ
ရာစီ ပေးပါ” ဟု ခခယယ တောင်းပန်
စကား ပြောလေသောအခါ၊

“ကောင်းပြီလေ - ငါ တောင်းတဲ့
ဘတိကိုနင်ပေးမယ်ဆိုရင် တစ်နေရာစာ
ပေါ့တော့ဘူး။ ကြိုက်သလောက်နေ ပျော်
သလိုနေ”

“ဘယ်လိုကတိမျိုး ပေးရမှာလဲ -
ပြောလေ၊ ပြောပါ”

“အေး - ပြောမယ်ငါနဲ့အတူသည်လူ
သည်မိသားစုတွေ သည်အိမ် သည်ခြံကို
စောင့်ရှောက်ပေးရမယ် ငါတို့ မကျွတ်
လွတ်မချင်းပေါ့။ ကဲ - ဘယ့်နှယ့်လဲ၊
စောင့်ရှောက်ပေးမယ် မဟုတ်လား”

“ပေးမယ် - ပေးမယ်၊ နင်နဲ့အတူ ငါ
စောင့်ရှောက်ပေးမယ် နေရာရတာကိုပဲ
ငါ ဝမ်းသာလှပါပြီ။ ဝမ်းသာတယ်
တယ်”

သည်လိုနှင့်ပင် သည်ခြံ၊ သည်သစ်
ပင်၌ သရဲနှစ်ကောင်၊ သရဲထီးနှင့်သရဲ
စောင့်နေလေတော့သည်။

အစောင့်သရဲနှစ်ကောင် သည်ခြံ
သည်သစ်ပင်၌ရှိနေကြသည်ကိုလူတိုင်း
လူတိုင်း သိနေကြပြီဖြစ်ပါတော့သည်။

ဦးမင်းအောင်သည် အစ်ကိုဖြစ်သူ
ဦးမင်းခေါင်ရက်လည်၍ ဘုန်းကြီးငါးပါး
ဆွမ်းကပ်ပြီး ဝတ္ထုငွေများပါကပ်လှူကာ
ရေစက်ချတရားနာ၊ အမျှဝေပြီးလျှင်
သာဓုသုံးကြိမ် ခေါ်ပြီးမှ အိမ်သားများ
ကို နှုတ်ဆက်၍ မိမိအိမ်ရှိရာ ပဲခူးသို့ပြန်
လာခဲ့သည်။ ရက်မလည်ခင်၊ ညများ၌
လည်း အစ်ကိုဖြစ်သူ ဦးမင်းခေါင်မှ အိပ်
မက်များ ပေးခဲ့ပါသည်။ အိပ်မက်သည်
ထူးခြားနေပါသည်။

မိမိအိမ်ရှိရာ ပဲခူးမြို့သို့ ပြန်ရောက်
ပြီး အိမ်မှာနေလာခဲ့ရာ တစ်လပင်ကျော်
ခဲ့လေပြီ။ နှစ်လသို့ပင်နီးလာပြီဖြစ်သည်။
အိပ်မက်တွင် မြင်မက်ခဲ့သည့်အတိုင်း ခြံ
ထဲတွင် ထူးထူးခြားခြား ရှိနေပြီဖြစ်၏။
ခြံထဲရှိ အပင်ကြီးကြီးတွင် အစ်ကိုဦးမင်း
ခေါင်သည် သရဲအဖြစ်နှင့်နေလာခဲ့သည်
မှာ အစောင့်အဖြစ်နေသည်မှာ နှစ်လနီး
နီး ရှိနေပြီးပဲ။ သရဲကြီး၊ သရဲထီးကြီးသည်
သက်တမ်းရှိသရွေ့တော့ နေရပေဦး
မည်။ အချိန်လည်းတန်မည်၊ ကျန်ရစ်သူ
မိသားစု၏ ကုသိုလ်ကောင်းမှုတာ ရေ
စက်သွန်းချပြီး ဦးမင်းခေါင်ကို နာမည်

www.burmeseclassic.com

တပ်၍အမျှဝေမှသာလျှင် သာစုသုံးကြိမ် ခေါ်ဆိုပြီး ဝမ်းမြောက်ဝမ်းသာစွာဖြင့် လူ့ ဘဝတွင်ပြုခဲ့ဖူးသောကုသိုလ်ကောင်းမှု ကိုယူသည်၍ကောင်းသောဘုံ၊ ကောင်း သော နေရာသို့ ရောက်ရှိမှာ အမှန်ဖြစ် တော့သည်။

သရဲကြီးသည် အစောင့်အဖြစ်နဲ့ နေလာခဲ့သည်မှာ ဆယ့်တစ်လကျော်၊ ဆယ့်နှစ်လသို့ ဝင်ခဲ့ပြီးဖြစ်သည်။

ဆယ့်နှစ်လ၊ တစ်နှစ်မပြည့်မီ တစ် ရက်၊ တစ်ည၊ သန်းခေါင်ယံအကျော်၌ ဦးမင်းအောင်သည် ထူးထူးခြားခြားအိပ် မက်မက်လေ၏။

"ငါ့ညီ ငါမင်းကို ဂဏန်းပေးမယ်၊ ဟိုတစ်ချိန်တုန်းက သန်လျင်မြို့သောက် တော်တွင်းရပ်ကွက်မှာ နာမည်ကြီးပြီး တိုးလေးတကျော်ဖြစ်သွားတဲ့ တရား မဝင်တဲ့ နှစ်လုံးဂဏန်းမဟုတ်ဘူး။ တရားဝင်နိုင်ငံတော်က အသိအမှတ်ပြု တဲ့ ခြောက်လုံးဂဏန်းပေးမှာကွ။ (၇) ဂဏန်းအစထား၊ ငါက မင်းခေါင်(ခေါင်) (၂)ဂဏန်း ဒုတိယနေရာမှာ သွင်း၊ မင်းတာအငယ်ဆုံးမင်းအောင် (အောင်) (၁)ကို တတိယနေရာမှာပြု ၇၂၁ ရပြီ နော်၊ နောက်မှာ ၉ အစ ၄ အဆုံး၊ အနန္တ ငါးပါးကို အလယ်သွင်းလိုက်ကွာ၊ ကဲ- ပြောမယ် (၇ အစ ၄ အဆုံး) ပဲ"

ထိုးဖြစ်အောင် ထိုး၊ ပေါက်မှာ သေ ချာတယ်။ သရဲဂဏန်းဆိုပြီး မယုံမရှိပါနဲ့ ငါတို့ ဒီလောက်တော့ အစွမ်းရှိပါတယ်။ ကူညီနိုင်တဲ့ဘက်က ကူညီရတာ။

မင်းလည်းပင်ပန်းလှပြီ၊ ငါသည်ခြံ သည်သစ်ပင်မှာ အစောင့်ဖြစ်နေတည်း က ငါ့ကို အစာကျွေးနေတာ ငါ ကျေးဇူး တင်တယ်။ အခုငါက တစ်လှည့်ကျေးဇူး ပြုတာပဲ"

မှန်သည် အစ်ကို ဦးမင်းခေါင် သေ ဆုံးပြီး သည်ခြံ၊ သည်သစ်ပင်၌ အစောင့် ဖြစ်နေသည်ကို သိရှိသည့်အချိန်မှစ၍ သူကြိုက်သောအစာကို ကျွေးမွေးခဲ့လေ ၏။

သည်ကြောင့်ဖြစ်ပါလိမ့်မည်၊ သရဲ မှ ကျေးဇူးပြုသည် ထင်ပါသည်။ ကျေးဇူး ဆပ်ခြင်း ဖြစ်ပါသည်။

"ကဲ - နားထောင်ဦး။ ဆက်ပြောဦး မယ်၊ သိန်းထီကြီးပေါက်လို့ ရှိရင် ငါ မိသားစု၊ မင်းခယ်မနဲ့ မင်းတူ၊ တူမတွေကို (၂)ပုံပုံပြီး (၁)ပုံပေး တစ်ဝက်တိတိပေး၊ မင်းက တစ်ဝက်ယူပါ။ ကိုယ်ကသာ သုံး ပုံတစ်ပုံကိုအလှူရေစက်ချပြီး ငါ့ကိုအမျှ



www.burmeseclassic.com

www.burmeseclassic.com

ပါ၊ ငါလည်းကျွတ်ချင်လှပြီ - အမျှဝေ
ပါ - ဝေပါ"

မိုးလင်းတော့ အိပ်မက်ကို သတိရ
၏၊ မယုံလို့မဖြစ်၊ ယုံယုံကြည်ကြည်
ခင် ချက်ချင်းလက်ငင်းဆိုသလို ထီ
ဆိုင်ကြီးတွင် ထီဂဏန်းလိုက်ရှာကြည့်
သည်၊ ရှာရန်မလွယ်၊ မလွယ်ရေးချ
လွယ်၊ ခြောက်လုံးဂဏန်း အကုန်လုံး
ဖို့ရာ တကယ်မလွယ်သည့် ကိစ္စ၊
သို့သော် ...

သို့သော် - မလွယ်သည့်ကိစ္စ ဖြစ်
သော်လည်း လွယ်ခဲ့ရပြီ၊

(၄၅)စောင်ဘူးထဲမှ ခြောက်လုံး
ဂဏန်းတူကို တိုက်တိုက်ဆိုင်ဆိုင် ရခဲ့
လေပြီ၊

အိပ်မက်က ထပ်ပြီး မက်ပြန်
သည်၊

"မင်း ငါပေးတဲ့ ခြောက်လုံးဂဏန်း
ရခဲ့ပြီ မဟုတ်လား၊ မင်းဝမ်းသာတော့
အောင်သံကြားလိမ့်မယ်၊ အောင်ပြီဆို
တာနဲ့ ကျန်ရစ်တဲ့ ငါ့မိသားစုကို နှစ်ပုံ ပုံ၊
တစ်ပုံပေး၊ မင်းကတစ်စုံယူ၊ မင်းတို့နှစ်ဦး
လုံး ကိုယ်ရတာကို သုံးပုံပုံ၊ တစ်ပုံစီလှူ
ကြ၊ လှူဖြစ်အောင်လှူကြ၊ ဘုန်းကြီးပင့်၊
ဆရားနာ၊ ရေစက်ချပြီး ငါ့နာမည်တပ်
အမျှဝေ ငါ ကျွတ်ချင်လွတ်ချင်လှပြီ"

မှန်သည်၊ ဒက်ထိမှန်၏၊ သရဲပေး
သောဂဏန်းမှန်သည်၊ ခြောက်လုံးသော
ထီ၊ နိုင်ငံတော်မှ ထုတ်သော ထီဂဏန်း
ကွက်တိမှန်သည်၊ သရဲပေးသော အိပ်
မက်ဂဏန်းဖြင့် သိန်း (၅၀ဝ/ -)ဆုကြီး
ပေါက်လေပြီ၊

ဦးမင်းအောင် သိန်း (၅၀ဝ/ -)ဆု
ပေါက်ပြီးဆန်းကြယ်လှပေစွ၊ အံ့ဩစရာ
ကောင်းလွန်ပေ၏၊

အိပ်မက်ပေးသည့်အတိုင်းပင်နှစ်ပုံ
ပုံသည် တစ်ပုံတစ်ဝက်ကို ကျန်ရစ်သူ
မိသားစု၊ ခယ်မနှင့်တူ၊ တူမမိသားစုတို့ကို
ပေးသည်၊ သုံးပုံပုံပြီးတစ်ပုံလှူရန်လည်း
မှာသည်၊ ဦးမင်းခေါင်ကိုနာမည်တပ်ပြီး
ရေစက်ချအမျှဝေနိုင်ရန်ကိုလည်း ထပ်
ဆင့် မှာကြားခဲ့သည်၊

သူ့အိုးရုံ(ဘိုးဘွားရိပ်သာ)၊ မျက်
မမြင်ကျောင်း၊ ဆွံ့အနားမကြားကျောင်း
တို့နှင့် တန်ဖိုးကြီးဘုရားများတွင် လှူ
သည်၊ မဂ္ဂလာပ်ကြီးထိုးသည်၊ ဈေးစည်ကြီး
တီးပြီးအလှူကြီးကြီးလှူသည်၊ ဘုန်းကြီး
(၉)ပါး ပင့်သည်၊ ဒံပေါက်ဆွမ်းကပ်
သည်၊ ဝတ္ထုငွေ (၁)သိန်းကို တပ်ပါးတ
ဖြင့် (၉)သိန်း သင်္ကန်းအစုံ(၉)စုံ၊ (၉)ပါး

www.burmeseclassic.com

www.burmeseclassic.com

ကပ်လှူပြီး တရားနာ၊ ရေစက်ချပြီး ဦးမင်းခေါင်နှင့်တကွ (၃၁)ဘုံသားအား လုံးကို အမျှဝေ၏၊ သာဓုသုံးကြိမ် ခေါ်ဆိုလိုက်သောအသံသည် ဘဝဂ်သို့ တိုင် လျှံတက်သွားပြီးဖြစ်သည်၊

ဦးမင်းအောင်၏ခယ်မနှင့် တူ၊ တူမ မိသားစုကလည်းမလျှော့ကြိုးထိုးပြီးဖျော စည်တီးကာ ဘုန်းကြီး (၉)ပါးပင့်ပြီး တရားနာ၊ ရေစက်ချပြီး ဦးမင်းခေါင်နှင့် တကွ (၃၁)ဘုံသားအားလုံးကို အမျှ ပေးဝေ၏၊ သာဓုသုံးကြိမ်ခေါ်ဆိုက် လိုက်သော အသံသည် ဘဝဂ်သို့ တိုင် သည်၊

အမျှပေးဝေမှုကြောင့် သရဲထီးကြီး တစ်ကောင်းတည်းမဟုတ်၊ သရဲမပါ ကျွတ်ချိန်တန်၍ ကျွတ်ပြီ၊ သာဓု ခေါ် နိုင်ပြီလေ၊ ဦးမင်းခေါင်သည် ဦးမင်း အောင်ကို အိပ်မက်ထပ်ပေးသည် သည့်အိပ်မက်သည် ဦးမင်းအော တစ်ယောက်တည်းမဟုတ်၊ ဦးမင်းခေါ် ၏ကျန်ရစ်သူမိသားစုပါတစ်ရက်တည် တစ်ညတည်း၊ မိုးသောက်ယံမှာ တစ် ပြိုင်တည်းရသော အိပ်မက်ဖြစ်၏၊

ရွှေရောင် ငွေရောင် တပြောင် ပြောင်နှင့် ရွှေဆင်း၊ ငွေအဆင်း တဝင် ဝင်းနှင့် ကိုယ်ရောင်ကိုယ်ဝါ တောက် နေတယ်လေ၊ မဟုတ်မှလွဲရော၊ နတ်ဘုံ နတ်နန်းက နတ်သားတစ်ပါးပဲဖြစ်မှာ သေချာပါသည်၊

သန်လျင်–ရှင်လေ


## အနာပေါက်ကုထုံး

**ကြက်သမာနာ**

မျက်ကွင်းတွင် ပေါက်တတ်သည်၊ သနပ်မြစ်၊ ကြေးမြစ်အမျှစ်သွေး၍လူးပေးပါ၊ သောက်ဆေး အဖြစ် လက်ထုပ်ကြီး၊ ကြေးမြစ်ကိုအမျှစ်သွေး၍ သောက်ပါ၊

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# နန္ဒဝင်းကျော်ခေါင် (ဓေတ္တာလူ့ပြည်)

## သချိုင်းပွဲ

ကျွန်ုပ် စာရေးသူ၏ ဖခင်ဖြစ်သူသည် ကျွန်ုပ်ငယ်ရွယ်စဉ် အသက် တစ်ဆယ့်ခုနစ်နှစ်သားခန့်တွင် အစာအိမ်ရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။ မိခင်ဖြစ်သူမှာလည်း ကျွန်ုပ်အသက် လေးဆယ်ကျော်အရွယ်၌ ဒေးစွန်ပါဘုရားကြီးသို့ ဗီဒီယိုဇာတ်ကားတစ်ကား ဖြစ်သည့်လူမိုက်အသည်းနှစ်ကျပ်ခွဲမဟုတ်ပါ" ဗီဒီယိုကားကိုကျွန်ုပ်တပည့်ညီဘွား၊ စုလှိုင်နှင်းတို့နှင့် သွားရောက်ရိုက်ကူးစဉ် ဘုရားဖူးချင်သည်ဆို၍ ဒေးစွန်ပါဘုရားသို့ လိုက်ပါလာခဲ့ပါသည်။

ထိုစဉ်အခါကာလက ကျွန်ုပ်တို့ ဗီဒီယိုဒါရိုက်တာများသည် ဗီဒီယိုတစ်ကားကို ခုနစ်ရက်ခန့် ရိုက်ကူးကြပါသည်။

ယခုခေတ်ကဲ့သို့ ဗီဒီယိုကားတစ်ကားကို သုံးလေးရက်ရိုက်ဘူးသော ခေတ်မဟုတ်ကြပါ။

ကျွန်ုပ်စာရေးသူ၏ မိခင်ကြီးသည် မင်းသားဖြစ်သူညီဘွားနှင့်လည်း ရင်းနှီးသူဖြစ်လေ၍ ဘုရားလည်းဖူး၊ မင်းသားနှင့်လည်း ရင်းနှီးလေ၍ ရိုက်ကွင်းကိုလည်းကြည့်လေ၏။

ကျွန်ုပ်တို့မှာလည်း "လူမိုက်အသည်း နှစ်ကျပ်ခွဲမဟုတ်ပါ" ဗီဒီယိုဇာတ်ကားကို ကိုလူချောအဖွဲ့လူကြမ်းများနှင့် တောထဲ၊ တောင်ထဲ၊ ချောင်းထဲ၊ မြောင်းထဲများ၌ ပင်ပန်းဆင်းရဲကြီးစွာ ကင်မရာမင်းအဖွဲ့သားများနှင့် ခက်ခက်ခဲခဲရိုက်ကူးနေသလို ကျွန်ုပ်စာရေးသူ၏ မိခင်ကြီးမှာလည်း ဒေးစွန်ပါဘုရားကြီးအား တောထဲ၊ တောင်ထဲ၊ လမ်းကြမ်းကလေးကိုဖြတ်သန်းပြီးဒေးစွန်ပါဘုရားကြီးအား သွားရောက် ဖူးမြော်နေပါသည်။

ကျွန်ုပ်တို့ ဗီဒီယိုရိုက်ကူးရေးအဖွဲ့သားများသည် ဒေးစွန်ပါဘုရားကြီးအတက်၊ ဘယ်ဘက်ခြမ်းတွင်ရှိသော "ပုညကုသလ ဘုန်းတော်ကြီးကျောင်း



www.burmeseclassic.com

www.burmeseclassic.com

ကြီး"တွင် မင်းသား၊ မင်းသမီး၊ လူကြမ်းများ တည်းခိုကြသလို အကယ်ဒမီအဲ့ကျော်နှင့် အကယ်ဒမီစိုးရွှေတို့မှာလည်း ပုညကုသလကျောင်းကြီး တစ်ကျောင်းတွင် ခွဲ၍ တည်းခိုနေကြပါသည်၊

ပုညကုသလဘုန်းတော်ကြီးကျောင်းကြီးမှာ တစ်ကျောင်းသည် ဆောက်လုပ်လက်စ တိုက်ကျောင်းကြီးဖြစ်နေလေ၍ တစ်ကျောင်းမှာ တဲကျောင်းကြီးဖြစ်၏၊

ထိုတဲကျောင်းကြီး၏ ခေါင်ချုပ်ထန်းတွင် မြွေအချို့မှာ ခွေ၍နေကြပြီး ခေါင်းကလေးများမှာ မြွေအခွေလေးများပေါ်တွင်တင်၍ထားကာလျှာကလေးများ ပြူတစ်ပြူတစ်ဖြင့် နေနေကြပါသည်၊ မြွေမှာ ဆင်ပစ်မြွေဟု ဆိုကြပါသည်၊ ကျောင်းထိုင်ဆရာတော်မှာ အန္တရာယ်မပြုပါဟု ဆိုပါသည်၊

ဤသည်ကိုကြည့်၍ ကျွန်ုပ်မိခင်ကြီးနှင့် မင်းသမီးစုလှိုင်နှင်းတို့ ညီအစ်မနှစ်ယောက်မှာ မနေဝံ့ကြ၍ တိုက်ကျောင်းကြီးသို့ သွားရောက်၍အင်္ဂတေပေါ်တွင် မွေ့ရာအခင်းပါးပါးလေးများခင်း၍ နေထိုင်အိပ်စက်ကြပါသည်၊

ဤသို့ဖြင့်ကျွန်ုပ်တို့ဗီဒီယိုရိုက်ကူးရေးအဖွဲ့သားများ အားလုံး ရိုက်ကူးရေးကိစ္စပြီးစီး၍ ရန်ကုန် ပြန်လာခဲ့ကြပါသည်၊

ရန်ကုန်ပြန်ရောက်သည့် အခါ ကျွန်ုပ် မိခင်ကြီးမှာ ကျွန်ုပ်စာရေးသူအား...

"သားရယ် ဒေးစွန်ပါမှာ အိပ်တဲ့ ညတုန်းက အမေ အိပ်မက်တွေ မကောင်းဘူးကွယ်"

ဟု ဆိုပါသည်၊

ကျွန်ုပ်မှာ ဘယ်လိုအိပ်မက်မျိုးတွေမက်လို့လဲ အမေရယ်ဟု မေးရာ...

"ရန်ကုန်ကို ပြန်ခါနီးညတုန်းက အိပ်မက်ထဲမှာ ဒေးစွန်ပါဘုရား ချောက်ကြီးထဲကို အမေ ပြုတ်ကျခဲ့တယ်" လို့ အိပ်မက် မက်တယ် - သားရယ်"

ကျွန်ုပ်စာရေးသူမှာလည်း အမေ့၏ အိပ်မက်ကို မကြိုက်နှစ်သက်သော်လည်း မိခင်ဖြစ်သူ စိတ်ဆင်းရဲမည်စိုး၍ ပဇာစကားမျှ ပြောဆိုခြင်းမပြုခဲ့သော်လည်း စိတ်ဆင်းရဲမိခဲ့ပါသည်၊

နောက်နှစ်ရက်ခန့်အကြာမှာတော့ ကျွန်ုပ်စာရေးသူ၏မိခင်ကြီးမှာဦးနှောက်ကြောပြတ်၍ သေဆုံးသွားခဲ့ပါသည်၊

မိခင်ကြီးသေဆုံး၍ ခုနစ်ရက်လည်ဆွမ်းကျွေးပြီး ညတစ်ညတွင် တော့ ကျွန်ုပ် စာရေးသူ၏ စတုတ္ထမြောက်ညီမဖြစ်သူအား ဒေးစွန်ပါဘုရားကြီးမှ ဥစ္စာစောင့်မတစ်ဦးမှ ဝင်ရောက်ပူးကပ်ပြောဆိုပါသည်၊



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ - နင့်အမေကို သာသနာပြုဖို့ လူ့လောကလွှတ်လိုက်တာ၊အချိန်စေ့လို့ ပြန်ခေါ်တာ" ဟု ခမ်းကြမ်းကြမ်း ဆိုနေပါသည်။

ကျွန်ုပ်မှာ အစ်ကိုကြီးဖြစ်၍ညီငယ် ညီမငယ်များမှ လာရောက်ခေါ်ယူပါသည်။

ကျွန်ုပ်နှင့် ကျွန်ုပ်ညီမအား ဝင်ရောက်ပူးကပ်နေသော ဥစ္စာစောင့်မတို့ တွေ့ကြပါသည်။

ကျွန်ုပ်မှာ "ဘာကိစ္စရှိလို့ ဝင်ပူးနေတာလဲ" ဟု ခပ်ကြမ်းကြမ်းပင် ပြန်လှန်မေးမြန်းလိုက်ရာဥစ္စာစောင့်မမှာကျွန်ုပ်အားအထက်ပါပြောဆိုနေသောစကားအတိုင်းပင် -

"လူ့လောကကို သာသနာပြုဖို့ လွှတ်လိုက်တာ၊ အချိန်စေ့လို့ နင့်အမေကိုပြန်ခေါ်လိုက်တာဟဲ့"

ဟု အံ့ကြိတ်၍ပြောဆိုနေပါသည်။

ကျွန်ုပ်မှာလည်း ကျွန်ုပ်ညီမအား ဝင်ပူးကပ်ပြောဆိုနေသောဥစ္စာစောင့်မအား စိတ်တိုတိုဖြင့် ...

"ခေါ်ဗျာ - ခေါ် လူ့လောကမှာ ဆန်စေ့ကြီးနေတယ်၊ အကုန်သာခေါ်" ဟု

ခပ်ရွဲ့ရွဲ့ပင်ပြန်လှန်ပြောဆိုလိုက်ရာ ဝင်ပူးကပ်န ဥစ္စာစောင့်မမှာ ဒေါပွသွားပြီး ...

"ခေါ်မယ်ဟဲ့ - ခေါ်မယ် - နင့်အမေကိုတင်မဟုတ်ဘူး၊ နင့်ကိုပါ ခေါ်ရမှာ"

ဟု အံ့ကြိတ်ကြိတ်၍ ပြောဆိုကာ ကျွန်ုပ်ညီမကိုယ်မှာ ဝင်ရောက်ပူးကပ်နေသော ဥစ္စာစောင့်မမှာ ထွက်သွားလေတော့၏။

ကျွန်ုပ်စာရေးသူမှာ မိခင်ကြီးသေဆုံးပြီး အနုပညာအလုပ်များကို ကုမ္ပဏီပေါင်းစုံ လူပေါင်းစုံတို့ဖြင့် ဝတ္ထုတိုများရေးလိုက်၊ ဇာတ်ညွှန်း၊ ရိုက်ညွှန်းများရေးလိုက်၊ဒါရိုက်တာအဖြစ်ဆောင်ရွက်လိုက်ဖြင့်ဘဝပေါင်းစုံဖြတ်သန်းလာခဲ့ပါသည်။

ဤတွင် ရန်ကုန်မြို့ ၃၅ လမ်းရှိ မေတ္တာရိပ်ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးမှ ကုမ္ပဏီပိုင်မင်းသားဖြစ်သူ ဟိန်းကြယ်စင်ဖြင့် ဆုံမိလိုက်လေရာ ကတ်ဆက်ပြဇာတ်လောကတွင် ကျွန်ုပ် စာရေးသူရေးသားအောင်မြင်ခဲ့သည့် ဗိုလ်အောင်ဒင်ပြန်လာပြီကတ်ဆက်တိတ်ခွေဇာတ်လမ်းအား ဗီဒီယိုဇာတ်ကားအဖြစ် ရိုက်ကူးရန် စီစဉ်ကြတော့၏။

ဤဇာတ်ကား၏မူရင်းစာရေးဆရာမှာ ရုပ်ရှင်ဒါရိုက်တာကြီးတစ်ဦးဖြစ်သည့် ရွှေဒုံးဘီအောင် ဖြစ်ပေတော့၏။

ဗိုလ်အောင်ဒင်ဇာတ်ကား၏ သရုပ်ဆောင်မင်းသားမှာ စစ်ကြို(ခေတ်)တွင် နာမည်ကျော်ကြားခဲ့သော(မင်း)သားကြီး ခင်မောင်ရင်ဖြစ်၏။ (မင်း)သမီးမှာ မေမေ

www.burmeseclassic.com

www.burmeseclassic.com

င်းဖြစ်၏၊ အိုင်ပီဘချစ်အဖြစ် မင်းသား ဘချစ်ကိုယ်တိုင် သရုပ်ဆောင်ထား၏။

ယခုခေတ် ဗီဒီယိုခေတ်တွင်မူ ဗိုလ်အောင်ဒင်အဖြစ် ဟိန်းကြွယ်စင်ကို သရုပ်ဆောင်စေပြီး အိုင်ပီဘချစ်အဖြစ် ကြောင်ကမ္ဘာဗီဒီယိုထုတ်လုပ်ရေးမှ င်းသားမင်းသူကိုသရုပ်ဆောင်စေကာ မြခေါ်မမြဝင်းကိုမူ အဝိုကောင်းပါသည် ဆု ကျော်ကြားကာ အချွဲအနွဲ့အားသန် သည့် မင်းသမီးချော မိုးပြည့်ပြည့်မောင် ကို သရုပ်ဆောင်စေကာ ရိုက်ကူးခဲ့ပါ သည်။

ဤ၌ ဗိုလ်အောင်ဒင်အဖြစ် သရုပ် ဆောင်ခဲ့သည့် မင်းသားဟိန်းကြွယ်စင် မှာ ကျွန်ုပ် စာရေးသူ ဒါရိုက်တာနှင့် ခင် င်ရင်းနှီးခဲ့လေ၍ ဗိုလ်အောင်ဒင်ပြန် လာပြီဗီဒီယိုဇာတ်ကားကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံ ဒီယိုဆင်ဆာအဖွဲ့တို့မှ "ဗိုလ်အောင်ဒင် ပြန်လာပြီ" ဇာတ်ကားကို ပရီစနစ်ဖြင့် အစ်ခွေချင်း လိုက်လံရောင်းချခွင့်ပြု ထုတ်လေ၍ကျွန်ုပ်စာရေးသူဒါရိုက်တာ မင်းသားဟိန်းကြွယ်စင်၊ လူကြမ်းသရုပ် ဆောင် ဇော်ကြီးနှင့် ဟိန်းကြွယ်စင်၏ ကိုယ်ရံတော်နှစ်ဦးတို့ လိုက်ပါကာ မြန် မာပြည်အနှံ့ မင်းသားဟိန်းကြွယ်စင်၏ ဇာတ်လေးဖြင့် သွားရောက်ကာ ဖြန့်ကြပါ တော့၏။

ဤ၌ ပန်းတနော်မြို့တောင်ဘက် မိုင်တစ်ဆယ်ငါးမိုင်ခန့်ကွာဝေးသော ရွာကလေးသို့ဆိုက်ရောက်ခဲ့ကြပါတော့ ၏။

※

ထိုရွာကလေးမှာ ထူးထူးခြားခြား တစ်ရွာလုံးသည် ခရစ်ယာန်ဘာသာဝင် များဖြစ်ကြလေ၏။

တစ်ရွာလုံး ခရစ်ယာန်ဘာသာဝင် များဖြစ်သလို ဗုဒ္ဓဘာသာဝင်ဆို၍ ထူး ထူးခြားခြားပင် ကရင်လူမျိုးမိန်းကလေး နှစ်ဦးကိုလည်း တွေ့ခဲ့ရလေတော့၏။

ကျွန်ုပ်တို့အဖို့ ရောက်ရှိသွားခဲ့ သည့် ရွာကလေးအမည်မှာ ကန်စိုကုန်း ဟု ခေါ်တွင်လေ၏။

ထိုကန်စိုကုန်းရွာကလေးသည် ကျွန်ုပ်တို့ရောက်ရှိသွားသည့်နေ့တွင်ပင် "သချိုင်းပွဲ" ရှိနေလေ၏။

သချိုင်းပွဲဟူသည်မှာ ကနစိုကုန်း ရွာကလေး၏ခရစ်ယာန်ဘုန်းတော်ကြီး ကျောင်းကြီး၏ အနောက်ဘက်တည့် တည့်တွင် ရှိနေသော သချိုင်းကြီးတွင် သေဆုံးကုန်ကြကုန်သော ၎င်းတို့ရွာကြီး ၏ ရွာမိ၊ ရွာဖများ၊ ကနစိုကုန်းရွာ၏ ဆွေမျိုးများ၊ အမျိုးအဆွေများ၏ အုတ်ဂူ များကိုဆေးပြန်သုတ်၊ ညဦးတွင်အုတ် ဂူများပေါ်တွင် အသားတင်များဖြင့် ပ.သ

www.burmeseclassic.com

တင်လှ၊ကျွေးမွေးသောနေ့ကို ခေါ်ဆို လေ၏။

ကျွန်ုပ်စာရေးသူမှာလည်း ထိုနေ့တွင် ရောက်ရှိကာ ထိုနေ့ညနေပိုင်းတွင် ထူးထူးဆန်းဆန်း ကြုံတွေ့ရမည့် အဖြစ်အပျက်ကြီးအတွက် သူငယ်ချင်းဖြစ်သူ သရုပ်ဆောင် လူကြမ်းဖော်ကြီးအား ရင်ခုန်စွာ ပြောဆိုလိုက်လေ၏။

"အဲဒါသူငယ်ချင်းဘယ်လိုဖြစ်ချင်သလဲ"

"သူငယ်ချင်းရာ ငါက စာရေးတဲ့လူဆိုတော့ ညကျရင် လေ့လာချင်တာပေါ့ကွာ"

"ရတယ် - သူငယ်ချင်း၊ မင်းဆန္ဒပြည့်ဝစေရမယ်"

ဖော်ကြီး၏ အာမခံစကားလုံးကြောင့် ကျွန်ုပ်စာရေးသူမှာ ဝမ်းသာလုံးဆို့ခဲ့ရလေ၏။

နေ့ခင်းပိုင်းမှာ ကျွန်ုပ်မှာ ပန်းတနော်မြစ်ကြီး ကမ်းနဖူးတွင် ထမင်းဆိုင်ဖွင့်၍ရောင်းချနေသော ထမင်းဆိုင်ကြီးတွင်ထမင်းဟင်းလျာများဝယ်ယူစားသောက်ကြ၏။

ထမင်းစားသောက်ပြီးသော်သချိုင်းကြီးကို သွားရောက်ကြည့်ရှုကြလေရာ လမ်းတစ်လျှောက်လုံးမှ လမ်းမီးတိုင်များကို လှလှပပ ပြုလုပ်ထားလေ၏။

ထို့အတူ အုတ်ဂူများအားလုံးကို လည်း ဆေးများ ပြန်လည်သုတ်နေကြ၏။

လူအများစုတို့မှာ ကရင်လူမျိုးအများစုသာဖြစ်၍မြန်မာလူမျိုး အနည်းငယ်သာ တွေ့ရ၏။

ကရင်လူမျိုးဆိုသည်မှာ စကောကရင်၊ ပိုးကရင်ဟူ၍ရှိရာ ပိုးကရင်များ ဖြစ်၏။

ထိုပိုးကရင်အများစုတို့ထဲတွင်မှ ခရစ်ယာန်ဘာသာဝင်အများစုဖြစ်၍ စေ့စေ့ပေါက်ပေါက်ဆိုသော်ဗုဒ္ဓဘာသာဝင်မိသားစုနှစ်စုသာ ရှိနေလေ၏ဟု ဆိုကြကုန်၏။

ကျွန်ုပ်စာရေးသူမှာ မြန်မာနိုင်ငံအောက်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသ အနှံ့အပြားကို ခြေဆန့်ရာ၌ ယခု ရောက်ရှိနေသောကန်စိုကုန်းဟူသောရွာကလေး မျိုး တစ်ရွာမှပင် မရှိနိုင်ဟု ပြော၍ရပေတော့၏။

ဆိုရသော် ဗမာအိမ်ပုံစံမျိုး ရှားရှား၏၊ အိမ်ပုံစံအားလုံးတို့မှာ ကရင်လူမျိုးများသာ နေ၏၊ ဆိုသော်လည်း ကရင်လူမျိုးတို့အနက် စကောကရင်လူမျိုးစုတစ်စုထဲမှ ကျွန်ုပ်စာရေးသူ၏ ပထမအိမ်ထောင်ဖြစ်သူ မိချိုသည် ကျွန်ုပ်စာရေးသူ၏ဇနီးမယားဖြစ်၍ သမီးလေးတစ်ယောက်ပင်ထွန်းကား ဖူး၏၊ လွန်စွာရိုးသား၏၊ ရောဝတီ



www.burmeseclassic.com

www.burmeseclassic.com

ကြီးစီးဆင်းရာ မြစ်ကမ်းစပ်တွင် ရှိရာ အိမ်လေးများဆောက်၍ နေထိုင်ကြ၏။

ယခု ကျွန်ုပ်စာရေးသူ ရောက်ရှိနေသော ကနစိုကုန်းရွာလေးသည် ကျွန်ုပ်စာရေးသူ၏ ဖနီးသည်တို့ နေထိုင်ရာ အိမ်ကလေးများနှင့် လုံးဝခြားနား၏။

ကျွန်ုပ် စာရေးသူ၏ ဖနီးသည်တို့ နေထိုင်ရာအိမ်ကလေးများသည် မြစ်ကမ်းစပ်ဘေး၏ ဆောက်ထားသော အိမ်လေးများဖြစ်၍ခြေတံရှည်အိမ်လေးများဖြစ်၏။

ယခု စာရေးသူရောက်ရှိနေသော ကနစိုကုန်းရွာကလေးသည် ဧရာဝတီမြစ်ကြီးကို လှမ်း၍ မြင်နေရ၏။ ခန့်မှန်းခြေ မြစ်ကမ်းစပ်နှင့် ဆိုသော် ပေနှစ်ထောင်ခန့် ဝေးကွာလှ၏။

အိမ်ပုံစံတို့မှာလည်းလွန်စွာခေတ်မီလှလွန်း၏။ ရှင်းရှင်းဆိုရသော် ခေတ်မီသော အနောက်တိုင်း အိမ်ပုံစံလေးများ အမျိုးမျိုး ဖြစ်၍နေပေ၏။

ကျွန်ုပ်သည်စာရေးသူတစ်ယောက်အဖြစ်၍ ယခု ကျွန်ုပ်ရောက်ရှိနေသော ကနစိုကုန်းရွာလေး၏ ခရစ်ယာန်ဘုန်းတော်ကြီးများ၏ စည်းရုံးမှုကြောင့် အိမ်ပုံစံမျိုးပင်ဖြစ်နေရော့သလားဟု တွေးမိလေတော့၏။

ထိုညက ရှင်းရှင်းဆိုရသော် ကျွန်ုပ်စာရေးသူ၏ညဉ့် (သို့မဟုတ်) ဝါသနာ အလေ့စရိုက်ကို သိ၍ မင်းသားဟိန်းကြွယ်စင်မှာ အားနာနာဖြင့် သူ၏ ကားလေး ခေါင်းပိုင်းတွင် ခြင်ဆေးခွေများ ထွန်းကာ အိပ်၏။ သူ၏ တပည့် နှစ်ယောက်မှာလည်းကားလေး၏ခပ်ကျဉ်းကျဉ်းကိုယ်ထည်လေးအတွင်း ခပ်ကြပ်ကြပ်ပင် အိပ်ကြ၏။

ကျွန်ုပ်နှင့် လူကြမ်းသရုပ်ဆောင်ဖော်ကြီးမှာ တစ်ညလုံး မအိပ်ကြချေ။ အိပ်၍လည်း မရကြပါချေ။ အဘယ့်ကြောင့် ဆိုသော် - မှောင်စပျိုး၍ ညဉ့်အတော်နက်သည့်အင်္ဂလိပ်စက်နာရီဖြင့် ညခုနစ်နာရီခွဲသည်နှင့် ရွာလယ်လမ်းမကြီးအတိုင်းလူအချို့တို့မှာမိသားစုလိုက်ဖြစ်မည်ထင်ပါ၏။ တစ်အုပ်စု၊ တစ်အုပ်စုဖြင့်ခရစ်ယာန်သချိုင်းကြီးဆီသို့လာနေကြလေတော့၏။ အုပ်စုတိုင်းတွင် ချိုင့်ကြီး ချိုင့်ငယ်များ ပါလာကြလေ၏။

ကျွန်ုပ်စာရေးသူနှင့်လူကြမ်းသရုပ်ဆောင်ဖော်ကြီးတို့နှစ်ယောက်မှာမူ လက်တွင်း၌ ပဇာပစ္စည်းမျှ မပါကြဘဲ မီးတိုင်များထွန်း၍ လင်းထိန်နေသော သချိုင်းလမ်းမကြီးအတိုင်း လိုက်ပါ၍ တက်ခဲ့ကြလေ၏။

မင်းသားဟိန်းကြွယ်စင်မှာလည်း ကျွန်ုပ်တို့နှစ်ယောက်နှင့်အတူကြောက်ကြောက်ရွံ့ရွံ့ဖြင့် လိုက်၍တက်ရာသို့ လိုက်ပါလာခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်တွင် ကောင်းကင်ယံတစ်ခိုမှာတော့ မိုတ်တုတ်မိုတ်တုတ်ကြယ်တလေးများပင် မတွေ့ရပါချေ။

ညဏ်ဘုရင်၊ လမင်းကြီးကတော့မှ ကောင်းကင်ယံတွင် ဘယ်ချောင် ဘယ်ကမ်း၌ ဆိုက်ကပ်ပုန်းခိုနေသည် မသိပါချေ။

လောကတစ်ခွင်လုံး မှောင်အတိဖုံး၍နေ၏။ ထိုအမှောင်ဖုံးနေသည့်သချိုင်းကြီးတစ်ခုလုံး ကနစိုကုန်းတစ်ရွာလုံးမှ လူတို့ စိုက်ထူထွန်းညှိထားသော မီးအလင်းတို့ကြောင့် လင်းထိန်နေလေ၏။

သို့သော် တစ်နာရီသာသာအချိန်ပိုင်းကလေးအတွင်း၌သာ လင်း၍နေမည်ကို သိ၏။

အုပ်စုလိုက်အုပ်စုလိုက် ချိုင့်တလေးများနှင့် လာကြကုန်သော လူအုပ်စုတို့မှာ မိမိတို့၏သက်ဆိုင်ရာ အုတ်ဂူတလေးများဆီသို့ သွားရောက်ကြကာ မိမိတို့ယူဆောင်လာသော ထမင်း၊ ဟင်းချိုင့်ကလေးများကို ဖွင့်လှစ်ကြပြီး ပန်းကန်များ၊ ဇလုံများထဲတွင် ထမင်းများ ထည့်ကြ၏။ ဟင်းများ ထည့်ကြ၏။

ပြီးသော် မိမိတို့၏ သက်ဆိုင်ရာ သေဆုံးသူ၏ အမည်ကိုတ,ကာ စားပါ သောက်ပါဟု ပြောကြ ဆိုကြ၏။

ကျွန်ုပ်နှင့်သရုပ်ဆောင်ဖော်ကြီးတို့မှာ လွန်စွာ အံ့သြကြကုန်တော့၏။

သချိုင်းကြီးတစ်ခုလုံးမှာ လူအများ တရုန်းရုန်း သွားလာလှုပ်ရှားနေကြလေ၏။ အကာလညအချိန်ဖြစ်သော်လည်း ဆူညံသောအသံတို့ လုံးဝ မရှိပါချေ။ တိတ်ဆိတ်နေလေ၏။

တချို့သော အုတ်ဂူတို့ထံမှ တအစ်အစ်သော၊ ငိုရှိုက်သော တဟင့်ဟင့်သော အမျိုးသမီးတို့၏ ကြိတ်ရှိုက်သံတို့ကို ကြားနေရလေတော့၏။ လူကြမ်းသရုပ်ဆောင် ဖော်ကြီးနှင့် ကျွန်ုပ်စာရေးသူတို့ နှစ်ယောက်လုံး ကြားနေရသလို မင်းသား ဟိန်းကြယ်စင်မှာလည်း ကျွန်ုပ်တို့ ကြားနေနေသလို သူကိုယ်တိုင်လည်း ကြားပြီး ချောက်ချားတုန်လှုပ်နေပုံဖြစ်သည်။

"အဖေကြီး သားပြန်တော့မယ်"

ဟိန်းကြယ်စင်မှာ ကျွန်ုပ်စာရေးသူနှင့်သရုပ်ဆောင်ဖော်ကြီးတို့နှစ်ယောက်လုံးအား အဖေကြီးဟု ရှိသေလေးစား ခေါ်၏။ ထိုအချိန်တွင် ဟိန်းကြယ်စင်၏ တပည့် စည်သူရောက်လာပြီး သူ၏ဆရာ ဟိန်းကြယ်စင်ကို ခေါ်သွားလေ၏။

ကျွန်ုပ် စာရေးသူနှင့် သရုပ်ဆောင်ဖော်ကြီးတို့နှစ်ယောက်သား တစ်အုတ်ဂူမှ တစ်အုတ်ဂူ ကူးပြောင်းကာ လိုက်လံ ကြည့်ရှုကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com

အချိန်သည်လည်း ညဉ့်ဆယ့်တစ်နာရီနီးပါးရှိနေလေ၍လမ်းတစ်လျှောက်ထွန်းညှိထားသော ဆီမီးတိုင်အချို့သာ မလင်းတချို့လင်းတချို့ရှိ၏။

အုတ်ဂူများသို့ အာဟာရလာကျွေးကြသော လူများတို့မှာလည်း လွန်စွာကျဲပါးသွား၏။

အဆုံးတွင် သချိုင်းဝတွင် ဖွင့်လှစ်ထားသော ကာရာအိုကေဆိုင်ကြီးဆီမှ သီချင်းသံများသာ သချိုင်းအတွင်း ဝဲပျံ့ရောက်လာ၏။

ထိုအချိန်တွင်သချိုင်းတွင်းထွန်းညှိထားသော ဆီမီးတိုင်ကြီးအားလုံးတို့မှာ တစ်တိုင်မျှ မကျန်စတမ်း ငြိမ်းသေသွားကြကုန်၏။ သချိုင်းအတွင်း မှောင်မည်းမြိုင်အတိ ပြီးသွားလေ၏။

ညဆယ်နာရီ၊ ဆယ့်တစ်နာရီအချိန်ထိသာ လူများ များပန်းခပ် ရှုပ်ထွေးနေသော်လည်း ယခုအချိန်တွင် လူတို့ မရှိသလောက် ဖြစ်၍ သွား၏။

အချိန်မှာ ညဉ့်ဦးယံကိုကျော်လွန်၍ ညဉ့်လယ်ယံ တစ်နာရီ၊ နှစ်နာရီခန့်ပင် ရှိနေလေ၏။

သချိုင်းတွင်းမှာလည်း လွန်စွာတိတ်ဆိတ်ငြိမ်သက်သွား၏။ ကနစိုကန်းရွာထိပ်ရှိ ခရစ်ယာန်ကျောင်းကြီးမှာလည်း တစ္ဆေကြီးတစ်ကောင် ငုတ်တုတ်ထိုင်နေသည့်အလား ထီးထီးကြီး ရှိနေလေ၏။

အရာအားလုံးကုန်သော သက်ရှိသက်မဲ့တို့ လုံးဝလှုပ်ရှားမှု မရှိသော အချိန်သာ ဖြစ်ပေတော့၏။

ထိုအချိန်မှာပင် ကနစိုကုန်းသချိုင်း အုတ်ဂူတို့ပေါ်တွင် မည်းမည်းမျှရေးရေး ထင်သော အရိပ်အချို့သည် ကုန်းကုန်းကုန်းကုန်းဖြင့် လှုပ်ရှားနေသည်ကို ဇော်ကြီးနှင့် ကျွန်ုပ်စာရေးသူတို့ နှစ်ယောက် တွေ့လိုက်ရချေတော့၏။

ကျွန်ုပ်နှင့် ဇော်ကြီးတို့နှစ်ယောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။

သတ္တိရှိလှပါသည့် ဇော်ကြီးပင် ကျွန်ုပ်မျက်နှာကို တုန်တုန်ယင်ယင် ကြည့်နေလေ၏။

ကျွန်ုပ်မှာ သတ္တိအနေနှင့် ထူးခြားစွာ မရှိလှသော်လည်း ယခုကဲ့သို့ ပရလောကသားများလား၊ တစ္ဆေများလား မသိနိုင်သည့် မည်းမည်းကောင်ကြီးများကို သွားရောက်ကြည့်ရှုလိုလှ၏။

ကျွန်ုပ်မှာ သရဏဂုံသုံးပါးကို သုံးခေါက်တိတိ ရွတ်ဆိုပွားများ၏။ ပြီးသော် ဘုရားဂုဏ်တော်ကိုးပါးကို ထပ်မံ၍ သုံးခေါက်တိတိ ရွတ်ဆိုကာ ကနစိုကုန်း သချိုင်းတွင်းသို့ လှမ်းဝင်လိုက်တော့၏။

လှမ်းဝင်ခါနီး ကျွန်ုပ်ဘေးဆွေ ဇော်ကြီးရှိရာ အုတ်ဂူဘက်ကို လှည့်ကြည့်


www.burmeseclassic.com

www.burmeseclassic.com

လိုက်လေရာ ဇော်ကြီးမှာ သူရပ်နေရာ အုတ်ဂူဘက်တွင် ရှိမနေတော့ပါချေ။

ကျွန်ပ်စာရေးသူမှာသာ တစ်ယောက်တည်း ဂုဏ်တော်များကို ရွတ်ဆိုရင်း ရှေ့တူရှုသို့ လှမ်းဝင်လိုက်တော့၏။

ပထမဆုံး တွေ့လိုက်ရသော အုတ်ဂူဖွေးဖွေးကြီးပေါ်တွင် ငုတ်တုတ်ကြီး ထိုင်ကာကျွန်ပ်လှမ်းဝင်လာရာ သချိုင်းအလယ် လမ်းကလေးဘက်သို့ အစွယ်ကြီးအဖွေးသားဖြင့်သရဲကြီးတစ်ကောင်မှာ လှည့်ကြည့်နေသည်ကို တွေ့လိုက်ရချေတော့၏။

ပါးစပ်တွင်းမှာလည်း စားလက်စကြွက်သားတုံးကြီးတစ်တုံးကို ကိုက်လျက် တွေ့လိုက်ရ၏။

ကျွန်ပ်မှာ သရဏဂုဏ်သုံးပါးနှင့် ဂုဏ်တော်ကိုးပါးကို ရွတ်ပွားမှု မပျက်စေဘဲ ငုတ်တုတ်ထိုင်ရင်း ကြက်ပေါင်တိုက်နေသော သရဲကြီးအား ကြည့်ရင်း ရှေ့ဆက် လှမ်းလိုက်ချေ၏။

နောက်အုတ်ဂူဖွေးဖွေးကြီးတစ်ခုပေါ်တွင်တော့မှု ဆံပင်ရှည်ကြီးများ ဖားလျားချကာ ပါးစပ်တွင်း၌ ထမင်းဟင်းပလုတ်ပလောင်းများနှင့် အရိုးကြီးတစ်ချောင်းကိုက်ဝါးစားသောက်နေသော အဘွားကြီးတစ်ယောက်ကို တွေ့လိုက်ရတော့၏။

အဘွားကြီးပါးစပ်တွင်းမှ အဖွေးသားပေါ်နေသောအစွယ်ကြီးနှစ်ချောင်းကမှုမဖုံးနိုင်မကွယ်နိုင်ထွက်ပေါ်နေလေ၏။

သရဲမကြီးပင် ဖြစ်နိုင်ပေတော့၏။ သရဲမကြီးမှာ ကျွန်ပ်ကို မျက်လုံးကြီးနှစ်လုံးပြူးကာ ငဲ့စောင်းကြည့်လိုက်၏။

ကျွန်ပ်မှာ သရဲမကြီး၏ ဝိုင်းစက်ပြူးကျယ်နေသော မျက်လုံးကြီးနှစ်လုံးနှင့် ရင်ဆိုင်အားပြိုင် ကြည့်လိုက်လေ၏။

ဘုရားဂုဏ်တော်များ ရွတ်ဆိုပွားများအားထုတ်ထားသော ကျွန်ပ်စာရေးသူ၏မျက်လုံးနှင့် သရဲမကြီး မျက်လုံးတို့ရင်ဆိုင်လိုက်မိချိန်တွင် မီးများပွင့်သွားလေသလားဟုပင်ကျွန်ပ်စာရေးသူတွေးထင်လိုက်မိ၏။

သို့သော် သရဲမကြီးမှာ သူ့ဦးခေါင်းကြီးအား ကျွန်ပ်အား ကြည့်နေဆဲမှာပင် ငုံ့ချသွားလေ၏။

ကျွန်ပ်မှာတစ်ချက်မျှပြုံးကာကြည့်ရင်း ရှေ့ဆက်လှမ်းလိုက်လေ၏။

ခြေတစ်လှမ်းလှမ်းလိုက်တိုင်းလည်း ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တို့ကို ရွတ်ဆို ပွားနေလေ၏။

ဤတွင် ကနစိုကုန်းသချိုင်းကြီး အစမှ အဆုံးဟုဆိုရနိုင်သော ဝါးဘိ



www.burmeseclassic.com

www.burmeseclassic.com

ကြီးများ ဟည်းဟည်းထပေါက်နေ
ည့် သချိုင်းအစပ်သို့ ရောက်လာလေ
တော့၏။

ဤသို့ ဝါးဘိုးဝါးပင်ကြီးများ၏
သယ်အုတ်ဂူဖြူဖြူကြီးတစ်လုံးတည်း
ပေါ်မှ လွန်စွာဖြူဖြူဖွေးသော အဝတ်
များဝတ်ဆင်ထားသော အဘိုးအို
ယောက်သည် ကျွန်ုပ်အား ထိုင်၍
တာ ကြည့်နေလေ၏။

အုတ်ဂူဖြူဖြူနှင့် အဘိုးအိုဖြူဖြူမှာ
ခြားနေလေ၏။

"ငါ့မြေး - ဘယ် သွားမလို့လဲ
ည့်"

အဘိုးဖြူမှာ ကျွန်ုပ်အား ထူးထူး
ခြားစကားစတင်ပြော၏။

"ကျွန်တော် ဒီရွာရဲ့သချိုင်းပွဲကို
သွားလို့ လိုက်ကြည့်တာပါခင်ဗျာ"

ဘိုးတော်ဖြူမှာ ကျွန်ုပ်အားပြုံးကာ
ည့်ရင်း...

"အန္တရာယ်များလှပါတယ်ကွယ်၊
ချိုင်းက တစ္ဆေ၊ သရဲတွေ အစားစား
ကြတာ မကုန်ခင် ငါ့မြေး ခပ်မြန်မြန်
ချိုင်းပရဝုဏ်အတွင်းက ပြေးပေ
တော့ကွယ်"

ကျွန်ုပ်မှာမကြောက်ပါဘူးဟုကိုယ့်
ကိုယ်ဘုရားဂုဏ်တော်၊တရားဂုဏ်
တော်၊ သံဃဂုဏ်တော်အားကိုးဖြင့်
သချိုင်းတွင်းဝင်ရောက်လာသော်လည်း
နဂိုဗီဇဓာတ်ခံကြောက်စိတ်ကမူ မှန်စွာ
ပြောရလျှင် ကြောက်၏ဟုပင် ဖြေရပေ
မည်ဖြစ်၏။

ထို့ကြောင့် အုတ်ဂူဖြူဖြူအပေါ်မှ
ဘိုးတော်ဖြူဖြူအဘိုးအိုအားပြုံး၍ပြရင်း
သွားပါမည်ဟု ပြောကာ လာလမ်း
အတိုင်း ခပ်မြန်မြန် ဆုတ်မိလေ၏။

မဆုတ်ခွာမီ အချိန်လေးအတွင်း
ကျွန်ုပ် စာရေးသူအား သတိပေးစကား
ပြောကြားခဲ့သော်ဝတ်စုံဖြူနှင့်အဘိုးအို
အား ပြုံး၍ပြလိုက်သည်၊ အဘိုးအို၏
ပါးစပ်အတွင်းမှ အစွယ်ဖြူဖြူဖွေးဖွေး
ကြီးနှစ်ချောင်းပြူးပြူးကြီး ထွက်ပေါ်နေ
လေတော့၏။

ကျွန်ုပ် စာရေးသူမှာ ငယ်ရွယ်စဉ်
ကလေးဘဝက ရုပ်ရှင်များတွင် ကြည့်ရှု
ခဲ့ရသော သွေးစုတ်ဖုတ်ကောင်ကြီးနှင့်
လွန်စွာ တူလွန်းလှပေစွဟု စိတ်တွင်းမှ
တွေးထင်မိပြီး ကနစိုကုန်းရွာ သချိုင်းပွဲ
အတွင်းမှ ခပ်သွက်သွက်လေး ခြေကုန်
သုတ် ပြေးထွက်ခဲ့လေတော့၏။

မှတ်ချက်။ ။အဖြစ်မှန်တစ်ခုအား
ရေးဖွဲ့ထားခြင်းဖြစ်ပါသည်၊

နန္ဒဝင်းကျော်ခေါင် (ရွှေကျီးလူ ပြည်)

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ရွာတွေဆိုတာက လျှပ်စစ်မီးရှိတာ မဟုတ်ဘူးလေဗျာ။ မိုးချုပ်ရင် မှောင်ရောဗျ။ မှောင်လည်းမှောင်ရော ပြူးတူးတူး ကြောင်တောင်တောင် မျက်လုံးတွေနဲ့ ဝိုင်းထဲမှာ လှစ်ခနဲ လှစ်ခနဲ ပြေးနေတဲ့ မြေကြွက်တွေ ထွက်လာပါရော လားဗျာ။ အစက ကျုပ်တို့အိမ်မှာ ရွှေဝါဆိုတဲ့ ကြောင်ဝါကြီးတစ်ကောင်ရှိတာ နည်းတဲ့အကောင်ကြီးမဟုတ်ပါဘူးဗျာ။ ပြီးတော့ – ရွှေဝါက ကြောင်သင်းကြီး ကြောင်သင်းဆိုတာ သင်းထားတဲ့ ကြောင်ကို ပြောတာ။ ကြောင်ထီးကြီးတွေကို သင်းလိုက်ရင် လွှတ်ဝတာဗျို့။ ထွားလည်း တအားထွားတာ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တချို့ကတော့ကိုယ့်ကျောင်းကိုကြီး
စေချင်၊ ထွားစေချင်လို့ သင်းကြတာဗျ။
တချို့ကျတော့လည်း သနားလို့ မသင်း
ကြဘူးပေါ့ဗျာ။ ပြီးတော့ ကျုပ်တို့ ရွှေဝါ
ကြီးကို တစ်နှစ်တစ်ခါ ကွမ်းသီးစိမ်းနဲ့
ထန်းလျက်နဲ့ထောင်းပြီးကျွေးကျွေးထား
တာဗျ။ အဲဒါကြောင့်သံ ချဆေးလေ၊
အလုံးလေးလုံးပြီး နှစ်လုံးလောက်လည်
ချောင်းထဲရောက်အောင် ထိုးထည့်ပေး
ရတာပေါ့ဗျ။ အများကြီးတော့ မကျွေးရ
ဘူးဗျ။ လက်သန်းဖျားလောက် အလုံး
လေးပေါ့ဗျာ။ ကြောင်အားကြီး ဝတာဗျို့။

ဒီကောင် ရွှေဝါကြီးရှိတုန်းကတော့
ဝိုင်းထဲကို ဘာကြွက်မှ မလာဝံ့ဘူးဗျ။ ရွှေ
ဝါသေသွားပြီး တော်တော်ကြာတော့မှ
ကြွက်တွေ ရောက်လာကြတာပေါ့ဗျာ။
ဝိုင်းထဲမှာ တွေ့သမျှ ကြွက်တွင်းတွေကို
ကျုပ်လည်း ပိတ်ဆို့ပစ်တာပါပဲ။ ဒါလည်း
မရဘူးဗျ။ ကြွက်ဆိုတဲ့ အကောင်က
လည်း ဉာဏ်အပြေးသားဗျ။ ဒီတွင်းကို
ပိတ်ထားရင် တခြားနေရာမှာ နောက်
တစ်တွင်း ချက်ချင်းထပ်တူးတဲ့ ကောင်
မျိုးဗျ။

နောက်ဆုံး ကိုယ့်ဝိုင်းထဲမှာ ကြွက်
တွင်းမရှိအောင် လုပ်ထားလည်း တခြား
ဝိုင်းက ကြွက်တွေ ရောက်လာတာပဲဗျ။

အဘရဲ့နှမ်းအိတ်တွေ၊ ပဲအိတ်တွေ
ကို ဖောက်ပြီးစားတာဗျ။ ကျုပ်တို့အညာ
ကြွက်ကြီးတွေဆိုတာ နှမ်းတွေ၊ ပဲတွေ
စားပြီးအဆီတွေတက်နေသလားမပြော
တတ်ပါဘူးဗျ။ ဝဝလုံးလုံးကောင်ကြီး
တွေဗျ။

ကြောင်နက်တစ်ကောင်မွေးဖို့ကျ
တော့လည်း ကျုပ်က တော်တော်စိတ်
ကုန်သွားပြီဗျ။

ဘာဖြစ်လို့တုံးဆိုတော့ ရွှေဝါ
ရှိတုန်းကလည်း ကျုပ်တော်တော်
သံယောဇဉ် ဖြစ်မိတာဗျ။ ရွှေဝါဆိုတဲ့
ကောင်ကလည်း လွတ်လိမ္မာတာဗျာ။
လူနဲ့ အားကြီး နီးစပ်တဲ့ကောင်ပါဗျာ။

အိမ်မှာကျုပ်ရှိလို့ကတော့ကျုပ်နား
ကကို မခွာဘဲ ကပ်နေတော့တာဗျို့။

ဒီကောင်သေတော့ ကျုပ်မှာ စိတ်
ဆင်းရဲလိုက်ရတာဗျာ မပြောနဲ့တော့။
အဲဒီကတည်းက ကြောင်မွေးဖို့ ကျုပ်
စိတ်မကူးရဲတော့တာဗျ။

※

ကျုပ် ကြောင်ထပ်မွေးဖြစ်မှန်းသိ
တော့ အဘက မြို့ကနေကြွက်ထောင်



www.burmeseclassic.com

www.burmeseclassic.com

ချောက်ဝယ်လာတယ်ဗျ။ ခင်ဗျားတို့
ည်း မြင်ဖူးမှာပါ။ သစ်သားပုံးကလေး
ဗျာ။ အပေါ်မှာ သံချောင်းလေးတွေ
ထားတာ။ တံခါးက စပရိမ်တပ်ထားတဲ့
သားတံခါးပေါ့ဗျာ။ အထဲက သံ
တ်ကလေးမှာ အစာချိတ်ထားပြီး
ဒီသံကောက်နဲ့ပဲ သစ်သားတံခါးကို
ထားရတာဗျ။

ကြွက်က သစ်သားပုံးကလေးထဲကို
ပြီး အစာကို ဆွဲလိုက်တာနဲ့ တံခါးကို
ထားတဲ့သံချောင်းကောက်ကောက်
လေးက လွှပ်သွားပြီး "ဖြောင်း" ခနဲနေ
င်တံခါးက ပိတ်သွားတာဗျ။ ကြွက်
ပေါ့ဗျာ။

ကြွက်ထောင်တာများတော့ တာ
ဆိုတဲ့ကောင်က လွှတ်ကျွမ်းတာဗျ။
ထောင်ချောက်သုံးပုံးဝယ်ထား
တစ်ညကို ကြွက်သုံးကောင်တော့
ချောက်မိတာပေါ့ဗျာ။

ထောင်ချောက်မိတဲ့ ကြွက်တွေကို
မြင်ထုတ် ယူသွားပြီး လွှတ်ရတဲ့
တလည်း ကျုပ်အတွက် တစ်ခုပေါ့
ဗျာ

ဒီလိုမဲ့ဆက်တိုက်ထောင်လိုက်ရင်
တွေ ပျောက်သွားရောဗျ။ ဒီတော့
ကြောင်မမွေးတော့ဘဲ ထောင်ချောက်
ထောင်တဲ့နည်းကိုပဲ ကျုပ် သုံးနေတော့
တာဗျ။

ရွာပြင်ထွက်ကြွက်တွေလွှတ်ပြီးရင်
ကြွက်ထောင်ချောက်တွေကို အိမ်
နောက် ဘက်က စတိုခန်းထဲမှာ အမြဲ
သိမ်းရတယ်။ ယခုလည်း ကျုပ် ကြွက်
ထောင်ချောက်တွေ သိမ်းနေတုန်းမှာ…

"တာတေရေ - တာတေ"

ဟင် - အစောကြီး ဘယ်သူများခေါ်
နေပါလိမ့်ဆိုပြီး ကျုပ်စတိုရုံထဲက ထွက်
လာတယ်။ ဝိုင်းဝမှာ မတ်တတ်ကြီးရပ်
ပြီး ကျုပ်ကို ခေါ်နေတာ ကိုလိပ်ပုဗျ။

ကိုလိပ်ပုက ဘန့်ပွေးကုန်းကလေ
ဗျာ။ ဒါကြောင့် သူ့ကို လိပ်ပုလို့ ခေါ်ကြ
တာ။ ကိုလိပ်ပုရဲ့နာမည်က ကိုတင်မောင်
လေဗျာ။ ဘန့်ပွေးကုန်းမှာ တင်မောင်
နှစ်ယောက်ရှိတော့ သူ့ကို လိပ်ပု တင်
မောင်လို့ခေါ်တယ်။ ဟိုတင်မောင်ကို
ရွှေမန်းတင်မောင်လို့ခေါ်တယ်ဗျ။ ဘာ
ဖြစ်လို့တုံးဆိုတော့ ရွှေမန်းတင်မောင်တ
ရွာမှာ ရှင်လောင်းလှည့်တာတို့၊ ဘုရား
လှည့်တာတို့ဆိုရင် မင်းသားဝင်ခန့်
ကတာဗျို့။ ဒါကြောင့်မို့ သူ့ကိုဘန့်ပွေး
ကုန်းသားတွေက ရွှေမန်းတင်မောင်လို့

www.burmeseclassic.com

www.burmeseclassic.com

"အေး–ငါတို့လည်း မင်းတွေးသလိုပဲ တွေးတာပဲ တာတေ။ အဲဒါနဲ့ တစ်လပြည့်တော့ ဆွမ်းတစ်ခါသွတ်တယ်။ အခု နောက်တစ်လပြည့်တော့ တစ်ခါ ဆွမ်းသွတ်ပြန်တယ်။ ဒါလည်း ခြောက်တုန်းပဲကွ။ ငါတို့ စိတ်ထင် တော့ ဘထွေးထွန်းကြည် မဟုတ်လောက်ဘူး ထင်တယ်။ တခြားက အမှောင့်ပယောဂများလားလို့ကွ ...



ခေါ်ကြတာဗျို့၊ ကျုပ်တို့အညာသားတွေ တ နာမည်ပေးတာလည်း ခပ်ကောင်း ကောင်းဗျ၊

ယခုကျုပ်တို့ဝိုင်းဝမှာရပ်နေတာက အရပ်ငါးပေ မပြည့်တဲ့ လိပ်ပုတင်မောင် လေဗျာ၊ ကျုပ်ထက်တော့ အသက်ကြီး ကြတာပေါ့ဗျာ၊

"ဟာ–ကိုလိပ်ပုလာလေ၊ ဝိုင်းဝမှာ မတ်တတ်ကြီးရပ်လို့၊ ကျုပ်တို့အိမ်လာ တာပဲ၊ ညှိသည်လို လုပ်နေသေးရော့ ဗျာ"

"ဟာ–မဟုတ်ပါဘူးကွ၊ တာ
မင်း ယာထဲများ ဆင်းသွားပြီလားလို့
မင်း ယာထဲဆင်းရင်လည်း ငါက ယာ
အထိ လိုက်ရမှာပေါ့"

ဝါးဖတ်ခမောက်ကလေးတစ်
ဆောင်းပြီး ကွတကွတနဲ့ ကျုပ်
တန်းလျှောက်လာတဲ့ ကိုလိပ်ပုက
သဗျ၊

"လာဗျာ–ကိုလိပ်ပု အိမ်ပေါ်တက်

www.burmeseclassic.com

ကျုပ်က ကိုလိပ်ပုကို အိမ်ပေါ်ခေါ်ပြီး တ်ခဲ့တယ်၊ အိမ်ရှေ့ကတန်းလျားလေး ကိုလိပ်ပုကပင်တိုင်ပင်၊ အရပ်ပုတော့ န်းလျားမှာထိုင်တာတောင် ခြေ ောက်ကလေးက အောက်ကိုမထိဘူး ွတ်နေတယ်။

ကျုပ်က ကိုလိပ်ပုကို ရေနွေးကြမ်း ပေးတယ်၊ ပြီးတော့ နဂါးဆေးပေါ့လိပ် လေး မီးညှိပြီး ကမ်းပေးလိုက်တယ်။

ကိုလိပ်ပုက နဂါးဆေးပေါ့လိပ်ကို စ်ဖွာနှစ်ဖွာ ဖွာလိုက်ပြီးတော့ ပြော ယ်ဗျ။

"တာတေတို့ကတော့ကွာ နဂါးမှ ပဲ၊ တခြား ဘာမှမသောက်ဘူးလား"

"တာ - ကျုပ်က တခြားဟာတွေ သောက်ဘူးဗျ၊ နဂါးပဲ ကြိုက်တာ"

"ဟား - ဟား - ဟား - ဟား - အေး တော့လည်း ဟုတ်သားကွ၊ ဆေး ဆိုတော့လည်း ပြောင်းသောက်လို့ ျိုး မဟုတ်ဘူးကွ၊ နေပါဦး - ဘိုး တို့၊ အရီးတို့ရော မမြင်ပါလား"

"ဒီနေ့ ယာထဲမှာ ပေါင်းခံလိုက်ကြ ို့ဗျ၊ ခင်ပျားတို့ရွာကရော၊ မီးလောင် တရော တစ်အုပ်ကြီးလာပြီး ပေါင်း တ်ကြမှာ၊ အဘရော၊ အမေရော ယာ ထဲဆင်းသွားကြပြီ၊ ကျုပ်ကို အိမ်စောင့် နေခဲ့ဆိုပြီး ထားခဲ့ကြတာဗျ"

"ဟေ - ဟုတ်လား၊ တယ်လည်း ဟန်ကျပါလား - တာတေရ"

ကိုလိပ်ပုက ကျုပ်ငှဲ့ပေးထားသော ရေနွေးကြမ်းပန်းကန်ကို ဖူးခနဲဖူးခနဲ မှုတ်ပြီး သောက်လိုက်တယ်။

"ကိုလိပ်ပု စောစောစီးစီး ကျုပ်ဆီ ရောက်လာတာ ကိစ္စရှိလို့လားဗျ"

"ကိစ္စရှိလိုက်တာမှ တာတေရာ၊ ငါ့သာ ကြည့်ပေတော့ကွာ"

"ဟင် - ကိုလိပ်ပုက ဘာဖြစ်နေလို့ တုံး"

"ဟေ - ငါ့မျက်တွင်းတွေ ဟောက် ပက်ဖြစ်နေတာလေကွာ တာတေရာ၊ ညဘက် ကောင်းကောင်းမအိပ်ရတာ ကြာပြီကွ"

"ဟင်... ဟုတ်လား၊ ညဘက် အိပ် မပျော်လို့လား၊ ဆရာလေး ဘာလေး ပြကြည့်ပါ၊ အိပ်ဆေးပျက်တာကြာရင် သိပ်မကောင်းဘူးဗျ"

"ဟာ - အိပ်မပျော်တာ မဟုတ်ဘူး ကွ၊ မအိပ်ရတာကွ၊ မအိပ်ရတာ"

"ဗျာ - ဘာလို့ မအိပ်ရတာတုံး ကိုလိပ်ပုရဲ့"

www.burmeseclassic.com

www.burmeseclassic.com

"သရဲကြောင့်ပေါ့၊ သရဲ-သရဲ၊ သရဲက တစ်ညလုံးခြောက်နေတော့၊ မအိပ်ရတာကွ-တာတေရ"

"ဗျာ-သရဲဟုတ်လား၊ သရဲကလည်း ဒီလောက်တောင် ခြောက်နေလို့လားဗျ"

"ခြောက်လိုက်သမျှ မိုးချုပ်ကနေမိုးလင်းအထိကို ခြောက်တာဟေ့"

"နေပါဦး-ကိုလိပ်ပုက ဘယ်ကသရဲက ဒီလောက်ခြောက်နေတာတုံးဗျ"

"ငါ့အရီးလေးရဲ့ယောက်ျားဘထွေးထွန်းကြည်-ဆုံးသွားတာနှစ်လရှိပြီလေကွာ၊ အခုခြောက်တာ ငါတို့ဝိုင်းနဲ့ကပ်လျက်က အရီးလေးတို့ ဝိုင်းမှာကွ"

"ဟာ-ဟုတ်လား ကိုလိပ်ပုရဲ့၊ ဘထွေးထွန်းကြည်များ မကျွတ်မလွတ်လို့ အလှူအတန်းလုပ်ပေးဖို့ သတိပေးနေတာလားမှ မသိတာ"

"အေး-ငါတို့လည်းမင်းတွေးသလိုပဲ တွေးတာပဲတာတေ၊ အဲဒါနဲ့ တစ်လပြည့်တော့ဆွမ်းတစ်ခါသွတ်တယ်၊ အခုနောက်တစ်လပြည့်တော့ တစ်ခါ ဆွမ်းသွတ်ပြန်တယ်၊ ဒါလည်းခြောက်တုန်းပဲကွ၊ ငါတို့စိတ်ထင်တော့ ဘထွေးထွန်းကြည် မဟုတ်လောက်ဘူးထင်တယ်[illegible] တခြားကအခမောင့်ပယောဂများလား[illegible] ကွ"

"အင်း-ဖြစ်တော့ဖြစ်နိုင်တယ်[illegible] ကိုလိပ်ပုရဲ့၊ ကျုပ် နည်းနည်းပါး[illegible] သတင်းကြားဖူးတယ်၊ ဘထွေးကြည်[illegible] လည်း ဆရာတွေနဲ့ပေါင်းပြီး သူကိုယ်[illegible] တိုင်လည်း ဆရာယောင်ယောင်ဆို[illegible] အင်းတွေ၊ အိုင်တွေလည်းလုပ်တယ်ဆို[illegible] ကိုလိပ်ပုကတော့ ပိုသိမှာပေါ့"

"အေး-အဲဒါကြောင့် မင်းကို လာ[illegible] ပြီး တိုင်ပင်တာပေါ့ကွ၊ ငါ့အရီးလေး[illegible] ယောက်ျားကလည်း လူစုံ၊ ယောင်[illegible] ခြောက်ဆယ်ကွ၊ အင်းရော၊ ဆေးရော[illegible] အင်္ဂုရတ်ရောစုံနေတဲ့လူကွ၊ အဲဒါကြောင့်[illegible] သူလုပ်ခဲ့တဲ့ အင်းတွေအိုင်တွေက အစ်[illegible] စောင့်တွေ၊ ဆေးစောင့်တွေများ သောင်း[illegible] ကျန်းနေလားလို့ကွ တာတေရ"

"အင်း-ဒါလည်း ဟုတ်တာပဲ[illegible] ဒါနဲ့-နေပါဦး ကိုလိပ်ပုရဲ့၊ သရဲက ဘယ်[illegible] လိုခြောက်လို့တုံး"

"ဟာ-ညစနေနာရီလောက်၊ ကိုး[illegible] လောက်ဆိုရင် ဖာတ်လမ်း[illegible]စတော့[illegible] တာပဲပေါ့၊ ခြေသံတရှပ်ရှပ်နဲ့ အိမ်ထဲမှာ[illegible] လျှောက်သွားပြီး [illegible]ရှေ့ရောက်သွား[illegible]

www.burmeseclassic.com

www.burmeseclassic.com

ကိုတ်၊ အိမ်ဘေးဘက်တွေ ရောက်သွား ကိုတ်၊ အိမ်နောက်ဘက်တွေရောက်သွား ကိုတ်နဲ့ တစ်ချက်မှ မနားတော့ဘူးပော့။ တစ်ညလုံး လျှောက်နေတော့တာကွ"

"အင်း - အဲဒီလို လျှောက်သွားနေပြီတော့ ဘာတွေ လုပ်သေးတုံးဗျ"

"တံခါးတွေကို လိုက်တွန်းနေတာဘူး၊ တစ်ခါတလေဆိုရင် ပိတ်ထားတဲ့ပြတင်းပေါက်တံခါးကို "ဘုန်းဘုန်း" နဲ့ခေါက်နေသေးတာကွ၊ တစ်ခါတလေ နံရံတွေကိုလည်း လက်ဝါးနဲ့ ရိုက်ပြန်တယ်"

"ဘထွေး ထွန်းကြည်ရဲ့ အိမ်သားတွေရော တော်တော်ကြောက်နေကြသလားဗျ"

"ဟာ - တာတေရော ကြောက်ပါပြီသားကွာ၊ သရဲမကြောက်တဲ့သူဆိုတာ ဘယ်မှာရှိမှာတုံးကွာ၊ အခြောက်မခံရသေးလို့မကြောက်တာပါ၊ ငါ့အရီးလေးရော၊ သူတို့သားသမီးတွေရော ငါတို့အိမ် ရောက်နေတာ ကြာပြီလေကွာ၊ သူတို့အိမ်မှာ ဘယ်သူမှ မနေဘူး၊ ညဆိုရင် ငါနဲ့ ငါ့ညီ တင်အောင်ပဲ သွားပြီး အိပ်ရတာကွ"

"ဪ - ဒါကြောင့် ကိုလိပ်ပု အိပ်ရေးပျက်တာကိုး၊ တစ်ညလုံး လျှောက်နေတာပဲလားဗျ"

"ဟာ - လျှောက်လည်းလျှောက်နိုင်တဲ့ သရဲပါကွာ၊ တစ်ညလုံးတို လျှောက်နေတာပော့၊ ကြာတော့ ငါလည်း ရိုးနေပြီး အိပ်တော့တာပေါ့ကွာ၊ အိပ်လို့တော်တော်ပျော်နေပြီဆိုရင်သရဲက နံရံတွေ တဘုန်းဘုန်းနဲ့ပုတ်တော့ နိုးနိုး သွားတာပေါ့ကွာ"

"အင်း - တော်တော်ဆိုးနေတာပဲပေါ့ဗျာ၊ ဒီသတင်းကရွာထဲလည်းပြန့်နေရောပေါ့"

"ပြန့်နေတာပေါ့တာတေရာ၊ အဒီနေလေးတို့အိမ်ကို သရဲခြောက်တဲ့အိမ်ကြီးဆိုပြီး ဟိုလူကရပ်ကြည့်၊ ဒီလူကရပ်ကြည့်နဲ့ကွ၊ အချို့ကလည်း စကားတွေ ကားလာတာပေါ့ကွာ၊ ဘထွေးထွန်းကြည် အိမ်ခေါင်းမိုးပေါ်မှာ ဆောင့်ကြောင့်ကြီးထိုင်နေတာ တွေ့တယ်ခြောလို့ပြော၊ ဆံပင်ဖားလျားနဲ့ သရဲကြီးက အိမ်ခေါင်မိုးမှာ ဆောင့်ကြောင့်ကြီးထိုင်နေတာ တွေ့တယ်ဆိုလို့ဆို၊ ဆံပင်ဖားလျားနဲ့ သရဲကြီးက အိမ်ခေါင်မိုးပေါ်မှာ မတ်တတ်ကြီးရပ်နေသလိုပြောနဲ့ခြောပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com

"အင်း-လူတွေကတော့ ဒီအတိုင်း ပါပဲဗျာ"

"အဲဒါ ဘာလုပ်ရမှန်းမသိတော့လို့ မင်းဆီလာပြီးတိုင်ပင်တာကွတာတေရ၊ ဆရာခေါ်သင့်ရင်လည်း ခေါ်ရမှာပေါ့ကွာ၊ တကယ်လို့ ဆရာခေါ်ရမယ်ဆိုရင်လည်း မင်းပဲ သင့်တော်ရာ ရှာပေးပါလို့ ပြောချင်လို့ကွ"

"နေပါဦး ကိုလိပ်ပုရာ၊ အရီးလေးလည်း ပြောလိုက်ပါ၊ ကျုပ်လာပြီးကြည့်ပါဦးမယ်၊ ဒီည ကျုပ် လာခဲ့မှာပါ၊ ကြည့်ပြီးတော့မှ ဘာလုပ်ရမယ်ဆိုတာ ကျုပ်ပြောမှာပေါ့ဗျာ"

"ဟာ - ဝမ်းသာလိုက်တာ၊ မင်း ဒီည ဆက်ဆက်လာနော်၊ ငါရော၊ ခင်အောင်ရော စောင့်နေမယ်"

"စောင့်နေ - စောင့်နေ - ကျုပ်ဆက်ဆက်လာခဲ့မယ်"

※

ကျုပ်တို့ရွာနဲ့ ဘန့်ပွေးကုန်းက ဝေးတာမှ မဟုတ်တာဗျ၊ နာရီဝက်လောက်လျှောက်ရင် ရောက်တာပါ၊ ည (၈) နာရီလောက် ကျုပ်ရောက်သွားတော့ ကိုလိပ်ပုတို့ညီအစ်ကို ကျုပ်ကို စောင့်နေကြတာဗျ၊ ကျုပ်ကိုတွေ့တော့ သူတို့နှစ်ယောက်စလုံး ဝမ်းသာသွားကြတယ်၊

ကိုလိပ်ပုတို့အိမ်ကိုဝင်ပြီး ကိုလိပ်ပုတို့ မိဘတွေကို နှုတ်ဆက်ပြီး အရီးလေး မဖြူကို အားပေးစကားပြောရတာပေါ့ဗျာ၊

ည ကိုးနာရီထိုးတော့ ကိုလိပ်ပုညီ တင်အောင် အိမ်ပေါ်တက်လာတယ်ဗျ၊

"ကိုတာတေရေ - ဟိုဘက်အိမ်မှာ တော့ လုပ်ငန်းစနေပြီဗျို့"

"ဟေ - ဟုတ်လားကွ တင်အောင်ရ ကဲ - ဒါဆိုရင် သွားကြစို့ ကိုလိပ်ပုရေ"

ကျုပ် ရယ်၊ တင်အောင် ရယ်၊ ကိုလိပ်ပုရယ် အရီးလေးမဖြူတို့ ဝိုင်းထဲကို ဝင်လာခဲ့တယ်ဗျ၊ ကျုပ်က မိုးချုပ်မှ ဘန့်ပွေးကုန်းကို ရောက်လာတာဆိုတော့ ကျုပ်ရောက်နေတာကို ဘန့်ပွေးကုန်းက သူငယ်ချင်းတွေ သိပုံမပေါ်ဘူး၊ ကျုပ်ကလည်း တိုးတိုးတိတ်တိတ်ပဲ နေနေတာဗျ၊ ကျုပ်ရောက်နေမှန်းသိရင် ဘန့်ပွေးကုန်းကကောင်တွေကျုပ်ဆီကို အုပ်စုလိုက် ရောက်လာကြမှာဗျ၊



www.burmeseclassic.com

www.burmeseclassic.com

"'ဒီကောင်က ဆရာတွေနဲ့ပေါင်းပြီး သူ့အိမ်ကို သရဲတစ္ဆေမဝင်နိုင်အောင် ဆိုပြီးတော့ အိမ်ရဲ့ထောင့်လေးထောင့်မှာ အင်းတွေမြှုပ်ထားတာ။ အင်းတွေက အင်းကောင်းတွေဆိုတော့ အင်းစောင့်တွေက စောင့်နေတာလေ။ အခုတော့ ဒီကောင် သူ့အတတ်နဲ့ သူစူးတာပေါ့။ သူသေလို့ တစ္ဆေဖြစ်တော့ အိမ်ထဲကနေ အိမ်ပြင်ကို ထွက်လို့မရတော့ဘူးလေ။ အင်းစောင့်က သူစောင့်နေတဲ့စည်းကို အကျော်မခံဘူးလေ ...



[illegible]ဒိုရင် အရိုးလေးအိမ်က ကိစ္စကို တစ်[illegible]လုံး မောင်းခတ်လိုက်သလို ဖြစ်သွား[illegible]ပေါ့ဗျာ။

ကိုလိပ်ပုက အိမ်တံခါးက ဖွင့်လိုက်[illegible]တယ်။

"မီးထွန်းလိုက်ရမလား တာတေ"

"ထွန်းလေဗျာ။ ခါတိုင်းကိုလိပ်ပုတို့[illegible]အိပ်သလိုပဲနေလေ"

ကိုလိပ်ပုက မှန်အိမ်ကလေးတစ်လုံးကို မီးထွန်းလိုက်တယ်။ အိမ်ကြီးထဲမှာ မှိန်ပျပျအလင်းရောင်လေးဖြာထွက်သွားတယ်။

ကျုပ် ရယ်၊ တင် အောင် ရယ်၊ ကိုလိပ်ပုရယ်အိမ်ရှေ့ကတန်းလျားလေးမှာထိုင်ပြီး စကားမပြောဘဲ ငြိမ်နေကြတယ်။ ကျုပ်ကတော့ ရွာက ထွက်လာကတည်းက မျက်ကွင်းဆေး ထိုးလာခဲ့တာဗျ။

www.burmeseclassic.com

"ရှပ် - ရှပ် - ရှပ် - ရှပ်"

ဟော ခြေသံဗျ။ ပီပီပြင်ပြင်ကို ကြားနေရတာဗျို့။

"ကြားလား - တာတေ။ အိမ်ပေါ်ထပ်မှာ လျှောက်နေတဲ့ အသံ ကြားလား"

ကိုလိပ်ပုက လေသံတိုးတိုးလေးနဲ့ ကျုပ်ကို ပြောတာဗျ။

"ကြားတယ်၊ ကြားတယ်။ အိမ်ပေါ်ထပ်ကို တက်ကြည့်ကြမလား"

ကျုပ်တလည်း လေသံလေးနဲ့ပဲ ပြန်မေးလိုက်တယ်။

"ဟာ - မကြည့်နဲ့တာတေ၊ ခဏနေရင် အောက်ထပ်ကို ဆင်းလာမှာ ခဏစောင့်နေ"

"ဒုန်း - ဗုန်း - ဗုန်း"

ဟာ - ဟုတ်သားပဲဗျ။ အပေါ်ထပ်က ပြတင်းပေါက်တံခါးတွေကို တွန်းနေတာဗျ။ နံရံကိုလည်း တဘုန်းဘုန်းနဲ့ ထုနေတာဗျို့။

"ရှပ် - ရှပ် - ရှပ် - ရှပ်"

အိမ်ပေါ်ထပ်မှာ အနှံ့လျှောက်သွားနေတဲ့ ခြေသံဗျ။

"ဒုန်း - ဒုန်း"

"ဟော - ပြတင်းပေါက်တွေကို လိုက်တွန်းနေတာ ထင်တယ်ဗျို့"

"ရှပ် - ရှပ် - ရှပ် - ကျွီ - ကျွီ"

"ဟော - ဟော - လှေကားထစ်[illegible] ဆင်းလာတဲ့အသံဗျ"

"ကြားလား - တာတေ၊ လှေကား[illegible] က ဆင်းလာပြီ"

လှေကားကို စိုက်ကြည့်လို[illegible] တယ်။ ဟာ - ဟုတ်တယ်ဗျို့။ ဟုတ်တယ်[illegible] လှေကားကနေ ဆင်းလာတာဗျို့၊ အိမ်[illegible] ပေါ်ထပ်ကနေ အောက်ထပ်ကို ဆင်းလာ[illegible] တာဗျို့၊ ဟော - ဖြူဖြူကြီးဗျ၊ ဟော -[illegible] နောက်ဖေးမီးဖိုချောင်ကို ဝင်သွား[illegible] တယ်။

"ဒုန်း - ဒုန်း"

တံခါးတွေလိုက်ပြီး တွန်းကြည့်[illegible] တာဗျ၊ ဟာ - ဘထွေးထွန်းကြည်[illegible] လား၊ နောက်ဖေးမီးဖိုချောင်က ပြန်ထွက်[illegible] လာတော့မှ ကျုပ်က သေသေချာချာ[illegible] မြင်ရတာဗျ၊ ပထမတော့ ဖြူဖြူအရိ[illegible] တစ်ခုလို မြင်ရတာ၊ တဖြည်းဖြည်း[illegible] ပုံပေါ်လာတာ၊ ဘထွေးထွန်းကြည်ပဲ[illegible] ဟော - ပြတင်းပေါက်တွေကို လိုက်တွ[illegible] ကြည့်နေတာဗျ၊ ဘာလုပ်နေတုံး[illegible] ကျုပ်လည်း မသိဘူး။

ဘထွေးထွန်းကြည်သရဲ[illegible] တို့ကို တွေ့ပုံမရဘူး၊ ကျုပ်တို့ထိုင်နေ[illegible] အနားအထိ ရောက်လာသေးတယ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ချက်နာက တစ်ခုခုကို မကျေနပ်နေတဲ့ပုံဗျ၊ ပြီးတော့ တစ်ခုခုပျောက်လို့ ရှာနေတဲ့ပုံပဲ၊ အိမ်ထဲမှာ ဟိုကြည့် ဒီကြည့်နဲ့ လျှောက်လုပ်နေတာဗျ၊ လူတွေကိုခြောက်လှန့်တဲ့ပုံစံတော့မဟုတ်ဘူး၊ သူ့ဟာသူပဲကိစ္စတစ်ခုခု၊ အကြောင်းတစ်ခုခု ရှိနေတဲ့ပုံဗျ၊ ပြီးတော့ - ဒီအိမ်ကြီးထဲမှာ သူတစ်ယောက်တည်း ရှိနေသလိုကြီးပဲဗျ၊ လူတွေကိုလည်း သူ မြင်ပုံမပေါ်ဘူး၊ သူတစ်ယောက်တည်း ကိစ္စတစ်ခုခုကို လုပ်နေတဲ့သဘောဗျ၊

"ရှပ် - ရှပ် - ရှပ် - ရှပ် - ရှပ်"

ဘထွေးထွန်းကြည်သရဲက အိမ်နောက်ဖေးကို ဝင်သွားပြန်ပြီဗျ၊

"ကဲ ကိုလိပ်ပု - တံခါးတွေအကုန်လုံးလိုက်ဖွင့်ထားဗျာ"

ပြောပြောဆိုဆိုနဲ့ ကျုပ်တို့သုံးယောက် အိမ်ရှေ့တံခါးမကြီးရော၊ ဘေးပြတင်းပေါက်တွေရော အကုန်လုံးလိုက်ဖွင့်ထားလိုက်တယ်၊ ပြီးတော့မှ စောစောတ ကျုပ်တို့နေထိုင်တဲ့ တန်းလျားမှာပြန်ပြီး ထိုင်နေလိုက်တယ်၊

"ရှပ် - ရှပ် - ရှပ် - ရှပ်"

ဟော - ဘထွေးထွန်းကြည်သရဲက မီးထွက်လာပြန်ပြီဗျ၊ ကျုပ်တို့ ဖွင့်ထားတဲ့ ပြတင်းပေါက်တွေကို လိုက်တိုင်ကြည့်တယ်၊ ဟော - ဟော - အိမ်ရှေ့တံခါးပေါက်ကိုတန်းသွားနေပြီဗျို့ ဟော ထွက်တော့မယ်၊ ထွက်တော့မယ်၊ အပြင်ကို ထွက်ဖို့ ခြေလှမ်းပြင်နေပြီ၊ ဟော - ထွက်ပြီ - ထွက်ပြီ၊

"ဖုန်း - ဖုန်း"

ဟာ - ဘထွေးထွန်းကြည်သရဲကို တစ်ယောက်ယောက်က အိမ်ထဲကို ဆောင့်တွန်းပြီးပြန်သွင်းလိုက်တဲ့ပုံပဲဗျ၊ တော်တော်ဝေးဝေးကို လွင့်သွားတာ၊

ဟော - ပြန်ထွက်လာပြီ၊ သရဲပြန်ထလာပြီဗျို့၊ ဟာ - သွားပြန်ပြီ၊ အိမ်ရှေ့တံခါးကြီးဆီကို ပြန်သွားပြန်ပြီ၊ ဟော ဟော ခုနကလိုပဲ အပြင်ကို တိုးထွက်သွားတယ်၊

"ဖုန်း - ဖုန်း"

ဟာ - အပြင်က ဆောင့်တွန်းလိုက်တာဗျို့၊ ဘထွေးထွန်းကြည်သရဲ အိမ်ထဲကိုလွင့်ပြီး ဝင်လာတာဗျို့၊

ကိုလိပ်ပုနဲ့ တင်အောင်ကတော့ ဘာမှမမြင်ရတော့ အသံပဲ နားထောင်နေရတာပေါ့ဗျာ၊

ဟော - ဘထွေးသရဲ ပြန်ထလာပြီဗျို့၊


www.burmeseclassic.com

www.burmeseclassic.com

"ရှုပ်-ရှုပ်-ရှုပ်-ရှုပ်"

ဟော-ထလျှောက်သွားပြန်ပြီ။ ခြေသံကိုတော့ ကိုလိပ်ပုတို့ ကြားတယ်ဗျ။

ကိုလိပ်ပုတို့က ကျုပ် မျက်ကွင်း ဆေးကွင်းတာတို့၊ သရဲကို မြင်နေရတာတို့ ဘယ်သိမှာတုံးဗျာ။ ကျုပ်လည်း သူတို့လိုပဲ အသံလောက် ကြားတယ် ထင်နေကြတာဗျ။

ဟော-ဘထွေးထွန်းကြည်သရဲက ပြတင်းပေါက်တစ်ခုဆီကို လျှောက်သွားနေတာဗျို့။ ဟာ-သရဲက ပြတင်းပေါက်ကို ကျော်တက်နေတာဗျ။ ဒီပြတင်းပေါက်တနေ သူ့အပြင်ကို ခုန်ထွက်မယ်နဲ့တူတယ်ဗျ။

"ဒုန်း-ဒုန်း"

ဟာ-ဆောင့်တွန်းလိုက်ပြန်ပြီဗျို့။ အပြင်ကနေ တွန်းနေတာ ဘယ်လိုအင်အားစုမှန်းတော့ ကျုပ်မသိဘူးဗျ။ ဘထွေးသရဲကတော့ အိမ်ထဲကို ပြန်ပြီး လွင့်ကျလာတာဗျို့။

ကျုပ်တွေးကြည့်တယ်၊ ဒါဘာဖြစ်တာတုံးဆိုတာ၊ ဘထွေးသရဲက မသွားတော့ဘူးဗျ၊ တံခါးပေါက်တို့ ပြတင်းပေါက်တို့ကို မသွားတော့ဘူး၊ တိုင်ကို မှီပြီး ထိုင်နေပြီဗျို့၊ အိမ်ကြီးထဲမှာလည်း ဘာသံမှ မကြားရတော့ဘူးဗျ။

"ဘာတေ-သရဲဘယ်ရောက်သွားလဲမသိဘူးကွ။ ငြိမ်သွားပြီပေါ့"

ကျုပ်ကိုလိပ်ပုတို့ကိုအမှန်အတိုင်း မပြောရက်ပါဘူးဗျာ။

ဒါပေမဲ့ ဒီလူကိုတော့ ကျုပ် ချီးကျူးတယ်ဗျ။ ညတိုင်း ဒီအသံတွေ ကြားနေတာတောင်မှ ဒီအိမ်မှာ ဆက်အိပ်နေရဲတာ၊ မကြောက်တတ်လို့ ဖြစ်မှာပေါ့ဗျာ။

နောက်တစ်ခုက သရဲကလည်း သူတို့ကို မြင်ပုံမပေါ်ဘူးဗျ။ သူ့ကိစ္စ သူ လုပ်နေတာ ဘယ်သူ့ကိုမှ ခြောက်လှန့်နေတာ မဟုတ်ဘူးဗျ။

ကျုပ်တွေးမိတာ တစ်ခုရှိတယ်ဗျ။ ဘထွေးထွန်းကြည်သရဲဟာ အိမ်ပြင်ကို ထွက်ဖို့ပြင်နေတာဗျ။ အပြင်က တစ်ခုခုက ပြန်ပြီး တွန်းထည့်နေတာဗျ။

ဒီသရဲ ဘာဖြစ်လို့ ဒီအိမ်ထဲကနေ အပြင်ကို ထွက်လို့မရမှန်း ကျုပ် မတွေးတတ်ဘူး။ ကျုပ် ဘာလုပ်ရမလဲဆိုတာ တွေးကြည့်တယ်၊ နောက်ဆုံးတော့လည်းကျုပ်ကိုလိပ်ပုကိုဖွင့်ပြောရတော့တာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com

ကျုပ် ကိုလိပ်ပုနဲ့ တင်အောင်ကို
အပြင်ခေါ်ထုတ်လိုက်ပြီးမှပြော
တယ်။

"ကိုလိပ်ပု ကျုပ်ပြောမယ်။ သရဲက
ကြားတ မဟုတ်ဘူးဗျ။ ခင်ဗျားတို့
ဘထွေးထွန်းကြည်ပဲ"

"ဟော-ဟုတ်လား။ မင်းသိတယ်
ပေါ်လား-တာတေ"

"သိလို့ပြောတာပေါ့ကိုလိပ်ပုရာ"

"အင်း-ဒါကြောင့်လည်း မင်းနာ
ထဲ့က ကျော်ကြားနေတာပဲကိုး။ အေး
ထက်ပြောပါဦး-တာတေရ"

"ဘထွေးသရဲက တံခါးပေါက်တွေ၊
ပြတင်းပေါက်တွေကနေ အပြင်ထွက်ဖို့
ကြိုးစားနေတာဗျ။ ဒါပေမဲ့ -အပြင်က
တစ်ခုခုက သူ့ကိုအပြင်အထွက်မခံဘူး။
အောင့်တွန်းပြီး အိမ်ထဲကို ပြန်ပို့နေတာ
။ ဘထွေးသရဲက ပြတင်းပေါက်ကနေ
ထွက်ဖို့ ကြိုးစားတာတောင် ထွက်လို့
ရဘူးဗျ"

"ဟော-ဟုတ်လား။ ဒီအပြင်ကနေ
တွန်းထည့်နေတာ ဟုတ်လား"

"ဟုတ်တယ်ဗျ။ ဒီအပြင်မှာကျ
တော့လည်း ဘာမှမရှိပြန်ဘူးဗျ။ ကျုပ်
လည်း အဲဒါကို အခွေးရခက်နေတာ
ကိုလိပ်ပုရ"

ကျုပ်တို့ စကားပြောနေတုန်းမှာ
ဝိုင်းထဲကို လူတစ်ယောက် ရပ်ကြည့်နေ
တယ်ဗျ။ ကျုပ် သေသေချာချာကြည့်
လိုက်တော့ သူလည်း တစ္ဆေဗျ။ ဒါပေမဲ့
ဒီတစ္ဆေကပုဆိုးနဲ့မဟုတ်ဘူးဗျ။ဘောင်း
ဘီပွပွကြီးဝတ်ထားတာ။သူဝတ်ထားတဲ့
ဘောင်းဘီက ဝပ်ရှော့မှာစက်ပြင်ဆရာ
တွေဝတ်တဲ့ ဘောင်းဘီမျိုးဗျ။ ခပ်ပွပွ
ကြီး။

ဒီတစ္ဆေက အိမ်ထဲကို လှမ်းကြည့်
နေတယ်။ သေသေချာချာကို ကြည့်နေ
တာဗျ။ဟော-အပြင်ကဘောင်းဘီပွပွနဲ့
တစ္ဆေကအိမ်ထဲကဘထွေးကိုတွေ့သွား
ပြီဗျ။ လက်ယက်လှမ်းခေါ်တယ်။

အိမ်ထဲက ဘထွေးထွန်းကြည်
တစ္ဆေကတော့တိုင်ကိုမှီပြီးထိုင်နေတာ
မထတော့ဘူးဗျ။

အိမ်ပြင်က တစ္ဆေက ဘထွေးကို
စကားစမြည်ပြောချင်လို့ ထင်ပါရဲ့ဗျာ။
ကားရားကားရားနဲ့ အိမ်ပေါက်ဝကို
လျှောက်သွားတယ်။ပြီးတော့အိမ်ထဲကို
ခြေလှမ်းပြီးဝင်လိုက်တယ်။

"ဗုန်း"

"ဗုန်း"



www.burmeseclassic.com

www.burmeseclassic.com

ဟာ - လွင့်သွားပြီဗျို့ မြေကြီးပေါ်မှာ တစ္ဆေပက်လက်ကြီးလဲနေတယ်ဗျ၊ တစ်ယောက်ယောက်က ဆောင့်တွန်းလိုက်တဲ့ ပုံပဲဗျ၊ လွင့်ကို ထွက်လာတာ၊

ဟော - ဘောင်းဘီပွ တစ္ဆေ ကုန်းရုန်းထတယ်ဗျ၊ ဟာ - အိမ်ပေါက်ဝကို တစ်ခေါက်ထပ်သွားပြန်ပြီဗျို့ ဝင်တော့မယ်၊ အိမ်ထဲဝင်တော့မယ်၊

"ဝုန်း - ဝုန်း"

ဟာ - ဒီတစ်ခါတော့ ဝိုင်းဝအထိကို လွင့်သွားတာဗျို့ တစ္ဆေ ပက်လက်ကြီး လဲနေတယ်၊ ချက်ချင်းပြန်မထနိုင်တော့ဘူးဗျို့

"တာတေ - မင်း ဘာကို ကြည့်နေတာတုံး"

ကျုပ်ကြည့်နေတာကို တွေ့တော့ ကိုလိပ်ပုက မေးတယ်၊

"ဝိုင်းထဲကို တခြားတစ္ဆေတစ်ကောင် ဝင်လာတာဗျ၊ အိမ် ထဲ က ဘာတွေးကိုတွေ့လို့ ဝင်မလို့လုပ်တာ၊ တစ်ယောက်ယောက်က ဆောင့်တွန်းလိုက်သလို လွင့်သွားတာဗျ"

"ဟော - တွန်းပြန်ပြီဟုတ်လား၊ ဘယ်လိုဟာတုံးကွ၊ ဒီဟာက အထဲတွန်းလိုက်၊ အပြင်တွန်းလိုက်နဲ့ ဘာသဘောတုံးကွ"

"အင်း - ဘာသဘောတုံးဆို[illegible] တော့ ကျုပ်လည်း မသိဘူးဗျ၊ ဒါ[illegible] ကျုပ် တွေးမိတာတစ်ခုကတော့ [illegible] အတိုင်း ကြာလာရင် ဝိုင်းထဲမှာ တ[illegible] တွေပြုံပြီးရောက်လာလိမ့်မယ်ဗျ"

"ဟော - ဟုတ်လား၊ လုပ်ပါဦး[illegible] တာတေရယ်၊ တစ္ဆေတွေ အများကြ[illegible] ရောက်လာရင် ဒုက္ခပဲ"

"ဒီလိုလုပ်ဗျာ၊ ဒီည ခင်ဗျားတို့န[illegible] ယောက် ဒီအိမ်မှာ မအိပ်နဲ့၊ မှန်အိမ်[illegible] ငြိမ်းခဲ့ပြီး ခင်ဗျားတို့အိမ်မှာသာ ပြန်အိ[illegible] ကြပေတော့၊ တံခါးတွေလည်း ပိတ်သ[illegible] ထားလိုက်တော့"

"ဟော - ဟုတ်လား၊ မင်းက ငါတို့[illegible] လိုက်အိပ်မှာမို့လား"

"ဟာ - ကျုပ်က ပြန်မှာပေါ့ ကိုလိ[illegible] ပုရ"

"ဟော - ပြန်မယ်ဟုတ်လား တ[illegible] တေ၊ မင်းကွာ ညကြီးမိုးချုပ် ဒီမှာပဲ အိ[illegible] လိုက်ပါကွာ"

"ဟာ - မအိပ်ပါဘူးဗျ ကိုလိပ်ပု[illegible] ဘာဆိုတာ ကျုပ်သိသွားပြီပဲ၊ ဘယ်လ[illegible] လုပ်ရမယ်ဆိုတာသာ ကျုပ် သိအော[illegible] လုပ်ရမှာလေဗျာ၊ ကျုပ် ပြန်ပြီး လုပ်စ[illegible] မှာပေါ့ဗျ"

"ဒါဆိုလည်း ငါလိုက်ပို့မယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဗျာ - လိုက်ပို့မယ် ဟုတ်လား ...ပ်ပုံးခင်ဗျားပြန်တော့တစ်ယောက် ...ည်းပြန်ရဲပဲ့မလား"

"ဟေ - အေး ဟုတ်သားပဲ။ တစ် ...ာက်တည်းတော့ငါမပြန်ရဲဘူးကွာ။ ...-နေဦး၊ တင်အောင် မင်းပါ လိုက်ခဲ့ ...ကွာ၊ ဒါဆိုရင် ပြန်ရဲတယ်ကွ"

"တာ - ကိုကြီးလိပ်ပုကလည်း ခင် ...ာပြန်ရဲပေမယ့်ကျုပ်က မပြန်ရဲဘူး ..."

"တဲ - ကောင်းရောကွာ"

"ဟား - ဟား - ဟား - ဟား - ဘာမှ ...ပါနဲ့ဗျာ၊ တာတေက ဒီလမ်းတွေကို ...ရောညရော သွားနေကျပါဗျ။ အဲ - ...ိုကိုသာ ပြောလိုက်၊ ကျုပ်ပြန်ပြီ"

ပြောပြောဆိုဆို ကျုပ်ထွက်ချလာ ...ယ်ဗျ။ အိမ်ပြန်ရောက်တော့ သန်း ...ခါင်ကြက်တောင် မတွန်သေးပါဘူး ...။

※

ကျုပ်အိပ်ရာမဝင်ခင် နဂါးဆေးပေါ့ ...ံတလေးသောက်ရင်းထိုင်ပြီးစဉ်းစား ...ယ်ဗျ။ ဒါ ဘာသဘောလဲပေါ့ဗျာ။ လူ ...စ်ယောက်သေပြီး အစွဲအလမ်း တစ်ခုခုကြောင့် တစ္ဆေဖြစ်နေတယ်ဗျ။ သူ တစ်နေရာကို သွားချင်နေပုံပဲဗျ။ ဒါပေမဲ့ သူ့ကို တစ်ယောက်ယောက် သွားခွင့် မပေးတဲ့ပုံပဲဗျ။

ဒီဘထွေးထွန်းကြည် တစ္ဆေဖြစ် လောက်အောင် စွဲလမ်းတဲ့အရာဟာ ဒီအိမ်နဲ့ မပတ်သက်တာတော့ သေချာ တယ်ဗျ။

ပြီးတော့အပြင်ကဝင်လာတဲ့တစ္ဆေ ကိုလည်း အိမ်ထဲအဝင်မခံဘူးဗျ။ ဒါဆို ရင်တော့ တစ်ယောက်ရှိတာ သေချာ တယ်ဗျာ။ ဒါပေမဲ့ ခက်တာက အဲဒီတစ် ယောက်ယောက်ကို ကျုပ် မမြင်ရဘူး ဗျ။

နောက်ဆုံးတော့ ကျုပ် မဖဲဝါရဲ့ ကိုယ်ခွဲရုပ်ကလေးကို ကိုင်ပြီး မဖဲဝါကို တိုင်တည်လိုက်တယ်၊ ဒီကိစ္စကို ဘယ် လိုရှင်းရမယ်ဆိုတာ ပြောဖို့ပေါ့ဗျာ။ ပြီး တော့ကိုယ်ခွဲရုပ်ကလေးကိုကျုပ်ခေါင်း အုံးအောက် မှာထားပြီး အိပ်လိုက် တယ်။

"ဟဲ့ - တာတေ၊ ထွန်းကြည်ကလူစုံ ဟဲ့"

ကျုပ်ရှေ့က ခပ်လှမ်းလှမ်း...မှာ ဖော် လန်ပန်းအဝါလေးပန်...တဲ့ ကောင်မ



www.burmeseclassic.com

www.burmeseclassic.com

လေးကို တွေ့နေရတယ်။ ကျုပ် သိပြီး သားပေါ့ဗျာ။ ဒါ မဖဲဝါ ရုပ်ပြောင်းထား တာလေ။ သူ့နဂိုဆိုရင် ကျုပ်လန့်သွားမှာ စိုးလို့ပေါ့ဗျာ။

"အခု - သူ ဘာဖြစ်နေတုံးဗျ"

"ဒီကောင်က ဆရာတွေနဲ့ပေါင်းပြီး သူ့အိမ်ကို သရဲတစ္ဆေမဝင်နိုင်အောင် ဆို ပြီးတော့ အိမ်ရဲ့ထောင့်လေးထောင့်မှာ အင်းတွေမြှုပ်ထားတာ။ အင်းတွေက အင်းကောင်းတွေဆိုတော့ အင်းစောင့် တွေက စောင့်နေတာလေ။ အခုတော့ ဒီကောင် သူ့အတတ်နဲ့ သူစူးတာပေါ့။ သူသေလို့ တစ္ဆေဖြစ်တော့ အိမ်ထဲကနေ အိမ်ခြံကို ထွက်လို့မရတော့ဘူးလေ။ အင်းစောင့်က သူစောင့်နေတဲ့စည်းကို အကျော်မခံဘူးလေ။ အပြင်ကတစ္ဆေကို အဝင်မခံသလို အတွင်းကတစ္ဆေလည်း ဒီစည်းကို အကျော်မခံဘူးဟဲ့ တာတေ ရဲ့"

"ဟာ - ဒါဆိုရင် ဒီအိမ်ကြီးက ကြွက် ထောင်ချောက်လို ဖြစ်နေတာပေါ့ဗျ"

"အေး - ဟုတ်တယ်။ တစ္ဆေထောင် ချောက်ပေါ့ တာတေ။ အထဲမှာ တစ္ဆေ ပိတ်မိနေတာပေါ့"

"မဖဲဝါ ထောင်ချောက်ထဲမှာမိနေ တဲ့ကြွက်ဆိုရင် ကျုပ်လွှတ်ပေးလို့ရတာ ပဲဗျ။ ထောင်ချောက်မိနေတဲ့ တစ္ဆေ ရော လွှတ်ပေးလို့ မရဘူးလား"

"ရတာပေါ့တာတေရ။ မြှုပ်ထား အင်းတွေကိုရှာပြီးနင်ဖော်ပစ်လိုက် ဒါဆိုရင် မိနေတဲ့တစ္ဆေ လွှတ်သွား ပေါ့"

"ဩော် - ဒီလိုလား"

ကျုပ် မနက်မိုးလင်းလို့ အိပ်ရာ နိုးလာတော့ ထမင်းကြမ်းစားတယ် အဘနဲ့အမေကို လုပ်ပေးစရာတွေ လု ပေးလိုက်တယ်။ နွားစာကုန်နေတာ ကျုပ် ပြောင်းရိုးတွေ စဉ်းလိုက်သေ တယ်ဗျ။

နွားတွေကို အစာကျွေး၊ ရေတိုက် ပြီးမှ ကျုပ်ဘန့်ဘွေးကုန်းကိုထွက်လာ တယ်။ ကိုလိပ်ပုတို့အိမ်ကို ကျုပ်ရောက် တော့ သူတို့မိသားစုတွေ ဝိုင်းပြီး ထိုင် ကြတာဗျ။

"တာတေ - ဒါတို့ဘယ်လိုလုပ်ရ တုံး"

"ဘာမှမပူနဲ့ အရီးလေး။ ကျုပ် ဘာ လုပ်ရမယ်ဆိုတာသိလို့အခုပြန်လာတာ ဗျ"

"ဟေ - ဟုတ်လား။ လုပ်စရာတာ ရာ။ မြန်မြန်သာ လုပ်ပေးလိုက်ပါဟ နင်ပြောသလိုဆိုရင် နင့်ဘတွေး

www.burmeseclassic.com

အိမ်ထဲက ထွက်လို့မရဘူး ဖြစ်နေတာ ဆို

"ဟုတ်တယ် - အရီးလေး၊ ဒါပေမဲ့ ...ပုနဲ့ဗျ၊ ကျုပ်အခုပဲ သွားလုပ်မှာပါ၊ ကဲ - ကိုလိပ်ပု လာဗျာ၊ ခင်ဗျားနဲ့ကျုပ် လုပ် ကြမယ်၊ ဟိုအောင်တင်အောင်ရော"

"တင်အောင် ယာထဲ ဆင်းသွား ...ယ်တွ တာတေရ"

"ဪ - ဟုတ်လား၊ ကဲဒါဆိုလည်း ခင်ဗျားနဲ့ ကျုပ်နဲ့ လုပ်ကြတာပေါ့ဗျာ၊ ကဲ - တူးရှင်းလေးဘာလေး ယူခဲ့ဗျာ"

ကိုလိပ်ပုက ဝိုင်းနောက်ဘက်ကို ...သွားပြီး တူးရှင်းတစ်ချောင်းယူတယ်၊ ကိုလိပ်ပုပြန်ထွက်လာတော့ ကျုပ်တို့ ...နောက် ဘထွေးထွန်းကြည်တို့ ဝိုင်း ...တူးလာခဲ့တယ်၊

မဖဲဝါညက အိပ်မက်ပေးတဲ့အထဲ ...ပါတယ်ဗျ၊ ကျုပ်က ကိုလိပ်ပုကို အကျိုးအကြောင်း ပြောပြလိုက်တယ်၊ ကိုလိပ်ပုကလည်း သဘောပေါက်ပြီး ...တယ်ဗျ၊

"မင်းပြောတာ ဟုတ်မယ်ကွ - တာ ...ရ ငါ့ဘထွေးက လူစုံကွ၊ ဆေးရော ...ရော၊ ဓာတ်ရော အို - စုံနေအောင် ...တဲ့လူကွ၊ မင်းပြောတာဖြစ်လောက် တယ်"

ကိုလိပ်ပုက တိုင်ခြေကို တံတောင် စွာပြီးတူးတော့တာပဲဗျို့၊ ခေါင်းရင်းဘက် က တိုင်ကို စတူးတာဗျ၊ အိမ်က ကျွန်း အိမ်ကြီးလေဗျာ၊ ကျွန်းတိုင်ကိုအုတ်ခံပြီး ဆောက်တာဗျ၊ အုတ်တိုင်နဲ့ တစ်တောင် စွာပြီး ကျုပ်တို့ တူးတာပေါ့ဗျာ၊

"ဒုတ်"

"ဟော - တွေ့ပြီဟေ့၊ ဒါ ထင် တယ်"

"ကော်ထုတ်လိုက် - ကော်ထုတ် လိုက်၊ ဟာ - ဟုတ်ပဗျာ၊ ဒါ ကျောက် သင်ပုန်းမှာရတဲ့အင်းဗျ၊ ဒါရိုးရိုးကျောက် သင်ပုန်းမဟုတ်ဘူး၊ သိမ်ကိုးသိမ်ဝင်တဲ့ ကျောက်သင်ပုန်းဗျ၊ ကျုပ်ဆရာကြီးတွေ ကျုပ်ကို ပြောဖူးတယ်"

"ဟော - ဟုတ်လား၊ ဒါကြောင့် စွမ်း တာကိုး"

"လာဗျာ - ခြေရင်းအောက်ကတိုင် ကို တူးရအောင်"

ကျုပ်နဲ့ ကိုလိပ်ပု တစ်ယောက်တစ် လှည့်တူးကြတာပေါ့ဗျာ၊ ခြေရင်းတိုင်က လည်း တစ်ချပ်တွေ့တယ်၊ အိမ်အောက် ဘက်ကတိုင်တွေရဲ့ အခြေကလည်း ကျုပ်တို့နှစ်ယောက်တူးတာ အင်းတွေ



www.burmeseclassic.com

www.burmeseclassic.com

တွေ့တယ်ဗျ။ အားလုံး အင်းလေးချပ်ဗျ။ တိုက်ကြည့်တော့ အင်းဆံတွေက အတူတူချည်းပဲ။

ကျုပ်က ကျုပ်ဆရာတွေသင်ပေးထားတဲ့ အင်းသက်နတ်တဲ့ဂါထာကို ရွတ်ပြီး အင်းတစ်ချပ်စီကို အင်းသက်နတ်လိုက်တယ်။ ပြီးတော့အိမ်တံခါးတွေ အကုန်ဖွင့်ခိုင်းထားလိုက်တယ်။

ကိစ္စပြီးတော့ အင်းချပ်တွေယူပြီး ကျုပ် ထနောင်းကုန်းကို ပြန်ခဲ့တာပေါ့ဗျာ။

"တာတေရေ - ညကတော့ ဘာ[illegible] မှကို မကြားရတော့ဘူးပေါ့။ ဘ[illegible] ထွန်းကြည်တော့ သွားပြီထင်တယ်[illegible] အရီးလေးတို့သားအမိတွေတောင် [illegible] တို့အိမ်ကို ပြန်သွားကြပြီ"

"အင်း - ဒါဆိုရင်တော့ ကိစ္စပြီးသွာ[illegible] ပါပြီ - ကိုလိပ်ပုရာ"

ကိုလိပ်ပုလည်း ကျုပ်နဲ့ တစ်နာ[illegible] လောက်ကြာအောင်စကားထိုင်ပြော[illegible] မှပြန်သွားတယ်ဗျ။



## အနာပေါက်ကုထုံး

**ကြပ်ပုတီးနာ**

နံ့သာဖြူနှင့် အကင်းဆယ်ပါး ဆေးစပ်၊ ကြဲကြဲသွေး၍လိမ်းပါ။ ထင်းရှူးဆီ (၁၀)ဂရမ်၊ ရေတ်ကောင်း (၃)ဂရမ် ကြိတ်၍အုံပေးပါ။

ဆေးနည်း

(၁) နမ်းဆီ ၁ ဝိသာ

(၂) ဖုံးမသိန်ခဲ ၁ဝိ သား

(၃) ဆေးဒါန်းမှုန့် ၃ ကျပ်သား

နမ်းဆီကို ပွက်ရုံချက်ပါ။ ဖုံးမသိန်ခဲ၊ ပရုပ်ပြား ထည့်ပါ။ ပရုပ်ပြား ပျော်ဝင်သော် ဆေးဒါန်းမှုန့်ရော၍ မွှေပါ။ လိမ်းဆေး အဖြစ် သုံးနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ဝန်းတနော် နောင်လတ်

## မိကျောင်းဆိုင်ဇာတ်လမ်း

သဘာဝဖေပါက်ပင်များ ဖြစ်ကြသည့်သစ်ပင်ကြီးများတွင်ကုက္ကိုပင်များလည်းပါဝင်သည်။ တစ်ခေတ်တစ်ခါက ကုက္ကိုပင်များ အလွန်ထူထပ်သော ထိုနေရာတွင် ရွာငယ်တစ်ရွာ ရှိခဲ့ဖူးသည်။ ကုက္ကိုပင်များကို အမှီပြု၍ဖြစ်လာသော ရွာဖြစ်၍ "ကုက္ကိုတောရွာ" ဟု ခေါ်ခဲ့ကြသည်။

စင်စစ်၌ "ကုက္ကိုတောရွာ" ဟုသာ ဆိုရသော်လည်း အိမ်နှစ်ဆယ်ပင် မပြည့်။ ရွာငယ်ဇနပုဒ်ဖြစ်သော "ကုက္ကိုတောရွာ" သည် "ရွာငယ်ဇနပုဒ်၊ မီးတလေး မှိတ်တုတ်" ဆိုသည့် စာနှင့်ညီ၏။

"ဗျို့-ဦးကြီးရွှေကျီးအိပ်ပြီလားဗျ"

"မအိပ်သေးဘူး-ဦးမောင်လေးရေ၊ ရေနံဆီဖိုး မတတ်နိုင်လို့ အမှောင်ထဲမှာနေနေတာ"

ဦးကြီးရွှေကျီးကဲ့သို့ ရေနံဆီဖိုး မတတ်နိုင်သောကြောင့် ညအခါ မှောင်

နေသော အိမ်များက ရွာထက်ဝ
ကျော်။ ထိုသို့သော "ကုက္ကိုတောရွာ"
ရွာသူရွာသားများ၏ဝမ်းစာမှာ တော
သည့်အလုပ်၊ တောတိုးပြီး ထင်းခု
သည်။ တောတိုးပြီးဝါးခုတ်သည်။ ေ
တိုးပြီးတောရှင်းကာ စားသုံးပင်များစို
ပျိုးသည်။ သူတစ်ပါး၏အသက်ခန္ဓာ
အသက်မွေးဝမ်းကျောင်းမှု မပြု။

နေ့စဉ် ထိုသို့သော လုပ်မှုဆော
တာများလုပ်ဆောင်နေစဉ်တစ်နေ့သ
သက်န်းဝတ်တစ်ဦးကို ရွာနှင့် နှစ်ဖာ
ခန့်ဝေးသောနေရာရှိ ပင်စည်ကြီးဖေ
သော ကုက္ကိုပင်ကြီးအောက်တွင်တွေ့
ကြသည်။

"သင်္ကန်းဝတ်တော့ သင်္ကန်းဝတ်
တကယ့် သံဃာတော် အစစ်အမှ
လား"

"သင်္ကန်းဝတ်ထားတဲ့သံဃာ
ယောင် ဆောင်နေတဲ့ သံဃာအ
လား"

www.burmeseclassic.com

"သက်န်းဝတ်ကို အရင်တုန်းက ဒီ
[illegible]မှာ မတွေ့ဖူးပါဘူး"

"သင်္ကန်းဝတ်က ဘယ်က ရောက်
[illegible]တာလဲ"

"တောရဆောက်တည်ဖို့ ရောက်
[illegible]တဲ့ ပုဂ္ဂိုလ်များလား"

"ထွက်ရပ်ပေါက်ပုဂ္ဂိုလ်သူတော်စင်
[illegible]ဖြစ်နိုင်တာပဲ"

ထိုရပ်များက "ကုက္ကိုတော" ရွာသူ [illegible]သားများ၏ စကားသံများ ဆူညံခဲ့ [illegible]။

"အစစ်လား၊ အတုလား ခွဲခြားသိရ [illegible]င်လေ့လာမယ်" ဆိုပြီး လူငယ်များ [illegible] နေ့နေ့ညည စောင့်ကြည့်ခဲ့ကြ [illegible]။

"ဘယ်သူမှ ဆွမ်းသွားမကပ်ဘဲ သူ [illegible]တွေ စားနေတာလဲ"

သိချင်စိတ်ဖြင့် ထိုကုက္ကိုပင်ကြီးကို [illegible]ဝေးမမြင်ရသော ချုံပုတ်နှင့် ကွယ် [illegible] စောင့်ကြည့်ကြသည်။ ထူးဆန်းဖွယ် [illegible]ရာဖြစ်သည်မှာ သံဃာတော်များ [illegible]စားချိန်မရောက်မီ ပုန်းအောင်းနေ [illegible]နေရာများ၌ အိပ်ငိုက်ကာ အိပ်ပျော် [illegible]ကြခြင်း ဖြစ်သည်။ အိပ်ရာမှ နိုးလာ [illegible]အခါ ကုက္ကိုတောရွာသားများက ထိုသင်္ကန်းဝတ် ဆွမ်းဘုဉ်းပေးနေသည်ကို မြင်ရခြင်းပင်။

အနီးသို့ ရောက်သည်အထိ သွားရောက်ကြည့်သောအခါ ဆွမ်းမှာ အငွေ့တထောင်းထောင်းထနေသော ဆွမ်းအပူ၊ ဆွမ်းဟင်းများမှာလည်း အငွေ့တထောင်းထောင်း ထနေသော ဆွမ်းဟင်းအပူများကို တွေ့ရခြင်း ဖြစ်သည်။

ထိုသင်္ကန်းဝတ်ကို သူတို့က စကားတစ်ခွန်းမျှမပြော၊ ဝတ်ပြုခြင်း ရှိခိုးခြင်းပင် မရှိကြ။ သူတို့ကိုလည်း ထိုသင်္ကန်းဝတ်က မေးလည်းမမေး၊ ပြောလည်းမပြော။ သို့သော် ဆွမ်းကျန်ဟင်းကျန်များနှင့် အလွန်မွှေးကြိုင်သော ငှက်ပျောသီးများ ကျွေးသည်။

ဆာလောင်နေသော ရွာသားများက ဟန်မဆောင်နိုင်၊ စားလိုက်ကြသည်မှာ သပိတ်ထဲရှိ ဆွမ်းများနှင့် ဖလုံထဲရှိ ဟင်းများ ကုန်သွားသည်၊ ငှက်ပျောသီးမှည့်များမှာလည်း မစားရမီကတည်းက သွားရည်ကျစရာ၊ စားချင်စရာဖြစ်၍ အားရပါးရ စားကြသည်၊ စားချင်သလောက်စားဖို့အခိုင်လိုက်ချပေးသော်လည်း တစ်ယောက်မှ နှစ်လုံး၊ အလွန်ဆုံး သုံးလုံးသာ စားနိုင်ခဲ့ကြသည်။ တစ်ကိုက်

www.burmeseclassic.com

"အခုတော့ ဒီတို့များ လက်ဝါးပေါ်က ဆေးစီရင်ထားတဲ့ မိကျောင်းရုပ်ကလေး၊ 'ဆေးမိကျောင်းလေး' ကလည်း ရိုးရိုးမိကျောင်းအားလုံးကို နိုင်တယ်။ ဆေးမိကျောင်းကို ရေအိုင်ထဲ ဒကာကြီးတို့၊ ဒကာမကြီးတို့နဲ့ တို့များ အတူတူသွားပြီး လွှတ်မယ်၊ ဆေးမိကျောင်းက ရေနဲ့ထိပြီး ခဏအကြာမှာ အသက်ဝင်တဲ့ သက်ရှိမိကျောင်းကြီးတစ်ကောင်အဖြစ် ရေအိုင်ထဲ ကူးနေမှာ ဖြစ်တယ်။ ရေအိုင်ထဲမှာ ဆော့မြူးနေမှာ ဖြစ်တယ်။ ဒကာကြီးတို့ ဒကာမကြီးတို့က ပုံမှန်အတိုင်း ရေခပ်စရာရှိရင် လာခပ်ကြ၊ ရေသယ်စရာရှိရင် လာသယ်ကြ ...



စားလိုက်သည်နှင့် အာဟာရပြည့်သွားသလို ခံစားခဲ့ကြရသည်။

ထိုသင်္ကန်းဝတ်က ပုံမှန်မပျက်၊ ကုက္ကိုပင်ကြီးအောက်တွင် တရားထိုင်နေဆဲ၊ သူတို့က အိမ်ပြန်မည့်ဟန်ပြင်ပြီး ချုံပုတ်သေးနား ပြန်ကပ်ပြီး ချောင်းပြန်သည်။

မည်သူ တစ်ဦးတစ်ယောက် မျှ ရောက်လာခြင်းမရှိ၊ သို့သော် ထိုပုဂ္ဂိုလ်၏ သင်္ကန်းက သစ်လွင်နေသည်ကို မြင်ကြရသည်၊ ရက်သတ္တတစ်ပတ်တိတိ ကုက္ကို တောရွာသားများက လုံ့စုလူ့ဝေးနှင့် အလှည့်ကျ စောင့်ကြည့်လေ့လာသော်လည်း ထိုသင်္ကန်းဝတ်ကို နေ့လည်းအိပ်စက်ခြင်းမတွေ့ရ၊ ညလည်းအိပ်စက်ခြင်း မတွေ့ရ၊ ဆွမ်းလာကပ်သူကိုလည်း မတွေ့ရ၊ သင်္ကန်းဝတ် ကိုယ်တိုင် ဆွမ်းချက်သည်ကိုလည်း မမြင်ရ၊ သို့ရာတွင်



www.burmeseclassic.com

www.burmeseclassic.com

ဆွမ်းဘုဉ်းပေးချိန် ရောက်သည်နှင့် ထို ရဟန်းသိုလ်၏ သပိတ်ထဲ၌ ပူပူလောလော ဆွမ်းအပြည့်၊ ဟင်းဇလုံ သုံးလုံးထဲ၌ လည်း ဟင်းသုံးခွက်အလျှံပယ်။

ထိုအခြေအနေကြောင့် "ကုက္ကို တော" ရွာသူ ရွာသားများက ထိုသင်္ကန်း ဝတ်မှာ လူသာမန်မဟုတ်၊ သံဃာတော် ဖြစ်ရမည်၊ သံဃာတော်တောင်မှ သမုတိ သံဃာတော်မဟုတ်သော အကျင့်သီလ နှင့် ပြည့်စုံပြီးသော သံဃာတော်၊ ထို့ ထက် ပိုမိုမြင့်မြတ်သော ထွက်ရပ်ပေါက် ရဟန်းသိုလ်အထိ ဖြစ်နိုင်သည်ဟု ယူဆကြ တာ...

"တပည့်တော်တို့ကျောင်းဆောက် လှူပါရစေ ဘုရား"

"တပည့်တော်တို့ ရွာသူရွာသား တွေက ပစ္စည်းလေးပါး လှူဒါန်းပါရစေ ဘုရား"

"တပည့်တော်တို့ ရွာမှာ သီတင်း သုံးပြီး သာသနာပြုပေးတော်မူပါဘုရား"

ဟုလျှောက်ထားပင့်ဖိတ်ကြခြင်းကြောင့် သင်္ကန်းဝတ်ဟု ယူဆခဲ့ကြသော သံဃာ တော်အရှင်သူမြတ်မှာ "ကုက္ကိုတောရွာ" ရွာထိပ်ရှိ အသစ်ဆောက်လုပ်လှူဒါန်း သော ဘုန်းတော်ကြီးကျောင်း၌ သီတင်း သုံးတော်မူခဲ့ပေသည်။

ဆရာတော်၏ ဘွဲ့တော်မှာ "ဘဒ္ဒန္တ ပညာသီဟ" ဖြစ်သော်လည်း "ကုက္ကို တော ဘုန်းတော်ကြီးကျောင်း" တွင် သီတင်းသုံးတော်မူခြင်းကြောင့် "ကုက္ကို တော ဆရာတော်" ဟု နာမည်ကျော်ခဲ့ ဖူးသည်။

※

"ကုက္ကိုတော ဆရာတော်" ဟု နာမည်ကျော်ခဲ့စဉ်အတွင်း ဆရာတော် ဘဒ္ဒန္တပညာသီဟမှာ "မိကျောင်းအိုင် ဆရာတော်" ဟုလည်း နာမည်ထင်ပေါ်ခဲ့ ပြန်သည်။

"ကုက္ကိုတော ဆရာတော်" ကို ပထမဦးစွာ တွေ့မြင်ခဲ့ကြရသော ကုက္ကို ပင်ကြီးအနီး၌ ရေအိုင်ကြီးတစ်အိုင် ရှိ သည်။ ရေအိုင်ကြီးမှာ မည်သူများက တူး ထားကြသည်၊ နှစ်ကာလ မည်မျှကြာ သည်ကို မည်သူမျှ မသိကြ။

ကြီးမားသော ထိုရေအိုင်ကြီးထဲမှ ရေကို "ကုက္ကိုတော" ရွာသူရွာသားများ က ရေအိုးများ၊ ရေပုံးများဖြင့် လာရောက် ခပ်ယူကြ၊ သယ်ယူကြပြီး သောက်ရေ သုံးရေ၊ ဘုရားသောက်တော်ရေအဖြစ်

www.burmeseclassic.com

www.burmeseclassic.com

အသုံးပြုကြသည်၊ ထို့ပြင် ထိုရေကို ခပ်ယူပြီး ကြက်သောက်ရေ နွားသောက်ရေစသည့် တိရစ္ဆာန်များ သောက်သုံးရန်အတွက်လည်း အသုံးပြုသည်၊

တစ်နေ့သ၌ ထိုရေအိုင်မှ ရေကို လာရောက်သောက်နေသော နွားများနှင့် ရေအိုင်ထဲ ရေဆင်းစိမ်နေသော ကျွဲများကို ဆရာတော် ဘဒ္ဒန္တပညာသီဟ မြင်ခဲ့သည်၊ ထိုအခါ ဆရာတော်က ကုတ္တို တောရွာသူ၊ ရွာသားများ ဖြစ်ကြသော ဒါယကာ၊ ဒါယိကာမများကို ဘုန်းတော်ကြီးကျောင်းသို့ ခေါ်ယူပြီး —

"ဒကာကြီးတို့၊ ဒကာမကြီးတို့ တို့များ မနေ့က အိုင်ကြီးဘက်ကို အညောင်းပြေအညာပြေလမ်းလျှောက်ကြည့်တယ်၊ အဲဒီအချိန် အိုင်ကြီးထဲ ရေဆင်းစိမ်နေတဲ့ ကျွဲတွေနဲ့ အိုင်ထဲက ရေတွေ လာသောက်နေကြတဲ့ နွားတွေကို မြင်တယ်၊ ဒကာကြီးတို့၊ ဒကာမကြီးတို့က အဲဒီရေတွေကို သုံးတော့ သောက်တော့ အန္တရာယ်ဖြစ်နိုင်တယ်၊ ရောဂါဖြစ်နိုင်တယ်မဟုတ်လား၊ ဒီလိုတိရစ္ဆာန်တွေသောက်သုံးနေတဲ့ရေချိုးနေတဲ့ရေကိုတို့များကိုးကွယ်တဲ့ဘုရားရှင်အတွက် သောက်တော်ရေအဖြစ် ကပ်လှူတာလည်းမသင့်တော်ဘူး၊ ဒီတော့ဒကာကြီး
တို့၊ ဒကာမကြီးတို့က မွေးမြူထားတဲ
တိရစ္ဆာန်တွေအတွက် ရေတွေကို အိုင်
ထဲက ရေတွေကို ခပ်ယူပြီး အိမ်မှာ ခြံ
သုံးကြ၊ တိုက်ကြ၊ ချိုးပေးကြပါ၊ တိရစ္ဆာ
တွေကို စည်းမဲ့ကမ်းမဲ့ လွှတ်မထားကြ
ပါနဲ့၊ ဒီလိုစနစ်တကျ ဆောင်ရွက်ကြ
အထဲက မတော်တဆ ကျွဲတွေ၊ နွားတွေ
အဲဒီရေအိုင်ထဲ ရေဆင်း မစိမ်ရဲအောင်
ရေလာမသောက်ရဲအောင်၊ ရေ၊ ရေအိုင်
နားတောင်မလာရဲအောင်တို့များဆော
ရွက်ပေးမယ်၊ ကဲ - ဒီမှာ ကြည့်ကြ"
ကာ သစ်သားဖြင့် ပြုလုပ်ထားသော
လက်ဝါးပေါ်တင်၍ရသည့် "မိကျော
ရုပ်ကလေး" တစ်ရုပ်ကို ပြရင်း ...

"ဒကာကြီးတို့ ဒကာမကြီးတို့ -
ဆေးစီရင်ထားတဲ့ နွားရုပ်ကလေး၊ ဆေး
နွားလေးကိုတွေ့ဖူးလား" ဟုမေးခဲ့သည်၊

"မတွေ့ဖူးပါဘူး - ဘုရား" ဟု ရွာ
သားများက လျှောက်ထားရာ ...

"နွားလားဥသဘဆိုတာတော့
ကြားဖူးမှာပေါ့" ဆိုပြီး မေးပြန်ပါသည်၊

အချို့က ...

"ကြားဖူးပါတယ် - ဘုရား" ဟု
ဖြေသည်၊



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီနွားလား ဥသဘကို သက်ရှိ ...အားလုံးက ကြောက်ကြရတယ်၊ ...တော့ဒီတို့များလက်ဝါးပေါ်ကဆေး ...င်ထားတဲ့ မိကျောင်းရုပ်ကလေး၊ "...မိကျောင်းလေး"ကလည်း ရှိးရှိး ...ျောင်းအားလုံးကို နိုင်တယ်၊ ဆေး ...ျောင်းကိုရေအိုင်ထဲကိုဒကာကြီးတို့၊ ...ကြီးတို့နဲ့တို့များအတူတူသွားပြီး ...မယ်၊ဆေးမိကျောင်းကရေနဲ့ထိပြီး ...အကြာမှာ အသက်ဝင်တဲ့ သက်ရှိ ...ျောင်းကြီးတစ်ကောင်အဖြစ်ရေအိုင် ...နေမှာ ဖြစ်တယ်၊ ရေအိုင်ထဲမှာ ...နေမှာဖြစ်တယ်၊ ဒကာကြီးတို့ ...ကြီးတို့က ပုံမှန်အတိုင်း ရေခပ် ...ရင်လာခပ်ကြ၊ ရေသယ်စရာရှိရင် ...သယ်ကြ၊ ဆေးမိကျောင်းကြီးကို ...ချင်တယ်ဆိုတောင် မမြင်ရတော့ ...သာမှကြောက်စရာ မလိုဘူး၊

ဒါပေမဲ့ ကျွဲ နွားတိရစ္ဆာန် တွေ ...ိုင်နားကို ရောက်လာတာနဲ့ အဲဒီ ...ကျောင်းကြီးကို မြင်ရမယ်၊ ရေကို ...မ်းဘွမ်းမြည် အောင် အမြီးနဲ့ ရိုက်သံ ...ရမယ်၊ တိရစ္ဆာန်တွေ ရေအိုင်နား ...ခဲ့အောင်တို့များလုပ်ထားပေးမယ်၊ ...–လိုက်ခဲ့ကြ" ဟု ရှင်းပြကာ ခေါ် ...ကြောင့်ကုဋ္ဌိုတော ရွာသူရွာသား များလည်း ဆရာတော်နှင့်အတူ ထိုရေ အိုင်ကြီးသို့ ရောက်ခဲ့ရတော့သည်၊

ရေအိုင်ကုန်းမြေမြင့် နေရာသို့ ရောက်ကြသောအခါ ဆရာတော် ဘဒ္ဒန္တ ပညာသီဟက ...

"ဒကာကြီးတို့ – ဒကာမကြီးတို့ ဒီနေရာကပဲ ရပ်ကြည့်ကြ၊ တို့များက "ဆေးမိကျောင်း"ကို ရေအိုင်ထဲ သွားလွှတ်မယ်" ဟုပြောရင်းရေအိုင်စပ်အထိ ဆင်းသွားသည်၊ ရေအိုင်စပ်သို့ ရောက်သည်နှင့် ဆရာတော်က ထိုင်လိုက်သည်၊ ယာဘက် လက်ဝါးထဲ ဆုပ်ကိုင်ခဲ့သော "ဆေးမိကျောင်း" ရုပ်ကလေးကို လက်ဝါးဖြန့်ကာ လက်ဝါးပေါ် တင်ထားရာမှကြည့်ပြီး "ဟေ့ကောင် – မင်းက ဆေးနဲ့စီမံဖန်တီးထားတဲ့ဆေးမိကျောင်း ဖြစ်တယ်၊ တကယ်တော့ မင်းက နတ်မိကျောင်းအစစ်ပဲ၊ ကဲ – ဒီရေအိုင်ထဲမှာ နေ၊ ဒီရေအိုင်ထဲက ရေတွေကို စောင့်ရှောက်၊ ကျွဲနွားတိရစ္ဆာန်တွေကိုတော့ ခြောက်လှန့်၊ လူတွေကို လုံးဝ လန့်အောင်၊ ကြောက်အောင် မလုပ်ရဘူး ကြားလား" ဟု ပြောကြားအမိန့်ပေးကာ ဆေးမိကျောင်းကိုရေထဲချလိုက်သည်၊ သစ်သားမိကျောင်းရုပ်ကလေးက ရေပေါ်ပေါ်နေရာမှသက်ရှိမိကျောင်းတစ်

www.burmeseclassic.com

www.burmeseclassic.com

တောင်ကဲ့သို့အိုင်လယ်ကိုရွေ့သွားသည်။ ရွေ့သွားရင်းကြီးမားသောမိကျောင်းကြီး တစ်ကောင် ဖြစ်လာသည်ကို အားလုံး မြင်ကြရတော့သည်။

"ဟာ"

"ဟယ်"

"အို"

အံ့အားသင့်သံများ ဖြစ်ပေါ်နေစဉ် မိကျောင်းကြီးက ရေပေါ်ကို အမြီးဖြင့် တဝုန်းဝုန်း ရိုက်လိုက်သည်။

"ဝုန်း-ဝုန်း-ဝုန်း-ဝုန်း-ဝုန်း"

ထို့နောက် ရေထဲငုံ့သွားသည်။ ပြန် ပေါ်လာသောအခါ မတ်တတ်ထောင် လျက် အနေအထား။ ပါးစပ်ကြီးကို ဟလိုက်စေ့လိုက် လုပ်နေသည်မှာ အသည်းယားစရာ ...

"ဟော့ကောင်ကြီး-ဝါ့ဆီပြန်လာ"

ဆရာတော့် စကားအဆုံးတွင် မိကျောင်းကြီးက ကမ်းစပ်အထိ တစ်ရှိန် ထိုး ပြန်ကူးလာသည်။ ရေယက်များက သင်္ဘောဦးက ရေကိုထိုးခွဲ၍ ထွက်လာ သော ပုံစံနှင့်တူသည်။ ကမ်းစပ်ရောက် သည်နှင့်ဆရာတော်၏ခြေထောက်နား သို့ရောက်သည်အထိလက်ကိုအားကိုး တတ်လာသည်။ ပါးစပ်ကြီးက ဟထား သည်။

"ထွီး ..."

ဆရာတော် ဘဒ္ဒန္တပညာသီဟ[...]
မိကျောင်းကြီး၏ ပါးစပ်ထဲသို့ တံတွေ[...]
တွေးထည့် လိုက်ခြင်း ဖြစ်သည်[...]
မိကျောင်းကြီးပါးစပ်ပြန်စေ့သွားသည်[...]

"ပြန်တော့၊ ရေငုပ်နေ-ပြန်မ[...]
နဲ့၊ ကုန်းပေါ်မတက်နဲ့ ဘယ်သူ့ကို[...]
အန္တရာယ်မပေးနဲ့။ ကျွဲ၊ နွားတိရစ္ဆာန်[...]
ရေကို လာမသောက် အောင် [...]
မနောက်အောင် ရေထဲလာမစိမ်အောင်[...]
သာ ထိန်း၊ ပြန်တော့"

မိကျောင်းကြီးက ဆရာတော့်[...]
လာသလို အပြန်၌ မမြန်တော့၊ ရေ[...]
စပ် ရောက်သည်နှင့် ရေထဲ ခေါင်း[...]
ပျောက်ကွယ်သွားတော့သည်။

ထို့ကြောင့်ထိုရေအိုင်ကိုမိကျော[...]
နေသော အိုင် "မိကျောင်းအိုင်" ဟုဆို[...]
ဆရာတော် ဘဒ္ဒန္တပညာသီဟဆို[...]
"ကုက္ကိုတော ဆရာတော်" ကိုလည်[...]
"မိကျောင်းအိုင်ဆရာတော်" ဟူ၍ခေါ်[...]
ကြလေသည်။

※

"မိကျောင်းအိုင် ဘုန်းတော်ကြီး[...]
ကျောင်း" အနီး၌ "မိကျောင်းအိုင်ကြီး" [...]
သည်။ မိကျောင်းအိုင်ကြီးအတွင်း ဆရာ[...]

www.burmeseclassic.com

တ်ဘဒ္ဒန္တပညာသီဟ ထည့်သွင်းမွေး
ထားသည်ဟု ဆိုနိုင်သော "ဆေး
ကျောင်း"ဟူ၍လည်းကောင်း၊ "နတ်
ကျောင်း"ဟူ၍လည်းကောင်းခေါ်သည့်
ကျောင်းကြီးတစ်ကောင်" ရှိသည်။

ထိုမိကျောင်းကြီးရှိကြောင်းကို
တ္တိုတော ရွာသူရွာသားများ ဖြစ်ကြ
သည်။

"တာ-မိကျောင်းကြီး ပေါ်လာပြီ
ဟေ့"

"နည်းတဲ့ မိကျောင်းကြီး မဟုတ်
ဘူး"

"ဟော-အိုင်လယ်မှာ ပေါ်လာပြီး
ငုပ်လိုက်၊ ကျွမ်းထိုးလိုက်၊ ရေတွေကို
ကြီးနဲ့ တဖုန်းဖုန်း ရိုက်လိုက်လုပ်နေပြီ
ဟေ့"

"ကြည့်ကြစမ်း-ကြည့်ကြစမ်း၊
ကျောင်းကြီးက ပက်လက်ကြီး လုပ်ပြ
နေပြီ"

မိကျောင်းကြီးကိုမြင်ရသော်လည်း
ခဲ့ဘမ်း မမြင်ရ၊ ရေပေါ် ပေါ်လိုက်၊
ကျွမ်းထိုးလိုက်၊ ရေကို အမြီးနှင့် ရိုက်
တ်လုပ်ပြီး ရေထဲပြန်ငုပ်သွားသော
ခါသုံးလေးရက်ကြာအောင် ပြန်ပေါ်
သော၊ အနည်းဆုံးတစ်ပတ်ဆယ်ရက်
ကြာမှ ပေါ်တတ်သည်။

သို့ရာတွင် ကျွဲနွားများ ရေသောက်ရန်၊ ရေစိမ်ရန်အိုင်ထဲဆင်းမည်လုပ်တိုင်း ထိုမိကျောင်းကြီး ရုတ်တရက် ပြန်ပေါ်လာသည်။ ကျွဲ၊ နွား၊ ဆိတ်စသောသတ္တဝါများကမိကျောင်းကြီးကိုမြင်ရသည့်တိုင် နောက်မဆုတ်ဘဲ ရေအိုင်ထဲဆင်းရန် အိုင်ပေါ်မှ ဆင်းမည် လုပ်သည်နှင့် မိကျောင်းကြီးက ရေထဲမှ တစ်ရှိန်ထိုးတက်ပြီး တိရစ္ဆာန်များနောက်ကိုအပြေးလိုက်သည်။ ကိုက်မည့်ပုံစံဖြင့်ပါးစပ်ကြီးဖြဲပြသည်။ တကယ်တော့မိကျောင်းကြီးကမည်သည့်သတ္တဝါကိုမျှ ရန်မမူ၊ ကိုက်ဖြတ်ခြင်း၊ စားသောက်ခြင်းမပြု၊ ကြောက်ပြီးနောက်ထပ်ထိုသို့မပြုမူရဲအောင်သာ ခြောက်လှန့်သည့်သဘောမျိုး လုပ်ပြပြီး အိုင်ထဲ ပြန်ဆင်းသည်။

မိကျောင်းကြီးကို ကုတ္တိုတော ရွာသားများသာမက ဆီးပင်ကြီး၊ ကျောက်တိုင်၊ အိုင်ကလေး၊ ကျုံကသိုက် စသော ရပ်နီးဒေသများရှိလူများပါမြင်ကြသည်။ ထိုလူများမြင်ကြရခြင်းမှာ ဘုရားငုတ်တိုဘုရားပွဲကို လာစဉ် မြင်ကြရခြင်း ဖြစ်သည်။

ဘုရားငုတ်တိုမှာ ရှေးဟောင်းကိုးတောင်ပြည့် မြေစိုက်စေတီတော် ဖြစ်သည်။ ဘွဲ့တော်ကို မည်သူမျှ မသိကြ။


www.burmeseclassic.com

www.burmeseclassic.com

အလှူရှင်များမှာလည်း မည်သူမည်ဝါဆိုပြီး မသိကြ။ အိုမင်းယိုယွင်း ပြိုဆင်းတာ စေတီဘုရားဟု သိသာရုံသာ ကျန်ရှိသော စေတီတော်ဖြစ်သည်။ မသိလျှင်သာမန်အုတ်ပုံတစ်ပုံဟုသာ ယူဆကြသောထို "ဘုရားငုတ်တို" မှာတန်ခိုးကြီးထွားသည်။

ရှေးယခင်က "ဘုရားငုတ်တို" ဘုရားပွဲတော်မကျင်းပသေး။ "မွေ့စကြာအခါတော်နေ့" ၏ညဦးယံမှ နံနက်မိုးသောက်ယံအထိ "ဘုရားငုတ်တို" မှ ရောင်ခြည်တော် ကွန့်မြူးဖူးသည်။

ကုက္ကိုတောရွာသူ၊ ရွာသားများက မူလက "ဘုရားငုတ်တို" မှ ရောင်ခြည်တော် ကွန့်မြူးမည်ဟု မထင်။ သူတို့မြင်ကြရသည်မှာ အလင်းရောင်များ၊ မီးရောင်များကို တွေ့ကြရခြင်းပင်။

"ဟာ - မီးရောင်တွေ မြင်တယ်ဟေ့"

"တောင်းကင်တစ်ခုလုံးတောင်လင်းတယ် ထင်ရတယ်"

"ဘုန်းကြီးကျောင်းဘက်က လင်းတာကွ"

"ဘုန်းကြီးကျောင်း မီးလောင်တာလားမသိဘူး"

"ကျောင်းအိုင်ဘုန်းတော်ကြီးကျောင်းဖြစ်လာသည့်ကုက္ကိုတောဘုန်းတော်ကြီးကျောင်း" မီးလောင်ပြီ အထင်ဖြင့် အပြေးအလွှားရောက်လာကြသောရွာသူရွာသားများက အကောင်းအတိုင်းဖြစ်နေသည့် ဘုန်းတော်ကြီးကျောင်းကိုမြင်သည်။ ဆရာတော်ကိုမတွေ့။

သူတို့ တွေ့မြင်ကြရသည်မှာ "မိကျောင်းအိုင်ဘုန်းတော်ကြီးကျောင်း" အနီးရှိ "မိကျောင်းအိုင်ကြီး" နှင့် ကိုက်တစ်ရာခန့်အကွာ၌ရှိသော "ဘုရားငုတ်တို" မှ ရောင်ခြည်တော်များ ကွန့်မြူးနေခြင်းနှင့် ထိုဘုရားငုတ်တို၏ ဖိနပ်တော်အနီး၌ တရားအားထုတ်နေသော ဆရာတော် ဘဒ္ဒန္တပညာသီဟ ဖြစ်ပါသည်။

ထိုနှစ်မှစ၍ "ဘုရားငုတ်တို" ဘုရားပွဲကို "မွေ့စကြာအခါတော်နေ့" ရောက်တိုင်း နှစ်စဉ်ကျင်းပခဲ့ခြင်း ဖြစ်သည်။ အနီးအနားကျေးရွာများရှိ ရွာသူရွာသားများက ဆရာတော်နှင့် ဘုရားငုတ်တိုအကြောင်း ကြားသိရခြင်းကြောင့် ဗွဲ့တော်သို့ လာရောက်ကြရာမှ မိကျောင်းကြီးကို မြင်ရခြင်းဖြစ်တော့သည်။

※



www.burmeseclassic.com

www.burmeseclassic.com

လမိုက်ည သန်းခေါင်ယံအချိန်။

"ဗုန်း-ဗုန်း-ဗုန်း-ဗုန်း"

"ရှမ်း-ရှမ်း-ရှမ်း-ရှမ်း"

"ကြောက်ပါပြီဗျ-သေပါပြီဗျ"

"တယ်ကြပါဦးဗျာ"

တဗုန်းဗုန်း ထုရိုက်သံများ၊ တရှမ်း ရှည်အောင် ကြာပွတ်ရိုက်သံများ၊ ကြောက်လန့်တကြားဖြင့် ငယ်သံပါ အောင် အော်ဟစ်တောင်းပန်သံများ၊ သံများက ကုက္ကိုတောရွာသားများ အိပ်ရာမှ နိုးထစေခဲ့သည်။

"ကိုရင်ဖျိုင်း-ကိုရင်ဖျိုင်း"

"ဘာတုံး-မရွှေမိရဲ့"

"တော် မကြားဘူးလား"

"ဒီလောက် အော်နေ ဟစ်နေ ငိုနေ ကြားဘဲ နေမလား"

"ကြားတာက ဘုန်းကြီးကျောင်း တာ အသံတွေ ထင်တယ်"

"ဟုတ်မယ်ကွ-ကျုပ်လည်း အဲဒီ ထင်တယ်"

"ဆရာတော်ကို လူဆိုးတွေ ဖမ်းပြီး ဗုတ်ညှဉ်းဆဲနေတာ ထင်တယ်။ ကျောင်းကို သွားစမ်းပါဦးတော်"

"တာ-ကျုပ် တစ်ယောက်တည်း လို့ဖြစ်မလား"

"တော်ဟာလေ-တော်တော့်ကို နားဝေးတဲ့ လူပဲ၊ ကိုတုတ်ကြီးတို့၊ ကိုအောင်မောင်းတို့၊ ကိုသန်းဌေးတို့ကို လည်းခေါ်သွားပေါ့၊ လူရွယ်လူလတ်တွေ ဖြစ်တဲ့ ခင်မောင်မြင့်တို့ လူစုကိုလည်း ခေါ်၊ လူများလေကောင်းလေ၊ တုတ်တွေ၊ ဓားတွေ၊ မိုန်းတွေ၊ လှံတွေလည်းယူသွား ကြ၊ လေးခွတွေ လောက်စာလုံးတွေ လည်း မမေ့နဲ့၊ တိုင်ပင်ပြီး ခြေသံလုံလုံနဲ့ ဆရာတော်ကို မြန်မြန်သွားကယ်ကြပါ တော်"

ဦးဖျိုင်းတို့ဇနီးမောင်နှံကဲ့သို့ အခြားသော ရွာသူရွာသားများကလည်း ဆရာတော် ဘဒ္ဒန္တပညာသီဟကို လူဆိုးဓားပြများက ဖမ်းဆီးနှိပ်စက်နေသည်ဟု ထင်သည်။ ထို့ကြောင့် ညတွင်းချင်း လူစုပြီး ဘုန်းတော်ကြီး ကျောင်းသို့ သွားကြသည်။

ဘုန်းတော်ကြီးကျောင်း၌ ဆရာတော် တစ်ပါးတည်းသာ သီတင်းသုံးသည်။ အခြားသံဃာတော်များ၊ ရှင်သာမဏေများ မရှိ၊ ကျောင်းတံခါးများကို ဖွင့်ထားပြီး ဆရာတော်က ကျိန်းစက်နေဆဲ။

ရွာသားများ၏ ခြေသံကြားသည်နှင့် ဆရာတော်က နိုးနိုးနှင့်ပြီးပြီး၊ ဘုန်းကြီး ကျောင်းဝင်းထဲ ဝင်လာသည်နှင့် ရိုက်သံ



www.burmeseclassic.com

www.burmeseclassic.com

အော်သံငိုသံများရပ်သွားသောကြောင့် သတိကြီးစွာထားပြီး ကျောင်းထဲဝင်လာသော ရွာသားများကို ဆရာတော်က မြင်သည်။ လက်ထဲ၌ ဓားများ၊ လှံများ၊ မိန်းများ၊ လေးခွများကို ဆရာတော်က မြင်သည်။

ဆရာတော်ကို ရွာသားများက မမေးရသေး။ ထိုစဉ်ကြားခဲ့ရသော ရိုက်သံ၊ အော်သံ၊ ငိုသံများကို ရွာသားများ ကြားကြရပြန်သည်။

"ဗုန်း–ဗုန်း–ဗုန်း–ဗုန်း"

"ရှမ်း–ရှမ်း–ရှမ်း–ရှမ်း"

"ကြောက်ပါပြီဗျ–သေပါပြီဗျ"

"ကယ်ကြပါဦးဗျာ"

သည်တစ်ခါ ထိုအသံများကို ဆရာတော်ပါ ကြားလိုက်ရသည်။

"ဒါ ဘုရားငုတ်တိုက လာတဲ့အသံပဲ၊ သွားကြည့်ကြမယ်"

ဆရာတော် ဘဒ္ဒန္တပညာသီဟက ကျောင်းပေါ်မှ ဦးစွာဆင်းသည်။ ရွာသားများက လက်နက်ကိုယ်စီကိုင်ပြီး နောက်မှလိုက်သည်။ မီးအုပ်များ၊ မီးအိမ်များကို ကိုင်ထားကြဆဲ။

"ဘုရားငုတ်တို" အနီးရှိ မြင်ကွင်းကို ကြည့်ပြီး သူတို့ အံ့အားသင့်ကြသည်။

လူတစ်စု၊ မြေပြင်ကို ရေထင်ပြီး ကူးခ... နေသူများ၊ သူတို့ကို အမြီးဖြင့် တဗုန်းဗုန်း ရိုက်နေသူက မိကျောင်းကြီး၊ မိကျောင်းကြီး၏ မျက်စိတစ်ဖက်မှ သွေးများ ... ဆင်းကျနေလာသည်၊ ထိုလူများ ... ကြောက်လန့်တကြား အော်ဟစ်ငို... နေလေသည်။

"ကောင်ကြီး တော်တော့"

ဆရာတော့်စကားကြောင့် မိကျောင်း... ကြီး အမြီးရိုက်ရပ်သွားသည်၊ အံ့ဩစရာ... မှာ တကယ့်သက်ရှိမိကျောင်းကြီး၏ ... အမြီးဖြင့်သာ အရိုက်ခံရလျှင် အချို့... ပေါင်းများစွာကို မဆိုထားဘဲ၊ တစ်ချက်... တည်းဖြင့် အသက်ထွက်သွားမည်မှာ ... သေချာသည်။ သို့သော် ထိုအရိုက်ခံရသူ... များက မသေသေး။

မသေသေးသော မိကျောင်းအမြီး... ဖြင့် အရိုက်ခံရသူများက လေးယောက်... လေးယောက်လုံး မြေပြင်ကို ရေထင်ပြီး ကူးခတ်နေသောကြောင့် မျက်နှာရော ကိုယ်ခန္ဓာပါ ဖုန်တွေ၊ သွေးတွေ ပေ... သည်၊ လူးလိမ့် အော်ဟစ်ငိုယို... သည်။

ထိုလူလေးယောက်မှ ...ယောက် ကို ဆရာတော်က လက်ညှိုးထိုးပြပြီး–

www.burmeseclassic.com

www.burmeseclassic.com

"ဒီကောင်က တော်တော်မိုက်ရိုင်း ...ကောင်၊ သူ့ကိုယ်သူ သိုက်ဆရာဆိုပြီး ...ရားဂုတ်တိုကို လာဖြိုတာ၊ သိုက် ...တာ၊ ဘုရားသိုက်တောင်မရှောင် ...မိုက်၊ နင့်အကုသိုလ်ဒဏ် နင်ခံပေ ...တော့" ဟုပြောလိုက်သည်နှင့် ထိုလူကြီး ...စပ်မှ သွေးများအန်ပြီး ငြိမ်ကျသွား ...ည်။ ထိုသိုက်ဆရာဆိုသော လူကြီး ...သေပြီ။

ဆရာတော်က ...

"ကျန်တဲ့ သုံးယောက်ကလည်း ...ဘသားတွေ၊ လောဘကြောင့် ...ဖောက်တာ၊ စည်းဖောက်လို့ စည်း ...ပြီး မြေကြီးကိုရေထင်ပြီး ကူးခတ် ...ကြတာ၊ ဘုရားသိုက်မှန်း သိပြီး ...ဘကြီးလွန်းတော့ လောဘဒဏ် ...တော့" ဆိုပြီး ပြောလိုက်သည်နှင့် ...စ်ရှားမှုများ ငြိမ်သွားကြသည်။ ...ဘသားငမိုက်သား သုံးယောက် ...ည်း သေပြီ။

ထိုအခါမှ ဆရာတော်က ကုက္ကို ...တောရွာသားများအား ပြောကြားခဲ့ ...ည်။

"လူ့ဘဝဆိုတာ သက်တမ်းတိုတို ...သေး ရခဲ့တဲ့ လူ့ဘဝကို ရလာတုန်းမှာ ကောင်းမှုကုသိုလ်တွေ ယူကြရမယ်၊ သီလစောင့်ကြရမယ်၊ စိတ်ကို အလို မလိုက်ကြနဲ့၊ တည်ငြိမ်တဲ့ သမာဓိ ရအောင် ကြိုးစား၊ သမာဓိရတာနဲ့ ဘာဝနာတရားအားထုတ်ဖို့ မမေ့ကြနဲ့၊ ဒကာတို့မြင်တဲ့အတိုင်း မိုက်ရိုင်းတဲ့ သိုက်ဆရာနဲ့ တပည့်တွေက လူဖြစ်ပြီး လူဖြစ်ကျိုးနပ်အောင် မနေကြတဲ့ လူတွေ၊ ဒကာတို့က လူဖြစ်ကျိုးနပ်တဲ့ လူတွေဖြစ်အောင်နေထိုင်ပြီး ကိုယ့်ဘဝကို ကိုယ်မြှင့်တင်ကြပါ"

ထိုညက ဆရာတော် ဘဒ္ဒန္တပညာ သီဟ၏ ပြောကြားဆုံးမခဲ့သော ဩဝါဒ ကို ကုက္ကိုတောရွာသားများက ဆရာ တော်၏ နောက်ဆုံးဩဝါဒမှန်း မသိခဲ့ ကြ။

※

သိုက်ဆရာနှင့်တပည့်သုံးယောက် ဘုရားဂုတ်တိုအနီးတွင် သေဆုံးသော ညဉ့် ဆရာတော်နှင့်အတူ ထိုနေရာသို့ ရောက်ရှိခဲ့သောကုက္ကိုတောရွာသားများ က ထိုညဉ့်ရွာမပြန်ရဲကြတော့၊ "ကောင် ကြီး - တော်တော့" ဆိုသော ... ကြောင့် မြေပြင်ကိုရေထင်ပြီး ကူးနေကြ

www.burmeseclassic.com

သောလူလေးယောက်ကိုအမြီးဖြင့်ရိုက်နေသည့် မိကျောင်းကြီး၊ ရိုက်သည်ကို ရုတ်တရက်ရပ်ပြီး မိကျောင်းကြီး၊ ဖုန်များ၊ သွေးများဖြင့် မြေပြင်ကို ကုတ်ခြစ်ပြီး လူးလိမ့်အော်ဟစ် ငိုယိုနေကြသော သိုက်ဆရာနှင့် ငမိုက်သားများ၊ "နင်တို့အမိုက်ဒဏ် နင်တို့ခံ"၊ "နင်တို့ လောဘဒဏ် နင်တို့ခံ" ဟူသော စကားကိုပြောပြီး၍ချိန် သေဆုံးသွားခဲ့ကြသူ လူလေးယောက်၊ ထိုမြင်ကွင်းကို ရွာသားများချတ်စိတ်ထဲမှ မပျောက်၊ ထို့ကြောင့်ကြောက်လန့်ပြီး အိမ်မပြန်ရဲဘဲ ဘုန်းတော်ကြီးကျောင်း၌ညအိပ်ခဲ့ကြသည်။

စစ်စစ်ပေါက်ပေါက် အိပ်သည်ဟုသာ ဆိုရသော်လည်း တစ်ယောက်မျှ နှစ်နှစ်ခြိုက်ခြိုက်အိပ်၍မရခဲ့၊ ကြက်အိပ်ကြက်နိုး သဘောသာ ရှိခဲ့သည်၊ မြင်ကွင်းဆိုးများကမြင်ကွင်းမှမပျောက်ကြ၊ ကြောက်လွန်းသောကြောင့် ဘုန်းကြီးကျောင်းရှိတံခါးအားလုံးကို စေ့စပ်သေချာစွာ ပိတ်ပြီးမှ အိပ်ခဲ့ကြခြင်း ဖြစ်သည်။

ဆရာတော် ဘဒ္ဒန္တပညာသီဟ ကျိန်းစက်သော အိပ်ဆောင်ရှေ့တွင် စုပေါင်းအိပ်ခဲ့ကြသော်လည်းအိပ်မပျော်ဘဲရှိခဲ့ကြသော်လည်းနံနက်အရုဏ်ခြည် လင်းသည့်တိုင် ဆရာတော်၏ အိပ်ခန်း တံခါးပွင့်သည်ကို မတွေ့ကြရ၊ အိပ်ခန်း တွင်းရှိစုတင်ပေါ်၌လည်းဆရာတော် မတွေ့ကြရ၊ ဘုရားခန်းရှေ့တွင်လည်း မတွေ့ရ၊ ကုဋီတက်သည် အထင်ဖြင့် ကုဋီဆီသွားကြည့်သောအခါတွင်လည်း မတွေ့ရ၊

တွေ့ရမြင်ရသည်မှာ သူတို့အိမ် လာကြစဉ် "ဘုရားငုတ်တို" ခြေ ရင်း၌စေတီတော်ကိုဦးခိုက်လဲလျော ကျနေသော အနေအထား၊ အနားသွား ကြည့်ကြသောအခါ ဆရာတော် ဘဒ္ဒ ပညာသီဟ ပျံလွန်တော်မူနေပေပြီ။

"ညတုန်းကတွေ့ခဲ့တဲ့လူသေ ယောက် ဘယ်ရောက်သွားတာလဲ"

"သိုက်ဆရာနဲ့ တပည့်တွေ သိုက်က အစောင့်လုပ်ဖို့ လာခေါ်သွား တာများလား"

"သိုက်ခေါ်ရင်ဝိညာဉ်ပဲခေါ်မှာ ရုပ်အလောင်းကို ခေါ်ပါ့မလား"

"အိပ်ခန်းထဲမှာ ကျိန်းစက်နေ ဆရာတော်ကအခန်းဝမှာအိပ်နေ မမြင်အောင် ဘယ်လိုတန်ခိုးနဲ့ ငုတ်တိုခြေရင်းကို ရောက်လာတာ



www.burmeseclassic.com

www.burmeseclassic.com

"ကျောင်းတံခါးတစ်ချပ်မှ မဖွင့်ဘဲ ဆရာတော်က ဘုရား ခြေတော်ရင်း ဆောက်နေတာ ထူးဆန်းတယ်"

"ဆရာတော်က ကျန်းမာရေး အကောင်းသားကြီးကနေ ဘယ်လိုဖြစ်သွားတာလဲ"

"ထွက်ရပ်ပေါက်သွားတာ ထင်တယ်"

"အရှင်ထွက်လား၊ အသေထွက်လားမသိဘူး"

"ဆရာတော်က အရင်ကတည်းက ထူးထူးဆန်းဆန်းထူးများလားမှ မသိတာ"

※

ညောင်ရွှေဆိုသို့ပင် ထင်မြင်ချက်ပေးကြစေကာမူ တုတ္တိုတောရွာသူ၊ ရွာသားများက "ကျောင်းအိုင် ဆရာတော် ဘဒ္ဒန္တပညာသီဟ" ၏ သာဓုကိစ္စနသဘင်ကို ဆင်နွှဲခဲ့ကြရသည်။

ဆရာတော်၏ အန္တိမဈာပနကိစ္စအားတို တုတ္တိုတောရွာနှင့် ရွာနီးချင်းများမှ ခြုံကြသော ဆီးပင်ကြီး၊ ကျောက်တိုင်တလေး၊ ကျုံကာသိုက်နှင့် တာ ကန်ကျွန်းရွာများရှိ ဘုန်းတော်ကြီးကျောင်းအသီးသီး၌ သီတင်းသုံးတော်မူကြသော ဆရာတော် သံဃာတော်များ ကလာရောက်ဦးဆောင်ဆောင်ရွက်ပေးခဲ့ကြပါသည်။

ကိစ္စအားလုံး ပြီးပြတ်သောအခါ တုတ္တိုတောရွာသူရွာသားများကိုယ်စား ရွာလူကြီးတစ်ဦးဖြစ်သူ ဦးလူကလေးက ဆရာတော် သံဃာတော်များအား ရှိခိုး ဦးခိုက်ပြီး ...

"တုတ္တိုတောရွာသူရွာသားများ ကိုယ်စားတပည့်တော်က တပည့်တော်တို့ "တုတ္တိုတော ဘုန်းတော်ကြီးကျောင်း" လို့ခေါ်ခဲ့တဲ့ပဲဟောဒီ "မိကျောင်းအိုင် ဘုန်းတော်ကြီးကျောင်း" မှာ အခုဆို သီတင်းသုံးတဲ့ဆရာတော်၊ သံဃာတော်တစ်ပါးမျှမရှိတော့တဲ့အတွက် ဥပုသ်သီတင်းဆောက်တည်တဲ့အခါ သီလပေးခြင်း၊ တရားဟောဖော်ညွှန်ပြဆိုဆုံးမပေးခြင်း၊ ရပ်ရွာရဲ့သာရေး၊ နာရေးကိစ္စတွေကိုဦးဆောင်ပေးနိုင်တဲ့ဆရာတော် သံဃာတော်တစ်ပါးကို ကျောင်းထိုင်ဆရာတော်အဖြစ် ဆရာတော် သံဃာတော်များက ခန့်ထားပေးခဲ့ဖို့ ခြေတော်ဦးခိုက်လျှောက်ထားတောင်းဆိုပါတယ်ဘုရား" ဟု တောင်းဆိုခဲ့သည်။

ထို့ကြောင့် ဆရာတော်များ၊ သံဃာတော်များက အချင်းချင်း တိုင်ပင်ကြသည်။ အစပထမ၌ အဆင်မပြေ၊ ထို

www.burmeseclassic.com

[illegible] သံဃာတော်တစ်ပါးက [illegible] ဆိုသံဃာမှာ ထိုစဉ်က သက်တော်နှစ်ဆယ့်ငါးနှစ်ခန့်သာ ရှိသေးသည်။

"ရွာသူရွာသားအားလုံးကသဘော တူပြီး ဆရာတော် သံဃာတော်များက သင့်တော်တယ်ဆိုပြီး ခန့်အပ်တာဝန် ပေးရင် တပည့်တော် ပေါဘီ မိကျောင်း အိုင် ဘုန်းတော်ကြီးကျောင်းမှာ သီတင်း သုံးရင်း သာသနာ့တာဝန်ကိုအစွမ်းကုန် တာဝန်ကျေပွန်အောင် ထမ်းဆောင်ပါ့ မယ်"

ကုက္ကိုတောရွာသူရွာသားအားလုံး က ထိုသံဃာတော်ကို ကျောင်းထိုင် ဆရာတော်အဖြစ်လိုလိုလားလားလက် ခံသည့်နည်းတူဆရာတော်သံဃာတော် များကလည်း ဝမ်းမြောက်ဝမ်းသာမှု ရှိကြောင်းသာဓုသုံးကြိမ်ခေါ်ဆိုခဲ့ကြရာ မှထိုသံဃာငယ်မှာမိကျောင်းအိုင်ဘုန်း တော်ကြီးကျောင်း၏ဒုတိယဦးစီးပဓာန နာယကဆရာတော် ဖြစ်တော်မူခဲ့ဖူးပါ သည်။

မိကျောင်းအိုင်ဘုန်းတော်ကြီး ကျောင်း၏ ဒုတိယဦးစီးပဓာန နာယက ဆရာတော်၏ ဘွဲ့တော်မှာ ဆရာတော် ဘဒ္ဒန္တသီလာစာရဖြစ်ပါသည်။

※

ဆရာတော် ဘဒ္ဒန္တသီလာစာ[illegible] လက်ထက်၌ ကုက္ကိုတောရွာမှာ ရွာ[illegible] ဖနပုဒ် မဟုတ်တော့။ အိမ်ခြေသုံး[illegible] နီးပါးအထိရှိလာခဲ့သည်။ ယခင်ကရွာ[illegible] ရွာထိပ်နှင့် ဘုန်းတော်ကြီးကျောင်း[illegible] နှစ်ဖာလုံခန့်အထိ ဝေးကွာနေခဲ့သော[illegible] လည်း လူဦးရေ များလာခြင်းကြောင့်[illegible] အိမ်ခြေများလာပြီး ကျောင်းနှင့်ရွာ[illegible] တံတိုင်းတစ်ခုသာ ခြားတော့သည်။

ကုက္ကိုတောရွာကြီးလာသည်နှ[illegible] အမျှ ရွာလမ်းများမှာလည်း ကျယ်လာ[illegible] သည်။ ကောင်းလာသည်၊ ဒိန်းဒေါ်[illegible] များ၊ ကားများပင် မောင်းနှင်လာနိုင်ပြီ[illegible] ရွာလယ်ချောင်းကူးတံတားမှာလည်[illegible] ဝါးတံတားငယ် မဟုတ်တော့။ ကားတ[illegible] နိုင်သော အခိုင်အမာတံတားကြီးဖြစ်[illegible] ပေပြီ။ ကလေး သူငယ်များ ပညာ[illegible] အပေါသီကံမဖြစ်စေရန် အခြေခံပညာ[illegible] မူလတန်းကျောင်းလည်း ရှိပြီးပြီ။ က[illegible] မာရေးအတွက်လည်း ကျေးလ[illegible] မာရေးဌာနတစ်ခုပင်ဖွင့်လှစ်နိုင်ခဲ့ပြီ[illegible] သည်။



www.burmeseclassic.com

www.burmeseclassic.com

မိကျောင်းအိုင်ဘုန်းတော်ကြီး
ျောင်း၏ ဒုတိယဆရာတော် ဘဒ္ဒန္တ
ာစာရက တစ်နေ့သော ဥပုသ်နေ့

"အတာကြီးတွေ၊ အကာမကြီးတွေကို
ွင်း ပြောရဦးမယ်။ ညတုန်းက အိပ်
တ်သလို မြင်တယ်၊ ကြားတယ်။
ာတ ပျံလွန်တော်မူသွားတဲ့ ဆရာ
ကြီးဘဒ္ဒန္တပညာသီဟ၊ ဆရာတော်
ထဲမှာ ကောင်းကင်ထဲမှာ ရပ်နေ
သင်္ကန်းဝတ်နဲ့ပဲ သင်္ကန်းက ရွှေ
င်တောက်နေတယ်။ ကြားတာက
တော်ဘုရားကြီးကမိန့်တော်မူတာ
ာင်ပဋ္ဌင်းတဲ့ "ဘုရားငုတ်တို" စေတီ
တ်ကိုညာဏ်တော်(၂၇)တောင်မြင့်တဲ့
တီတော်ကြီးဖြစ်အောင် ပြန်လည်
င်ကုသိုလ်ယူပါ။ ရှာသူရှာသားတွေ
ည်းကုသိုလ်ပါဝင်ကြပါစေလို့ပြောပြီး
တ်သွားတယ်။ ဦးပဋ္ဌင်းအဲဒီလိုအိပ်
လိုလိုဘာလိုလိုမြင်ရကြားရပြီးအိပ်
နိုးတော့ တွေးတောမိခဲ့တယ်။
ယ်ပဲအဲဒီလိုညာဏ်တော်၂၇တောင်
တဲ့ စေတီတော်ကြီး တည်လှူပူဇော်
ယ်ဆိုရင် လွယ်ပါ့မလား။ ရှာသူရှာ
တွေကလည်း သိပ်ပြီးချမ်းသာ
ယ်ကြတာမဟုတ်တော့စေတီတော်
ကြီးကိုမဖြစ်မနေတည်ကြရရင်နှစ်ရှည်
လများကြာတော့မှာပဲလို့တွေးလိုက်မိတဲ့
အချိန်မှာ ဆရာတော်ကြီးကိုမမြင်ရပေမဲ့
ဆရာတော်ကြီးရဲ့စကားသံကိုတော့ ပီပီ
သသ ကြားလိုက်ရတယ်။ မောင်ပဋ္ဌင်း
အဲဒီအတွက် ပူပင်စိတ်လုံးဝမထားနဲ့၊
မောင်ပဋ္ဌင်းနဲ့ ရှာသူရှာသားတွေ ကိုယ်
တိုင်သာ ဘုရားငုတ်တိုမှာ သီလခံပြီး
အဓိဋ္ဌာန် သုံးလယူ၊ သုံးလအတွင်း ရှာ
သားတွေကို ငါးပါးသီလမပျက်စေနဲ့၊
ရှစ်ပါးသီလ ဆောက်တည်နိုင်သူတွေ
ရှိရင်ပိုကောင်းတယ်။ မောင်ပဋ္ဌင်းကိုယ်
တိုင်ဦးဆောင်ရင် (၃) လပြည့်တဲ့နေ့မှာ
ဆုမတောင်းဘဲ ပြည့်လိမ့်မယ်တဲ့။ အဲဒါ
ကြောင့် မိကျောင်းအိုင် ဘုန်းတော်ကြီး
ကျောင်းရဲ့ပထမဆရာတော်ဘုရားကြီးရဲ့
ဆန္ဒအတိုင်းဦးပဋ္ဌင်းတို့က ဘုရားငုတ်တို
စေတီတော်ကို ညာဏ်တော် ၂၇ တောင်
မြင့်တဲ့ စေတီတော်ကြီး တည်လှူပူဇော်
နိုင်ပါစေလို့ အဓိဋ္ဌာန်ပြီး စေတီတော်ခြေ
တော်ရင်းမှာသီလယူကြမယ်၊ သုံးလတိ
တိ သီလမပျက်အောင် စောင့်ထိန်းကြ
မယ်။ ငါးပါးပဲ ယူနိုင်သူတွေကယူ၊ ရှစ်ပါး
ယူနိုင်သူတွေရှိလည်း ရှစ်ပါးယူ၊ အဲဒီလို
လုပ်ရင်မကောင်းဘူးလား" ဟုရှင်းလင်း
ပြောကြားမေးခဲ့ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com

ကုက္ကိုဝတော ရှာသူရှာသားများကလည်း "ကောင်းပါတယ် ဘုရား" ဟု တင်လျှောက်ကြသောကြောင့် ထိုဥပုသ်နေ့မှစတင်ကာ "ဘုရားငုတ်တို" စေတီတော်ကြီးထံမှ သီလယူခြင်း၊ အဓိဋ္ဌာန်ပြုခြင်းများ ပြုလုပ်ခဲ့ကြသည်။

ဤသို့ဖြင့် အဓိဋ္ဌာန်ပြည့်ရန် တစ်ရက်အလိုသို့ရောက်သောအခါ ဒုတိယဆရာတော် ဘဒ္ဒန္တသီလာစာရက ရှာသူရှာသားများကိုကျောင်းသို့ခေါ်ပြန်သည်။ ရောက်ရှိလာကြသောအခါ...

"ဒကာ၊ ဒကာမတို့ ဦးပဥ္စင်း ညက မြင်ရကြားရပြန်တယ်။ မြင်ရတာက တို့များရဲ့ ဆရာတော်ကြီး ကြားရတာက ဆရာတော်ကြီးရဲ့သတိပေးစကား ဆရာတော်ဘုရားကြီးက ဘယ်လိုသတိပေးစကားပြောထားလဲဆိုတော့ မောင်ပဥ္စင်း ရှာသူရှာသားတွေကို ကြိုတင်ပြောထား၊ ဒီဥပုသ်နေ့ရောက်ရင် အဓိဋ္ဌာန်ဝင်ထားတဲ့ သုံးလပြည့်ပြီ၊ ဥပုသ်နေ့အထိ သီလမပျက်စေနဲ့။ ဥပုသ်နေ့ရောက်ခါနီးမှ သီလကျိုးပေါက်ရင် မကောင်းဘူး။ ဥပုသ်နေ့အထိ သီလဆောက်တည်မှာ အဓိဋ္ဌာန်မပျက်မှာသိလို့ ကြိုတင်သာဓုခေါ်ပါတယ်။ သာဓု - သာဓု - သာဓု။

အဲဒီ ဥပုသ်နေ့မှာ မောင်ပဥ္စင်း[illegible] ရှာသူရှာသား တွေ မမြင်တာကြာပြီဖြ[illegible] တဲ့ "မိကျောင်းအိုင်" ထဲက မိကျောင်းကြီး[illegible] ပေါ်လာပြီး ဘုရားငုတ်တိုရဲ့ ခြေတော်ရင်း[illegible] နားအထိ တက်လာလိမ့်မယ်။ မကြော[illegible] ကြစေနဲ့။ ဘုရားလာဖူးတာ၊ ခြေတော်ရင်း[illegible] ရောက်တာနဲ့ ပါးစပ်ကြီးဟပြီး ရွှေငွေ[illegible] ရတနာတွေ သွန်ချပေးလိမ့်မယ်။ အဲဒ[illegible] တွေနဲ့ စေတီတော်ကြီးကို ပြီးအောင်[illegible] တည်၊ မိကျောင်းကြီးက ရွှေငွေရတနာ[illegible] တွေသွန်ချပြီးတာနဲ့ မူလရုပ်ဖြစ်တဲ့ သ[illegible] သားမိကျောင်း ရုပ်သေးသေးလေး ပြန်[illegible] ဖြစ်သွားမယ်။ အိုင်ထဲပြန်ချလိုက်ရင်[illegible] ပြီး ပျောက်သွားမယ်။ နောက်ထပ် ဘယ်[illegible] တော့မှ ပေါ်လာတော့မှာ မဟုတ်တော့[illegible] ဘူး။

ရတနာတွေ တွေ့တာနဲ့ လောဘ[illegible] မတက်စေနဲ့။ စေတီတော်ကြီး ပြီးစီး[illegible] အောင် တည်လုပ်ပြီးတာနဲ့ လိုအပ်တဲ့[illegible] သိမ်တွေ၊ မွှာရုံတွေ၊ ဇရပ်တွေ ဆောက်[illegible] နိုင်တယ်။ ပိုတဲ့ ကျန်တဲ့ ရွှေတွေ၊ ငွေတွေ[illegible] ကိုတော့ စေတီတော် ခြေတော်ရင်းရှေ့[illegible] မြေကြီးကို လက်လေးလုံးလောက်[illegible] အနက်တူးပြီး မြှုပ်လိုက် အလိုလို ခြေ[illegible] အောက်ပြန်ရောက်သွားမယ်။ မောင်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဆွမ်းလည်းသာသနာရေးကိုဆက်ကြိုးစား၊ ဝိပဿနာ ဘာဝနာအလုပ် ပိုအားထုတ်၊ အားလုံးကို ကောင်းမှုကုသိုလ်တွေ လုပ်ပါစေလို့ ဆုံးမခဲ့တယ်။ ဒါကြောင့် ရွာသူရွာသားတွေ မနက်ဖြန် ဥပုသ်နေ့မှာ ဘုရားငုတ်တို၊ စေတီတော်ခြေတော်ရင်း မြေကွက်လပ်ကို ဆက်ဆက်လာပါ၊ သီလဆောက်တည်ပါ၊ ဆရာတော် ဆုံးမစကားကိုတိတိကျကျ နာခံပါလို့ပြောချင်လို့ ခေါ်လိုက်ရတာဖြစ်တယ်"ဟု ပြောပြခဲ့ပါသည်။

ဥပုသ်နေ့ရောက်သောအခါ ဆရာတော် ဘဒ္ဒန္တသီလာစာရ ကြိုတင်ပြောကြားသည့်အတိုင်း တစ်ထပ်တည်း ဖြစ်လာသည်။

မိကျောင်းအိုင်၏ ရေလယ်တွင် မိကျောင်းကြီး ပေါ်လာသည်။ မိကျောင်းကြီးက ကမ်းစပ်ရောက်အောင် ကူးခတ်လာသည်၊ ကမ်းစပ်ရောက်သည်နှင့် လက်နှင့်ခြေကို အသုံးပြုကာ "ဘုရားငုတ်တို" ခြေတော်ရင်းနားအထိ တက်လာသည်။ ခြေတော်ရင်းနားအရောက်၌ ဘုရားငုတ်တို စေတီတော်ကို ရှိခိုးဦးခိုက်သည့်ပုံစံဖြင့် ဦးခေါင်းသုံးကြိမ် ညိတ်ပြီးမှ ပါးစပ်ဟသည်။ ပါးစပ်ထဲမှ လက်စွပ်၊ ဆွဲကြိုး၊ လက်ကောက်စသည့် ရွှေထည်များစွာနှင့်ငွေဒင်္ဂါးများစွာအန်ချပေးပြီး တဖြည်းဖြည်း သေးငယ်သွားသည်မှာလက်ဝါးပေါ်တင်၍ရသည့်သစ်သားမိကျောင်းရုပ်ကလေးအထိ။

ထိုအခါမှ ဒုတိယဆရာတော်က ထိုမိကျောင်းရုပ်ကလေးကို ယာဘက်လက်ဝါးပေါ်တင်ပြီး မိကျောင်းအိုင်ထဲ ပြန်ချပေးလိုက်သည်။ ရေနှင့် ထိသည်နှင့် သစ်သားမိကျောင်းရုပ်ကလေးက ရေလယ်အထိ ကူးသွားပြီးမှ ငုတ်သွားသည်။ လုံးဝပြန်ပေါ်မလာတော့။

※

ယောဂီကြီးအမေကျော့က နောက်ကြောင်းပြန် ရှေးဖြစ်ဟောင်းအတော်ကို အပြောကောင်းသည်။

"အဲဒီရွှေငွေရတနာတွေနဲ့ ဆရာတော် ဦးသီလစာရက ဦးစီးပြီး ဘုရားငုတ်တိုစေတီတော်ကို ညက်တော် ၂၇ တောင်မြင့် တဲ့ စေတီတော်ကြီးဖြစ်အောင်တည်လှူပူဇော်တယ်။ ထီးတော်ဆက်ကပ်တော်မူစဉ်က စေတီတော်ကြီးရဲ့ဘွဲ့တော်ကို စူဠာမဏိစေတီတော်တို့ ဆက်ကပ်ခဲ့တယ်။ မြင်တွေ့ဘုရားတ


www.burmeseclassic.com

www.burmeseclassic.com

တာဝတိံသာမှာဓမ္မစကြာတရားဦးဟော တဲ့ စူဠာမဏိစေတီတော်ကို ပူဇော်တဲ့ အနေနဲ့ ဘွဲ့တော်ဆက်ကပ်တာလို့ ဆို တယ်။ ဒါကြောင့်ဒီစူဠာမဏိစေတီတော် ဘုရားပွဲတော်ကို နှစ်စဉ် ဓမ္မစကြာ အခါ တော်နေ့ရောက်တိုင်း ကျင်းပတာ ဖြစ် တယ်။ ခုနှစ်ရက်တိုင်တိုင်ကျင်းပတာက ဝိပဿနာတရားစခန်း၊ အလုပ်ပေး တရားစခန်းပွဲကိုလည်းခုနှစ်ရက်ကျင်းပ လို့၊ မိကျောင်းအိုင် ဘုန်းတော်ကြီး ကျောင်းရဲ့ဒုတိယဆရာတော်ဦးသီလာ စာရသက်တော်ထင်ရှားရှိစဉ်ကဟောဒီ စေတီတော်ကြီးနဲ့သာသနိကအဆောက် အအုံတွေဖြစ်တဲ့ နေမိန္ဒသိမ်တော်ကြီး၊ ဓမ္မခန္ဓာဓမ္မာရုံကြီးနဲ့ဝိသာခဇရပ်ကြီးကို ဆောက်လုပ်နိုင်ခဲ့တယ်။ အခုလိုတရား စခန်းမဖွင့်နိုင်သေးဘူး။

တတိယဆရာတော် အဲ - လက်ရှိ ဆရာတော် ဦးဝိလာသလက်ထက် ရောက်မှတရားပွဲတွေကျင်းပနိုင်ခဲ့တာ။ တရားဟောမဏ္ဍပ်ကြီးဆောက်လုပ်နိုင် တာ၊ အမျိုးသားယောဂီဆောင်၊ အမျိုး သမီး ယောဂီဆောင်၊ ဘောဇနဆောင် စတာတွေဆောက်လုပ်နိုင်တဲ့အပြင်ရေ စက်တွေ၊ မီးစက်တွေပါ အပြည့်အစုံရှိ နေခဲ့တာ ဆရာလေးရဲ့"

သီလရှင် ဆရာလေး ဒေါ်ကုမ္မာရီ ဘွဲ့ခံတစ်ချိန်က စာရေးသူနှင့် ရင်းနှီးခဲ့ သော ယောဂီကြီးအမေကျော့က မိကျောင်းအိုင်နှင့် ပတ်သက်၍အထက် ပါအတိုင်း အတိတ်ကို သတိရကာ ပြော ပြခဲ့ဖူးပါသည်။

ပန်းတနော် နောင်လတ်

### အနာပေါက်ကုထုံး

**ဒေါင်းသိုနာ**

ခံတွင်း၌ ပေါက်တတ်သည်။ သနပ်ခါးခေါက်၊ ကင်ပလင်းမြစ်ကို အညီမျှသွေးကာ လိမ်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



# အမျိုးကိုလှကြည့်
# ထို …
# ဆောင်းတစ်ညတွင်

ဝေမွန်လင်း

www.burmeseclassic.com

www.burmeseclassic.com

အမ်ဂျီ
လှကြည်

# ထို…ဆောင်းတစ်ညတွင်

ရာသီဥတုက သိသိသာသာ ဖောက်ပြန်လာခဲ့သည်မှာ လေးငါးနှစ်မက ရှိလာခဲ့ပါလေပြီ။

သည်နှစ် နွေရာသီတုန်းကလည်း ခရမ်းလွန်ရောင်ခြည်ညွှန်းကိန်းအမှတ် အမြင့်ဆုံးအထိရောက်အောင် ပူပြင်းခဲ့သလိုပြီးခဲ့သည့်မိုးရာသီတုန်းကလည်း နှစ်ပေါင်းတစ်ရာကျော်အတွင်းတစ်ခါမျှ မကြုံခဲ့ဘူးသေးသည့် တစ်နယ်လုံး ရေကြီး ရေလျှံမှု၊ မြေပြိုမှု စသည့် ရေဘေးဒဏ်သင့်မှုတို ခံလိုက်ကြရသည်။ သို့ဖြစ်၍လည်း သည်နှစ်သည်ကား ရာသီဥတု ဖောက်ပြန်မှုသည် အစွန်းသို့ ရောက်အောင် အဆိုးရွားဆုံးနှစ်ဟု ဆိုရလိမ့်မည် ထင်ပါသည်။

ဤသို့ဆိုလျှင် ယခုရောက်ရှိနေသည့် သည်ဆောင်းဟေမန်ရာသီတွင်မှာရော…။

※

ယနေ့ ဒေါက်တာစိန်သွင် အိမ် အပြန် အတော်နောက်ကျသည်။ သူ တာဝန်ထမ်းဆောင်ရာ ပြည်သူ့ဆေးရုံကြီး၏ ဂျူတီဇယားအရ ခါတိုင်း ညနေစောင်း မှောင်ရည်သမ်းသည်နှင့် ပြန်ရောက်နေကျဖြစ်သော်လည်း သည်နေ့ ညနေပိုင်းတွင် အလုပ်တွေက များလွန်းလှသည်။

ယနေ့ ညနေပိုင်း မြို့အဝင်တွင် သည်မြို့သို့လာသည့် ခရီးသည်တင်မှန်လုံကားကြီးတစ်စီးသည် ဘရိတ်ပေါက်ပြီး အရှိန်လွန်၍ လမ်းဘေးသို့ ထိုးကျသွားရာမှ ဆေးရုံသို့ ရောက်လာသော မသေကျန်စိုးရိမ်ရ၊ မစိုးရိမ်ရ လူနာများ ရောက်လာခဲ့သဖြင့် အတော်ကလေး ပင်ပန်းလာခဲ့လေသည်။ သို့ဖြစ်၍ အချိန်ကလည်း လွန်နေပြီဖြစ်သောကြောင့် ခါတိုင်း ပြန်ရောက်လာပြီဆိုလျှင် ထုံး အတိုင်း ညစာထမင်း များမီ ဝီစကီနှင့်

www.burmeseclassic.com

...တ်ခန့်ကို မော့နေကျဖြစ်သော်လည်း ...ည်နေ့ ညနေပိုင်းတွင်မူ တစ်ပက်ကို ...င်တုန်အောင်မသောက်နိုင်လေတော့ ...း ညစာထမင်းကိုလည်း ဟုတ္တိပတ္တိ ...ားနိုင်တော့လောက်အောင်ပင် မော ...တ်ပင်ပန်းနေလေသည်။

အပြင်တွင် ဆောင်းလေက မုန် ...င်းငယ်ပမာ ခပ်ပြင်းပြင်းတိုက်ခတ်နေ ...ည်။ နှင်းမှုန်တိုင်းတိုက်နေသည်လား ...ဆိုနိုင်ချေ။ ယနေ့ညပိုင်းသည် အရင် ...ညတွေထက် ပို၍အေးနေသည်ကား ...မှန်ပင်ဖြစ်သည်။ မနေ့ကညကထက် ...၍ပင်အေးနေသည်။ လေထု၏အပူချိန် ...ားမနေ့ကထက် ပို၍ပင် လျော့ကျနေ ...ည်။

အပြင်တွင်တိုက်နေသည့်ဆောင်း ...လခပ်ပြင်းပြင်း၏အရှိန်ကြောင့်အိမ်ထဲ ...ွင်အလွန်အမင်းအေးစက်ပြီး ချမ်းစိမ့် ...နေသည်။ သူ ထမင်းစားစားပွဲမှထလိုက် ...ချိန်တွင် ရှင်းလင်းသိမ်းဆည်းရန် အိမ် ...ာ်မလေး ရောက်လာသည်။

အိပ်ခန်းထဲသို့ရောက်တော့ စော ...စာတကပင်ချမ်းချမ်းစီးစီးဖြင့်ကွေးနေနှင့် ...ဖြစ်သော သူ့ဇနီးကိုပင် နှုတ်မဆက် ...င်တော့ဘဲ ဂွမ်းစောင်ထူကြီးကို လည် ...င်းအထိရောက်အောင် ဆွဲ၍ခြုံလိုက် ...ည်။ သူ အိပ်ချင်လှပြီ။ ခြေတွေ လက်တွေမလှုပ်ချင်တော့လောက်အောင်ပင် မောပန်းနေလေပြီ။ သက်မရှည်ကြီး ပင့်ရှိုက်၍မှုတ်ထုတ်လိုက်ပြီးအချိန်အနည်းငယ်အတွင်းမှာပင် နှစ်မြိုက်ကြည်မွေ့စွာ အိပ်ပျော်သွားလေတော့သည်။

သူ့အိမ်မှာမြို့အပြင်မကျတကျတွင် ရှိနေသည့်ပြင် ခုအချိန်သည် အအေးဓာတ် ပြင်းထန်လွန်းလှသည့် ဆောင်းညဥ့်ဖြစ်နေပြန်၍လည်း ညဥ့်ရှစ်နာရီ မထိုးခင်ကပင်ဝန်းကျင်တွင်လူသွားလူလာဟူ၍မရှိသလောက်ပင်ရှင်းသွားပြီး တိတ်ဆိတ်၍ ငြိမ်သက်နေလေသည်။ သည်နေ့ ညဥ့်တွင်မူ ခွေးတစ်ကောင်တလေမျှပင် အူသံဟောင်သံ မကြားရလောက်အောင်ပင် ပကတိတိတ်ဆိတ်၍ငြိမ်သက်နေသည်။

ညဥ့်နက်လာသည်နှင့်အမျှအအေးဓာတ် ထွေးပတ်မှုက ပို၍ပင် တင်းကျပ်လာသလို ချမ်းချမ်းအေးအေးနှင့်လူတွေအားလုံး ငြိမ်သက်စွာကွေး၍ အိပ်မောကျနေကြပြီဖြစ်သော်လည်း ငြိမ်သက်၍ ရပ်တန့်ခြင်းမရှိဘဲ လှုပ်ရှားလည်ပတ်နေသည်ကတော့ နာရီ၏ လက်တံများပင်ဖြစ်သည်။

ဤသို့ တိတ်ဆိတ်၍ ငြိမ်သက်နေချိန်တွင် သူ့အိမ်နှင့် မလှမ်းမကမ်း တစ်နေရာမှ ရုတ်တရက် ခွေးတစ်ကောင်၏



www.burmeseclassic.com

www.burmeseclassic.com

ဟောင်သံက ပေါ်ထွက်လာသည်။ ထိုခွေးသည် ညဥ့်မှောင်ထဲတွင် တစ်စုံတစ်ရာကို မြင်လိုက်ရသည့်အလား ဤသို့ထိုး၍ဟောင်လိုက်ပြီးသည်နှင့် ဆွဲဆွဲငင်ငင်အူလိုက်သည့်အသံက တစ်ဆက်တည်း ပေါ်ထွက်လာသည်။ အသည်းငယ်၍ကြောက်တတ်သူများအတွက်ရိုးတွင်းချဥ်ဆီထဲအထိ စိမ့်သွားစေပြီး ကြက်သီးမွေးညင်းများ ထသွားဖွယ်ရာ ဖြစ်ပေသည်။

မကြာမီမှာပင်အလျင်စလိုအသွင်ရှိလှရိပ်တစ်ခုသည် ပျာယီးပျာယာနိုင်လှစွာဖြင့် ဒေါက်တာစိန်သွင်၏ အိမ်ဆီသို့ တရွေ့ရွေ့လျှောက်လာနေသည်။

ခြံဝင်းတံခါးကို ဆွဲဖွင့်လိုက်ပြီး ခဏအတွင်းမှာပင်အိမ်ပေါက်ဝဆီသို့ရောက်လာပြီးသည်နှင့် ...

"ဒေါက် - ဒေါက် - ဒေါက်"

တံခါးခေါက်သံမှာ တိုးနေသဖြင့် အိမ်ထဲရှိ အိပ်မောကျနေကြသူတွေ နိုးလာကြပုံ မရှိချေ။ သို့ဖြစ်၍လည်း ...

"ဒေါက် - ဒေါက် - ဒေါက် - ဒေါက် - ဒေါက် - ဒေါက်"

သည်တစ်ခါတွင်တော့ တံခါးကို ဆပ်၍ ခေါက်လိုက်သည့် အသံက ပို၍ ပြင်းထန်လာသလို ပို၍လည်း ကျယ်လောင်လှသည်။ ထိုတံခါးခေါက်သံ [illegible] ပြင်းပြင်းကြောင့် ဗျတ်ခနဲ နိုးလာသူ [illegible] သူ့ဇနီးပင်ဖြစ်သည်။ သူမက ပို၍သေ[illegible] အောင် နားစွင့်လိုက်သည်။ တံခါးခေါ[illegible] သံက ခပ်ပြင်းပြင်းနှင့် ကျယ်လောင်စွာ အဆက်မပြတ်ထွက်ပေါ်နေဆဲပင် ဖြစ်သည်။

"ကိုစိန်သွင် - ကိုစိန်သွင် - အိမ်ရှေ့က တံခါးခေါက်သံ ကြားတယ်"

သူ့ဇနီးက အိပ်ပျော်နေသည့်ဒေါက်တာစိန်သွင်၏ လက်မောင်းကို အသာလှုပ်၍နှိုးရင်း အသိပေးလိုက်သည်။

"ဟာ - အချိန်မတော်ကြီးမှာကွာ လူနာအတွက် လာပင့်တာလည်း မဖြစ်နိုင်ဘူး။ မိပြုံးကိုနှိုးပြီး ထကြည့်ခိုင်းစမ်းကွာ"

ဟုတ်တော့လည်း ဟုတ်ပါသည်။ ဒေါက်တာစိန်သွင်၏ ဆရာဝန်သက်တမ်းတစ်လျှောက်လုံးတွင် ဤသို့အချိန်မတော် ညဥ့်နက်သန်းခေါင် ဆရာဝန်လာပင့်သည်မျိုး တစ်ကြိမ်တစ်ခါမျှ မရှိခဲ့ဖူးသေးပါ။

"မိပြုံးရေ - ဟေ့ - မိပြုံး၊ အိမ်ရှေ့ တံခါးခေါက်သံ ကြားတယ်။ ဘယ်သူတ[illegible] များ အချိန်မတော် လာပြီး [illegible]သလဲ မသိဘူး။ သွားပြီး မေးလိုက်စမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com

“ ယောက်ျားရင့်မကြီးများသည်ပင်လျှင် ခုလို အချိန်မျိုးတွင် စိတ်ကူးထဲသို့ပင် မထည့်ရဲသည့် သည်းသုသာန်မြေကို အနီးဆုံးဖြတ်လမ်းအဖြစ် အသုံးပြု၍ သူ့ အိမ်ရှိရာသို့ အရောက်လာရဲသည့် သည့်ကောင်မလေး၏ ရဲစွမ်းသတ္တိသည်ကား မရှိနိုင်လောက်အောင်ပင် ရှာမှ ရှားလွန်းလှချေသည် ...



“ဟင် - ဟုတ်လားမမ၊ သည်အချိန်ကြီးမှာတံခါးလာဖွင့်ခိုင်းတာမျိုးဆိုတော့ လူဆိုးမှန်းမသိ လူကောင်းမှန်းမသိနဲ့ ဖွင့်မပေးချင်ပါဘူး”

အိမ်ဖော်မလေး မိပြုံးက အိပ်ရာမှ အပိုတကျို ဖရိုဖရဲဖြင့် ထ၍ထိုင်လိုက်ရင်း အိပ်ချင်မူးတူးဖြင့် တုန့်ပြန်ပြောဆိုလိုက်သည်။

ဤသို့ အိမ်ထဲမှ ပြောသံ ဆိုသံများကို အပြင်မှ တံခါးအဆက်မပြတ် ခေါက်နေသည့်လူရိပ်က ကြားသွားသဖြင့်အား တက်သရောဖြစ်သွားပုံရသည်။

“ဆရာ - ဆရာတို့ - အိမ်ရှင်တို့”

ကြားလိုက်ရသည်က မိန်းမငယ်လေးတစ်ယောက်၏ အသံ ဖြစ်နေပေသည်။ သို့ဖြင့် မိပြုံးသည် အိပ်ရာထဲမှ

www.burmeseclassic.com

လှုးလဲ၍ ထလိုက်ပြီး အိမ်ရှေ့ဝင်ပေါက်တံခါးဝဆီသို့ ထသွားရင်း ...

"ဟဲ့ - ဘယ်သူလဲ - ငါတို့ကို အချိန်မတော် ဘာဖြစ်လို့ လာနှိုးနေရတာလဲ"

"ကျေးဇူးပြုပြီး တံခါးဖွင့်ပေးပါရှင့်၊ သမီးရဲ့အမေဟာ အသည်းအသန် မမာမကျန်ဖြစ်နေလို့ ဆရာဝန်ပင့်လာတာပါရှင်"

"မနက်စောစောမှ လာခဲ့ပါလား ကလေးမရယ်၊ အခု ဆရာ အိပ်ပျော်နေပြီ၊ နှိုးမပေးချင်ဘူးကွယ်"

"မနက်မှဆိုရင်တော့ သမီးရဲ့အမေ အသက်မီမှာ မဟုတ်တော့ပါဘူး အစ်မရယ်၊ ကျေးဇူးပြုပြီးတော့ သမီးကို ကူညီပါနော်"

တံခါးဖွင့်မပေးသဖြင့် မမြင်ရသော ထိုမိန်းမငယ်လေး၏အသံက တိမ်ဝင်သွားသည်၊ ဒေါက်တာစိန်သွင်သည် မိပြုံးနှင့် အိမ်အပြင်ကကောင်မလေးတို့ အပြန်အလှန်ပြောနေကြသည့်စကားသံများကို ကြားလိုက်ရသဖြင့် ...

"ဟော့ - မိပြုံးဘာတဲ့လဲ၊ ဘယ်သူတဲ့လဲကွ"

"ကောင်မလေးတစ်ယောက်ပါ - ဆရာ၊ သူ့အမေ အသည်းအသန်ဖြစ်နေလို့ ဆရာ့ကို ဆရာဝန်လာပင့်တာပါတဲ့"

ဆရာဝန် လာပင့် လာသည်ဆို[...] သဖြင့်ဒေါက်တာစိန်သွင်သည် အိပ်ရာ[...] ပေါက်စနဲ ထလိုက်သည်၊ လူနာအတွက် လာပင့်သည်ဖြစ်၍လည်း မဖြစ်မနေ[...] လိုက်ကိုလိုက်သွားရပေလိမ့်မည်၊ သည်[...] လိုအချိန်မျိုးတွင် သူ့ကို အားကိုးတကြီး လာပင့်သည်ဆိုသဖြင့် လူနာ၏ အခြေ[...] အနေကို ရိပ်စားလိုက်မိသည်၊

ဤသို့မိမိကိုဤသို့အားကိုးတကြီး လာပင့်သည့်အခါ ဆရာဝန်ဟူသည် နေ့[...] ညဥ့်အချိန်မရွေးနေစရာမလို ထိုလူနာ[...] အား ရန်သူမိတ်ဆွေဟူ၍ ခွဲခြားနေစရာ[...] မလို၊ ဆင်းရဲချမ်းသာ လူတန်းစား ခွဲခြား[...] နေစရာမလို၊ လူနာအသက်ရှင်စေဖို့ အနာရောဂါသက်သာသွားစေဖို့သာ[...] လျှင် ဒေါက်တာစိန်သွင်သာ မဟုတ်[...] ဆရာဝန်တိုင်း၏ ခံယူချက်ပင် ဖြစ်ပေ[...] သည်၊ သည်အချိန်တွင် လူနာဆီသို့ အမြန်ဆုံး ရောက်အောင်သွားဖို့ကလွဲ၍ သူ့အတွက် ဘာမျှအရေးမကြီးချေ၊

ဒေါက်တာစိန်သွင်သည် အနွေး[...] ထည်ကိုကောက်ဝတ်လိုက်ပြီး အိပ်ခန်း[...] ထဲမှထွက်၍ဆေးကုခန်းထဲမှဆေးအိတ်[...] ကို ဆွဲယူလိုက်သည်၊ သူ့အနေဖြင့် ဤ[...] သို့ တကူးတကန့်လာပင့်သည့် လူနာ[...] တစ်ကြိမ်တစ်ခါမျှမရှိသေးသည့်တိုင်[...]

www.burmeseclassic.com

www.burmeseclassic.com

...တက္ကသိုလ်တက်စဉ်နောက်ဆုံးနှစ် ...ဆရာများ၏ မှာကြားချက်အရ ဆေး ...ထ်ကို အမြဲအသင့်ပြင်ထားသူ ဖြစ် ...ည်။

တံခါးကိုဖွင့်လိုက်သည်နှင့်ခပ်ပြင်း ...း တိုက်ခတ်နေသော ဆောင်းလေ ...းက သူ့မျက်နှာကို ခပ်ကြမ်းကြမ်း ...ခတ်လိုက်သည်။ အပြင်တွင် ရာသီ ...တ အတော်ကလေး ကြမ်းတမ်း ...ွားနေဆဲ ဖြစ်သည်။ အချိန်မတော် ...တို လာပင့်သည့် ကောင်မလေးကို ...ကြည့်လိုက်သည်။

ထိုကောင်မလေးသည် အသက် ...ယ့်သုံးလေးနှစ်ခန့်မျှသာ ရှိသေးပြီး ...တော်ကလေးဆင်းရဲနွမ်းပါးပုံရသည်။ ...ယ်ကျော်သက်အရွယ်အပျိုဖော်ဝင်စ ...ရွယ်ကလေး ဖြစ်သည်။ ကြာရှည်စွာ ...ျိုးမသင်ဘဲထားသည့်အပြင် ဆီနှင့် ...နေသည်မှာ ကြာပြီဖြစ်သည့် ဆံပင် ...မှာ နင်းရှည်များစိုလူးနေသည်။ ဝတ် ...သည့်အနက်ရောင်အနွေးထည်မှာ ...ည်း အဖာအထေးများဖြင့် ပွနေပြီး ...ယ်ပြတ်၍နေသည့်ပြင် ရှုံ့တွ ရေတွ ...ပေကျံနေလေသည်။

ကောင်မလေးသည် မောဟိုက် နေပုံ ရသည်။ လက်ကလေးကို ပိုက်၍ ခပ်ရှိုရှို့ အနေအထားကို ဆောင်လျက် အားကိုးတကြီး တောင်းပန်တိုးလျှိုး သည့်အသံဖြင့် ...

"ဆရာရယ် - သမီးရဲ့ မေမေဟာ အသည်းအသန် နေမကောင်းဖြစ်နေလို့ပါ။ မေမေ့ကို လိုက်ကြည့်ပေးပါလား ဆရာရယ် - နော် - ဆရာ"

"အေးပါကွာ - ဆရာ မင်းရဲ့မေမေကိုလိုက်ကြည့်ပေးမှာပါ။ ဆရာက ဘယ်အထိ လိုက်ရမှာလဲ"

"မြို့သာရဲ့အရှေ့နန်းကလိန်ချောင်းဘက်မှာပါ ဆရာ"

"ကဲ - ကလေးမ ဆိုင်ကယ်ပေါ်တက် ဒါမှ မြန်မြန်ရောက်မှ"

ကောင်မလေးက သူ့နောက်မှတင်ပါးလွှဲထိုင်ရင်း လက်ကလေးနှစ်ဖက်ဖြင့် သူ့ခါးကို ဖက်ထားသည်။ ချမ်းလွန်းသဖြင့် ကောင်မလေးမှာ ခိုက်ခိုက်တုန်နေရှာသည်။ ဒေါက်တာစိန်သွင်သည် အနွေးထည်ထူထူဝတ်ထားသော်လည်း ကောင်မလေး၏ ခန္ဓာကိုယ်မှာ ရေခဲတုံးပမာ သူ့ကျောပြင်ကို ဗီကပ်ထားသဖြင့် အအေးဓာတ်သည် အသားထဲသို့ စိမ့်ဝင်သွားသည်သာမက ရိုးတွင်းချဉ်ဆီ

www.burmeseclassic.com

ထဲသို့တိုင်အောင် စိမ့်ဝင်သွားလေရော့သလားဟု ထင်လိုက်မိစဉ်မှာပင် ကြက်သီးမွေးညင်းများ ထသွားမိလေသည်။

"ဟိုက - သုသာန်ရဲ့အရှေ့ဘက်မှာလား - ကလေးမ"

"ဟုတ်ပါတယ် - ဆရာ၊ ဆရာ့ဆီကို အမြန်ရောက်အောင် သမီး အဲသည် သုသာန်ထဲက ဖြတ်ပြီးလာခဲ့တာပါ ဆရာ။ သမီး မေမေရဲ့အသက်မီအောင် လို့ပါ။ လမ်းအတိုင်းသာ လာခဲ့မယ်ဆိုရင် အတော်ဝေးတယ်"

"ဟေ - ဘယ်လို - ဘာပြောတယ်၊ မင်း ဆရာ့ဆီကို ခုလို ညဉ့်နက်သန်းခေါင်အချိန် သုသာန်ထဲက ဖြတ်ပြီးလာခဲ့တယ် - ဟုတ်လား"

သည်ကလေးမလေး အပျိုဖြစ်တော့မည့် ကလေးမလေး၊ သူမ၏ မိခင် အသည်းအသန်ခံစားနေရသည့် ရောဂါဝေဒနာကို ကုသပေးမည့်သူ ဒေါက်တာစိန်သွင်ရှိရာသို့ ခုလိုညဉ့်နက်သန်းခေါင်ယံအချိန်တွင် ဆိုးရွားပြင်းထန်လှသည့် ဆောင်းရာသီ၏အအေးဒဏ်ကိုအံတု၍ အရောက်လာနိုင်သည်ထားဦးတော့ ယောက်ျားရင့်မကြီးများသည်ပင်လျှင် ခုလို အချိန်မျိုးတွင် စိတ်ကူးထဲသို့ပင် မထည့်ရဲသည့် သည်သုသာန်မြေကို အနီးဆုံးဖြတ်လမ်းအဖြစ် အသုံးပြု၍ အိမ်ရှိရာသို့အရောက်လာရဲသည့်သ ကောင်မလေး၏ ရဲစွမ်းသတ္တိသည်တ မရှိနိုင်လောက်အောင်ပင် ရှားမှ ရှားလှ လှချေသည်။

ကောင်မလေးကဆိုင်ကယ်နော မှနေ၍ သူ့ခါးကို ရေခဲတမျှ အေးစ လွန်းလှသည့် လက်အစုံဖြင့် ဖက်ထ ရင်း ညာကွေ့၊ ဘယ်ချိုး၊ တည့်တ မောင်းဟု၍ လမ်းညွှန် သွားလေ မကြာခင်မှာပဲ အိမ်ခြေခပ်ကျဲကျဲရှိ ဆ ရဲသားရပ်ကွက်တစ်ခုအတွင်းမှ လူ မရသည့် ခြေတံရှည် အိမ်ကြီးဆီ ရောက်သွားသည်။

ထိုအိမ်ကြီးထဲတွင်လူတစ်ယော မျှ ရှိပုံမပေါ်ချေ။ အိမ်ထောင်ပရိဘော ပစ္စည်းဆို၍ ဘာဆိုဘာမျှ မရှိချေ။ လ နှိပ်ဓာတ်မီးရောင်ဖြင့်မြင်နေရသည့် များသာမက အိမ်မိုးသွပ်ပြားတွင်ပါ ခြောက်များ ကပ်ငြိနေသဖြင့် ရေကြီး လျှံခဲ့စဉ်က ထိုတစ်အိမ်လုံး ရေမြုပ်သွ ခဲ့ရပုံ ရှိသည်။

ဒေါက်တာစိန်သွင်သည် ကော လေးကိုလက်နှိပ်မီးရောင်ဖြင့်ရှာ စေသည်။ အခန်းတစ်ခန်းရှေ့တွင် ဘ ထရီသုံးမီးရောင် ခပ်မှိန်မှိန်လင်း



www.burmeseclassic.com

www.burmeseclassic.com

ည့်အခန်းပေါက်ဝတစ်ခုကိုမြင်လိုက်သည်။

ထိုအခန်းထဲသို့ ဝင်လိုက်သည်နှင့် ပျစ်ခပ်နံ့နံ့ပေါ်တွင် နာမကျန်းဖြစ် သည့်အသက်လေးဆယ်ခန့်ရှိအမျိုး မီးကြီးသည် ပြင်းထန်သည့် ရောဂါ နာတစ်ခုကို ခံစားနေရဟန်ဖြစ်၍လူး ၍သည်းတွားနေသည်။ အဖာအထေး န်းအထင်းများဖြင့် ညစ်ပေနေသော စောင်ကိုခြုံ၍ကြိတ်မှိတ်ကာအားကို ၍ ဝေဒနာခံစားနေရရှာသည်ကို က်တာစိန်သွင်က ကြည့်နေရင်းမှာ သူရင်ထဲတွင် ဆို့နင့်ကြေကွဲသွားမိ သည်။

"အစ်မကြီး - ခင်ဗျား ဘယ်လိုဖြစ်ရ သဲဗျာ။ ဘယ်လိုခံစားနေရသလဲ"

"ကျွန်မ ရင်တွေ ကျပ်လိုက်တာ၊ တ်ရှူရတာမရတစ်ချက်ရတစ်ချက် လိုက်တာဆရာ။ ကျွန်မ - ကျွန်မ - နေရတော့ဘူး ထင်ပါရဲ့ - ဆရာ [illegible]"

"စိတ်မလျှော့ပါနဲ့ဗျာ - အားတင်း ပါ - အစ်မကြီး။ အခု ခင်ဗျားခံစား သဲ့ရောဂါပျောက်အောင် ကုပေးဖို့ ျွန်တော် ရောက်လာပြီပဲဗျာ"

သူနာအမျိုးသမီးကြီးက မှိန်လဲ့နေသည့် မျက်ဝန်းအစုံဖြင့် ဒေါက်တာ စိန်သွင်ကို အားကိုးတကြီးဖြင့် ကြည့်လိုက်သည်။ သူက ဝေဒနာရှင်အမျိုးသမီးကြီးကို အသေအချာပင် စမ်းသပ်စစ်ဆေးလိုက်သည်။ သူ ရောက်မလာသေးခင်အချိန်အထိ ရောဂါဝေဒနာကို အလူးအလဲ ခံစားခဲ့ရသည်ဖြစ်သော်လည်း သူ နာရီဝက်ခန့် စော၍ အချိန်မီရောက်လာခဲ့ခြင်းကပင်လျှင် ထိုအမျိုးသမီးကြီးကို ကုသိုလ်ကံက မျက်နှာသာ ပေးခဲ့ပါလေပြီ။

နောက် နာရီဝက်ခန့်အကြာတွင် စိုးရိမ်စရာမရှိတော့သော်လည်း ပို၍ စိတ်ချရလေအောင် အားပေးစကားတွေ ပြောရင်း ဆေးထပ် ထိုးပေးခြင်း၊ အားဆေးသွင်းပေးခြင်း၊ အားပေးစကားများ ပြောပေးနေချိန်တွင် သူမ၏ ရောဂါဝေဒနာက ထပ်၍ထိုးမလာတော့ဘဲ ရပ်တန့်သွားလေသည်။

စားဆေးသောက်ဆေးများကိုမည်သည့်အချိန်တွင် မည်သို့မည်ပုံသောက်ရန်များကို အသေအချာပြောပြပြီး တစ်ရက်စာကိုပင် အပိုအဆောင်း၍ ပေးခဲ့သည်။ သူပြန်ခါနီး နှုတ်ဆက်သည့်အခါတွင် လူမမာ အမျိုးသမီးကြီးသည် ကျေးဇူးတင် ဝမ်းသာလွန်း၍ဖြင့် မျက်

www.burmeseclassic.com

www.burmeseclassic.com

ရည်များ ဖြိုင်ဖြိုင်ကျလျက် အိပ်နေရင်းမှပင် လက်အုပ်ချီ၍ ကန်တော့ရှာလေသည်။

လှမမာကို ဂရုစိုက်ရန် အချိန်မှန်မှန်ဆေးတိုက်ပေးရန် သူ့ကို ဆရာဝန်လာပင့်သည့် ကောင်မလေးအား အသေအချာ မှာခဲ့ရဦးမည်။ လောလောဆယ်အနေဖြင့် သည်ကောင်မလေးသည်သာ လှမမာအတွက် အဓိကတာဝန်ရှိသူပင် ဖြစ်နေပေသည်။

သို့သော် - သူ့ဆိုင်ကယ် ရပ်ထားသည့်နေရာသို့ ရောက်လာခဲ့ချိန်အထိ ထိုကောင်မလေး၏ အရိပ်အယောင်မျှပင် မမြင်ရသဖြင့် စိတ်ထဲတွင် မကျေမချမ်းဖြစ်သွားမိသည်။ လှမမာအား စမ်းသပ်စစ်ဆေးပြီး ဆေးကုဆေးတိုက်ပြီး အားပေးစကားများ ပြောနေစဉ်တုန်းကလည်း သည်ကောင်မလေးသည် မိခင်လှမမာကြီး၏အနားတွင် ရှိမနေသည်ကို သတိပြုလိုက်မိသဖြင့် စုမှပင် ပို၍မကျေမချမ်းပို၍ဖြစ်မိပြန်လေသည်။ ရောဂါဝေဒနာကို သေကောင်ပေါင်းလဲ ခံစားနေရရှာသည်နှင့် မိခင်ကြီးကို ပစ်ထားပြီး ညဉ့်နက်သန်းခေါင်ဘယ်ကိုများ လျှောက်သွားနေပါသနည်း။ စဉ်းစားမိရင်း စိတ်ထဲတွင် ဒေါပွချင်သလိုလို ဖြ
သွားမိသည်။

ကောင်မလေးအနေဖြင့် သူ့ကိုသ
၏မိခင်ကြီး၏ အခြေအနေကိုတော့
စမ်းသင့်သည်။ စုတော့မှ ...

ဒေါက်တာစိန်သွင်အိမ်သို့ အပြ
ခရီးတွင် ရာသီဥတုက ဆိုးရွားပြင်း
နေဆဲပင် ဖြစ်နေလေသည်။ ထုထပ်
ကျဆင်းနေသည့် ဆီနှင်းများကြောင့်
ဆိုင်ကယ်မီးရောင်က ခပ်ဝေးဝေး
မထွင်းဖောက်နိုင်သဖြင့် ခပ်ဖြည်းဖြ
ပင် မောင်းလာခဲ့ရပေသည်။

အိမ်သို့ ပြန်ရောက်လာချိန်တွ
မနက်နှစ်နာရီခွဲမျှပင် ရှိနေပြီ။ သူ့ဇနီး
အိမ်ဖော်မလေးတို့သည် မအိပ်ကြသေး
ဘဲ သူ အိမ်ပြန်အလာကို စောင့်နေ
လေသည်။

※

သုံးရက်ခန့်မျှအကြာတွင် ဟို
နေ့က ညဉ့်ကြီးမင်းကြီး အချိန်မ
သွား၍ ကုသပေးလိုက်ရသည့် ထ
လုပ်လက်စား ဆင်းရဲသားရပ်ကွ
လွန်စွာမှ ဆင်းရဲမွဲတေလှသည့်
အမျိုးသမီးကြီးကို ဖျတ်ခနဲ သတိရ

www.burmeseclassic.com

www.burmeseclassic.com

သည်၊ သူ့ကို ဆရာဝန်လာပင့်သည့် ကောင်မလေးသည်လည်း နောက်ထပ် ပေါ်မလာတော့ချေ၊ အရိပ်အယောင်ပင် မြင်မတွေ့တော့သဖြင့် စိတ်ထဲတွင် အသိကအောက်ဖြစ်သွားမိပြန်လေသည်၊

တကယ်ဆိုလျှင် ထိုကောင်မလေးအနေဖြင့် သူမ၏ မိခင်လူမမာကြီး၏ အခြေအနေနှင့် အကျိုးအကြောင်းကို အပြောဖော်ပင် မရပါလား၊ ဒါမှလည်း နောက်ထပ်တစ်ကြိမ် (သို့မဟုတ်) နှစ်ကြိမ်မျှ ပြန်လည်ကုသမှုမျိုး ပြန်လုပ်ပေးနိုင်လိမ့်မည်၊ သို့ဖြစ်၍ ထိုလူမမာ၏ အခြေအနေ၊ အဆိုးအကောင်းနှင့် အတိုးအကြောင်းကိုသိလိုသဖြင့်လည်း သွားကြည့်ရပေလိမ့်မည်၊ ပြီးတော့ လည်း ဆင်းရဲမွဲတေလွန်းလှသည့် ထိုသားအမိကို မိမိ တတ်စွမ်းနိုင်သမျှ ငွေကြေးအနည်းငယ်ကို ပေးကမ်းထောက်ပံ့ကိုလည်း စိတ်ကူးရှိထားပြီး ဖြစ်သည်၊

သို့ဖြစ်၍ လူမမာကို သွားကြည့်ရန် ဆေးအိတ်ကို ဆိုင်ကယ်ပေါ်တင်ပြီး ထွက်ထုတ်လာသည်ကိုမြင်လိုက်သည့် ဇနီးက...

"ကိုစိန်သွင် - ရှင့်ဂျူတီချိန်က နေ့လယ်မှမဟုတ်လား၊ အခု ဘယ်သွားမလို့လဲ"

"ဟို တစ်နေ့ညက သွားကုပေးလိုက်တဲ့ လူမမာရဲ့အခြေအနေကို သွားကြည့်မလို့ပါကွာ"

ဒေါက်တာစိန်သွင်အနေဖြင့် ထိုနေ့ညဥ့်နက်သန်းခေါင်ယံအချိန်က သူ့ကို လာပင့်သူ ကောင်မလေး၏ လမ်းပြမှုကြောင့် တစ်ခေါက်တည်းသာ သွားခဲ့ဖူးသည်ဖြစ်သော်လည်း ထိုလူမမာ အမျိုးသမီးကြီးနေသည့်အိမ်ကို အခက်အခဲမရှိဘဲ ရောက်သွားလေသည်၊

ထိုခြေတံရှည်အိမ်ကြီးပေါ်သို့တက်ခဲ့ပြီး ဖွင့်ထားသည့်အခန်းဝသို့ ရောက်သည်နှင့်ခေါင်းပြူပြီးကြည့်လိုက်ရာအိပ်ရာပေါ်တွင်ထိုလူမမာအမျိုးသမီးကြီးကို မတွေ့လိုက်ရသဖြင့်စိတ်ထဲတွင်ထင့်ခနဲဖြစ်သွားသည်၊

ယိုင်နဲ့နဲ့ကွပ်ပျစ်ပေါ်တွင်အိပ်ရာတို သပ်ရပ်စွာခေါက်၍သိမ်းထားသည်၊ သူကုပေးခဲ့သည့် ထိုလူနာသည် သေများသေသွားပြီလားဟု တွေးလိုက်မိပြီး တစ်ကိုယ်လုံး တောင့်တင်းသွားမိလေသည်၊

ထိုနေ့ညက သူ ကုသပေးနေစဉ်အတွင်း ထိုအမျိုးသမီးကြီး၏ ရောဂါမှာ


www.burmeseclassic.com

www.burmeseclassic.com

သက်သာသွားခဲ့သည်မှာ မှန်သော်လည်း အစိုးမရသည့် အနတ္တသဘောကြောင့် ခန္ဓာကိုယ်ကြီးသည်လည်းကောင်း၊ ကံကြမ္မာနှင့် အချိန်တန်၍ စေ့ရောက်လာသည့်သေနေ့ကိုမည်သူကမျှ ကြို၍မသိနိုင်ရကား လွန်ခဲ့သည့်ရက်က ထိုလူမမာ အမျိုးသမီးကြီး သေဆုံးသွားသဖြင့် အိမ်နီးချင်းများက နေ့ချင်းပင် အသုဘချလိုက်ကြလေရော့သလား။

အသုဘနာရေးအိမ်ဖြစ်နေလျှင် ရက်လည်တရားနာကိစ္စအတွက် အိမ်ပေါ်တွင် (သို့မဟုတ်) ထိုအိမ်၏ ပတ်လည်ဝန်းကျင်တွင် အိမ်နီးနားချင်း မိတ်ဆွေသင်္ဂဟအချို့တို့ ရှိနေကြရပေလိမ့်မည်။ ယခုတော့မှ လူရိပ်လူယောင်ဟူ၍ မမြင်မတွေ့ရသဖြင့် စိတ်ထဲတွင် မတင်မကျနှင့် သံသယဖြစ်နေစဉ်တွင်...

လှေကားပေါ်သို့ တက်လာသည့် ခြေသံတို့ ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ...

ဟိုနေ့ညက သူ ဆေးကုပေးလိုက်သည့် အမျိုးသမီးကြီးပင် ဖြစ်နေသည်။ သူမသည် ထူထူထောင်ထောင်နှင့် ရှင်ရှင်လန်းလန်းဖြစ်နေသည်။ အမျိုးသမီးကြီးသည် ဒေါက်တာစိန်သွင်ကို မှတ်မိသွားပုံရသည်၊ ပြီးတော့ မျက်ရည်များ စီးကျလာသည်။

"ဘာဖြစ်လို့ ငိုနေရတာလဲ အစ်မကြီးရယ်၊ ခင်ဗျား ကောင်းကောင်းကျန်းမာသွားပြီပဲဗျာ"

အမျိုးသမီးကြီးသည် သူ့ကို စူးစူး စိုက်စိုက် ကြည့်လိုက်ပြီး...

"ဒါနဲ့ - ဆရာရယ်၊ ကျွန်မ သေလု မြောပါးနဲ့ မကျန်းမမာရောဂါ အသည်းအသန်ဖြစ်ပြီး အိပ်ရာထဲက မထနိုင်အောင်ဖြစ်နေတာကို ဆရာက ဘယ်လိုများ သိပြီး လာကုပေးရတာလဲ ဆရာ"

"အစ်မကြီးရဲ့သမီးလေးကအဲသည်နေ့ ညဉ့်နက်သန်းခေါင်အချိန်မှာ ကျွန်တော့်ကို လာပင့်လို့ လိုက်ပြီး ကုပေးတာပေါ့ဗျာ"

"သမီးလေး - ကျွန်မရဲ့သမီးလေး ဆရာ့ကို ပင့်လာတယ်၊ ဟုတ်လားဟင် ဆရာ"

အမျိုးသမီးကြီးက သူ့ကို ပြန်ပြောရင်း မျက်နှာညှိုးကျသွားသည်၊ ပြီးတော့ အခန်းပေါက်ဝကနံရံတွင်မှန်ပေါင်သွင်း၍ ချိတ်ထားသည့် ဓာတ်ပုံကို လက်ညှိုးထိုးပြရင်း...

"သူ့ကို ပြောတာလား ဆရာ၊ သူ ဟာ ဆရာ့ကို တကယ်ပဲ ပင့်လာတာ ဟုတ်လား - ဆရာ"



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာစိန်သွင်သည် ထိုစာတ်တို့ကြည့်လိုက်ရာ ...

ဟုတ်ပါသည်၊ ထိုကောင်မလေးပင်ဖြစ်ပါသည်၊ သူကလေး၏ မျက်နှာကို အသေအချာပင် မှတ်မိလိုက်ပါသည်၊

အမျိုးသမီးကြီး၏ မျက်လုံးအစုံမှ မျက်ရည်ဥများ လိမ့်ဆင်း၍ ကျလာပြန်သည်၊

"ဟုတ်တယ် - အဲသည် အစ်မကြီးရဲ့သမီးလေးက ကျွန်တော့်ကို လာပင့်တာတာပါပဲ၊ ဘာဖြစ်လို့လဲဗျာ ..."

"အဲသည် ကျွန်မရဲ့တစ်ဦးတည်းသော ဖတဆိုးသမီးလေးဟာ လွန်ခဲ့တဲ့ (၂) နှစ်လောက်က သွေးလွန်တုပ်ကွေးဖြစ်ပြီးဆေးရုံတင်လိုက်ပေမယ့်မရပါဘူး ဆရာရယ်၊ သူ့သမီးလေး ဆုံးပြီးသွားရှာပါပြီ ဆရာ၊ သူ ကျွန်မကို ပစ်သွားတာ (၂)နှစ် ရှိသွားပါပြီ ဆရာရယ်"

"ဗျာ - ဘယ်လိုသည်ကောင်မလေးဟာ သေပြီးပြီ ဟုတ်လား"

ဒေါက်တာစိန်သွင်သည် ထိုအမျိုးသမီးကြီးထံမှ မမျှော်လင့်ဘဲကြားလိုက်ရသည့် ထိုစကားကြောင့် မယုံနိုင်လောက်အောင်ဖြစ်သွားသည်သာမက ကျောရိုးတစ်လျှောက် ရှိးတွင်းချဉ်ဆီ အထိ စိမ့်တက်သွားလေသည်၊

ပြီးတော့ - ထိုကောင်မလေးပြောခဲ့သည့်စကားကိုပြန်၍ကြားယောင်လိုက်မိသည်၊

"ဆရာ့ဆီကိုအမြန်ရောက်အောင် အဲသည်သုသာန်ထဲက ဖြတ်ပြီးလာခဲ့တာပါ - ဆရာ"

ဒေါက်တာစိန်သွင်ကကောင်မလေး၏ ပုံရိပ်က ...

"သမီးရဲ့အမေကို ကျန်းမာလာအောင် ဆေးကုပေးလို့ဆရာ့ကိုကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ - ဆရာရယ်၊ သမီးတို့က ဆရာမြင်တဲ့အတိုင်း ဆင်းရဲလွန်းအားကြီးလို့ ဆရာ့ကို ငွေကြေးနဲ့ မကာန်တော့နိုင်တာကိုတော့ ခွင့်လွှတ်ပါနော် - ဆရာ"

ပြောနေဘိသကဲ့သို့ ဒေါက်တာစိန်သွင်၏ စိတ်ထဲမှ ကြားယောင်လိုက်မိသလို ရင်ထဲမှလည်း နင့်ခနဲနေအောင် ခံစားလိုက်ရလေသည်၊



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ငွေစန်းယုန်

# ကျွဲရုပေါ

သရုပ်ဖော်ပန်းချီ ဝေမှုလင်း

www.burmeseclassic.com

www.burmeseclassic.com

ရာသီဥတု ကောင်းမွန်သာယာသည့် မတ်လ၏ တစ်ခုသော နံနက်ခင်းတွင် ကျွန်တော်သည် ဖခင်ကြီးနှင့်အတူ ဇာတိမြေဆီသို့ ခရီးဆန့်ခဲ့လေသည်။ ဖခင်ကြီး၏ ဇာတိမြေသည် မြို့တော်ရန်ကုန်နှင့် များစွာမဝေးကွာလှသော်လည်းကားလမ်းမပေါက်သေးသည့်ဖြစ်ရာရေလမ်းခရီးကိုသာအားကိုးရလေ၏။ သို့ဖြင့် ကျွန်တော်တို့မှာ ကြည့်မြင်တိုင်အရပ်ရှိပန်းပင်ကြီးလမ်း၊ မော်တော်ဆိပ်မှတစ်ဆင့် မော်တော်ဘုတ်ကလေးဖြင့် လှိုင်မြစ်ကို ဖြတ်သန်းကာ သွားလာကြရလေသည်။

ပန်းပင်ကြီးလမ်း၊ မော်တော်ဆိပ်သည် ကြည့်မြင်တိုင်ဆိပ်ကမ်းနှင့် မနီးမဝေးတွင် တည်ရှိလေရာ ထိုမှ မျှော်ကြည့်သော် ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော ပင်လယ်ကူးသင်္ဘောကြီးများ၊ အညာဆန်မော်တော်ကြီးများ၊ ကုန်တင်စက်လှေကြီးများကိုမြင်တွေ့ရသည့်အပြင် မြစ်ပြင်ကျယ်ကြီးတွင် ဟိုမှသည်ကူးခတ်သွားလာနေသော သမ္ဗန်ငယ်လေးများကိုလည်း မြင်တွေ့ရပေ၏။

ကျွန်တော်တို့ လိုက်ပါစီးနင်းရာ စိန်တိုးဝင်းအမည်ရှိ မော်တော်ဘုတ်ကလေးသည်လူအစိတ်သုံးဆယ်မျှဆန့်သော မော်တော်ငယ်ကလေးဖြစ်ပြီး ကုန်စည်လည်း အသင့်အတင့် တင်နိုင်လေသည်။ မော်တော်ငယ်ကလေးများသည်ကားလမ်းမပေါက်သော ဖခင်ကြီး၏ ဇာတိအရပ်အတွက် အားကိုးအားထားရသည့်သယ်ယူပို့ဆောင်ရေးယာဉ်ပင် ဖြစ်ပေတော့၏။ စိန်တိုးဝင်း၏ မော်တော်ဆလင်ကြီး ဦးအေးငွေဆိုသူ ဖခင်ကြီး၏ အစ်ကိုအရင်းပင်ဖြစ်ပေ ကျွန်တော်၏ ဘကြီးပင်ဖြစ်ရကား မော်တော်ဘုတ်ပေါ်တွင် ကျွန်တော် သားအဖမှာ မော်တော်စီး ခရီးသည်များ ဝန်ထမ်းများ၏ အရေးပေးခြင်း အတော်ပင်ခံရချေ၏။

စိန်တိုးဝင်းသည် လှိုင်မြစ်ကို ဖြတ်သန်းကာ လှိုင်မြစ်၊ ရန်ကုန်မြစ်နှင့် လှိုင်မြစ်တို့ ဆုံရာမြစ်သုံးဆိုင်အရပ် ရောက်ရှိချိန်တွင်ကား မြင်ကွင်း အတော်ပင် ပြောင်းလဲသွားလေ၏။ ပြင်ကျယ်ကြီး၏ နံဘေးဝန်းကျင် စိမ်းညို့သော ဓနိတောကြီးများ၊ လှေငယ်ကလေးများနှင့် ရွာတန်းရှ ကလေးများကို တမျှော်တခေါ် ရလေ၏။ ကျယ်ပြောသော မြစ်ပြင် တွင်ကား မော်တော်ဘုတ်ကလေး လှေငယ်ကလေးများ ဖြတ်သန်းသွား



www.burmeseclassic.com

www.burmeseclassic.com

သည်ကို ရံဖန်ရံခါ မြင်တွေ့ရပြီး ခုတ်မောင်းနေသော စိန်တိုးဝင်း၏ အင်ဂျင်စက်သံသည် မှန်မှန်ကြီး ထွက်ပေါ်နေသည်ဖြစ်ရာ ကျွန်တော်မှာ ထိုမြင်ကွင်းများကိုကြည့်ရှုရင်း၊ စည်းချက်ညီသည့် အင်ဂျင်စက်သံ နားထောင်ရင်းဖြင့် မျက်လုံးအစုံမှာ လေးလံလာကာ အိပ်၍ပင် ပျော်သွားသေး၏။

အင်ဂျင်စက်သံ မှန်မှန်ဖြင့် ခုတ်မောင်းနေသော စိန်တိုးဝင်းသည် ပန်းလှိုင်မြစ်ကြီးမှ ဖခင်ကြီး၏ ဇာတိရွာလေးရှိရာ ကင်းရွာချောင်းအတွင်းသို့ ဝင်ရောက်ချိန်တွင် မော်တော်ပေါ်ရှိ ခရီးသည်များမှာ လှုပ်လှုပ်ရွရွဖြစ်လာပြီး အသံများလည်း ကျယ်လောင်လာရာ ကျွန်တော်မှာ အိပ်ပျော်နေရာမှ နိုးထလာပြီးပတ်ဝန်းကျင်ကိုလှေ့လာကြည့်ရှုမိလေ၏။ ဖခင်ကြီးမှာကား မော်တော်ဦးပိုင်းတွင် ကျွန်တော်၏ ဘကြီးဖြစ်သူနှင့် စကားကောင်းနေဆဲဖြစ်ပြီး မော်တော်သားများသည်ထိုးဝါးကိုယ်စီဖြင့်ရေတိမ်ပိုင်းကို ထိုးထောက်ကာ မော်တော်ငယ်အား ကမ်းကပ်နိုင်အောင် ကြိုးစားကြလေ၏။

※

မွန်တို့နယ်မှ ကင်းရွာ

ဖခင်ကြီး၏ မွေးရပ်မြေ ကင်းရွာကား ရန်ကုန်နယ်မြေအတွင်း ပါဝင်ပြီး ဟံသာဝတီ စီရင်စု တွံတေးခရိုင်အပိုင်တွင် တည်ရှိလေသည်၊ ကင်းရွာသည် ရန်ကုန်မြို့၏ အနောက်ဘက်စူးစူး ခုနစ်မိုင်ခန့်အကွာတွင် တည်ရှိလေ၏။ ကင်းရွာ၏အရှေ့ဖျားမှ လှမ်းမျှော်ကြည့်သော် မြို့နှင်းမှုန်ကင်းသည့် အခါသမယမျိုးတွင်ရွှေတိဂုံဆံတော်ရှင်စေတီတော်ကြီးကို ဖူးတွေ့ရလေ့ရှိပြီး မြောက်ဘက်စူးစူးတွင်မှ တွံတေးရွှေဆံတော် စေတီတော်ကြီးကို ဖူးမြင်ရတတ်သည်ဟု ဖခင်ကြီးက ကျွန်တော့်အား ပြောပြဖူးလေသည်။ ပန်းလှိုင်မြစ်ရိုးတစ်လျှောက် ရွာပေါင်းခြောက်ဆယ်မျှရှိပြီးတစ်ချိန်ကမွန်လူမျိုးတို့၏ ဒေသ ကြီးဖြစ်ခဲ့ဖူးရာ မွန် - မြန်မာ အနှစ်လေးဆယ်စစ်ကာလတစ်လျှောက် ကမွန်တို့၏ရေကင်းများထားရှိရာဒေသလည်းဖြစ်ခဲ့ပြီးကင်းရွာသည်ရေကင်းရွာများ၏အကြီးအစုရွာလည်းဖြစ်သည်ဟု အစဉ်အလာ စကားများအရ မှတ်သားရလေသည်။ ကင်းရွာနှင့်အနီးဝန်းကျင်ရွာများသည် တစ်ချိန်က မွန်တို့နယ်ဖြစ်ကြောင်း ရွာအမည်များက သက်သေခံနေသည်ဟုလည်း ဖခင်ကြီးက ဆိုခဲ့ဖူး

www.burmeseclassic.com

လေသည်။ "ဒီနယ်မှာရှိတဲ့ ရွာနာမည်တွေက မွန်နာမည်တွေ များတယ်။ ခလောက်ချိုက်တဲ့၊ ခလောက်ခလူတဲ့၊ ဘမံကြီးတဲ့၊ တမောတကောတဲ့၊ ကမာကဆစ်တဲ့။ တွံတေး၊ ဒလ၊ ကွမ်းခြံကုန်းကော့မှူးဆိုတာ မွန်နယ်မြေဆုံးပဲ။ ဒီမှာ မင်းရဲကျော်စွာ ကျဆုံးခဲ့တာပဲ" ဟု ဖခင်ကြီးက ပြောပြခဲ့ဖူးသည်ကို အမှတ်ရမိလေ၏။

ကင်းရွာ၏အလယ်ကိုပန်းလှိုင်မြစ်မှခွဲထွက်လာသည့်ချောင်းကလေးသည် ဖြတ်သန်းသွားသဖြင့် ရွာလယ်တံတားဖြင့် ရွာအရှေ့ပိုင်းနှင့် အနောက်ပိုင်းကို ပိုင်းခြားသတ်မှတ်ထားသည်ဖြစ်ရာ ဖခင်ကြီး၏ ဆွေမျိုးများသည် ရွာအနောက်ပိုင်းတွင် နေထိုင်ကြသူများဖြစ်လေ၏။ ကျွန်တော်တို့သည် ရွာအနောက်ပိုင်းရှိ ဘကြီးဖြစ်သူ ဦးအေးမွေ့အိမ်သို့ သွားကြလေရာ လမ်းတစ်လျှောက်တွင်ဖခင်ကြီး၏ဆွေမျိုးများက နှုတ်ဆက်စကား ထွက်ပြောကြသဖြင့် အတော်နှင့်တည်းခိုရာအိမ်သို့မရောက်နိုင်ဘဲရှိလေ၏။ ဘကြီး၏အိမ်သို့ရောက်သည့်အခါကျွန်တော်တို့မှာ နေ့လယ်စာစားသုံးကြပြီး ခြေဆန့်လက်ဆန့် အနားယူကြလေ၏။

ရေလမ်းခရီးကို နာရီအတန်ကြာ စီးနင်းလာသော ကျွန်တော်တို့သည် ထမင်းစားပြီးသောအခါ ထမင်းဆိမ့်တက်သည်ကတစ်ကြောင်း၊ နာရီအတန်ကြာ ထိုင်လာရသည်ကတစ်ကြောင်းတို့ကြောင့် ခြေလက်ဆန့်ကာ အနားယူလိုက်သည်နှင့် အိပ်မောကျခြင်းသို့ ရောက်ကြလေ၏။ အချိန်မည်မျှ ကြာအောင် အိပ်ပျော်သွားသည်မသိ၊ ဖခင်ကြီးကနှိုးသည့်အခါမှကျွန်တော်မှာအိပ်ရာမှ နိုးထလာပြီး နာရီကို ကြည့်မိရာ ညနေ ၄ နာရီသို့ပင် ရောက်နေသည်ကို သိရလေ၏။ ကျွန်တော်တို့ သားအဖသည် တည်းခိုရာအိမ်ရှေ့ရေကပြင်တွင် ကိုယ်လက်သန့်စင်ပြီးနောက်အညောင်းအညာဖြေ လမ်းလျှောက် ရန် နှင့် အနောက်ကျောင်းကြီးသို့ သွားရောက်ရန်ပြင်ဆင်ကြလေသည်။

## ကင်းရွာအနောက်ကျောင်းကြီး

ကင်းရွာအနောက်ကျောင်းကြီးကား ရွာ၏အနောက်ပိုင်းတွင် တည်ရှိပြီး တိုင်ခြေတစ်ရာကျော်ရှိသောရှေးဟောင်းကျောင်းတော်ကြီးလည်းဖြစ်လေသည်။ အဆောင်ပေါင်း ၁၀ ဆောင်ပါရှိသည့် ကျွန်းသား ကျောင်းတော်ကြီးသည်



www.burmeseclassic.com

www.burmeseclassic.com

[illegible]ချောင်းစပ်တွင်တည်ရှိသဖြင့်ခြေတံရှည်ဖြင့် တည်ဆောက်ထားလေသည်။ ကျောင်းကြီးပေါ်သို့တက်သည့် အုတ်လှေကားသည် ရှေးခေတ်လက်ရာဖြစ်ပြီး လှေကားအနီးတွင်ကား ကြေးခေါင်းလောင်းတစ်လုံးလည်း ရှိလေသည်။ အနောက်ကျောင်းကြီးအနီးတွင် ကြာ[illegible]အမြဲပွင့်သည့်ရေကန်ကြီးတစ်ကန်လည်း ရှိ၏၊ ထို ရေကန်ကြီးကား အနောက်ပိုင်းသားတို့အတွက်သောက်ရေသုံးရေကို တာဝန်ယူနေသည့် ကန်ကြီးလည်း ဖြစ်လေ၏။ ကျောင်းတော်ကြီးအောက်တွင် လှေတော်သား ငါးဆယ်ခန့် လှော်ခတ်ရသည့် လောင်းလှေကြီးများရှိရာ လှေကြီးများမှာ သစ်တစ်လုံးထွင်း လောင်းလှေကြီးများဖြစ်ပြီး အရှည်ပေ ၁၀၀ ခန့်ရှိမည်ဟု မှန်းဆရလေ၏။

တင်းရွာသည် အိမ်ခြေ တစ်ရာမျှရှိသော ရွာဖြစ်ပြီး ရွာအနောက်ပိုင်းတွင်မူ အိမ်ခြေခြောက်ဆယ်မျှ ရှိလေ၏။ ရွာအနောက်ပိုင်းတွင် ကြီးမားသော ကျောင်းတော်ကြီးနှင့်အတူ ရွာဦးစေတီ၊ ...တ်ရေကန်ကြီးနှင့်အတူ နတ်စင်နီကြီးလည်း ရှိ၏။ ရွာအနောက်ပိုင်း အိမ်ခြေများ အဆုံးတွင်ကား သုသာန်နှင့် ဇရပ်ကြီး တစ်ဆောင်ရှိလေသည်။ ရွာအနောက်ပိုင်းကျောင်းကြီး ဆရာတော် ဦးဇောတမှာ ရန်ကုန်မြို့သို့ ရောက်တိုင်း ကျွန်တော်တို့အိမ်တွင် သီတင်းသုံးသည့်အားလျော်စွာ ကျွန်တော်အား အထူးခင်မင်လေ၏။ ကျွန်တော်တို့သားအဖသည် အနောက်ကျောင်းကြီးသို့ သွားရောက်ကြလေရာ ကျောင်းဝင်း အဝင်အဝတွင်တည်ရှိသည့် ကြီးမားသော နတ်စင်နီကြီးကို ဖြတ်သန်းရပြီး ရေကန်ကြီးကိုကွေ့ဝိုက်ကာအမိုးမိုးထားသည့် နတ်လမ်းအတိုင်း လျှောက်သွားကြလေ၏။

ဆရာတော်သည် ကျောင်းကျက်သရေဆောင်မှနေ၍ကျွန်တော်တို့သားအဖကို လှမ်းကြည့်နေပြီး နတ်လမ်းအဆုံးတွင် ဦးဖင်းတစ်ပါးနှင့် ဆုံမိလေရာ ထိုဦးဖင်းက "ဒကာကြီးဦးစိန်လှိုင်တို့သားအဖပါလား။ အပေါ်မှာ ဆရာတော်ရှိတယ်၊ ဒကာကြီး ညီ ကိုထွန်းလွင်နဲ့ မိုးညိုက ဆရာကြီး ဦးသန်းထွန်းလည်း ရောက်နေတယ်ဗျ" ဟု မိန့်လေရာ ဖခင်ကြီးကလည်း "တင်ပါ့ - တပည့်တော်လည်း တွေ့ချင်နေတာနဲ့ အတော်ပဲ" ဟု လက်အုပ်ချီကာပြန်လည်လျှောက်ထားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

စုဥ္စဂန္ဓာရီဆရာကြီး ဦးသန်းထွန်း

ကျွန်တော်တို့ သားအဖလည်း ကျောင်းကြီးပေါ်သို့တက်ကာ ကျက်သရေခန်းသို့ လျှောက်လှမ်းခဲ့ကြလေသည်။ ကျက်သရေဆောင်ရှိ ဘုရားဆောင်မှ ရုပ်ပွားတော်များအား ရှိခိုးဦးချပြီးသော်ကျွန်တော်တို့သည်ဆရာတော်ဦးအောတအား ဦးတိုက်ကြလေသည်။ ကြွတ်သရေခန်းတွင် ဆရာတော်နှင့်အတူ အသားညိုညို ထောင်ထောင်မောင်းမောင်း အရပ်မြင့်မြင့် လူကြီးတစ်ဦးနှင့် ဆံပင်ခေါင်းတုံးဆံတောက်နှင့် အသားညိုညို အရပ်ပုပျပ်ပျပ် လူလတ်ပိုင်းတစ်ဦးတို့ ရေနွေးကြမ်းသောက်ရင်း ထိုင်နေကြသည်ကို မြင်လိုက်ရလေသည်။ လူကြီးနှစ်ဦးအနက် ကတုံးဆံတောက်နှင့် အသားညိုညို အရပ်ပုပျပ်ပျပ်လူမှာ ကျွန်တော်၏ဦးရီးတော်စပ်သူ ဖခင်ကြီး၏ညီအရင်းကိုထွန်းလွင်ဆိုသူဖြစ်ပြီး ကျန်တစ်ဦးမှာမူ ကျွန်တော် တစ်ခါဖူးမှ မြင်တွေ့ဖူးခြင်းမရှိသူ ဖြစ်လေသည်။

"အစ်ကို ကိုစိန်လှိုင် လာမယ်လို့တော့ အစ်ကိုကြီး ကိုအေးငွေက ပြောသားပဲ၊ ဒီရက်တွေတော့ လာမယ်လို့ ကျွန်တော်လည်း တွက်နေတာ၊ အခုလေးတင် ကျွန်တော်နဲ့ ဆရာကြီးလည်း ခရမ်းဝက ပြန်ရောက်လာကြတာ" ဟု ကျွန်တော်၏ ဦးရီးက ပြောလေသည်။

"အေး - ငါလည်း ရောက်တာနဲ့ မင်းတို့ မေးတာပဲ၊ မင်းအိမ်ဘက်ကတောင် ဖြတ်ခဲ့သေးတယ်၊ ဒါထက် ဆရာကြီး နေကောင်းပါရဲ့လား ခင်ဗျာ" ဟု ဖြေလည်းဖြေ၊ မေးလည်းမေးလေရာ ဆရာကြီး ဦးသန်းထွန်းဆိုသူက "နေကောင်းပါရဲ့မောင်စိန်လှိုင်ရေ၊ မောင်စိန်လှိုင်တို့ မိသားစုတွေရော ကျန်းကျန်းမာမာပဲ မဟုတ်လား" ဟု ဆိုလေ၏။

ထိုအခါ ဖခင်ကြီးက ...

"အားလုံး နေကောင်းကြပါတယ် ဆရာကြီး၊ ဒါက ကျွန်တော့်သားလေး မောင်အောင်အောင်ဇော်တဲ့" ဟု ဆိုကာ ကျွန်တော့်ဘက်လှည့်ကာ မိတ်ဆက်စကားဆိုလေရာ ဆရာကြီးဦးသန်းထွန်းက ...

"အင်း - မောင်စိန်လှိုင်အိမ် တစ်ခေါက်ရောက်တုန်းက မြင်ဖူးသလားလို့၊ အခုဒီမှာ ဘယ်လောက်ကြာမလဲ မောင်စိန်လှိုင်တို့ သားအဖတစ်တွေ"

ဟု ဆိုလေရာ ဖခင်ကြီးက ...

"သိပ်တော့ မကြာဘူး ဆရာကြီး၊ ကျွန်တော်လည်း ရွာရောက်တာ ကြာ



www.burmeseclassic.com

www.burmeseclassic.com

စာကြည့်တိုက်ကလေးလည်း အခြေအနေ သိချင်တာနဲ့ ခွင့်ယူပြီးလာခဲ့တာ။ နှစ်ရက်သုံးရက်တော့ ကြာမယ်ထင်ပါတယ်"

ဟု ပြောလေသည်။ ဖခင်ကြီးနှင့် ဦးနိုး၊ ဆရာကြီးနှင့် ဆရာတော်တို့သည် ရှေးဟောင်းနှောင်းဖြစ်များ စကားဝိုင်းဖွဲ့နေကြလေရာ ကျွန်တော်မှာ ဆရာတော်ကပ်ည်ခင်းသည့် လက်ဖက်ရည်ကြမ်းနှင့် မုန့်ပဲသရေစာများကို စားသောက်ရင်း လူကြီးများ၏ စကားကို နားထောင်နေသ၏။

ဆရာကြီးဦးသန်းထွန်းမှာ ပဲခူးနယ် အနောက်ဘက်ခြမ်း ထိန်တောမိုးညိုဇာတိဖြစ်ပြီး စူဠဂန္ဓာရီခေါ်ဂမ္ဘီရအတတ်ပညာတစ်မျိုးကို လိုက်စားနေသူလည်း ဖြစ်၏။ ဆရာကြီး ဦးသန်းထွန်းမှာ အသက်အရွယ်အားဖြင့် ငါးဆယ်ကျော် ခြောက်ဆယ်နီးပါးဟု ခန့်မှန်းရသော် လည်းမြင့်မားသည့် အရပ်အမောင်းနှင့် ပြတ်စက်သည့် ကြီးမားကြံ့ခိုင်သော ခန္ဓာကိုယ်ကာယကိုပိုင်ဆိုင်ထားသူဖြစ် သည်။ ထူထဲသော မျက်ခုံးများအောက်မှ ထောက်ပသော မျက်လုံးများသည် သူ့အထူး၏ကြည်ညိုစိတ်ကို ရယူနိုင်စွမ်း ရှိသည်ဟု မှတ်ချက်ချရမည် ဖြစ်ပေသည်။ စကားပြောပုံမှာ လေးနွဲ့သော်လည်း ဆွဲဆောင်မှုရှိကာ တည်ကြည်သော မျက်နှာထားကိုလည်း ပိုင်ဆိုင်ထားသူလည်းဖြစ်ပေသည်။

စူဠဂန္ဓာရီဆိုသည်မှာ ဝိဇ္ဇာထိုက်၏ လမ်းစဉ်တစ်ခုပင် ဖြစ်သော်လည်း ဖြုဗ္ဗာဘုံ ၂၀ ထိရောက်အောင်လေ့လာလိုက်စား ကျင့်ကြံရသည်ဖြစ်ရာ အနိမ့်စခန်းနှင့်အမြင့်စခန်းများကိုလည်းဖြတ်သန်းရသေးသည်ဟု ဆရာကြီးက ဆိုလေသည်။

"ဖြုဗ္ဗာ ၂၀ ရောက်အောင်ကျင့်ရတဲ့ လမ်းမှာ အနိမ့်စခန်းတွေကို မဖြစ်မနေ ဖြတ်သန်းရတယ်၊ အဲဒီစခန်းတွေကို ဖြတ်သန်းရတဲ့အခါ အစိမ်းသရဲ ဝေမာနိကပြိတ္တာတွေ၊ စုန်း၊ တစ္ဆေ၊ မြေဖုတ်ဘီလူးတွေနဲ့ ပေါင်းပြီးတော့မှ လုပ်ရကိုင်ရတဲ့အတွက်အနိမ့်စခန်းသွားနေသူတွေကို မသိနားမလည်တဲ့ လူတွေတာအောက်လမ်းဆရာလို့လွယ်လွယ်တုတ်ခေါ်ကြ ပြောကြတယ် မောင်စိန်လှိုင်ရဲ့ တို့တစ်တွေကလည်း ဒီအနိမ့်စခန်းတွေကို မဖြတ်သန်းဘဲနဲ့ အမြင့်စခန်းကို မရောက်နိုင်ဘူးလေ၊ ဒါကြောင့် အနိမ့်စခန်းဝင်စဉ်မှာ ဒီမောင်တွေ့ဲ့အဆင်ပြေအောင်နေရသလို သူတို့ကအနှောင့်

www.burmeseclassic.com

www.burmeseclassic.com

အယုက်လုပ်ထားတွေရှိရင်လည်းဝင်ပြီး တော့တားရမြစ်ရတာတွေလည်းရှိတယ် တဲ့"

ဟုရှင်းပြလေ၏။ ကျွန်တော်မှာထို သို့သော ဂမ္ဘီရပညာပိုင်းကို အထူးစိတ် ဝင်စားသည်ဖြစ်ရကား ဆရာကြီး ပြော သမျှကို နားစိုက်ထောင်ရလေ၏။

"တို့များကတော့ မေတ္တာနာနာပို့ပြီး တော့ ဝေဓာနိက ပြိတ္တာတွေ အနိမ့်စား ဂမ္ဘီရပညာသည်တွေနဲ့အလုပ်လုပ်ရတာ ပဲ မောင်စိန်လှိုင်ရေ။ ပညာသည်ဆိုတာ စုန်းတို့၊ ဇော်ဂနီ၊ ဇော်ဂနက်၊ မောက်လုံး၊ မောက်ပြားတို့လို ပညာသည်တွေကို ပြောတာပဲ။ ဒါတွေက အထူးသင်ကြား စရာမလိုဘဲ အလိုလို ဝမ်းတွင်းပါ (မွေး ကတည်းက တတ်မြောက်ပြီး) တွေများ သဗျ။ ရွာတိုင်းလိုလိုတော့ ပညာသည် တွေ ရှိကြတာပဲ၊ တချို့ကလည်း ပညာ ပါလာတာ သိတယ်၊ သိတော့စမ်းကြည့် တယ်၊ နောက် အဲဒါက အစားချောင် အနေချောင်မှန်းသိတော့အဲဒါနဲ့လုပ်စား ကြတာပဲ မောင်စိန်လှိုင်ရေ"

ဟုဆရာကြီးဦးသန်းထွန်းကပညာ သည်များအကြောင်းရှင်းပြလေရာဖခင် ကြီးက ...

"ဆရာကြီး ကျွန်တော် တစ်ခု လောက်တော့ မေးပါရစေ။ သူတို့က ရ... တိုင်းကို နာအောင်၊ ကျင်အောင်၊ အေ... အောင် ပြုစားလို့ရသလား"

ဟု မေးလေရာ ဆရာကြီး ဦးသန်း ထွန်းက ...

"အင်မတန်ကောင်းတဲ့ မေးခွန်း... မောင်စိန်လှိုင်ရေ။ တိုတိုပြောရင်တော့... မရဘူးလို့ ဖြေရလိမ့်မယ်၊ ဘာကြောင့်... လဲဆိုတော့ ပညာသည်တွေဟာ တန်... ရှင်တွေ မဟုတ်ကြဘူး။ ဒါပေမဲ့ ထူးခြား... နက်နဲတဲ့ ပညာရပ်တစ်ခုကို တတ်... မြောက်နေတာမို့ ဒီပညာရပ်နယ်ပယ်... ကျယ်သလောက်တော့ စွမ်းနိုင်ကြ... တယ်ဗျ။ ဥပမာပြောရရင်ရန်ကုန်မှာရှိ... တဲ့ လူတစ်ယောက်ကို ဒီရွာကနေ နာ... အောင်၊ နာအောင် လုပ်လို့ရသလား... ရင်ရတယ်လို့ပြောရမယ်၊ ဒါပေမဲ့မရဘူး... လို့လည်း ဖြေနိုင်တယ်၊ နားရှုပ်သွား... သလား မောင်စိန်လှိုင်၊ ဒီလိုဗျာ - ရ... ဆိုတာ သူ့ ပညာနယ်ပယ်အတွင်းမှာ... နေတဲ့သူ တစ်နည်းအားဖြင့် သူနဲ့ ... သက်ဆက်နွှယ်နေသူကို သူ လုပ်... တယ်၊ သူနဲ့ မပတ်သက်မဆက်နွှယ်... လူတစ်ယောက်ကိုတော့သူ ဘာ... နိုင်ဘူး။ ဒီလိုဆို နည်းနည်းတော့ ရှ... သွားမယ် ထင်တယ်၊ ဒိုတို့ပြော...



www.burmeseclassic.com

www.burmeseclassic.com

**၆၆** အင်း– ဒီလိုတော့ ရှိတယ် မောင်စိန်လှိုင်ရဲ့။ အများအားဖြင့်တော့ ဝေမာနိကပြိတ္တာတွေဆိုတာသူတို့မှာ အရင်ဘဝက ကုသိုလ်အရှိန်အဟုန်က ရှိလေတော့ ကမ္မဇန္ဓီတန်ခိုးက ပါလာပြီးသားပဲ။ သေခါနီးမှာ အကုသိုလ်က အကျိုးပေးတာကြောင့် ပြိတ္တာတွေ ဖြစ်နေရှာတာကိုး။ မောင်စိန်လှိုင်လည်း ဖတ်ဖူးမှာပဲ။ ပေတဝတ္ထုတွေထဲမှာ နေ့အခါ ငရဲမှာ နှိပ်စက်ကာလူပြုတာခံရပြီး ညကျတော့ ပင်လယ်ထဲမှာ ပြာသာဒ်ကြီးနဲ့ နတ်စည်းစိမ်ခံရတဲ့ ပြိတ္တာကြီးအကြောင်းလေ ...



[illegible]ဆီကိုလာဖူးသူ သူနဲ့တစ်ခဏဖြစ်ဖြစ် [illegible]ကားပြောဖူးသူ သူ့ဆီက အကူအညီ [illegible]စ်ခုခုတောင်းဖူးသူဒီလိုလူတွေကိုသူ့ [illegible]ပညာစက်ထည့်ပေးလိုက်တယ်။ အဲဒီ [illegible]ညာစက်ကို ဒီကနေ နှိုးပေးလိုက်ရင် [illegible]မှာပညာစက်က အစွမ်းပြတော့တာပဲ [illegible]ောင်စိန်လှိုင်ရေ၊ သူ့ပညာစက်က [illegible]ည်း အစာထဲမှာ ထည့်ပေးလို့ရတယ်။ အဝတ်အစားမှာ ထည့်ပေးလိုက်လို့ရတယ်။ အသုံးအဆောင်မှာ ထည့်ပေးလိုက်လို့ရတယ် ရှင်းရဲ့လား၊ အဲဒီပညာစက်တွေ လုံးလုံးမရှိတဲ့သူကို သူ ဘာမှ လုပ်လို့မရဘူး မောင်စိန်လှိုင်ရဲ့၊ နောက် တစ်ခုက သရဏဂုံသုံးပါး အမြဲတင်နေသူကို ဘယ်လောက်ပညာစက်တွေ သွင်းသွင်းမဝင်နိုင်ပြန်ဘူး မောင်စိန်လှိုင်

www.burmeseclassic.com

ရေး ဒါတွေကို သေသေချာချာမှတ်နေစ်
မောင်စိန်လှိုင်"

ဟု ဆရာကြီး ဦးသန်းထွန်းက ထို သို့ ရှည်ရှည်လျားလျားကြီး ရှင်းပြပြီး နောက် ရေနွေးပူပူတစ်ခွက်ကို တဖူးဖူး မှုတ်၍ သောက်လိုက်လေ၏။

※

တင်းရွာမှ ဆရာလေး ကိုထွန်းလွင်

ဆရာကြီးသည်စုဋ္ဌဂန္ဓာရီပညာရပ် များကို ရှင်းပြလျက်ရှိရာ ကျွန်တော်တို့ မှာ လွန်စွာစိတ်ဝင်စားဖွယ် ကောင်းလှ သဖြင့် နားစိုက်ထောင်ကာ မှတ်သား ကြရလေ၏။ ဆရာကြီး ဦးသန်းထွန်း၏ တပည့် ကျွန်တော် ၏ ဦးရီးတော်သူ ကိုထွန်းလွင်မှာ ကင်းရွာ၏ ရွာနီးချုပ်စပ် တွင် ဆေးကုနေသူတစ်ဦးဖြစ်ပြီး ဆေး ကုသခြင်းနှင့် တွဲဖက်ကာ ရွာသူ၊ စုန်း၊ တစေ၊ သရဲ၊ တစ္ဆေ၊ မြေဖုတ်ဘီလူး စောင့်နတ ပြိတ္တာတို့၏ နှောင့်ယှက်ခြင်း ခံရသူများကိုလည်း ကုသပေးလေ့ရှိရာ တင်းရွာမှ ဆရာလေး ကိုထွန်းလွင်ဟု ရွာနီးချုပ်စပ်တွင် လူသိများလှသူလည်း ဖြစ်ပေသည်။ ကိုထွန်းလွင်မှာ တစ် မတော် ဆေးဝန်ထမ်းလောကတွင် အမ် အေဆေးဖက်ပညာသည် အရာခံ ဗိုလ် ကြီးအဖြစ်တာဝန်ထမ်းဖူးသူဖြစ်ပြီးတိုင်း ရင်းဆေးလေးဘာသာကိုလည်း အောင် မြင်ပြီးသူဖြစ်ရာ မြန်မာဆေး ခေတ်မီ ဆေးများဖြင့် ကုသနိုင်သူဖြစ်သဖြင့် ကျွမ်းကျင်သည့် ဆေးမှူးတစ်ဦးအဖြစ် အစိုးရကျန်းမာရေးမှူး ဆရာဝန်များက ပင် အသိအမှတ်ပြုခြင်းခံရသူ ဖြစ်လေ သည်။ တစ်ဖန်ဆရာကြီးဦးသန်းထွန်း၏ အနွေဝါသိက တပည့်ကြီးလည်းဖြစ်ပြန် ရာ ထိုအရပ်ဒေသတွင် ထင်ရှားလှသူ လည်း ဖြစ်လေသည်။

ကိုထွန်းလွင်သည် ဆေးတပ်မှ အနားယူပြီးနောက် ကင်းရွာတွင်ပင် အခြေချနေထိုင်ပြီး ရွာနီးချုပ်စပ်သို့ နေ့ ညမရွေးဆေးကုလိုက်လေ့ရှိရာအားကိုး လောက်သည့် တပည့်နှစ်ဦးကိုလည်း အိမ်တွင် ခေါ်ထားလေ၏။ တစ်နယ်တစ် ကြေးမှဆေးကုလာသူ၊ ဂန္ဓာရီပိုင်းမှ ဆရာ လာပင့်သူများနှင့် သူ့အိမ်သည် အမြဲ စည်ကားလေ့ရှိပြီး တစ်ခါတစ်ရံ ဂန္ဓာရီ စခန်းတက်ရန် ဆရာကြီးဦးသန်းထွန်း သည်လည်း လာရောက်လေ့ရှိရာ ထို အချိန်မျိုးတွင် ကင်းရွာကလေးသည် ဆေးကုလာသူစည်သည်များနှင့် ဆေးတွဲ တစ်ပွဲမျှ စည်ကားလေ့ရှိသည်ဟုလည်း ဆိုကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ရွာထိပ်မှာအခြားရွာကလူည်းတွေ
ဆိုက်နေပြီဆိုရင် ဆရာကြီး ဦးသန်း
ထွန်းရောက်ပြီလို့ မှတ်ရတယ်၊ တစ်ခါ
ဆေးကုလာတဲ့သူများရင် ဆရာ
ကြီးကိုထွန်းလွင်အိမ်နဲ့ မဆန့်တော့
စိန်ပု လုပ်ထားတဲ့ သိမ်ကြီးထဲမှာ
ည်သည်တွေ ထားရတယ်၊ သိမ်ထဲ
ည့်ရင်တော့ အနောက်ကျောင်းကြီး
ည့်ဆောင်မှာ ထားရတယ်၊ ဒီလို ဧည့်
လာရင် ရွာထဲက လူတွေက ထမင်း
င်း ထွက်ရောင်းကြတယ်၊ မုန့်တွေ
တ်ရောင်းကြတယ်၊ ဆေးကုလာ
ယ်ဆိုပေတဲ့ဗေဒင်မေးလာကြတာက
များသေးတယ်" ဟု ဦးဖင်းကလေး
ည့်စွက်ကာ မိန့်ကြားသေးသည်၊

ထိုအခါ ဖခင်ကြီးက "ဆရာကြီးတို့
နက္ခတ်စနစ်ဟာ ဖြဟ္မာ ၂၀ အထိ
တ်အောင် ကျင့်ကြံရတယ်ဆိုတာ
တော့ သိပါပြီ၊ အနိမ့်စခန်း ဘယ်နခု၊
မြင့်စခန်းဘယ်နခုဆိုတာလေးလည်း
ချင်တယ်" ဟု ဆိုလေရာ ဆရာကြီး
ဦးသန်းထွန်းက "အနိမ့်စခန်းကတော့
ခန်းရှိတယ်ကွဲ့၊ အဲဒီကိုးစခန်းအောင်
အမြင့်စခန်း ၁၁ စခန်းကို ဆက်ကြ
ယ်၊ အများစုကတော့အောက်စခန်း
တင် လည်နေကြတာ များတယ်၊

အပေါ်စခန်းတွေကို တော်တော်နဲ့
မရောက်နိုင်ကြတော့ဘူး၊ အောက်စခန်း
တွေမှာ လည်မယ်ဆိုရင်လည်း လည်
စရာတွေတယ်များသူ့ကိုးမောင်စိန်လှိုင်
ရဲ့ အောက်စခန်းတွေက ကျွတ်ဖို့ဂါထာ၊
အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့လို့ အစီ
အရင်တွေ စီရင်ပြီးတော့ ဆောင်ရတာ
ရှိသလို အစွမ်းထက်တဲ့မန္တန်တွေ ရွတ်
ဆိုရင်း တစ်ခစန်းပြီး တစ်စခန်း တက်
သွားရတာလည်း ရှိတယ်၊ လွယ်လွယ်
ပြောရရင် အဲဒီစခန်းတွေမှာ ပြိတ္တာတွေ
အသူရကာယ်တွေရဲ့ အကူအညီက
အဓိကပဲ၊ သူတို့က ကမ္ဘဖိဒ္ဓိ ရှိတယ်ကွဲ့၊
ဒါပေမဲ့ အဲဒီကမ္ဘဖိဒ္ဓိကို အသုံးချပြီး
ရောက်နေတဲ့နေရာကနေ တစ်ဆင့်မြင့်
တဲ့နေရာကိုသွားလာနိုင်ဖို့လူသားတွေရဲ့
အထူးသဖြင့် တို့များလို ဇူဌဂနက္ခတ်ရှိခရီးကို
သွား နေတဲ့ ပညာရှင်တွေရဲ့အကူအညီ
ကိုမဖြစ်မနေ ရယူနေရတယ်၊ တို့များက
လည်း သူတို့ကို အကူအညီပေးရင်း
သူတို့ကမ္ဘဖိဒ္ဓိနဲ့ နောက်တစ်စခန်းကို
ကူးရပြန်တာပဲ"

ဟု ဆိုလေသည်၊ ထိုအခါ ဖခင်
ကြီးက ...

"စိတ်ဝင်စားစရာ ကောင်းလိုက်
တာ ဆရာကြီးရယ်၊ ဇူဌဂနက္ခတ်ရှိဆရာတွေ



www.burmeseclassic.com

www.burmeseclassic.com

နဲ့ ပြိတ္တာတွေ အပြန်အလှန် ဘယ်လို အကူအညီလုပ်ကြသလဲ။ အဲဒါလေး ရှင်းပြပါလား" ဟုစိတ်ဝင်တစားမေးမြန်းလေ၏။

ထိုအခါ ဆရာကြီး ဦးသန်းထွန်းတ...

"အင်း - ဒီလိုတော့ ရှိတယ် မောင်စိန်လှိုင်ရဲ့ အများအားဖြင့်တော့ ဝေမာနိတ ပြိတ္တာတွေဆိုတာ သူတို့မှာ အရင်အတိတ ကုသိုလ်အရှိန်အဟုန်က ရှိလေတော့ ကမ္ဘဖိဒ္ဓိတန်ခိုးက ပါလာပြီးသားပဲ၊ သေခါနီးမှာ အကုသိုလ်က အကျိုးပေးတာကြောင့် ပြိတ္တာတွေ ဖြစ်နေရှာတာကိုး၊ မောင်စိန်လှိုင်လည်း ဖတ်ဖူးမှာပဲ၊ ပေတဝတ္ထုတွေထဲမှာ နေ့အခါ ငရဲမှာ နှိပ်စက်ကလူပြုတာ ခံရပြီး ညကျတော့ ဝင်လယ်ထဲမှာ ပြသာဒ်ကြီးနဲ့ နတ်စည်းစိမ်ခံရတဲ့ ပြိတ္တာကြီးအကြောင်းလေ၊ အဲသလိုပဲ ပြိတ္တာတွေဟာ ကမ္ဘဖိဒ္ဓိရှိပြီးသားတွေပဲ၊ ဒါပေမဲ့ သူတို့အနေနဲ့ နောင်တစ်ဆင့်တက်ဖို့ အစခံစားနေရတဲ့ ဝဋ်ဆင်းရဲက ကျွတ်ဖို့ဆိုရင် ဓာတ်ကြီးလေးပါး အစာအာဟာရလိုပြန်တယ်ကွဲ့၊ အဲဒီဓာတ်ကြီးလေးပါး အစာအာဟာရကို သူတို့စားနိုင်အောင် သုံးနိုင်အောင် ပြင်ဆင်လိုပြန်တယ်ကွဲ့၊ အဲဒီဓာတ်ကြီးလေးပါး အစာအာဟာရကို သူတို့ စားနိုင်အောင်သုံးနိုင်အောင်ပြင်ဆင်ကျွေးမွေး ရတဲ့အလုပ်ကိုတို့များလိုစုဋ္ဌဂန္ဓာရီဆ များကသာ တတ်နိုင်ပေတယ်ကွဲ့၊ တို့မျ ကလည်း သူတို့လိုအပ်တဲ့ဓာတ်ကြီးလေ ပါးအစာအာဟာရကိုကျွေးမွေးပြီး သူ ထက် တစ်ဆင့်နိမ့်တဲ့ စုန်း၊ ကဝေ၊ သ တစ္ဆေ၊ မြေဖုတ် ဘီလူးတွေ ဖမ်းစ နှောင့်ယှက်တဲ့လူတွေကိုကယ်တင်နိ ရသလို၊ သူတို့က တို့များကျွေးတဲ့ ဓာ ကြီးလေးပါး အာဟာရကို စားသုံးပြီး အပ်တဲ့ကမ္ဘဖိဒ္ဓိတန်ခိုးတွေထုတ်သုံး မြင့်တဲ့ဘုံကိုသွားနိုင်ကြပေတယ်ကွဲ့" ရှည်ရှည်လျားလျား ရှင်းပြပြန်လေ၏။

ထိုအခါ ဖခင်ကြီးက "ဆရာ ရှင်းပြတော့မှာပဲ သေသေချာ သဘောပေါက်ပေတော့တယ်၊ ကြာ တာလေး တစ်ခုတော့ မြော်ချင်တ အဲဒီလို ကမ္ဘဖိဒ္ဓိရှိတဲ့ပုဂ္ဂိုလ်တွေဆီက အစွမ်းသတ္တိရှိတဲ့ ပစ္စည်းတွေ ဘာ ရနိုင်သလား၊ ရရင်ရော ဆောင် ကောင်းသလား ဆရာကြီး" ဟု စ ဆက်လေရာ ဆရာကြီးဦးသန်းထွန်း "အင်း - ကမ္ဘဖိဒ္ဓိရှိတဲ့ ပုဂ္ဂိုလ်တွေ က စောစောက မောင်စိန်လှိုင်ကို ရှင်း ခဲ့သလို အရင်ဘဝက ကုသိုလ်ကြောင်



www.burmeseclassic.com

www.burmeseclassic.com

အလိုလိုဖြစ်လာတဲ့ တန်ခိုးရှိသူတွေဆီ ကတော့ အစွမ်းသတ္တိ ရှိတဲ့ပစ္စည်းတွေ ရနိုင်ဘူး။ အချို့သော အစိမ်းသရဲဝေမာ နီတာတွေကျတော့ အစဉ်အဆက် နေရာ တစ်နေရာကို အပိုင်စားရရင် သူ့ရှေ့က ဘုံတစ်ဆင့် တက်သွားသူ ကျွတ်လွတ် သွားသူတွေက အဆောင်အယောင် အဖြစ် လွှဲပေးတဲ့ အစွမ်းသတ္တိ ရှိတဲ့ ပစ္စည်းတွေ ရှိတတ်တယ်။ ဒါမျိုးဆိုရင် တော့ သတ္တိရှိတဲ့ ရဲရင့်တဲ့ လူသာမန်တွေ ဆောင် ရအောင်စွမ်းဆောင်နိုင်ကြပေ တယ်ကွဲ့။ ဒါမျိုးကတော့ ရရင်လည်း ကိုယ့်ရဲ့ သတ္တိ ဗျတ္တိ ကြောင့် ရတာမို့ ဆောင်ထားကောင်းပါရဲ့"

ဟု ပြောပြလေရာ ကျွန်တော်တို့မှာ အံ့နှစ်စွာ စိတ်ဝင်တစား ဖြစ်ကြရလေ သည်။

ထိုသို့ ဆရာကြီး ဦးသန်းထွန်းက ရှင်းပြလေရာ ကျွန်တော်၏ ဦးရီးဖြစ်သူ ကိုထွန်းလွင်က ...

"အစ်ကို - ကိုစိန်လှိုင်ရေ၊ ဆရာ ကြီးပြောသလိုပဲ ထူးထူးခြားခြားအစွမ်း သတ္တိရှိတဲ့ ဂမ္ဘီရပစ္စည်းတစ်ခုကို ကျွန် တော့်တပည့်တစ်ယောက် လိုက်ခဲ့ဖူးတဲ့ အကြောင်းလေးအလျဉ်းသင့်လို့ ပြောပြ ချင်တယ်ဗျ" ဟု ဆိုလေရာ ကျွန်တော်တို့

သားအဖမှလည်း ရေငတ်တုန်းရေတွင်း ထဲ ကျဘိ သကဲ့ သို့ သိ ချင် သည့် အကြောင်းအရာတစ်ခုကို သိခွင့်ရမည့် ဖြစ်သည့်အတွက် ဝမ်းသာအားရဖြစ်ကြ ရလေ၏။

"အေး - လုပ်စမ်းပါဦးကွ၊ မင်း တပည့်နဲ့ ဂမ္ဘီရပစ္စည်းအကြောင်း" ဟု ဖခင်ကြီးက အစချီပေးလိုက်လေရာ ဦးရီးကိုထွန်းလွင်လည်း တပည့်ဖြစ်သူ မောင်သက်ပြင်းနှင့်ရွာအနောက်သချိုင်း မှ ပဝါရှင်အမည်းရောင်သတ္တဝါကြီးတို့ အကြောင်းကိုပြောပြလေရာ ကျွန်တော် တို့မှာ စိတ်ဝင်တစား နားထောင်ကြရ လေသည်၊

ကျွန်တော်၏ ဦးရီးတော် ကိုထွန်း လွင် ပြောပြသည့် အကြောင်းအရာများ ကို ကျွန်တော်တို့သည် စိတ်ဝင်တစား နားထောင်နေကြရာ ထိုအဖြစ်အပျက် များသည် ကျွန်တော်တို့၏ မျက်စိရှေ့ မှောက်တွင်အမှန်တကယ်ဖြစ်ပွားနေဘိ သကဲ့သို့ ထင်မှတ်လာရပြီး အချို့နေရာ တွင်ကြက်သီးမွေးညင်းများထလောက် အောင် ကြောက်ရွံ့စိတ်များ၊ အားငယ်မှု များပေါ်ပေါက်လာရလေ၏။ အချို့နေရာ များတွင်ကား ဝမ်းသာအားရ ဝိုဘ်အား ထက်သန်မှုများ စိတ်အစုန်တွင် ပေါ်

www.burmeseclassic.com

ပေါက်လာချေပြီး အချို့နေရာများတွင်မူ ဝမ်းနည်းဖွယ် စိတ်ပျက်အားငယ်မှုများ သည်စိတ်အတွင်းဝယ်ဖြစ်ပေါ်လာရလေ၏။

ဦးရိုးတော် ကိုထွန်းလွင်၏ ပြောပြချက်များမှာ ထူးဆန်းအံ့ဩဖွယ်ရာ ကောင်းလေရကား စကားပြောသက်သက်ဖြင့်တင်ပြရန်မသင့်သည်ကတစ်ကြောင်း၊ ကျွန်တော်ကိုယ်တိုင်လည်း မှတ်တမ်းသဖွယ် ဖြစ်လိုသည်က တစ်ကြောင်းတို့ကြောင့် သူ၏ အာဘော်လည်းမလွဲစေဘဲ ဖတ်ချင်စဖွယ်လည်း ဖြစ်လာစေရန်တစ်စွမ်းသမျှအားထုတ် ရေးသားတင်ပြလိုက်ရပါသတည်း။

**စိန်ခေါ်သူ ကိုသက်ပြင်း**

ခြေခင်းလက်ခင်း သာယာသော တစ်နေ့က်ခင်းတွင် ဆရာလေး ကိုထွန်းလွင်၏ အိမ်သို့ တပည့်ဖြစ်သူ ကိုသက်ပြင်းသည် ရောက်ရှိလာလေ၏။ ခရီးမရောက်မဆိုက်ပင် ကိုသက်ပြင်းက ...

"ဆရာလေး ဒီရက်ပိုင်းအတွင်း ဆေးကုထွက်ဖို့ မရှိဘူးလားဗျ"

ဟု ဆိုလေရာ ဆရာကိုထွန်းလွင်တလည်း ...

"မရှိသေးဘူး - ငါ့တပည့်ရဲ့၊ ငါလည်းဒီရက်တွေမှာ ဆေးဖော်ဖို့ရှိတာ
လူနာလာပင့်တာတောင် မသွားနိုင်
ဖြစ်နေတယ်။ ဘာကိစ္စများရှိလည်း
တပည့် ဈေးသုံးများ လိုသလား၊ လို
လည်းယူလေ"

ဟု ကိုသက်ပြင်း၏ အမေးကို ပြ
လည်ဖြေကြားလိုက်လေ၏၊ ဆ
ကိုထွန်းလွင်မှာ နေ့ညမဟူ လူနာ
တိုင်းလိုက်လေ့ရှိရာ ထိုသို့လိုက်ရတို
တပည့်ဖြစ်သူ ကိုသက်ပြင်းနှင့် ကို
စိန်တို့ကို အလှည့်ကျ ခေါ်လေ့ရှိသ
အတွက် ဆရာဖြစ်သူ ဆေးကုမထွ
ချိန်တွင် တပည့်များ သိချင်တာ
လည်းမေးချင်လို့။ ဟိုတစ်နေ့က မ
ဘက်မှာ အသုဘ အိမ်ရှိတာနဲ့ တစ်
မှောက်သွားဆော့ကြတယ် ဆရာ
ရေ၊ ပါသမျှ ကုန်တာပဲ၊ တစ်ရက်လ
မဟုတ်၊ နှစ်ရက်လည်းမဟုတ်၊ တစ်
လုံး ဒိုင်ကကြီးနိုင်နေတာနဲ့ ဖဲခိုးသ
ဆိုပြီး ဖမ်းတော့လည်း မဟုတ်ပြ
ဆရာလေးရေ၊ ဒါနဲ့ စုံစမ်းကြည့်
ဒိုင်လုပ်တဲ့အကောင်ဟာ ကွမ်းခြံ
ဘက်ကတဲ့ ဆရာ၊ တစ်ချပ်မှောက်
အောင်ထားဆိုပဲ၊ အဲဒါနဲ့ ဆရာ
ဒါ တကယ်လား၊ ဖြစ်နိုင်သလား၊
တော်တို့လည်းလုပ်နိုင်မလားသိချ



www.burmeseclassic.com

www.burmeseclassic.com

ဆရာလေးရေ”ဟု ကိုသက်ပြင်းက ရှည်ည်လျားလျား မေးမြန်းလေ၏။

ဆရာလေးကိုထွန်းလွင်သည် ဆီရွှဲအောင် နပ်ထားသည့် လက်ဖက်အားသပ်သပ် ထည့်ထားသည့်လက်ဖက်ပန်းကန်အတွင်းမှ လက်ဖက်ကိုလှုပ်ယူစားသောက်ရင်း ရေနွေးကြမ်းခွက်ကို တဖူးဖူးဖြင့် မှုတ်သောက်ပြီး —

“အေး – သက်ပြင်း – မင်းပြောတဲ့ကောင်က ခွက်မှောက်မှော်အောင်ထားတဲ့ကောင်ပဲ၊ သူ့မှာ အဆောင်တစ်ခုရှိမှာအသေအချာပဲ၊ ဒီအဆောင်နဲ့ မင်းတို့ ဖဲချပ်တွေကို မြင်နေရအောင်”

ဟုဆိုလေရာ ကိုသက်ပြင်းက ...

“အဲဒါဖြင့် ဆရာလေးရယ်၊ ကျွန်တော်တို့အဲလိုစွမ်းတဲ့ အဆောင်များရရင်သူချင်သားကလား – ဆရာ၊ နည်းလေးများ ပေးပါဦးတော့”

ဟုပြောလိုက်လေ၏။

ထိုအခါ ဆရာလေး ကိုထွန်းလွင် —

“သက်ပြင်း – မင်းက ဝါ့တပည့်တွေမှာ သတ္တိအတော်ကောင်းတဲ့ အကောင်ဆိုတော့ မင်းကို နည်းတစ်ခုတော့ ပေးလိုက်မယ်၊ ဝါ့တပည့် စွမ်းရင်တော့ ရနိုင်ပါဗျား”

ဟု နည်းပေးလမ်းပြစကားဆိုလေရာ ကိုသက်ပြင်းသည် အလွန်အမင်းအားတက်သည့်အသံဖြင့် ...

“ကျုပ်ကတော့ လူလူချင်းသာ အင်အားများလို့ မနိုင်ရင်သာ ကြောက်မယ်၊ သရဲတစ္ဆေကို တော့ ဘယ်တော့မှကြောက်တဲ့ကောင် မဟုတ်ဘူး၊ နည်းလမ်းရှိရင် ပေးပါ ဆရာလေးရယ်”

ဟုဝမ်းသာအားရဆိုလေ၏၊ ဆရာလေး ကိုထွန်းလွင်သည် ရေနွေးခွက်ကို လက်မှချလိုက်ပြီးနောက် ...

“အေး – သက်ပြင်း၊ နည်းလမ်းကတော့ ဒီလိုကွ၊ အမြီးမှာ အကွက်ပါတဲ့ ငါးကြင်းတစ်ကောင် ရအောင်ရှာကွာ၊ ရရင် ရွှံ့လူးပြီး တံစို့ထိုးပြီး မီးကင်ရမှာပေါ့လူ၊ အေး – အရေးကြီးတာက ရွာထဲမှ အသုဘရှိဖို့လည်း လိုသကွ၊ ပိုပြီးအရေးကြီးတာက အဲဒီအသုဘ မီးသဂြိုဟ်မယ့်နေ့မှာ မင်းအလုပ်စရမှာ ပေါ့လူ၊ ငါ ပြောတာတွေ မှတ်ထားပြီး အဲဒီသုံးချက်ဆုံတော့ ငါ့ဆီလာခဲ့ပေတော့ တပည့်ရေ”

ဟုဆိုလိုက်လေသည်၊ ထိုအခါ ကိုသက်



www.burmeseclassic.com

www.burmeseclassic.com

ပြင်းက "ငါးကြင်းကတော့ လွယ်တယ် ဆရာ၊ မလွယ်တာက အင်း - အသုဘ သင်္ဂြိုဟ်မယ့် ရက်ပဲ၊ အဲဒါကတော့ မလွယ်ဘူး ဆရာလေးရေ၊ ဒါကလည်း အသုဘရှိမှာကိုး ဆရာလေးရဲ့" ဟု ဆိုကာ ဆရာလေး ကိုထွန်းလွင်အိမ်မှ ထွက်ခွာသွားလေတော့၏။

※

သချိုင်းကုန်းမှ ချောက်ချားဖွယ်ည

ဆရာလေး ကိုထွန်းလွင်နှင့် ကိုသက်ပြင်းတို့ခွဲခွာသွားပြီး သုံးရက်ခန့် လွန်မြောက်သော တစ်မနက်ခင်းတွင် ဆရာလေးကိုထွန်းလွင်အိမ်သို့ကိုသက် ပြင်းတစ်ယောက် ရောက်ရှိလာပြန်လေသည်။

"ဆရာလေး - ဆရာလေး - ကိုထွန်းလွင်" ဟု အိမ်ရှေ့မှ အော်ခေါ်သံ ကြားလေရာ ဆရာလေး ကိုထွန်းလွင် လည်းအသံကို ခန့်မှန်းမိသဖြင့် ...

"သက်ပြင်း - လာဟေ့ - တက်ခဲ့ လေကွာ"

ဟုလှမ်းပြောလိုက်လေ၏။အိမ်ပေါ် သို့ ရောက်လတ်သော် ကိုသက်ပြင်း က ...

"ဆရာလေးရေ - အရှေ့ပိုင်းမှာ[...] တော်မရီ ဆုံးသွားတာ ကြားလို[...] သလား၊ အခု ဒီနေ့ ကြီးတော်မရီ[...] သင်္ဂြိုဟ်မယ့်ရက်ပဲ ဆရာလေး၊ ဒီ[...] အလုပ်စလို့ရသလား - ဆရာလေး"

ဟု အားတက်သရော အသံ[...] အလောတကြီး မေးလိုက်လေ၏။

"အေး - မင်းမှာ ငါ ရှာလိုင်းထား[...] ငါးကြင်းမြီးကွက်ရော ရပြီလား"

ဟု မေးလိုက်လေရာ ကိုသက်ပြ[...] က ...

"အသင့်ပဲ - ဆရာလေး၊ ကျွန်တေ[...] မနက်ကပဲ ချောင်းထဲမှာ ပိုက်ဆွဲရ[...] ရလိုက်တယ်"

ဟု ဝမ်းသာအားရ ပြောလိုက်[...] ၏။

"အေး - အချက်သုံးချက် ပြည့်[...] ဆိုတော့ မင်းမှာ ဂန္ဓီရပစ္စည်းရဖို့ [...] ဝက်တော့ သေချာနေပြီပေါ့ကွာ၊ အေး - အေး - ငါပြောတာ သေချာမှတ်သာ[...] ဒီည လုပ်ကိုင်ဆောင်ရွက်ပေတော့"

ဟု ဆိုကာ ကိုသက်ပြင်းအ[...] ဆောင်ရွက်ရမည့်ကိစ္စများကို [...] စိတ်ပြောပြလေရာကိုသက်ပြင်းမှာစိ[...] အားထက်သန်စွာ မှတ်သားရင်းမကြ[...]



www.burmeseclassic.com

www.burmeseclassic.com

ပိုင်ကြုံတွေ့ရတော့မည့်အတွေ့ကြုံ ကြီးတစ်ခုအတွက် စိတ်စောနေ တော့၏။

ထိုည သက်ကြီးခေါင်းချရိန် စက် အားဖြင့်ည ၁၁ နာရီကျော်ကျော်ခန့် တိုသက်ပြင်းသည်ကိုယ်ကြပ်အကျီ တို၊ ရှမ်းဘောင်းဘီရှည်အနက်ကို ဆင်လျက် ရွာအနောက်ဘက်ရှိ ချောင်းမြေရှိရာသို့ ခပ်သွက်သွက်လှမ်း ခဲ့လေသည်။ ကိုသက်ပြင်း၏စိတ်ထဲ တွင်အား ဆရာလေး ကိုထွန်းလွင် မှာ ကြားသည့် "အလောင်းကောင်ကို တွေ့တဲ့၊ သင်္ဂြိုဟ်မီး မငြိမ်းခင်သွား၊ မီးနဲ့ ခပ်လှမ်းလှမ်းမှာ မီးဖိုတစ်ဖို ဖို" သည့်စကားကို ကြားယောင်မိသလို ချောင်းတွင် ရှိနေမည့် သုဘရာဇာ တတ်ဘိန်းစား အစိန်တို့လူစု လူစုကွဲ တာလည်း ဆုတောင်းနေမိသေး၏။

များမကြာမီ ကိုသက်ပြင်းသည် ချောင်းမြေရှိ ဇရပ်ကြီးအနီးသို့ ရောက် လာသော် ကြီးတော်မရီ၏ ရုပ် အလောင်းကို မီးသင်္ဂြိုဟ်ထားသည့် မြေ ချိုင်းကြီးအတွင်း မီးများ ရဲနေသည်ကို တွေ့ရသဖြင့် စိတ်အားထက်သန် ဖြစ်ရ သည်။ သုဘရာဇာများလည်း မရှိ တော့သည့်အတွက် ကိုသက်ပြင်းသည်

အလောင်းကောင်အား မီးရှို့ထားရာ မြေ ကျင်းဆီသို့ခပ်သွက်သွက်လှမ်းခဲ့ပြီး မြေ ကျင်းသို့ ရောက်လတ်သော် အသင့်ပါ လာသည့် ဂေါ်ပြားကလေးဖြင့် မီးစွဲနေ သည့် ထင်းအချို့ကို ကော်ယူကာ မြေ ကျင်းနှင့် ခပ်လှမ်းလှမ်း လေကွယ်ရာ တွင်မီးဖိုတစ်ဖို ဖိုလိုက်လေ၏။ မီးဖို ဖိုပြီး လတ်သော် ကိုသက်ပြင်းသည် လွယ် အိတ်ငယ်အတွင်းမှ ရှုံ့လှူးထားသည့် ငါးကြင်းမြီးကွက်ကို မီးစတင်မြှိုက်လေ တော့၏။ စိတ်အတွင်းမှလည်း ဆရာ လေးကိုထွန်းလွင်၏ပြောစကားကိုပြန် လည်ကြားယောင်ရင်း ကြက်သီးမွေး ညင်းများပင် ထမိသေး၏။

"မင်း - မီးဖိုပြီး ငါးကင်တဲ့နေရာကို ခပ်မည်းမည်းအကောင်တစ်ကောင်လာ လိမ့်မယ်။ လူနဲ့ ခပ်ဆင်ဆင်လည်း ဖြစ် မယ်။ လူဖြစ်ရင်လည်း ဖြစ်မယ်။ လူ မဟုတ်ရင်လည်းအကောင်ကြီးကြီးတစ် ကောင် လာလိမ့်မယ်။ မကြောက်နဲ့ နီး သထက် နီးအောင်သာ တိုးလာပါစေ။ မင်းနဲ့သူ့ကြားမီးဖိုကလေးပဲခြားထားတဲ့ အနေအထားရောက်ပြီဆိုရင် မင်းက ငါး ကင်ကိုပြပြီး စားမလား၊ စားမလား၊ စား မလား သုံးခါမေး။ သူက သုံးခါလုံးခေါင်း ညိတ်ပြရင် ငါးကင်ကို သူ့ကိုပေးလိုက်

www.burmeseclassic.com

တော့ သူ စားနေတုန်း သူ့ဆီမှာ တစ်ခုခု ပါလာလိမ့်မယ်။ ဘာရယ်တော့ ငါလည်း အတတ်မပြောတတ်ဘူး။ ဦးထုပ်လို၊ အဝတ်စလို၊ ပဝါလိုလိုဟာ ပါလာမယ်။ အဲဒါ မင်းယူရမယ့် ဂမ္ဘီရပစ္စည်းပဲ။ အဲဒါ ယူပြီး မင့်အိမ်အရောက်ပြေးပေတော့ တပည့်"ဟုပြောကြားခဲ့သောဆရာလေး ကိုထွန်းလွင်၏ အသံကို ကြားယောင်ရင်းအမှောင်ထုအတွင်းသို့စူးစူးစိုက်စိုက် ကြည့်နေမိလေ၏။

ညသန်းခေါင်ယံအချိန်သို့ တရွေ့ရွေ့နှင့်ရောက်လာပြီးမိုးသားကြည်လင်သည့်ကောင်းကင်ယံတွင်ခုနစ်စင်ကြယ် အငြိုးထောင်ချိန်သို့ ရောက်လတ်သော် ကိုသက်ပြင်း၏ငါးကင်အနံ့သည်လည်း လေလွင့်ရာသို့ မွှေးပျံ့နေပြီ ဖြစ်လေသည်။ ကိုသက်ပြင်းသည်တောင်မြောက် ဝဲယာမှာ မည်ကဲ့သို့သော သတ္တဝါကြီး လာရောက်မည်ကို မျှော်မှန်းတွေးနေမိလေ၏။ မည်မျှပင် သတ္တိကောင်းလှပါသည်ဆိုသော်လည်း မှောင်မိုက်သည့် ညအချိန်သချိုင်းကုန်းမြေတွင်အကောင်မပျက်သေးသည့် မီးသင့်အလောင်းကောင်နှင့်တစ်ဦးတည်းရှိနေရသည်ဖြစ်ရာမည်မျှအသည်းငယ်ဖွယ်ကောင်းမည် ကိုစဉ်းစားကြည့်ကာ သိနိုင်မည်ဖြစ်[...] သည်။ တစ်ချက်ချက်တွင် ရွာနောက်[...] ဆီမှ ဆွဲဆွဲငင်ငင်အူလိုက်သော ခွေး[...] သံမှာ သချိုင်းမြေတွင် တစ်ယော[...] တည်းရှိသည့်ကိုသက်ပြင်း၏စိတ်[...] ကို ချောက်ချားဖွယ် ဖြစ်တော့၏။

စက်နာရီအားဖြင့် ညဥ့်နာရီ[...] တစ်ချက်သို့ရောက်လတ်သောကိုသ[...] ပြင်း၏အရှေ့စူးစူးအရပ်ဆီမှာ လူတ[...] သည် တဖြည်းဖြည်း လျှောက်လှမ်း[...] သည်ကိုတွေ့မြင်လိုက်လေရာ ရွာထဲ[...] လူတစ်ဦးဦးများလားဟု တွေးမိကာ [...] အကြံအစည်ပျက်တော့မည်လော[...] တွေးကာ စိတ်ပျက်မိသေး၏။ သို့သေ[...] ဆရာလေး ကို ထွန်းလွင်ပြောသ[...] သတ္တဝါ ဖြစ်တန်ရာသည်ဟု အတွေ[...] ပေါက်ပြန်ရာ ကို သက်ပြင်းမှာ ဂမ္ဘီ[...] ပစ္စည်းရတော့မည်ဟူသော လော[...] ကြောင့်အားတက်မိပြန်လေသည်။ ထ[...] ပြိုင်နက်တည်းမှာပင် အရှေ့စူးစူးမှာ [...] ကဲ့သို့သော သတ္တဝါသည် မိမိ ရင်ဆ[...] ရတော့မည့် သတ္တဝါဟူသော အသိ[...] ပေါ်လာပြန်လေရာ အားငယ်ခြင်းလ[...] ဖြစ်၍ လာပြန်လေသည်။

※



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ရှင်သတ္တဝါမည်းကြီး

အရှေ့ရှုးရှုးမှ လူနှင့်တူသည့် အရာကြီးသည် တဖြည်းဖြည်း တိုးလာလေရာ မီး၏ အလင်းရောင်ကြောင့် ထင်ထင်ရှားရှားမြင်ရလေရာ သတ္တဝါကောင်းလှသည်ဆိုသည့်ကိုသက်ပြင်းမှာကြက်သီးမွေးညင်းများပင် ထမိချေသေး၏။ မီးဖိုဆီသို့ တိုးလာသည့် အရာကြီးမှာ ကြောက်ပေစရာ မျှ မြင့်မားသော အရပ်၊ ...၍ကြုံလှီသော စန္ဒာကိုယ်ကိုပိုင်ဆိုင်ပြီးအမည်းရောင်ဝတ်စုံကိုဝတ်ဆင်ထားသည်ကိုတွေ့မြင်ရသည်မှာချောက်ချားဖွယ်ကောင်းလှပေတော့သည်။ ဆရာလေး ကိုထွန်းလွင် ပြောခဲ့သည့်အတိုင်း လူမည်းကြီးမှာ ခပ်အေးအေးနေအရာဖြင့် ကိုသက်ပြင်း၏ ရှေ့တည့်တည့်တွင် မပြောမဆိုဖြင့် ထိုင်ချလိုက်လေရာ ကိုသက်ပြင်းနှင့် လူမည်းကြီးအကြားတွင် ငါးကင်ထားသည့် မီးဖိုသာခြားလေတော့၏။ ကိုသက်ပြင်းသည် ...ဘော်ရှုံ တန်ရှုံ ကြောက်သွေးပါသူဖြစ်ဟုတ်သဖြင့်လူနက်ကြီး၏မျက်နှာအား အသေအချာစေ့စေ့စပ်စပ်ကြည့်လေရာ မျက်နှာကိုပါးလွှာသည့်အဝတ်တစ်ခုဖုံးအုပ်ထားဘိသကဲ့သို့ မပီမပြင် ရှိလှ၏။ သို့သော် ပါးလွှာသည့် အဝတ်စ၏ အောက်တွင်ကား တဖျပ်ဖျပ် တောက်ပသောမျက်လုံး၊ ချွန်သောနှာခေါင်း၊ ကျယ်ပြောသော ပါးစပ်တို့ကိုမူ ရေးရေးမျှ မြင်ရလေ၏။

ထိုသတ္တဝါ၏ ကြုံလှီလှသည့် စန္ဒာကိုယ်မှာကား ယောကျ်ားမိန်းမဟု ခွဲခြားရန် ခဲယဉ်းရကားကိုသက်ပြင်းသည် လူဟူ၍ပင်ပြောရန် ခက်ခဲသည်ဟု စိတ်အတွင်းမှ မှတ်ချက်ချမိလေ၏။ ထိုစဉ်အတောအတွင်းဆရာလေးကိုထွန်းလွင်၏ အမှာစကားများကို သတိပြန်ဝင်လာသဖြင့် ငါးကင်ကို လက်မှ မလွှတ်တမ်းကိုင်ထားကာ စားမလား၊ စားမလား၊ စားမလားဟု အထပ်ထပ်အခေါ့ခေါ့မေးမိလေ၏။ လူမည်းကြီးသည် ခေါင်းညိတ်ပြသဖြင့်ငါးကင်ကိုထိုးပေးတော့မည်ဟု ဆုံးဖြတ်ပြီးခါမှ တစ်စုံတစ်ရာကို သတိရသွားသဖြင့် ပေးမည့်လက်ကိုရုပ်မိလိုက်လေ၏။

ကို သက်ပြင်း၏ စိတ်အတွင်းကလည်း ငါ့သူ့ဆီက ယူဖို့ သူမှာ ဘာပါသလဲ ကြည့်ရဦးမယ်ဟု အတွေးပေါက်လေရာငါးကင်ပေးမည့်လက်ကိုအနည်းငယ် နောက်သို့ဆုတ်ရင်းလောဘသည့်ဖြင့် လူမည်းကြီးကို မကြောက်မရွံ့စူးစူးစိုက်စိုက် ကြည့်မိလေ၏။ သူတို့သည်


www.burmeseclassic.com

www.burmeseclassic.com

" သက်ပြင်းသာ ဗွေမဖောက်ဘဲ ခုနစ်ရက်နေ့ ကုန်သည်အထိ အိမ်ပေါ်က အောက်မဆင်းရင် သရဲကြီးက သူ့ပဝါကို မယူတော့ဘဲ ပြန်သွားတော့မှာဗျ။ အဲဒီအခါ ပဝါကို ခါးမှာပတ်ထားရုံနဲ့ ပရလောကသူ လောကသားတွေကို မြင်နိုင်တဲ့အပြင် အကူအညီ ဆည်း တောင်းနိုင်သေးတယ်ဗျ။ အသုံးဝင်တာကတော့ ညကျရှိ သလိုပေါ့ဗျာ ...



သာမန်အားဖြင့် ကြောက်စိတ်ကြီးမား ကြသည်မှန်သော်လည်း လောဘစိတ် ကြီးမားလာသည်ဆို လျှင် ကား ထို ကြောက်စိတ်တို့သည် ကြက်ပျောက် ငှက်ပျောက် ပျောက်ကွယ်တတ်လေ့ရှိ ပြီး လောဘစိတ်သည် ကြီးမားသော သတ္တိထူးတို့ဖြစ်ပေါ်လာတတ်စေ၏။

ဂမ္ဘီရပဝါ

သို့ဖြင့် ကိုသက်ပြင်းသည် လူ
ကြီးကိုစေ့စေ့စပ်စပ်ကြည့်လေရာလ
ပင်းတွင်ပတ်ထားသည်ပဝါကဲ့သို့
ပိတ်စကိုတွေ့လေရာ လွန်စွာအား
ပြီး ငါးကင်ကို လူမည်းကြီးဆီသို့ ထို
ပေးလိုက်လေသည်။ လူမည်းကြီးသ



www.burmeseclassic.com

www.burmeseclassic.com

တိုသက်ပြင်း လက်ထဲမှ ငါးကင်ကို လျှင်မြန်စွာ ဆွဲယူပြီး ပါးစပ်နားသို့ ကပ်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း ကိုသက်ပြင်းသည် လူမည်းကြီး လည်ပင်းမှ ပဝါစကိုဆွဲယူပြေးလေတော့သည်။

ကိုသက်ပြင်းသည် ပဝါကို ရယူပြီးနောက် ရွာဆီသို့ သုတ်ခြေတင်ပြေးရင်း ပါလွင့်ကျမည်စိုးသဖြင့် ခါးတွင် စည်းထိုက်လေရာ သူ၏မျက်စိနှစ်ကွင်းသည် အလွန်တရာ အင်အားကြီးမားသော အလင်းရောင်တန်းကြီးနှင့် တိုးမိသည့်အလားလင်းလက်သည့်အဖြူရောင်ကြီးကိုတွေ့ရပြီး မျက်စိများ ကျိန်းစက်သွားလေ၏။ ပြေးလွှားနေရင်း သူ၏ မျက်စိတွင်း သူ့ဘဝတစ်သက်တာတွင် တစ်ကြိမ်တစ်ခါမျှ မမြင်ဘူးသေးသည့် မြင်ကွင်းများကို မြင်လာရလေ၏။

ကိုသက်ပြင်းသည် ရွာအတွင်းသို့ ပြေးသေးဘဲ ရွာအပြင်လယ်ကွင်းကို ဖြတ်သန်းကာ ရွာအနောက်ပိုင်းချောင်းကြီးသို့ပြေးလေ၏။ အနောက်မှ မည်းကြီးကလည်း အတင်းဖိ၍လိုက်လေ၏။ ကိုသက်ပြင်းသည် ပြေးရင်းလွှားရင်း ရွာချောင်းအနီးသို့ ရောက်သောအခါ လယ်ကွင်းပြင်တစ်နေရာတွင် ကိုသက်ပြင်းနှင့် လူမည်းကြီးတို့ ပြေးလွှားနေကြသည်ကို လှမ်းကြည့်နေသည့် လူကြီးတစ်ယောက်ကို မြင်ရလေ၏။ ထိုလူကြီးသည် အသက်အားဖြင့် အတော်ပင် ကြီးလှုံပြီဖြစ်ပြီး မျက်နှာမှာကား ကိုသက်ပြင်းမှာ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသည့် မျက်နှာမျိုးပင် ဖြစ်လေသည်။ ထိုလူကြီးသည် တောင်ဝှေးတစ်ချောင်းကို ကိုင်ထားသော်လည်း ခါးမကုန်းသေးချေ။ ခန္ဓာကိုယ်အထက်ပိုင်းမှာ ဗလာကျင်းထားသော် လည်း တောက်ပသည့် ပုဆိုးတစ်ထည်ကို အကျအနခေါက်ကာ ဝဲဘက်ပခုံးတွင် တင်ထားလေ၏။ ပုဆိုးမှာမူကား ပိုမိုတောက်ပသော ပိုးဖဲ ပုဆိုးမျိုးကို ဝတ်ဆင်ထားသည်ဟု ကိုသက်ပြင်း ထင်မြင်မိလေ၏။ ထိုလူကြီး၏ နောက်နားတွင် အသားညိုညို ခပ်ဝဝ အထက်ပိုင်းဗလာကျင်းထားသည့် လူတစ်ယောက်သည် တင်းပုတ်ကဲ့သို့သော တူအကြီးစားကို ထမ်းကာ လယ်ကန်သင်းတွင် ငြိမ်သက်စွာ ထိုင်နေသည်ကိုလည်း မြင်ရ၏။ မည်သူမည်ဝါတွေဖြစ်မည်မှုကိုကား ကိုသက်ပြင်း မခန့်မှန်းနိုင်ပါချေ။

သို့နှင့် ကိုသက်ပြင်းသည် လူမည်းကြီးလက်မှလွတ်ရန် အတင်းပြေးနေရင်း အနောက်ချောင်းကြီးအနီး ရောက်ခါနီး

www.burmeseclassic.com

ကြီးနားသို့ရောက်သည့်အခါရေကန်ထဲမှ လူနှစ်ယောက်သုံးယောက်ခန့်သည် ကိုသက်ပြင်းတို့ကို ငေးကြည့်နေသည်ကို တွေ့ရ၏။ ကိုသက်ပြင်းလည်း အားတက်သွားပြီး ရွာထဲမှ လူများဖြစ်လေမလားဟုအသေအချာကြည့်မိ၏။ ထိုသူများသည် ကိုသက်ပြင်းနှင့် တစ်ကြိမ်တစ်ခါမှ မတွေ့မမြင်ဖူးသည့် လူစိမ်းများသာဖြစ်သည်ကိုအံ့အားသင့်ဖွယ်တွေ့ရလေသည်။ ထိုသူများသည်ဝတ်ကောင်းစားလှများကိုဝတ်စားထားပြီးရေကန်ထဲရှိ ရေခပ်ရန် ခင်းထားသည့် တံတားပေါ်တွင် မတ်တတ်ရပ်ကာ နေကြပုံရ၏။

ကိုသက်ပြင်းသည် ကျောင်းမြေကိုဖြတ်၍ရွာထိပ်နတ်စင်နီကြီးရှိရာသို့ပြေးပြန်လေရာလူမည်းကြီးလည်းအနောက်မှ မခွာဘဲ ဒလမန်းကြမ်း လိုက်လေ၏။ နတ်စင်နီကြီးအနီးတွင်ကား ခပ်ဝဝလူတစ်ယောက်သည် နတ်စင်နီကြီးပေါ်တွင် ခြေစုံချကာ ထိုင်နေလေ၏။ ခန္ဓာကိုယ်အထက်ပိုင်းမှာဗလာကျင်းထားပြီး တောက်ပသည့် ပုဆိုးကို ခါးတောင်းကျိုက်ထားလေ၏။ ဦးခေါင်းတွင်ကား ဘုန်းကြီးကျောင်းမှ ဆွမ်းအုပ်နီကြီး၏ အပေါ်ဖုံးကဲ့သို့သော ဦးထုပ်မျိုးကို ဆောင်းထားလေရာ ကိုသက်ပြင်းမှာ ယင်းမြင်ကွင်းကို မြင်ရင်း သေပြေးရှင်ပြေးပြေးနေရသည့်ကြားမှ ရယ်ချင်စိတ်များ တားမရအောင် ပေါ်မိသေး၏။

※

## အုန်းသီးထဲက လူနီကြီး

သို့နှင့် ကိုသက်ပြင်းသည် အ… အညီမရသည့် လူများနှင့်ဆက်မနေရ… ဆုံးဖြတ်လိုက်ပြီးနောက် အားကိုးအားထားရာ ဆရာလေး ကိုထွန်းလွင်အိမ်သို့ ပြေးရန် ရွာအတွင်းသို့ ဝင်လေ၏။ ရွာအဝင်လမ်းတွင် လူတစ်ဦးသည် ရွာအတွင်းမှ ပြေးထွက်လာပြီး ပထမသော… လူမည်းကြီးနှင့်ကိုသက်ပြင်းအကြားထဲ… ၍ လူမည်းကြီးအား တားမည်ပြုသော… နောက်ခဏကြာသော လူမည်းကြီးပြေး… ထွက်လာသူသည် အစိမ်းရောင် ဝတ်… ဆင်ထားပြီး လက်တွင် အစိမ်းရောင်… ကြိမ်လုံးကိုကိုင်ထားလိုက်သေး၏။ ပြေး… ရင်းလွှားရင်း ထိုသူအား ဖျတ်ခနဲ မြင်… သည်ဖြစ်ရာ ကိုသက်ပြင်းမှာ ရွာအ… တွင် ရာမမင်းသားအဖြစ် ကပြသည့်… အရှေ့ပိုင်းမှ ကိုကျော်ဆွေများလာ… ထင်မှတ်မိသေးသည်။ သို့နှင့် ပြေး… လွှားရင်း ကိုသက်ပြင်းသည် ဆရာ… ကိုထွန်းလွင်အိမ်ရှေ့သို့ ရောက်…

www.burmeseclassic.com

အခါ မြံတံခါးကို ကျော်တက်၍ အိမ်အတွင်းသို့ ခုန်ချရင်း...

"ဆရာလေး - ဆရာလေး - ဆရာလေးကိုထွန်းလွင်"

ဟု အမောတကော အော်လေသ...

"သက်ပြင်းလာပေါ့ - အပေါ်သာ အမြန်တက်ခဲ့တော့"

ဟူသော ဆရာလေးကိုထွန်းလွင်၏ အောင်မြင်စန့်ညားသောအသံကိုကြားမှ စိတ်သာရာ ရလေတော့၏။

ဆရာလေး ကိုထွန်းလွင်သည် ကိုသက်ပြင်းအားအိမ်အတွင်းသို့ဝင်စေသ ကိုသက်ပြင်း အိမ်အတွင်းသို့ ဝင်သည်နှင့် တစ်ပြိုင်နက် ဆရာလေး ကိုထွန်းလွင်၏ အိမ်ရှိ အိမ်တွင်းစင်အတွင်းတွင်ချိတ်ဆွဲထားသောအုန်းသီးခွံမှ အနီရောင်ဝတ်ဆင်ထားသည့် လူကြီးတစ်ဦးသည် ကြိမ်လုံးကြီးကို ဆွဲ၍ထွက်ပေါ်လာပြီးအိမ်ပေါ်မှအောက်သို့ခုန်ချသွားလေ၏။ ထိုအခါ လူမည်းကြီးသည် အိမ်အပြင်ဘက် မြံစပ်သို့ ထွက်ပြေးသွားပြီး မြံအဝမှ အိမ်အတွင်းသို့ မျှော်ကြည့်နေသည်ကိုတွေ့မြင်လိုက်ရလေ၏။ အုန်းသီးအတွင်းမှ လူနီကြီးသည်ထွားကျိုင်းသန်မာသည့်ခန္ဓာကိုယ်ကိုပိုင်ဆိုင်ထားပြီးအနီရောင်အကျီရှမ်းဘောင်းဘီအနီတို့ကိုဝတ်ဆင်ထားကာ လက်တွင် ကြီးမားတုတ်ခိုင်သည့် ကြိမ်လုံးအနီကြီး တစ်ချောင်းကိုလည်း ကိုင်ထားလေ၏။

လူနီကြီးသည်အိမ်ကပြင်အထက်နားတွင်သက်သောင့်သက်သာထိုင်ရင်း လူမည်းကြီးအား မပြတ်ကြည့်နေသကဲ့သို့လူမည်းကြီးကလည်းလူနီကြီးအလစ်တွင် အိမ်ပေါ်တက်ရန် ကြိုးစားနေသည်ဟု ကိုသက်ပြင်းက ထင်မြင်နေလေသည်။

"ရေလေး တစ်ပေါက်လောက် တိုက်ပါဦး - ဆရာလေးရယ်"

ဟု ကိုသက်ပြင်းက ဆိုလေရာ ဆရာလေး ကိုထွန်းလွင်လည်း ဘုရားကျောင်းဆောင်မှသောက်တော်ရေတစ်ခွက်ကိုစွန့်၍တိုက်လေရာ ကိုသက်ပြင်း၏စိတ်များသည်လည်းငြိမ်းအေးခြင်းသို့ ရောက်ရလေ၏။

"ကဲ - ဒီအိမ်အပေါ်အထိတော့ မင်းလူလိုက်လာလို့ မရတော့ပါဘူး။ စိတ်အေးအေးထားတော့ ငါ့တပည့်၊ ကဲ - ဒီနေ့ကစပြီး ငါ့တပည့် ခုနစ်ရက်လုံး ဒီပေါ်မှာပဲနေ၊ ဒီပေါ်မှာပဲစား၊ အပေ့ါအလေးတောင် အောက်သွားပြီးတော့မစွန့်နဲ့လနဲ့ ငါ့တပည့်၊ တစ်ပတ်လောက်တော့ သည်းခံ၊ မင်းလူ အိမ်ပေါ်မတက်စေဖို့


www.burmeseclassic.com

www.burmeseclassic.com

အေး ဒါဆိုလူနီကြီးက တာဝန်ယူပေလိမ့်မယ်။ မင်းစားဖို့သောက်ဖို့တော့ မင့်အစ်ကို ချစ်စိန် တာဝန်ယူပေလိမ့်မယ်။ အောက်တော့ မဆင်းလေနဲ့နော်၊ အောက်ဆင်းရင် မင်းထိုက်နဲ့ မင်းကံပဲ၊ သူတို့က တစ်ပတ်လောက်နေလို့မှ ယူမရရင် မင်း ယူလာတဲ့ပစ္စည်းကို ထားသွားပဲ" ဟု ဆရာလေး ကိုထွန်းလွင်က ပြောလေရာ ကိုသက်ပြင်းမှာ အားရကျေနပ်ခြင်း စိတ်အေးချမ်းသာခြင်းများ ဖြစ်ပေါ်ကာ အတော်အတန်ပင်စိတ်မော လူမောဖြစ်ရခြင်းမှလွတ်ကင်းလာရလေ၏။

သတိတစ်ချက်

သို့နှင့် ကိုသက်ပြင်းသည် အိမ်ပေါ်တွင်ပင် အေးအေးလူလူနေကာ ခုနစ်ရက် မြန်မြန်ပြည့်ပါစေတော့ဟု ဆုတောင်းမိလေ၏။ လူနီကြီးကား အိမ်တခြင်တွင် ကြိမ်လုံးတပြင်ပြင်နှင့် ရှိနေသည်ကို နေ့စဉ် မြင်ရသည့်အတွက် ကိုသက်ပြင်းမှာ အားတက်မိသေး၏။ လူမည်းကြီးကား ခြံအပြင်တွင်အကျအနထိုင်ကာစောင့်နေလေ့ရှိပြီး တစ်ခါတစ်ရံ ခြံအတွင်း ရေအိုးများထားရာ ရေကပြင်အထိ တိုးလာခဲ့ချေသေး၏။ ငါးရက်မြောက်နေ့တွင်ကား ဆရာလေးကိုထွန်းလွင်သည် ဆေးကုသရန် လူနာပင့်လာသဖြင့် ကိုသက်ပြင်း၏ အစ်ကိုဖြစ်သူ ကိုချစ်စိန်ကို ခေါ်ကာ ထွက်ခွာသွားသဖြင့် အားငယ်မိသော်လည်း နှစ်ရက်မျှသာ သည်းခံရမည်ဖြစ်သဖြင့် ဝမ်းသာစိတ်လည်းပေါ်လာမိသေး၏။ ဆရာလေးကိုထွန်းလွင်သည် အိမ်မှမခွာမီ ကိုသက်ပြင်းအား ရက်နီးလေ၊ သတိကြီးကြီးထားရန် လိုလေလေဟုဆိုကာ မှာကြားထားခဲ့သေး၏။

ခြောက်ရက်မြောက်ရက်သို့ရောက်သော် ကိုသက်ပြင်းသည် လွန်စွာ စိတ်အေးချမ်းသာသည်ဖြစ်ရကား ထူးခြားသည့် ဂမ္ဘီရပစ္စည်းကို ပိုင်ဆိုင်ရသည်လည်းဖြစ်ရာ မည်သို့မည်ပုံ အသုံးချရမည်ကို ဆရာလေး ကိုထွန်းလွင်အား မေးမြန်းမည်ဟု ဝမ်းမြောက်ဝမ်းသာ တွေးလျက်ရှိ၏။ လတ်တလော ထူးဆန်းသည်မှာ ဂမ္ဘီရပဝါကို ခါးတွင်စည်းထားပါက အိမ်စောင့်လူနီကြီးနှင့် ပဝါပိုင်ရှင်လူမည်းကြီးတို့ကို တွေ့ရသော်လည်း ပဝါကိုဖြုတ်လိုက်သည်နှင့် မမြင်တွေ့တော့ချေ။

ခုနစ်ရက်မြောက်နေ့ နံနက်တွင်ကား ကိုသက်ပြင်းသည် စိတ်ကိုတုံး

www.burmeseclassic.com

...တာအနှောင့်အယှက်ကင်းစွာဖြင့်ပဝါ ...ပိုင်ဆိုင်ရချေပြီဟု ဝမ်းမြောက်ဝမ်း ...ဖြစ်မိချေ၏။ အိမ်ကပြင်သို့ ထွက် ...ပြီးနောက် အရပ်မျက်နှာလေးပါးကို ...ကြည့်ရှုရာ မည်သည့်ထူးခြားမှုမျှ မတွေ့ ...ဖြင့် အောင်ပြီ အောင်ပြီဟု ဝမ်းသာ ...ရကြွေးကြော်မိလေ၏။ ဆရာလေး ...ထွန်းလွင် မှာကြားထားသကဲ့သို့ ခုနစ် ...မပြည့်သေးသော်လည်း လူမည်း ...ကို မတွေ့သဖြင့် ဝမ်းသာစိတ်သည် ...ထိပ်သို့ တက်နေသည့် အတွက် ...တစ်ချက်လစ်ကာ အိမ်ကပြင်မှ ...ကာ အောင်ပြီအောင်ပြီဟုဝမ်းသာ ...ရကြွေးကြော်ရင်း အိမ်ကိုတစ်ပတ် ...လေရာ ရေကပြင်အနီးမှ လူမည်း ...သည် ရုတ်တရက် ပြေးထွက်လာပြီး ...ကိုလုကာ ခြံအပြင်သို့ထွက်ပြေးသွား ...တော့၏။ ထိုအခါမှ ကိုသက်ပြင်း ...အသိပြန်ဝင်လာပြီး လူမည်းကြီး ...တ်သို့ ကမူးရှူးထိုးလိုက်လေရာ ...ပဝါခါးတွင်ပတ်ထားခြင်းမရှိသဖြင့် ...သည့်အရာကိုမျှမမြင်ရဘဲရှိရာမည် ...အရပ်သို့ လိုက်ရမည်ကို မသိဘဲ ...လျှော့လိုက်ရလေတော့၏။

※

ပဝါဇာတ်သိမ်း

ဆရာကိုထွန်းလွင် ပြောပြသည့် ကိုသက်ပြင်းနှင့် ဂမ္ဘီရပဝါဇာတ်လမ်း ပြီးဆုံးချိန်တွင် ညဦးပိုင်းသို့ပင်ရောက်ပြီ ဖြစ်လေသည်။ ဖခင်ကြီးက "မောင်ထွန်းလွင် မင်းဇာတ်လမ်းကတော့ အတော်လေးကို ကောင်းတဲ့ဇာတ်လမ်းပဲ။ ဒါနဲ့ ဒီပဝါက ဘယ်နေရာတွေမှာစွမ်းတာလဲ" ဟု မေးလေရာ ဆရာကိုထွန်းလွင်က "အစ်ကို - ကိုစိန်လှိုင်ရေ၊ သက်ပြင်းသာ ဗွေမဖောက်ဘဲ ခုနစ်ရက်နေ့ ကုန်သည်အထိ အိမ်ပေါ်က အောက်မဆင်းရင် သရဲကြီးက သူ့ပဝါကို မယူတော့ဘဲ ပြန်သွားတော့မှာဗျ။ အဲဒီအခါ ပဝါကို ခါးမှာ ပတ်ထားရုံနဲ့ ပရလောကသူ လောကသားတွေကိုမြင်နိုင်တဲ့အပြင်အကူအညီလည်း တောင်းနိုင်သေးတယ်ဗျ။ အသုံးဝင်တာကတော့ ဉာဏ်ရှိသလိုပေါ့ဗျာ။ ဗေဒင်ဟောမလား ဖြစ်တယ်၊ ဒီပဝါအစွမ်းနဲ့ မြင်မြင်သမျှ ပရလောကသားတွေကို အကူအညီတောင်းနိုင်တာကိုး။ ဆေးကုဦးမလားဖြစ်တယ်ဗျ။ နောက်ဆုံး လောင်းကစားလုပ်ဦးမလား၊ ရတယ်။ တစ်ချပ်မှောက်တို့ လေးကောင်ဂျင်တို့ဆို သူက မှောက်ထားတာကို လှန်ပြီး မြင်နေရတာကိုး။ ဈေးရောင်းမလားဘာ



www.burmeseclassic.com

www.burmeseclassic.com

ရောင်းရောင်းကောင်းတယ်၊ ဒါပေမဲ့ သူ့ ပဝါကို ကိုယ်က အများဆုံး ဆယ်နှစ် ဆယ်မိုးထက် ပိုပြီးမသုံးရဘူး၊ ကိုယ်လို တဲ့ကိစ္စ ပြီးစီးတဲ့အခါ ရလာတဲ့နေရာမှာ ပြန်ပေးရတယ်၊ ပေးပုံပေးနည်းကလည်း သူတဲ့ ပုံအတိုင်းပေါ့၊ လာတဲ့သူကို ငါး တင်ရော၊ ပဝါရော ပြန်ပေးလိုက်ဖို့သာ ရှိတာပေါ့" ဟု ရှည်လျားစွာ ရှင်းပြလေ ၏။

ကျွန်တော်တို့စကားဝိုင်းတွင်ပါဝင် နားထောင်နေသူဦးဖင်းတလေးက—

"အဲ့ဒါ ဒီတာတိုထွန်းလွင်ရဲ့ကျုပ် မရှင်းတာလေး မေးပါရစေဦး၊ ကိုထွန်း လွင်ပြောတော့ဒီပဝါအစွမ်းနဲ့ပရလောက သားတွေကို မြင်နိုင်တယ်၊ သူတို့က လည်း အကူအညီပေးနိုင်တယ်ဆို၊ ဒီတာ ကိုသက်ပြင်း ပြောလာတဲ့ လမ်း တစ်လျှောက် ပရလောကသားတွေကို သူ မြင်ခဲ့တာပဲ၊ အဲဒီတုန်းက သူတို့ ပဝါပိုင်ရှင်ဒကာကိုသက်ပြင်းကိုဘာ အကူအညီမပေးခဲ့ကြတာလဲ" ဟုမေး ရာ ကျွန်တော်တို့လည်း ထိုဖြစ်ရပ် ဘဝင်မကျဖြစ်နေကြသည့်အလျော မေးခွန်းမေးမြန်းသည့် ဦးဖင်းလေး ကျေးဇူးတင်မိသေး၏။


ထိုအခါ ဆရာကိုထွန်းလွင်က—

"ဒီလိုတော့ ရှိတယ် ဦးဖင်းရဲ့ အ အချိန်တုန်းက ပရလောကသား မကူညီတာက သက်ပြင်းက ပဝါ တကယ်မပိုင်သေးဘူးလေ၊ သခဲ့ကြီး လည်း ပဝါကို မလွှဲသေးဘူးလေ၊ ကြီးက ပဝါကိုမယူဘဲ ပြန်သွားတော့ သက်ပြင်းက ပဝါကို တကယ်ပိုင် အဲတော့မှ ပဝါပိုင်ရှင်အဖြစ်နဲ့ ကိုသ ပြင်းကို ပရလောကသားတွေက ကြမှာလေ" ဟု ရှင်းပြလိုက် သတည်း။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အေသင်ဇာသက်ဝေ

## ချောက်ချားဖွယ်ညများ

ထိုအဖြစ်အပျက်များမှာကား ကြာ
တော့ကြာခဲ့ပါပြီပဲ။ ၁၉၆၆ - ၁၉၆၇ ခုနှစ်
တဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တစ်ခု
ဖြစ်သည်။

စာရေးသူ၏ မိခင်က သူမ၏ ဖခင်
ကြီး တပ်မတော်သားဘဝက အမှန်
တကယ်တွေ့ကြုံခဲ့ရသောအဖြစ်အပျက်
များကို စာရေးသူအား ပြန်လည်ပြောပြ
သဖြင့် စာရေးသူလည်း စာဖတ်ပရိသတ်
များအတွက် ဗဟုသုတရစေရန်ရည်ရွယ်
၍ အဆင်ပြေသလိုဆီလျော်စွာ ပြန်လည်
ရေးသားတင်ပြလိုက်ရပါသည်။

စာရေးသူ၏ အဘိုးသည် တပ်
မတော်သားဘဝမှ အသက် (၄၀) မပြည့်
ခင်တွင်ပင် ဆေးပင်စင်ဖြင့် အငြိမ်းစား
ယူပြီးနောက် အရပ်သားဘဝဖြင့် ဘာ
လုပ်ကိုင်စားသောက်ရမှန်းမသိ ယောင်
ချောက်ဆယ် ဖြစ်နေလေသည်။ သား
ကျွေးမှ၊ မယားကျွေးမှ တာဝန်မှာ မငြိမ်း
နိုင်သေးသဖြင့် ဝမ်းစာရေးအတွက်
အလုပ်အကိုင်တစ်ခုကို ဖောက်ချပြီး
လုပ်ကိုင်ရန်ခေါင်းမီးတောက် မတတ်
စဉ်းစားရလေတော့သည်။

စစ်သားဘဝတွင် အခင်မင်ဆုံးဖြစ်
ခဲ့ရသော သူ၏ သူငယ်ချင်းဖြစ်သူ တပ်
ကြပ်ကြီး ဦးဘကိုထံသို့ အကြံဉာဏ်
တောင်းခံရလေသည်။ ဦးဘကိုနှင့် စာ
ရေးသူ၏အဘိုးသည် တပ်ကြပ်ကြီးဘဝ
နှင့်အတူတကွ တာဝန်ထမ်းဆောင် ပြီး
ဆေးပင်စင်ဖြင့် အငြိမ်းစားယူခဲ့ကြသည့်
ဘဝတူနှစ်ယောက် ဖြစ်သည်။ သန်မာ
သည့်လူလတ်ပိုင်းအရွယ်အသက်(၃၀)
ကျော်မှာပင် တာဝန်ထမ်းဆောင်၍
ကောင်းတုန်း ဆေးပင်စင်ယူခဲ့ရခြင်းမှာ
ဦးဘကိုနှင့် စာရေးသူ၏ အဘိုး (တပ်
ကြပ်ကြီးကိုသီဟ) သည် စစ်တပ်တွင်
ဘောလုံးအသင်းမှ အားကစားသမား
များဖြစ်ကြသည်။ ကိုသီဟသည် ဂိုးဖမ်း

www.burmeseclassic.com

www.burmeseclassic.com

သည့် ဂိုးသမားဖြစ်ပြီး ဦးဘကိုလည်း တိုက်စစ်မှူးဖြစ်သည်။

တစ်နေ့တွင်ဘောလုံးကစားကြရာမှ အဘိုးသည် ဂိုးဖမ်းရင်း ဒူးဆစ်ပြုတ်သွားပြီး ဦးဘကိုမှာလည်း ခြေသလုံးရိုး သွင်သွင် ကျိုးထွက်သွားလေသည်။ အဘိုးဖြစ်သူနှင့် ဦးဘကိုတို့မှာ အတူတကွဖြင့် ဆေးပင်စင် ယူခဲ့ရလေတော့သည်။

တစ်နေ့တွင် စာရေးသူ၏ အဘိုးသည် သူ၏ မိတ်ဆွေဦးဘကို နေထိုင်သည့် လင်းခေးမြို့သို့ စာရေး၍ ဆက်သွယ်လိုက်လေသည်။ တပ်ကြပ်ကြီးဦးဘကိုသည်သူ၏မိတ်ဆွေကိုသီဟ၏စာကိုဖတ်ပြီး ပြုံးနေမိလေသည်။ စာထဲတွင် ရေးသားထားသည်မှာ တပ်ထဲမှထွက်ပြီး ဘာလုပ်စားရမှန်းမသိ ယောင်ချောက်ဆယ်ဖြစ်နေပုံ တပ်ထဲတွင် တာဝန်ထမ်းဆောင်စဉ်က စုဆောင်းထားသောရွှေအနည်းငယ်ကိုထုခွဲစားသောက်နေရပုံတို့ကိုရေးသားထားပြီး သင့်လျော်သည့် အလုပ်အကိုင်တစ်ခုကို လုပ်ကိုင်နိုင်ရန်၊ အကြံပေးပါရန် တောင်းဆိုထားလေသည်။

ပင်စင်စားတပ်ကြပ်ကြီးဦးဘကိုနှင့် ကိုသီဟတို့ မိသားစုသည် တပ်ထဲတွင် အတူတကွ တာဝန်ထမ်းဆောင်စဉ်က အိမ်ထောင်သည်များ နေထိုင်ရာ လိုင်းခန်းတွင် အခန်းချင်းကပ်နေရုံသာမက သူတို့၏ ဇနီးများနှင့်တကွ သားသမီးအချင်းချင်းပင် သင့်မြတ်ကြလေသည်။ တစ်ယောက်အကြောင်း တစ်ယောက် အစင်းသိအတွင်းသိများပင် ဖြစ်လေသည်။

ဦးဘကိုမှာ ထိုစဉ်အခါကပင် ဆေးမြီးတိုများ၏ အသုံးဝင်ပုံနှင့် ဗိန္ဒောပညာကိုဟိုစပ်စပ်ဒီစပ်စပ်နှင့် လူမသိသူမသိလေ့လာနေသူဖြစ်ကြောင်းကို ကိုသီဟက သိရှိထားပြီး ဖြစ်လေသည်။ ယခုလည်းတပ်ထဲမှပင်စင်ယူခဲ့ပြီးဦးဘကို၏ဇာတိဖြစ်သည့် လင်းခေးမြို့သို့ ပြန်ပြီးအခြေစိုက်နေထိုင်ခဲ့လေသည်။

ဟိုစပ်စပ် ဒီစပ်စပ် လေ့လာထားခဲ့သည့်ဆေးဝါးဗိန္ဒောပညာလေးဖြင့်ဝမ်းစာရေး ဖြေရှင်းနေခဲ့သည်။ အကျိုးပေးသည်ထင့်၊ သူ ကုသပေးခဲ့သော လူနာများမှာ အသေအပျောက်မရှိအားလုံးနီးပါး ရောဂါပျောက်ကင်း ချမ်းသာခဲ့သည်။ တပ်ထဲတွင်နေထိုင်ခဲ့စဉ်ကရှေးဦးသူနာပြု သင်တန်းတက်ရောက်ထားသော အခြေခံလေးကလည်း ရှိသဖြင့်အင်္ဂလိပ်ဆေးဝါးများကိုလည်း [illegible]စွဲပုံ သုံးစွဲနည်း

www.burmeseclassic.com

ဗဟုသုတအစေတာ်စုံလင်သူဖြစ်ရကား ကိုဘကို နေထိုင်သော ရပ်ရွာလေး၏ လက်စွဲဆေးဆရာတစ်ဆူ ဖြစ်လာလေသည်။

ဦးဘကိုမှာ ရတနာသုံးပါးကိုရိုသေကိုင်းရှိုင်းသူဖြစ်လေသည်။ အသားကြီးငါးကြီးများကိုရှောင်ပြီး သက်သတ်လွတ်အစားများသူဖြစ်လေသည်။ ငါးပါးသီလကို အတတ်နိုင်ဆုံး လုံခြုံအောင် ထိန်းသိမ်းလေသည်။ ဦးဘကိုနှင့်ဦးသီဟတို့ တပ်ထဲတွင်တာဝန်ထမ်းဆောင်ခဲ့စဉ်က စာရေးသူ၏ အဘိုးဦးသီဟကိုယ်တိုင် တွေ့ကြုံခဲ့ရသော အတွေ့အကြုံအချို့ကို ပြန်လည်၍တင်ပြပါမည်။

ထိုအဖြစ်အပျက်မှာ အခုခေတ် သိပ္ပံပညာရပ်နှင့်ယှဉ်ပြီး တွေးခေါ်လျှင် ယုံရခက်ခက်ပင် စဉ်းစားရခက်လှပေသည်။ သို့သော် အဘိုးမှာ စကားပြော တည်ကြည်ပြီး လူဖြောင့်ကြီး ဖြစ်သည်။ ရိုးသား၍ ဘာသာတရား ကိုင်းရှိုင်းသူဖြစ်ရကား စာရေးသူမှာ အခုခေတ် သိပ္ပံပညာရပ်များနှင့် ဆန့်ကျင်ပြီး ယုံရပေတော့သည်။

တစ်နေ့တွင်ဦးဘကိုနှင့်ဦးသီဟတို့ တာင်းလှည့်တာဝန်ကျ၍ ကင်းလှည့်နေစဉ် ဗိုလ်ကြီးမမတို့ အဆောင်ဘက်သို့ ရောက်သောအခါ (ထိုစဉ်က ၁၉၆၆) အမျိုးသမီးများကို ဗိုလ်ကြီးအဆင့်သို့ ရာထူးပေးလေသည်။

ဗိုလ်ကြီးမမတို့ အဆောင်များမီးလင်းလာပြီး ဆူညံစွာ အော်ဟစ်၍ဝရန်သုန်းကားနှင့်အသည်းအသန်အောက်သို့ ပြေးဆင်းလာကြသောကြောင့် ဦးဘကိုနှင့် ဦးသီဟတို့နှစ်ယောက် အပြေးအလွှား သွားရောက်ကြည့်ရှုလေရာ...

"ဘာဖြစ်လာကြတာလဲ - ဟေ့ဘာဖြစ်ကြတာလဲ"

ဦးဘကိုတို့နှစ်ယောက် မေးလိုက်ရာတွင် ဗိုလ်ကြီးမမ တစ်ယောက်က စိုးရိမ်ထိတ်လန့်နေသည့် အသံဖြင့်...

"အမယ်လေး - လုပ်ပါဦး ဆရာကြီးတို့ရယ်၊ ကျွန်မတို့ အဆောင်မှာ သရဲရှိတယ်၊ မည်းမည်းကြီးနှစ်ကောင် ကျွန်မတို့အဆောင်ထဲ ပြေးဝင်လာတယ်"

"ဟုတ်လို့လား - အမြင်မှားတာနေမှာပါ။ လူဖြစ်မှာပါဟာ"

"ကျွန်မတို့က မျက်စိအကောင်းပါ ဆရာတို့ရယ်၊ လူမဟုတ်တာတော့ သေချာတယ်။ တစ်ကိုယ်လုံးလည်း မီးသွေးလိုမည်းပြီး လက်သည်းလည်း အမွေး



www.burmeseclassic.com

www.burmeseclassic.com

ကြမ်းတွေနဲ့ မျက်လုံးတွေကလည်း နီရဲနေတာပဲ၊ ပြောရင်းနဲ့တောင် ကြောက်လာပြီ"

ဗိုလ်ကြီးမမတို့မှာ အားကိုးတကြီးနှင့် သူတို့အနားတွင် ဝိုင်းနေသည်၊ ဒီစဉ် ရဲဘော်နှစ်ယောက်၊ သုံးယောက်တည်း အနားသို့ ပြေးလာရာ ...

"ကဲ-ကဲ-ကျွန်တော်တို့အဆောင်ကိုပြန်လိုက်ပို့ပေးမယ်၊ ဘာမှမကြောက်ကြနဲ့၊ လာ-လာ" ဆိုပြီး ဦးဘကိုနဲ့ ဦးသီဟ အပါအဝင် ရဲဘော်လေးများကို ခေါ်လာပြီး ဗိုလ်ကြီးမမတို့ အဆောင်ဆီသို့ တက်လာခဲ့ကြသည်၊

အဆောင်ပေါ်တွင်သံသယဝင်စရာ ထည်သည့်ကိစ္စ တစ်စုံတစ်ရာမှပင် မရှိသဖြင့် ဘုရားစာရွတ်ဖတ်ပြီး နေကြရန်၊ ကြောက်ကြရန် မှာကြားပြီး ပြန်လည်ဆင်းလာခဲ့ကြလေသည်၊

"ကိုသီဟ ခင်ဗျား ဘယ်လိုထင်သလဲ"

ဦးဘကိုက မေးဆတ်၍ မေးလိုက်ရာ ဦးသီဟက ...

"ကျွန်တော်ကတော့ သူတို့ပြောတာ အမှန်ပဲလို့ ယူဆတယ်၊ ကိုသီဟ စဉ်းစားကြည့်လေ တစ်ယောက်တည်း မြင်တာမဟုတ်ဘူး၊ အားလုံးမြင်တာဆိုတော့ အမှန်ဖြစ်မယ်-ကိုဘကို"

"ဟုတ်တယ်-တစ်ခုခုတော့ ဖြစ်နေပြီ-ဗိုလ်ကြီး၊ မမတို့အဆောင်မှာဟိုတုန်းက ဘာသံ ညာသံတွေ မကြားရပါဘူး၊ ဒီကိစ္စကို ကျွန်တော် စုံစမ်းမယ် ကိုသီဟ"

"ဟုတ်တယ်-ကိုဘကို၊ ကျွန်တော်လည်း ဝိုင်းစုံစမ်းပေးပါ့မယ်၊ ဒီလိုသာထပ်ဖြစ်နေရင် မိန်းမသားတွေဆိုတော့ ကြာရင် သွေးပျက်ကုန်လိမ့်မယ်၊ အထက်က သိသွားရင်လည်းမကောင်းဘူး-ကိုဘကို"

စကားတပြောပြောနဲ့ဂျူတီချိန်ကုန်ဆုံး၍ မိမိနေထိုင်ရာ လိုင်းခန်းအသီးသီးသို့ပြန်လာခဲ့ကြလေသည်၊

ဦးသီဟနှင့်ဦးဘကိုတို့နှစ်ဦးသည် အတွေးနက်သူများဖြစ်ရလေကားအဖြစ်အပျက်များကို စဉ်းစားမိကြလေသည်၊ နောက်မှရောက်လာသောရဲဘော်လေးများကိုတစ်ယောက်ချင်းမျက်စိထဲထည့်ကြည့်နေလေသည်၊

ထိုအခါသူတို့သူငယ်ချင်းနှစ်ဦးလုံး၏မျက်နှာများဝင်းလက်သွားပြီးဆိုသာ အယာ ပြုံးမိကြလေသည်၊နောက်နေ့



www.burmeseclassic.com

www.burmeseclassic.com

ဦးသီဟနှင့် ဦးဘကိုတို့ နှစ်ဦး တွေ့ဆုံလေသောအခါ...

"ကိုသီဟရေ-ကျွန်တော် တစ်ခုတွေးမိတယ်၊ ဟိုနေ့ညက အသားခပ်နီစပ်စပ်နဲ့ ရဲဘော်ကို သတိထားမိလား၊ သူ့ကြည့်ရတာ သိပ်ပြီး မဟုတ်လှဘူး"

"ဟုတ်တယ်-ကိုဘကိုရေ၊မျက်နှာစပ်ဖြီးဖြီးနဲ့ တစ်ခုခုကို ကျိတ်ပြီးဝမ်းသာနေသလိုလို ဒီရဲဘော်ကို ခင်ဗျား သိလား"

"သိတယ်-ကိုသီဟ၊ ဒီရဲဘော်က မြန်မာမဟုတ်ဘူး၊ ချင်းလူမျိုးလေ"

"ဒါဆိုရင် လွယ်ပါတယ်-ကိုဘကိုရယ်၊ ဒီရဲဘော်လေးကို အနီးကပ် ပေါင်းသင်းကြည့်တာပေါ့၊ သူ့ဆီက ဘာဘာညာညာ သတင်းလေး ဘာလေးရ နည်းလားဗျာ"

"ဟုတ်ပြီဗျာ-ကိုသီဟရယ်"

※

ချင်းရဲဘော်လေးအကြောင်းကို ကြာကြာမစုံစမ်းလိုက်ရပါ၊ မြန်မာလိုပင် သိပ် ရေရေရာရာမပြောတတ်၊ တစ်ယောက်တည်း သီးသန့်နေထိုင်တတ်လေသည်၊ အမဲသားနှင့် ဆိတ်သား ခြောက်ကို အတော်ခုံမင်လှပေသည်၊

ကိုဘကို အနီးကပ် သူ့အကြိုက်ဆောင်၍ ပေါင်းသင်းလေသည်၊ ကိုဘကိုရဲဘော်ဘဝက ချင်းပြည်နယ်၌ (၂) နှစ်တိတိ တာဝန်ထမ်းဆောင်ခဲ့၍ ချင်းဘာသာစကားကို အနည်းငယ် တတ်ကျွမ်းလေသည်၊

ချင်းရဲဘော်လေးသည် ဝိညာဉ်ခေါ် သည့်အတတ်ကိုတတ်ကျွမ်းလေသည်၊ သူ၏ ဖခင်ထံမှ အမွေဆက်ခံထားခြင်း ဖြစ်သည်ဟု သိရလေသည်၊

ချင်းရဲဘော်လေးသည် အ... အနောက်သန်သူဖြစ်ရကား အမျိုးသမီး လေးများစုနေသောအဆောင်အားမြည့် သည့်ရည်ရွယ်ချက်မှမရှိဘဲအကြောင်း... စနောက်ရန် ရည်ရွယ်ခြင်းသာ ဖြစ်လေ သည်၊ အဖြစ်အပျက်အလုံးစုံကိုဦးဘကို သိရှိပြီးသောအခါတွင်အခင်မင်ဆုံးမိတ် ဆွေဦးသီဟကိုတစ်ဆင့်ပြောပြလေရာ ဦးသီဟက...

"ဟုတ်လို့လားကွာ-ခင်ဗျားနော် ဒီကိစ္စကို ကာယကံရှင်တွေနဲ့ တခြား ရဲဘော်တွေ သိသွားလို့ မဖြစ်ဘူး အထက်က သိသွားရင် ချင်းရဲဘော် အရေးယူခံရမှာနော်"



www.burmeseclassic.com

www.burmeseclassic.com

“ အကြောင်းမှာ ထွက်လာသော လူနာစိုးမောင်မှာ လူသဏ္ဌာန် ပျောက်ကွယ်၍ ဇာတ်ပွဲ၊ အငြိမ့်ပွဲတွေထဲက တွေ့တွေ့နေရသော အစွယ်ပြူးပြူး မျက်လုံးရဲရဲနှင့် တစ်ကိုယ်လုံးစိမ်းပြီး အသားအရေမှ မည်းကြုတ်၍ လက်မွေး၊ ခြေမွေးများပင် ရှည်လျားစွာပေါက်နေသည့် ဘီလူးကြီး တစ်ကောင်ဖြစ်နေခြင်း ဖြစ်လေသည်။



“ဘာပြဿနာမှ မဖြစ်စေရပါဘူး ...ပြီး ကျွန်တော် အကြိမ်ကြိမ်အခါခါ ...တိသစ္စာပြုမှ ချင်းရဲဘော်လေးက ...ပြုတာပါ။ ကောင်လေးက အရိုးသား ...ငယ်ရွယ်သူ ဖြစ်တဲ့အတွက် သက် ...တ်စနောက်ချင်လို့ သူ့အတတ်ပညာ ...ကို အသုံးချမိတာပါလို့ ဝန်ခံရှာတယ်၊ ကျွန်တော့်ကိုလည်း နှုတ်လုံဖို့နဲ့ နောတ်နောင် တပ်ထဲမှာ ဒီပညာကို အသုံးမချတော့ပါဘူးလို့ ကတိပေးရှာပါတယ်”

“ဒါဆိုရင်လည်း တော်သေးတာပေါ့ - ကိုဘကိုရယ်။ ဒါပေမဲ့ သူ့ပညာကို ဘယ်လိုအသုံးချလည်းဆိုတာတော့ တစ်ခါလောက်တော့ ကြည့်ချင်သေး

www.burmeseclassic.com

တယ် ကိုဘကိုလည်း ဝိညာဉ်ခေါ်တယ် ဆိုတော့ သရဲခေါ်တာပေါ့နော်။ တယ် ထူးဆန်းတဲ့ ပညာပဲဗျာ ကိုဘကိုရယ်။ ကျွန်တော်တို့နစ်ယောက် ဒီရဲဘော်ရဲ့ အတတ်ပညာကိုကြည့်ရအောင်ဗျာနော် ကိုဘကို"

"အေးကွာ - ပြောကြည့်တာပေါ့"

နစ်ယောက်သား ချင်းရဲဘော်လေးနဲ့တွေ့ပြီး အတင်းအကျပ်မှုဆာကြရာ သူလည်းမနေနိုင်တော့ဘဲ ...

"တဲပါ - ဆရာတို့ရယ်၊ ကျွန်တော် ပြပါ့မယ်။ မနက်ဖြန်ညက လကွယ်ည နော် ဗိုလ်ကြီး မမတို့ရဲ့အဆောင်ရှေ့ကို ည (၁၀) နာရီ လာခဲ့ကြပါ။ ဆရာတို့ နစ်ယောက်လာရင်လမ်းဘေးမှာပေါက်နေတဲ့ အပင်က တွေ့တဲ့ပန်းတစ်ပွင့်စီကို ခူးလာခဲ့ကြပါ။ ဒါပေမဲ့ - ကျွန်တော် ဒီလိုလုပ်ပြတယ်ဆိုတာကို ဆရာတို့နစ်ယောက် ဘယ်သူမှ မပြောဖို့ ကတိပေးကြပါ"

"အေးပါကွာ - ငါတို့နစ်ယောက် ကတိပေးပါတယ်။ ဒီကိစ္စကို ဘယ်သူမှ မသိစေရပါဘူး"

နောက်နေ့ (၁၀)နာရီထိုးခါနီး အချိန်တွင် ...

"ကိုဘကိုရေ - လာ သွားကြစို့"

"အသင့်ပဲ - ကိုသီဟာရေ"

နစ်ယောက်သား လမ်းတွင် တွေ့ ရသည့် ဇီဇဝါပန်းဖြူဖြူလေးနစ်ပွင့် ကိုင်ထားပြီး ထွက်လာခဲ့ရာ ချင်းရဲဘော် လေးလည်း ဗိုလ်ကြီး မမတို့အဆောင် နှင့် မနီးမဝေးတွင် လှုမမြင်အောင် ကွယ် ၍ထိုင်နေလေသည်။

"ရွှတ် - ရွှတ် - ဆရာတို့ ကျွန်တော် ဒီမှာ"

"အေး - အေး - ဒီမှာရော့ တို့ခူးလာ တဲ့ပန်းပွင့်လေးတွေ"

ချင်းရဲဘော်လေးသည် ပန်းပွင့်နှစ် ပွင့်ကိုယူ၍ မြေကြီးပြောင်ပြောင်ဆီသို့ သွားပြီး တစ်ပွင့်စီ ရှေ့ဆင့်နောက်ဆင့် စီ၍ မြေတွင်စိုက်ပြီး ချင်းဘာသာစကား ဖြင့် ရွတ်ဖတ်နေလေသည်။ ကိုသီဟနှင့် ကိုဘကိုတို့လည်းစိတ်ဝင်စားစွာထိုင်၍ ကြည့်နေလေသည်။ ကြည့်နေရင်း ပန်း ပွင့်လေးများသည် လေမတိုက်လှုမကိုင် ရဘဲ ခြေထောက်ပေါက်ပြီး အသက်ရှိ လူသားကဲ့သို့ ခုန်ဆွ ခုန်ဆွနှင့် ဗိုလ်ကြီး မမတို့ရှိရာ အဆောင်သို့ သွားလေတော့ သည်။ အံ့သြစရာပင်။

တအောင့်အကြာတွင် ဗိုလ်ကြီး မမ တို့အဆောင်ရှိရာမှ ဆူညံကြောက်လန့် စွာ အော်ဟစ်ပြီး ပြေးသူပြေး အော်သူ



www.burmeseclassic.com

www.burmeseclassic.com

အော်နဲ့ ဝရုန်းသုန်းကားဝုန်းဒိုင်းကြဲသွား
လေတော့သည်။

"လာကြပါဦး - ဒီမှာ မည်းမည်းကြီး နစ်ကောင်။ သရဲ - သရဲ - အမလေး လုပ်ကြပါဦး"

ထိုသို့ အသံများ ထွက်လာသော အခါ ကိုသီဟနှင့် ကိုဘကိုတို့လည်း တစ်ချိုးတည်း လစ်လာခဲ့ကြလေတော့သည်။ မိမိတို့၏ လိုင်းခန်းသို့ ဘယ်လို မြန်ရောက်လာကြသည်ကိုပင် မသိနိုင်တော့။ ချင်းရဲဘော်လည်း သူ့ကိစ္စကို ဘယ်လိုလုပ်လိုက်သည်မသိရ။ ဗိုလ်ကြီးတို့လည်း ဘာတွေဖြစ်ကျန်ခဲ့သည် မသိပေ။

※

ချင်းရဲဘော်လေး၏ ဝိညာဉ်ခေါ်သည့် အတတ်ကတော့ သူတို့ မျက်စိနဲ့ ထင်ထင်ရှားရှားမြင်ခဲ့ရပေပြီ။ စွမ်းပါပေ့ ချိန်ဂျာရယ် - ဘယ်က သရဲက ပန်းပွင့်ထဲဝင်သွားပါလိမ့်။ ပန်းပွင့်လေးတွေက နေပတုန်းက အသန့်လေးတွေ။ အိမ်မှာ အောင် ခူးပြီး သူတို့ဖနီးတွေ ဘုရားပန်း လှူနေကြသေးဟု တပ်ကြပ်ကြီးနစ် ဆောက် အတွေးကိုယ်စီနဲ့ ရင်တုန် ပန်းတုန် အိပ်ကြလေပြီ။

နောက်နေ့ ဦးဘကိုနှင့် ချင်းရဲဘော်လေးနဲ့တွေ့တော့ သူက ခပ်အေးအေးနဲ့ "တွေ့ပြီလား - ဆရာ၊ ကျွန်တော့်အစွမ်းကို" တဲ့လေ၊ ကိုဘကိုလည်း ချင်းလေးကို ရဲရဲပင် မကြည့်ရဲတော့ "အေးကွာ - တွေ့ပါပြီ - တွေ့ပါပြီ" ဟုအဖြေပေးလိုက်လေသည်။

အထက်ပါကိစ္စများ ဖြစ်ပျက်ပြီး နောက်တွင် ချင်းရဲဘော်လေးလည်း ရှေ့တန်းပါသွားပြီး အဆက်အသွယ် ပြတ်သွားကြလေသည်။ ချင်းရဲဘော်လေး ရှေ့တန်းမထွက်ခင် ဦးဘကိုသည် ချင်းရဲဘော်လေး၏ ပညာအစွမ်းကို မျက်ဝါးထင်ထင် တွေ့ကြုံခဲ့ရသည့်အတွက် အတော်ပင် အထင်ကြီးနေရကား အတတ်ကောင်းဖြစ်သည် မဖြစ်သည်ကို စဉ်းစားမနေတော့ဘဲ ချင်းရဲဘော်လေးထံ တပည့်ခံရန် မိတ်ဆွေ ဦးသီဟနှင့်တိုင်ပင်ရာ ဦးသီဟသည် ထိုအတတ်ပညာမှာ သင်ကြားသင့်သည့် ပညာရပ်မဟုတ်သည့်အတွက် တားဆီးခဲ့လေသည်။ ဦးသီဟတားသော်လည်း ဦးဘကိုမှာ ဇဝေဇဝါဖြစ်ဆဲပင် ...

ထိုညတွင်ပင် ဦးဘကိုသည် အိပ်မက် မြင်မက်လေသည်။ အိပ်မက်ထဲ၌ ဝတ်ဖြူစင်ကြယ် ဝတ်ဆင်ထားပြီး ဥပဓိ

www.burmeseclassic.com

ရှပ် သန့်စင်လှသည့် အဘိုးအိုတစ်ယောက်သည် ဦးဘကိုအား ထိုဝိညာဉ်ခေါ်သည့်အတတ်ပညာသည်လူသားတို့အတွက် အန္တရာယ်ရှိ၍ မသင်ကြားသင့်ကြောင်းလေ့လာသင်ကြားမည်ဆိုပါက ဆေးဝါးအတတ် (ဗိန္ဓော) ပညာရပ်ကို လေ့လာသင်ကြားသင့်ကြောင်းပြောဆိုပြီးလျှင် ဦးဘကို၏ ဘုရားကျောင်းဆောင်ရှိရာသို့ သွားပြီး ဘုရားရှင်အား တပ်လှူထားသောရေခွက်ကိုလက်ညှိုးထိုးပြပြီး ရေပွားထားရန်နှင့် ထိုရေကို လိုအပ်သလို အသုံးပြုရန် မှာကြားပြီး ပျောက်ကွယ်သွားလေတော့သည်။

ဦးဘကိုသည် ထူးဆန်းသည့် အိပ်မက် ဆန်းကြယ်မှ နိုးလာပြီးလျှင် ဘုရားခန်းသို့ သွားပြီး ဘုရားသောက်တော်ရေတပ်ထားရန် ဇန်ခွက်အား ကြည့်လိုက်ရာအလွန်အံ့ဩသွားမိလေတော့သည်။ အလွန်ထူးဆန်းလှပေစွ၊ ဘုရားသောက်တော်ရေများသည်အထက်အောက်ပူစီဖောင်းလေးများပွက်ပွက်ဆူထနေသည်မှာလျှံကျလုမတတ်ပင်၊ ဦးဘကိုလည်း ဝမ်းသာပီတိနှလုံးပီတိ ဂွမ်းဆီ ထိစွာနှင့် ဘုရားမီး ပူဇော်ပြီး ငါးပါးသီလ ခံယူ၍ ရှိသေစွာ ဘုရားရှိခိုးလိုက်ပြီးလျှင် သောက်တော်ရေများအား ပုလင်းသန့်သန့်တစ်ခုနှင့် ထည့်ထားလိုက်လေသည်။

အိပ်မက်ထဲမှာအဘပေးသွားသောရေသည် မည်၍မည်မျှထိ အစွမ်းထက်လှသည်ကိုတော့ ဦးဘကို မသိနိုင်ပေ။ ဦးသီဟတို့မိသားစုကတော့ ထိုရေ၏ အစွမ်းကို လျှော့မတွက်ရဲပေ၊ ကြုံလို့ယုံရသူက ဦးသီဟကိုယ်တိုင်ပင် (စာရှည်မည်စိုးသဖြင့် မဖော်ပြတော့ပါ၊ ကြုံကြိုက်ပါက အလျဉ်းသင့်သလို ရေးသားပါမည်)

ထိုကဲ့သို့ အဖြစ်အပျက်များဖြစ်ပြီးနောက် တပ်ကြပ်ကြီးနှစ်ယောက်လုံး ဆေးပင်စင်ယူ၍ ကိုယ့်ဇာတိရပ်ရွာသို့ အသီးသီးပြောင်းရွှေ့သွားကြလေသည်။ မကြာခဏဆိုသလိုစာအဆက်အသွယ်ရှိကြလေသည်။

မိတ်ဆွေဦးဘကို၏ အကြံပြုချက်အတိုင်း စာရေးသူ၏ အဘိုးသည် အိမ်ရှေ့တွင်ကုန်မျိုးစုံဆိုင်ဖွင့်၍ရောင်းချလေတော့သည်။

တစ်နေ့တွင် ဦးဘကိုထံမှ မမျှော်လင့်ဘဲ စာရောက်လာလေသည်။ ဦးဘကိုမှာ ဝမ်းသာအားရ ဖောက်ဖတ်ပြီး စာထဲတွင် ရေးသားထားသည့်အကြောင်းအရာများကို ဖတ်ရှုရင်း မိတ်ဆွေကြီး



www.burmeseclassic.com

www.burmeseclassic.com

...ဘကိုအတွက် စိုးရိမ်ပူပန်ရသဖြင့် ...တ်စိမျက်နှာပျက်နေရာမှ စာဆုံးခါနီး ...ဦးသီဟ၏မျက်နှာမှာတဖြည်းဖြည်း ...ပြုံးလာလေသည်။ ဦးဘကို၏စာထဲ ...င် ရေးသားထားသော အကြောင်း ...ရာ အဖြစ်အပျက်များကို စာဖတ်သူ ...စာဖတ်၍အဆင်ပြေစေရန်အတွက် ...ရေးသူမှာ ဆီလျော်အောင် ရေးသား ...င်ပြလိုက်ပါသည်။

※

လင်းခေးမြို့သည် မြန်မာနိုင်ငံ အတွင်းတွင်ရှိသောမြို့နယ်လေးတစ်မြို့ ...င်ဖြစ်သည်။

လင်းခေးမြို့သည် အေးချမ်းသာ ...ယာပြီး နေထိုင်ရန် သင့်လျော်သည့် မြို့ ...လေးတစ်မြို့ဖြစ်သည်။ အကြော်သည် ...ဒေါ်တုတ်နှင့် သူမ၏သား စိုးမောင်သည် ...င်းခေးမြို့မနီးမဝေးရှိရွာငယ်လေးတစ် ...ရွာ၌ နေထိုင်ကြသည့် မုဆိုးမသားအမိ ...ဖြစ်သည်။ စိုးမောင်မှာ မိခင်အကြော် ...ကြော်ရန်မုန့်နယ်ပေးပြီးဘယ်သွားသည် ...သိ၊ ဒေါ်တုတ်မှာ အကြော်ရောင်းရင်း ...နေ့လယ်စာ ထမင်းပင် ပြန်လာမစား ...သည့် သားတော်မောင်ကိုလည်းတဆန့် ဆန့်နှင့် မျှော်နေစဉ်...

"ဒေါ်ကြီးတုတ်ရေ - အရီးလေး - အရီး"

သူမ၏ နာမည်ကို တကြော်ကြော် ခေါ်ရင်း အလောတကြီး ပြေးလာသည့် ရွာသားအုန်းကြိုင်၏ ထိတ်လန့်နေသည့် အမူအရာကြောင့် ဒေါ်တုတ်မှာ...

"ဟဲ့ - ဟဲ့ - ဘာတုံး - အုန်းလှ၊ ဘာဖြစ်လို့လဲ"

"ဟို - ဟို - အရီးသား ရေနစ်လို့ အဲဒါလာပြောတာ"

"ဟယ် - ဘယ်မှာ နစ်တာလဲ"

"ဟို - ဦးသာလှတို့ အုန်းခြံနားက ရေကန်ကြီးမှာ"

"ဟဲ့ - အဲဒီကန်ကို ဘယ်သူမှ မဆင်းရဲဘူးလေ"

"ဟုတ်တယ် - အရီးတုတ်ရဲ့၊ ဘယ်သူမှမဆင်းရဲတာမှန်တယ်၊ စိုးမောင်က ရေထဲဆင်းလို့ နစ်တာမဟုတ်ဘူး၊ ရေကန်နားက အုန်းပင်က အုန်းသီးတွေ ကောင်းတယ်ဆိုပြီး တက်ခူးတာ၊ အုန်းပင်ပေါ်ကနေပြီး ရေကန်ထဲကို ပြုတ်ကျသွားတယ်၊ တော်တော်နဲ့ပြန်တက်မလာလို့ ကျွန်တော်က ရွာသားတွေကို ပြေးခေါ်ပြီး ပြန်လာတော့ အရီးသားက ရေကန်နားမှာဘယ်အချိန်ကပြန်တက်သွာလည်း မသိဘူး၊ ငုတ်တုတ်ကြီးထိုင်လို့ မျက်လုံးကလည်းဂနာမငြိမ်ဘူးတောင်



www.burmeseclassic.com

www.burmeseclassic.com

ကြည့်မြောက်ကြည့်နဲ့ အရီးရယ်၊ ကျွန်တော်နဲ့ အရီးသားက ငါးမျှားဖို့သွားတာ သူက ငါးမမျှားဘဲ အုန်းသီးခူးမယ်ဆိုပြီး အုန်းပင်ပေါ် တက်သွားလို့ ရေကန်ထဲ ခြေချော်ကြသွားတာ - အရီးရဲ့"

အုန်းလှနှင့် ဒေါ်တုတ်တို့ စကားတပြောပြောနဲ့ လာနေကြသည်မှာ ရေတန်နားသို့ပင် ရောက်လုနီးပေပြီ၊ ထိုတန်မှာ ဘယ်ရာစုကတည်းက ရှိနေသည်မသိ ဒယ်အိုးပုံစံဖြင့် ဖွဲ့စည်းထားသည်၊ အင်မတန်နက်ရှိုင်းလှပေသည်၊ မည်သူတစ်ဦးတစ်ယောက်မှ ရေထဲဆင်းဝံ့သူမရှိ၊ ဆင်းသူမှာ ပြန်တက်လာနိုး ထုံးစံမရှိ၊ ငါးမျှားရန် လောက်သာ အသုံးပြုသည်၊ ရှေးမိနောက်မိသက်ကြီးအိုတချို့၏ ပြောပြချက်အရ ထိုကန်မှာ ဘီလူးကြီးတစ်ကောင် စောင့်သည်ဟု ပြောကြရာ လူငယ်များမှာ ယုံတစ်ဝက်မယုံတစ်ဝက်ပင်၊

ဒေါ်တုတ်မှာ သူ၏သား စိုးမောင်အတွက် စိုးရိမ်ပူပန်နေမိလေသည်၊ အုန်းလှနှင့်ဒေါ်တုတ်တို့စိုးမောင်ရေနစ်သည့် ရေကန်နားသို့ ရောက်လာသောအခါ စိုးမောင်မှာ ရေရွှဲရွှဲစိုလျက် မြူးထူးကြောင်တောင်ဖြင့် သူ့အားဝိုင်း၍ကြည့်နေသော ရွာသားများအား မျက်ထောင့်နီကြီးဖြင့် ကြည့်နေလေရာ ဒေါ်တုတ်က ...

"သား - စိုးမောင် နေကောင်းရဲ့လား၊ သား - လာ - လာ - အိမ်ပြန်ကြမယ်"

ဒေါ်တုတ်က ပြောပြောဆိုဆိုနှင့် အသာအယာ ဆွဲထူလိုက်လေသည်၊ စိုးမောင်၏ ကိုယ်လုံးမှာ ထူးခြားစွာ လေးလံနေသဖြင့် ...

"မောင်အုန်းလှ ဝိုင်းကူပြီး အိမ်ပြန်ပို့ပေးပါဦး"

အိမ်သို့ ပြန်ရောက်သည်နှင့် ဒေါ်တုတ်မှာစိုးမောင်ကိုအနားယူစေသည်၊ ခဏအကြာ စိုးမောင်နိုးလာပြီး ...

"အမေ - ကျုပ် ဗိုက်ဆာတယ်"

ဒေါ်တုတ်မှာ စိုးမောင်စားရန် ဟင်းနှင့် ထမင်းဟင်းများကို ပုံထည့်လာပြီး ကျွေးမွေးလိုက်သည်၊ ထမင်းစားပြီးလို့မှ မကြာသေး၊

"အမေ - ကျုပ် ဗိုက်မဝသေးဘူး ထပ်ကျွေးဦး"

ဒေါ်တုတ်မှာ စိတ်မရှည်ချင်တော့

"ဟဲ့ - စိုးမောင် စောစောက ထမင်းနဲ့ ဟင်းက အကုန်ပဲလေ၊ နည်းနည်းလေးဘာမှမကျန်တော့ဘူး၊ အကြော်ပဲ စားတော့ - ရော့ - ရော့"

www.burmeseclassic.com

www.burmeseclassic.com

ဆိုပြီးအကြော်တော်တော်များများ
ပန်းကန်နှင့် ထည့်ပေးလိုက်လေ
တော့သည်။ စိုးမောင်မှာအကြော်များကို
ကြွပ်ကြွပ်နဲ့ ထစားလေတော့သည်။
တုတ်မှာ စိုးမောင်အား ဘာဘာ ညာ
ညာ မထင်ရက်၊ သူမ၏ ဖတဆိုး သား
မှာ ရေကန်ထဲမှ တက်လာပြီး မော
၍ ဝမ်းဟာလာသည်ဟုပဲ ယူဆနေ
န်တူသည်။

စိုးမောင်မှာအသံပြဲအသံနက်ကြီး
င့် မိခင်ကြီးမသိအောင် ထမင်းခိုးစား
တ်၊ ထမင်းတောင်းစားလိုက်၊ အိပ်ရာ
ဲ လူမမာသည်ကြီးတစ်ယောက်လို
န်ဆောင်ဝင်အိပ်လိုက်နဲ့ ဖိမ်ကျနေ
လောက် ဒေါ်တုတ်မှာ စိတ်ညစ်စရာ
ဆက်တိုက်ဖြစ်လာလေသည်။

တစ်နေ့တွင် စိုးမောင်မှာ ဒေါ်တုတ်
ခင် ထမင်းကျန် ဟင်းကျန်များ လှန်
ှာရှာဖွေစားထားသဖြင့် ဒေါ်တုတ်မှာ
ားအိမ်မှ ထမင်းခဲသွားတောင်းစဉ်...

"အရီးတုတ်ရယ် - ရွာထဲမှာ ကြက်
တွ ပျောက်ပျောက်နေတယ်လို့ ကြား
ယ်။ ညာဘက် ခွေးတွေလည်း ဆူညံ
တာပဲ။ ကျွန်မဖြင့်စိတ်တောင်ချောက်
းတယ်၊ အပေါ့တောင် ထမသွားရဲ
ူး"

ဒေါ်တုတ်တစ်ယောက် "တုတ်
လား" တစ်ခွန်းပဲပြောပြီး အိမ်ဘက် ပြန်
ပြေးလာလေသည်။ အိမ်ရောက်တော့
စိုးမောင်မှာ အိပ်ရာပေါ်မှာ ခွေခွေလေး
လူမမာသည်လေးအလား...

တစ်နေ့ ညဘက်တွင် ဒေါ်တုတ်
တစ်ယောက် ရွာထဲရှိ ခွေးများ ဆူညံ
အော်ဟစ်အူနေသံတွေကြောင့် ရုတ်
တရက် လန့်နိုးလာပြီး သားဖြစ်သူ လူ
မမာသည် စိုးမောင်အိပ်ခန်းဘက်သို့
သွားရောက်ကြည့်မိရာ...

"ဟင် - သား - ဘယ်ရောက်နေပါ
လိမ့်၊ သူလည်း ငါ့လို အပေါ့အပါးသွား
တယ်နဲ့ တူပါတယ်"

ဒေါ်တုတ်လည်း နောက်ဖေးဘက်
သို့ စမ်းတဝါးဝါးနဲ့ ဆင်းပြီး အိမ်သာသို့
သွားရန် ခြေလှမ်းပြင်လိုက်စဉ်...

"ကျွတ် - ကျွတ် - ဖြောင်း -
ဖြောင်း - ဖြောင်း"

"ဟင် - ဘာသံပါလိမ့်၊ တစ်ခုခုကို
ဝါးစားနေတဲ့ အသံပါလား။ ဘာပါလိမ့်"

ဒေါ်တုတ်လည်း ခြေသံလုံလုံနှင့်
အသံလာရာဆီသို့ ကြည့်လိုက်မိစဉ်
တွင်...

"ဟင် - အမလေးတော် - သားပါ
လား"

www.burmeseclassic.com

ဒေါ်တုတ်မှာ ခေါင်းမွေးများပင် ထောင်သွားလောက်အောင် ကြောက်လန့်သွားမိလေသည်။ ကြည့်စမ်းသား စိုးမောင်တစ်ယောက် ကြက်အရှင်ကြီးကို အစိမ်းလိုက် တကျွတ်ကျွတ်နဲ့ ဝါးစားနေလိုက်တာ မျက်လုံးကြီးနှစ်လုံးကလည်းမီးကွင်းကြီးများတပ်ထားသလား။ အောက်မေ့ရသည်။

"ဘုရား - ဘုရား - ဒီအတိုင်းဆိုရင် မဖြစ်တော့ဘူး။ မနက်ဖြန် ရွာထဲသွားပြီး ဆွေမျိုးတွေကို သွားတိုင်ပင်ရမယ်။ ဖြစ်မှဖြစ်ရလေ - သားလေးရယ်"

ဒေါ်တုတ်မှာ အမေတစ်ခု သားတစ်ခုသာ ရှိသည့်အတွက် သူမရဲ့သားလေး အခုလိုအဖြစ်ဆိုးမျိုးနှင့် တွေ့ကြုံနေရသောအခါ ရင်ထုမနာ ဖြစ်ရသဖြင့် မျက်ရည်များပင် အလိုလို စီးဆင်းလာလေသည်။

ဆေးဆရာဦးဘကိုသည် အဖြစ်အပျက်အလုံးစုံကိုသေချာစွာနားထောင်ပြီးသောအခါအဘပေးထားသော ဂမ္ဘီရ ရေဆူရေမန်း ပုလင်းလေးအား ပိုက်၍ ဘုရား၊ တရားအားအာရုံပြု၍ လူနာရှိရာရွာသို့ လိုက်လာလေသည်။ လူနာရှိရာ အိမ်ပေါ်သို့ ဆေးဆရာ ဦးဘကိုအပါအဝင် ရွာသားများ တက်လိုက်သည်နှင့် လူနာ စိုးမောင်ဆီမှ အသံနက်ကြီး နှင့် ...

"ဒါ့ကိုဘာလုပ်ချင်လဲ" ဟုပြောရင်း အိမ်ထဲမှ ထွက်လာလေသည်။

ထိုအခါ အိမ်ရှေ့တွင် ထိုင်နေကြသောလူအားလုံးမှာ ထိတ်လန့်ကြောက်ရွံ့ပြီးလျှင် မြင်ရသူအပေါင်း ကြက်သေသေ၍ ...

"ဟင်"

"ဟာ"

"အို"

အသံမျိုးစုံအော်ပြီးထပြေးသူများ ဆရာဦးဘကိုနား တိုးကပ်သူကကပ် ဘုရားစာရွတ်သူကရွတ်ဖြင့်အမျိုးစုံလင် သွားလေတော့သည်။

ဆရာဦးဘကိုသည် ဝမ်းသွားဝမ်းပျက်၊ ခေါင်းမူး၊ ဖျားနာ၊ အနာပေါက် စသည့် ရောဂါများကိုသာ နိုင်နင်းစွာ ကုသသူဖြစ်ရကားထိုကဲ့သို့ထူးဆန်း သည့်လူနာများကိုနဖူးတွေ့ဒူးတွေ့ကြုံ သောအခါ လိပ်ပြာလွင့်မတတ် လန့်ဖျပ် သွားရလေတော့သည်။

အကြောင်းမှာ ထွက်လာသော လူနာစိုးမောင်မှာ လူသဏ္ဌာန် ပျောက်ကွယ်၍ဇာတ်ပွဲ၊ အငြိမ့်ပွဲ ... က တွေ့နေရသော အစွယ်ငြူးငြူး မျက်လုံး

www.burmeseclassic.com

ခုံရဲနှင့် တစ်ကိုယ်လုံးစိမ်းပြီး အသား အရေမှ မည်းကြုတ်၍ လက်မွေး၊ ခြေမွေးများပင် ရှည်လျားစွာပေါက်နေသည့် ဘီလူးကြီးတစ်ကောင် ဖြစ်နေခြင်း ဖြစ်လေသည်။

အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်နေချိန်တွင် ဆေးဆရာ ဦးဘကိုမှာ လက်ထဲတွင် ကိုင်ထားသော ရေမန်းဖြင့် ထိုဘီလူးကြီးအား ပက်လိုက်လေရာ စိုးမောင်တစ်ဖြစ်လဲ ဘီလူးကြီးသည် ကြမ်းပြင်ပေါ်သို့ ခွေခနဲ လဲကျသွားလေတော့သည်။

"ဝုန်း"

ထိုအချိန်တွင် ခြေနင်းဖိနပ်ချွတ်ခုံမှ ဒုန်းခနဲမြည်သွားသည်ကို အားလုံးကြားလိုက်ရလေသည်။ လူနာစိုးမောင်မှာ ကြမ်းပြင်ပေါ်တွင် ခွေခွေလေးလဲနေဆဲ ဆေးဆရာ ဦးဘကိုလည်း ကြောက်ကြောက်လန့်လန့်ဖြင့် နေမဝင်ခင်ပင် မိမိအိမ်ရှိရာသို့ ပြန်ပြေးလာလေတော့သည်။

※

ညသည်ပိန်းပိန်းအောင်မှောင်မည်းနေပြီး ကောင်းကင်တွင် ကြယ်တစ်စွန်းတစ်စပင် မတွေ့ရ၊ ညငှက်ကလေးများ တစ်ကောင်စ၊ နှစ်ကောင်စ၊ နှစ်ကောင်စ အော်မြည်သည့်အသံ၊ ပုရစ်လေးများ၏ အော်မြည်နေသည့် အသံမှလွဲ၍ ဘာအသံမှ မကြားရပေ၊ ရွာအဝင်ဝတွင် ခွေးအူသံ ဆူဆူညံညံကိုကျက်သရေမရှိ ချောက်ချားဖွယ် ကြားနေရလေသည်။

အိမ်သားအားလုံးလည်း အိပ်ပျော်နေကြပေပြီ။ ညလည်း အတော်နက်နေပြီကိုး။ ဆရာဦးဘကို အိပ်၍မပျော်ပေ၊ လူနာစိုးမောင်အား ကုသပေးပြီးပြန်လာကတည်းကစပြီး နေထိုင်မကောင်းသလိုဖြစ်ပြီး ကြောထဲက ချမ်းစိမ့်စိမ့်ကြီးဖြစ်၍ တစ်စုံတရာကို ကြောက်သလိုကြီး ခံစားနေရလေသည်။

သတ္တိရှိလှသူပီပီ ကြောက်စိတ်များကို မောင်းထုတ်လိုက်၊ ဘီလူးကြီးက အာရုံထဲပြန်ဝင်လာလိုက်နှင့် တစ်ကိုယ်တည်း ချောက်ချောက်ချားချား တုန်တုန်ယင်ယင် ဖြစ်နေပြန်သည်။

ဦးဘကိုတစ်ယောက် ပက်လက်ကုလားထိုင်ပေါ်တွင် ကြောက်စိတ်များနှင့်အတူ မှေးခနဲ အိပ်ပျော်သွားစဉ် –

"မင်းက ငါ့ရဲ့အစာကို လုတယ်၊ ငါ မကျေနပ်ဘူး။ ငါ မင်းကို သတ်မယ်"

ဟု ချောက်ချားစရာ ကြုံးဝါးသံကြီးနှင့်အတူ ကြောက်မက်ဖွယ်ရာပုံစံနှင့် ဘီလူးကြီးတစ်ကောင်သည် ဆရာဦးဘ



www.burmeseclassic.com

www.burmeseclassic.com

ကိုအား အတင်းလိုက်လေတော့သည်။ ဆရာဦးဘကိုလည်း အတင်းပြေးလေတော့သည်။

ထို အခါ ဇောချွေးများနှင့် အတူ ဦးဘကို အိပ်ပျော်နေရာမှ လန့်နိုးလာလေသည်။ ဦးဘကို ဆက်ပြီး အိပ်၍မရတော့ဘဲ ကြောက်လန့်စိတ်များနှင့်အတူ မိုးစင်စင်လင်းလာလေတော့သည်။

နောက်နေ့ညများတွင်လည်း ထိုကဲ့သို့ပင် ဘီလူးကြီးက အသံနက်ကြီးနှင့် လိုက်သူက ပြေးနှင့် ထိတ်လန့်တုန်လှုပ်ခြင်းကြီးစွာဖြင့် အိပ်၍မပျော်သည့် ရက်ပေါင်းများကို ဦးဘကိုတစ်ယောက် ပင်ပန်းကြီးစွာ ဖြတ်သန်းနေရလေသည်။

လူလည်း အရိုးအပေါ် အရေတင်နေပြီ။ ဇနီးနှင့် သားသမီးများပင် ဦးဘကို အတွက် စိုးရိမ်နေကြပေပြီ။ ဦးဘကိုသည် ညဘက်ရောက်ပြီး အိပ်ပျော်မည်ကိုပင် သေမလောက်ကြောက်နေမိလေသည်။

ဆေးဆရာကြီး ဦးဘကို သည် ထိုကဲ့သို့ အဖြစ်အပျက်များနှင့် ကြုံတွေ့နေရသော်လည်း လူနာစိုးမောင်တို့ ရွာသားများထံမှ သတင်းထူးတစ်ခုကို ဦးဘကို ကြားသိရလေသည်။ ထိုသတင်းမှာ ဦးဘကိုထံသို့ လူနာစိုးမောင်၏ ရွာတွင် နေထိုင်သော ရွာသားတစ်ဦး လာရော
ပြောပြချက်အရ လူနာစိုးမောင်မှာ
ဆရာဦးဘကို လူနာအိမ်မှ ပြန်သွား
သည့်အချိန်မှစ၍ အသက်မရှိတော့
ကြောင်း လူနာမှ အနံ့ပင် ထွက်နေ
ချက်ချင်း နေ့မကူးခင် မီးသဂြိုဟ်
လိုက်ရကြောင်း ကြားသိရသည်။

လူနာမှာ အနံ့ပေါ်မှတစ်ဆင့်
ရေထဲသို့ ပြုတ်ကျကတည်းက သေဆုံး
သွားပြီဖြစ်သည်။ ထိုသေဆုံးသူ စိုးမောင်
၏ ခန္ဓာကိုယ်ထဲသို့ ရေကန်ထဲတွင် နေ
ထိုင်သော ဘီလူးပြိတ္တာက ဝင်ရော
နေရာ ယူပြီး စိုးမောင် ဟန်ဆောင်၍
ယောင်ဆောင်ပြီး စားသောက်နေထိုင်
နေခြင်း ဖြစ်ပေသည်။ ဆရာဦးဘ
ကယ်တင်သဖြင့် ဖုတ်၊ ပြိတ္တာ၊ ဘီလူး
ထွက်သွားပြီး ကျန်သူများ အသက်ရှင်
သာရာ ရကြသဖြင့် ရွာသူရွာသားများ
အားလုံး ဦးဘကိုအား ကျေးဇူးတင်နေ
ကြကြောင်း သိရှိရလေသည်။

ထို သတင်းကြောင့် ဆေးဆရာ
ဦးဘကိုမှာ ဝမ်းသာပီတိဖြစ်ရပါသော်
လည်း သူကိုယ်တိုင် ခံစားနေရသော
ဆင်းရဲခြင်းဒုက္ခအား စိတ်ပျက်
ဝမ်းနည်းလာမိလေသည်။ ဆရာဦးဘ
၏ မျက်ဝန်းနှစ်ဖက် မြင်ယောင်နေ



www.burmeseclassic.com

www.burmeseclassic.com

သည့်မှာအစွယ်ငေါငေါနှင့်ကြောက်စရာ အသွင်သဏ္ဍာန် ဘီလူးကြီးကိုသာ မြင်ယောင်နေလေသည်။

ဆရာဦးဘကိုမှာကြောက်လွန်းလှ၍ထမင်းစားချိန်၊ ရေချိုးချိန်ပင် မမှန်တော့ဘဲ ကြောက်စိတ်များ၊ ကြက်သီးမွေးညင်းများ အစဉ်မပြတ် ဖြစ်ပေါ်နေသဖြင့် ဘုရားတရားအား အစဉ်မပြတ် စွဲစွဲမြဲမြဲ နှလုံးသွင်းနေရလေသည်။ ကြောက်စရာ ဖုတ်၊ ပြိတ္တာ၊ ဘီလူးကြီးသည် အချိန်ပြည့် ဦးဘကိုအား နှောင့်ယှက်နေလေသည်။

တစ်နေ့သောညတွင်ဦးဘကိုသည် အိပ်မက်ထဲတွင် ကြွရောက်၍ ရေဆူရေနွေးပေးသွားသောအဘကိုတမ်းတတိုင်တည်မိလေသည်။

"အဘရယ်-အဘသာ တကယ်ရှိခဲ့ယ်၊ ကျွန်တော့်ကို အမှန်တကယ် စောင့်ရှောက်နေတယ်ဆိုရင် အခု ကျွန်တော် ခံစားနေရတဲ့ ဝေဒနာတွေကိုလာပြီး ကုသပေးပါ-အဘရယ်"ဟု တိုင်တည်လိုက်လေသည်။ ဦးဘကိုသည် အိပ်မပျော်သည့်ညများစွာကိုဖြတ်သန်းခဲ့မောမောနဲ့ပင် ထိုညက စောစောအိပ်ရာဝင်ဖြစ်ခဲ့လေရာ အိပ်မက်ထဲတွင်...

"ထ-လူလေးရေ-ထတဲ့"

"ဟင်-အဘ-အဘ-ကျွန်တော့်ဆီ လာတယ် ဟုတ်လား၊ အဘရယ်-ကျွန်တော်ချောက်ချားပြီးအိပ်မပျော်တာနစ်ပတ်ရှိပြီကျွန်တော့်ကိုကယ်ပါအဘရယ်-ကယ်ပါ"

"အေး-လူလေးကိုကယ်ဖို့လာတာ ဘာကြောက်စရာရှိလဲ-လူလေးရဲ့၊ အဘကို တလိုက်ရင် ပြီးတာပဲ မဟုတ်လား၊ ကဲ-ကဲ-ပါးစပ်ဟ-ဒီဆေးလုံးလေးကိုမျိုချလိုက်၊ ဒါဆိုရင်လူလေးကို ဘယ်လိုမိစ္ဆာကမှ မနှောင့်ယှက်ရဲတော့ဘူး"

"ဟုတ်ကဲ့-အဘ"

"အဘ သွားတော့မယ်-လူလေး၊ သတ္တဝါတွေကို ကယ်ပါ၊ ကံငါးပါးကို လုံအောင်ထိန်းပါ-လူလေး"

ဟုပြောပြီး အဘသည် ပျောက်ကွယ်သွားလေတော့သည်၊ ထိုအခါ ဆရာဦးဘကိုလဲ...

"အဘ-အဘ-ခဏနေပါဦး-အဘရယ်"

ဟု ပါးစပ်မှ ရေရွတ်ပြီး အဘအားအားကိုးတကြီး တမ်းတ၍ အော်ခေါ်နေမိလေသည်။


www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်...

"အစ်ကို - အစ်ကို - ဘာတွေ ယောင်ပြီးအော်နေတာလဲ၊ အိပ်မပျော်ပြန်ဘူးလား"

ဟု ဦးဘကို၏ ဇနီးက စိုးရိမ်စွာ ဒေါသမှ မေးလိုက်လေရာ ဦးဘကိုလည်း အိပ်ရာမှနိုး၍ ဟိုကြည့်သည်ကြည့်နှင့် ကြည့်ပြီး ဇနီးသည်အား အဖြစ်အပျက်များကို အစအဆုံး ရှင်းပြလိုက်လေသည်၊ ဇနီးသည်ကလည်း သူမ၏ ရင်ဘတ်အား လက်နှင့်ဖိလျက်...

"တော်ပါသေးရဲ့-အစ်ကိုရယ် ဖြစ်ရလေ"

ထိုနေ့မှစပြီး ဆေးဆရာ ဦးဘကိုသည် ချောက်ချားခဲ့ရသော ညပေါင်းများစွာကို ကျော်ဖြတ်ခဲ့ပြီး ကြောက်ရွံ့ထိတ်လန့်သော စိတ်များကြက်ပျောက် ငှက်ပျောက် ပျောက်သွားပြီးလျှင် သူ၏ ဆေးဝါးများ၏ အစွမ်းသတ္တိများလည်း ပိုမိုထက်မြက်လာလေသည်ဟု လူနာ ရှင်များက ချီးကျူးထောပနာ ပြုကြလေ တော့သည်၊

အောင်ဇာသက်...

## အနာပေါက်ကုထုံး

**ကိန္နရာနာ**

အပူငြိမ်းဆေးတစ်မျိုးကို ကွမ်းရွက်ပြုတ်ရည်နှင့် တစ်နေ့နှစ်ကြိမ် သောက် ပေးပါ၊ သို့မဟုတ် အကင်းဆယ်ပါးဆေး (၄၃)ကို သနပ်ခါး ရည်ကြဲဖြင့် လိမ်းနိုင်သည်၊

**သန်လျက်ထမ်းနာ**

ပခုံးထက်တွင် ပေါက်တတ်သည့် စစ်တုံမြစ်၊ ရှောက်ခါးမြစ်၊ ပလောင်ဆိတ် ဖူးမြစ်တို့ကို အမှုန့်စီသွေးကာ အနာကို လိမ်းပေးပါ၊

www.burmeseclassic.com

www.burmeseclassic.com




အစွဲအလမ်း

www.burmeseclassic.com

www.burmeseclassic.com

မြမြလှိုင်

# အခွဲအလမ်း

ဆည်းဆာချိန်မှာ တိမ်တောက်သည့် အတွက် အလင်းရောင်က မပျောက်သေး။ ပန်းဆီသွေးရောင်နှင့် လိမ္မော်ရောင် ရောယှက်ကာ ရေးခြယ်ထားသလို အရောင်အသွေးက စိုနေသေးသည်။ အကျည်းတန်လှချိန်ဟု ဆိုကြသော်လည်း နတ်ရေးလို့ ဆေးခြယ်မမီနိုင်သည့် အလှပိုင်ရှင် ခင်မျိုးမြတ်၏ အလှက ဆည်းဆာချိန်၊ နေမှိန်မှိန်အောက်မှာပင် အလှက ရွှန်းလဲ့တောက်ပနေသည်။ မျက်လုံးလှလှ၊ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းနှစ်လွှာ စူပွပွလေးက မြင်ရသူတွေအဖို့ အထူးသဖြင့် ပုရိသယောကျ်ားတွေအဖို့ စိတ်ကူးယဉ်တွေးချင်စရာပင်။ ရွှန်းလဲ့တောက်ပသော မျက်လုံးအစုံ ညှို့မျက်ဝန်းနှယ်ကာ အကြည့်ခံရသူတွေအတွက် ရင်မှာ တသိမ့်သိမ့် ဘဝငြိမ့်စရာပင်။

အသားအရေက ဝင်းမွတ်အောင် မလှသော်လည်း ကြည်လင်သန့်စင်ကာ ဝါစိမ့်စိမ့်နှင့် မှည့်တစ်ပေါက် အစွန်းမျှပင် မရှိပေ။

"လက္ခဏာညီလှ၊ ခြေဖျားကသည် စသည်လည်လည်လှည့်၊ ကိုယ်လုံးကြည် သော် တင်မည့်ပြစ်ဝင်၊ မထင်မြူမှုန် စပ်လျှနှင့်၊ ရင်ဝမောက်မို၊ ပျိုပျိုနုထွား လက်ဖျားသွယ်ရှည်၊ လှသည်လုံးလုံး လက်ရုံးလည်တိုင်၊ နှိုင်းပြိုင်လွတ်ရှား သွားလည်းနက်ပြောင်၊ ရောင်ရောင် ဖိတ်လျှမ်း၊ နှုတ်ခမ်းယဉ်ကဲ၊ မတွဲမသော် အဆင်းတော်မူ၊ မှည့်ပျော်ကျိုးအာ၊ ပဓာ မခြား၊ ခြားနားလှဟန်၊ မလည်မကုစ် အကြိုက်လုပ်သို့၊ စွန့်ရှုပ်မထင်၊ ကြန်အင် စုပေါင်း၊ နှာခေါင်းတန်းလန်း၊ ရှာနန်း သည်၊ လျှံလန်းကျက်သရေတည့်လေ မြဲတေသည့် ရောင်ပြေး၊ ချော့ငြိမ့်လေး ပြစ်ဆာတည့်မြူသေးရှင်းရှင်းဝေး"

ဝန်ကြီးပဒေသရာဇာပင်ဟာ မိပတိဒေဝီ၏အလှကိုဖွဲ့သည့်သို့ ခင်မျိုးမြတ်၏ အလှကလည်း မျက်နှာအလှ

www.burmeseclassic.com

www.burmeseclassic.com

တွင်မက ဆံနွယ်အုံထွားထွားရှည်လျား စွာကတင်ပါးနားအထိဖြန့်ချသည်ကပင် နက်မှောင်ဝေဖြာသည့် ကေသာအလှ နှင့်အတူ အချိုးကျကျ လှပသည့် ခန္ဓာ ကိုယ်သွယ်လျလျကထပ်ဆင့်ကာအလှ ပေါင်းစုထားလေသည်၊ ထိုအလှကို စတ္တန့်မျှမလပ် မျက်တောင်ခပ်ဖို့ပင် မေ့ လောက်သူက ဝဏ္ဏမင်းလွင် ဖြစ်သည်၊

"ဘာဖြစ်လို့ ဒီလောက်အထိ စိုက် ကြည့်နေရတာလဲ – အစ်ကို"

"ချစ်စရာကောင်းလွန်းလို့ပေါ့"

"ဟာ – အစ်ကိုကလဲ၊ တစ်ချိန်လုံး စိုက်ပြီးကြည့်နေတော့ မြတ် မနေတတ် တော့ဘူး"

"အစ်ကို တကယ်ပြောတာပါ၊ အခ ထဲက လှနေတဲ့မြတ်ကိုအခုလိုကျောက် စိမ်းလော့ကတ်နဲ့ ရွှေဆွဲကြိုးလေး ဆွဲ ထားတော့ပိုပြီးကျက်သရေရှိသွားသလို ပဲ"

"ဒါလည်း အစ်ကို့ကြောင့်ပဲလေ၊ အစ်ကိုကမြတ်ကိုဒီကျောက်စိမ်းလော့ တတ်နဲ့ ရွှေဆွဲကြိုးလေးကို ပေးဆွဲထား တာကိုး"

"ဒီနေ့က တပေါင်းလပြည့် မြတ်ရဲ့ မွေးနေ့ဆိုတော့ အစ်ကို့ချစ်သူအတွက် ဘာပေးရမလဲလို့ဆိုပြီး တစ်လ ကြိုစဉ်း စားခဲ့တာ၊ နောက်တော့ မေမေ့အဝတ် သေတ္တာထဲက ဒီကျောက်စိမ်းကိုအဝတ် တွေအောက်မှာ ရှိတာကို၊ အစ်ကို တွေ့ တာနဲ့ ပန်းထိမ်ကို အပ်ပြီး မြတ်အတွက် အသည်းပုံထဲမှာ ဇကျောက်ထည့်ပြီး လုပ် ခိုင်းလိုက်တာ"

"လှတယ် – အစ်ကိုရယ်၊ အရည် အသွေး တော်တော်ကောင်းတယ်နော်၊ ကရင်ဆော်ဒါရောင် လက်နေတာပဲ၊ မြတ်က ကျောက်တွေရဲ့အကြောင်းကို တော့ သိပ်မသိပါဘူး"

ဝဏ္ဏမင်းလွင်သည် ခင်မျိုးမြတ်၏ မျက်နှာကိုတစိမ့်စိမ့်ကြည့်ကာကြည်နူး ပီတိဖြစ်နေသည်၊ မထင်မှတ်ဘဲ သည် ကျောက်လေးကိုရလိုက်သည်၊ ဝဏ္ဏမင်း လွင်၏ အမေ ဒေါ်လှရှိန်၏ သံသေတ္တာ လေးထဲမှဖြစ်သည်၊ ထိုသံသေတ္တာလေး သည် နှစ်လများစွာ ကြာခဲ့ပြီ၊ အမေအိပ် ခဲ့သည့် ကျွန်းသားခုတင်ကြီးအောက်၊ ဟိုအတွင်းဘက်တွင် ဖုန်၊ အမှိုက်တွေ ဖုံး လွှမ်းကာ သံချေးပင် တက်နေပြီ၊ သည် သေတ္တာကို ဝဏ္ဏမင်းလွင်က တမင် တကာ ရှာခြင်းမဟုတ်၊ မိခင် ဆုံးသွားပြီ ဖြစ်၍မိခင်၏အခန်းတွင်းသို့အလွမ်းပြေ သတိရစွာဖြင့် ဝင်လာခြင်းဖြစ်သည်၊

မေမေ ဒေါ်လှရှိန် ကွယ်လွန်ခဲ့သည် မှာ ဆယ်နှစ်ရှိပြီ၊ အမေ့ကို သတိရမိ သည်၊ ဝဏ္ဏမင်းလွင် အသက်ငါးနှစ်သား



www.burmeseclassic.com

www.burmeseclassic.com

တွင်အမေဆုံးသည်။ ယခုဝဏ္ဏအသက် နှစ်ဆယ့်ငါးနှစ်ကျော်စ ပြုပြီ။ ဖေဖေက မေမေ့ အရင် တစ်နှစ်စောပြီး ကွယ်လွန်သည်။ ထူးတော့ ထူးဆန်းသည်၊ ရောဂါ မည်မည်ရရမရှိဘဲ ရုတ်တရက် သေဆုံးကြသည်။

ဝဏ္ဏမင်းလွင်တို့တွင် ညီအစ်ကိုနှစ်ယောက်သာ ရှိသည်။ မိဘနှစ်ပါးက စပါးကုန်သည်ကြီးများ ဖြစ်သည်။ အိမ်တွင်ဒိုင်ဖွင့်ကာစပါးကိုဝယ်ယူသိုလှောင်ကြသည်။ ဝဏ္ဏတို့ ငယ်ရွယ်စဉ်က အိမ်တွင် အဖေ့ဘက်မှ ဦးလေးဝမ်းကွဲ နှစ်ယောက်က အလုပ်သမားတွေနှင့် အရောင်းအဝယ်လုပ်ငန်းကို လုပ်ကိုင်သည်။ အဖေ တလည်း သူ့ညီအစ်ကိုသားချင်းတွေကိုစိတ်ချယုံကြည်ကာငွေကြေးကအစ စီစဉ်ခန့်ခွဲမှုကို မျက်နှာလွှဲထားသည်။ ကလေးအရွယ်သာ ရှိသေးသည့်ဝဏ္ဏတို့ကလည်းအလုပ်ကိစ္စတွင် နားမလည်၊ လူငယ်ပီပီ အသုံးအစွဲ၊ အပျော်အပါးနှင့်သာ အချိန်ကုန်နေသည်။

"ဦးမင်းအေးနိုင် တစ်ယောက် ဆုံးပြီ"

ထို ခေတ်အခါက တယ်လီဖုန်းအသုံးက မရှိသေး၊ မကျယ်ပြန့်သေး၍ ဆက်သွယ်ရေးမှ သံကြိုးစာသာလျှင် အသုံးပြုနိုင်ကြသည်။

"သံကြိုးစာထဲမှ ဘယ်နေ့က ဆုံးတာဆိုတာ မပါဘူး"

သံကြိုးစာ ရောက်သည်နှင့် မေမေ ခရီးထွက်သည်။ အစ်ကိုဖြစ်သူဘုန်းမြတ်မင်းလွင်ကို ခေါ်သွားသည်။ အိမ်တွင် မေမေ၏ ညီမဝမ်းကွဲနှင့် ဝဏ္ဏမင်းလွင် နေကျန်ရစ်သည်။ ဆယ်ရက်ခန့်အကြာတွင် မေမေတို့ပြန်ရောက်လာသည်။

"ရုပ်အလောင်းတောင် မတွေ့လိုက်ရပါဘူး။ ခေါင်းမူးတယ်၊ ခေါင်းမူးတယ်ဆိုပြီး လဲကျသွားတယ်၊ ဆုံးသွားတော့ ဆရာဝန်က ပြောတယ်၊ အရက်အရမ်းသောက်ပြီး အမူးလွန်လို့ ဦးနှောက်သွေးကြော ပြတ်သွားတာလို့ သတ်မှတ်တယ်တဲ့၊ သူ ယူသွားတဲ့ အသုံးအဆောင်ပစ္စည်းတွေကို ပြန်ယူလာတာ၊ ဒါပေမဲ့ ..."

မေမေကစကားကိုမဆက်သေးဘဲ ချန်ထားလိုက်ပြီး အခန်းထဲသို့ ဝင်သွားသည်။ မေမေ့ မျက်နှာတွင် ဖေဖေ ဆုံးခြင်းနှင့် ပတ်သက်ပြီး စိုးရိမ်မှု၊ သောကနွယ်မှုတွေကို မတွေ့ရ၊ သာမန်မိတ်ဆွေ တစ်ယောက် ကွယ်လွန်သွားသည့်ပမာ တည်ငြိမ်လွန်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com

"အစထဲက ဒီလိုဖြစ်မယ်ဆိုတာ သိတယ်။ နောက်ထပ် မဖြစ်ရအောင် တော့ ကာကွယ်ရမှာပဲ"

မေမေ ပြောလိုက်သည့်စကားကို ဝဏ္ဏက အဓိပ္ပာယ်ကို နားမလည်။ ဘုန်းမြတ်က သိနေသလိုပင်။

"မေမေ - သေသေချာချာ သိမ်းထားမှ ဖြစ်မယ်နော်"

"မေမေ - သိပါတယ်သားကြီးရယ်။ မယူသင့် မယူအပ်တာကို ယူထားလိုက်တော့ ခံရတာပေါ့။ မေမေ့ဆီမှာလည်း မရှိဘူး။ တစ်နေရာရာကို လွှင့်ပစ်လိုက်ပြီ"

"အဲဒါလည်း ကောင်းတာပဲ"

ဖေဖေ ဆုံးပြီးနောက် စပါးဒိုင်၊ ပွဲစားအလုပ်ကို မေမေ ဦးစီးပြီး ဆက်လုပ်သည်၊ ဖေဖေ မရှိသည့်နောက်တွင် ညီအစ်ကိုဝမ်းကွဲဆိုသူတွေလည်း အလုပ်က ထွက်သွားကြသည်။

"လူတွေ တော်တော်ဆိုးတယ်။ သေတဲ့လူ မျောသေတာတောင် သတိပြုပ်ဆားတဲ့ မြေကြီးထဲမှာ ကောင်းကောင်း မနေရဘူး"

"ဘာဖြစ်လို့လဲ - မေမေ"

နယ်တွေသို့ ဆင်းကာ အစ်ကိုဖြစ်သူနှင့်စပါးအဝယ်ထွက်သော မေမေပြန်လာသည့်တွင် စိတ်ပျက်ညည်းညူစွာဖြင့် မေမေ ပြောလိုက်သည်ကို ကြားရသည်။

"ဘာဖြစ်ရမှာလဲ - သားရယ်။ မင်းအဖေရဲ့ဂူကို ဖောက်ပြီး ပါးစပ်တွေကိုဖြဲ၊ ဗိုက်တွေခွဲပြီး ဖရိုဖရဲလုပ်ထားတာလေ။ လက်သည်တရားခံ ရှာလို့မရဘူး"

"သူတို့က အဲဒီလိုဖြစ်အောင် ဘာဖြစ်လို့ လုပ်တာလဲ"

"တစ်ခုခု လိုချင်လို့ ရှာတာ ဖြစ်မှာပေါ့။ မင်းအဖေဆီက ဘာလိုချင်မှန်းမှ မသိတာ။ တော်သေးတယ် - တော်သေးတယ်"

မေမေ ဆက်မပြောချင်၍ စကားရပ်လိုက်သည်။ ဝဏ္ဏတို့ကလည်း ဆက်ပြီး မမေးတော့ဘဲ နေလိုက်သည်။ ဖေဖေ ဆုံးသည့် တစ်နှစ်ပြည့်သည့်လတွင် ဖေဖေ့ကိုရည်စူးပြီး အလှူလုပ်ရန် ဖေဖေ၏ မွေးရပ်မြေဥယျာဉ်ရွာသို့ သွားတာ အလှူလုပ်သည်။ တစ်ပတ်လောက်ကြာသည်၊ အစ်ကို ဘုန်းမြတ်သာ ပါသွားသည်။ ပြန်လာတော့လည်း အကောင်း။ သုံးလေးရက်ကြာတော့မှ မေမေ အခြေအနေက ပြောင်းလာသည်။ အိပ်မပျော်သည့် ဝေဒနာကို ခံစားရပြီး အင်အားနည်းလာကာ ခန္ဓာကိုယ်က အနည်းငယ်

www.burmeseclassic.com

ပိန်လာသည်၊ အစားအသောက်ကအစ နည်းလာသည်၊ ဆရာဝန် ခေါ်ပြသည်၊ အားနည်းသည်ဟု ဆိုကာ အားဆေး သောက်နိုင်းသည်၊ သို့သော် မေမေ သည်ပိန်မြဲပိန်လာသည်၊ ဝဏ္ဏကလည်း ယောကျာ်းလေးဖြစ်၍ မေမေ့အတွက် အစားအသောက်ကိုမစီမံတတ်၊ အစ်ကို ကလည်းအရွယ်ကငယ်သေး၍လူမှုရေး အရ ဘာမှမလုပ်တတ်၊

ဖေဖေ့ ညီအစ်ကို ဝမ်းကွဲ တွေ ရောက်လာသည်၊ မေမေ့ရောဂါက ပို သည်းလာသည်၊ တဖြည်းဖြည်း လူကပါ ပိုပိန်လာသည်၊ အိပ်ရာထဲမှာသာ လှဲနေ သည်၊ စိတ်လက်မအီမသာ ဖြစ်သည့် အသွင်ရှိပြီး တစ်ခါတစ်ရံ သက်ပြင်းချသံ ကိုပါ ကြားရသည်၊

"အစ်ကို - အစ်ကို"

"ဟင် - ဘာလဲမြတ်၊ ဘာပြောချင် လို့လဲ"

"ပြောချင်လို့ မဟုတ်ပါဘူး၊ မြတ် ကြည့်နေတာ ကြာပြီ၊ အစ်ကို မြတ်နဲ့ စကားပြောနေရင်းက ရပ်သွားပြီး တစ် နေရာကို အကြာကြီး ငေး၊ တွေးနေလို့ မြတ် ခေါ်တာပါ"

"ဪ - ရပါတယ် မြတ်ရယ်"

"အစ်ကို"

"ဟင် - ပြောလေ မြတ်၊ ဘာပြော မလို့လဲ"

"အစ်ကို့မှာ ဘာစိတ်ညစ်စရာ ရှိလို့ လဲဟင်၊ မြတ် မသိရဘူးလား"

"ဘာမှ မရှိပါဘူး၊ အစ်ကို့ အမေ အကြောင်း ပြန်သတိရဖို့ပါ"

"ဪ - အစ်ကိုရယ်၊ သေတဲ့သူ လည်း သေတာကြာပြီပဲ၊ စိတ်မကောင်း ဖြစ်မနေပါနဲ့တော့"

ဝဏ္ဏမင်းလွင် ရင်ထဲက သက်ပြင်း ကို လေးလေးပင်ပင် ချလိုက်သည်၊ အဖေသည် နယ်ဘက်သို့ အရောင်း အဝယ်ကိစ္စနှင့် ခရီးထွက်ရင်းက ဆုံးပါး သွားရသည်၊ ဘာကြောင့် ဆုံးရသည် ဆိုသည့်အကြောင်းအရာ တစ်စုံတစ် ကိုမှ အမေက သူတို့ကို မပြောပြခဲ့၊ ဆုံး သည့်ရွာမှာပင် မြေမြှုပ်သင်္ဂြိုဟ်ခဲ့သည် ဟုသာ ပြောသည်၊ အဖေ ဆုံးပြီး တစ်နှ လောက်ကြာမှ အမေ ဆုံးသည်၊ အိမ် တွင် အရောင်းအဝယ်ကိစ္စကြောင်း စကားပြောနေရင်းက ရင်ထဲမှ အောင့် လာသည်ဟုဆိုကာ ခေါင်းမှ ချွေးသီးချွေး ပေါက်တို့ ယိုစီးကျလာသည်၊ ရင်ထဲမှ အောင့်သည့်ဝေဒနာအပြင် အသက်ရှူ ရသည်ကပါ ပိုမိုမွန်းကျပ်လာသည်၊ ထို အချိန်တွင် အိမ်၌ အစ်ကို ဘုန်းမြင့် အစ်ကိုက တက္ကသိုလ်ကျောင်းသား ဝဏ္ဏက ဆယ်တန်းကျောင်းသားဖြစ်



www.burmeseclassic.com

www.burmeseclassic.com

" လက်သည်းရှည်ကြီးတွေက ခင်မျိုးမြတ်၏ လည်ပင်းဆီသို့ နီးကပ်လာသည်။ အပုပ်နံ့ကြီးကလည်း ပို၍နံစော်လာသည်။ ခင်မျိုးမြတ် တစ်ကိုယ်လုံး တုန်နေသည်။ ခေါင်းပြတ်ကြီး၏ ပါးစပ်ထဲမှ သွားတွေက အရည်တွေထွက်ကျလာသည်။ မျက်လုံးအစုံကလည်း မျက်တွင်းအိမ်ထဲမှ ထွက်ကျလုမတတ် ပြူးထွက်နေသည်။ ထို့ပြင် ဟိုဘက်သည်ဘက် ယိမ်းပြီး လည်နေပြန်သည်။



ည်၊ အနီးတွင် ရှိကြသည့် အလုပ်အားတွေကို အကူအညီတောင်းကာမေ့ကို ဆေးရုံပို့ရန် စီစဉ်ရသည်၊ သော် ဆေးရုံသို့မရောက်မီ ကားပေါ်င်အမေ ကွယ်လွန်သွားသည်။

"ဖြစ်မှ ဖြစ်ရလေ – အစ်ကိုရယ်၊ စိတ်မကောင်းလိုက်တာ"

"ရိုးရိုးနေမကောင်းဖြစ်လို့ ဆေး ခံယူပြီးစိတ်တိုင်းကျပြုစုလိုက်ရလို့ သွားတယ်ဆိုရင် ဖြေသာသေးတယ်၊ ခုတော့ ဘာရောဂါရှိမှန်းမသိရ၊ ဆေးမကုလိုက်ရ၊ မပြုစုလိုက်ရဘဲ ဆုံးပါးသွားတော့ စိတ်မကောင်း ဖြစ်ရတာပါ"

အဖေနှင့်အမေ့အကြောင်းကို ပြန်ပြောင်းကာ ပြောပြရင်းက ဝဏ္ဏမင်းလွင် ရင်ထဲ နင့်နင့်နဲနဲ ခံစားလာရသည်၊ သို့သော် မိမိစိတ်ကို မိမိပြန်လည်ထိန်းချုပ်လိုက်သည်၊ ချစ်ရသူ ခင်မျိုးမြတ်နှင့်ပါ ရင်တွင်းအပူမီး မကူးစက်စေချင်၊ ချစ်သူ၏ ရွှေလည်တိုင် ကျော့ကျော့မှာ ဆင်

www.burmeseclassic.com

မြန်းပေးထားသည့် အစိမ်းရောင်ကျောက်မှာ ပြီးပြက်သော အရောင်နှင့် အလှဆောင်နေသည်။

ကျောက်မျက်ရတနာတို့၏ တန်ဖိုးတွင် လှပ၍ နှစ်လိုဖွယ်ကောင်းသော အရောင်အဆင်းအမျိုးမျိုး ရှိကြသည်။ သန့်စင်သောအရည်အသွေးရှိခြင်း၊ တာရှည်ခံပြီး လွယ်လင့်တကူ ကွဲအက်ခြင်းမရှိ၊ ရှားပါးခြင်း လက္ခဏာရပ်တွေနှင့် ပြည့်စုံသည်။ အစိမ်းရောင်ရှိသော ကျောက်များကို "မြ" ဟုယူဆကြသည်။ မြကျောက်သည်ချစ်ခြင်းမေတ္တာ (Love) အေးချမ်းခြင်း (Peace)၊ ပျော်ရွှင်ချမ်းမြေ့မှု (Joy) တို့ကို ပေးသော ရတနာအဖြစ် သတ်မှတ်ကြသည်။ မြသည် ရွှေနှင့် လိုက်ဖက်သည့် အစိမ်းရောင် ပိုမိုတောက်လာသည်။ ခင်မျိုးမြတ် ဆွဲထားသည့် လော့ကတ်သီးလေးမှာလည်း အမှန်တကယ်တော့ မိုးကုတ်မြေမှ အစိမ်းရောင်ရှိသော ပြောင်ခေါင်းစိမ်း၊ နီလာစိမ်း၊ ဂေါမိတ်စိမ်း၊ ဖလောစပါး (Florspar) စိမ်း၊ စလင်းစိမ်းများထဲမှ မိုးကုတ်မြေခေါ်တွင်သော ဂါးနက်စိမ်း (Green garnet) ထဲမှ အမျိုးအစား ဖြစ်သည်။

သို့သော် ယခု လည်ဆွဲမှ ကျောက်ကို ဝဏ္ဏမင်းလွင်က ကျောက်စိမ်းအဖြ သာ ထင်မှတ်၍ ခင်မျိုးမြတ်အား ချ သက်လက်ဆောင်ပေးခြင်း ဖြစ်သည်။ တန်ဖိုးကြီး၍ အသိမ်းလွန်သွားက မေ့လျော့ခြင်း ဖြစ်မည်။ ခုတင်အော တွင်ဖုန်အလိမ်းလိမ်းတက်နေသည့် သေတ္တာငယ်လေးထဲမှ ရရှိခြင်း ဖြ သည်။ ဘာကြောင့်လျှို့ဝှက်စွာသိမ်းထာ သည်လည်းတော့ ဝဏ္ဏမင်းလွင် မသိ အစ်ကိုကြီးကလည်း နယ်ကို အလု ကိစ္စနှင့် သွားနေသည်။ ဝဏ္ဏမင်းလွင်က အိမ်တွင် နေခဲ့ပြီး ငွေကိစ္စအဝဝကို ရှင်း ပေးရန် ဖြစ်သည်။ ခင်မျိုးမြတ်နှင့် ဝဏ္ဏ မင်းလွင်က ငယ်သူငယ်ချင်းများ မဟုတ် ကြ။ တက္ကသိုလ်ကျောင်းရောက်မှ သိကြ ခင်မင်ကြ၊ ချစ်ကျွမ်းဝင်ကြသူတွေ ဖြ သည်။ ခင်မျိုးမြတ်၏ မိဘတွေက ဝ ထမ်းတွေ ဖြစ်သည်။ တာဝန်အရ မြို့ တကာ၊ နယ်တကာသို့ ပြောင်းကြ သည်။ ခင်မျိုးမြတ်က အဆောင်မှာနေပြီး ကျောင်းပြီးအောင် ဆက်တက်သည်။ ဝဏ္ဏမင်းလွင်နှင့် ခင်မျိုးမြတ်တို့ နှ ယောက်စလုံး ရုပ်ဗေဒ အထူးပြုနှ ရရှိပြီးကြပြီ။ မဟာသိပ္ပံတက်ရင်း အချ အချင်းမိကြ၍ ဆက်ပြီးတက်၍ သင်နေ ကြခြင်း ဖြစ်သည်။

www.burmeseclassic.com

"ကဲ-မြတ်၊အစ်ကိုလည်းပြန်တော့မယ်၊မြတ်လည်းအဆောင်တံခါးမပိတ်ခင်ပြန်ရမှာဖြစ်လို့ အဆောင်အထိ အစ်ကိုလိုက်ပို့မယ်"

နှစ်ယောက်သား ကုတ္တိုပြင်ရိပ်မှ ထွက်လာခဲ့ကြသည်၊ ညနေဆည်းဆာကောင်းကင်ကနီရောင်ချိုမြ လှပနေသည်၊

"ဟော-ပြန်လာပြီလား။ ဘယ့်နှယ့်လဲ-သုံးနှစ်သုံးမိုးထက် တိုးဦးမယ့်ချစ်သူတွေ၊ ဘယ်တော့ စားရမှာလဲ"

"သူ့သူရေ-မင်းကလည်း တို့ ပြန်လာတိုင်း မေးနေကြမေးခွန်းတွေ မေး၊ ငါကလည်းထုံးစံအတိုင်းပြန်ဖြေရမှာကအဆေးပေါ့"

ပြန်ဖြေရင်းက နှစ်ယောက်သား ရယ်မောလိုက်ကြသည်၊ ခင်မျိုးမြတ် အခန်းထဲသို့ ဝင်လာသည်၊ အမျိုးသမီးသီးသန့်ဘော်ဒါအဆောင်ဖြစ်သည်၊ နှစ်ယောက် တစ်ခန်းနေရသည်၊ တစ်ယောက်အိပ် ခုတင်တစ်လုံးနှင့် စာရေးစားပွဲတစ်လုံး ထားပေးသည်၊ လျှပ်စစ်မီးလုံးတစ်လုံးထားပေးသည်၊ ထမင်းဟင်းစားရန်အတွက် အဆောင်၏ ဘေးဘက်တွင် မီးဖိုခန်းရှိသည်၊ မီးသွေးမီးဖိုကိုသာ သုံး ခွင့်ရှိသည်၊ လျှပ်စစ်မီးဖိုကိုသူသုံးခွင့် မရှိ၊ ညဆယ်နာရီဆိုလျှင် မီးပိတ်သည်၊ စာမေးပွဲအတွက်၊ အလုပ်ကိစ္စအတွက် ဆောင်ရွက်ရန် စာကြည့်ရန်ရှိလျှင်ဧည့်ခန်းတွင်သွားရောက်ကာ ကြည့်ရသည်၊ ညဆယ့်တစ်နာရီထက် ပိုကြည့်ခွင့်မပြု၊ခြံဝင်း၏အနောက်ဘက်တွင်အုတ်ရေကန်တစ်ခုရှိသည်၊ ရေချိုးအဝတ်လျှော်ဖွပ်ရန်အတွက် ခပ်လှမ်းလှမ်းတွင် ကျောက်စည်တစ်လုံးထားသည်၊ ကိုယ်တိုင်ရေဖြည့်ကာ ရေချိုးအဝတ်လျှော်ရသည်၊ အုတ်ကန်နားသို့ ကပ်ပြီးမချိုးရပေ၊ အဆောင်မှာ နှစ်ထပ်ဖြစ်သည်၊ အပေါ်ထပ်တွင်အဆောင်ပိုင်ရှင်မိသားစုနေသည်၊ အောက်ထပ်တွင် နှစ်ပိုင်းပိုင်းခြားကာ တစ်ဖက်စီတွင် အခန်းငယ် ငါးခန်း ဖွဲ့ထားပြီး တစ်ခန်းလျှင် နှစ်ဦးကျနေရသည်၊ နေရထိုင်ရသည်မှာအနည်းငယ်ကျဉ်းသော်လည်း တခြားဘော်ဒါဆောင်တွေထက်ဈေးတသက်သာသောကြောင့် နယ်မှ အလုပ်လာလုပ်သူ၊ ကျောင်းလာတတ်သူ၊ သင်တန်းလာတက်သူတွေက ပိုပြီးငှားကြသည်၊

နောက်နှစ်နာရီလောက်ဆိုလျှင် အိမ်မီးတွေ ပိတ်တော့မည်၊ မီးကို မဖွင့်တော့ဘဲ ခင်မျိုးမြတ် ထားလိုက်သည်၊ ခုတင်ပေါ်တွင်ပက်လက်လှန်ပြီးအိပ်နေ

www.burmeseclassic.com

ရင်းက ချစ်သူ၏အကြောင်းနှင့် အတွေးမျိုးစုံ တွေးကာ စဉ်းစားနေမိသည်၊ အခန်းထဲတွင် မိမိတစ်ယောက်တည်း ရှိနေသည်။ အတူနေ အခန်းဖော်က ခရီးထွက်သွားသည်။ ကုမ္ပဏီ၏လုပ်ငန်းနှင့် သက်ဆိုင်သော တာဝန်ကို လုပ်ကိုင်ရန်အတွက်ဖြစ်သည်၊ တစ်ယောက်တည်းဖြစ်၍ မျက်နှာတွင် ပြုံးရင်း ရယ်ရင်း အမှောင်ထဲတွင် စိတ်တိုင်းကျ စိတ်ကူးယဉ်နေလိုက်သည်၊ အဖေနှင့် အမေကို လျှပ်တစ်ပြက် သတိရသွားသည်၊ သာမန်ဝန်ထမ်းသာဖြစ်ကြသော အဖေနှင့်အမေ၊ ယခု ခင်မျိုးမြတ် လည်ပင်းတွင်ရှိသော လည်ဆွဲမျိုးကို ပြုလုပ်ပေးနိုင်မည့် အင်အားရှိကြမည် မဟုတ်ပေ၊ ရင်ဘတ်ပေါ်တွင် နေရာယူနေသည့် လော့ကတ်လေးကို လက်ညှိုးနှင့်ဖိကာ ကျေနပ်နှစ်သိမ့်စွာနှင့် ရှိနေသည်၊ နောက်တစ်နေ့မနက်တွင် ဝဏ္ဏမင်းလွင်နှင့် သင်တန်းမှာတွေ့လျှင် ကျေနပ်ပီတိဖြစ်ရကြောင်းကို ပြောမည်ဟု တွေးကာ မျက်လုံးကို မှေးစင်းပြီး ထားလိုက်သည်၊

အလင်းရောင် ဝင်လာသည်၊ အခန်းတံခါးလည်း ပိတ်ထားသည်။ မီးလည်းမဖွင့်၊ လျှောင်လှုပ်သည်လားမသိ၊ ခုတင်ရော၊ ခုတင်တိုင်တွေပါ ယိမ်းထိုးလှုပ်ယမ်းနေသည်၊ အခန်းတစ်ခုလုံး အလုံပိတ်ထားသည်၊ လင်းနေရာ အမှောင်အတိ ဖြစ်သွားသည်၊ ပိုပြီး ခြားသည်က အကောင်ကြီးတစ်ကော ကောင် သေပြီးပုပ်နေသလို အနံ့ ရသည်၊

"ဟီး-ဟီး-ဟီး-ဟီး"

ဘယ်ချောင်ကမှန်းမသိသော အသံဆိုးဆိုးကို နားထဲမှာကြားရသည် အနားကပ်ပြီး အော်သလို အဝေးက လွင့်လာသည့်အသံလိုလိုပင်၊

ဂျိန်း-ဂျိန်း-ဂျိန်း-

အလိုလေးလေး ဘယ်အချိန်တ ရှာလိုက်သည်လည်းမသိ၊ မိုးချိန်းသံ မိုးထစ်ချုန်းသံတွေကို ဆက်ခါဆက် ကြားရသည်၊ အပုပ်နံ့ကလည်း တဖြ ဖြည်းနံလာသည်၊

အဆောင်တစ်ခုလုံးရှိသမျှလူ ဘယ်ရောက်နေသည်လည်းမသိ၊ လိုမိုးချိန်းသံ၊ လျှောင်လှုပ်သံကိုမှ မကြား ရှာလေသလား။

"ဟား-ဟား-ဟား"

အပုပ်နံ့ဆိုးဆိုးအသံညြညြကြီး ကြားရသည်၊ မိုးရေတွေက ယိုစီးကျ သည်၊ အခန်းထဲတွင် ရေတွေပြည့် သည်၊

"ဟား-ဟား-ဟား င်လည်း သေရမယ်-သေရမယ် ဝါ စေတနာ



www.burmeseclassic.com

www.burmeseclassic.com

ဘဲ မပေးတဲ့ပစ္စည်းကို ယူထားတာ နင်လည်း သေရမယ်၊ ဟား – ဟား – ဟား”

အသံပျောက်သွားသော်လည်း အပုပ်နံ့ကမပျောက်။ အခန်းတစ်ခန်းလုံး ရေပြည့်နေသည်။ အဆောင်တစ်ခုလုံး တလည်းမည်သည့်အသံကိုမှ မကြားရ။ တိတ်ဆိတ်ငြိမ်သက်နေသည်။ ထူးဆန်းသည်က ခင်မျိုးမြတ်၏ အခန်းတစ်ခန်းသာလျှင် ရေတွင် ဝင်နေသည် ထင်ရသည်၊ တခြားအခန်းတွေကရေဝင်သည့် အကြောင်းကိုတစ်ခွန်းမှ ပြောဆိုသံတွေ မကြားရပေ။ ခုတင်ပေါ်တွင် ခင်မျိုးမြတ် တစ်ယောက်ပက်လက်အနေအထားနှင့် အိပ်နေသည်။ ရေတွေဝင်လာပြီးအခန်း တစ်ခန်းလုံးပြည့်အောင် များသော်လည်း ခုတင်ကိုရေမမြှုပ်၊ ရေမစို၊ ရေပေါ်တွင် ပေါ်နေသည်။ ရေက လှုပ်ရှား၍ လှိုင်းထလျှင်သာ ခုတင်က ယိမ်းထိုးနေသည်။

“ပြန်ပေးရမယ် – ပြန်ပေးရမယ်၊ ငါ့ပစ္စည်းကို ငါ ပိုင်တယ်၊ ငါ့ကို ပြန်ပေးရမယ်၊ ငါ့ပစ္စည်း ငါ ပြန်မရရင် နင့်ကိုလည်း သတ်မယ်၊ ဟား – ဟား – ဟား”

လိုက်ခေါင်းသံပါသော အက်ကွဲကွဲ ရီသံကြီးကိုထိတ်လန့်တုန်လှုပ်စွာကြားရသည်။ ခင်မျိုးမြတ်၏ ခန္ဓာကိုယ် တစ်ကိုယ်လုံး ကြက်သီး၊ မွေးညင်းထသွားသည်။ ခေါင်းအထက်ရှိ ဆံပင်တွေပင် ထောင်ထလာသလိုပင်။ ကြောက်ရွံ့ထိတ်လန့် တုန်လှုပ်စိတ်ကြောင့် မျက်လုံး အစုံကို တင်းကျပ်စွာ မှိတ်ထားသည်။ သို့သော်မှိတ်ထားသည့်မျက်လုံး အစုံရှေ့တွင် အရိပ်များစွာ လှုပ်ယမ်းနေသလိုပင်။ မရွံ့မရဲ မျက်လုံးကိုဖြည်းညင်းစွာ မပွင့်တပွင့် ဖွင့်ကြည့်လိုက်သည်။

“ဟင်”

အံ့အားသင့်သွားကာ ပါးစပ်မှပင် အသံထွက်သွားသည်။ မျက်နှာကြီးတစ်ခု၊ အသားကညိုသည်၊ ခေါင်းအထက်တွင် သျှောင်တစ်စောင်းနှင့်။

“ငါ့ပစ္စည်း ပြန်ပေးပါ မိန်းကလေး”

အသံအက်အက်၊ လေးတွဲ့တွဲ့ထွက်လာသည့် ခင်မျိုးမြတ် နှုတ်က အာစေးထိ ထာသလို နှုတ်ဆိတ်နေသည်။ ကြောက်လန့်လွန်း၍လည်း ဖြစ်မည်။

“မင်း – မင်း – ငါတောင်းတာကိုပြန် မပေးရင် မင်းလည်း အရင်က လူတွေရဲ့ လမ်းကို လိုက်ရလိမ့်မယ်”

ခင်မျိုးမြတ်ထိုသူ့ကိုသိလည်းမသိ၊ မြင်လည်း မမြင်ဘူး။ သူက ခင်မျိုးမြတ် ထံမှပစ္စည်းကိုမရမကတောင်းနေသည်။ သူ ဘာလုပ်ရမည်ကို မစဉ်းစားတတ်။ ဘာပစ္စည်းကိုတောင်းနေမှန်းလည်း စိတ်ထဲက တွေးကာ မေးမိသည်။

www.burmeseclassic.com

"မင်း - သိတယ်၊ မင်း သေသေချာ ချာ သိတယ်။ ဟောဒီ ငါ့ပါးစပ်ထဲက ပစ္စည်း ငါ့ပစ္စည်းကို မင်းတို့ မတရား ယူ သွားတာ၊ ဟောဒီမှာ ကြည့်စမ်း - ကြည့် စမ်း"

ပြောပြောဆိုဆိုပင် ခင်မျိုးမြတ်၏ မျက်နှာအနီးသို့ ကပ်လာသည့် သူ့ မျက်နှာ မည်းမည်းကြီးမှ ပါးစပ်ကို အား တုန်ဟပြလိုက်သည်၊ အနားကပ်လာ သည့်အခါတွင် ဝက်မွေးထက်ပင်ကြမ်း ထော်မည်းနက်ထူထဲသော မျက်ခုံးမွေး အောက်တွင် ရောက်သီးလုံးတမျှ ပြူး နက်သော မျက်လုံးနှစ်လုံး၊ တစ်လုံးနှင့် တစ်လုံးက ပူးကပ်နေသည်၊ မျက် တောင်မွေး၊ မျက်ခမ်းသားတို့ကိုမတွေ့ရ၊ မျက်လုံးအိမ်ပေါက်ပက်ထဲမှပြူးထွက် ကျနေသည်၊ ပါးစပ်ကို တအားဖြဲ ဟပြ သည်တွင် သွေးတို့ဖြင့် ချင်းချင်းနီရဲကာ ထဲတွေးတို့ဖြင့် စိုရွှဲနေသော လျှာမှာ ပါးစပ်ထဲမှ တစ်ထွာမက ထွက်ကျလာ သည်၊ ချွန်မြထက်လှသော သွားမည်း မည်းကြီးတွေနှင့် အရိအရွဲတွေကိုပါ တွေ့ရသည်၊ အပုပ်နံ့ကလည်း ပါးစပ် တွင်းမှ နံဟောင်ပြီး ထွက်လာသည်၊

"ငါက ငါ့ပစ္စည်းကို ဒီပါးစပ်ထဲမှာ ထည့်ပြီး ငုံထားတာ၊ ဘယ်သူ့ကိုမှ ပေး ဖို့မဟုတ်ဘူး၊ ပြန်ပေး - ငါ့ကို ပြန်ပေး"

မျက်နှာကိုသာ မြင်ရသော ခေါင်း တစ်လုံး၏ဘေးမှ လက်နှစ်ဖက် ဆန့် ထွက်လာသည်၊ တစ်ဖက်လျှင် လက် ချောင်းဆယ်ချောင်းရှိသော လက်မည်း မည်း၊ အမွေးတို့က နက်မှောင်ပြီး ရှည် သည့်လက်ချောင်းတွေတွင်လက်သည်း ရှည်ရှည် တုတ်တုတ်ကြီးတွေရှိသည်၊

မျက်နှာကျက်မှနေ၍ ခင်မျိုးမြတ် အိပ်နေသည်ကို လက်ဖြင့် ဆန့်ကာ လည်ပင်းညှစ်ရန်ပြုလာသည်၊ တဖြည်း ဖြည်း လက်သည်းရှည်ကြီးတွေက ခင် မျိုးမြတ်၏ လည်ပင်းဆီသို့ နီးကပ်လာ သည်၊ အပုပ်နံ့ကြီးကလည်း ပို၍နံစော် လာသည်၊ ခင်မျိုးမြတ်၏ တစ်ကိုယ်လုံး တုန်နေသည်၊ ခေါင်းပြတ်ကြီး၏ ပါးစပ် ထဲမှ သွားတွေက အရည်တွေထွက်ကျ လာသည်၊ မျက်လုံးအစုံကလည်း မျက် တွင်းအိမ်ထဲမှ ထွက်ကျလုမတတ် ပြူး ထွက်နေသည်၊ ထို့ပြင် ဟိုဘက် သည် ဘက်ယိမ်းပြီး လည်နေပြန်သည်၊

"မင်း - မင်းကို သတ်မယ်၊ ဟီး - ဟီး - ဟီး - သေပေတော့၊ ကဲ - ကဲ"

ကြောက်စရာ အမွေးစုတ်ဖွားများ မည်းမည်းလက်ကြီးနှစ်ဖက်က ခင်မျိုး မြတ်၏ လည်ပင်းကို လာညှစ်ပေ သည်၊

"ကယ်ကြပါဦး"

www.burmeseclassic.com

www.burmeseclassic.com

အသံကို ကျယ်နိုင်သမျှကျယ်အောင် အော်လိုက်သည်။ လည်ချောင်းမှာ တစ်စုစု၊ တစ်ဆို့သလို ခံရသည်။

"အား - ကယ်ကြပါဦး - လာကြပါဦး"

"မြတ် - မြတ် - တံခါးဖွင့် - တံခါးဖွင့်"

အခန်း၊အပြင်ဘက်မှ တံခါးကို တဒုန်းဒုန်း ထုသံ ကြားရသည်။ ခင်မျိုးမြတ် အတင်းလူးလဲရုန်းကာ ထလိုက်သည်။ ရုတ်တရက် ထ၍မရ၊ တစ်စုံတစ်ခုက မိမိကိုယ်ပေါ်ကို ဖိထားသလို ခံစားရသည်။

"မြတ်ရေ - မြတ် - တံခါးဖွင့်ပါ"

နောက်ထပ် အော်သံနှင့် ခေါ်သံကို ထပ်ကြားရသည်။ အင်နှင့်အားကို သုံးကာ လွတ်အောင် ကိုယ်ကို ရုန်းလိုက်သည်။ ခုတင်မှ ထလိုက်သည်။ တံခါးအနားသို့ အပြေးသွားကာ အမြန်ပင် တံခါးကို ဖွင့်လိုက်သည်။

"ဟင်း - ဟင်း - ဟင်း"

"မြတ် - မြတ် - ဘာဖြစ်လို့လဲဟင်၊ အသက်ရှူသံကလည်းပြင်း၊ မျက်နှာမှာလည်း ချွေးတွေရွှဲလို့"

"မြတ် - မြတ်ကိုကယ်ပါဦး - ကယ်ပါဦး"

"မြတ် - မြတ် စိတ်ကို လျှော့ထား၊ စိတ်ကိုလျှော့၊ မြတ်ဘာမှမဖြစ်စေရဘူး၊ အိပ်မက် မက်ပြီး ယောင်နေတာ၊ သတိထား - မြတ်၊ သတိထား - နနတို့ရှိတယ်၊ သတိထားနော်"

တစ်ကိုယ်လုံး တုန်ကာ ချွေးတွေရွှဲနေသောမြတ်၏ကိုယ်လုံးကိုဖက်ထားရင်း နနဝေက အားပေးနှစ်သိမ့်လိုက်သည်။

"မြတ် - မြတ် - ကြောက်လိုက်တာ၊ ကြောက်လိုက်တာ"

မျက်စိထဲတွင် မျက်နှာကြီးကို မြင်မြင်နေမိသည်။ ခင်မျိုးမြတ်၏ အခန်းထဲတွင်ရေတွေမရှိ၊ မိုးလည်းမရွာ၊ ရေလည်းမစို၊ အခန်း၏ အပြင်ဘက်တွင်လည်း အားလုံး ခြောက်သွေ့နေသည်။

"မိုးတွေ မစိုဘူးလားဟင်"

"မြတ်ရယ် - ဘယ်ကမိုးတွေစိုရမှာလည်း၊ နွေခေါင်ခေါင်လေ ဒီနေ့တပေါင်းလပြည့်၊ မြတ်ကလည်း အူကြောင်ကြောင်နဲ့"

အားလုံးက ခင်မျိုးမြတ်အား အထူးအဆန်းသဖွယ် ကြည့်နေကြသည်။

"မြတ်လေ - မြတ်၊ အိပ်မက်ဆိုးတာဖြစ်မယ်၊ အိပ်မက်ကလည်း ကြောက်စရာချည်း၊ ရင်တွေ ခုန်လိုက်တာ"

www.burmeseclassic.com

အိပ်မက်အကြောင်းကိုပြန်ပြောင်း၍ မပြောချင်၊ တွေးမိရင်တောင် ထိတ်လန့်စရာမြင်ကွင်းကိုပြန်ပြောင်းကာမြင်ရသလို ခံစားရသည်၊ မိုးလည်း လင်းစပြုပြီ၊ အသီးသီး ကိုယ့်အခန်း ကိုယ်ပြန်သွားကြသည်၊ အလုပ်တာဝန်တွေက ကိုယ်စီ ရှိကြသည်၊

မျက်နှာသစ် သွားတိုက်ပြီးနောက် ရေကိုပါချိုးဖို့ပြင်လိုက်သည်၊ သင်တန်းသွားရဦးမည်၊ သင်တန်းက အဆောင်နှင့်ဝေးသည်၊ ဘတ်(စ်)ကားနှစ်ဆင့်စီးရသည်၊ သင်တန်းကို မဝင်သေးဘဲ အစ်ကို ဝဏ္ဏမင်းလွင်နှင့် တွေ့ရသည်၊ ညက ထူးဆန်းစွာမက်သည့် အိပ်မက်အကြောင်းကို ပြောပြမည်၊ အစ်ကိုကတော့ မြတ်ကို တစ်ခုခုကို စိတ်စွဲ၍ မက်တာပါဟု ဖြေသိမ့်ပေးမည်၊

※

ပတ္တမြားရတနာရသည့်အစ ငဖင်တာက စသည်၊

ဘုရင့်နောင်မင်းတရားကြီး တည်ထားကိုးကွယ်သော မဟာစေတီတော်မြတ်ကြီးသည် မြန်မာသက္ကရာဇ်-၉၂၅ ခုနှစ်တွင် ပဲခူးမြေငလျင် ပြင်းစွာလှုပ်လေသည်၊ ထိုအခါ မဟာစေတီ အစရှိသော ဘုရားဂူကျောင်းတို့ ပြိုကျပျက်စီးရပြန်သည်၊

မြန်မာသက္ကရာဇ် -၉၅၀ ပြည့်တွင် ငါးဆူ ဒါယကာ မင်းနန်းတက် စဉ် သက္ကရာဇ် -၉၄၃ တွင် ဘုရင့်နောင်မင်းတရားကြီးကံတော်ကုန်ကာသက္ကရာဇ်-၉၄၄ သီတင်းကျွတ်လတွင် လှုပ်ခတ်သော မြေငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် စေတီတော် အား ငါးဆူ ဒါယကာ မင်းကြီးက ပြန်လည်မွမ်းမံသည်၊ ဘုရင့်နောင်မင်းတရားကြီး (ဖာ သာဝတီဆင်ဖြူများရှင်) လက်ထက် ပဲခူးမဟာစေတီတော်ကြီးမှာ အထူးတို ကြည်ညိုဖွယ်ကောင်းလှသည်၊ မလှမ်း မကမ်းတွင်ရှိကြသောတောတောင်များ သည်လည်းကောင်း၊ ထုံးဖြူဖွေးဖွေး စေတီလေးများသည်လည်းကောင်း ပဏာတင့်စွာ သာယာအေးမြလှသည်၊ မွှေးကြိုင်သင်းပျံ့ပန်းရနံ့ထုံလွှမ်းနေ သောပန်းဥယျာဉ်တို့နှင့်ရေကန်ကြီးငယ် အသွယ်သွယ်တို့ကလည်းစိတ်နှလုံးကို ရွှင်ပြုံးစေအောင်ဖမ်းစားကြသည်၊ ဤမျှ သာယာလှပလှသည့် ကြက်သရေ တင့်တယ်သပ္ပာယ်စွာရှိသော မဟာ စေတီတော်မြတ်ကြီးသည် တိုင်းပြည်နှင့် မတန်မရာဖြစ်ကြသော မင်းတို့၏ လက်

www.burmeseclassic.com

ဘက်တွင် ငလျင်ဒဏ်ဒဏ်ဒေသကို အကြိမ်ကြိမ်ကြုံတွေ့ရတော့သည်။

မြန်မာသက္ကရာဇ် - ၁၁၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၃) ရက်တွင် မဟာစေတီတော်အား အလုပ်အကျွေး၊ ဝေယျာဝစ္စပြုလုပ်ရန်အနောက်ဘက်လွန်မင်းလှူခဲ့သော အိမ်ထောင်စု အမှုထမ်း (၃၀၀) ကျော်အား သမိန်မရှုဲ့ခံ သန်လျင်ဝန်ဟောင်းက အမှုထမ်းတို့အား သိမ်းသွင်းစည်းရုံး ဖြားယောင်းကာ သန်လျင်မြို့သို့ ခေါ်သွားလေသည်။

မြန်မာသက္ကရာဇ် - ၉၆၂ ခုနှစ်တွင် ပေါ်တူဂီငဇင်ကာကလည်း မြေငလျင်ဒဏ်ကြောင့် ယိုယွင်းနေသည့် စေတီတော်မှ ထီးတော်ကိုချကာ သန်လျင်သို့ ယူသွားလေသည်။ ထိုသို့ အပြိုအပျက်၊ အပဲ့လျက်ရှိသော စေတီတော်ကြီးသည် မြန်မာသက္ကရာဇ် - ၁၁၈၈ ခုနှစ်၊ နတ်တော်လဆန်း (၉) ရက်တွင် အလုပ်အကျွေးဟောင်းများ အပါအဝင် သူပုန်ဒိုလ်ငစပ်ငယ်၊ အစ်ကိုဖြစ်သူ ငတီထိပ်ပြောင်တို့ခေါင်းဆောင်ကာ စေတီတော်မှ ရွှေ၊ ငွေ၊ ပတ္တမြား၊ ကျောက်စိမ်းစသော အဖိုးတန်ရတနာများကို ဖြုတ်ယူကာ သွားကြလေသည်။ ဟံသာဝတီမြို့ စစ်ဘဲမင်း နေမျိုးသီရိကျော်ခေါင်နှင့် မြို့သူကြီးရဲခေါင်သီတာတို့ ခရီးလွန်နေခဲ့ခြင်းဖြစ်သည်။

ထိုလူဆိုးတို့တွင် ထွန့်ခေါင်နှင့် ဗလဆိုသူတို့လည်း စေတီတော်မှ ကျောက်မျက်တို့အား ဖြုတ်ယူခိုးရာတွင် ပါဝင်ကြသည်။ တောမီးလောင် တောကြောင်လက် ခမောင်း ခတ် သည် ဆို သည့်အတိုင်း ထွန့်ခေါင်နှင့် ဗလတို့မှာ တောရွာဇနပုဒ်မှ သတင်းအကြားနှင့် ရောက်လာကာ လုယက်ကြသူများ ဖြစ်သည်။

"ထွန့်ခေါင် - မင်းဆီမှာ ငါကျောက်စိမ်းတစ်လုံးတွေ့လိုက်တယ်။ အဲဒါဘယ်ရောက်သွားသလဲ"

စေတီတော်မှ ရတနာပစ္စည်းအဖိုးတန်တို့မှာ လက်ဦးမှုရကြသူများယူသွား၍ အကြွင်းအကျန်၊ ရွှေစ၊ ငွေစ၊ ကျောက်သား၊ ကျောက်မှုန် အပဲ့တို့သာ ကျန်ခဲ့သည်။ ထိုအထဲမှ ထွန့်ခေါင်နှင့် ဗလတို့မှာ ရသလောက်ကို ဖြုတ်ယူကြရာတွင် တန်ဖိုးကြီးမည်ထင်ရသော ကျောက်စိမ်းရောင်၊ ကျောက်တစ်လုံးကို တွေ့ကြသည်။ လူကြီး လက်မ၏ လက်သည်းခွံလောက်ရှိသည်။ ယူဆောင်လာခဲ့ကြပြီး အပန်းဖြေအနားယူကာ ဝေစုခွဲကြစဉ် ထိုကျောက်စိမ်းရောင် ကျောက်တစ်လုံးကို တွေ့ကြခြင်းဖြစ်သည်။

www.burmeseclassic.com

"ဘာကျောက်စိမ်းလဲ - ငါမှ မသိတာ"

"မင်းတွေ့လျက်သားနဲ့မဟုတ်တာမလုပ်နဲ့၊ မင်း ဖွက်ထားတယ် မဟုတ်လား၊ ရသမျှကို အညီအမျှဝေစုခွဲရမှာပဲလေ"

ဗလ ဘယ်လိုပဲမေးမေး ထွင်ရှခေါင်ကဝန်မခံ၊ နေမွန်းတည့်သည်အထိ ထွင်ရှခေါင် ထမင်းမစား၊ ဗလကိုလည်းစကားမပြော၊ သီးခြားခွဲပြီးနေသည်၊ ဗလ တစ်ခွန်းမှ ထပ်မပြောတော့ဘဲ လာရာလမ်းကို ကိုယ့်ဘာသာကိုယ် ပြန်လာခဲ့ကြသည်၊

"ကုတ္တိုညီနောင်အပင်နှစ်ပင်ကြားမှာလူသေအလောင်းတစ်လောင်းတွေ့တယ်၊ ရင်ဘတ် ခွဲထားတယ်"

ဗလရွာသို့ပြန်ရောက်ခဲ့သည်၊ ရရှိသည့် ရတနာပစ္စည်းတချို့ကို ထုခွဲရန် မိသားစုလိုက်၊ တစ်မြို့တစ်ရွာသို့ပြောင်းလာခဲ့သည်၊ တခြားရတနာတွေကိုထုခွဲရောင်းချခဲ့သော်လည်းကျောက်စိမ်းလုံးလေးကိုမူ ဇနီးသည်အတွက် ရွှေနင့်ကွပ်ပြီး လော့ကတ်လေး ပြုလုပ်ပေးလိုက်သည်၊

"ဒါဆိုဒီလော့ကတ်လေးကအဲဒီထဲကရတာပေါ့"

"ဟုတ်တယ် - မြတ်၊ ပြောရ[...] ဇာတ်လမ်းက ရှည်တယ်၊ ဗလဆို[...] အစ်ကို့အဘိုးရဲ့အဖေပဲ၊ အဘိုး[...] အကုန်ပြောပြခဲ့တယ်၊ ထွင်ရှခေါ[...] မတရားလုပ်လို့မကျေနပ်တာနဲ့ သူ[...] ပြီးသိမ်းထားတဲ့ကျောက်ကိုလူကိုသ[...] ရင်ကိုခွဲပြီးယူခဲ့တာတဲ့၊ အမှတ်တရ[...] အောင် သူ့မိန်းမကို လည်မှာဆွဲထား[...] လုပ်ပေးထားတာတဲ့"

"အမလေး - အစ်ကိုရယ်၊ စိတ်[...] ဖို့ကောင်းလိုက်တာ"

"မြတ်ရဲ့အိပ်မက်အကြောင်း[...] ကြားရတော့ အစ်ကိုလည်း ဆက်စပ်[...] တွေးမိလာတယ်၊ အစ်ကို့အဘိုးရဲ့အ[...] နဲ့ အမေလည်း လင်မယားနှစ်ယော[...] စလုံးနာရီမခြား၊ ရှေ့နောက်သေသွား[...] တယ်၊ အဘိုးနဲ့ အဘွားလည်း ယာ[...] ဆင်းရင်းက မူးတယ် မူးတယ်ဆိုပြီး ဆုံး[...] သွားတယ်၊ ရောဂါမည်မည်ရရရှာမရ[...] သေကြတာ၊ အဖေနဲ့ အမေတို့ကျတော့[...] အဖေ ခရီးထွက် ခါနီးမှာ အိပ်မက်[...] မကောင်းလို့မသွားပါနဲ့လားလို့တားရင်[...] က နယ်မှာပဲ ဦးနှောက်သွေးကြောပြ[...] တယ်ဆိုပြီး ဆုံးသွားတာ၊ အဲဒါ [...] ထားတဲ့ အဖေ့အလောင်း[...] ဘယ်သူ[...] တွေက ဘာသဘာဝ[...]လို့လည်းမသိ[...]

www.burmeseclassic.com

www.burmeseclassic.com

ဘူး၊ အလောင်းကိုဖော်ပြီး ရင်ခွဲရှာထား
တယ်"

"အဖြစ်မှန်ကို သိထားတဲ့သူ ဖြစ်မှာ
ပေါ့နော်"

"ထင်ရတာပဲ၊ အစ်ကိုကတော့ ဒီက
စီးပွားရေးတွေအားလုံးကို အမေနဲ့ညီ
ဖြစ်တဲ့အကိုဆီပြန်လွှဲပြီး နိုင်ငံခြားထွက်
သွားတယ်၊ အဖေဆုံးပြီး တစ်နှစ်ကျော်
ကျော်မှာ အမေဆုံးတယ်၊ အမေ ဆုံး
သွားတော့ အစ်ကိုတို့ ညီအစ်ကိုနှစ်
ယောက်လည်း ဒီကျောက်ရဲ့ရာဇဝင်ကို
မေ့ထားကြတယ်၊ မေမေ့ကို သတိရလို့
အခန်းထဲဝင်ပြီး အလွမ်းပြေကြည့်တာ၊
ကျွန်းစုတင်အောက်က သံသေတ္တာ
အဟောင်းထဲမှာ အဝတ်နဲ့ သေသေ
ချာချာထုပ်ထားတဲ့ အဲဒီကျောက်လေး
ကို တွေ့တာ၊ မြတ်ကို လော့ကတ်သီး
လုပ်ပေးရရင် ကောင်းမှာပဲလို့တွေးပြီး
လုပ်ပေးတာ၊ ဒါပေမဲ့..."

"ဒါပေမဲ့ - ဘာဖြစ်လဲ အစ်ကို"

"တစ်လောက အဒေ့ဘက်က ဝမ်း
ကွဲတွေ့လာတော့ ဒီကျောက်ရဲ့ဖြစ်စဉ်
ရာဇဝင်ကို ပြောပြတယ်၊ အစ်ကိုလည်း
စိုးရိမ်ပြီး မြတ်ဆီကို အကျိုးအကြောင်း
ပြောဖို့လာခဲ့တာ၊ ဒီရောက်တော့ မြတ်
က အိပ်မက်ဆိုးမက်တဲ့အကြောင်းတွေ
ပြောတော့ စိုးရိမ်စရာ ဖြစ်တာပေါ့"

"အစ်ကို"

"ဟင် - ဘာလဲမြတ်၊ ပြောလေ ဘာ
ပြောချင်သလဲ"

"သူက လိုချင်လို့ ဝမ်းထဲ မျိုချတဲ့
ကျောက်ကို သူများ လက်ထဲပါသွား
တော့ ဘယ်ကျေနပ်ပါ့မလဲ၊ အဲဒီတော့
လိုက်ပြီး ဒုက္ခပေးတာပေါ့၊ ဒီတော့ မြတ်
စဉ်းစားတာက အဲဒီဆွဲကြိုးနဲ့ လော့ကတ်
ကို မြတ်တို့ ပဲခူးကိုသွားပြီး မဟာစေတီ
ဘုရားမှာပဲ ပြန်လှူပြီး ဦးထွင့်ခေါင်နဲ့ ဇလ
ကြီးတို့ကို အမျှဝေပေးလိုက်ရင် မကောင်း
ဘူးလားဟင်"

"ဟာ - သိပ်ကောင်းတာပေါ့ မြတ်
ရယ်"

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com


www.burmeseclassic.com

မနက်ခင်းပိုင်း လက်ဖက်ရည်ဆိုင်မှာ ကိုသက်ဦးနဲ့ ကျွန်တော် ဆုံဖြစ်ကြတော့ မနက် (၇)နာရီ ထိုးပြီးခါစ ရှိသေး၏။ တစ်ယောက်ကို အီကြာကွေးတစ်ချောင်းနဲ့ လက်ဖက်ရည်တစ်ခွက်စီ စားသောက်ပြီးချိန်မှာ ကိုသက်ဦးက ကျွန်တော့်ကို စကားစလာပါသည်။

"ဇာတ်ဆရာရေ - တောင်ဘက် စဉ့် ကိုင်ကြီးရွာသချိုင်းထဲက မယ်ဇလီပင်ကြီးမှာ နေ့ခင်းနေ့ပူချိန်ဆိုရင် ငှက်တွေ အုပ်လိုက်လာအိပ်နေကြတယ်လို့ အဲဒီဘက်ရွာက လူတစ်ယောက်က ပြောလာတယ်ဗျ"

## နာနာဘာဝဃော
## ဓဉကာကျေးငှက်ဃော
## ပပဃိုရိုစည်

မညိုလှိုင်



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား - ဖြစ်နိုင်တယ်ဗျ။ အခု ချိန်က ညောင်ပင်တွေ ညောင်သီး သီးတဲ့ အချိန်ဆိုတော့ မနက်ခင်းပိုင်း ညောင်ပင်တွေမှာ ညောင်သီးတွေ တစ်မနက်လုံး စားပြီး နေ့လယ်ခင်း နေပူချိန်ကျတော့ အရိပ်ကောင်းပြီး လူသူအနှောင့်အယှက် ကင်းတဲ့ နေရာက သစ်ပင်ကြီးတွေမှာ သွားအိပ်ကြတာ ဖြစ်မယ်"

"ဟုတ်တယ်လေ - ခင်ဗျားသိတဲ့ အတိုင်းပဲ၊ ကျွန်တော်က ငှက်ဆိုရင်တအား ခရေဇီဖြစ်တာ၊ ကျွန်တော် သွားပစ်ချင် တယ်ဗျာ၊ ကျွန်တော်တို့လည်း ငှက်ပစ် မထွက်ဖြစ်တာကြာပြီဆိုတော့ လက်က ယားနေပြီဆိုတော့ လက်က ယားနေပြီ ပေါ့ဗျာ၊ ခင်ဗျား လိုက်မယ် မဟုတ် လား"

ဟု အဖော်ညှိလာပါသည်။

"လိုက်တာပေါ့ဗျာ - ကျွန်တော် လည်း တောမလည်ဖြစ်ဘဲ သိုင်းဝတ္ထု တွေချည်း ငုံ့ဖတ်နေတာကြာတော့ အပြောင်းအလဲလေးလည်းဖြစ်၊ စိတ် လည်း လန်းဆန်းသွားတာပေါ့၊ ဒါပေမဲ့ ကျွန်တော့်ဆီမှာ ကျည်ဆန်နည်းနေပြီ၊ နည်းနည်းတော့ ထပ်ဝယ်ရမယ်"

"ဟာ - မဝယ်နဲ့တော့၊ ကျွန်တော် ဗိတုန်းတံဆိပ် ကျည်တစ်ထောင်ပါ သံ ဘူး တစ်ဘူး ကျောက်ဆည်ကနေ ဝယ် လာခဲ့တယ်။ ခင်ဗျားအိမ်ပြန်ပြီး ဘောင်း ဘီလဲ သေနတ်ယူပြီး ဆီးတောမြောင်း ပေါင်ကကျွန်တော်တို့ဆုံနေကျ သစ်ကြီး ပင် (ကုက္ကိုပင်) ကြီး ဆီလာခဲ့တော့ ကျွန် တော် စောင့်နေမယ်၊ ခင်ဗျား အချိန် ရောက်ရင်လည်း Target စမ်းရင်း ခဏ စောင့်နေလိုက်ပေါ့ဗျာ"

"အိုကေပေါ့ဗျာ"

ဟု ဆိုကာ လက်ဖက်ရည်ဖိုးရှင်း၍ အိမ်ပြန်လာခဲ့သည်။

အိမ်ပြန်ရောက်တော့ ဘောင်းဘီ ရှည်ဝတ်၊ အင်္ကျီလက်ရှည် ပွပွချောင် ချောင် တစ်ထည်ဝတ်ကာ ဂျုံရိုးဦးထုပ် အဝိုင်းကြီး တစ်လုံးကို ဆောင်းလိုက်ပါ သည်။ ပြီးလျှင် လက်စွဲတော် တရုတ် ဘောဆွဲလေသေနတ်ကြီးကိုဖုန်သုတ်၍ ကျောပေါ်တွင် လွယ်လိုက်ကာ ကျည် ဆန်ဘူးကိုဖွင့်၍စစ်လိုက်ရာကျည်(၅၀) ကျော် ကျန်နေသေးကြောင်း တွေ့ရ သဖြင့် ဘောင်းဘီအိတ်ထဲ ထိုးထည့် လိုက်ပါသည်။ ပြီးလျှင် အိမ်မှလူကြီးများ အလစ်ကိုချောင်းကာ စီးတော်ယာဉ် မောင်ဖမာစက်ဘီးလေးကို ခပ်သွက် သွက် တွန်းထုတ်ကာ ကိုပေါက်ဦးနှင့် ချိန်းထားရာ မြောင်းပေါင်မှ သစ်ကြီးပင်



www.burmeseclassic.com

www.burmeseclassic.com

ကြီးဆီသို့ စက်ဘီးစီး၍ ထွက်ခဲ့ပါသည်။ လမ်းတစ်လျှောက်တွင် တွေ့ရသော လူငယ်လူရွယ်များက လေးသေနတ်ကြီး လွယ်၍စက်ဘီးစီးလာသော ကျွန်တော့်တို့ အားကျဟန်နှင့် ငေးကြည့်နေကြသည်ကို တွေ့ရသည်။

ကျွန်တော်လည်း စက်ဘီးစီးနင်းရင်း ကျွန်တော်တို့ ယခု သွားရောက်ပစ်ခတ်ကြမည့်ငှုငှက်အကြောင်းကိုစဉ်းစားလာခဲ့မိ၏။ ငှုငှက်သည် ခိုငှက်နှင့် ပုံသဏ္ဍာန်တူညီပြီး အမွေးအရောင်သာ ပြောင်းလဲသွားသည်။ ခိုငှက်ကမီးခိုးပြာရောင် ခပ်မှိုင်းမှိုင်းဖြစ်သော်လည်းငှုငှက်က ဖက်ဖူးရောင်၊ အစိမ်းနုရောင်၊ အဝါနုရောင်များရောနှောပေါက်ရောက်နေပြီး အလွန်တရာ လှပသော ချစ်စဖွယ် ငှက်မျိုးဖြစ်၏။ တောခိုငှက်တစ်မျိုးဖြစ်ပြီး မြို့ပေါ်နေ ခိုငှက်များထက်အကောင်အလုံး အထည်ကြီးမားပြီး အသားဆူဖြိုးသည်။ ထူးခြားချက်မှာ အမွေးနုတ်လိုက်လျှင် ကြက်ကိုယ်လုံးကဲ့သို့ ဖြူဖွေးသော၊ အသားနူးညံ့သော ကိုယ်လုံးကို တွေ့ရမည် ဖြစ်သည်။ ငှက်များတွင် ငှုငှက်နှင့် ခါငှက်မှအပ အခြားငှက်များမှာ အမွေးနုတ်လိုက်လျှင် အညိုရောင် အသားအရေများကိုသာ တွေ့ရ၏။ ငှုငှက်နှင့် ခါငှက်များမှာ အမွေးနုတ်၊ နှုတ်သီးနှင့် ခြေများဖြတ်တောက်ပြီးပါက ကြက်ငယ် တစ်ကောင်ကို ဖျက်ထားသကဲ့သို့ ထင်မှတ်ရသည်။ ရင်းပြင် ချိုးငှက်တစ်ကောင် ကောင်ကို ဖျက်ထားသကဲ့သို့ ထင်မှတ်ရသေးသည်။ ရင်းပြင် ချိုးငှက်တစ်ကောင်၊ ငှုငှက်တစ်ကောင်ကို မိုးမျှော်ငရုတ်သီး နှင့် ခပ်စပ်စပ်ချက်၍ ဒန့်သလွန်ရွက်နု တစ်ဆယ်သား (၁၀) လက်တစ်ဆုပ်စာခန့် ထည့်ချက်ပြီးစားလျှင် ပန်းနာရင်ကျပ်ရောဂါပျောက်ကင်းသည် ဟု မြန်မာဗိန္ဒောဆေးဆရာကြီးတစ်ဦးက ပြောဖူးသည်။ သို့ဖြစ်၍လည်း ကိုသက်ဦးက ငှုငှက်သားကို အလွန်နှစ်သက်ပြီး ငှုငှက်ရလျှင် ရသလောက် အကုန်ယူသွားတတ်၏။ အခြားငှက်များကိုမူ ယူလိုသူ ယူပေးပစ်တတ်သည်။

သို့သော်ကျွန်တော်ကမူ ငှုငှက်များကို ပစ်ခတ်ခြင်းလည်း မပြု၊ စားလည်း မစားပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်ငယ်စဉ်ကလေးဘဝက အမေကြီး ဖြစ်သူ ပြောပြသော ပုံပြင်လေးကို ရင်ထဲစွဲနေသောကြောင့် ဖြစ်သည်။ အမေကြီး က "ငါ့မြေး - ငှုငှက်ကလေးတွေဟာ အလွန်တရာလှပပြီး ချစ်စရာကောင်း တယ်၊ ညောင်သီး၊ မြန်မာဆီးသီး၊ ရေ



www.burmeseclassic.com

www.burmeseclassic.com

သဖန်းသီးစတဲ့သဘာဝအသီးအနှံတွေကိုပဲ စားတယ်၊ လူတွေ စိုက်ပျိုးထားတဲ့ စိုက်ပျိုးသီးနှံတွေကိုဖျက်ဆီးပြီးစားလေ့မရှိဘူး၊ နွားကျောင်းသားငယ်တွေက ပစ်ခတ်လို့အောက်ကျလာရင်တောင်မှ သေအံ့မူးမူးအချိန်မှာကျွန်တော်တို့ဟာ လူတွေ စိုက်ပျိုးထားတဲ့ သီးနှံတွေကို မစားပါဘူး၊ညောင်သီးပဲစားတာပါဆိုတဲ့ အနေနဲ့ ညောင်သီးလေးတွေကို အန်ပြပြီးမှ သေသွားရာတယ်၊ ငါ့မြေးလည်း တောထဲ တောင်ထဲသွားတဲ့အခါ ငှက်လေးတွေကို မပစ်ရဘူးနော်" ဟု ဆုံးမထားသောကြောင့် ဖြစ်သည်၊

ထို့ပြင် ငှက်ဟု နာမည်ပေးထားသည့်အတိုင်း ငှငှငိုင်ငိုင် ထုံထုံထိုင်းထိုင်း ဖြစ်ပြီး နားအကြားအာရုံအားနည်းတတ်ကြသည်၊ အလွန်တရာ အစားငမ်းသော သတ္တဝါများဖြစ်ပြီး အစာမြင်လျှင်သစ်ပင်ထိပ်များမှနေ၍ မြေပြင်အထက် ဝါးတစ်ပြန်လောက်အထိ ဆင်းသက်၍ အလုအယက် စားသောက်တတ်ကြသည်၊ တစ်ကောင်၊ နှစ်ကောင်တည်းနေလေ့မရှိဘဲ အကောင် (၂၀၊ ၃၀) မှ ရာပေါင်းများစွာအထိ အုပ်စုဖွဲ့၍နေထိုင်တတ်ကြသည်၊ ညောင်သီး သီးချိန်ဆိုလျှင် အုပ်စုဖွဲ့၍လာရောက်စားသောက်တတ်ကြသည်၊ တစ်ပင်လုံးကုန်သွားလျှင် အခြားအပင် သစ်တစ်ပင်ကို ရှာဖွေ၍နေရာရွှေ့ပြောင်းစားသောက် တတ်ကြသည်၊ အုပ်စုနည်းတတ်သော်လည်း အုပ်စုများလျှင် ညောင်ပင်ကြီးတစ်ပင်ကို တစ်ရက်နှစ်ရက်အတွင်းကုန်အောင်စားသောက်ပစ်တတ်ကြသည်၊

ငှက်များမှာနားလေးပြီးအစားငမ်းသော သတ္တဝါများဖြစ်သောကြောင့် အစာစားချိန်တွင် ကင်းငှက်တစ်ကောင် အမြဲထားလေ့ရှိသည်၊ ကင်းငှက်မှာ အရွက်ကင်းမဲ့ပြီး မြင်ကွင်းရှင်းသော သစ်ပင်ထိပ်များတွင် နားလေ့ရှိကာ အခြားငှက်များ အငမ်းမရ စားသောက်နေချိန်တွင် ထိုငှက်က ကင်းစောင့်ပေးသည်၊ မသင်္ကာဖွယ် တစ်စုံတရာ တွေ့လျှင် အခြားငှက်များကို အချက်ပေးပြီး ထပျံသွားသည်၊ ကင်းငှက်က အချက်ပေးပြီး ထပျံလျှင် ကျန်ငှက်များကလည်း အုပ်စုလိုက်ဝုန်းခနဲ ထပျံတတ်ကြသည်၊ တစ်ကောင်တလေမျှ မကျန်တော့ပါ၊

ငှက်ခတ်သမားနှင့် ငှက်ပစ်သမားများ ယနေ့အထိ နားမလည်နိုင်သေးသောအချက်မှာ ငှက်များမှာ အသံပြု



www.burmeseclassic.com

www.burmeseclassic.com

နိုင်သော ငှက်မျိုးမဟုတ်လေရကားနား အာရုံအားနည်းပြီးအငမ်းမရစားသောက် နေသော ငှက်အုပ်ကြီး တစ်အုပ်လုံး သိ အောင်မည်ကဲ့သို့အချက်ပေးပါသနည်း။ ထိုငှက်များမှာ ကင်းငှက်က အချက် ပေးလျှင်လေသေနတ်သံကိုပင်သတိ မပြုမိကြဘဲ သေနတ်သမားများကငှက် လေးငါးကောင် ပစ်ချပြီးသည်အထိ အစားအသောက် မပျက်ကြပါ။ ထို့ ကြောင့်ငှအုပ်ကိုတွေ့လျှင်ကင်းငှက်ကို အရင်ရှာဖွေ၍ပစ်ချရသည်။ ကင်းငှက် ချလျှင် ငှလေးငါးကောင်ရရန် မခက် တော့ပါ။ ထိုမျှထုံထိုင်းသောငှက်များကို ငှက်တစ်အုပ်လုံး ကြားသိရန် ဆင် သတ္တဝါများကဲ့သို့ လူတို့နားဖြင့် မကြား နိုင်သော ဘယ်သံ သို့မဟုတ် ညာသံ တစ်မျိုးမျိုးဖြင့်အချက်ပေးခြင်းဖြစ်သည် ဟု ယူဆရပါသည်။

※

ချိန်းဆို ထားသည့် နေရာတွင် တိုသက်ဦးနှင့် လူလတ်ပိုင်းအရွယ် လူ တစ်ဦးတို့ကကြိုတင်ရောက်ရှိပြီးစောင့် ဆိုင်းနေကြသည်။ အဝေးမှမြင်တွေ့စဉ် တမည်သူမှန်းမသဲကွဲသော်လည်းအနီး အနားရောက်မှမြို့နယ်လျှပ်စစ်ရုံးမှလိုင်း မင်းကြီး ဦးချစ်ငွေဖြစ်ကြောင်း သိရ သည်။ ဦးချစ်ငွေကပုဆိုးတိုတိုဝတ်ထား ပြီး လိုင်းမင်းဝတ်စုံ နက်ပြာရောင် အင်္ကျီ လက်ရှည်ကြီးကို ဖိုသီဖတ်သီဝတ်ထား သည်။ ခါးတွင် အသွား (၁၀) လက်မခန့် ဓားမြှောင်တစ်ချောင်းကို ဓားအိမ်နှင့် ထည့်ကာထိုးထားပြီး လက်တစ်ဖက်က မီးခြစ်ကိုကိုင်ထားကာလက်တစ်ဖက်က မြန်မာဖက်ကြမ်းဆေးလိပ်တိုကို ကိုင် ထားသည်။ ထိုလူကြီးမှာ ကျွန်တော် တို့နှင့်ယခင်ကတည်းကသိကျွမ်းရင်းနှီး ပြီးသား လူဖြစ်ပြီး ရှင်းရှင်းဘွင်းဘွင်း ပြောဆိုနေထိုင် လုပ်ကိုင်တတ်သည်။ စိတ်ကောင်းရှိပြီး စရိုက်အနည်းငယ် ကြမ်းသည်။ မီးပြင်ရင်း ဓာတ်တိုင်ပေါ်မှ ပြုတ်ကျသဖြင့် ခေါင်းတစ်ဖက် အနည်း ငယ် စောင်းနေသည်။ နာနာဘာဝ၊ ဝိညာ ဘာဝများကို ယုံကြည်မှု၊ ကြောက်ရွံ့မှု မရှိဘဲရွတ်တိရွတ်ကန်းလုပ်တတ်သူဖြစ် သည်။ ကျွန်တော်ကစက်ဘီးကိုဘရိတ် အုပ်၍စက်ဘီးပေါ်မှ လွှားခနဲ ဆင်းရင်း ထိုလူကြီးကို လှမ်းစလိုက်ပါသည်။

"ဟာ - ဒီလူကြီးကို ဘာလုပ်ဖို့ ခေါ် လာမှာလဲ၊ တော်ကြာ သူ့ မြင်တာနဲ့

www.burmeseclassic.com

ငှက်တွေအကုန်လန့်ပြေးကုန်လိမ့်မယ်၊ ဝတ်လာတာကလည်းကြည့်ဦး နက်ပြာရောင်ကြီးနဲ့”

“အံမာ - ငါလည်းငှက်ကောက်မလို့ လိုက်လာတာပေါ့ကွ၊ တွေ့လား - ဒီမှာ တောရှင်းဖို့ဓားယူလာတယ်”ဟုဆိုကာ ခါးကြားမှ ဓားမြှောင်ရှည်ကြီးကိုထုတ်ပြပါသည်၊

“ဟုတ်မှလည်း လုပ်ပါဗျာ၊ တော်ကြာငှက်ကောက်မဟုတ်ဘဲငှက်ခြောက်ဖြစ်နေပါဦးမယ်”ဟုမခံချင်အောင်ဆက်ပြီး စလိုက်ပါသည်၊

“အံမယ် - မင်းတို့သာကျအောင်ပစ်ပါ မောင်ရာ၊ ကောက်ဖို့က ငါ့တာဝန်ထား၊ နံ့ပြည်စုတ်တစ်ကောင်တောင် အလေအလွင့်မဖြစ်စေရဘူး”

“တဲ - ဟုတ်ပါပြီဗျာ၊ ဒါဆိုလည်း သွားကြစို့၊ ခင်ဗျားတို့ ရှေ့ကနင်း” ဟု ဆိုလိုက်ရာ ကိုချစ်ငွေက ကိုသက်ဦး၏ ဟမ်းဘားစက်ဘီးကြီး ရှေ့မှနင်းထွက်လိုက်ပြီး ကိုသက်ဦးက ကယ်ရီယာခုံပေါ်တွင် သူ၏ လက်စွဲတော် တရုတ်နီ အောက်ဆွဲ လေထိုးသေနတ်ကြီးကို တိုင်၍ ထိုင်လျက်လိုက်ပါသွားသည်၊ ကျွန်တော်လည်း လက်စွဲတော် တရုတ်နီအောက်ဆွဲလေသေနတ်ကြီးကိုသေနတ်ပြောင်းကို မိုးပေါ်ထောင်လျက်အနေအထားဖြင့်ကျောပေါ်တွင်လွယ်လိုက်ပြီး သူတို့နောက်မှ စက်ဘီးကိုမှန်မှန်စီးနင်းရင်းလိုက်ပါလာခဲ့ပါသည်၊

မြောင်းပေါင်လမ်းမှာ ညီညာပြန့်ပြူးနေပြီး ကုက္ကိုပင်ကြီးများ တစ်ပင်နှင့်တစ်ပင် ထိဆက်နေကြသဖြင့် အရိပ်အာဝါသကောင်းလှန်းလှပြီး စက်ဘီးစီးနင်းရသည်မှာ အရသာရှိလှပေသည်၊

[မှတ်ချက်၊ ၊ဤဇာတ်လမ်းမှာ ၁၉၈၀ ခုနှစ်ဝန်းကျင်မှ ဖြစ်ရပ်မှန်များ အပေါ်အခြေတည်၍ထိုခေတ်ထိုကာလ ကအနေအထားအတိုင်းရေးသားဖော်ပြခြင်းဖြစ်ပါသည်]

ထိုအချိန်က ဆီးတောမြောင်း၏ အရှေ့ဘက်ခြမ်းကို လယ်တောသို့ အသွားအပြန်ပြုလုပ်ရာ လှည်းလမ်း အဖြစ်အသုံးပြုကြပြီးဆီးတောမြောင်း၏ အနောက်ဘက်မြောင်းပေါင်ကိုစက်ဘီး ဆိုင်ကယ်၊ မော်တော်ကား စသည်တို့ဖြင့် သွားလာရန် လမ်းကောင်းအဖြစ် သတ်မှတ်ထားပြီး နွားလှည်းများမမောင်းရပါ၊ နွားလှည်းမောင်းတာတွေ့ရှင် ဖမ်းပြီး ဒဏ်ရိုက်လေ့ရှိသဖြင့် မည်သူမျှ နွား

www.burmeseclassic.com

www.burmeseclassic.com

"သူတို့ ပစ်တာကို ကြည့်ရင်းကြည့်ရင်းနှင့် ကျောထဲမှ စိမ့်၍ စိမ့်၍ လာပြီး အနည်းငယ် စိုးရိမ်စိတ်ဝင်လာပါသည်။ ဂူခြံထဲတွင် ကျွန်တော်တို့ သုံးဦးသာရှိပြီး တစ်တောလုံး တိတ်ဆိတ်ငြိမ်သက်နေသော်လည်း ကျွန်တော်တို့ကို မျက်လုံးပေါင်းများစွာက ဝိုင်းကြည့်နေကြသည်ဟု စိတ်ထဲမှာ ခံစားလာရသည် ...



ည်းမမောင်းဝံ့ပါ။ လမ်းများကိုပျက်စီးသော ထော်လာဂျီနှင့် အခြားယာဉ်ရှားများလည်း မပေါ်သေးပေ။

ကျွန်တော်တို့သုံးဦးမှာ သဘာဝာတောင်ရေမြေသဘာဝအလှအပးခံစားရင်း သန့်ရှင်းလတ်ဆတ်သောသဘာဝ လေကောင်းလေသန့်များကိုက်ကာ စိတ်လက်ပေါ့ပါးလန်းဆန်းာ ခရီးဆက်ခဲ့ကြသည်၊ တစ်နေရာ အရောက်တွင် မြောင်း၏ အရှေ့ဘက်ကမ်းလှည်းလမ်းနှင့် မြောင်ပေါင်ကြားရှိ မြက်ခင်းပေါ်တွင် နွားသုံးလေးကောင်ကို လှန်ထားကြောင်း တွေ့လိုက်ရပြီး ထိုနွားများအနီးတွင် ဖျိုင်းဖြူကြီးသုံးကောင်ခန့် ကျရောက်နေကြောင်း တွေ့လိုက်ရသည်၊ ကျွန်တော်က ကိုသက်ဦးတို့စက်ဘီးနားသို့ လျင်မြန်စွာချဉ်းကပ်ရပ်တ်ပြီး ...

www.burmeseclassic.com

"ကိုသက်ဦး - ရှေ့နားက မြောင်းဟိုဘက်ကမ်းက နွားတွေနားမှာ ဗျိုင်းတွေ ကျနေတယ်၊ ခင်ဗျား ဒီဘက်ကမ်းကနေ အပိုင်ပစ်ဗျာ" ဟု ကပ်ပြောလိုက်သည်၊

ကိုသက်ဦးက ရှေ့ကို ကျော်ကြည့်လိုက်ပြီး ...

"ဟုတ်ပြီ - ကျွန်တော် ရှေ့နားက ပိန်းရိုင်းပင်ကြီးတွေနားမှာ ကွယ်ပြီး ချိန်ဆင်းနေခဲ့မယ်၊ ခင်ဗျားတို့ နှစ်ယောက် အရှိန်မပျက် ဆက်နင်းသွားကြ" ဟုပြောပြီးသူ၏လေသေနတ်ကြီးကိုစက်ဘီးပေါ်ထိုင်လျက်နှင့် လေ လေးငါးချက် ကြိတ်ထိုးလိုက်ပြီး ကျည်ပေါက်ထဲကို ပိတုန်းကျည်တစ်တောင့် ထိုးထည့်လိုက်ပါသည်၊ ပိန်းရိုင်းပင်ကြီးနားအရောက်တွင် သူက ဖျပ်ခနဲ ချိန်ဆင်းနေခဲ့ပြီး ကျွန်တော်နှင့် ချစ်ငွေကြီးက ဣန္ဒြေမပျက် စက်ဘီးဆက်နင်းလာခဲ့ကြသည်၊

ဗျိုင်းဖြူကြီးများမှာအဝေးမှစက်ဘီးနှစ်စီးနင်းလာပြီး သူတို့အနီးမှ စက်ဘီးနှစ်စီး ဖြတ်ကျော်သွားသဖြင့် စိတ်ချလက်ချဖြစ်သွားကာ နွားများ ကိုက်ဆွဲစားသောက်လိုက်သော မြက်ပင်များအောက်မှ ထွက်ပေါ်လာသော ပိုးမွှားပုရစ် စသည်တို့ကို အငမ်းမရ ထိုးသုတ်စားသောက်နေကြသည်၊ ထိုအချိန်တွင် ကိုသက်ဦးထံမှ လေသေနတ်သံ ချက် ကြားလိုက်ရပြီး ဗျိုင်းဖြူကြီး ကောင်မှာ ဗုန်းခနဲလဲကျသွားပြီး တောင် တဖျတ်ဖျတ်ခတ်ရင်း လူးလွန့်နေသည် ကိုချစ်ငွေကြီးက စက်ဘီးပေါ်မှ ကသီ ခုန်ဆင်းလိုက်ပြီး စက်ဘီးကို ဘေးတွင်ဒေါက်ထောက်ထားလိုက် ပေါင်ရင်းတိုင် နက်သော မြောင်းထဲ ပုဆိုးလေးကိုမ,ကာမ,ကာနှင့်ဆင်းသွ ၏၊ မြောင်းရေမှာ ကြည်စိမ်းနေသော ကြောင့် ကျွန်တော်က လှမ်းစလိုက် သည်၊

"ဟေ့လူ - ရေက ကြည်စိမ်းနေ သော ခင်ဗျားဖင်ပြောင်ကြီးကို ရေထဲ မြင်နေရတယ်ဗျ"

"ကိစ္စမရှိပါဘူးကွာ၊ ငါက ကလေးရှိသေးတာ၊ မယုံရင် မင်း ဘက် လှည့်ပြရမလား"

"ဟာ - မလုပ်နဲ့ - မလုပ်နဲ့ - က သုံးယောက်အဖေ ကလေးလေး မကြည့်ချင်ပါဘူးဗျာ"

ပြန်စလိုက်ရာ တခွီးခွီးနှင့် ရယ် ရင်း ပုဆိုးလေးကို မကာမကာ ဖက်ကမ်းပေါ်တက်သွားပါသည်၊ ပေါ်ရောက်ပြီး ဗျိုင်းကို ကောက်ယူလို

www.burmeseclassic.com

www.burmeseclassic.com

စဉ်မှာပင် သေနတ်သံနှင့် ဖျိုင်းကြီး၏ အဖြစ်ကိုမြင်လိုက်သော နွားများမှာ လန့်ပြီး ကြိုးများမှ ရုန်းကန်နေကြရာမှ နွားမကြီးတစ်ကောင်က တရှူးရှူးမှုတ်ရင်း ကိုချစ်ငွေကြီးကို ပြေးဝှေ့လာရာ ကိုချစ်ငွေမှာ ဖျိုင်းဖြူကြီးကို ခြေနှစ်ချောင်းမှ ကိုင်ရင်း ရေမြောင်းထဲ ခုန်ဆင်းလိုက်ရလေသည်။ ကံကောင်းသည်မှာ နွားမကြီးမှာ ချည်ထားသော ကြိုးက တုန့်ဆွဲလိုက်သောကြောင့် ဝေးဝေးသို့ ဆက်မလိုက်နိုင်တော့ဘဲ တရှူးရှူး နှာမှုတ်ရင်း ကမ်းပေါ်မှာ ကျန်နေခဲ့သည်။ ကိုချစ်ငွေကြီးမှာ ခါးအောက်ပိုင်း ပုဆိုးတစ်ထည်လုံး ရေစိုသွားလေသည်။ ကျွန်တော်က လမ်းထိပ်မှ လက်ကမ်းပေးကာ ဆွဲထင်လိုက်ပြီး သူ့ကို ဆက်စလိုက်ပါသည်။

“ကိုင်း – ခင်ဗျား ကျွန်တော်တို့ကို ဗမာမခန့် ပြောတာ ခုတော့ ခင်ဗျား တလေး အအေးပတ်တော့မယ်။ ကျွန်တော့် စက်ဘီးစီးပြီး ပြန်ချင်ပြန်နှင့်ပါလား”

“ဟုတ်တယ် – ကိုချစ်ငွေ၊ ခင်ဗျား အအေးပတ်မှာစိုးရင် ပြန်ချင်ပြန်နှင့်ပါလား။ အဲဒီဖျိုင်းကြီး ယူသွားလေ၊ မီးပျက်လို့ မြို့ထဲက လူတွေ လာခေါ်ရင် ဘယ်လိုလုပ်မလဲ” ဟု ကိုသက်ဦးက ဝင်ပြောလာသည်။

“မီးပျက်လို့ လာခေါ်ရင် ဒါ့ထက်ကောင်းလေးတွေ ရှိပါတယ်ကွာ။ ဒီပုဆိုး ရေစိုတာလည်း ပူမနေပါနဲ့၊ ဒါ့မှာ နည်းရှိပါတယ်။ ရော့ – ဖျိုင်းကြီး ယူထားဦး” ဟုဆိုကာ ဖျိုင်းကြီးကို လှမ်းပေးပြီး လမ်းဘေးရှိ နဘူးချုံတော အတွင်းသို့ ဝင်ရောက်သွားပါသည်။

ခဏအကြာတွင် နဘူးချုံအတွင်းမှ ပုဆိုးရေညှစ်သံနှင့် တဖြောင်းဖြောင်း ခါသံများကို ကြားလိုက်ရပါသည်။ ကျွန်တော်နှင့် ကိုသက်ဦးမှာ တစ်ဦးကိုတစ်ဦး ကြည့်ကာ ပြုံးလိုက်ကြပြီး ကိုချစ်ငွေကြီး ထွက်အလာကို မြေပေါ်တွင် ပေါ်ထွက်နေသော ကုက္ကိုပင်အမြစ်ဆုံကြီးများပေါ် ထိုင်ရင်း စောင့်နေလိုက်ကြပါသည်။ ထိုသို့ ရေညှစ်သံ၊ ရေခါသံများ သုံးလေးကြိမ် ကြားလိုက်ရပြီးနောက် နဘူးချုံအတွင်းမှ ရေမခြောက်တခြောက် ပုဆိုးကို ပြန်ဝတ်ကာ ခပ်တည်တည်နှင့် ထွက်လာပါသည်။ ပါးစပ်မှလည်း ...

“ဆရာပဏ္ဍဝ – နယ်တကာ လှည့်လာတာကွာ၊ ဒီပညာလောက်နဲ့တော့ ဘယ်ရလိမ့်မလဲ၊ ခုဆိုကြည့် – ဆရာ့နည်း လိုက် မှုတ်လိုက်တာ၊ ခဏလေးရင် နေ့ရှိန်နဲ့ ကိုယ်ငွေ့နဲ့ ပေါင်းပြီး ခြောက်သွား



www.burmeseclassic.com

www.burmeseclassic.com

ပိမ့်မယ်၊ အေးဆေးပါ”ဟု ပြောကာ ဆိတ်ထောင်ထဲမှ ဆေးပေါ့လိပ်တိုကို ဆွတ်တာ ဟန်ပါပါနှင့် မီးညှိဖွာရှိုက်ရင်း ခုံးနစ်ဖက်ကို တွန့်ကာ တွန့်ကာနှင့် ဒါရင့်မျက်လှည့်ဆရာကြီးဂိုက်ဖြင့် ပြောဆိုနေပါသည်။ ကျွန်တော်တို့မှာ သူ့အပြောနှင့် သူ့ပုံစံကိုကြည့်ပြီး အူတက်မတတ် ရယ်မောလိုက်ကြကာ စောစောတုန်းက နွားမကြီး လိုက်ဝှေ့နေစဉ်မှာ သူ့အတွက် စိုးရိမ်ထိတ်လန့်ခဲ့ရသည်များလည်း ပြေပျောက်ခဲ့ရလေပြီတကား။

※

စဉ့်ကိုင်ကြီး သချိုင်းထဲမှ မယ်ဇလီပင်ကြီးသို့ ကျွန်တော်တို့ ရောက်ရှိချိန်တွင်မယ်ဇလီပင်ပေါ်၌ငှက်တစ်ကောင်တလေမှ မတွေ့ရပါ၊ မလှမ်းမကမ်းရှိလယ်ကွင်းထဲတွင်တောင်သူကြီးတစ်ဦးက နွားတစ်ရှဉ်းကို ထားဝယ်ကြိမ်ဖြင့် တဖြောင်းဖြောင်းရိုက်ပြီး တဟဲ့ဟဲ့နှင့် မောင်းကာ ထွန်ယက်နေပါသည်၊ ကျွန်တော်တို့ သိလိုက်ပါပြီ၊ ထိုလယ်သမားကြီး၏ တဟဲ့ဟဲ့ နွားမောင်းသံနှင့် တဖြောင်းဖြောင်းနွားရိုက်သံတို့ကြောင့် ငှက်များ ဤအပင်ကြီးတွင် နားခိုခြင်းမပြုဘဲ အခြားတစ်နေရာသို့ ယာယီပြောင်းရွှေ့သွားကြခြင်းဖြစ်ကြောင်း ခန့်မှန်းမိလိုက်သည်၊ ကိုသက်ဦးက ...

“ဒီလူကြီး မနက် (၁၁) နာရီခွဲလောက်အထိတော့ ထွန်ထယ်နေမှာပဲဗျ၊ ကျွန်တော်တို့ မြောင်းပေါင်ပေါ်ပြန်တက်ပြီး မြောင်းပေါင်အတိုင်းငှက်လိုက်ပစ်ကြရအောင်၊ နေ့လယ်ပိုင်း (၃) နာရီလောက်ဒီကိုရောက်အောင်ပြန်လာကြတာပေါ့” ဟုဆို၏။

ကျွန်တော်တို့လည်း သချိုင်းအတွင်းမှ ပြန်ထွက်၍ ဆီးတောမြောင်းပေါင်လမ်းအတိုင်းခရီးဆက်ခဲ့ကြသည်၊ မြောင်းပေါင်လမ်းမှာ သစ်ကြီးပင်ကြီးများအရိပ်ရျင်းဆက်၍ပေါက်ရောက်နေပြီးတောပန်းတောင်ပန်းတို့၏ရနံ့များကိုသယ်ဆောင်လာသောသဘာဝလေပြေလေညင်းကလေးက တသုန်သုန်တသွေးသွေး တိုက်ခတ်နေသည်၊ သစ်ပင်များပေါ်တွင်လည်း ကျေးငှက်သာရကာတို့က ဘာသာဘာဝ ပျော်ရွှင်မြူးထူးစွာ ဆူညံအော်ဟစ်ပြေးလွှားနေကြပေရာတစ်ခဏအတွင်းမှာပင်ရှဉ့်နှစ်ကောင်၊ ဆက်ရက်သုံးကောင်၊ ငှက်နှစ်ကောင်ကို လွယ်ကူစွာပင် ပစ်ခတ်ရရှိခဲ့

www.burmeseclassic.com

...ခြင့် ကိုချစ်ငွေလွယ်ထားသောလွယ်
...ိတ်ကြီးမှာ အတော်ပင် ပြည့်ဖောင်း
...ပြီဖြစ်၏။

နေမြင့်လာသည်နှင့်အမျှ ရာသီ
...မှာ တဖြည်းဖြည်း ပူပြင်းလာပြီး ချွေး
...ပြိုက်ပြိုက်ကျကာ ရေငတ်လာပါ
...သည်။ မနက်က အီကြာကွေးတစ်ခုနှင့်
...တ်ဖက်ရည်တစ်ခွက်သာစားသောက်
...ထားဖြင့် ဗိုက်လည်း ဆာလောင်စ ပြု
...ပါသည်။ ထို့ကြောင့် ...

"ကိုသက်ဦးရေ – ကြက်မျှားရွာ
...တ်ရင်ရွာထိပ်က လက်ဖက်ရည်ဆိုင်
...ပေါ့ ကိုချစ်ငွေကြီးလည်း ဆာရော
...

"ငါက တောထဲရောက်လို့ ငှက်သံ
...တွေကြားရရင် ထမင်းမေ့ဟင်းမေ့
...လိုလွယ်အိတ်ထဲမှာ ငှက်တွေပြည့်
...င်းနေအောင် လွယ်ထားရရင် ဝမ်း
...သာပြီး ပီတိစားရင်း အားဖြစ်နေတာ
...

"ဒါဆို ခင်ဗျားက ဘာမှ မစားတော့
...သား" ဟု ထောက်လိုက်ရာ ...


"မဟုတ်ပါဘူးကွာ – ငါက စက်ဘီး
...း ငှက်တွေ လိုက်ကောက်ရနဲ့ မို့မင်း
...က်တစ်ခုပိုစားမယ်လို့ ပြောမလို့ပါ
...

"အင်း – မဆိုးပါဘူး၊ ခင်ဗျားတာ
လိပ်နဲ့ အချိုးတော်တယ်နဲ့ တူတယ်"

ဟု တစ်ယောက်နှင့်တစ်ယောက်
အပြန်အလှန် စကြ၊ နောက်ကြွရင်း
ကြက်မျှားရွာထိပ်မှ လက်ဖက်ရည်ဆိုင်
တွင် တစ်ဝကြီး စားသောက်လိုက်ကြပါ
သည်။ စားသောက်ပြီးချိန်တွင် ကိုချစ်ငွေ
က သူ့အိတ်ထောင်ထဲမှ ဆေးပေါ့လိပ်တို
ကိုမီးညှိဖွာရှိုက်လိုက်ရင်း "ဆေးလိပ်ဆို
အတိုမှ၊ မိန်းမဆိုလည်း အအိုမှ ကောင်း
တာလို့ ဆိုးရိုးရှိတယ်" ဟု ပန်းကို တွန့်
ကာ တွန့်ကာနှင့် ဆို၏။ ကိုသက်ဦးက
ပြုံးစစလုပ်ကာ ဘာမှပြန်မပြောဘဲ သူ့
အိတ်ထဲမှ ကွမ်းထုပ်ကိုယူပြီး ကွမ်းတစ်
ယာကို ပါးစပ်ထဲ ထိုးထည့်လိုက်ရင်း
ကွမ်းမြုံ့နေပါသည်။ ကျွန်တော်က သူတို့
လိုဆေးလိပ်မသောက်၊ ကွမ်းမစားတတ်
သူဖြစ်ရာဓာတ်ဘူးထဲမှရေနွေးကြမ်းများ
တစ်ခွက်ပြီးတစ်ခွက် ငုံ့၍သောက်ရင်း
"ရေနွေးကြမ်းကမှ နေပူခံ၊ ရေငတ်ခံတာ
ဗျ" ဟုအားကျမခံပြန်ပြောလိုက်ပါသည်။
ခေတ္တနားပြီး ကျသင့်ငွေ ရှင်းရန် ဆိုင်ရှင်
ကိုလှမ်းခေါ်လိုက်ရာ ဆိုင်ရှင်အမျိုးသမီး
ကြီး ရောက်လာပြီး "လက်ဖက်ရည် ၁
ခွက်က တစ်ကျပ်ပြားနှစ်ဆယ်၊ ...မုန့်
၆ လုံးက နှစ်ကျပ် ပြားလေး...ယ်၊ ကွမ်း

www.burmeseclassic.com

"ဟောဒီကောင် ကိုယ်မှာ သေနတ်ဒဏ်ရာ (၁၁)ချက် တွေ့ရတယ်။ ပထမဦးဆုံး ပစ်ချက်က နှုတ်သီးအရင်းက ဝင်ပြီး ငယ်ထိပ်နားက ဖောက်ထွက်သွားတယ်။ ခေါင်းလည်း ကြေသွားတယ်။ အဲဒီတစ်ချက်တည်းနဲ့ ဒီကောင် အသက်ထွက်သွားတယ်။ နှလုံးထဲက ကျည်တစ်တောင့်၊ အ အိမ်ထဲက ကျည်တစ်တောင့်၊ ရင်အုံထဲက ကျည်တစ်တောင့်၊ စအိုထဲက ကျည်တစ်တောင့် စုစုပေါင်း ခန္ဓာကိုယ်ထဲကနေ ကျည်လေးတောင့် ဖြ ရတယ်။ လမိုင်းတင်ပြီးသားဖြစ်တာပေါ့။ ရော့–သိမ်းထား ...



တစ်ထုပ်က တစ်ကျပ်၊ ဖက်ကြမ်းဆေးလိပ်နှစ်လိပ်က တစ်မတ် စုစုပေါင်းလေး ကျပ် ရှစ်ဆယ့်ငါးပြားကျပါတယ်ရှင်" ဟု ဆိုလာရာ ကိုသက်ဦးက ရှင်းမည်ပြုစဉ် ဦးချစ်ငွေက ...

"နေ–နေ–ငါ ပေးမယ်၊ မင်းတို့က မိဘဆီ လက်ဖြန့်ပြီးတောင်းသုံးနေရတဲ့ ကောင်တွေ။ ငါက ဝန်ထမ်း ဝင်ငွေ ရှိတယ်။ မင်းတို့ မရှင်းနဲ့။ ငါ ရှင်းမယ်" ဟု ဆိုကာ ငွေငါးကျပ် ထုတ်ပေးလို ဆိုင်ရှင်မိန်းမကြီးက အနုပ်မရှိဟု ဆေးပေါ့လိပ်တစ်လိပ် လာအ ၏။

"ကျွန်တော်တို့ ရှေ့ဆက်သွ မလား။ နောက်ပြန်လှည့်ကြမလ

ဟု ကျွန်တော်က သူ ထားကို မေးမြန်းလိုက်ရာ ကို က ...

www.burmeseclassic.com

www.burmeseclassic.com

"အခုကို အချိန်က နေ့တစ်နာရီခွဲ ကျော်နေပြီ၊ ငှက်တွေလည်း တော်တော် ရထားပြီဆိုတော့ နောက်ပြန်လှည့်ပြီး ပစ်ရင်းပြန်ကြရအောင်၊ စဥ့်ကိုင်ကြီး သချိုင်းထဲကိုငှက်ပစ်ဖို့ညနေ (၃) နာရီမထိုး ခင် ကြိုရောက်အောင် သွားကြမယ်" ဟု အဆိုပြုလာရာ အားလုံးသဘောတူစွာ နောက်ပြန်လှည့်ခဲ့ကြသည်၊ လမ်းခရီး တစ်နေရာအရောက်တွင် ကိုသက်ဦးက ကောင်းကင်ကို လက်ညှိုးထိုးပြီး ...

"ဟာ - ဟိုမှာ ကြည့်လိုက်ကြဦး"

ဟု ဆိုသဖြင့် မော့ကြည့်လိုက်ရာ မလှမ်းမကမ်းမှ ကောင်းကင်ယံတွင် လင်းယုန်ငှက်ကြီးတစ်ကောင်က ခြေသည်းများကြားတွင် မြွေတစ်ကောင်ကို သုတ်ချီလာပြီး တိုက်သိမ်းဖြူကြီးတစ်ကောင်က အစာကိုလုချင်သောကြောင့် သူ့ထက် အကောင်ကြီးသော လင်းယုန်ကြီးကို ဟိုဘက်သည်ဘက် လှည့်ပတ်ပျံသန်းရင်းထိုးတော့ဆိတ်တော့မယောင် ခြောက်လှန့်ပြီး မြွေငယ်ကို လွှတ်ချအောင် ဆွပေးနေ၏၊ လင်းယုန်ကြီးမှာ ခြေထောက်တွင် မြွေငယ်ကို ကုတ်ချီထားပြီး အတောင်နှစ်ဖက်မှာလည်း ပျံသန်းနေရသောကြောင့်ပြန်လည်တိုက်ခိုက်ခြင်းမပြုနိုင်ဘဲ ပါးစပ်မှသာ ကီးခနဲ အသံပြု၍စိတ်ဆိုးဒေါသထွက်နေသည် ကို တွေ့ရ၏၊

သည်အတိုင်း ဆက်လက်ပျံသန်း နေပါက တိုက်သိမ်းဖြူကြီး၏ နှောင့် ယှက်မှုကြောင့် မြွေငယ်လွတ်ကျ သွား မည်ကို စိုးရိမ်ဟန်ဖြင့် လယ်တောတစ် အတွင်းရှိလက်ပံပင်ကြီးတစ်ပင်၏ ထိပ် ဖျားတွင် သွားရောက်နားနေလိုက်သည် ကိုတွေ့ရသည်၊ မြွေငယ်မှာ သုတ်ချီလာ စဥ့်ကပင် ခြေသည်းများကြားတွင် အသက်ပျောက်နေပြီးဖြစ်၍ လက်ပံပင် ထိပ်ဖျားတွင် နားလိုက်မိပြီးနောက် တိုက်ပွဲဝင်ရန် အသင့်အနေအထားဖြင့် ကောင်းကင်သို့ မော့ကြည့်လိုက်ပြီး ခနဲ တိုက်ပွဲခေါ်သံတစ်ရပ်ကို တစ်ကြော် လိုက်သည်၊ တိုက်သိမ်းဖြူကြီးမှာ ခြေ ကုတ်ယူထားပြီးဖြစ်သော လင်းယုန်ကြီး အနားသို့မကပ်ဝံ့တော့ဘဲလက်ပံပင်ကြီး ကိုကောင်းကင်မှနှစ်ပတ်သုံးပတ်ပတ် ပျံသန်းပြီးနောက် စိတ်လျှော့လိုက်ဟန် ဖြင့်ကစ်ကစ်ကစ်ကစ်ဟုအသံပြုလိုက် ပြီး အဝေးသို့ ပျံသန်းထွက်ခွာသွား သည်၊

လင်းယုန်ကြီးမှာ တိုက်သိမ်းဖြူကြီး အတော်ဝေးဝေးရောက်သွားသည်အထိ စောင့်ကြည့်နေပြီး ချရလောက်ပြီ


www.burmeseclassic.com

www.burmeseclassic.com

မှမြွေငယ်ကို နှုတ်သီးဖြင့် ဆိတ်ဆွဲချေမွပြီး ဦးခေါင်းမှနေ၍ အကောင်လိုက် မျိုချစားသောက်လိုက်လေသည်။ မြွေငယ်ကို အာလုတ်အတွင်း ချောမောစွာရောက်စေရန် လည်ပင်းကြီးကို ဆန့်ကာ ဆန့်ကာ ပြု၍ မျိုချနေသည်ကို တွေ့ရသည်။ ကျွန်တော်တို့ သုံးဦးမှာ ခရီးသွားဟန်လွှဲ တွေ့မြင်ရသော လင်းယုန်နှင့်တိုက်သိမ်းတို့၏ အစာလုပွဲကို အစမှအဆုံးတိုင် စောင့် ကြည့်ပြီးနောက် မြောင်းပေါင်အတိုင်း ခရီးဆက်ခဲ့ကြသည်။ လင်းယုန်ကြီး နားနေသော လက်ပံပင်ကြီးမှာ အကာအကွယ်မဲ့နေသောကြောင့် ချဉ်းကပ်ရန် မလွယ်ကူသဖြင့် သွားရောက်ပစ်ခတ်ခြင်း မပြုကြတော့ပါ။

ဆီးတောမြောင်း၏ဝဲယာတစ်ဖက်တစ်ချက်တွင် လယ်ကွင်းများက မျက်စိတစ်ဆုံးတည်း ရှိနေသည်။ လယ်ကွင်းများအဆုံးတွင်စိမ်းစိမ်းစိုစိုခင်တန်းတောအုပ်ငယ်များကို တွေ့မြင်နေရပြီး တောအုပ်များ၏ နောက်ခံအဖြစ် ပြာမှိုင်းမှိုင်းတောင်တန်းကြီးများက လွမ်းမောဖွယ်စီကာဆင့်ကာ သွယ်တန်းတည်ရှိနေကြသည်။ တောင်တန်းကြီးများ၏ အပေါ်ကောင်းကင်ယံ၌ အောက်ခြေတွင် မည်းညိုနေသော အဖြူရောင် မိုးတိမ်တောင်ကြီးများက တလှုပ်လှုပ်လွင့်မျောနေကြသည်။ တိမ်တောင်ကြီးများကို နောက်ခံပြု၍ ငှက်များက အုပ်စုဖွဲ့ကာ ပျံသန်းနေကြသည်ကို တွေ့မြင်နေရ၏။ အပြန်လမ်းတစ်လျှောက် သားကောင်တွေ့လျှင် ပစ်လိုက်ကြ၊ ခရီးဆက်လိုက်ကြနှင့် လာလိုက်ကြရာ ဆတ်ရက် (ဇရက်) သုံးကောင်၊ ရှဉ့်တစ်ကောင်၊ ချိုးငှက်တစ်ကောင် ထပ်မံရရှိခဲ့ကြသည်။

※

ကျွန်တော်တို့ စဉ့်ကိုင်ကြီးရွာသချိုင်းအတွင်းသို့ ရောက်ရှိချိန်တွင် ညနေ (၃) နာရီကျော်ပြီ ဖြစ်၏။ သက်တမ်းရင့် မယ်ဇလီပင်ကြီးများ၊ လက်ပံပင်များ၊ သရက်ပင်များ၊ ရေတမာပင်များနှင့်နေပြောက်မထိုးအောင်အုပ်ဆိုင်းနေပြီး အသံဗလံ တစ်စုံတစ်ရာ မကြားရဘဲ ထူးခြားစွာတိတ်ဆိတ်နေ၏။ အုတ်ဂူများကို ကျိုးတိုးကျဲတဲ တွေ့ရသည်။ လတ်လတ်ဆတ်ဆတ် မြှုပ်ထားဟန်ရှိသော မြေပုံနှစ်ခု သုံးခုကိုလည်း တွေ့ရသည်။

စက်ဘီးများကို သရက်ပင်ကြီးသေပင်အောက်တွင် ဒေါက်ထောက်၍ သော့ခတ်ထားလိုက်သည်။ မြေသြလုံလုံဖြင့် မယ်ဇလီပင်ကြီးရှိရာသို့ ဖြည်းညင်းစွာ

www.burmeseclassic.com

ချဉ်းကပ်ခဲ့ပြီး လူခွဲ၍ သုံးနေရာ လုံးပတ် ရှာသော်လည်းငှက်များကိုတစ်ကောင် တလေမျှ မတွေ့ရပါ။ အခြားသော ကျေးငှက်သာရကာများကိုလည်း တစ် ကောင်မျှမတွေ့ရဘဲ ပကတိတိတ်ဆိတ် ငြိမ်သက်နေသည်။ ကျွန်တော်တို့မှာ "ခဲလေသမျှသဲရေကျ" ဖြစ်ရမည့်ကိန်းမို့ တစ်ယောက်မျက်နှာ တစ်ယောက် စိတ် ပျက်လက်ပျက်ဖြင့် လှမ်းကြည့်မိကြ၏။ ကိုသက်ဦးက ...

"ဖာတ်ဆရာရေ - ကျွန်တော် ရတဲ့ သတင်းကြီးက အမှားကြီးပဲ ဖြစ်နေပြီနဲ့ တူတယ်။ ကျွန်တော်က ငှုပစ်ချင်လို့လာ ခဲ့တာ။ ခုတော့ ငှုဆိုတာဝေးလို့ ဘာ ကောင်မှတောင်မတွေ့ရတော့ဘူးဗျ" ဟု ဆိုလာ၏။ ထိုအချိန်မှာပဲ ကိုချစ်ငွေကြီး က ...

"ဟာ - ဟော့ကောင်တွေ၊ ဟိုဘက် ခြုံထဲက လက်ပံပင်ကြီးရဲ့ထိပ်မှာ ငှုတစ် ကောင် မဟုတ်လား။ သေချာကြည့်ကြ စမ်း"

ဟု ဆိုလာသဖြင့် လှမ်းကြည့်လိုက် ရာ သချိုင်းနှင့်ကပ်လျက် တစ်ဖက်ခြုံကြီး အတွင်း လက်ပံပင်ကြီး၏ ထိပ်ဖျားတွင် ငှက်တစ်ကောင်နားနေသည်ကိုတွေ့ရ သည်။ သချိုင်းမြေနှင့် အဆိုပါခြုံကြီးကို လယ်ရေယူမြောင်းတစ်ခုဖြင့် ပိုင်းခြား ထားသည်။ နှစ်ပေါင်းများစွာ မြောင်းတူး ဖော်ပြီး မြေဖို့ခဲ့ကြသဖြင့် မြောင်းပေါင်မှာ မြင့်မားလျက်ရှိပြီး မြောင်းထဲမှ ဆင်း သွားလျှင် လူတစ်ရပ်မြုပ်သဖြင့် ကောင်း စွာ အကာအကွယ်ယူနိုင်သော အနေ အထားဖြစ်၏။ ရေယူမြောင်းထဲတွင် လည်း ရေရှိမနေပါ။ ကိုသက်ဦးက ဝမ်း သာအားရဖြင့် မြောင်းထဲ ဆင်းလိုက် ပြီး ...

"လာကြဗျို့ - ဒီရေယူမြောင်း အတိုင်းလိုက်သွားပြီးဟိုနားက ခင်တန်း ကို ရောက်မှ အကာအကွယ်ယူပြီး လက်ပံပင်နားထိရောက်အောင်သွားကြ မယ်" ဟု ဆိုသဖြင့် ကျွန်တော်တို့လည်း မြောင်းထဲဆင်းကာလျှောက်ခဲ့ကြသည်။ အတန်ငယ် လျှောက်လှမ်းပြီးနောက် ခင်တန်းငယ်တစ်ခုသို့ရောက်သောအခါ မြောင်းပေါင်ပေါ်တက်ပြီး ခင်တန်းမှသစ် ပင်များကိုအကာအကွယ်ပြုပြီးတစ်ဖက် ခြုံတွင်းသို့ ဝင်ခဲ့ကြ၏။ အပေါ်ရောက်မှ သေချာစွာကြည့်မိသောအခါ ဆီးကြက်ခု စိုက်ပျိုးသော ခြံတစ်ခုဖြစ်ပြီး ဆီးသီးပင် များကို အကွက်ချစိုက်ပျိုးထားခြင်းသန့် ရှင်းသပ်ရပ်စွာ ရှင်းလင်းထားကြောင်း တွေ့ရသည်။

www.burmeseclassic.com

ခင်တန်းအဆုံးတွင်တဲငယ်တစ်လုံး တွေ့ရပြီး တောအရက်ချက်သောပစ္စည်းများကို တဲအတွင်း၌ တွေ့ရသည်။ ခြံရှင်ကိုမတွေ့ရပါ။ တဲအနီးတွင် ငှက်နားနေသော လက်ပံပင်ကြီးပေါက်နေပြီး တဲရှေ့မှ ခြံဝင်းတံခါး ရောက်သည်အထိ ကွက်လပ်ဖြစ်နေကာ ခြံရှင်လာရောက်စဉ် လှည်းချွတ်သောနေရာတွင် လှည်းဝိုင်းတစ်ချွတ်စာခန့် မြက်ဖုတ်လေးတစ်ခု ရှိနေ၏။ ထိုမြက်ဖုတ်လေးမှမြက်များမှာ တံတောင်ခန့် ရှည်လျားနေပြီး ၅ ပေပတ်လည်ခန့် အကျယ်ရှိ၏။ လက်ပံပင်ကြီး၏ အောက်ခြေပတ်ပတ်လည်တွင် နဘူးချုံတစ်ခု ခပ်ပါးပါးပေါက် ရောက်နေသည်။ တဲနှင့် ခြံတံခါးပေါက်မှာ ပေတစ်ရာသာသာခန့် ကွာဝေး၏။

ကျွန်တော်တို့လည်း ခြံဝင်းအနေအထားကို လျှပ်တစ်ပြက် အကဲခတ်လိုက်ပြီး ငုပစ်ရန်အတွက် တဲတံစက်မြိတ်အနီးသို့သွား၍ လက်ပံပင်ပေါ်သို့ မော့ကြည့်ရှာဖွေလိုက်ပါသည်။ တွေ့ပါပြီ - မြင့်မားလှသော လက်ပံပင်ကြီး၏ ထိပ်ဖျားတွင် ဟိုကြည့် သည်ကြည့် ကြည့်ရင်းထီးထီးကြီးထင်ရှားစွာရှိနေပါသည်။ သူ့အောက်က တဲထဲတွင် သူ့ကို ပစ်ခတ်ရန် လူများရောက်ရှိနေကြောင်းလည်း သိဟန်မတူပါ။

ကျွန်တော်က ကိုသက်ဦးကို လှမ်းကြည့်ပြီး ခေါင်းညိတ်ပြလိုက်ပါသည်။ ကိုသက်ဦးက သူ၏လက်စွဲတော်တရုတ်နီအောက်ဆွဲလေ ထိုးသေနတ်ကြီးကို ငါးချက်ခန့် လေထိုးလိုက်ပြီး ပိတုန်းတံဆိပ်ကျည်တစ်တောင့် ကို ကျည်ပေါက်ထဲသို့ထည့်လိုက်ပါသည်။ ပြီးလျှင် ကျွန်တော့်အနီးသို့လာပြီး လက်ပံပင်ထိပ်ဖျားမှ ငှက်ကို ပင့်၍ ချိန်လိုက်ပြီး သေနတ်မောင်းခလုတ်ကိုဖြည်းညင်းစွာ ဆွဲချလိုက်ပါသည်။ ဖောက်ခနဲ ထိမှန်သံနှင့်အတူ လက်ပံပင်ထိပ်ဖျားမှ ငှက်မှာ ချာလည် ချာလည်နှင့် ပြုတ်ကျလာပါသည်၊ သို့သော် အပင်တစ်ဝက်ခန့် အရောက်တွင် တုန့်ခနဲ ဖြစ်သွားပြီး သစ်ပင်အမြင့်ထက်ဝက်ခန့်မှ လူတစ်ဖက်စာခန့်ရှိသော သစ်ကိုင်းကြီးပေါ်ကျပြီး တင်နေပါသည်။

ကျွန်တော်တို့သုံးဦးမှာ တဲအပြင်သို့ လျင်မြန်စွာ ပြေးထွက်လိုက်ကြပြီး ငှက်တင်သွားသော သစ်ကိုင်းပေါ်သို့ လှမ်းကြည့်လိုက်ရာ ငှက်မှာ ပက်လက်ကလေးပြုတ်ကျနေရာမှ ဒယီးဒယိုင်ဖြင့် ရုတ်တရက် ထရပ်လိုက်ကာ ခေါင်းလေးကို တစ်ချက် နှစ်ချက် ဆတ်ခါလိုက်ပြီး

www.burmeseclassic.com

ဲတိုင်းကြီးပေါ်တွင်လမ်းလျှောက်နေ
ည်၊ သစ်ကိုင်းအဖျားဆီ လျှောက်
းလိုက်၊ ပင် စည်ရှိရာဘက် ပြန်
ျှာက်လာလိုက်နှင့် လုပ်နေပါသည်၊
ာက်ဦးကသေနတ်ကိုလေလေးငါး
ာ်ထိုး၍ ကျည်ထည့်လိုက်ပြီး လမ်း
ျှာက်နေသောငှက်ကိုလှမ်းပစ်ရာ
ာ်ဆန္ဒစောနေမှုကြောင့် ပထမပစ်
ာကျည်သုံးလေးချက်ခန့်မှာလွဲချော်
ားပါသည်၊ ကိုချစ်ငွေကြီးက စိတ်
ည်ဟန်ဖြင့်...

"ဟကောင် - သက်ဦးရ၊ မင်းက
ည်း အပင်ထိပ်ဖျားမှာတုန်းက တစ်
က်တည်း ပစ်ချပြီး အပင်ခါးလယ်
ာက်ရောက်မှတစ်ချက်မှမထိတော့
ူး၊ပေးစမ်း-ငါပစ်စမ်းမယ်"ဟုဆိုကာ
လသေနတ်ကိုဆွဲယူပြီးပစ်ချလိုက်ရာ
ောက်ခနဲ ထိမှန်သံကို ကြားလိုက်ရ
ည်၊ သို့သော် ငှက်မှာ အောက်သို့
ြုတ်ကျမလာဘဲအမွေးများကိုတစ်ချက်
စ်ချက် ခါလိုက်ပြီး လမ်းလျှောက်မြဲ
လျှောက်နေပါသည်၊ကိုချစ်ငွေကဆက်
ာက်ပစ်ခတ်ရာ သုံးလေးချက်ခန့် လွဲ
ချော်သွားပြီးနောက် ကိုသက်ဦးက
တစ်ခါယူပစ်ပြန်ရာနှစ်ချက်သုံးချက်ခန့်
ျက်ကောင်းကို ထိမှန်သော်လည်း
ငှက်မှာ ပြုတ်ကျမလာဘဲ အမွေးများ
ခါပြီး လမ်းလျှောက်မြဲ လျှောက်နေပါ
သည်၊ ကိုချစ်ငွေကြီးက...

"ဟာ-တော်တော်အသက်ပြင်းတဲ့
ငှက်ကွ၊ ဒီလောက်မှန်တာတောင်
အောက်ပြုတ်မကျဘူး၊ ပေးစမ်း-ငါ
တစ်ခါပစ်ဦးမယ်" ဆိုကာ ပစ်ပြန်၏၊
ထိသည့်အခါထိမှန်လိုက်၊လွဲချော်သည့်
အခါလွဲချော်လိုက်ဖြစ်နေ၏၊ထို့နောက်
ကို သက်ဦးက တစ်ခါယူပစ်ပြန်၏၊
ထိသည့်အခါ ထိ၏၊ သို့သော် ငှက်ကား
ပြုတ်ကျမလာခဲ့ပါ၊

ကျွန်တော်က သူတို့နှစ်ဦး ပစ်ခတ်
နေသည်ကိုနံဘေးမှရပ်ကြည့်နေသော်
လည်းတစ်ချက်မှဝင်မပစ်ခဲ့ပါ၊သူတို့ပစ်
တာကို ကြည့်ရင်း ကြည့်ရင်းနှင့် ကျော
ထဲမှ စိမ့်၍ စိမ့်၍လာပြီး အနည်းငယ်
စိုးရိမ်စိတ်ဝင်လာပါသည်၊ ဤခြံထဲတွင်
ကျွန်တော်တို့သုံးဦးသာရှိပြီး တစ်တော
လုံးတိတ်ဆိတ်ငြိမ်သက်နေသော်လည်း
ကျွန်တော်တို့ကို မျက်လုံးပေါင်းများစွာ
ကဝိုင်းကြည့်နေကြသည်ဟုစိတ်ထဲမှာ
ခံစားလာရသည်၊

ဘေးပတ်ဝန်းကျင်ကို လှည့်ပတ်
အကဲခတ်ကြည့်တော့လည်း ပတ်ဝန်း
တိတ်ဆိတ်ငြိမ်သက်လျက်သာရှိနေ၏၊



www.burmeseclassic.com

www.burmeseclassic.com

သူတို့နှစ်ဦးမှာမူ ရအုံ့ဆဲဆဲ ငုက်ဆီသို့သာ အာရုံရောက်နေကြပြီး အခြေအနေကို သတိမမူနိုင်ဘဲ ရှိနေသည်။

ထိုအချိန်တွင် ထိုလက်ပံပင်ကြီး၏ အောက်ခြေရှိ ခပ်ပါးပါး ပေါက်ရောက်နေသော နဘူးချုံအတွင်းမှ ရှီးရှီးရှူတ်ရှူတ်အသံများကြားလိုက်ရပြီးတော့ယုန်တစ်ကောင်၏ ဦးခေါင်းပြူတစ် ပြူတစ်လုပ်နေသည်ကိုတွေ့လိုက်ရသဖြင့်ကျွန်တော်က ကျောတွင် လွယ်ပိုးထားသော လက်စွဲတော်ဒေါးဆွဲကို ကပျာကသီဆွဲဖြုတ်ရင်း ပါးစပ်မှလည်း ...

"ဟာ - ယုန်ဟေ့ - ယုန် - ယုန်"

ဟုဆိုကာ မောင်းဆွဲတင်ပြီး ကျည်ထည့်နေစဉ်မှာပင် ယုန်ကလေးမှာ နဘူးချုံထဲမှ လျှပ်တစ်ပြက် ထွက်လာပြီး ခုန်ဆွ ခုန်ဆွဖြင့် ပြေးကာ မလှမ်းမကမ်းရှိမြက်ဖုတ်ထဲသို့ ပြေးဝင်သွားပါသည်။ ကိုသက်ဦးနှင့် ကိုချစ်ငွေတို့လည်း ယုန်ကိုမြင်လိုက်သောကြောင့် သူတို့ပစ်နေသောငုက်ကိုပစ်ထားလိုက်ပြီးယုန်ပြေးသွားရာ မြက်ဖုတ်ဆီသို့ အာရုံရောက်သွားပါသည်။ ကျွန်တော် စောစောက ပြောခဲ့သလိုအဆိုပါမြက်ဖုတ်မှာအရှည်တစ်တောင်ခန့်ရှိပြီး ငါးပေပတ်လည်ခန့်သာ ကျယ်ဝန်းသဖြင့် ယုန်တစ်ကောင် တော့ရဦးတော့မည်ဟုအတွေးပေါ်... တစ်ယောက်နှင့်တစ်ယောက် ကြည့်... ပြုံးမိလိုက်သည်။

ယုန်ကလေးမှာ မြက်ဖုတ်ထဲ... လှုပ်လှုပ်လှုပ်လှုပ်နှင့် ဘာလုပ်နေသ... မသိပါ။ သူ၏လှုပ်ရှားမှုကြောင့်မြက်... လေးများ လှုပ်နေသည်ကို တွေ့မြင်... ရသည်။ ကိုသက်ဦးနှင့်ကျွန်တော်လည်... နားလည်မှုရှိစွာ တစ်ယောက်ကအရှေ့... အနောက်သို့မျက်နှာမူ၍လည်းကောင်း... ကျန်တစ်ယောက်က တောင်မှမြောက်... သို့ မျက်နှာမူ၍လည်းကောင်း အသ... အနေအထားဖြင့် ချဉ်းကပ်ခဲ့ကြပြီး အ... ပစ်ရန် စိတ်ကူးထားကြ၏။ မြက်ဖုတ်... ခြေလှမ်းငါးခမ်းခန့်အကွာအထိ မြ... ဖုတ်ထဲမှ ယုန်ကလေးမှာ တလှုပ်လှု... နှင့်ရှိနေခဲ့ပြီး ခြေလှမ်းငါးလှမ်းခန့်အကွ... အထိ မြက်ဖုတ်ထဲမှ ယုန်ကလေးမှာ... တလှုပ်လှုပ်နှင့် ရှိနေခဲ့ပြီး ခြေလှမ်းသုံး... လှမ်းခန့်အကွာ မြက်ဖုတ်တစ်ခုလုံး... အပေါ်စီးမှ တွေ့မြင်နိုင်သည့်နေရာ... အရောက်တွင် မြက်ဖုတ်ထဲမှ လှုပ်ရှား... မတွေ့ရတော့ပါ။ ကျွန်တော်နှင့် ကိုသ... ဦး မြက်ဖုတ်ထဲသို့ အနီးကပ်ပြီး... ကြည့်လိုက်ချိန်တွင် မြက်ဖုတ်ထဲ၌ ဘာ... မျှမရှိပါ။ ကိုချစ်ငွေက အနီးကို လျှင်မြ...



www.burmeseclassic.com

www.burmeseclassic.com

စွာရောက်ရှိလာပြီးသုံးဦးသားမြက်ဖုတ်အတွင်းသေနတ်ပြောင်းများဖြင့်ထိုးမွှေ၍လည်းကောင်း၊ကျကျနနလက်များဖြင့်လှန်လှောမွှေနှောက်ရှာပါသော်လည်းယုန်ကိုလည်း မတွေ့၊ ယုန်တစ်ကောင်အောင်းနိုင်လောက်သော တွင်းများကျင်းများကိုလည်းရှာမတွေ့ခဲ့ပါ။ ယုတ်စွအဆုံး ပုရစ်တွင်း၊ ပုရွက်ဆိတ်တွင်းများပင် ရှိမနေပါ။ ကျွန်တော်တို့ မျက်လုံးချောက်လုံးအောက်မှ ထိုယုန်ငယ် မည်သည့်နေရာသို့ရောက်ရှိသွားပါသနည်း။ ကျွန်တော်တို့သုံးဦးမှာအံ့သြလွန်းသဖြင့်အသံပင်မထွက်နိုင်ဘဲ မြက်ဖုတ်ထဲမှပြိုင်တူထရပ်လိုက်မိကြပြီး တစ်ဦးကိုတစ်ဦး ပြိုင်တူကြည့်မိလိုက်ကြပါသည်။

ထိုအချိန်မှာပင် ငှက်သေနတ်မှန်ထားသော လက်ပံပင်ကြီးပေါ်မှ အသံတစ်သံကို ကြားလိုက်ရသည်။ အသံဟုဆိုသော်လည်း လေတိုက်သံလား၊ သစ်ကိုင်းကျိုးသံလား၊ ငှက်အော်သံလား၊ တစ်စုံတစ်ရာ ငိုညည်းသံလား၊သက်ရှိသံလား၊ သက်မဲ့သံလားဟူ၍ တစ်စုံတစ်ရာ ခွဲခြား၍မရသော အသံတစ်ခု ဖြစ်သည်။ အသံတော့ အသံပင်ဖြစ်သော်လည်း ဘာသံဟု ထိုအချိန်က မခွဲခြားနိုင်ခဲ့သလိုယခုအချိန်ထိလည်းပြော
တတ်နိုင်စွမ်းပါ။

ထိုအမျိုးအမည်မသိအသံကြော
သုံးဦးသားပြိုင်တူလက်ပံပင်ကြီးပေါ်
မော့ကြည့်လိုက်ရာ မျက်နှာကို ၁
ဒီဂရီ ကျောဘက်သို့လှည့်ပြသော နိုင်
ခြားသရဲကား၏ ဇာတ်ဝင်ခန်းကိုကြည့်
လိုက်ရသလိုထိတ်လန့်ချောက်ချားသွ
ကြပြီးဟာခနဲပြိုင်တူအော်လိုက်ကြ
ကြက်သီးမွေးညင်းများ ဖြန်းခနဲ ထသွ
ပါသည်။ သုံးဦးသားကြက်သေသေသေ
ခေတ္တခဏငေးငိုင်ပြီး ကြည့်နေမိကြ
သည်။

ကျွန်တော်တို့ တွေ့လိုက်ရသေ
စောစောက သေနတ်ဒဏ်ရာ အချ
ပေါင်းများစွာ ထိမှန်ထားသောငှက်
သစ်ကိုင်းကြီးပေါ်တွင် လမ်းလျှောက်
ရာမှ သစ်ပင်ပင်စည်ကြီးပေါ်သို့ လ
လျှောက်ပြီး တက်နေသောကြောင့် ဖြ
သည်။ သာမန်ငှက်များပင် လုပ်၍ခြ
နိုင်သော လုပ်ရပ်ကို ဒဏ်ရာအချ
ပေါင်းများစွာ ရရှိထားသောငှက်တလု
ပြသည်ကို မြင်ရသောအခါ အံ့ဩ
မောနေမိကြ၏။ ထိုအချိန်တွင်
အသိဝင်လာသူမှာ လ ဖြစ်သေ
ဦးချစ်ငွေကြီးဖြစ်၏။ ဦးချစ်ငွေက —

www.burmeseclassic.com

"ဟော့ကောင် - သက်ဦး၊ မင်း သေနတ်ပြောင်းကို အောက်စိုက်ချလိုက်စမ်း" ဟု ပြောလာရာ ကိုသက်ဦးလည်း ကိုချစ်ငွေရှေ့တွင် သေနတ်ပြောင်းကို အောက်စိုက်ပေးလိုက်သည်။ ကိုချစ်ငွေကြီးက ပုဆိုးစကိုလှန်လိုက်ပြီး သေနတ်ပြောင်းပေါ်သို့ ကျင်ငယ်ရည်များ ပန်းချလိုက်ပါသည်။ ပြီးလျှင် သေနတ် ငါ့ပေးတဲ့ဆိုကာ ပင်စည်ကြီးပေါ်သို့ လမ်းလျှောက်၍ တက်နေသည်မှာ ဝါးတစ်ပြန်ခန့်ရောက်နေပြီဖြစ်သောငှက်ရှိရာသို့ ချိန်ရွယ်၍ပစ်ချလိုက်ပါသည်။ သူပစ်သော လက်ပံပင်ကြီးအတွင်းသို့ နစ်ဝင်သွားပါသည်။ ငှက်မှာ စက်ကြိုးဖြတ်ချလိုက်သလို ခြေကားယား၊ လက်ကားယားဖြင့် ပြုတ်ကျလာပြီး ကျွန်တော်တို့ ရှေ့နားချုံစပ်တွင်ပြုတ်ကျလာပါသည်။ ကိုချစ်ငွေက ငှက်ကို ကပျာကယာ ကောက်ယူ၍...

"ဟော့ကောင်တွေ - လာ" ဟုဆိုကာ ကျွန်တော်တို့နစ်ယောက်ကို ဆွဲခေါ်ပြီး လာလမ်းအတိုင်းပြန်ထွက်ခဲ့ကြပါသည်။ စက်ဘီးများထားရာသို့ ရောက်လျှင် သော့ဖွင့်၍သချိုင်းတွင်းမှခပ်သွက်သွက် ပြန်ထွက်ခဲ့ကြပါသည်။

ကျွန်တော်တို့တစ်တွေ သချိုင်းမှ ထွက်၍ကိုက် (၁၀၀ - ၁၅၀) ခန့်ရောက်သောအခါသချိုင်းရှိသစ်ပင်ကြီးများဆီမှ ချိုးကူသံများ၊ ရှဉ့်တစ်သံများ၊ ဆက်ရက်အော်သံများ၊ ကြက်တူရွေးအော်သံများ ဆူညံစွာ ထွက်ပေါ်လာသောကြောင့် သုံးဦးသား စက်ဘီးများကို ခြေထောက်ရပ်လိုက်ပြီး ပြန်လှည့်ကြည့်လိုက်ရာ အံ့ဩလွန်းသဖြင့် ဒုတိယအကြိမ် မှင်တက်သွားမိရပါသည်။

အဘယ်ကြောင့်ဆိုသော် သချိုင်းတွင်းရှိ မယ်ဇလီပင်ကြီး အပါအဝင် သစ်ပင်တိုင်းလိုလိုနှင့် တစ်ဖက်ခြံရှိ လက်ပံပင်အပါအဝင်သစ်ပင်တိုင်းလိုလိုတွင် ငှက်များ အပြည့်ကျရောက်နေကြောင်းတွေ့လိုက်ရလေသည်တကား။ အဆိုပါ ငှက်များမှ အကောင်ရေ ၆၀၀ မှ ၁၀၀၀ ခန့်အထိရှိပြီး ကျွန်တော်တို့ တွေ့ဖူးသမျှ ငှက်အုပ်များတွင် ထိုမျှ များပြားသော ငှက်အုပ်ကို မတွေ့ဖူးသေးသောကြောင့် ဖြစ်သည်။ ကိုသက်ဦးက ဝမ်းသာအားရဖြင့် "ဟာ - ငှတွေက ခုမှ ကျတာဗျ။ နည်းတာတွေ မဟုတ်ဘူး။ ခဏလေးနဲ့ ၁၀ ကောင်၊ ၁၅ ကောင်ရမှာ သွားပစ်ရအောင်" ဟုဆိုရာ ကိုချစ်ငွေက "ဟာ - သက်ဦးရာ မင်းတော့ ခက်တော့မှာပဲ။ လာလာ - ဘီးပေါ်တက် ပြန်ကြ

www.burmeseclassic.com

ရအောင်၊ ခုဆိုရင် အချိန်က ၅ နာရီ ထောက်ရှိနေပြီ။ သတိထားဦးမှပေါ့" ဟု ပြောလိုက်မှ ကိုယ်ရှိန်သပ်ပြီး ကယ်ရီယာပေါ်ထိုင်လိုက်သွားပါသည်။ ကျွန်တော်တို့သည် စဥ့်ကိုင်ကြီးရွာထိပ်ရှိ အုတ်တံတားပေါ်မှ ဖြတ်သန်း၍ မြောင်းပေါင်လမ်းပေါ်သို့ ကူးလိုက်ကြပါသည်။ မြောင်းပေါင်အတိုင်း စက်ဘီးစီးလာကြပြီး သချိုင်းဇရပ်တည့်တည့်နေရာသို့ ရောက်၍ သချိုင်းဘက်သို့ လှမ်းမျှော်ကြည့်လိုက်သောအခါ သစ်ပင်များပေါ်တွင် ငှက်များကို တစ်ကောင်တလေမျှ မတွေ့ရတော့ပါ။ ကျွန်တော်တို့ ဂူပစ်ခဲ့သော လက်ပံပင်ကြီးပေါ်တွင် ကြီးမားသော လင်းယုန်ကြီးတစ်ကောင် နားနေပြီး ကျွန်တော်တို့ရှိရာသို့ စိမ်းစိမ်းစူးစူး စိုက်ကာ လှမ်းကြည့်နေပါသည်။ ကိုသက်ဦးက ...

"ဟာ - ငှက်တွေ တစ်ကောင်မှ မရှိတော့ဘူးဗျ၊ လင်းယုန်ကြီးတစ်ကောင် ရောက်နေပါလား"

"အေးဗျ - ကျွန်တော်တော့သွားပစ်ချင်စိတ်တောင် ပေါက်လာပြီ"

ဟု ကျွန်တော်က ပြောလိုက်ရာ ကိုချစ်ငွေက အလန့်တကြားဖြင့် ...

"ဟာ - မလုပ်နဲ့ - မလုပ်နဲ့ - မင်းတို့က အဲဒီငှက်တွေနဲ့ လင်းယုန်ကြီးကို ငှက်အစစ်တွေ မှတ်နေလို့လား"

"ဗျာ - ငှက်အစစ်မဟုတ်ဘူးလား ကျွန်တော်က လင်းယုန်ကြီးရောက်လာလို့ ငှက်တွေ ပျံပြေးကုန်တာမှတ်လို့"

"မင်းကွာ - မင်း လင်းယုန်ကြီးကိုလည်း သေချာကြည့်ပါဦး၊ အဲဒီလောက်ကြီးတဲ့ လင်းယုန် မင်းမြင်ဖူးလို့လား"

ဟု ဆိုသဖြင့် သေချာကြည့်လိုက်ရာ လင်းယုန်ကြီးမှာ သာမန် လင်းယုန်နှစ်ကောင်စာခန့် ကြီးမားပြီး လင်းယုန်တစ်ကောင်နှင့်မတူဘဲ လင်းတတစ်ကောင်နှင့်ပုံတူနေသည်ကို တွေ့လိုက်ရသည်။ ကျွန်တော်လည်း ရင်ထဲတွင် တစ်ချက်စိမ့်ခနဲ လှုပ်ရှားသွားပြီး သူပြောတာကို လက်ခံလိုက်ရပါသည်။

"ဟုတ်တယ်ဗျို့ - စက်ဘီးတို့ မြန်မြန် နင်းကြရအောင်၊ ဒီနေရာနဲ့ မြန်မြန်ဝေးဝေးရောက်လေ ကောင်းလေပဲ" ဟု ဆိုကာ စက်ဘီးကို ကျုံးနင်းခဲ့ကြပါသည်။ လမ်းတစ်လျှောက်တွင် စက်ဘီး... ဆိုက်ကားများ ဥဒဟိုသွားလာ...နေကြသဖြင့် ကြောက်ရွံ့ခြင်းတော့ မဖြစ်ကြပါ။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ လူစုရာ သစ်ပင်ကြီးသို့ ပြန်ရောက်သောအခါ ဆည်းဆာ နေညိုချမ်းအချိန်ဖြစ် ဖြစ်သည်။ ကျွန်တော်လည်းလူကြီးများအလစ်တွင်အိမ်တွင်းသို့ တိတ်တဆိတ် ဝင်ရောက်ရန် စဉ်းစားရင်းကိုသက်ဦးတို့ကို နှုတ်ဆက်လိုက်ပါသည်။ ကိုချစ်ငွေကြီးက ...

"မင်း အိမ်မှာ ခဏနားပြီးလို့ ရေမိုးချိုးပြီးရင် ငါ့အိမ်လာခဲ့၊ ငါ့အိမ်မှာ တို့တစ်တွေ ဆုံကြရအောင်" ဟု မှာပါသည်။ ကျွန်တော်လည်း ခေါင်းညိတ်ပြပြီး အိမ်တန်းပြန်ခဲ့ပါသည်။

※

ညဦးပိုင်းတွင် လျှပ်စစ်ရုံးဝင်းထဲရှိ ကိုချစ်ငွေကြီး အိမ်၌ ဆုံကြသောအခါ ကိုချစ်ငွေက မြစ်ကြီးနားဘက်မှ သူ၏ မိတ်ဆွေများက လက်ဆောင်ပေးသော တချင်ဆေးမြစ်စုံအရက်၊ ရှောက်ပေါင်းအရက်များဖြင့် တည်ခင်းဧည့်ခံပြီး ရှဉ့်ကြော်၊ ငှက်သားဟင်း၊ စွန်ထန်ဟင်း၊ ရေည များဖြင့် လိုက်ဖက်စွာ မြည်းစမ်းရင်း စကားလက်ဆုံ ကျခဲ့ကြသည်။

အရက်ပြင်းသောက်လေ့မရှိသော ကျွန်တော့်အတွက်စပါကလင်အချိုရည် တစ်လုံးဖောက်၍ရောစပ်ပေးသည်။ ပက်ခန့် သောက်ပြီးသောအခါ ရီဝေ ဖြင့် မူးယစ်စပြုလာပြီး ကျွန်တော် စကားစလိုက်၏။

"ဒီကနေ့ကိုချစ်ငွေကြီးသာပါမလာ ခဲ့ရင် ကျွန်တော်တို့ ရယ်စရာမောစ လည်း ကြုံမှာမဟုတ်သလို ငှပစ်ရင်း ဘာတွေဖြစ်မလဲ မသိဘူး"

"ဟုတ်တယ်ဗျို့- ကိုချစ်ငွေကြီးသာ မပါရင်မတွေးဝံ့စရာပဲ၊ ကျွန်တော်လည်း ဒါမျိုး တစ်ခါမှ မကြုံဘူးတော့ ဘာလု ရမှန်းမသိဘဲ ဖြစ်နေတာ"

ဟု ကိုသက်ဦးက ဆိုသည်။ ကိုချ ငွေကြီးက ငှက်ကြော်တစ်ပန်းကန် ထပ်ချလာရင်း "ရော့- ဒီမှာ ငှသားကျော် လေး မြည်းလိုက်ကြဦး- အမွေးနုတ်ပြီး ပေါ့ဒီကောင်ကိုယ်မှာသေနတ်ဒဏ် (၁၁)ချက်တွေ့ရတယ်၊ ပထမဦးဆုံး ချက်က နှုတ်သီးအရင်းက ဝင်ပြီး ငယ် ထိပ်နားက ဖောက်ထွက်သွားတယ်၊ ခေါင်းလည်း ကြေသွားတယ်၊ အဲဒီတစ်ချက်တည်းနဲ့ ဒီကောင် အသက်ထွက်သွားတယ်၊ နလုံးထဲက ကျည်တစ်တောင့်၊ အစာအိမ်ထဲက ကျည်တစ်တောင့်၊ ရင်အုံထဲက ကျည်တစ်တောင့်



www.burmeseclassic.com

www.burmeseclassic.com

အိုထဲက ကျည်တစ်တောင့် စုစုပေါင်း
နှောကိုယ်ထဲကနေ ကျည်လေးတောင့်
ှုန်ရတယ်။ လမိုင်းတင်ပြီးသားဖြစ်တာ
ဆဲ့။ ရော့ - သိမ်းထား။ နောက်အရေးကြုံ
န်ဒီကျည်နဲ့ ထည့်ပစ်။ ဘာကောင်မှမခံ
ိင်ဘူးဟုဆိုကာကျည်ဆန်လေးတောင့်
ကို ကိုသက်ဦး လက်ထဲသို့ ထည့်ပေး
ိုက်ပါသည်။ ကိုသက်ဦးက စက္ကူလေး
နှင့်ထုပ်ကာ အိတ်ထောင်ထဲထည့်၍
သိမ်းဆည်းလိုက်သည်။

ထို့နောက် သုံးယောက်သား
သောက်လိုက်ကြ၊ မြည်းလိုက်ကြ၊ စကား
ပြောလိုက်ကြနှင့် ပါတီဖွဲ့ရင်း ညဥ့် (၁၁)
နာရီကျော်ကျော်လောက်တွင် အရက်
နှင့်အမြည်းများ ကုန်သွားမှ လူစုခွဲလိုက်
ကြသည်။ အပြန်လမ်းတွင် အရက်
တလေး ရီဝေဝေနှင့် စဉ်းစားမိသည်မှာ
မစွန့်လွှတ်နိုင်သော တွန့်တော်တို့၏
ဝါသနာကြောင့်မဖြစ်ရသောပရလောက
သားများက ဖန်တီးသော သဘာဝလွန်
ဖြစ်ရပ်ဆန်းများ အကြောင်းပင် ဖြစ်ပါ
သည်။ မည်သို့ပင်ဖြစ်စေ တစ်ခါတစ်ရံ
တွေ့ကြုံရသော သဘာဝလွန်ဖြစ်ရပ်
ဆန်းများသည် ကြောက်မက်ဖွယ် ရှုပ်
ဆင်းသဏ္ဍာန်၊ အသံဆိုးများနှင့် တွေ့
ကြုံခြောက်လှန့်ခံရသည်ထက်ပို၍
ကြောက်စရာကောင်းကြောင်း လတ်
တလော သိခဲ့ရလေသတည်း။

ယောနိသောမနသိကာရတရား
လက်ကိုင်ထားလျက် ...

## ပဟိုဠိစည် (စဉ်ကိုင်)

### အနာပေါက်ကုထုံး

**သန်လျက်ထမ်းနာ**

ပန်းထက်တွင် ပေါက်တတ်သည့် စစ်တုံမြစ်၊
ရှောက်ခါးမြစ်၊ ပလောင်ဆိတ်ဖူးမြစ်တို့ကို အမှုန့်စီ
သွေးကာ အနာကို လိမ်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ချောင်းဖော်ချောင်းဖက်

အသင်္ခယာ

နှစ်ကာလအားဖြင့်ဆိုလျှင် နှစ်ပေါင်း(၄၀)ကျော်လောက်ကမြို့ကလေးတစ်မြို့မှာဖြစ်သည်။ ယခင်အခေါ်ဟိုက်စကူးဖိုင်နယ် (အစိုးရစစ်) ယခုအခေါ် (၉) တန်းအောင်ပြီး (၁၀)တန်းရောက်တော့ (၁၀) တန်း စတက်တက်ချင်းနှစ်မှာ စာမေးပွဲကျသည်၊ နောက်နှစ်ကျတော့ နေ့ကျောင်းမတက်တော့ဘဲ လူငယ်ရေးရာ ညကျောင်းတက် ဖြစ်သည်။

နေ့ခင်းဘက်ကြတော့ မိဘများ၏ စီးပွားရေးလုပ်ငန်းကို ဝိုင်းကူရင်း ကျောင်းတက်ခြင်းဖြစ်သည်၊ လူငယ်ရေးရာတွင်ကျောင်းဆွေးဆွေး၊ လူဆွေးဆွေး (၁၀) တန်း အကြိမ်ကြိမ် ကျနေသောကိုအောင်ကြီးနှင့်ခင်မင်ရင်းနှီးကာ အသိအကျွမ်းဖြစ်သွားသည်၊ ကိုအောင်ကြီးက ကျွန်တော့်ထက် ငါးနှစ်ခန့် ကြီးသည်။

ကျောင်းဆွေးဆွေး၊ လူဆွေးဆွေးဆိုတော့ ဆရာ၊ ဆရာမများအားလုံးနှင့် သူရင်းနှီးသည်၊ တချို့ဆရာ၊ ဆရာမများက သူနှင့်ရွယ်တူလောက်ဖြစ်နေသည်။ မိဘများက ကုန်သည်ပွဲစားဆိုတော့ အသုံးအစွဲကြီးသည်၊ ပညာရေးကို သိပ်စိတ်မဝင်စား၊ မိဘများ၏ ဆန္ဒအရသာ တက်နေခြင်းဖြစ်သည်။

ကိုအောင်ကြီးနှင့် ကျွန်တော် နှစ်ယောက်ထိုင် ခုံတစ်လုံးတွင် အတူထိုင်ရင်း တစ်ခါတလေ စာသင်ချိန် တစ်ဝက်လောက် (ဥပမာ-မြန်မာစာ) အချိန်ရှိုးဆိုလျှင် သူ ပျောက်သွားတတ်သည်၊ တစ်ခါတလေလည်း ကျောင်းဆင်းခါနီး တစ်ချိန်လောက် သူ စောပြန်သွားတတ်သည်၊ ဘာကြောင့်မှန်းမသိ သူကလည်း မပြော၊ နောက်မှ သူ့အကြောင်းကို တဖြည်းဖြည်း သိလာသောအခါ သူ့ဝါသနာကို ကျွန်တော် သိသောပေါက်

www.burmeseclassic.com

www.burmeseclassic.com

" အဲဒီလှူ ရပ်နေတဲ့နေရာနဲ့ သစ်ပင်ခြေရင်းနဲ့ကြားမှာ ပီစပ်ပင်ချုံကလေးတစ်ခု ခြားနေတယ်။ ဆင်းလာပြီးတာနဲ့ ပီစပ်ချုံကလေးကိုဖယ်ပြီး အဲဒီလှူနဲ့ မျက်နှာချင်းဆိုင်အလိုက်မှာ ငါ့ခြေလက်တွေ အေးစက်ပြီး ကြက်သီးတွေ တဖြန်းဖြန်းထပြီး အိမ်ကို တန်းပြေးလာတော့တာပဲ။ အိမ်ရောက်တော့ ငါ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ မမှတ်မိတော့ဘူး။ သတိလစ်သွားတယ်လို့ ပြောတာပဲ ...



တာသည်။ သူ့ဝိသနာက သမီးရည်းစားတွဲ အတွဲ ချောင်းတာကို အဝေတော်သနာကြီးခြင်း ဖြစ်သည်။

သူ ပြန်လာလျှင် ဘယ်အခန်းကဘယ်သူနှင့် ဘယ်ဝါကွာ၊ ဘယ်လိုရှိန်းတွေ့ကြတာ၊ ဘယ်နေရာမှာ တွေ့ကြတာ။ ဘယ်ကောင်မလေးကတော့ဘယ်ို မာနကြီးပြီး ဘယ်ကောင်နဲ့ တွေ့ကြတော့ဘယ်လိုဖြစ်နေတာ။ တို့အခန်းထဲက ဘယ်ကောင်က ဟိုဘက်ခန်းက ဘယ်သူနဲ့ ဘယ်မှာတွေ့ကြတာစသည်ဖြင့် အားရပါးရ သူ ပြောတတ်သည်။

မြန်မာစာအချိန်မှာ ငါလစ်သွားတာ ပွဲကြီးပွဲကောင်းတော့ ဘယ်လိုတွေ့တယ်ဟေ့။ ဒီနေ့တော့ ငါ စောစော လစ်မယ်ဟေ့၊ ဘယ်အတွဲကတော့ ဒီနေ့ တွေ့မယ်ရက်ပဲစသည်ဖြင့် ပြောတတ်သေးသည်။ လူဆိုတာမျိုးက တစ်ယောက်ကိုဝိသနာ

www.burmeseclassic.com

www.burmeseclassic.com

အစ်မျိုးစီ ရှိတတ်တာမျိုးကိုး၊ တချို့ဆို ချင် တစ်ယောက်တည်း ဝါသနာသုံး လေးမျိုးပင် ရှိတတ်ကြသည် မဟုတ်ပါ လား။

ကျွန်တော်တို့ မြို့မှာက မိုးကုန်ပြီ ဆိုလျှင် လွှတ်လပ်ရေးကျောက်တိုင် အားကစားကွင်းတွင် ပွဲရုံဆောက်တည် တော့သည်။ မြန်မာပြည်အရပ်ရပ်က အတ်ပွဲ၊ အငြိမ့်၊ ဆပ်ကပ်၊ စတိတ်ရှိုးများ၊ အဆက်မပြတ်သွင်းကြသည်။ ထိုဇာတ် ကြီးက ကျွန်တော်တို့ ကျောင်းရှေ့မှာ အထွေအထူး ပြောစရာမလို (၉)နာရီ ထုငယ်ရေးရာ ကျောင်းဆင်းသည်နှင့် ပွဲဈေးရောက်ကုန်တော့သည်၊ တချို့ကြ တော့လည်း ကျောင်းဆင်းသည်နှင့် ပွဲ ဆက်ကြည့်ကြတော့သည်။

ကျောင်းအနောက်မှာက ရေကန် ကြီး၊ မြို့လူထုအားလုံး မှီခိုအားထားရာ သောက်ရေကန်၊ သောက်ရေကန်၏ ကန်ပေါင်က (၁၅)ပေခန့် မြင့်သည်။ ကန်ပေါင်ပေါ်တွင် ညောင်ပင်၊ ကုက္ကိုပင်၊ ထန်းပင်၊ အုန်းပင်၊ ဆူးချုံပင်၊ ပိစပ်ပင် များ ရှိသည်။ ကျောင်းဆင်းသည်နှင့် အချို့အတွဲများက ကန်ပေါင်ပေါ်တွင် ချိန်းတွေ့ကြသည်။ ထိုအတွဲများကို

တကူးတက လိုက်ချောင်းနေသူက ကျွန်တော့်မိတ်ဆွေ ကိုအောင်ကြီး၊

တစ်ရက်မှာ သူက ...

"ဟေ့ကောင် - မိုးတင်ဝင်း၊ ကျောင်း ဆင်းရင် မင်း ငါနဲ့ လိုက်ခဲ့ပါလား၊ ဒီနေ့ ကျော်စွာဦးတို့အတွဲ ရှိတယ်ကွ၊ သွား ချောင်းရအောင်၊ ရုပ်ရှင်ကြည့်တာထက် တောင် ကောင်းသေးတယ်"

"ဟာ - မလိုက်ပါရစေနဲ့ဗျာ၊ မြွေပါး ကင်းပါးတစ်ခုခုဖြစ်သွားရင် မလွယ်ဘူး၊ အိမ်က ဆူမှာ"

"မင်းတော်တော်ညံ့တဲ့ကောင်ကွ၊ ဒါမျိုးက ကြုံရခဲတယ် လိုက်ခဲ့စမ်းပါ၊ ငါလည်း အဖော်ရတာပေါ့၊ မြွေပါးကင်း ပါးကြောက်ရင် သစ်ပင်ပေါ်တက်ချောင်း ပေါ့"

"မလိုက်ချင်ပါဘူးဗျာ"

ကျွန်တော့် ကို အဖော်ဆွယ်မရ သောကြောင့် ကိုအောင်ကြီးတစ် ယောက်တည်း ကျောင်းစောစောဆင်း ကာ လစ်သွားတော့သည်။

※

နောက်နေ့ကျတော့ ကိုအောင်ကြီး ကျောင်းမတက်၊ နောက်ရက်တွေလည်း



www.burmeseclassic.com

www.burmeseclassic.com

မတက်၊ တစ်ပတ်လောက်အထိကျောင်း မတက်သောအခါ ကျွန်တော်ကိုအောင်ကြီးအိမ်ကို လိုက်သွားသည်။

အိမ်ရောက်တော့ ကိုအောင်ကြီး နေမကောင်းကြောင်း သိရသည်။ သူ့အိမ်တွင် သတင်းလာမေးသူများ မြန်မာဆေးဆရာများဟု ထင်ရသော သူများ ဧည့်သည်များ ရှုပ်နေသောကြောင့် ကျွန်တော် ပြန်လာခဲ့သည်။ ကျွန်တော် ကိုအောင်ကြီးကို တွေ့စဉ်အခါက ပြူးကြောင်ကြောင်နှင့် ကျွန်တော့်ကို မသိသလို ကြည့်နေသောကြောင့် ဘယ်လိုဖြစ်တာလဲဟု စဉ်းစားရင်း ပြန်လာခဲ့ခြင်းဖြစ်သည်။

တစ်လလောက်ကြာသောအခါ ကိုအောင်ကြီး ကျောင်းပြန်တက်သည်။ အတော်ပိန်သွားသည်။ မြန်မာဆရာရော အင်္ဂလိပ်ဆရာများနှင့်ရော အတော်ကုလိုက်ရသည်ဟု သိရသည်။ အရင်တုန်းကလိုလည်း ကျောင်းလစ်ကာ အတွဲမချောင်းတော့။ စကားလည်း သိပ်မပြော။ အတော်ငြိမ်သွားသည်။ ကျန်းမာရေး အတော်ကောင်းလာမှ သူ့ကို မေးရသည်။

"ကိုအောင်ကြီး ခင်ဗျား ဘာရောဂါဖြစ်တာလဲ။ အတော်ပိန်သွားတယ်"

"ဟာ - ဖိုးတင်ဝင်းရာ၊ ငါကံကောင်းလို့မသေတာလို့ပြောတယ်။ ငါကလည်း ငါပဲ၊ အရိပ်ပြတာတောင် မကောင်းမမြင်တဲ့ကောင်။ ငါ သွားနေကတည်းက ဒီကောင်ကြီးကို ငါတွေ့တယ်။ ငါက တို့လို အတွဲချောင်းတဲ့ တစ်ယောက်လို့ ငါက ထင်နေတာ။ နဖူးတွေ့ဒူးတွေ့တွေ့မှ ငါတော်တော်ကြောက်သွားတယ်"

"ခင်ဗျားပြောတာ ကျွန်တော် သဘောမပေါက်ဘူး၊ ရှင်းပြပါဦး"

"အေး - ငါပြောပြမယ်။ ဒီလိုကွ၊ ငါ အတွဲတွေကိုကျောင်းနောက်ကကန်မှာ သွားသွားချောင်းနေတာမင်းသိပါတယ်။ တစ်ရက်ကျတော့ ငါချောင်းနေတုန်း ချောင်းနေတဲ့အတွဲကကန်စပ်ကညောင်ပင်ခြေရင်းကိုပြောင်းသွားတယ်။ နေရာပြောင်းသွားတော့ ငါချောင်းနေကျ ချုံပုတ်ထဲကနေ မမြင်ရတော့ဘူး၊ အဲဒီတော့ ညောင်ပင်ပေါ်တက်ပြီး အပေါ်ကနေချောင်းရင်အတော်ပဲဆိုပြီးညောင်ပင်ပေါ်တက်လိုက်တယ်"

"အတွဲကို မြင်လောက်တဲ့နေရာရောက်တော့ ချောင်းနေတုန်း (၅)ပေ အကွာလောက်မှာရှိတဲ့ ညောင်ကိုင်းတစ်ကိုင်းပေါ်မှာ လူတစ်ယောက်ရပ်နေ



www.burmeseclassic.com

www.burmeseclassic.com

တာ တွေ့ရတယ်။ ရပ်နေတာက ဘာ အကိုင်းအခက်မှ မကိုင်ဘဲ အလွတ်ရပ် နေတာ။ ငါထင်တာက ငှက်လိုပဲလာရှောင်း တဲ့ ကျောင်းသားထဲက တစ်ယောက် ယောက်ဖြစ်မယ်လို့ထင်မိတယ်။ အတွဲ တွေ ထွက်သွားလို့ ငါလည်း ညောင်ပင် ပေါ်ကဆင်းလို့အောက်ကိုလည်းရောက် ရော အဲဒီလူလည်း ဘယ်အချိန်ကဆင်း ပြီး ထွက်သွားသလဲ မတွေ့တော့ဘူး။ အပင်ပေါ်မှာလည်း မရှိတော့ဘူး”

“အတွဲ တွေ ကလည်း တစ် တွဲ ဟုတ် တစ်တွဲ ညောင်ပင်အောက်မှာ ရောက်နေတော့ ငါလည်း နှစ်ရက်တစ် ခါ သုံးရက်တစ်ခါလောက် ညောင်ပင် ပေါ်တက်ရှောင်းနေကြပေါ့။ အမြဲမဟုတ် ပေမဲ့ ရှောင်းတိုင်း အဲဒီလူကို ညောင်ပင် ပေါ်မှာ တွေ့တယ်။ ဗလကောင်းကောင်း ထောင်ထောင်မောင်းမောင်း တို့အတန်း ထဲက ကိုကြည်ဝင်းလို ပုံစံမျိုးကွ။ ဘယ် သူလဲဆိုတာ သိချင်လို့ သူ့ကိုပြန်ရှောင်း တိုင်း တစ်ခါမှမတွေ့ဘူး။ ပြန်မလို့ သတိ ရတိုင်း သူ့ကိုကြည့်လိုက်ရင် မရှိတော့ ဘူး။ အပင်ပေါ်မှာလည်း မတွေ့ အောက် မှာလည်း မတွေ့တော့ဘူး။ တစ်ရက် ငါ သတိမိသေးတယ်၊ ကျော်စွာဦးတို့အတွဲ ကို ရှောင်းတဲ့နေ့က မင်းကိုတောင် ငါ အဖော်ခေါ်သေးတယ်။ အဲဒီနေ့မှာ အဲဒီ လူလည်းတွေ့တယ်။ သူရပ်နေကျ (၁၅) ပေ အကွာလောက်က သစ်ကိုင်းပေါ်မှာ ရပ်နေတာ တွေ့တယ်၊ အဲဒီနေ့က လဆန်းရက် လရောင်နည်းနည်း ရှိ တယ်၊ သစ်ကိုင်းကြို သစ်ကိုင်းကြား ကနေ သူ့ကို တွေ့နေရတယ်။ ဒီတစ်ခါ တော့ သူ့ကို ဘယ်သူလဲဆိုတာ သိချင် တာကြောင့် ရှောင်းနေတာတောင် သေသေချာချာ မရှောင်းအားဘူး။ အဲဒီ လူကိုပဲအလွတ်မပေးဘဲသတိထားနေမိ တယ်၊ တစ်နာရီလောက်ကြာတော့ ကျော်စွာဦးတို့အတွဲ ထဖို့ပြင်နေချိန်မှာ ငါ သူ့ကို မျက်ခြည်မပြတ် ကြည့်နေမိ တယ်။ အတွဲကထသွားလို့ခပ်လှမ်းလှမ်း ရောက်တော့ ငါက “ဟေ့ - ဘယ်သူလဲ လို့” လှမ်းမေးလိုက်တယ်၊ ပြန်မဖြေ ဘူး”

“ပြန်မဖြေတော့ ငါ စိတ်ထဲမှာ အကြောင်းတစ်ခုခုတော့ ရှိမယ်ထင်ပြီး အဲဒီလူရှိတဲ့ သစ်ကိုင်းဘက်သို့ကူးသွား မယ်လို့ စိတ်ကူးနဲ့ သစ်ကိုင်းသစ်ခက် တွေကို ဖယ်ပြီးအသွားမှာ “ဗုန်း” ဆိုတဲ့ အသံကိုကြားလိုက်ရတယ်၊ ကြည့်လိုက် တော့ အဲဒီလူက သစ်ကိုင်းပေါ်မှာ မရှိ တော့ဘူး။ အောက်ရောက်နေပြီးတော့


www.burmeseclassic.com

www.burmeseclassic.com

ဝှါကို မော့ကြည့်နေတယ်။ ငါက သစ်ပင်ပေါ်ကနေ တရွေ့ရွေ့ဆင်းလာတဲ့အထိ အဲဒီလူက မြေပြင်ပေါ်မှာ ရပ်နေတုန်း။ ဝှါ စိတ်ထဲမှာ ငါနဲ့သိတဲ့ အသိတစ်ယောက်ယောက်က ဝှါကို နောက်နေတာ ဖြစ်မှာပဲဟု ထင်လိုက်တယ်။ စကားမပြောဘဲ အောက်ကနေ ရပ်စောင့်နေပုံထောက်တော့ အောက်ရောက်မှ ဘယ်သူဆိုတာ သိရမှာပဲဆိုတဲ့အတွေးနဲ့ သစ်ပင်ပေါ်က ဆင်းလာတာပေါ့ကွာ"

"အဲဒီလူ ရပ်နေတဲ့နေရာနဲ့ သစ်ပင်ခြေရင်းနဲ့ ကြားမှာ ပိစပ်ပင်ချုံကလေး တစ်ခု ခြားနေတယ်။ ဆင်းလာပြီးတာနဲ့ ပိစပ်ချုံကလေးကို ဖယ်ပြီး အဲဒီလူနဲ့ မျက်နှာချင်းဆိုင်အလိုက်မှာ ဝှါခြေလက်တွေ အေးစက်ပြီး ကြက်သီးတွေ တဖြ ဖြန်းထပြီး အိမ်ကို တန်းပြေးလာတော တာပဲ။ အိမ်ရောက်တော့ ငါဘာတွေ ခဲ့တယ်ဆိုတာ မမှတ်မိတော့ဘူး။ သ လစ်သွားတယ်လို့ ပြောတာပဲ"

"ဒါဆိုရင် ကိုအောင်ကြီး တွေ့ လူက ..."

"ငါနဲ့ မျက်နှာချင်းဆိုင် တွေ့ အချိန်မှာ အဲဒီလူမျက်နှာက ပြော တလင်းကြီး။ မျက်လုံး၊ ပါးစပ်၊ နှာခေါ တွေ လုံးဝမပါဘူး"

"ဗျာ - ဒါဆိုရင်"

"ပရလောကက တစ် ကော ကောင်လို့ ထင်တာပဲ"




**အနာပေါက်ကုထုံး**

**သက်တံ့နာ**

(၁) သဘော်အဖိုအမြစ် ၅ သား

(၂) ဒန့်သလွန်မြစ်အစို ၅ သား

(၃) ခံတက်ခေါက်အစို ၅ သား

(၄) သက်ငယ်ပင်စ ၆ သား

အားလုံးရော၍ ညက်အောင်ပြုပြီး အနာပေါ်အုံပေးပါ။


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ပြန်လာချင်လျက် အပြန်ခက်သူ

ခင်မမလင်း
(ကလော)

နွေနှောင်းရာသီဖြစ်ပေမယ့် ရာသီဥတုက အုံ့မှိုင်းမှုန်ရီနေလျက် မိုးသားမည်းတွေ မဟုတ်သော်လည်း ကောင်းကင်မှာ တိမ်ထူထူတွေကြောင့် မိုးရွာမှာတော့ သေချာသည်။

"သားရေ - ဒီနေ့တော့ လိုက်မသွားနဲ့၊ ရာသီဥတုမကောင်းဘူး"

"မိုးမရွာပါဘူး အမေရယ်၊ တစ်နေ့လုံး ပူထားရတော့ တိမ်တွေကြောင့် ရာသီဥတုမကောင်းဘူး"

"မိုးမရွာပါဘူး - အမေရယ်၊ တစ်နေ့လုံး ပူထားရတော့ တိမ်တွေကြောင့် ရာသီဥတု အေးနေတာပါ"

"ဘာပဲဖြစ်ဖြစ် သားရယ်၊ ဒီနေ့ မလိုက်ပါနဲ့၊ ဦးလေးကို လိုက်သွားခိုင်းသူလည်း နေကောင်းနေပြီပဲ"

ဧရာဝတီမြစ် ဟိုဘက်ကမ်းဒီဘက်ကမ်း ကူးနေသော ပဲ့ထောင်ကို တစ်နေ့လုံး သူရကိုနှင့် သူ့ဦးလေးတစ်လှည့်စီ ဦးစီးရသည်။

သည်နေ့ သူ သွားရမည့်နေ့ ဖြစ်သော်လည်း ဒီမနက်ကျမှ မိခင်ဒေါ်ချော က ထူးထူးဆန်းဆန်းတားနေတာကြောင့် အံ့ဩနေမိသည်။

ဒီပဲ့ထောင်က ဟိုဘက်ကမ်းသွား လျှင်တစ်နာရီကြာပြီးအပြန်ခရီးမှာတော့ နာရီဝက်သာကြာသည်။ ရေစီးက အစုန် အဆန်မို့ ခရီးချိန် ကွာသွားတာပါ။

မနက်ပိုင်းစောစော ထမင်းစားပြီး သည်နှင့်အမေ့ထံကဒီစကားကြားရခြင်း ဖြစ်သည်။ ဒေါ်ချောက သားကို သေချာ ပြောမပြသော်လည်းညကတကယ်အိပ်မက်မကောင်း၊ မိုးလင်းချိန်လောက်မက်တော့ ပိုစိုးရိမ်သည်။

"ကြားလား - သား၊ ဒီနေ့တော့ လုံးဝမဖြစ်ဘူးနော်၊ မင်း ဦးလေးသွား



www.burmeseclassic.com

www.burmeseclassic.com

ပြောလိုက်၊ ပြီးတော့ - သားအဘွားအိမ်သွားပြီး ဒီည အမေတို့အိမ်ခေါ်ခဲ့၊ ဒီတစ်ပတ် အမေတို့ အိမ်လာနေလိမ့်မယ်"

မောင်နှမတွေများသလိုအားလုံးက အမေချစ်တွေဖြစ်လို့ အဘွားကို တစ်အိမ်တည်း နေခွင့်မပေးကြပါ၊ မြေးတွေကလည်း အဘွားကို ချစ်ကြတော့ သားသမီးအိမ်တွေကိုအလှည့်ကျလိုက်နေရရှာသည်၊

"ရော့ - ဒီမှာ သားအဒေါ် အိမ်အတွက် ငါးရံ့ခြောက်တွေ ဆွဲသွား"

"ဦးလေးအတွက်ကော ပေးလေ အမေရဲ့"

"စိတ်ချပါ - သားရယ်၊ မင်း ဦးလေးအတွက်မပေးရင်မင်းဘယ်လိုပြောမလဲ အမေ သိပြီးသား၊ အလုပ်ပင်ပန်းတာက ဦးလေး နေပူမိုးရွာ သားတို့ကိုဦးဆောင်ရှာဖွေကျွေးတာ ဦးလေးလို့ ပြောမှာ မဟုတ်လား"

အမေ့ကို ဘာမှထပ်မပြောဘဲ သူရ ငါးရံ့ခြောက်နှစ်တွဲဆွဲကာ ထွက်ခဲ့သည်၊ သားနောက်ကျောကို မျက်စိတစ်ဆုံးကြည့်ရင်း သားလေးတောင် ဆယ်တန်းအောင်လို့ တက္ကသိုလ်တက်ရတော့မည်၊

ရုပ်ကလေးကလည်းဖြောင့်၊ အပေါင်းအသင်းကလည်းကောင်းတော့ ဒီမြို့မှာတော့ ဒေါ်ချောသားကြောင့် မျက်နှာပွင့်ပါသည်၊

ဆုံးရှာပြီဖြစ်သည့် သူ့ဖခင်သာရှိလျှင် သားလေးကိုဒီအလုပ်တွေလုပ်ခွင့်ပေးမှာ မဟုတ်တာ သေချာသည်၊

စောစောက ထင်တာထက် မိုးသားတွေ ပိုများလာသည်၊

"အင်း - တော်ပါသေးရဲ့ သားလေးကို ဒီနေ့ နားခိုင်းလိုက်မိလို့"

※

အမေ ဘာဖြစ်လို့ တားမှန်းမသိသော်လည်း မိုးသားမည်းမည်းကြီးတွေ တစ်မိုးလုံးပြည့်လုနီးပါး ဖြစ်လာတော့ သူရ ကြောက်လာသည်၊

သို့သော်လည်း ပဲ့ထောင်သည် မြစ်လယ်သို့ ရောက်နေပြီး အမေ ဘယ်လောက်များ စိတ်ပူနေမလဲတွေးလျှက် ပဲ့ထောင်ပေါ်က ကုန်တွေ စိုကုန်မှာလည်း စိုးရိမ်သည်၊

"သားရယ် - မင်းအမေတော့ မင်းလိုက်တာသိရင် ဘယ်လောက်စိတ်ပူမလဲ၊ ဦးလေးတစ်ယောက်တည်း သွားမယ် ပြောသားနဲ့ကွာ"

"သားစိတ်မချဘူး ဦးလေးရယ်၊ တစ်ညလုံး ရွာနေတယ်လေ ဦးလေးမိန်းမက ပြောနေတာ"

www.burmeseclassic.com

www.burmeseclassic.com

"မိုးရွာဖို့ လိုသေးတယ်ထင်ပြီး မိုးကာတွေတောင် အသစ်မလဲရသေးဘူး၊ ကုန်တွေပါတော့ စိုကုန်မှာ စိုးရတယ်"

"ခရီးသည်တွေလည်း ထီးပါလာမယ် မထင်ဘူး၊ ဘာပဲပြောပြော ထီးဖွင့်ဆောင်းထားတော့ ခေါင်းလုံကြမှာပေါ့"

ပွဲထောင်ပေါ်မှာ ခရီးသည် တော်တော်များသည် မနက်ပိုင်း ထွက်တာဖြစ်လို့ တစ်ဖက်ကမ်းမှာ ကားတစ်ဆင့်နှင့် ရန်ကုန်ပို့ကုန်တွေလည်း ပါသည်၊

ရုတ်တရက်လေတိုက်ပြီး လှိုင်းတွေ လိမ့်တက်လာသည်၊

"ဟ - သားရေ၊ လေကျလာပြီ၊ မိုးလည်းပါလာတယ်ကွ၊ မိုးကာလိပ်ဖြုတ်ရအောင် မင်း စက်မောင်းတဲ့ နေရာလား"

"နေ - နေ - ဦးလေး၊ သားဖြုတ်လိုက်မယ်၊ ဒီလောက် လှိုင်းထနေတာ သားမမောင်းရဲဘူး၊ ပွဲထောင်ကိုလမ်းကြောင်းပြောင်းမှ ရမယ်ဗျ"

"အေးပါကွာ - ဦးလေးဘက်ကို စိတ်ချ၊ မင်းသာ သတိထားဖြုတ် ကြားလား"

"ဟုတ်ကဲ့"

သူ့ရဲ မျက်နှာမှာ လှိုင်းလုံးတွေကြောင့် ထိမှန်သောရေတွေက တစ်ခါတစ်ခါ အသက်ရှူဖို့တောင် မနည်းကြိုးစားရသည်၊

"ဟဲ့ - ဟဲ့ - လုပ်ပါဦး၊ ပွဲထောင် မောင်းတဲ့လူ လှိုင်းကိုခွဲမောင်း"

စောစောက ဦးတည်ထားသော လမ်းကြောင်းအားပြောင်းကာ ပွဲထောင်ကို လှိုင်းရှိရာ ဦးလှည့်ထားလိုက်သည်၊

လှိုင်းလုံးကြီးတွေအောက် မြုပ်သွားမလား ထင်ရသည်၊ သူ့ရကတော့ ပွဲထောင်ဘေးကပ်လိပ်ထားသော မိုးကာတွေကိုဖြုတ်ပြီး ပွဲထောင်ဘေးတွေ လုံအောင် ကြိုးစားနေဆဲ ...

"ဟဲ့ - ကောင်လေး ဒီလောက် မိုးများပြီး လှိုင်းကြီးနေတာ၊ လုပ်မနေနဲ့တော့ အထဲပြန်ဝင်"

"ရပါတယ် - အဒေါ်၊ လူတွေက အဝတ်လဲလို့ရပေမဲ့ ကုန်တွေစိုကုန်ရင် လျော်ရမှာဗျ၊ ပိုင်ရှင်လည်းပါတာမဟုတ်ဘူး၊ ကျွန်တော်တို့ တာဝန်ဖြစ်နေတာ"

တစ်ယောက်တစ်ပေါက် တားနေသော်လည်း သူ့ရနောက်မိုးကာတစ်ဖက်ကို ချဖို့လုပ်နေဆဲ၊ လူတွေက ပွဲထောင်ဘေးပေါင်တွေကို တင်းကြပ်စွာ ဆုပ်ကိုင်ထားတာဖြစ်လို့ သူ့ရပွဲထောင်အပြင်

www.burmeseclassic.com

ဘက် ပျဉ်ပေါင်တွေကတစ်ဆင့် ကျန်တစ်ဖက်ကိုဖြတ်ဖို့ကြိုးစားရသည်။

"ဟဲ့-ကောင်လေး၊အပြင်ကမလုပ်နဲ့၊ အန္တရာယ်များတယ်၊ ပစ္စည်းက ဘယ်လောက် အဖိုးတန်လို့လဲ၊ ဝင်လေအထဲကိုမြန်မြန်ဝင်"

"ရပါတယ် - အဒေါ်၊ လှိုင်းတွေ စောစောကလောက် မကြီးတော့ပါဘူး၊ မိုးသာ သည်းလာတာ"

သူ့ရအတွက် မှားခဲ့ပါပြီ၊ ပဲ့ထောင်ဘေးပေါင်တွေကတစ်ဆင့် တစ်ဖက်ကိုကူးဖို့ကြိုးစားရင်း လှိုင်းလုံးကြီးကအရှိန်ပြင်းစွာ "ဝုန်း"ခနဲ ရိုက်ချလိုက်သည်။

"အမယ်လေး - လုပ်ကြပါဦး"

"အမေရေ - ကယ်ပါ - သမီးကြောက်တယ်"

အထဲမှာတော့ ခရီးသည်တွေ ဆူညံနေတာကြောင့် လှိုင်းနှင့်အတူ မြစ်ထဲလွင့်ပါသွားသော သူ့ရကို စောစောက အဒေါ်ကြီးတစ်ယောက်သာ မြင်လိုက်သည်။

"ပဲ့ထောင်မောင်းတဲ့ ဦးလေး၊ စက်သတ်ပါဦး လူကျသွားပြီ"

"ခရီးသည်တွေ ငြိမ်ငြိမ်ထိုင်နေပါ ပြောရဲ့သားနဲ့ဗျာ"

"ခရီးသည်မဟုတ်ဘူးရှင့် - စောစောက မိုးကာတွေ ဖြတ်ပြီး မိုးမပက်အောင် လုပ်နေတဲ့ ကောင်လေး"

"ဗျာ"

ဦးစံနိုင်တစ်ယောက် ပဲ့ထောင်တစ်ခုလုံးရေထဲမြုပ်သွားသည့်နှယ်တုန်လှုပ်သွားသည်။ နှုတ်မှလည်း "သူ့ရသား သူ့ရ" ဟု အဆက်မပြတ်အော်ခေါ်နေလျက် အရှူးတစ်ယောက်လိုရေထဲစုန်ချချင်မိသည်။

လှိုင်းလုံးတွေက အစောပိုင်းကလောက်မပြင်းသလိုမိုးကလည်း ခပ်ဖွဲဖွဲသာ ရွာတော့သည်။

※

မထင်မှတ်ထားသော ချီးတူသံသည် ဒေါ်ချောအိပ်ခန်းနှင့်နီးရာ ပိတောက်ပင်ကြီးပေါ်မှ ကြားလိုက်သည်။

"တကူးကူး - ကူးကူး - တကူးကူး ကူးကူး"

"ဟင်"

ဒေါ်ချောရုတ်တရက် အိပ်ရာမှလန့်နိုးသွားသည်။

"ဘုရား - ဘုရား - ငါအိပ်ပျော်သွားလိုက်တာ၊ ညထင်နေတာ မွန်းတည့်ကြီးပါလား၊ အိပ်မက်ကလည်း ကြောက်စရာ



www.burmeseclassic.com

www.burmeseclassic.com

" ဒကာမကြီး ကတိမတည်မှုတွေကြောင့် ဒီလိုအဖြစ်ဆိုးတွေနဲ့ ခင်ဗျား သားလေး ပြန်သွားရတာ။ တကယ်တမ်းနေမယ်ဆိုရင် နေနိုင်ပါသေးတယ်။ မမြင်နိုင် မသိနိုင်တဲ့ လောကသားတွေကို ပေးပြီးတဲ့ ကတိတည်တာ အကောင်းဆုံးလို့ ကျုပ် ထင်တယ် ...



တောင်းလိုက်တာ၊ ချိုငုတ်လေးအောက်သံ ကြားပြီး လန့်နိုးလို့ တော်သေးတာပေါ့"

မနက်ပိုင်းမိုးတွေ မှောင်ပြီး သည်း ည်းစွာ ရွာချနေတာကြောင့် ဘုရားဝတ် ပုတီးစိပ်ပြီး အိပ်ရာပေါ် လှဲလိုက်စဉ် ကတွင်းအိပ်ပျော်သွားတာ နစ်နစ်မြိုက် တ်မို့ နာရီကြည့်တော့ မွန်းလွဲနေပြီ၊

မိုးတိတ်စပြုနေပြီ၊ သားလေး ပြန် လာတော့မှာ၊ ဟင်းတွေနွှေးထားဦးမှဆို သည့် စိတ်ကူးကြောင့် ခုတင်ပေါ်က စောင်လေးတွေခေါက်ဆဲ "အမေ - အမေ" ခေါ်သံ နားထဲကြားလိုက်သည်၊

ပြီးတော့ လှေခါးကတက်လာသည့် ခြေသံလည်း သတိထားမိတာကြောင့် သားရောက်လာလျှင်ဟင်းနွေးနွေးလေး စားရအောင် မီးဖိုထဲဝင်ခဲ့သည်၊

www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း ဟင်းနွေးပြီး အတော်ကြာပေမယ့် အိမ်ထဲမှာ သား လှုပ်ရှားသံ မကြားရပါ။

ဘယ်ကပြန်ရောက်ရောက် "အမေ ရေ - သားပြန်ရောက်ပြီ" လို့ အသံပြု တတ်သော ကလေး ဒီနေ့ ဘာတွေ အလုပ်ရှုပ်နေပါလိမ့်။

လှေခါးအတက်က "အမေ" လို့တစ် ခွန်းခေါ်ပြီး ငြိမ်သွားလိုက်တာ တက် ကြည့်ဦးမယ်အတွေးနှင့် အိမ်ထဲပြန်ဝင် လိုက်သည်။

သားအမိနှစ်ယောက်နေသောအိမ် လေးသည် ပကတိငြိမ်သက်နေလို့ ဒေါ်ချောရင်တွေပူလာသည်။ ညကအိပ် ခက်ထဲမှာ သားလေးက လှိုင်းထဲမှာ မြုပ် ချီပေါ်ချီနှင့်တဲ့။ တစ်ခုဖြေသာတာက ဒီနေ့ ပွဲထောင်နှင့် မလိုက်ခိုင်းလိုက်တာ တော်သေးသည်။

နောက်နေ့တွေလည်း မလိုက်ခိုင်း တော့ဟု ဆုံးဖြတ်ပြီး သား သွားခေါ်ဖို့ ခမောက်လေး ဖြုတ်ဆောင်းကာ ထွက် ည်အပြုညီမဖြစ်သူ မသြနှင့် ယောင်းမ တိုးတိုးတို့ မျက်စိမျက်နှာပျက်စွာ အိမ် ပေါ်ပြေးတက်လာသည်။

"အစ်မ - အစ်မ - ပြဿနာတက် နေပြီ၊ သူရကိုလေ - သားသူရကို"

"ဟင်"

ဘာမှ ဆက်မပြောရသေးမီ ဒေါ်ချော မူးမိုက်မေ့လဲကျသွားခဲ့ပြီ။ သမီး ယောက်မနှစ်ယောက် ပြုစုနေဆဲ အိမ်နီး ချင်းတွေလည်း ရောက်လာကြသည်။

"ဟဲ့ - ဘယ်လိုဖြစ်လို့တုံး။ မချော - မချော သတိထားဦးလေ"

"အစ်မ - အစ်မ ကျွန်မတို့ ဘာမှ မပြောရသေးဘူးလေ"

ဝိုင်းဝန်းပြုစုနေရာမှ ဒေါ်ချောသတိ ရလာတော့ မတ်ခနဲ ထထိုင်ရင်း ...

"ဟဲ့ - ပြောကြစမ်း။ မသြ ငါ့သား လေး လှိုင်းရိုက်သွားပြီလား"

"အို - အစ်မကို ဘယ်သူပြောလဲ၊ ကျွန်မတို့တောင် ခုမှ သိတာ"

"ဘယ်သူပြောတာ မပြောတာ အကြောင်းမဟုတ်ဘူး။ ဟိုကောင်စံခိုင် ငါ့သားကို တစ်ယောက်တည်း လွှတ် လိုက်တာ မဟုတ်လား"

"မဟုတ်ဘူး - အစ်မ၊ သားလေးတာ စိတ်မချလို့ သူ့ဦးလေးနဲ့ လိုက်သွား တာ"

ဒေါ်ချောရင်ထဲ ဟာခနဲဖြစ်သွားပြီး။ သားသူရမှာ အသက်တစ်ချောင်းတည်း ရှိတာ၊ တန်ခိုးရှင်လည်း မဟုတ်၊ ဒီလောက်လှိုင်းကြီး မိုးသည်းနေသည့်



www.burmeseclassic.com

www.burmeseclassic.com

မြစ်တွင်းက အသက်ရှင်လျက် ပြန်လာနိုင်တော့မည် မထင်တော့။

သမီးယောက်မ ညီအစ်မတွေ ဖိနပ်မပါထဘီတိုတိုဝတ်လျက်မြစ်ကမ်းဆိပ်ရှိရာ ပြေးထွက်ခဲ့ကြသည်။ မိုးကလည်း တိတ်ပြီ၊ လေလည်းငြိမ်လို့လှိုင်းမရှိတော့သော မြစ်ပြင်မှာ လှေသမားတွေ သူရကို ရှာဖွေနေတာ ကြည့်နေကြတဲ့လူတွေက ကမ်းလုံးညွတ်ပါ၏။

"သားလေး - သူရကို၊ သားလေး ရေ - အမေ တားရက်နဲ့ နားမထောင်ဘူး။ အမေ့ကို ရူးအောင် လုပ်ခဲ့မှာလား"

"အစ်မ - အစ်မ သတိထားပါ - အစ်မရယ်၊ ဟိုအောက်ဘက်ရောက်အောင် လှေသမား ပိုက်သမားတွေ ရှာနေကြပြီ၊ ပြန်တွေ့မှာပါစိတ်တင်းထားပါ အစ်မရယ်"

မြသြစိတ်ထဲမှာ သိနေသော်လည်း နှုတ်ကတော့ ကယောင်ကတမ်းပြောနေမိသည်။ နောက်ရက် နောက်ရက်တွေ လည်း ဆက်ရှာသေးသည်။

သူရကို တစ်ယောက်အလောင်းတောင် မတွေ့ရဘဲ လောကကြီးမှ ထွက်ခွာသွားခဲ့ရရှာသည်။

ဒေါ်ချောအရူးတစ်ပိုင်းတစ်ခါတစ်ရံ သူ့သားလေးများ မသေဘဲ ပြန်လာလေ မလားအတွေးဖြင့် ညဦးနက်သန်းခေါင် လည်း တံခါးဖွင့်ကြည့်မိသည်။

နေ့ခင်းဘက် တစ်ရေးအိပ်ချိန် လည်း ဖျပ်ခနဲလန့်နိုးလာကာ သူ့သား ပြန်လာလို့ ခြေသံကြားတယ်ပြောကာ လိုက်ရှာတတ်သည်။

ကြာတော့ ဆေးကုရသည့် အခြေ အနေ ရောက်သွားကာ ဆွေမျိုးတွေ ညစဉ်တစ်ယောက်နှစ်ယောက်လှည့် လာနေပေးရတော့သည်။

+++

"သူရကို တောင်ပေါ်ကျောင်း အတက် စောင်းတန်းမှာ တွေ့တယ်တဲ့"

"ဟင်"

"နင့် ဘယ်သူပြောလဲ၊ သူ့အမေ သိရင် ပြဿနာတက်မယ်၊ ဟုတ်ရဲ့ တော်သေးတယ်"

"ဖိုးကျော်တို့ ကောင်လေးအုပ်စု ပြောတာ ညနေစောင်းဘောလုံးကန်ပြီး အပြန် တန်ဆောင်းရှေ့ကကအဖြစ် သူတို့ကို ခပ်ဝေးဝေးက ကြည့်ပြီး စောင်း တန်းပေါ်တက်သွားတာတဲ့"

"ဟုတ်တယ် - ဖြူစို၊ ငါလည်း မ ပေမဲ့ တကယ်မသေဘဲ တောင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းရောက်နေသလားလို့။ ပြီးတော့ စောင်းတန်းရှေ့က ရေတမာပင်ကြီး အောက်မှာ ထိုင်နေတာ ငါ့ညီလေး တွေ့ သေးတာတဲ့"

သူရကိုအကြောင်းကျောင်းနေဖက် သူငယ်ချင်းတွေ တစ်ယောက်တစ်မျိုး ပြောစကားတွေကဒီလို နယ်မြို့လေးဖြစ် လို့ တစ်မနက်ခင်းမှာပဲ ဒေါ်ချောနားထဲ ရောက်သည်။

"သားလေး မသေသေးဘူးတဲ့၊ သားလေးကို သွားရှာမယ်"

ဘယ်သူတားတား သွားမှဖြစ်မည့် တိုင်း၊ ဒေါ်ချော ခေါင်းပေါ် တဘက်လေး တင် ထွက်ခဲ့သည်။

သည့်နောက်မှာတော့ ဆွေမျိုးတွေ တစ်ယောက်ပြီးတစ်ယောက် တောင်ပေါ်ကျောင်းရှိရာရောက်လာကြသည်။

အစပိုင်းကတော့ ဆရာတော် ဘာ စကားမှမပြောသေးဘဲသားစိတ်ကြောင့် အရူးတစ်ယောက် လို ဖြစ်နေသည့် ဒေါ်ချောကို သနားစိတ်နှင့် ကြည့်နေမိ သည်။

"ဘုန်းဘုန်း သားလေး ဒီမှာရှိနေ တယ်ဆိုတာ အမှန်ပဲလား ဘုရား"

"အင်း - ဒီကိစ္စက ဒကာမကြီး ပိုသိ မယ်ထင်တယ်၊ ကျုပ်က ဒီလိုတွေကြား သိပ်မဝင်ချင်ဘူး"

"တပည့်တော်မ ငယ်ကတည်းက ဒီကျောင်း၊ ဒီဘုရားမှာ လိုအပ်တာဖြည့် ပြီးကောင်းမှုကုသိုလ်လုပ်ခဲ့တာပါ၊ သား လေး အသက်ရှင်လျက် ဒီမှာရှိနေတာ လား - ဘုရား"

"ဖြစ်မှာမှာလား - ဒကာမကြီးရယ်၊ သူမသေလို့ဒီကျောင်းမှာရှိနေတဲ့နောက် အမေဖြစ်သူ ဒီလောက်စိတ်ဆင်းရဲပြီး အရူးတစ်ပိုင်းဖြစ်နေတာ အိမ်ပြန်လာမှာ ပေါ့"

"ဒကာမကြီး"

"ဘုရား"

"ဒကာမကြီး ကတိမတည်မှုတွေ ကြောင့် ဒီလိုအဖြစ်ဆိုးတွေနဲ့ ခင်ဗျား သားလေးပြန်သွားရတာ၊ တကယ်တမ်း နေမယ်ဆိုရင်နေနိုင်ပါသေးတယ်၊ မခြင် နိုင် မသိနိုင်တဲ့လောကသားတွေကိုပေး ပြီးတဲ့ကတိတည်တာ အကောင်းဆုံးလို့ ကျုပ် ထင်တယ်"

ဒေါ်ချော ဟန်မဆောင်နိုင်ဘဲ လူ အများရှေ့မှာပင် လူးလွန့်ငိုပြန်သည်။

"တပည့်တော် မှားတာပါဘုရား၊ မှားမှန်းလည်းသိပါပြီ၊ သားလေးကိုအိမ်



www.burmeseclassic.com

www.burmeseclassic.com

မက်ထဲမှာတောင် ပြန်မတွေ့ရတော့ဘူး ထင်ပါရဲ့၊ တပည့်တော်ကို ကယ်မယ့်လူ မရှိတော့ဘူးလား – ဘုရား"

ခဏမျှ မှုးမေ့လဲကျသွားသော ဒေါ်ချောကို ဥပုသ်သည် နားနေဆောင်ကို သယ်လာကြပြီး ကိုရင်လေးတွေက ကျောင်းမှာရှိသမျှ ဆေးလာပို့ကြသည်။

အားလုံး နောက်ကျသွားပြီ။ ဒေါ်ချော ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်ခြင်းမှတစ်ပါး ဘယ်လိုမှ မတတ်နိုင်ပါ။ သားလေးကို ဘယ်လိုရလာလည်းဆိုတော့ သူ့မသာ အသိဆုံးဖြစ်လို့ ယောက်ျားဖြစ်သူ မသေခင်ကတောင် သားအသက်ရှည်ရှည်နေရအောင် မင်းဝရှုစိုက်လို့ မှာခဲ့ရှာတာမဟုတ်လား။

※

ရောဝတီမြစ်ကမ်းနဖူးပေါ်က ဒီမြေလတ်မြို့ကလေးမှာ ရှေးဟောင်းဘုရားစေတီတွေ ပေါ်များလွန်းသည်။

တိုးရှေးအဆက်ဆက် မင်းဘုရင်တွေလက်ထက်က ကျန်ရစ်သောဘုရားအို အပြိုအပျက်များစွာသည် မြို့နှင့် ခပ်လှမ်းလှမ်းမှာ ရှိနေဆဲပါ။

ဘုရားဟောင်းတွေကိုမရောက်ခင် တောင်ပေါ်ကျောင်းကို ပြုပြင်ပြီး ဘုန်းကြီးသုံးလေးပါးနှင့် ကိုရင်ငယ်လေးတွေ နေပြီး နောက်မှ ဒီဘက်ပိုင်းမှာ အသွားအလာ ရှိခဲ့သည်။

တိတ်ဆိတ်စွာ တရားထိုင်မည့်သူ ဥပုသ်စောင့်သူမှလွဲ၍သိပ်စည်ကားခြင်း မရှိသော ဒီနေရာမှာ ကျေးငှက်တို့၏ အော်မြည်သံကို သံစုံကြားရသည်။ ပြုပြင်ထားသောစေတီလေးမှဆည်းလည်းသံလေးကိုလည်းကြားရသည်။

လပြည့်လကွယ်ရှစ်ရက် ဥပုသ်ရောက်တိုင်း မချော သူ့မိခင်နှင့် လိုက်ဥပုသ်စောင့်ကာ ဒီမှာပဲ တရားထိုင် ညနေစောင်းမှ ပြန်ဆင်းလာမြဲပါ။

မချော အိမ်ထောင်ကျပြီးတာ (၂) နှစ်လောက်ရှိပေမယ့် ကလေးမရှိသေး။ မချောရသည့်ယောက်ျားကလည်း တစ်မြို့တည်းသား သဘောကောင်းသူဖြစ်တော့ မိန်းမဥပုသ်စောင့်သွားသည့်နေ့တွင် အိမ်မှုကိစ္စ အဆင်ပြေအောင် လုပ်ထားလေ့ရှိသည်။

တစ်နေ့ မချောအရင်ရက်တွေလိုပဲ သီလယူ မနက်စာစား ခဏနားပြီး ပုတီးစိပ်ဖို့ တောင်ခြေလျှာစေတီလေးရှိရာ လျှောက်ခဲ့သည်။

www.burmeseclassic.com

စေတီလေး မရောက်မီ အပေါ် စောင်းတန်းကလှမ်းအကြည့် ကလေး တစ်ယောက် စေတီဘေးမှာ ပြေးဆော့ ကစားနေသည်။ ယောက်ျားလေးဖြစ်ပြီး အတော်ချစ်စရာကောင်းသည်။ မချော ကြည့်နေဆဲမှာပင် ပြေးဆော့နေသော ကလေးငယ်ဘယ်ရောက်သွားမှန်းမသိ၊ အပေါ်စီးကကြည့်လျှင် အားလုံးကိုထင်း နေအောင်မြင်ရတာကြောင့် သူ့မျက်စိ မှားသလားလို့ပင် ထင်မိသည်။

သူမ အိမ်ပြန်ရောက်လည်း ဒီ ကလေးသာ မျက်စိထဲမှာ မြင်ယောင် လျက် မနေနိုင်စွာ ယောက်ျားဖြစ်သူကို ဖွင့်ပြောပြဖြစ်သည်။

"မချောရယ် ဒီလောက်တောင် ကလေးချစ်တတ်ရင် သားလေးတစ် ယောက်လောက်ရအောင် ဆုတောင်းခဲ့ ပေါ့ကွာ"

"ရှင်က ကျွန်မပြောတာ မယုံလို့ လား"

"ဥပုသ်စောင့်လာတဲ့ အမေတွေပါ လာတာဖြစ်နေမလားမှ မသိတာ"

"မဖြစ်နိုင်ဘူး - ဘုန်းကြီးက ဥပုသ် သည် သားသမီးမြေးတွေ ခေါ်လာတာ လက်မခံဘူး၊ အနှောင့်အယှက်ဖြစ်လို့ တဲ့၊ ပြီးတော့ တောင်အောက်မှာရှိတဲ့ ဘုရားပြို ဘုရားပျက်တွေရှိရာ လျှောက် ဆော့မှာစိုးလို့တဲ့"

နောက်တစ်ပတ်တနင်္ဂနွေဥပုသ် မှာတော့ မချော သူ့ယောက်ျားပါခေါ်ပြီး တောင်ပေါ်ကျောင်းတက်ခဲ့သည်။

အရင်တစ်ခေါက်က ကလေးငယ် လေး ပြေးဆော့နေသော စေတီလေး ရှိရာနစ်ဦးသားရောက်ခဲ့ပြီးဘုရားဝတ်ပြု နေစဉ်အနောက်ဘက်ကျွန်းတောဆီက မွှေးကြိုင်သော တောပန်းနံ့ကလေးနှင့် အတူ အဆက်မပြတ် ရောက်လာ သည်။

"ဟာ - အတော်မွှေးတဲ့ ပန်းနံ့တွေ ပါလား၊ ဒါကြောင့်လည်း ဒီကျောင်းမှာ တရားထိုင်ဥပုသ် စောင့်ရတာ စိတ်ချမ်း သာတယ်လို့ ပြောတာကိုး၊ နောက်တစ် ပတ် ဥပုသ်စောင့်သွားရင် လိုက်ခဲ့မယ် မိန်းမရေ"

ဒီလိုနှင့် သကြံန်တွင်း ဥပုသ်ရက် ရှည်ပြီးလို့ အိမ်ပြန်ရောက်တော့ မချော ထူးဆန်းသောအိပ်မက် မက်ခဲ့သည်။

ဘုရားဘေးပတ် ပြေးနေသော ကလေးကို လက်ဆွဲပြီး အဘိုးအို တစ် ယောက် အိမ်ပေါ်တက်လာသည်။

www.burmeseclassic.com

"ဟဲ့ - နင် သားလေး မလိုချင်ဘူးလား"

"လို ချင် တာပေါ့ - ဘဘရယ်၊ ဒါပေမဲ့ - သမီးမှာ ခုထိ သားသမီးမှ မမွေးသေးတာ"

"အေးလေ - ရှည်ရှည်ဝေးဝေး မပြောတော့ဘူး။ ငါ့မြေးကလည်း နင့်ကို သံယောဇဉ်ဖြစ်နေတာ နင့်အိမ်သွားနေချင်လို့တဲ့ - ဒေါ်ထား"

"ရှင်"

"အေး - တစ်ခုတော့ မှာထားမယ်၊ ရှင်ပြုပြီးရင်တော့ သူ ပျော်ရင်နေစေ၊ နောက်ပိုင်းမှ သူ့သဘောပဲ"

"ဟုတ်ကဲ့ - ဘဘ၊ ထားခဲ့ပါ"

အိပ်ရာမှ ဖျတ်ခနဲနိုးလာတော့ ယောကျ်ားကို တစ်လုံးမကျန် ပြန်ပြောဖြစ်သည်၊ မရှောတစ်ယောက်တကယ်များဒီကလေးရောက်လာရင်ဝမ်းသာမှာဖြစ်ပေမယ့်ပြန်ခေါ်သွားမှာလည်း စိုးရိမ်သည်၊

ယူရကောင်းမလား မယူရကောင်းမလားတွေးနေဆဲ၊ မရှောကိုယ်ဝန်ရှိလာသည်၊ ပျော်လည်းပျော် ကြောက်လည်းကြောက်နှင့် ချစ်စရာကောင်းသောယောကျ်ားလေးကိုမွေးခဲ့သည်၊ အရွယ်ရောက် ကြီးပြင်းလာတာနှင့်အမျှ ရှောမောလှပသောရုပ်ရည်သည်သူ့ပတ်ဝန်းကျင်မှာ ပြောစမှတ်တွင်ခဲ့သည်။

သားလေးအရွယ်ရောက်လို့ လူလားမြောက်လာသော်လည်းပညာသင်ပေးရုံမှလွဲ၍ မရှော ရှင်ပြုမပေးခဲ့ပါ။

"သားလည်း ရှင်ပြုချင်တယ် - အမေ၊ သားကို ရှင်ပြုပေးပါ"

လို့ပူဆာတိုင်းမရှောနေမကောင်း ဟန်ဆောင် အိပ်ရာထဲလှဲနေတာ တစ်ပတ်လောက်၊ ပြီးတော့ တောင်ပေါ်ကျောင်းကို ဥပုသ်စောင့်တောင် မသွားတော့သူ့သားလေးနှင့်ပတ်သက်၍အိပ်မက်တစ်ခုလို သဘောထား မေ့ပစ်ခဲ့သည်၊

သားလေးဆယ်တန်းအောင်ပြီတက္ကသိုလ်ပို့မယ်၊ ချစ်သူရည်းစားရှိလာလျှင် အမြန်ပေးစားပြီး သားလေးဘဝပျော်အောင် ဖန်ဆင်းပေးဖို့ ရည်ရွယ်ထားခဲ့တာပါ။

ခုတော့ဒီလိုအဖြစ်မျိုးနှင့်သားလေးသူမကို စွန့်ခွာသွားခဲ့တာ အဓိက တရားခံက သူမ မဟုတ်လို့ ဘယ်သူရှိဦးမှာလဲ၊

မျက်ရည်တွေ စိုစွတ်လျက် မှိတ်မထင် အိပ်ပျော်သွားပြန်သည်၊

※



www.burmeseclassic.com

www.burmeseclassic.com

အိပ်ပျော်နေသည့် ဒေါ်ချော လှေကားထစ်ကို နင်းတက်လာသော ခြေသံကြောင့် မျက်လုံးဖွင့်ကြည့်သည်။

"ဟင်"

အံ့ညြိုင်းဝမ်းသာခြင်းကပြောမပြတတ်အောင်ပါ။ နားနေဆောင်လှေခါးမှ တက်လာသော သားလေးက ရုပ်အင်္ကျီအဖြူနှင့် ယောလုံချည်အညိုမှာ စရမ်းဖောက်ထားသည်။

"အမေ - အမေ"

မျက်ရည်ဝေ့သော မျက်လုံးများနှင့် ကြည့်ပြီး ဒေါ်ချောလက်တွေကို ဆုပ်နယ်ပေးနေတာ သတိထားလိုက်စဉ် သားလေး လက်တွေက အေးစက်နေသည်။

"သားလေး - သားလေး - အမေ့ကို ထားခဲ့ရက်သလားကွယ်၊ အမေ အရူးမကြီးလို ဖြစ်နေရပြီ သားရယ်"

"သားနေချင်ပါသေးတယ် - အမေ၊ ဒါပေမဲ့ ဘဘက သားကို ခုချိန်ထိ ရှင်ပြုမပေးသေးတာကို သိပ်စိတ်ဆိုးနေတာ၊ ပြီးတော့ သား ချစ်သူတွေထားပြီး အိမ်ထောင်ကျသွားရင် ပြန်မလာချင်မှာ စိုးတာတဲ့"

"သားရယ်"

"အမေ - သား ပြန်လာချင်သေးတယ်၊ ဒါပေမဲ့အမေ့ဆီတော့ပြန်လာလို့မရတော့ဘူး။ ဟိုသားရဲ့ သူငယ်ချင်း ဝတ်ရည်ကို ပြောပေးပါနော်။ သားပြန်လာချင်တယ်လို့"

"ဝတ်ရည် - ဝတ်ရည်ဆီ ဟုတ်လား။ ဘယ်လိုနည်းနဲ့ပြန်လာမှာလည်း သားရယ်။ အဲဒါတွေ အမေ မသိဘူး။ ခု သား ပြန်မသွားနဲ့တော့၊ မင်းက အမေ့သားလေးပါ၊ မသွားပါနဲ့ သားရယ်။ သား - သားလေး သူရကို"

ဒေါ်ချောအသံထွက်ခေါ်ရင်း သားလေး လက်ကို ဆွဲကိုင်ထားမိသည်။ စောစောကလို အေးစက်သော လက်မဟုတ်၊ နွေးထွေးသော လက်တစ်စုံပါ။

"အစ်မ - အစ်မ - သတိရပြီလား"

"ငါ့သားလေး စောစောက ဒီနားမှာ ထိုင်နေတာ၊ ငါ့သားလေး ဘယ်ရောက်သွားပြီလဲ"

"ဘယ်သူမှ မရှိပါဘူး။ အစ်မ အိပ်ပျော်သွားလို့ ကျွန်မတို့ရေနွေးသွားသယ်နေတာပါ"

ဒေါ်ချောက ဘာမှမပြောတော့ဘဲ ငြိမ်သွားတော့သည်။ အိပ်မက်လား တကယ်လားသူမကိုယ်တိုင်လည်းမခွဲတတ်တော့ပါ။

သားလေးပုံစံကတော့ မျက်စိထဲစွဲနေလျက်၊ ပြန်လာမည်ဆိုသောစကား

www.burmeseclassic.com

www.burmeseclassic.com

ကိုလည်း ဘယ်တော့မှ ဖမ့်မည်မဟုတ်ပါ။

တောင်ပေါ်ကျောင်းက ပြန်လာပြီး ဒေါ်ရှောငြိမ်သွားသလို အိမ်ထဲက အပြင်မထွက်တော့၊ အစားလည်း ကောင်းကောင်းမစား၊

သားလေး ပြန်လာမှာလို့ စိတ်ကူးရတဲ့အခါ ပြောတတ်သည်၊

သူရကို သူငယ်ချင်းတချို့တလေ ညနေစောင်းမှ ပြန်တက်သည့်အခါ တောင်ပေါ်ကျောင်းစောင်းတန်းအတက်ကို သတိထားကြည့်ကြသည်၊

ရေတမာပင်အောက်မှာများ တွေ့မလား၊ စောင်းတန်းမှာပဲ တွေ့မလားဟူသော အတွေးများနှင့် သွားရင်းလာရင်း သေချာကြည့်ကြသည်၊

ဒါပေမဲ့ နှစ်တွေသာကြာသွားလျက် သူရကို့ကို သူငယ်ချင်းတွေ ဘယ်သူမှ မတွေ့တော့ပါ၊ ဒီလိုနှင့် ဝတ်ရည်လည်း တက္ကသိုလ်နောက်ဆုံးနှစ် ရောက်ခဲ့ပြီ၊

မမျှော်လင့်ဘဲ ဝတ်ရည် လက်ထပ်တော့မည်ပြောတော့ သူငယ်ချင်းတွေ အားလုံး စိတ်မကောင်းဖြစ်ကြရသည်၊

သူရကို ချစ်သော ဝတ်ရည်သည် ဒီလောက် မြန်မြန်လက်ထပ်လိမ့်မည် မထင်သေးတာလည်း ဖြစ်သည်၊

"ငါ ဒီလို လက်ထပ်ဖို့ ဘာလို့ ခေါင်းညိတ်လိုက်တာလည်း သိလား၊ ငါ့အဖေကလည်း သူ့သူငယ်ချင်းသားနဲ့ လက်ထပ်စေချင်သလို ငါကလည်း သူရ ငါ့ဆီ ပြန်လာနိုင်ဖို့ပါ"

"ဘာ - နင်ပြောတဲ့စကား ငါတို့ နားမလည်ဘူး၊ ရှင်းအောင် ပြော"

"သူရ သေပြီးတဲ့နောက် ငါ့အိပ်မက်ထဲ ခဏခဏလာတယ်၊ မျက်နှာတော့ မကောင်းဘူး၊ ငါ ရှိတဲ့ဆီ လာချင်တယ်တဲ့၊ သူမသေခင် ချစ်ခင်ခဲ့တဲ့ သံယောဇဉ်ထက် ပိုချစ်တဲ့ ဘဝမျိုးဖြစ်ဖြစ်ပေါ့"

"အဲဒါ - ဘာပြောတာလဲ"

"ဒီဘဝမှာတော့ ငါ့ချစ်သူ ငါ့ယောက်ျားဖြစ်ဖို့ မလွယ်တော့ဘူးလေ၊ ဒီတော့ ငါ့သားသမီးအဖြစ် လာနေဖို့က လွဲပြီး ဘာလုပ်လို့ရမှာလဲ"

ဒီအကြောင်း ဒေါ်ရှော ကြားတော့ ဝမ်းသာသလို ဝမ်းလည်းနည်းခဲ့ရသည်၊ ဒီဘဝမှာ သူ့သားအဖြစ်ပြန်ရောက်မလာသော သားလေး နောက်တစ်ကြိမ် လူ့လောကထဲ ပြန်ရောက်လာတော့မှာလား၊

ဘယ်လိုဘဝမျိုးနဲ့ ဘယ်တော့ပြန်ရောက်လာမလဲ၊ နောက်တင် ဘယ်လိုပုံစံမျိုးနဲ့ ပြန်ထွက်သွားဦးမှာလဲ၊



www.burmeseclassic.com

www.burmeseclassic.com

ဧရာဝတီမြစ်ကြီးကတော့ မိုးမှာ လှိုင်းကြီးတွေနှင့် ရေစီးသန်ရင်းဆောင်း မှာ ကြည်လင်သောရေက စပ်မှန်မှန်စီး ရင်း နွေအခါ ပေါ်ထွန်းလာသည့် သဲ သောင်တွေကို လှည့်ပတ်စီးရင်း ရာသီ များစွာကိုဖြတ်ကျော်နေသလို ...

ဒီဧရာဝတီမြစ်ထဲမှာ ဘဝတစ်ခု အဆုံးသတ်ခဲ့သော သားလေးလည်း နောက်ဘဝတစ်ခုအတွက် ပြန်ရောက် လာဦးမှာလား။

သို့ပေမဲ့ - ဝတ်ရည်အိမ်ထောင်ကျ ပြီး သုံးနှစ်တိုင်ခဲ့သော်လည်း သားသမီး မရှိသေးတာကြောင့် အိပ်မက်ထဲမှာ ပြန် လာမယ်ပြောသော သူ့ရစကားအတိုင်း မျှော်လင့်နေသောဒေါ်ချောတစ်ယောက် နောက်တစ်ကြိမ်တောင်ပေါ်ကျောင်းကို ပြန်ရောက်လာခဲ့ပါပြီ။

စောင်းတန်းမှာ တွေ့မလား၊ ရေ တမာပင်အောက်မှာ တွေ့မလား။ ဇရပ် ဇလုခါးအတိုင်း တက်လာမလား။ ဘယ် မှာမှ ပြန်မတွေ့ရတော့ပါ။ သားလေး ဘယ်ရောက်နေပြီလဲ။ ဘာကြောင့်ပြန် မလာတော့တာလည်း သိခွင့်ရှိလျှင် သိ စမ်းချင်ပါရဲ့ကွယ်။

သားနှင့် အမေတို့ ဘဝရေစက်တ ဒီလိုနဲ့ပဲ အဆုံးသတ်သွားတာလား။ ဒီဧရာဝတီမြစ်ကြီးကိုမြင်တိုင်း အမေ့ ရင်တွေ နာကျင်ကြေကွဲနေတာတော့ သားလေးသူ့ရကို တစ်ယောက် သိမှ သိပါလေစ ...

ခင်မမလင်း (တကော)

## ⇨ အနာပေါက်ကုထုံး ⇦

**ကြက်သမာနာ**

မျက်ကွင်းတွင် ပေါက်တတ်သည်။ သနပ်မြစ်၊ ကြေးမြစ် အမှုန့်သွေး၍ လူး ပေးပါ။ သောက်ဆေးအဖြစ် လက်ထုပ် ကြီး၊ ကြေးမြစ်ကိုအမှုန့်သွေး၍သောက် ပါ။

www.burmeseclassic.com

www.burmeseclassic.com

မစန္ဒာ

# ကားကိုပရိတ်ရေနဲ့ မကြာခဏပက်ပေးပါ



ပန်းချီအောင်နိုင်လတ်

www.burmeseclassic.com

www.burmeseclassic.com

# ကားကို ပဂိုတ်ဂေါနဲ့ မကြာခဏ ပက်ပေးပါ

လူမြန်မာ

လွန်ခဲ့တဲ့ ၁၀ နှစ်တစ်ခုကျော် ကျွန်တော် ၁၀ တန်းဖြေပြီးခါစကပေါ့။ ကျွန်တော့်မှာ ဂစ်တာတီးဖော်တီးဖက် အရမ်းဆင်းရဲတဲ့ သူငယ်ချင်းတစ်ယောက်ရှိတယ်။ သူ့နာမည်က ကျော်ကျော်တဲ့။ သူ့အဖေက သူငယ်ငယ်ထဲက ဆုံးသွားခဲ့တာပါ။ သူ့အမေက လက်ဖက်ရည်ဆိုင်တစ်ခုက အဖျော်ဆရာတစ်ယောက်နဲ့ ထူပြီး သူတို့သားအမိက အဲဒီလက်ဖက်ရည်ဆိုင် နောက်နားလေးမှာ ကပ်နေကြတယ်။ ကျော်ကျော်နဲ့ ကျွန်တော်က ချောင်းမတူပါဘူး။ ဒါပေမဲ့ ဒီကောင်က ဂစ်တာတီးအရမ်းတော်တော့ ကျွန်တော်တို့ရပ်ကွက်ထဲ ဂစ်တာလာတီးရင်း ခင်သွားကြတာပါ၊ ကျွန်တော်ကလည်း ၁၀ တန်းဖြေပြီးခါစ အောင်စာရင်းစောင့်ရင်း နေ့ဆိုစာဖတ်၊ ညဆို ကျော်ကျော်တို့နေတဲ့ လက်ဖက်ရည်ဆိုင်မှာ သူငယ်ချင်းတွေစုထိုင်ပြီး နေ့လယ်က ဖတ်ထားတဲ့ စာအုပ်ထဲက စကားလုံးတွေကို သူငယ်ချင်းတွေစုထိုင်ပြီးနေ့လယ်က ဖတ်ထားတဲ့ စာအုပ်ထဲက စကားလုံးတွေကို သူငယ်ချင်းတွေကြားလေထွားခဲ့တဲ့အချိန်ပေါ့။ ကားမောင်းသင်ထားပေမယ့် အသက်က ၁၆ နှစ်ခွဲစမို့ လိုင်စင်တော့ မရှိပါဘူး။ ဆီထည့်တာနဲ့ ၂ လမ်းကျော်က အသွားအိမ်ရှေ့ကားသွားထိုးတာလောက်တော့ အဖေက ကျွန်တော့်ကို နိုင်းနေပါပြီ။ (အဲဒီတုန်းက ကျွန်တော်တို့နေတဲ့လမ်းက ကားများပြီးတစ်ခါတလေ ကားပါကင်နေရာ မရတတ်လို့ တားရှင်းတဲ့ ၂ လမ်းကျော်က အသွားအိမ်မှာသွားထိုးရတာပါ)။ ရန်ကုန်မြို့အနှံ့လမ်းတွေကိုတော့ ကျွန်တော့်မှာ ကျွမ်းကျင်မှု မရှိပါဘူး။

※

တစ်ညမှာတော့ အသွားအိမ်ရှေ့မှာ ကားသွားထားမလို့ ကားကိုယူပြီး လက်ဖက်ရည်ဆိုင်ကို ကျွန်တော်ထွက်လာ

www.burmeseclassic.com

ခဲ့ပါတယ်။ လက်ဖက်ရည်ဆိုင်က အပြန်မှ အသွားအိမ်ရှေ့မှာ ကားထိုးခဲ့ပြီး အိမ်ကိုလမ်းလျှောက်ပြန်မလို့ပါ။ လက်ဖက်ရည်ဆိုင်မှာစထိုင်ခါစမှာပဲ ရေးကြီးသုတ်ပျာနဲ့ လက်ဖက်ရည်ဆိုင်နောက်ဘက်ကနေ ကျော်ကျော်ထွက်လာပါတယ်။ ကျွန်တော့်ကိုလည်းမြင်ရော "သားကြီး - ငါ့ကို တစ်ခုကူညီစမ်းပါကွာ"

ကျွန်တော်လည်း ...

"မင်းက အလောတကြီး ဘာဖြစ်လာတာတုံး"

"ငါ့ဦးလေး အမောပြန်ဖောက်ပြီး အသည်းအသန်ဖြစ်နေလို့ မင်းကားနဲ့ ဆေးရုံကြီးအရေးပေါ်ကို လိုက်ပို့စမ်းပါကွာ"

ကျော်ကျော်ပြောတဲ့ဦးလေးဆိုတာ သူ့အမေရဲ့နောက်ယောက်ျားကိုဆိုလိုမှန်း ကျွန်တော်တို့အားလုံး နားလည်ပြီးသားပါ။

"မင်းကလည်းကွာ Taxi ငှားသွားလိုက်တာမဟုတ်ဘူး"

ကျွန်တော့်စကားကြောင့် ကျော်ကျော်လည်း -

"Taxi ငှားရင် ပိုက်ဆံကုန်မှာကွ၊ လူနာတင်မယ်ဆိုလည်း အချိန်က တင်ချင်မှတင်မှာ၊ လူနာတင်ယာဉ်ခေါ်လည်း ကြာနေဦးမယ်၊ လိုက်ပို့ပေးပါကွာ"

ကျွန်တော်လည်း ကျော်ကျော်တို့ ဆင်းရဲတာကိုလည်း သိနေ၊ လူကလည်း ငယ်၊ အစွမ်းအစလေးကလည်း ပြရင်တော့ လိုက်ပို့ပေးမယ်ဆိုပြီး ပြောလိုက်ပါတယ်။ ချက်ချင်းပဲ လက်ဖက်ရည်ဆိုင်နောက်ဘက်အခန်းထဲက လူနာကိုပိုင်း မပြီး ကားနောက်ခန်းထဲ ထည့်လိုက်ကြပါတယ်။ ကျွန်တော်က ကားမောင်း ကျော်ကျော်က ကျွန်တော့်ဘေးရှေ့ခန်းကနေ ထိုင်ပြီး နောက်ခန်းမှာ လူနာကို ပွေ့ထားတဲ့ လက်ဖက်ရည်ဆိုင်က စား ထိုးတစ်ဦးနဲ့ ကျော်ကျော့်ရဲ့အမေ လိုက်ပါလာပါတယ်။

ကျွန်တော်လည်း ရန်ကုန်ဆေး ကြီးကို မျက်မှန်းတန်းမိနေလို့ အလွယ် တကူ လမ်းမှတ်မိမယ်လို့ ထင်ထား သော်လည်း မောင်းရင်း တပ်မတော် သမိုင်းပြတိုက်နားကို ရောက်သွားပြီး ဘယ်နားကိုဆက်သွားရမှန်းမသိအောင် မျက်စိလည်သွားခဲ့ပါတယ်။ အဲဒီအချိန် မှာပဲ ကားစက်က ထိုးရပ်သွားခဲ့တယ်။

"အရေးထဲ ကားက ပျက်ပြန်ပြီ"


ကျွန်တော့်စကားကြောင့် ကား ကလူတွေ မျက်လုံးပြူးကုန်ပါတယ်။ နာဆီက ခက်ခက်ခဲခဲအသက်ရှူ ကြားနေရပါတယ်။ ကျွန်တော်လည်း ကားကိုဟိုနှိုက်၊ ဒီနှိုက်လုပ်လည်း



www.burmeseclassic.com

www.burmeseclassic.com

၆၆ အဲဒီမှာပဲ သွေးပျက်စရာတွေ စဖြစ်တော့တာပဲ။ Battery နဲ့ ဘာမှ ချိတ်ဆက်မှုမရှိတော့တဲ့ ကားမီးက ဆက်လက်လင်းနေပါတယ်။ ကျွန်တော့် စိတ်ထဲ ကျော်ကျော့်ရဲ့ ပထွေးမျက်နှာကြီး ပြေးမြင်လာပါတယ်။ ကားထဲ ကနေ ညည်းသံသဲ့သဲ့ကို ကြားမိသလိုပါပဲ။ ကျွန်တော်လည်း အိမ်ပေါ်တက် ပြေးတော့မယ်ဆိုပြီး ကားရှေ့အဖုံးကို ပိတ်လိုက်တဲ့အချိန်မှာပဲ ...



ပါဘူး။ ကားက ဆီပျောက်၊ မီးပျောက်စစ်တော့လည်း မထူးတာနဲ့ ကျော်ကျော့် အမေဆီမှာလူနာကိုပြောင်းပွေ့ခိုင်းထားပြီး ကျော်ကျော်နဲ့ပါလာတဲ့ စားပွဲထိုးလူကြီးကို ကားဆင်းတွန်းခိုင်းလိုက်ပါတယ်။ ကံအားလျော်စွာပဲကားကစက်နိုးသွားပါတယ်။

ကျွန်တော်တို့လည်း ဆေးရုံကြီးအရေးပေါ်ကို ဘယ်လိုသွားရသလဲလို့ မေးစမ်းပြီးထွက်လာခဲ့ကြပါတယ်။ လမ်းမှာကားတစ်ခါထိုးရပ်သွားလို့ဆင်းတွန်းကြရပါသေးတယ်။ လူနာဆီကတော့ ဘာသံမှ ထွက်မလာတော့ပါဘူး။ သတိလစ်သွားပြီထင်ပါတယ်။ ဆေးရုံကြီးကို ရောက်တော့ လူနာကို တွန်းလှည်းပေါ်တင်ပြီး ခေါ်သွားကြပါတယ်။ ကျွန်တော်လည်း အပြန်မှာ တစ်ယောက်တည်းဆိုလမ်းမှာ ကားထိုးမရပ်ပါစေနဲ့လို့ ဆုတောင်းရင်းရင်တထိတ်ထိတ်နဲ့ပြန်လာခဲ့ရပါတယ်။ ဒါတောင် ဆေးရုံကြီးရှေ့ကလမ်းကို တစ်လမ်းမောင်းမှန်းမသိဘဲ စွတ်ထွက်လိုက်တာ မျက်နှာချင်းဆိုင်ကကားတွေပွိုင့်ကနေအပြိုင်ထွက်လာတာမြင်မှ အမြန်ပြန်ကွေ့ပြီး မောင်းပြေးရပါသေးတယ်။ ဆေးရုံကြီးရှေ့ညဘက်ကားရှင်းလို့ တော်သေးတာပေါ့။ တဲ်

www.burmeseclassic.com

တောင်းထောက်မစွာပဲ အဘွားအိမ်ရှေ့ ရောက်တဲ့အထိ ကားက စက်မရပ်ပါဘူး။

"လှိုင်ထူး - လူလေး ဒီနေ့ကားလာထိုးတာ နောက်ကျလှချည်လား"

အိမ်ပေါ်ကနေလှမ်းပြောတဲ့အဘွားရဲ့အသံကြောင့် ...

"ဟုတ်တယ် - အဘွားရေ၊ ကျွန်တော် လက်ဖက်ရည်ဆိုင်ထိုင်နေလို့ နောက်ကျသွားတာ"

ကျွန်တော်မြို့ထဲကို ကားမောင်းသွားတာ အဘွားသိရင် စိတ်ပူမစိုးလို့ လိမ်ပြောလိုက်တာပါ။ အဘွားက စိတ်အရမ်းပူတတ်သူပါ။ ကျွန်တော်လည်း ကားကို ထားခဲ့ပြီး အိမ်ကို ပြန်လာခဲ့ပါတယ်။ အိမ်ရောက်တော့ အဖေက သစ်တောဦးစီးဌာနက အရာရှိတစ်ဦးမို့ ပြင်ဦးလွင်မှာသစ်တောကျောင်းဆင်းပွဲရှိလို့ ခရီးထွက်စရာရှိတာနဲ့ အိမ်ကလူတွေ အလုပ်ရှုပ်နေကြပါတယ်။ ကျွန်တော်လည်း ညစာအမြန်စားပြီး အခန်းထဲဝင်သွားလိုက်ပါတယ်၊ နောက်နေ့မနက်စောစောအဖေ့တပည့်တွေကားနဲ့အဖေ့ကို လာခေါ်သွားခဲ့ပါတယ်၊ ကျွန်တော်လည်း အဘွားအိမ်ကို မသွားဖြစ်တော့ပါဘူး။

※

နှစ်ရက်လောက်နေတော့ အဘွားဆီကနေဖုန်းလာပါတယ်။ ကျွန်တော့်ကို အဘွားက သူ့ဆီကို လာခဲ့ဖို့ ခေါ်တာပါ။ ကျွန်တော်လည်း အဘွားမုန့်ဖိုးများ ပေး မလို့လားလို့တွေးရင်း အဘွားအိမ်ကို ရောက်သွားတော့ထုံးစံအတိုင်းဧည့်ခန်းမှာထိုင်နေတဲ့အဘိုးကဝါ့မြေးလာဆိုတဲ့အပြုံးနဲ့ လှမ်းနှုတ်ဆက်ပါတယ်။ အဘိုးကို ကျွန်တော်လည်း ပြန်ရယ်ပြခဲ့ပါတယ်။ အသံထွက်ပြီးတော့ နှုတ်မဆက်ခဲ့ပါဘူး။ နှုတ်ဆက်လည်း အဘိုးကမမကြားနိုင်တာပဲ၊ အဘိုးက စစ်မှုထမ်းစဉ်ထဲက မိုင်းစတွေမှန်ပြီး နားနှစ်ဖက်စလုံး ကျွန်တော့် အမေ ခပ်ငယ်ငယ်ထဲက လေးနေတာလေ၊ အိမ်ထဲကနေထွက်လာတဲ့အဘွားက ကျွန်တော့်ကိုလည်း မြင်ရော...

"လှိုင်းထူး - နောက်ဆုံးကားလာထားတဲ့ ညက ကားကို ဘယ်တွေ လျှောက်မောင်းထားသေးလဲ"

အဘွားရဲ့အမေးစကားကြောင့် ကျွန်တော် စဉ်းစားရကြပ်သွားပါတယ်။ အဘွားအိမ်ထဲကနေ အိမ်ပြင်တောင် မထွက်တဲ့သူဆိုတော့ ကျွန်တော် ရဲ ကုန်ဈေးရုံကြီးအထိ ကားမောင်းသွားတာ ဘယ်လိုသိပါလိမ့်လို့လည်း တွေးမိပါတယ်၊ ဒါပေမဲ့ ဟန်ဆောင်ဖို့ ...



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်ဖြစ်လို့လဲ အဘွား"

အဘွားလည်း ကျွန်တော့်ကို စူးစမ်းသလိုကြည့်ရင်း...

"ကားက အစုရက်ပိုင်း ထူးခြားနေတယ်၊ ညဆို ကားရှေ့မီးက အလိုလိုပွင့်လာတယ်။ ဟွန်းကလည်း မြည်သံပေးတယ်၊ သူခိုးများလားဆိုပြီး မင်းဦးလေး (အမေ့ရဲ့မောင်) ဓာတ်မီးနဲ့ဆင်းကြည့်ရင် ဘာမှမတွေ့ရဘူး။ အဘွားကတော့ ကားမသန့်ဘူးထင်တယ်၊ အဲဒါကြောင့် ကားကို ဘယ်တွေလျှောက်မောင်းထားလဲလို့ ခေါ်မေးတာ"

"အဘွားကလည်း ကျွန်တော့်မှာ လိုင်စင်မှမရှိတာ၊ ဘယ်မှ မသွားပါဘူး။ သွားရင်အဖမ်းခံရမှာပေါ့"

ကျွန်တော့်ရဲ့ ပျာပျာသလဲအဖြေကြောင့် အဘွားလည်း မယုံသလိုကြည့်ပြီး...

"ဒါဆိုလည်း ပြီးတာပဲ၊ အစုညမင်းဦးလေးက သူ့သူငယ်ချင်းအမေနာရေးရှိလို့ ညအိပ်သွားမှာ၊ အဲဒါကြောင့် အစုည အဘွားတို့ဆီ ညလာစောင့်အိပ်ပေးဦး"

ကျွန်တော်လည်း လာအိပ်ပေးမယ့်အကြောင်းပြောပြီး ပြန်လာခဲ့ပါတယ်။ အဘွားအိမ်က ပြန်လာတော့ ညနေ ၅ နာရီလောက်ရှိပါပြီ။ အိမ်ပြန်ရေမိုးချိုးပြီး ဂျက်ကီချန်းကားအသစ်ငှားထားတာ သတိရတာနဲ့ ထိုင်ကြည့်လိုက်ပါတယ်၊ ခွေကြည့်ပြီး နာရီကြည့်လိုက်တော့ ည ၈ နာရီထိုးနေပါပြီ၊ အစုလောက်ဆို တိုကောင်တွေ လက်ဖက်ရည်ဆိုင်မှာထိုင်နေလောက်ပါပြီ၊ ငါလည်း ကျော်ကျော့ပထွေးကို ဆေးရုံပို့ပေးတဲ့နေ့ ပြီးထဲက လက်ဖက်ရည်ဆိုင် မရောက်ဖြစ်ဖူးလို့လည်း တွေးမိပါတယ်၊

ဒါပေမဲ့ အဘွားအိမ်မှာ နားလေးနေတဲ့အဘိုးရယ်၊ အဘွားနဲ့ အိမ်ဖော်ဒေါ်မိုးရယ်ပဲရှိနေတာကြောင့် အဘွားအိမ်ကိုပဲ ထွက်လာလိုက်ပါတယ်၊ ကျွန်တော်ရောက်တော့ အဘွားနဲ့အဘိုးလည်း သူတို့အကျင့်အတိုင်း ခပ်စောစောပဲအိပ်ရာဝင်သွားပါတယ်၊ ကျွန်တော်လည်း တရုတ်သိုင်းကားဇာတ်လမ်းတွဲတစ်ခွေ ထိုးကြည့်နေလိုက်ပါတယ်၊ အိမ်ဖော်ဒေါ်မိုးလည်း ဘယ်အချိန်က သူ့အိပ်ခန်းထဲဝင်သွားတယ်မသိပါဘူး၊ အသံမကြားရတော့ပါဘူး၊

"ကလင်..."

အဘွားတို့အိမ်က ဖုန်းအိုကြီးရဲ့ မြည်သံကြောင့် အဘွားတို့နိုးသွားမစိုးလို့ ဖုန်းကို အမြန်ကောက်ကိုင်လိုက်ပါတယ်၊

"ဟယ်လို"



www.burmeseclassic.com

www.burmeseclassic.com

"လှိုင်ထူး-ငါ-ဇာနည်"

တစ်ဖက်မှ သူငယ်ချင်းဇာနည်ရဲ့ အသံကြောင့်အဘွားတို့အိမ်ကတိုင်ကပ်နာရီအိုကြီးကိုကြည့်လိုက်တော့ ည ၁၀ နာရီ ထိုးခါနီးပါပြီ။ ဇာနည်က အဘွားအိမ်ဖုန်းနံပါတ်သိတော့ အဘွားတို့အိမ်မှာ ကျွန်တော်ရောက်နေရင်လည်း ဖုန်းခေါ်နေကြပါပဲ။

"အေး-ဇာနည်ပြော"

"မင်း လက်ဖက်ရည်ဆိုင်မလာလို့ ဘာဖြစ်နေလဲဆိုပြီး မင်းဆီ ဖုန်းဆက်တာ။ မင်းအမေက အဘွားအိမ်သွားအိပ်တယ်ဆိုလို့ ဆက်လိုက်တာ။ ဘာတွေနာကာစ်နေတာလဲ"

"ဘာမှနာမကာစ်ပါဘူးကွာ။ မနေ့ညတအပြင်မထွက်ဖြစ်လို့မလာတာ။ အခုညတော့လာမလို့ပဲ။ နောက်ကျသွားတာနဲ့အဘွားအိမ်ကိုစောင့်စရာလည်းရှိနေလို့မလာဖြစ်တာ"

"အေး-ကျော်ကျော်ကတောင်သူ့ပထွေးနာရေးမင်းမလာလို့မေးနေသေးတယ်"

ဖုန်းထဲက ဇာနည့်အပြောကြောင့် ကျွန်တော်လည်း အံ့ဩသွားခဲ့ရပါတယ်။

"ဘာ-ကျော်ကျော့်ပထွေးဆုံးသွားပြီဟုတ်လား၊ ဘယ်တုံးကလဲ"

ဇာနည်လည်း အံ့ဩသွားသံဖြင့်—

"မင်းမသိဘူးလား၊ ကျော်ကျော်ပြောတာတော့ မင်းကားနဲ့ ဆေးရုံလိုက်ပို့တဲ့ညက မင်းရဲ့ကားပေါ်မှာပဲ ဆုံးသွားတာ၊ ဆေးရုံရောက်တော့ အသက်ပါမလာတော့ဘူးတဲ့"

ဇာနည့် ရဲ့စကားသံအဆုံး ကျွန်တော်လည်း အံ့အားသင့် သွားခဲ့ရပါတယ်။ စကားလမ်းကြောင်းမြန်မြန်ဖြတ်ပြီး မနက်ဖြန်ချမယ့် အသုဘကို လိုက်ပို့မယ့်အကြောင်းပြောလိုက်ပါတယ်။ ဖုန်းချပြီး ဘာလို့မှန်း သေသေချာချာမသိပေမယ့်စိတ်ထဲက ခပ်လေးလေးကြီးဖြစ်သွားပါတယ်။ ဒါနဲ့ပဲကြည့်လက်စတရုတ်သိုင်းကားကို ဆက်ကြည့် နေလိုက်တယ်။ အချိန်တွေကတရွေ့ရွေ့ကုန်သွားခဲ့ပါတယ်။

※

"ဒေါင်-ဒေါင်-ဒေါင်-ဒေါင်"

နေ့လယ် ၁၂ နာရီနဲ့ ည ၁၂ နာရီမှသာ အသံထမြည်တတ်တဲ့ အဘွားတို့အိမ်က နာရီကြီးရဲ့အသံထွက်ပေါ်လာပါတယ်။ နာရီသံအဆုံးမှာပဲ...

"တီ..."

ဆိုတဲ့ ကားဟွန်းသံသဲ့သဲ့ကြားလိုက်ရပါတယ်။ ကျွန်တော်လည်းကြက်သီးတွေတဖြန်းဖြန်းထသွားခဲ့ပြီးပြတင်း

www.burmeseclassic.com

www.burmeseclassic.com

ပေါက်ကနေ အမှတ်မထင် အိမ်ရှေ့ကို လှမ်းကြည့်လိုက်တော့ ကားမီးသီးက ပွင့်နေပါတယ်။ စိတ်ထဲက မသိုးမသန့်တော့ ခံစားလိုက်ရတယ်။ ဒါပေမဲ့ ဒီကားတော့ ဝါယာတွေပူးနေပြီလို့ စိတ်ထဲကနေ ယုတ္တိရှိရှိပဲ တွေးလိုက်ပါတယ်။ မနက်ထိလင်းနေရင် ဘက်ထရီပြန်ဒေါင်းသွားဦးမယ်လို့ တွေးမိတာနဲ့ ကားသော့ကိုယူပြီး အိမ်အောက်ကို ဆင်းလာပါတယ်။

တစ်လမ်းလုံး ခွေးဟောင်သံတောင် မကြားရအောင် တိတ်ဆိတ်နေပါတယ်။ ကျွန်တော်လည်း ကျောချမ်းလာတာနဲ့ ကားတံခါးအမြန်ဖွင့်ပြီး ကားရှေ့အဖုံးဖွင့်တဲ့ခလုတ်ကို ဆွဲလိုက်ပါတယ်။ ကျွန်တော့်အကြံက Battery ကြိုးဖြုတ်ထားမလို့ပါ။ ကားအဖုံးကို မတင်ပြီး ကားထဲကယူလာတဲ့ ဝက်အူလှည့်နဲ့ Battery ကြိုးကို ဖြုတ်လိုက်ပါတယ်။ Batter နဲ့ ကားနဲ့ ဆက်သွယ်မှု ပြတ်တောက်သွားပါပြီ။ အဲဒီမှာပဲ သွေးပျက်စရာတွေ စဖြစ်တော့တာပဲ။ Battery နဲ့ ဘာမှ ရှိတ်ဆက်မှုမရှိ

တော့တဲ့ကား... ပါတယ်။ ကျွန်တော့်စိတ်ထဲ တော့... ရဲ့ ပထွေးမျက်နှာကြီး ပြေးမြင်လာ... တယ်။ ကားထဲကနေ ညည်းသံသဲ့သဲ့... ကြားမိသလိုပါပဲ။ ကျွန်တော်လည်း အိမ်... ပေါ်တက်ပြေးတော့မယ်ဆိုပြီး ကားရှေ့... အဖုံးကို ပိတ်လိုက်တဲ့အချိန်မှာပဲ —

"ဒုန်း"

ဆိုတဲ့ ကားရှေ့ဖုံးပိတ်သံနဲ့အတူ —

"တီ - တီ - တီ - တီ"

ကားဟွန်းသံတွေ အဆက်မပြတ်... ထွက်ပေါ်လာခဲ့ပါတယ်။ ကားရှေ့အဖုံး... လည်း အပိတ်ဟွန်းသံတွေ အဆက်... မပြတ်ထွက်လာတာနဲ့ တစ်ပြိုင်နက်... ကားရှေ့ခန်းထဲက တစ်စုံတစ်ခုကို ကျွန်... တော်မြင်တွေ့လိုက်ရချိန်မှာတော့ —

"အား..."

(ကားဆိုတာကိုစွဲအမျိုးမျိုးနဲ့ နေရ... စုံသွားနေရတာမို့သင့်ကားကိုပရိတ်ချေ... နဲ့ မကြာခဏပက်ပေးရင်တော့ ကျွန်... တော်ကြုံခဲ့သလိုအဖြစ်တွေနဲ့ တင်း... မှာပါ။ ကျွန်တော် ဘာမြင်ခဲ့သလဲဆ... တော့...)

www.burmeseclassic.com

www.burmeseclassic.com

# ဝိဇ္ဇာမိုရ်နိဒါန်း



www.burmeseclassic.com

www.burmeseclassic.com

# ဝိဇ္ဇာဓိုဂိနုဒါန်း

သောင်းတင့်စိုး
(လှိုင်သာယာ)

တစ်နေ့ ကျွန်ုပ်သည် အင်းစိန်ဘူတာမှတစ်ဆင့် ရန်ကုန်ဘူတာကြီးဘက်သို့သွားသော မီးရထားတစ်စင်းပေါ်၌ စီးနင်းလိုက်ပါလာခဲ့လေ၏။ ကျွန်ုပ် ထိုင်ရသည့်နေရာသည် ပြတင်းဝ၏ အနားတွင်ဖြစ်ပြီး ကျွန်ုပ်၏ဘေးတွင်မူ အသက်အားဖြင့် (၆၀) ကျော်ပြီဟု ခန့်မှန်းရသော ခပ်နွမ်းနွမ်းအဝတ်အစားများကို ဝတ်ဆင်ထားသည့် အဘိုးကြီးတစ်ဦးလည်း အိပ်ငိုက်၍လိုက်ပါလာလေ၏။ ကျွန်ုပ်၏ ရှေ့တူရူတည့်တည့်တွင်မူ အသက်အားဖြင့် နှစ်ဆယ် ခန့် မျှရှိသော လူငယ်ယောကျ်ားတစ်ဦးသည် လယ်တီဆရာတော်ဘုရားကြီး၏ ဝိဇ္ဇာမဂ္ဂဒီပနီကျမ်းစာအုပ်ကြီးကို စိတ်ဝင်တစားဖတ်၍ လိုက်ပါလာခဲ့ပြန်လေ၏။

ထိုလူငယ်၏အသားအရေမှာ မဖြူဘဲဝါသည့်ဘက်သို့ ယိမ်းနေပြီး ရုပ်ရည်မှာမူ ယောကျ်ားပီသသော ရုပ်ရည်မျိုးဖြစ်၏။ မေးရိုးမှာကြီးပြီး အနည်းငယ်ကား၏။ မျက်လုံးများမှာ အများနှင့် မတူအောင် မျက်ဆံနက်ကြီး၏။ မျက်ခုံးမှာမူ ဖြက်ကဲ့သို့ ထူပြီးလျှင် အရေးမှာ ဖြောင့်တန်း၍ သွယ်ပြီးဆင်းသွားလေ၏။ နှုတ်ခမ်းမှာမူကား အပေါ်နှင့်အောက် အနည်းငယ်ပါးသည်ဟုထင်ရသော်လည်း အောင်းအိ၍ နေလေ၏။ နှာခေါင်းမှာမူကား မျက်နှာပြင်တစ်ခုလုံးနှင့် အလိုက်ဖက်ဆုံး၊ အဆင်ပြေဆုံးဖြစ်အောင် ရှိနေရုံမျှမက နှာရိုးမှာ အနည်းငယ် ပို၍မြင့်လေ၏။

ထိုအချက်များကို ကြည့်ရှု၍ ကျွန်ုပ်သည် ဗေဒင်ဆရာပီပီ ထိုလူငယ်၏စိတ်ကို အကဲခတ်ကြည့်လိုက်ရာ ထိုလူငယ်သည် အလုပ်တစ်ခုကို လုပ်ပြီဆိုလျှင် ဇွဲရှိရှိနှင့် လုပ်မည့် လူစားမျိုးဖြစ်၏။ သနားကြင်နာတတ်ပြီး မိမိနှင့်ပတ်သက်သော ဆွေမျိုးဉာတကာများကိုလည်း ကူညီစောင့်ရှောက်မည့်သူမျိုးဖြစ်၏။

www.burmeseclassic.com

စိတ်နေသဘောထားလွန်စွာပြည့်ဝကာ ဖြောင့်မတ်တည်ကြည်သူ ဖြစ်ရုံမျှမက အနုပညာဘက်တွင်လည်း အဆိုအတီး တို့ပါ ဝါသနာပါမည့် လူစားမျိုးဖြစ်လိမ့်မည်ဟု တွေးမိခဲ့လေ၏။

ရထားသည် တဖြည်းဖြည်းနှင့် ထွက်ခွာလာခဲ့ရာ ဟံသာဝတီမှတ်တိုင်သို့ ရောက်သည်နှင့် အသက်အားဖြင့် (၃၀)ခန့်မျှရှိသော အမျိုးသမီးတစ်ဦးနှင့်အသက် (၅) နှစ်အရွယ်ကလေးငယ် တစ်ဦးတို့အတူတက်လာပြီးလျှင်ကျွန်ုပ်တို့၏ခုံအနားသို့လာ၍ရပ်လေ၏။ လူငယ်သည်သူ၏ဖတ်လက်စစာအုပ်ကိုလွယ်အိတ်ထဲသို့ထည့်ကာ အမျိုးသမီးနှင့် ကလေးငယ်တို့ ထိုင်ရန်အတွက် နေရာ ထပေးရင်း ...

"အစ်မ – ထိုင်ပါခင်ဗျ ထိုင်ပါ၊ ကလေးနဲ့ဆိုတော့လွတ်လွတ်လပ်လပ် ထိုင်မှအဆင်ပြေတာ မဟုတ်လား"

ဟုတရိုတသေပြောလေ၏။ အမျိုးသမီးလည်း ခရီးဝေးသည် ထင်၏။ ကျေးဇူးတင်ကြောင်းပြောပြီး ချက်ချင်း ထိုင်လိုက်လေ၏။ လူငယ်လည်း မတ်တတ်ရပ်၍ ခရီးတစ်လျှောက်လုံး လိုက်ပါလာခဲ့လေ၏။ မှတ်တိုင်အနည်းငယ် လွန်သောအခါကလေးငယ်သည်ရထားပေါ်၌လှည့်လည်ရောင်းချနေသောမုန့်ပဲသရေစာသည်များကိုတစ်သည်ပြီးတစ်သည် ခေါ်၍မိခင်ကို ဝယ်ခိုင်းလေ၏။

သို့သော်မိခင်ကမဝယ်ပေးဘဲတစ်သည်ပြီးတစ်သည်ငြင်းလိုက်သောအခါ ကလေးငယ်သည် သူ၏ လက်ထဲမှ ရေသန့်ဘူးကို စိတ်ကောက်ကောက်နှင့်ထိုချင်ရာထိဆိုပြီးပစ်လိုက်ရာတစ်လမ်းလုံးအိပ်ငိုက်လာသည့် အဘိုးကြီးကိုမှ သွား၍ ထိမှန်လေတော့၏။ ရေသန့်ဘူးမှာအဖုံးပွင့်၍သွားပြီး အဘိုးကြီး၏ ပုဆိုးတစ်ထည်လုံးကို ရွှဲစိုကုန်လေတော့၏။ အဘိုးကြီးသည်အိပ်ပျော်နေရာမှလန့်နိုးသွားပြီး ကလေးကို မျက်လုံးမျက်ဆံပြူးနေအောင် ကြည့်၍ ...

"ဘယ်လို-ဗိုင်းနာမကလေးလည်း မသိဘူး၊ အကုန်လုံးစိုကုန်ပြီ၊ တော်ပြီ- ရေ့ဘူတာရောက်တာနဲ့ ဆင်းတော့မယ်၊ သင်းတို့နဲ့တစ်လမ်းထဲတစ်ခရီးထဲ သွားနေရင်ဒေါသထွက်လို့လိုရာရောက်မှာ မဟုတ်ဘူး၊ ငါ့ဘာသာ မြေလျှိုးမိုးပျံ ခရီးနဲ့ပဲ သွားတော့မယ်"

ဟုစိတ်ဆိုးဆိုးဖြင့် ပြောပြီး ဘူတာ၌ ရထားရပ်သည့်အခါ ဆင်းသွားလေ

www.burmeseclassic.com

၏။ ကျွန်ုပ်သည် ထိုအဘိုးကြီးပြောလိုက်သောစကားကို ကြားလိုက်ရသည့်အခါတွင် ကြည့်ရတာစိတ်ကောင်းဗွာမန္တဘူး ထင်ပါတယ်ဆိုသော အတွေးမျိုးဖြင့် ပြုံးလိုက်မိလေ၏။ ကျွန်ုပ်နှင့်အတူ လူငယ်လည်း ပြုံးပြုံးကြီးဖြစ်နေသည်ကို တွေ့ရလေ၏။ အမျိုးသမီးသည် သူ့အားအဘိုးကြီးက မိုင်းနာမဟုပြောဆိုသွားသည်ကို ရှက်သွားပုံရလေ၏။ ကျွန်ုပ်တို့ကိုပင် ခေါင်းပင်ဖော်၍ မကြည့်တော့ပေ။ သားဖြစ်သူကိုလည်း နင့်ကြောင့်ဖြစ်တာဟု မပြောဆိုသော်ငြား နှုတ်ခမ်းကို တင်းတင်းစေ့ကာ ပြန်ကြည့်လိုက်သော သူမ၏ အကြည့်တစ်ချက်သည် ထိုကလေးအတွက် တစ်လမ်းလုံး ဘာမှမပူဆာရဲတော့ရအောင် ငြိမ်သွားလေတော့၏။

အဘိုးကြီး ဆင်းသွားသည့်အခါ ဓာတ်တတ်ရပ်၍ လိုက်ပါလာခဲ့သော လူငယ်သည် လွတ်နေသော ကျွန်ုပ်၏ နံဘေးတွင် ဝင်ရောက်ထိုင်လိုက်လေ၏။ ထိုအချိန်မှစ၍ လူငယ်နှင့် ကျွန်ုပ်သည်းတစ်လမ်းလုံးလေပေးဖြောင့်ကာ ခင်မင်ခဲ့ကြလေ၏။

"အစ်ကိုကြီး နာမည်က ဘယ်လိုခေါ်တာလဲဗျ"

"အစ်ကိုကြီး နာမည်က သောင်းတင့်စိုးပါ"

"ဩော် – ဟုတ်ကဲ့ – အစ်ကိုကြီးသောင်းတင့်စိုး။ ညီလေးနာမည်က သုခပါ။ ဒါနဲ့ အစ်ကိုကြီးက ဘယ်ကိုသွားမှာလဲ"

"အစ်ကိုကြီးက ဗေဒင်ဆရာပါ။ အလုပ်ပိတ်တဲ့ရက်တိုင်း အစ်ကိုကြီးက ရွှေတိဂုံဘုရားကိုသွားပြီး ပုတီးအမြဲစိပ်လေ့ရှိတယ်။ ဒီနေ့ဟာ အကိုကြီးအလုပ်ပိတ်တဲ့ရက်မို့ ဘုရားမှာ ပုတီးသွားစိပ်မလို့ပါ"

"ဟုတ်ကဲ့ပါ – အစ်ကိုကြီး။ ညီလေးကတော့ အလုပ်ပိတ်တဲ့ရက် မပြောပါနဲ့ အလုပ်ကို မရှိတာပါ။ မရှိတာထက် မလုပ်တာပါ။ ကျောင်းပြီးကတည်းက ပုတီးစိပ်ပြီး အဓိဋ္ဌာန်တွေ လိုက်ဝင်နေတာပါ။ ကျွန်တော်က ဝိဇ္ဇာပညာရပ်တွေကို စိတ်ဝင်စားပါတယ်။ အစ်ကို တတ်ထားတဲ့ ဗေဒင်ပညာကိုလည်း စိတ်ဝင်စားတယ်။ အစ်ကိုကြီးနဲ့ တွေ့ရတာ တဲ့ကောင်းတယ်လို့ မှတ်ပါတယ်ဗျာ။ ဒါကြောင့်မို့ ကျွန်တော် သိချင်တဲ့ ဗေဒင်ပညာတွေရှိရင်မေးမယ်ဗျာနော်။ ရတယ်မို့လား"

ဟု ကျွန်ုပ်ကို မေးလျှင် ကျွန်ုပ်ကလည်း...

www.burmeseclassic.com

"ရပါတယ် - ညီလေးရဲ့ အစ်ကိုသိ သလောက် တတ်သလောက်ကတော့ ရှင်းပြနိုင်ပါတယ်၊ ဒါနဲ့ ညီလေးကကော အခု ဘယ်ကိုသွားမှာလဲ"

ဟု ပြန်မေးလိုက်၏၊ ထိုအခါ လူငယ်က...

"ကျွန်တော်လည်းအစ်ကိုကြီးလိုပဲ ရွှေတိဂုံဘုရားကိုသွားပြီး ပုတီးစိပ်မှာ အစ်ကိုကြီးရဲ့ ရွှေတိဂုံမှာ အဓိဋ္ဌာန်ဝင်နေတာလေ"

ဟု ပြန်၍ဖြေလေ၏၊ ရထားသည် မကြာမီ ကျွန်ုပ်တို့နှစ်ဦး ဆင်းရမည့် ဘုရားလမ်းဘူတာသို့ရောက်ရှိလာလေ၏၊ ကျွန်ုပ်တို့လည်း ရထားပေါ်မှ ဆင်းလိုက်ကြလေ၏၊ အောက်သို့ ရောက်သောအခါလူငယ်က...

"အစ်ကိုကြီး ကုန်းပေါ်တက်ပြီးတာနဲ့ကားငှားလိုက်တော့မယ်၊ တစ်ထောင်ပဲ ပေးရမယ်၊ ညီလေး ပေးလိုက်မယ်၊ ခရီးစရိတ်ဒါနပြုတာပါ"

ဟုပြောလေရာကျွန်ုပ်လည်းဘာမှ ပြန်မပြောဘဲခေါင်းကိုသာညိတ်ပြလိုက်လေ၏၊ ကျွန်ုပ်တို့သည်ပလက်ဖောင်းမှ တစ်ဆင့် တံတားပေါ်ကို ဖြတ်လျှောက်လာကြပြီးကုန်းထိပ်ပေါ်သို့တက်ကြလေ၏၊ ကုန်းထိပ်ပေါ်သို့ရောက်လျှင်လူငယ်က တက္ကစီတစ်စီးကို ငှားလိုက်လေ၏၊ သိပ်မကြာပါ၊ ကျွန်ုပ်တို့စီးနင်းလာသောကားသည် ရွှေတိဂုံဘုရား မြောက်ဘက်မုခ်ရှိ ခြင်္သေ့ကြီး နှစ်ကောင်ရှေ့သို့ ရောက်ရှိသွားကြလေရာ ကားပေါ်မှ ဆင်းပြီးဖိနပ်အပ်သည့်နေရာတွင်ဖိနပ်များအပ်ကြလေ၏၊ ဖိနပ်လက်ခံသူမိန်းကလေးက...

"နှစ်ရံပေါင်းပြီး လက်မှတ်တစ်ခုတည်း ပေးရမလားရှင်"

ဟု မေးလေရာ လူငယ်က...

"အစ်ကိုတို့ တစ်ယောက်နဲ့ တစ်ယောက်ပြန်ကြမယ့်အချိန်ချင်းကတူမှာ မဟုတ်ဘူး ညီမရဲ့ ဒါကြောင့် အစ်ကိုတို့ကို တစ်ယောက်တစ်ရွက်စီသာ ပေးပါ"

ဟု ပြန်၍ဖြေလိုက်လေ၏၊ မိန်းကလေးသည်ကျွန်ုပ်တို့နှစ်ဦးအားလက်မှတ်တစ်ရွက်စီ ပေးလေ၏၊ ကျွန်ုပ်၏ နံပါတ်မှာ ၁၅ဖြစ်ပြီးလူငယ်၏နံပါတ်မှာ ၁၆ဖြစ်လေ၏၊ ကျွန်ုပ်တို့သည်လက်မှတ်များကိုယူ၍ စောင်းတန်းအတိုင်း တက်ခဲ့ကြရာ ယက္ခမယ်တော်ကြီးနန်းတော်ကို ကျော်၍ ဝိဇ္ဇာတန်ဆောင်းရှေ့သို့ ရောက်ရှိခဲ့ကြလေ၏၊

"ဒါနဲ့အစ်ကိုကြီးက ဘယ်နေရာမှာ ပုတီးစိပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com

ဟု မေးလိုက်လျှင် ကျွန်ုပ်က ...

"အစ်ကိုကြီးက ဗုဒ္ဓဟူးထောင့်မှာ ပုတီးစိပ်မှာ ညီလေးရေ။ ဒါနဲ့ ညီလေး ကကော"

ဟု ပြန်၍ မေးလိုက်လေ၏။

"ညီလေးက သောကြာထောင့်မှာ ပုတီးစိပ်ရမှာ အစ်ကိုကြီးရဲ့ နေရာချင်း မတူတဲ့အတွက်ကြောင့် အစ်ကိုကြီးနဲ့ ညီလေးတို့ဒီကနေ ကိုယ်ပုတီးစိပ်ရမယ့် နေရာဆီကို သွားဖို့အသီးသီးလမ်းခွဲကြရအောင်။ ဪ - ဒါနဲ့ အစ်ကိုကြီး ညီလေး တစ်ခုပြောချင်လို့။ ညီလေးဗုဒ္ဓဟူးထောင့်မှာ ပုတီးစိပ်လို့ ပြီးသွားရင် ချက်ချင်းမပြန်တတ်ဘူး။ ဝိဇ္ဇာတန်ဆောင်းမှာ ခဏဝင်ပြီး ထိုင်တယ်။ အစ်ကိုကြီး ရောက်လာလို့မီသေးရင်တော့အဲမှာဆုံကြတာပေါ့။ တကယ်လို့ မမီခဲ့ရင်လည်း နောက်တစ်ကြိမ်ကျမှ ဘုရားမှာ ထပ်ဆုံတာပေါ့။ အစ်ကိုကြီးကို ခင်ပါတယ်၊ လမ်းကြုံလို့ပဲဖြစ်ဖြစ် တကူးတက လာချင်လို့ လာခဲ့ရင်ပဲဖြစ်ဖြစ် ညီလေးနေတဲ့ လိပ်စာကို ယူထားလိုက်ပါ အစ်ကိုကြီး။ ဒါက ညီလေးရဲ့လိပ်စာ"

ဟု ဆိုကာ ၎င်း၏ လွယ်အိတ်ထဲမှ လိပ်စာကတ်တစ်ခုကိုနှိုက်၍ ထုတ်ပေးလေ၏။ ကျွန်ုပ်လည်း ၎င်းပေးသည့် လိပ်စာကတ်ကို လှမ်းယူလိုက်ပြီး အဓိဋ္ဌာန်ဝင်မည့်နေရာသို့ ထွက်လာခဲ့လေ၏။

ဗုဒ္ဓဟူးထောင့်သို့ရောက်သောအခါ ကျွန်ုပ်သည် အသင့်ယူလာသည့် ထိုင်ဖုံကို ခင်းပြီး ဘုရားရှိခိုးလေ၏။ ဘုရားရှိခိုးပြီးသည်နှင့် ဝိဇ္ဇာထိုရ်များကို ပင့်ဖိတ်၏။ ထို့နောက် အရပ်ရှစ်မျက်နှာအား မေတ္တာပို့ပြီးသနောက် အဓိဋ္ဌာန်ပုတီးကို စတင်၍ စိတ်ပါလေတော့၏။ အဓိဋ္ဌာန်ပုတီးပတ်ရေ ပြည့်သည်နှင့် ကျွန်ုပ်သည် ယနေ့ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုများကို (၃၁) ဘုံဝယ်ကျင်လည်ကျက်စားကြကုန်သည့်ဝေနေယျသတ္တဝါများအား အမျှတန်း ပေးဝေလိုက်လေ၏။

အမျှဝေနေစဉ် ကျွန်ုပ်၏ နားထဲ၌ ထူးဆန်းသော သာခုခေါ်သံကို ကြားရလေ၏။ ကျွန်ုပ်သည် မိမိစိတ်တပဲ ထင်ယောင်ထင်မှားဖြစ်တာနေမှာပါဟုတွေးပြီး အခင်းကို သိမ်း၍ လွယ်အိတ်ထဲ ထည့်လိုက်လေ၏။ ထို့နောက် ဘုရားရင်ပြင်တော်ကို လက်ယာရစ် တစ်ပတ်ပတ်လေရာသောကြာထောင့်သို့ရောက်သောအခါတွင်သုခဟုခေါ်သည့်လူငယ်နှင့်အတူ ရထားပေါ်တွင် အိပ်ပျော်၍ လိုက်ပါလာခဲ့သောအဘိုးကြီးကိုလည်း ပုတီးစိပ်လျက်သား တွေ့ရလေ၏။

www.burmeseclassic.com

ပုတီးစိပ် မပြတ်သေးသော ထိုလူငယ်ကို ကျွန်ုပ်လည်း ဝိဇ္ဇာတန်ဆောင်း၌သာ ထိုင်စောင့်ရန်အတွက် သောကြာထောင့်မှ ထွက်လာခဲ့လိုက်လေ၏။ ဝိဇ္ဇာတန်ဆောင်းရှေ့သို့ ရောက်သောအခါ တန်ဆောင်းအတွင်း၌ ထိုင်ပြီး ပုတီးစိပ်နေသည့် လူနှစ်ဦးကို မြင်လိုက်ရလျှင် ကျွန်ုပ်သည် ကျွန်ုပ်၏ မျက်စိများကိုပင် မယုံကြည်နိုင်လောက်အောင် တအံ့တဩ ဖြစ်သွားရလေ၏။ ငါ အမြင်များ မှားနေတာလားဟု တွေးပြီး ကျွန်ုပ်၏ မျက်စိနှစ်ဖက်စလုံးကိုလက်ခုံဖြင့်ပွတ်၍ တစ်ခေါက်ပြန်ကြည့်ရာ ကျွန်ုပ်၏အမြင်အာရုံများ လုံးဝမချို့တဲ့သေးကြောင်း အာမခံလိုက်လေ၏။

ကျွန်ုပ်လည်း ပို၍သေချာရန်အတွက် တန်ဆောင်းပေါ်ထိတက်ကာ ထိုနှစ်ဦး၏ မျက်နှာကို အနီးကပ်ကြည့်လိုက်ပြန်ရာ ကျွန်ုပ်နှင့် ရထား အတူတူစီးခဲ့သော လူငယ်နှင့် အဘိုးကြီးတို့ ဖြစ်နေလေ၏။ မည်သို့ ဖြစ်လေသနည်း။ စောစောကပင် ထိုလူနှစ်ဦးကို ကျွန်ုပ်သည် သောကြာထောင့်တွင် တွေ့ခဲ့ရသေး၏။ ယခုမူ ဝိဇ္ဇာတန်ဆောင်းအတွင်း၌ ရောက်နေကြလေပြီ။ ကျွန်ုပ်လည်းမတွေးတတ်အောင်ရှိနေပြီးတန်ဆောင်းပေါ်မှ ကပျာကယာဆင်းကာ စောစောက မြင်ခဲ့သော သောကြာထောင့်တွင် အဘိုးကြီးနှင့် လူငယ်တို့ ရှိ မရှိကို ပြန်ပြီး ရှာကြည့်မိလေ၏။ ကျွန်ုပ်လည်း သိလိုဇောဖြင့် သောကြာထောင့်ကို အပြေးအလွှား သွားချင်မိသော်လည်း ဘုရားပေါ်မို့ မပြေးရဲ၍တစ်မည် ခြေလှမ်းကျဲကြီးများဖြင့် လျှောက်နေမိလေ၏။

သောကြာထောင့်သို့ရောက်လျှင် လူငယ်ကော အဘိုးကြီးပါ မရှိတော့သည့်အဖြစ်ကိုမြင်ရလျှင် ကျွန်ုပ်၏စိတ်မှာယောက်ယက်ခတ်သလိုဖြစ်သွားပြီး ဝိဇ္ဇာတန်ဆောင်းကို အမြန်ပြန်သွားပြီး ကြည့်ပြန်လေရာ တစ်ဦးကိုမှ မတွေ့ရတော့ပေ။ ထူးဆန်းသည့်ဖြစ်ခြင်း။ ကျွန်ုပ်သည် ထိုအဖြစ်အပျက်ကို ကြည့်ပြီး အံ့ဩခြင်းနှင့်အတူ ယုံကြည်ဖို့ရန် ခက်ခဲသော အဖြစ်အပျက်တို့ကို တစ်ပြိုင်နက်တည်း ခံစားရပြီး ဝိဇ္ဇာတန်ဆောင်းရှေ့တွင်ဖေါင်ဖေါင်ကြီးသာထိုင်လိုက်မိလေတော့၏။

နောက်မှ အကြံတစ်ခုရလာသဖြင့် ထိုလူငယ်ပေးသော လိပ်စာကတ်ကို ထုတ်ကြည့်မိရာ လိပ်စာကတ်ပေါ်တွင် ထိုလူငယ်၏ အမည်နှင့် လိပ်စာအပြင် ဖုန်းနံပါတ်ကိုပါ တွေ့ရလေ၏။ ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com

လည်းဖုန်းဆက်လျှင်ကောင်းလေမလား တွေးမိ၏။ သို့သော်ဖုန်းမဆက်ဖြစ်လိုက်ပါ။ နောက်နေ့မှသာ လူကိုယ်တိုင် ပေးထားသည့် လိပ်စာအတိုင်း ရောက်အောင်သွားမည်ဟုတွေးပြီး ဘုရားပေါ်မှ ဆင်းခဲ့လေ၏။

ဖိနပ်အပ်သည့် နေရာသို့ ပြန်ရောက်သောအခါ ကျွန်ုပ်သည် လွယ်အိတ်ထဲမှ ကတ်ပြားတစ်ချပ်ကို ထုတ်ပေးလိုက်လျှင် မိန်းကလေးသည်ကျွန်ုပ်အား ဖိနပ်တစ်ရံ ထုတ်ပေးလေ၏။ ထိုမိန်းကလေး ထုတ်ပေးသည့် ဖိနပ်မှာ ကျွန်ုပ်၏ ဖိနပ်မဟုတ်ပေ၊ ရထားပေါ်မှ လူငယ်၏ ဖိနပ်ဖြစ်နေ၍ ဝမ်းသာသွားမိပြန်လေ၏။ လူငယ်မှာ မပြန်သေးပေ၊ ဘုရားပေါ်၌သာ ရှိနေဦးမည်၊ ကျွန်ုပ်လည်း မပြတ်မသားနှင့် ထူးထူးဆန်းဆန်းဖြစ်ခဲ့သော ထိုပဟေဠိကို သိရှိနိုင်ရန်အတွက်လူငယ်ဆင်းလာသည်အထိ စောင့်နေမည်ဟုတွေးမိပြီး...

"ညီမလေးရေ - ဒီဖိနပ်ဟာအစ်ကိုဖိနပ်မဟုတ်ဘူးကွဲ့၊ အစ်ကိုနဲ့အတူလာတဲ့ ညီလေးတစ်ယောက်ရဲ့ ဖိနပ်ပါ၊ အစ်ကို ဖိနပ်က နံပါတ်ပြား ၁၆ ပါ၊ ရှာကြည့်ပါဦး"

ဟု ပြောလိုက်ရာ မိန်းကလေးက စောစောက ကျွန်တော် ပေးလိုက်သော ကတ်ပြားကိုကတ်ပြားထည့်သောပုံးထဲမှပြန်နှိုက်ယူပြီး...

"ဒီမှာ အစ်ကိုရဲ့၊ အစ်ကိုပေးတဲ့ နံပါတ်က ၁၆၊ နံပါတ် ၁၅ က အစ်ကိုနဲ့ အတူလာတဲ့ အစ်ကိုတစ်ယောက်ရဲ့ နံပါတ်၊ အဲဒီ အစ်ကိုက အဘိုးကြီးတစ်ယောက်နဲ့အတူ ဘုရားပေါ်ကနေ ဆင်းသွားတာတောင် တော်တော်ကြာလှပြီ"

ဟု ပြောလိုက်လျှင် ကျွန်ုပ်လည်း ဘာမှပြန်မပြောနိုင်တော့ဘဲ ထိုဖိနပ်ကိုသာယူပြီး ရင်ပြင်အောက်တွင် စီးလိုက်ရာ ဆိုဒ်မှာ အတော်ဖြစ်နေလေ၏။ ကျွန်ုပ်သည်ဖိနပ်ကိုစီးနေရင်းမှငါ့နံပါတ်က ၁၅ ပါ ဘယ်လိုလုပ်ပြီး ၁၆ ဖြစ်သွားတာလဲ၊ ဒီလူငယ်ကကော ဘာလို့ သူ့ဖိနပ်မဟုတ်မှန်း သိပါလျက်နဲ့ ဘာလို့ငါ့ဖိနပ်ကို စီးသွားရလဲ၊ နောက်ပြီး သူနဲ့ အဘိုးကြီးကကော ဘာတွေလဲ၊ လူတွေလား၊ နတ်တွေလား၊ ဝိဇ္ဇာတွေလား စသည့် တလားလားဖြင့် အတွေးပေါင်း မေးခွန်းပေါင်းများစွာကိုမေးရင်းအိမ်သို့ ပြန်ခဲ့လေ၏။

နောက်တစ်နေ့တွင် ကျွန်ုပ်သည် မိုးလင်းသည်နှင့်လူငယ်ပေးထားခဲ့သည့် အိမ်လိပ်စာအတိုင်း လိုက်လေရာ

www.burmeseclassic.com

အတော်ရှေးကျသော အိမ်ကြီးတစ်လုံး၏ ခြံရှေ့သို့ရောက်လေလျှင် ကျွန်ုပ်က —

"အိမ်ရှင်တို့ - အိမ်ရှင်တို့"

ဟု အသံပြုလိုက်ရာ အိမ်တွင်းမှ အသက်လေးဆယ်ကျော် ဝဝဖိုင့်ဖိုင့် သားသားနားနားနှင့် ခန့်ခန့်ညားညားရှိသော လူတစ်ဦးထွက်လာပြီးလျှင် ခြံတံခါးကို ဖွင့်၍ —

"ဒီကနောင်ကြီးက ဘယ်သူနဲ့တွေ့ချင်တာလဲ၊ ဘာကိစ္စများ ရှိလို့ပါလဲ"

ဟု မေးလေရာ ကျွန်ုပ်က —

"ကျွန်တော့်ကို ဒီအိမ်က ညီလေးတစ်ယောက်က မနေ့ကပဲ ဒီအိမ်လိပ်စာကိုပေးလိုက်ပါတယ်။ ကျွန်တော်တို့ချင်း ရထားပေါ်မှာ ခင်လာတာ ဘုရားထိ ရောက်တယ်။ အဲဒါ ဒီနေ့ သူ့ဆီ လာလည်တာပါ။ ပြီးတော့ မေးစရာလည်း ရှိလို့ပါ"

ဟု ပြန်ပြောလိုက်ရာ ထိုလူသည် ကျွန်ုပ်အား ထူးထူးဆန်းဆန်းမရှိသည့်ပမာ တစ်ချက်ကြည့်ရင်း အိမ်ထဲသို့ ခေါ်လေ၏။ အိမ်ထဲရောက်သည်နှင့် ကျွန်ုပ်အား ဧည့်ခန်းရှိ ဆိုဖာတစ်ခုတွင် ထိုင်ခိုင်းပြီး —

"မြရေ - မြ၊ ဧကလာပါဦးကွာ၊ မင်းဘာသုခအကြောင်း လာမေးတဲ့ လူ တစ်ယောက် ပေါ်လာပြန်ပြီ"

ဟု အိမ်ထဲသို့ အသံပေး၍ ဟစ်ခေါ်လိုက်လေ၏။ ထိုအခါ အိမ်ခန်းထဲမှ ထိုလူနှင့် အသက်အရွယ် မတိမ်းမယိမ်းရှိသည့် အမျိုးသမီးထွက်လာလေ၏။ ထိုအမျိုးသမီးသည် ကိုယ်လုံးကိုယ်ပေါက် သွယ်သွယ်လျလျနှင့် မျက်နှာအမူအရာ အချိုးအစား ပြေပြစ်လှပပြီး ရုပ်ရှင်မင်းသမီး မို့မို့မြင့်အောင်နှင့်ပင် တူသေး၏။ ထိုအမျိုးသမီးသည် ကျွန်ုပ်၏ ရှေ့တည့်တည့်တွင် ဝင်ရောက်ထိုင်လိုက်ပြီးနောက် ကျွန်ုပ်နှင့် စကားစမြည်ပြောလေ၏။ ကျွန်ုပ်တို့ စကားပြောနေစဉ် တံခါးလာဖွင့်ပေးသော လူသည် အိမ်နောက်ဖေးသို့ ဝင်သွားပြီး ကျွန်ုပ်ကို ဧည့်ခံရန်အတွက် ကော်ဖီနှင့်မုန့်များ လာချပေးပြီးလျှင် အမျိုးသမီး၏ ဘေး၌ သူပါဝင်ရောက်ထိုင်လိုက်လေ၏။

"ဒီက အစ်ကိုက ဘာသုခနဲ့ တွေ့ခဲ့တယ် ထင်တယ်"

ဟုပြောရာ ကျွန်ုပ်လည်း သူ... အသက် (၁၅) နှစ်လော... သော လူငယ်ကို ဘ...တွေ့ခဲ့ပြီး ခေါ်...



www.burmeseclassic.com

www.burmeseclassic.com

လိုက်သဖြင့် စိတ်ထဲရှင်းအောင်လာမှ ရှုပ်လာပြန်လေပြန်ပြီလားဟု တွေးမိပြီး...

"ဒီအိမ်မှာ ကိုသုခ မရှိဘူးလား၊ ကျွန်တော်ပြောတာက အသက်က အစိတ်လောက်ပဲရှိတဲ့ လူငယ်လေ"

ဟု မေးလိုက်ရာ သူမသည် ကျွန်ုပ်အား အမည်ဖော်ရန် ခက်ခဲသော အမူအရာတစ်မျိုးဖြင့် ပြုံးသည်ဆိုရုံလေး တစ်ချက်မျှပြုံးလိုက်ပြီးနောက်...

"ဟုတ်ပါတယ် - ရှိပါတယ်၊ အရင်ကတော့ရှိပါတယ်။ အခု ဘသုခမရှိတာ နှစ်ပေါင်း (၄၀) နီးပါးလောက် ရှိနေပါပြီ။ ရှင် ပြောတဲ့ ကိုသုခဆိုတာ ရှင့်ရဲ့ အနောက်ဘက်မှာချိတ်ထားတဲ့ဓာတ်ပုံထဲက လူမဟုတ်လား"

ဟု ကျွန်ုပ်၏ အနောက်ဘက်အား လက်ညှိုးထိုး၍ ပြောလေရာ ကျွန်ုပ်သည် သူမ လက်ညှိုးညွှန်ပြလိုက်သည့် အနောက်ဘက်ကို လှည့်ကြည့်မိလိုက်လေ၏။ ရွှေမှန်ပေါင်ဖြင့် အကျအန ကွပ်ထားသော အသက် (၂၅) နှစ်အရွယ် လူတစ်ဦး၏ပုံဖြစ်သော်လည်း ရထားပေါ်၌ ကျွန်ုပ် ခင်မင်ခဲ့သည့် လူငယ် မဟုတ်ပေ။ ဓာတ်ပုံထဲက လူကို မြင်ဖူးသလို ရှိသော်လည်း စဉ်းစားမရ ဖြစ်နေ၏။ ဓာတ်ပုံမှာလည်း အဖြူအမည်းပုံဖြစ်နေ၍ အတော်ကြာ စဉ်းစားနေရလေ၏။ နောက်ဆုံးမှ မျက်နှာတစ်ခုသည် ကွက်ကွက်ကွင်းကွင်း ပေါ်လာပြီး ထိုပေါ်လာသော မျက်နှာနှင့် ဓာတ်ပုံထဲမှ မျက်နှာပိုင်ရှင်တို့သည် အသက်အရွယ်ကွာခြားနေသော်လည်း တစ်ထေရာတည်း ဖြစ်နေလေ၏။ ထိုလူမှာ အခြားလူမဟုတ်၊ ရထားပေါ်တွင် အိပ်ငိုက်၍ လိုက်ပါလာခဲ့သော အဘိုးကြီး၏ မျက်နှာသာလျှင်ဖြစ်လေတော့၏။

"ဟုတ်တယ် - ဟုတ်တယ်၊ ကျွန်တော် ဒီမျက်နှာကို သိတယ်လို့ ထင်နေတာ။ မနေ့က ကျွန်တော်နဲ့ ခင်ခဲ့တဲ့ ကိုသုခနဲ့အတူ သောကြာထောင့်မှာ ကောဇိရွာတန်ဆောင်းမှာပါ ပုတီးအတူ ထိုင်စိပ်ခဲ့တဲ့လူကြီး။ သူနဲ့အတူ ရထားပေါ်မှာလည်း အတူပါလာတယ်။ အဲတုန်းက သူက ဒီအရွယ်မဟုတ်ပါဘူး။ အဘိုးကြီးပါဗျာ။ အသက် (၅၀) ကျော် (၆၀) နီးပါးလောက်ကို ရှိနေပြီ"

ဟု ပြောလေရာ အမျိုးသမီးသည် စားပွဲတင်ခုံအောက်မှ ဓာတ်ပုံအယ်လ်ဘမ်တစ်ခုကို ထုတ်လိုက်ပြီး ဓာတ်ပုံ

www.burmeseclassic.com

တစ်ပုံကို ပြလေ၏။ ထိုအမျိုးသမီးပြသည့် ဓာတ်ပုံပိုင်ရှင်မှာ ကျွန်ုပ်နှင့် မနေ့တခင်မင်ခဲ့သောလူငယ်ကိုသုခဖြစ်နေ၍ ကျွန်ုပ်မှာ ဓာတ်ပုံနှစ်ခု၊ လူနှစ်ဦး၊ နာမည်နှစ်ခုအကြား ဘာမှသဘောမပေါက် နားမလည်နိုင်အောင် ဖြစ်နေစဉ် သူမက...

"အဲဒါ ရှင်နဲ့ သိခဲ့တဲ့ လူပဲ၊ သူ့နာမည်ကလည်း ကိုသုခပဲ၊ ဒါပေမဲ့ - ဒီကိုသုခက ကျွန်မတို့နဲ့ ဘာမှမတော်ဘူး။ အပြင်မှာလည်းတစ်ခါမှမမြင်ဖူးဘူး၊ ရှင်မနေ့ကတွေ့ခဲ့တဲ့ရှင့်အနောက်ဘက်မှာ ချိတ်ထားတဲ့ ဓာတ်ပုံပိုင်ရှင် ဘသုခနဲ့တော့ အမျိုးတော်တယ်၊ သူက ကျွန်မအဖေရဲ့အစ်ကို အရင်း၊ ကျွန်မတို့ရဲ့ဘကြီးပေါ့၊ သူ့အသက် (၂၅) လောက်ထဲက ထွက်သွားတာ အခုထိ ပြန်မလာဘူး၊ အနှစ်လေးဆယ်နီးပါးလောက်ရှိနေပြီ၊ အဲဒတုန်းက ကျွန်မအသက်ကတော့(၅)နှစ်သမီးလေးပဲရှိသေးတယ်၊ ဘာမှ နားမလည်သေးတဲ့ အရွယ်ပဲ၊ တကယ်တော့ပြန်မလာဘူးဆိုပေမဲ့(၅)နှစ် လောက်အကြာမှာတော့ သူ တစ်ခေါက်ပြန်လာသေးတယ်၊ ဒါပေမဲ့ ခဏပါပဲ၊ ဒီလိုဒီဇင်ဘာလကြီးမှာပဲ အချိန်ကည (၂၁)နာရီလောက်ရှိပြီ၊ သူ့အခန်းထဲကိုတန်းပြီးဝင်သွားတယ်၊ ဒါလည်းခဏပါပဲ၊ ပြီးတော့ သူ ပြန်ထွက်သွားတယ်၊ အိမ်ကထွက်ခါနီးမှာ ကျွန်မဖေဖေကိုသူပြောသွားတာကတော့ သူရှန်ဗဲလားကိုသွားရတော့မယ် ဆိုတာပါပဲ၊ သွားခါနီးကျွန်မကိုမြင်တော့ ငါ့တူမလေးတောင်ဒီအရွယ်ရောက်နေပါလားဆိုပြီးကျွန်မပါးကိုတောင် တစ်ချက်နမ်းသွားသေးတယ်၊ အဲဒီတစ်ခေါက်သာ ပြန်လာပြီးကတည်းက ပြန်မလာတာ အခုထိပဲရှင်၊ အခုဆို ကျွန်မ အသက်တောင်(၄၅)နှစ်ဖြစ်နေပြီ၊ သူစထွက်သွားတုန်းက ကျွန်မက (၅) နှစ်သမီးဆိုတော့ဘာမှမသိပေမဲ့သူတစ်ခေါက်ပြန်လာပြီးပြန်ထွက်သွားတဲ့အချိန်မှာတော့ ကျွန်မက(၁၀)နှစ်ဖြစ်နေပြီဆိုတော့အဲဒီညကကျွန်မ အခုထက်ထိ ကောင်းကောင်းမှတ်မိနေတုန်းပဲ၊ နှင်းတွေ ဖွေးဖွေးလှုပ်အောင် ကျနေပြီး အရမ်းချမ်းအေးလှတဲ့အချိန်ပါပဲ"

ဟု ကျွန်ုပ်ကို ရှင်းပြလိုက်မှ ကျွန်ုပ်လည်း ဓာတ်ရည်လည်သလို ဖြစ်လေ၏။ သို့သော် မရှင်းသည့်အချက်မှာ ယခု အယ်လ်ဘမ်ထဲမှသည်



www.burmeseclassic.com

www.burmeseclassic.com

နှင့် ဘာမှမတော်ဘူးလည်း ဆိုသေး၊ ဓာတ်ပုံက ဘယ်အတွက်နဲ့များ ဒီအိမ်မှာ ရောက်နေသည်ကို သိလိုသဖြင့် ...

"ဒါဆို အခု ဒီဓာတ်ပုံ အယ်လ်ဘမ်ထဲက လူရဲ့နာမည်နဲ့ ခင်ဗျား ဘသုစနဲ့က နာမည်ချင်းလည်း တူနေတာပေါ့။ ဘသုစနဲ့ကကော ဘယ်လို ပတ်သက်မှုတွေ ရှိတယ်လို့ ထင်လဲ"

ဟု ကျွန်ုပ်က မေးလိုက်ရာ သူမက ...

"ကျွန်မတို့နဲ့ ဘာမှမတော်သလို ကျွန်မတို့ မိသားစုတွေနဲ့လည်း တစ်ခါမှ မမြင်ဖူးပါဘူး။ ဒီဓာတ်ပုံကိုလည်း ကျွန်မတို့ရလိုက်တာက ဘသုစ ပြန်လာတော့မှ ရလိုက်တာပါ။ သူ့ ခုတင်ပေါ်ကနေ အဲ့နေ့က တွေ့တာပဲ မေ့ကျန်ခဲ့တာလား အမင်ထားခဲ့တာလားတော့ မသိဘူး။ အဲဓာတ်ပုံနဲ့အတူ စာအုပ်ဟောင်းကြီး တစ်အုပ်လည်း ကျန်ခဲ့တယ်၊ ဘာတွေ ရေးထားမှန်းမသိလို့ ကျွန်မတို့လည်း ဒီအတိုင်းပဲ စာအုပ်စင်မှာ ထည့်သိမ်းထားတာ နှစ်တွေတောင် တော်တော် ကြာနေပြီ။ တစ်ခုသိတာကတော့ ဓာတ်ပုံနဲ့အနောက်မှာ ရေးထားတဲ့ စာသားလေး တစ်ခုကိုပဲ"

ဟုပြောပြီး ဓာတ်ပုံနောက်ကျောကို လှန်ပြီးပြလေ၏။ ရေးထားသည့်စာမှာ ကျွန်ုပ်၏ဆရာသခင်ဝိဇ္ဇာကြီးအဘသုခ ဟူ၍သာ ဖြစ်လေ၏။

"ဒီလက်ရေးက ခင်ဗျားတို့ဘသုစရဲ့ လက်ရေးလား"

ဟု မေးလိုက်ရာ သူမက ...

"ဟုတ်ပါတယ် - ဒါကျွန်မရဲ့ဘသုစ လက်ရေးပါ။ ဘသုစ ကျောင်းသားဘဝက စာအုပ်တွေလည်း သူ့အခန်းထဲမှာ ရှိပါတယ်။ အဲ့လက်ရေးတွေနဲ့ အတူတူပါပဲ"

ဟု ပြန်ပြီးဖြေလေ၏။ ထိုအခါမှ ကျွန်ုပ်သည် အဖြစ်မှန်ကို ပို၍ နားလည် သဘောပေါက်သွားပြီး မနေ့က ကျွန်ုပ် တွေ့ကြုံခဲ့ရသည့်အဖြစ်အပျက်များအား အစအဆုံးပြောပြလိုက်ရာ ၎င်းတို့မှာ အံ့ အားသင့် သော အမူအရာမျိုးမရှိ သဖြင့် ကျွန်ုပ်က ...

"ဘာဖြစ်တာလဲဗျ - ဘာလို့ခင်ဗျားတို့က ကျွန်တော်ပြောပြတဲ့အဖြစ်အပျက်ကို အံ့အားမသင့်တာလဲ၊ ကျုပ်မှာတော့ မနေ့ကကော ဒီနေ့ပါ ထူးထူးဆန်းဆန်းတွေနဲ့ချည်းပဲကြုံရကြားရလို့ကိုယ့်ကိုယ်ကိုယ်တောင် မယုံနိုင်အောင် ဖြစ်နေရတာကို"

ဟု မချိတင်ကဲ အသံမျိုးဖြင့် ပြောပြလိုက်ရာ တစ်ချိန်လုံး ဘာမှပင်မပြောသော အမျိုးသားက ...

www.burmeseclassic.com

"ကျွန်တော်တို့က ဘာလို့ အဲ့အား မသင့်တာလဲဆိုတော့ဒီလိုအဖြစ်အပျက် မျိုးက ခင်ဗျားတစ်ယောက် တည်း မဟုတ်တော့ဘူးဗျ၊ ကျုပ်တို့ ရှင်းပြတာ လူပေါင်းမနည်းတော့ဘူး၊ ခင်ဗျားနဲ့ဖြစ် ပျက်ပုံချင်း မတူပေမဲ့ အကြောင်းအရာ ချင်းကတော့တူတယ်၊ ဥပမာအဘိုးကြီး နဲ့ လူငယ်တစ်ဦးက ပေးလိုက်တဲ့ ဂဏန်း တွေကြောင့်ထီပေါက်သွားတာမျိုး၊ သေ လောက်အောင် မကျန်းမာဖြစ်နေတဲ့လူ တလူတောင်းတစ်ယောက်လို ကျန်းမာ သွားတာမျိုး၊ အို - စုံလို့ပါပဲဗျာ၊ အဲ့တာ တွေ့ဖူးဆပ်ရအောင်ဆိုပြီး ပေးတဲ့လိပ် စာအတိုင်းလိုက်လာတဲ့လူတွေကနည်း သလားဗျာ၊ကျွန်တော်ကိုကအကြောင်း စုံ ရှင်းပြတယ်၊ ဘာသုခ ဒီအိမ်ကို ပြန် မလာတာ အနှစ်လေးဆယ်လောက်ရှိပြီ ဆိုလည်း မယုံဘူး၊ ဒါနဲ့ပဲ လူတွေက သူ တို့ ကျေးဇူးရှင်တွေပြန်လာရင်တော့ တန်တော့ပေးပါဆိုပြီး ငွေတွေပေးခဲ့တာ တောင် မနည်းတော့ဘူး၊ ကျုပ်တို့လည်း မသုံးချင်တာနဲ့ ဘဏ်မှာ အကုန်လုံးကို အပ်ထားလိုက်တယ်"

ဟု ဝင်ရှင်းပြလေ၏၊

ကျွန်ုပ်လည်း ဘာမှဝင်မပြောဘဲ ထိုလူပြောသမျှကိုသာ တအံ့တသြ နား ထောင်နေရလေ၏၊ နားထောင်ရင်းနှင့် ပင် ကြက်သီးမွေးညင်းများမှာ ထိုးထိုး ထောင်ထောင် ဖြစ်လာပြီး ကျောထဲမှာ လည်း တစိမ့်စိမ့် ချမ်းသလိုလို ဖြစ်လာ လေ၏၊ ကျွန်ုပ်သည် အမှန်တကယ်တင် မနေ့က ဝိဇ္ဇာနှစ်ဦးနှင့် တွေ့ခဲ့ရလေ၏၊ နှစ်ဦးစလုံးသည်ထူးဆန်းစွာ နာမည်ချင်း တူနေ၏၊ တစ်ဦးမှာ ထိုအိမ်ကြီးမှ ဘာသုခ ခေါ်သောဝိဇ္ဇာဖြစ်ပြီး ရထားပေါ်တွင်တစ် လမ်းလုံး အိပ်ငိုက်လာသည့် အဘိုးကြီး ဖြစ်၏၊ တစ်ဦးမှာ ထိုအဘိုးကြီး၏ ဆရာ သခင်ကျွန်ုပ်နှင့် ရထားပေါ်တွင်သာမက ဘုရားပေါ်တွင်မှာပါ ခင်မင်ခဲ့ သည့် အသက် (၂၅) နှစ်အရွယ်သာ ရှိသေး သည့် ဝိဇ္ဇာတစ်ဦးသာ ဖြစ်လေ၏၊

သို့သော် ထိုအသက် (၂၅)နှစ် အရွယ် ဝိဇ္ဇာသည် တကယ်တမ်း ထို အသက်မဖြစ်နိုင်ပါ၊ အဘယ်ကြောင့် ဆိုသော်ကျွန်ုပ်မနေ့တွေ့ခဲ့သော ရထား ပေါ်တွင်တစ်လမ်းလုံးအိပ်ငိုက်လာသည့် အဘိုးကြီးသည် သူ အသက် (၂၅) အရွယ်လောက်ကတည်းက သူ့ဆရာ သခင်ကိုသူကအဘာသုခဟု ခေါ်ခဲ့သည် မှာ ဓာတ်ပုံနောက်ကျောတွင် ရေးသား



www.burmeseclassic.com

www.burmeseclassic.com

ထားသောသူ၏လက်ရေးမူစာက သက်သေခံနေသည်မှာ အမှန်ပင်ဖြစ်လေ၏။ ထိုဝိဇ္ဇာသည် သိဒ္ဓိဆယ်ပါးနှင့်ပြည့်စုံနေနိုင်သကဲ့သို့ အသိဉာဏ်များကိုလည်း ရနိုင်နေသည်မှာ အမှန်ဖြစ်နေနိုင်သည်ဟု ယုံကြည်မိလေ၏။ ထိုဝိဇ္ဇာမျိုးကို ကျမ်းဂန်များတွင်ဂန္ဓာရီဝိဇ္ဇာ၊လောကီယဝိဇ္ဇာဟု ဆိုလေ၏။

ကျွန်ုပ်သည်ဝိဇ္ဇာတစ်ဦးနှင့်စကားပြောခွင့် ရခဲ့ရုံတင်မက ဝိဇ္ဇာတစ်ဦးစီးခဲ့သော ဖိနပ်ကိုပါ စီးခွင့်ရခဲ့၏။ စီးခွင့်ပင်တော ပိုင်ဆိုင်ခွင့်ပါရခဲ့သေး၏။ ကျွန်ုပ်သည် ကိုယ့်ကိုယ်ကိုယ် ဝမ်းသာအားရဖြစ်နေရုံနဲ့တင် မကျေနပ်နိုင်သေးဘဲ ထိုဝိဇ္ဇာနှစ်ဦးနှင့်ပါ ဆက်လက်ပြီး ဆုံနိုင်ခွင့်ရရန်ကိုပါ မျှော်လင့်မိသေးသဖြင့် မည်သို့မည်ပုံ တွေ့ရနိုင်ပါသနည်းဆိုသည့် ဆဲလွန်စကို စဉ်းစားရာ ဘသုခကျန်ခဲ့သည့်စာအုပ်ကိုသာ အတွေးထဲ မြင်မိလေ၏။ ထိုအခါ ကျွန်ုပ်က ...

"ကျွန်တော် ခင်ဗျားတို့ ဘသုခ ကျန်ခဲ့တဲ့စာအုပ်ကို ကြည့်ချင်လို့ ရမလား"

ဟုမေးလိုက်ရာ အမျိုးသမီးက ...

"ရပါတယ်ရှင်၊ ကဲ - ကိုမောင်ရေ ဘသုခရဲ့အိပ်ခန်းထဲစာအုပ်စင်မှာ သိမ်းထားတဲ့ စာအုပ်လေးကို ယူပေးလိုက်ပါရှင်"

ဟု ပြောလိုက်ရာ ထိုလူလည်း ထသွားပြီးအခန်းတစ်ခန်းထဲသို့ဝင်သွားလေ၏။ တစ်အောင့်မျှကြာလျှင် ပြန်၍ထွက်လာပြီးလက်ထဲတွင်လည်းစာအုပ်ဟောင်းကြီးတစ်အုပ်ကိုကိုင်လာလေ၏။ စာအုပ်မှာအတော်ဟောင်းနွမ်းနေပြီဖြစ်သော်လည်း စာရွက်သားများမှာ အကောင်းပကတိချည်း ရှိသေးလေ၏။ အဖုံးမှာ သားရေဖြင့် ဖုံးထားပြီး လက်နှစ်လုံးခန့် ထူလေ၏။ ကျွန်ုပ်လည်း လက်ထဲသို့ ရောက်လာသည်နှင့် စာရွက်အနည်းငယ်ကို လှန်လှောကြည့်လိုက်ရာ မင်အနက်ဖြင့် ရေးထားသည်မှလွဲ၍ မည်သည့်အကြောင်းအရာကို ရေးထားမှန်းမသိသော ကျွန်ုပ်တို့ နားမလည်သည့် စာပေအရေးအသားများကိုသာ တွေ့ရလေ၏။ ကျွန်ုပ်သည် စာအုပ်ကို ပြန်၍ပိတ်လိုက်ပြီးနောက် ...

"စာသားတွေကတော့ ကျွန်တော်တို့ နားမလည်နိုင်တဲ့ စာပေအရေးအသားမျိုးနဲ့ ရေးထားတာပဲ။ ဒီစာမျိုးတော့ကျွန်တော်လည်းတစ်ခါမှ မမြင်ဖူးဘူး။ သိလည်းမသိဘူး။ ဒါပေမဲ့နားလည်မယ့် သူကို ရှာဖွေပြီး မြန်မာပြန်ချင်တယ်။

www.burmeseclassic.com

ကျွန်တော့်ကို ခင်ဗျားတို့ ခဏလောက် ငှားလိုက်နိုင်မလား ခင်ဗျား"

ဟု ကျွန်ုပ်က မေးလိုက်ရာ အမျိုးသမီးက ...

"ရပါတယ်ရှင် - ရပါတယ်၊ ယူသွားပါအစ်ပွာယ်သိရင်ကျွန်မတို့ကိုလာပြောပါဦး၊ ဘာဖြစ်လို့လဲဆိုတော့ကိုယ့်ဘကြီးရေးထားတဲ့ အကြောင်းအရာဆိုတော့ သိချင်ပါသေးတယ်"

ဟု ပြန်ပြောလေရာ ကျွန်ုပ်မှာ ဝမ်းသာလွန်းသဖြင့် ထကမတတ် ဖြစ်သွားရလေ၏။ ထို့နောက်ကျွန်ုပ်သည်စာအုပ်ကို တရိုတသေပင် လွယ်အိတ်ထဲ ထည့်လိုက်ပြီးပြန်ရန်အတွက်နှုတ်ဆက်လိုက်လေ၏။ ၎င်းတို့နှစ်ဦးလည်း ကျွန်ုပ်အား မြို့ဝထိ လိုက်ပို့ကြလေ၏။

※

ထိုအဖြစ်အပျက်များဖြစ်ပွားပြီး တစ်ပတ်ခန့်ကြာသောအခါ ထိုစာအုပ်ကို ဘာသာပြန်ပေးနိုင်မည့် မိတ်ဆွေတစ်ဦးကိုတွေ့ခဲ့လေ၏။ ထိုမိတ်ဆွေကို စာအုပ်အားပြကြည့်ရာ ထိုမိတ်ဆွေက သက္ကတဘာသာစကားဖြင့် ရေးသားသော စာများဖြစ်ကြောင်းနှင့် တစ်လအတွင်း သူရအောင် ပြန်ဆိုပေးမည်ဖြစ်ကြောင်းပြောပြီးတစ်လပြည့်သောအခါတွင် ထိုမိတ်ဆွေသည် စာအုပ်မူရင်းနှင့် တကွ သူဘာသာပြန်ထားသော စာအုပ်ကိုပါ ပြန်ပေးလေ၏။ ကျွန်ုပ်လည်း ဝမ်းသာအားရဖြင့် အိမ်သို့ အမြန်ပြန်ပြီး ဘာသာပြန်ထားသည့် စာအုပ်ကို ချက်ချင်းဖတ်လေ၏။

ရေးထားသည့် အကြောင်းအရာများမှာလွန်စွာမှစိတ်ဝင်စားဖွယ်အားကျအတုယူဖွယ် ကောင်းလှလေ၏။ အထူးသဖြင့်ဝိဇ္ဇာလောကကိုစိတ်ဝင်စားသော ကျွန်ုပ်တို့လို လူမျိုးများအတွက် တန်ဖိုးမဖြတ်နိုင်သော ပညာရပ်များ၊ ကျင့်စဉ်များအများအပြားပါဝင်လေ၏။ ထို့အပြင် ဝိဇ္ဇာကျင့်စဉ်များဖြစ်သည့်လောကီဝိဇ္ဇာမှတစ်ဆင့် လောကုတ္တရာကျင့်စဉ်သို့ ဆက်လက်ကူးသွားသော အကြောင်းများ ပါဝင်လေ၏။ ဝိဇ္ဇာမိုရ်ကျင့်စဉ်များသည် သူပြောငါပြော စိတ် ထင်ရာ အကြောင်းအရာများကို ရေးသားထားသည့် မှန်းရေးကျင့်စဉ်များမဟုတ်ဘဲ ကိုယ်သုစအား ငယ်စဉ် ကျောင်းသားဘဝထဲက လိုက်လံစောင့်ရှောက်နေသော နာမည်တူ ဆရာသခင်ဝိဇ္ဇာတစ်ဦး၏

www.burmeseclassic.com

www.burmeseclassic.com

အနီးကပ် သင်ကြားပြသပေးသည့် ကျင့်စဉ်များကို မှတ်တမ်းတင်ထားသော မှတ်စုကြီးပင် ဖြစ်လေတော့၏။ ထို့အပြင် မှတ်စုထဲတွင် ကိုသုခ၏ငယ်ဘဝ ဖြစ်ရပ်မှန် မိသားစု ပုံရိပ်များပါသလို မိသားစုထံသို့နောက်ဆုံးအကြိမ်ရောက်လာခဲ့သည့် ပုံရိပ်များလည်း ပါလေ၏။

ကျွန်ုပ်သည်ထိုစာအုပ်ကိုဖတ်ရှုပြီး ရင်ဘတ်ကြီးထဲ၌နစ်ပေါင်းအတော်ကြာအောင် ရှုပ်ရှက်ခတ်နေသော လောကကြီးတစ်ခုသည် သူ့အလိုလို ရှင်းသွားလေ၏။ မည်သို့မည်ပုံ ရှင်းလင်းသွားသည်ကို မိတ်ဆွေတို့က မေးလာလျှင် ကျွန်ုပ်မှာကားဖြေဖို့ရန် အလွန်ခက်လေ၏။ ကျွန်ုပ် ရှင်းလင်းသွားသလို မိတ်ဆွေများကိုလည်း ရှင်းလင်းသွားစေချင်၏။ ထို့အတွက် ကျွန်ုပ်က ပါးစပ်ဖြင့် ရှင်းပြပြောပြနေလျှင် မိတ်ဆွေတို့အတွက် ရှင်းလင်းမှာ စိုးသောကြောင့် မြန်မာပြန်ဆိုထားသော မှတ်စုကိုသာ မိတ်ဆွေတို့၏ လက်ဝယ်သို့ အမြန်ပို့ပေးနိုင်ရန် စိတ်ကူးမိလေ၏။ အဘယ့်ကြောင့်ဆိုသော် ရေငတ်နေသူအား ရေအကြောင်းပြောပြနေရုံနှင့် ထိုသူသည် ရေငတ်မပြေနိုင်ကြောင်း ကျွန်ုပ်၏ ဆရာ အဘမင်းသိခ် ပြောပြဖူးသည်ကို မှတ်မိနေသောကြောင့် ဖြစ်လေ၏။

ကျွန်ုပ်သည် မြန်မာပြန်ဆိုထားသောမှတ်စုကိုမိတ်ဆွေတို့၏လက်ဝယ်သို့အမြန်ပို့ပေးနိုင်ရန်အကောင်အထည်မဖော်မီ စေတနာရှေ့ထား၍မူရင်းမှတ်စုစာအုပ်အား ငှားရမ်းပေးခဲ့သည့် ကိုသုခတစ်ဖြစ်လည်း ဘသုခ၏ တူမအိမ်သို့ ဘာသာပြန်မိတ္တူ စာအုပ်တစ်အုပ်ကို သွားပေးရန်အလို့ငှာ အိမ်မှအထွက်တွင် ကျွန်ုပ်မထင်မှတ်ဘဲ ရရှိထားသော ဖိနပ်သည်ဖိနပ်စင်၌လုံးဝမရှိတော့ဘဲ ကျွန်ုပ်၏မူရင်းနဂိုဖိနပ်ကိုသာ ထူးဆန်းစွာဖြင့် ပြန်လည်၍ တွေ့လိုက်ရကြောင်း ပြောပြရလျှင် မိတ်ဆွေတို့အနေဖြင့် ယုံအံ့ဖွယ်မထင် ဟူ၍သာ ဖြစ်ပါကြောင်းဖြင့်။

သောင်းတင့်စိုး (လှိုင်သာယာ)

www.burmeseclassic.com


www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ပဲခူးရိုးမတောင်ခြေတောနက်ထဲတွင် ဝါးခုတ်ရန် ရောက်လာသော နွားလှည်းသုံးစီး လူခြောက်ယောက်တို့သည် မွန်းလွဲခါနီး နှစ်ချက်တီးတွင် တောင်ခြေသို့ ရောက်လာကြလေသည်။ နွားလှည်းတစ်စီးလျှင် လူနှစ်ယောက်ဖြစ်သည်။ သူတို့သည် ဝါးခုတ်ရန်အလို့ငှာ ရိုးမဆီသို့ စားအိုးစားခွက် ကိရိယာစုံလင်စွာဖြင့် ရောက်လာကြခြင်းပင်။ မနက်လင်းအားကြီးအချိန်က ရွာမှ ထွက်လာကြရာ တောင်ခြေသို့ ရောက်ရောက်ချင်း ယာယီနေထိုင်ရန် တဲဆောက်ကြသည်။ တောတွင် သင်ဝါး၊ အမိုးအကာ ပေါများလှပေရကား လူခြောက်ယောက် တက်ညီလက်ညီဖြင့် မစိုမကတ် လုပ်ဆောင်လိုက်ကြရာ နေမဝင်ခင် လူခြောက်ယောက် ကျယ်ကျယ်ဝန်းဝန်းနေနိုင်သောတဲကလေးရုပ်လုံးပေါ်သွားပေသည်။



www.burmeseclassic.com

သူတို့ခြောက်ယောက်အုပ်စုထဲ တွင် လူငယ်တွေက အဘာဟုခေါ်သော ဦးဘတူသည်အသက် (၅၀) ကျော်သာ ရှိသေးသည်။ ဦးဘတူနှင့်မတိမ်းမယိမ်း တွေကတော့ ကိုဘတူဟုခေါ်ကြသည်။ ဦးဘတူသည်တောတက်အတွေ့အကြုံ ရင့်ကျက်သူပီပီဝါးခုတ်အဖွဲ့ကိုဦးဆောင် လာခြင်းဖြစ်ရာ သူ့စကားကို အားလုံးက တစ်သဝေမတိမ်း လိုက်နာကြသည်။

"နေမဝင်ခင်အမိုးအကာတွေပြီးစီး အောင်လုပ်ကြပေါ့။ မနက်ဖြန်မှဝါးခုတ် တဲ့အလုပ်ကိုလုပ်ကြစို့ရဲ့"

"ကျော်ဝင်းရေ - ထမင်း မြန်မြန် ချက်ပေါ့"

သည်အုပ်စုတွင် ကျော်ဝင်းသည် အသက် အငယ်ဆုံးဖြစ်သည်။ ထမင်း ချက်ရသည့်တာဝန်၊ စခန်းကို ကြည့်ရှု ရသည့်တာဝန်ယူထားသူဖြစ်ရာ ဝါးခုတ် လိုက်ရန် မလိုချေ။ ဦးဘတူအောက် တို့မြင့်၊ ကိုလှသောင်းနှင့်အတူ လူငယ် များဖြစ်ကြသည့်ကြည်ဝင်း၊ စိန်ကုလား ဆိုသည့် ရွတ်ပေပေကောင်လေးတွေ ကတော့ အရက်တွေ နိုးဝှက်ယူလာ သည်။

သူတို့သည် မောမောပန်းပန်းဖြင့် နီးစပ်ရာ တောဟင်းရွက်များ ခူးဆွတ် ကာ တို့စရာအဖြစ် စားသုံးရင်း ညစာကို ကတိုက်ကရိုက် ပြီးဆုံးစေသည်။ ထုံးစံ အတိုင်း ငါးပိလိမ်မာချက်၊ ငါးခြောက်ကို ငရုတ်သီးစပ်စပ် ကြော်ထားသော ဟင်း တစ်ခွက်သည်သူတို့အဖို့မည်သည့်ဟင်း နှင့်မျှ မလဲနိုင်ပေ။ မြိန်ရေ ရှက်ရေ ရှိလှ သည်။

ထို့နောက်ထူထဲနက်မှောင်စပြုလာ သော ရိုးမ၏ အမှောင်ထုအောက်တဲ အတွင်းတွင် အေးချမ်းစွာ ခိုနားရင်း စကားစမြည်ပြောနေကြသည်။ ဆေး လိပ်သောက်သူ သောက်၊ ကွမ်းစားသူ စားရင်း အိပ်ရာစောစော ဝင်ခဲ့ကြပေ သည်။

ရိုးမသည် အမှောင်ထုအောက်ဆီ တွင်တစ်စတစ်စ နစ်မြုပ်လာပေရာတစ် ခါတစ်ရံမာန်ဖီဟိန်းဟောက်လိုက်သော တောကောင်များမှအပ ငြိမ်သက်တိတ် ဆိတ်နေပေသည်။ လေမတိုက်၊ သစ် ရွက်မလှုပ်အောင် ပကတိငြိမ်သက်နေ ပေရာကြောက်မက်ဖွယ်အဆင်းသဏ္ဍာန် ကိုဖော်ဆောင်နေပေသည်။ တစီစီမြည် နေသော ပိုးမွှားကောင်ကလေးများ၏ အသံသာလျှင်အဆက်မပြတ်ထွက်ပေါ်

www.burmeseclassic.com

နေပေသည်။ တစ်ခါတစ်ရံ အနီးအနား ချုံထဲမှ မြွေဆိုးတွန်သံ ထွက်ပေါ်နေတတ်သည်။

"တောထဲမှာ လောလောဆယ် တော့ ကျုပ်တို့ ခြောက်ယောက်ပဲ ရှိမယ် ဟေ့"

မှန်ပေသည်။ တောသည် နက်ရှိုင်းထူထဲကာ တစ်စတစ်စ အေးစိမ့်လာလေသည်။ သစ်ရိပ်ဝါးရိပ် စိမ့်စမ်းရေမြေကြောင့် နွေဟုပီပီပြင်ပြင် မဆိုနိုင်။ တိတ်ဆိတ်မှောင်မိုက်လာပေပြီ။

ဦးဘတူသည် ယာယီတဲအပြင်ဘက်သို့ လှမ်းငေးကြည့်လိုက်မိသည်။ နေ့အလင်းရှိစဉ်က အရိုး၊ အဆစ်အပိုင်း၊ နီမှိုမြင့်များဖြင့် တန်ဆာဆင်ထားသော တောရိပ်ရှုခင်းသည် ယခုတော့ အမှောင်အောက်တွင် တစ်သားတည်း ဖြစ်နေလေပြီ။ ကြည့်လေရာရာ အမှောင်ထု၊ လူတို့ ရပ်ရွာသည် လောကတစ်ခုဟုဆိုလျှင် လူသူမနီးတောတောင်သည်လည်း မြင်အပ် မမြင်အပ်သည့် အရာတို့နှင့် ပြည့်နက်နေမည့် လောကတစ်ခု ဖြစ်လိမ့်မည်၊ တစ်နည်းအားဖြင့် ဩကာသလောကပင်။

ဦးဘတူသည် ဆေးပေါ့လိပ်ကို တစ်ဖွာနှစ်ဖွာရှိုက်ကာ စောင်ကိုခြေဖျားလုံသည်အထိ ဆွဲ၍ခြုံလိုက်ပေသည်။ လူငယ်တွေကို လှမ်းကြည့်လိုက်တော့ သုံးယောက်စလုံး နစ်နစ်မြိုက်မြိုက် အိပ်ပျော်နေပေပြီ။ ကိုမြဒင်၊ ကိုလှသောင်းတို့ကတော့ အိပ်ရာပေါ်တွင် တုံးလုံးလှဲကာ အတွေးကြွယ်နေဟန် ရှိသည်။ ကိုမြဒင်က ကွမ်းဝါးနေသည်။ စိန်ကုလားသည် အရက်ခိုးသောက်ရင်း အိပ်ပျော်သွားပြီလား။

"ကိုဘတူ – အိပ်တော့လေ။ မနက် ဝါးခုတ်ကွက်တွေ လိုက်ကြည့်ရဦးမယ်လေ"

"အိပ်မယ်ကွ – နည်းနည်းအေးစိမ့်စိမ့် ရှိတာနဲ့"

"တောက နက်တာကိုး။ လမိုက်ညဆိုတော့ ပိတ်ပိတ်ပိန်းပဲဗျို့။ ခုတ်တွက်လည်း ရှင်းတယ်"

"ဟုတ်တယ် – လှသောင်း။ ဒီခုတ်ကွက်ကို ငါ တစ်ခုမှ မခုတ်ဖူးသေးဘူးကွ"

"ဟုတ်တယ်ဗျ – ကြည့်ရတာ ကြံသောင်းဝါးတွေ များတယ်။ ဖြောင့်နေတယ်ဗျို့"

"ကဲပါကွယ် – အိပ်ကြစို့ရဲ့"

ညသည် တိတ်ဆိတ်မှုကို သယ်ဆောင်ကာ ဖြင်သာ... ရွေ့လျားနေ

www.burmeseclassic.com

သည်၊ အမှောင်ထဲတွင် တောပန်းတောင်ပန်းရနံ့များ ညင်သာစွာ စီးမျောလာသည်။

※

အသံတစ်သံ ...။

ခန္ဓာကိုယ်နှင့် အသိကင်းကွာသွားချိန်တွင် အာရုံထဲသို့ဝင်လာသော အသံသည် ခန္ဓာကိုယ်နှင့် အသိပူးကပ်သွားသည်နှင့် ရင်ထဲမှာ လစ်ဟာ၍ ကျန်ရစ်ခဲ့သည်။ မှန်ပေသည်၊ အသံတစ်သံ ဆိုသည် သေချာပေသည်။ နားနှင့် ဆတ်ဆတ်မျှ သေချာစွာကြားလိုက်ရသော အသံဖြစ်သည်။

ကျော်ဝင်းသည် ထိုအသံကြောင့် အိပ်ရာမှ နိုးလာခြင်း ဖြစ်သည်။ မျက်စိဖွင့်လိုက်ချိန်တွင် ပကတိအမှောင်ထု၊ သိပ်သည်းစေးပျစ်သောအမှောင်၊ သူ့တစ်ကိုယ်လုံး အမှောင်ထဲတွင် နစ်ဝင်နေကာ အသက်ရှူကြပ်လာသကဲ့သို့ ခံစားလိုက်ရသည်။ ဘေးပတ်ပတ်လည်တွင် ထူပိန်းသော အမှောင်သာ လွှမ်းမိုးနေပြီး အိပ်ပျော်နေသူတို့၏ဟောက်သံ၊ အသက်ရှူသံသာ လွှမ်းမိုးနေသည်။ သူ့ဘေးမှာ အိပ်နေသော ကိုလှသောင်းကို စမ်းကြည့်လိုက်သော တရှူးရှူးအိပ်ပျော်နေသည်၊ တုတ်တုတ်မျှပင် မလှုပ်ပေ။ ထို့နောက် တစီစီမြည်သော ပိုးပုရစ်သံများ၏အသံသာ ကြားနေရ၏။

စောစောက သူကြားလိုက်ရသော အသံသည် အိပ်မက်များလား၊ ထိုအိပ်မက်ဆိုလျှင် အိပ်မက်ထဲတွင် မိန်းကလေးနှစ်ယောက် သို့မဟုတ် အထက် အသံများကို သေသေချာချာ နားနှင့် ဆတ်ဆတ်ကြားလိုက်ရခြင်းဖြစ်သည်။ မိန်းကလေးများသည် တစ်စုံတစ်ရာသောအကြောင်းအရာကိုဝမ်းသာအားရ မမောနိုင်မပန်းနိုင် ငြင်းခုန်ပြောဆိုလာကြခြင်းပေတကား။

ကျော်ဝင်းသည် ဆက်အိပ်၍ မရတော့ဘဲ ခေါင်းရင်းတွင်ထားသည့်ကြေးဝါရောင်မီးခြစ်ကိုစမ်းကာ လဲလျောင်းနေရာမှ အသာလူးလဲထသည်။ ခေါင်းရင်းဘက် ဝါးကတ်ပြားမှ အေးမြသော လေစိမ်းတွေ ဝင်လာသည်။ လှဲနေရာမှ ထလိုက်တော့ ကြမ်းခင်းပြင်သည့်တိတ်ဆိတ်သော ညယံတွင် ကျိုးကျိုးကျွီကျွီ မြည်သွားသည့်တိုင်အောင် မည်သူမျှ မနိုးကြချေ။ အားလုံး ပင်ပန်းကြီးစွာဖြင့် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေကြလေပြီ။ အမှောင်ထုအောက် နေရာအနှံ့တွင် ဟောက်သံတွေ ထွက်ပေါ်နေခြင်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

“ကျော်ဝင်းသည် ယောင်ယမ်းကာ မတ်တတ်ရပ်လိုက်သည်။ တွင်းပေါက်တွင် တစ်စုံတစ်ခုသော ထူးဆန်းသည့်အရာတစ်ခု ထွက်ပေါ်လာလေမည်လားဟု စိုက်ကြည့်လိုက်မိသည်။ အစွယ်ပြူးပြူးနှင့် တစ္ဆေတစ်ကောင်လား၊ ဒါမှမဟုတ် ပုံပြင်ထဲက ဥစ္စာစောင့်မချောချောကလေးများ သီချင်းသီကာ ထွက်ပေါ်လာလေမလား၊ ဒါမှမဟုတ် အာလာဒင်ဆီမီးခွက်ထဲကလို ဘီလူးဝဝတစ်ကောင်များ ထွက်ပေါ်လာလေမည်လား ...



သည်၊ တဲကလေးသည် ယာယီတဲဆိုသော်လည်း လုံခြုံလှသည်၊ သူတို့အုပ်စုထဲတွင် ဝါးထရံရက်တတ်သူ၊ တောင်းစလုံး၊ ဖျာရက်တတ်သူတွေပါကြကာ တစ်ညနေခင်း အချိန်ကလေးမှာပင် နိုင်ခံ့သေသပ်သော ဝါးအိမ်ကလေး တည်ဆောက်ပြီးစီးသွားပေပြီ။

ကျော်ဝင်းသည်ဝါကျင်ကျင်မီးခွက်အလင်းဖြင့် နေရာမှ အသာထရပ်ကာ ခေါင်းရင်းထရံတွင် ချိတ်ဆွဲထားသော အိတ်ဆောင်နာရီအိုကြီးကို ဆွဲကြည့်လိုက်တော့ ...

နံနက် (၄) နာရီ ...

သူ့တာဝန်သည် ထမင်းချက် တာဝန်၊ ရေနွေးအိုးတည်ရသည့် တာဝန်လေးနာရီဆိုလျှင်ရေနွေးအိုးတည်၊ ထမင်းချက်ရန် အချိန်ကျလေပြီ၊ သူသည်မီးခွက်ကိုခေါင်းပေါ်မြှောက်ကိုင်ကာ

www.burmeseclassic.com

နောက်ဖေးဘက်သို့ လှမ်းကြည့်လိုက်စဉ်မှာပင် ခေါင်းရင်းဘက်ဆီမှ လျှောက်လာသော ခြေသံတွေကိုကြားလိုက်ရပေသည်။

"ဖျပ် - ဖျပ် - ဖျပ် - ဖျပ်"

သူသည် မီးခွက်ကို ယောင်ယမ်းကာ မှုတ်လိုက်မိသည်။ ရင်ထဲတွင် ဒိန်းခနဲ သွေးခုန်နှုန်း ဆောင့်တက်သွားကာ တဆတ်ဆတ်ခုန်နေသည်။ ခြေသံသည် အုပ်စုလိုက် လျှောက်လာသော ခြေသံတွေ။ တိရစ္ဆာန်ရိုင်းများ၏ခြေသံမဟုတ်။ ဒါဆို လူလော၊ ဆိုလျှင် တဲအနီးသို့ ကပ်လာသော မသမာသူလော၊ လောလော ဆယ်သည် ပတ်ဝန်းကျင်တွင် သစ်ခုတ်၊ ဝါးခုတ်သူများ ရောက်မလာသေး။ မည်သူ၏ ခြေသံများနည်း။ တကယ်တော့ ကျော်ဝင်းသည် ကြောက်လန့်ကာ မီးခွက်ကို မှုတ်လိုက်ခြင်း ဖြစ်သည်။

"ခေါင်းဆောင်မင်းသမီးက ချောလိုက်တာတော် - မာတ်ရှင်မင်းသမီးလားပဲ"

"ဟုတ်ပ့ါ၊ ခေါင်းဆောင်မင်းသားက အရုပ်ပုပု၊ အသားကပြာနှမ်းနှမ်းပေမယ့် အသံက အသံကောင်းတော်ရေ့"

"ညည်းကြိုက်တယ်ပေါ့"

"ခစ် - ခစ် - ခစ်"

"ဟော့ - တော်ကြစမ်းဟဲ့၊ အိမ်နားရောက်ပြီ၊ တစ်လမ်းလုံး စကားများလာကြတာ တော်ရောပေါ့။ တော်ကြတော့ - အိမ်နားရောက်ပြီ"

ကျော်ဝင်းသည် အံ့ဩတကြီး တုန်လှုပ်သွားမိသည်။ ပထမအသံနှစ်သံသည် မိန်းကလေးနှစ်ယောက် အချီအချ ပြောသည့်အသံ။ နောက်ဆုံး ထွက်ပေါ်လာသော အသံသည် ယောကျ်ားကြီး တစ်ယောက်၏ အလိုမကျ မြည်တွန်တောက်တီးသံ။

သူတို့သည် အနီးပတ်ဝန်းကျင် ရွာတစ်ရွာမှ အငြိမ့်ပွဲတစ်ပွဲကို ကြည့်ရှု၍ ပြန်လာကြခြင်းပေတကား။ မိန်းကလေး ငယ်တစ်ယောက်သည်ကြည့်ရှုခဲ့ရသည့် ပြဇာတ်ကကွက်ကို ကျေနပ်တင်းတိမ်မှု မရှိသေးဘဲ အိမ်အပြန်စမြုံ့ပြန်လာခြင်း ပင်တည်း။ နောက်တော့ အသံတွေ ရုတ်ခြည်းတိတ်ဆိတ်သွားပေသည်။ ခြေသံပင် ဝေး၍ ဝေး၍ သွားပေသည်၊ ထို့နောက်ညသည်ပကတိငြိမ်သက်တိတ်ဆိတ်သွားတော့သည်။

ထို့နောက် ကျော်ဝင်းသည် မီးခွက်ကို ပြန်ထွန်းကာ ရေနွေးအိုးကို မီးချက်ရန် ပြင်ဆင်ရတော့သည်။ ရေနွေးအိုးတည်ရန်မီးဖွေးဖွေးရင်းမှစောစောက



www.burmeseclassic.com

www.burmeseclassic.com

အဖြစ်အပျက်ကို ပြန်စဉ်းစားမိသည်။ ညမှောင်မှောင် လမိုက်မိုက် ရိုးမတော ကြမ်းကြီးတစ်နေရာတွင် ပွဲကြည့်မှ ပြန်လာသော မိန်းကလေးနှစ်ယောက်နှင့် လူကြီးတစ်ယောက်က ဘယ်သူတွေနည်း။ သူတို့သည် ညဉ့်နက်နက်ကြီးမှာပင် မည်သည့်အရာကိုမှ အကြောက်အလန့်မရှိဘဲ အေးအေးလူလူ စကားပြောကာနေအိမ်သို့ပြန်လာကြခြင်းပင်။ ကြောက်မက်ဖွယ်တောလမ်းလျှိုမြောင်ခရီးကို ဖြတ်ကျော်လာကြခြင်း ဖြစ်သည်။

သူ လေ့လာကြည့်ရသလောက် သည်အနီးအနားမှာ လူနေအိမ်ခြေ ရွာသိမ်ရွာငယ်ပင် မရှိ၊ မိုင်များစွာဝေးသော တောင်ခြေတွင်တော့ ရွာရှိကောင်းရှိနိုင်သည်။ ဒါလည်း မသေချာ။

သူ့ရင်ထဲမှာ ပဟေဠိများဖြင့် ရှုပ်ထွေးလေးလံသွားသည်။

မနက်ကျမှ ဦးဘတူကို မေးမြန်းကြည့်ရမည်၊ ဦးဘတူသည် တောတွင်းအတွေ့အကြုံပြည့်ဝသောသက်ကြီးတစ်ယောက် မဟုတ်လား၊ ဒါပေမဲ့ ကျော်ဝင်းရင်ထဲမှာပဲ့တင်ထပ်ကာကျန်ရစ်ခဲ့သော ယောက်ျားကြီး၏ စကားတစ်ခွန်း ထင်းကျန်နေသည်။

"တော်ကြစမ်းဟဲ့ - အိမ်နားရောက်ပြီ"

ကျော်ဝင်းသည် မီးဖိုမှ မီးညွန့်ဝါဝါများ၏ ယိမ်းယိုင်နေသော ကတွက်ကို ကြည့်ရင်း ပခုံးကို တစ်ချက်တွန့်လိုက်သည်။ ထိုအချိန်တွင် အိပ်ပျော်နေသော လူအုပ်စုထဲမှ ချောင်းဟန့်သံကို ကြားလိုက်ရသည်။

"အဘတူ နိုးပြီလား - ခင်ဗျ"

"အေးကွ - ကျော်ဝင်းရ"

※

ဦးဘတူသည် ကျော်ဝင်း စကားဆုံးသောအခါ စားလက်စ ထမင်းကြော်ကို မစားတော့ဘဲ ဖွန်းကို အသာချကာ စိုက်ကြည့်နေသည်။ ကိုမြင့်သည်ဆေးပေါ့လိပ်ကိုခပ်ကြမ်းကြမ်းတစ်ချက်ရှိုက်ကာ ပြုံးစေ့စေ့မျက်နှာနှင့် ...

"ဟကောင် - ကျော်ဝင်း - မင်းနေမှကောင်းရဲ့လား"

"ကောင်းပါတယ် - အဘ"

"မင်း - အိပ်မက်မက်နေတာနေမှာပါကွာ"

ကျော်ဝင်းသည် မျက်မှောင်တစ်

www.burmeseclassic.com

www.burmeseclassic.com

ချက် ကြဲ့ကြာ ဦးဘတူကို ငေးကြောင် ကြည့်နေသည်။

"အဘရယ် - ကျွန်တော်က ပထမ တော့ ငါအိပ်မက် မက်နေတာများလား မသိဘူးဆိုပြီး လန့်နိုးသွားတာ၊ နာရီကို ကြည့်လိုက်တော့ သုံးနာရီမကတော့ ဘူး၊ ပတ်ဝန်းကျင်မှာလည်း မှောင်ပိန်း နေတာပဲ ၊ ကြောက် စရာကောင်း လောက်အောင် တိတ်ဆိတ်နေတာပါ၊ ကြည့်ဝင်းနဲ့ စိန်ကုလားတို့က အားကိုး ရမလား မှတ်တယ်၊ အိပ်နေလိုက်တာ များအဘဟောက်များတောင် ဟောက် နေတယ်"

"မင်းက ဘယ်လိုကြားလိုက်ရတာ တုံးကွ"

ကိုမြဒင်က ဝင်မေးသည်။

"ဒါနဲ့ ထမင်းအိုးတည်ဖို့ မီးခြစ်ရှာ၊ မီးခွက်ထွန်းနေတုန်း ရှိသေးတယ်၊ ကောင်မလေးနှစ်ယောက်ရဲ့အသံ ပြန် ကြားရတော့တာပဲ၊ ကျွန်တော် အိပ်နေ တဲ့ ခေါင်းရင်းဘက်က ကြားနေရတာ၊ ဖွဲ့ကြည့်က ပြန်လာတာ မှတ်တယ်၊ မင်း သား မင်းသမီးအကြောင်းပြောပြီး ရယ် လိုက် မောလိုက် ပြန်လာကြတာ၊ ဒါနဲ့ သူတို့နဲ့ပါလာတဲ့ လူကြီးတစ်ယောက်က

အိမ်နားရောက်နေပြီ၊ တိတ်ကြတော့ ပြောမှ ငြိမ်သွားကြတာ၊ ကျွန်တော့်နား နဲ့ သေသေချာချာ ကြားလိုက်ရတာပါ၊ ခြေသံတောင် ကြားလိုက်ရသေးတယ် အဘ"

ဦးဘတူသည် ခေါင်းကို တဆတ် ဆတ် ညိတ်နေသည်၊ ကိုမြဒင်ကို တစ် ချက်တော့ လှမ်းကြည့်လိုက်သေးသည်၊ သည်ကောင်ကလေးကျော်ဝင်းလိမ်ညာ ၍ ပြောမည့်အစားထဲကတော့ မဟုတ်၊ သွေးလေချောက်ချားကာ ကယောင် ကတမ်းပြောမည့်အစားထဲက မပါ၊ သူ မြင်ကြားရသည်ကိုအမှန်ပြောပြနေခြင်း ဖြစ်ပေလိမ့်မည်၊

"မင်း - တကယ်ပြောတာနော်"

"တကယ်ပါ - ဦးမြဒင်ကြီးရာ၊ ကျွန် တော် လိမ်ပါ့မလားဗျ"

ဘတူသည် ချထားသော ထမင်း ကြော်ပန်းကန်ကိုပြန်ယူသည်၊

"တောကြီးတောင်ကြီးထဲမှာ ဆန်း ကြယ်တဲ့အရာတွေ ရှိတယ်၊ တောစည်း တောင်စည်းဆိုတာ အလကားမဟုတ် ဘူး၊ သူ့နေရာနဲ့သူကွ၊ တောခြောက်တာ၊ တောမှောက်တာရှိတယ်၊ ကိုယ့်ဘက်က မမှားဖို့စည်းကမ်းကိုလိုက်နာဖို့လိုတယ်၊

www.burmeseclassic.com

www.burmeseclassic.com

မြင်အပ်မမြင်အပ်တဲ့အရာတွေရှိတယ်။ ဘုရား၊ တရား မမေ့ကြနဲ့၊ ဘာလဲတော့ ငါလည်း တတ်အပ်သေချာမသိသေးဘူး၊ သတိဝီရိယနဲ့နေ၊ ဒီညကစပြီး မီးဖို ထားတာ ကောင်းလိမ့်မယ် ထင်တယ်၊ မီးရောင်ရှိတော့တောကောင်တွေလည်း မလာရဲ၊ မကပ်ရဲကြဘူးပေါ့ကွာ၊ ဒီတော ကသူပုန်သူကန် ဓားပြတော့မရှိဘူးကွ၊ တို့လို တောတက်တဲ့ လူတွေတော့ ရှိတယ်၊ ရှိရင် အသိပေးကြ၊ အမှတ်အသားထားခဲ့ကြတာချည်းပဲ၊ ကဲ - မြဒင် - မင်းတဲစောင့်ဦး၊ ဓားတွေသွေးဖို့ရှိတယ်မဟုတ်လား၊ ဓားသွေးထားနှင့်၊ ငါ ကျော်ဝင်းကိုခေါ်ပြီး ဝါးတော ဘက် လှည့်ရှာဦးမယ်"

"သွားလေ - ကိုဘတူ၊ ကျုပ် လုပ်စရာတွေ ရှိသေးတယ်၊ ကြည်ဝင်းနဲ့ စိန်ကုလားကတော့ စောစောထဲက ထွက်သွားကြပြီ"

"ကဲ - ကဲ - ထမင်းကြော် စားလိုက်ဦးမယ်၊ ကျော်ဝင်း - ငါနဲ့ လိုက်ခဲ့"

"ဟုတ်ကဲ့ - အဘ"

※

နေထွက်သည်နှင့် တိရစ္ဆာန်ကလေးများ၏ တွန်သံ၊ ဘာသာဘာဝ အော်မြည်သံများသည် နေရာအနှံ့မှ ထွက်ပေါ်လာလေသည်။

ဦးဘတူနှင့် ကျော်ဝင်းသည် တိုင်းခုတ်ဓားကိုယ်စီကိုင်ကာ တောထဲသို့ဝင်လာကြသည်၊ ကျော်ဝင်းသည် လုံချည်အဟောင်း တစ်ထည်ကို စလွယ်သိုင်းကာ စား၍ရသမျှဟင်းရွက်ဟင်းသီးများကို ခူးဆွတ်လေသည်၊ ဆူးပုပ်၊ ကင်းပုံ၊ ကြောင်လျှာ စသည့် အသီး၊ အရွက်များသည် သူတို့အတွက် လုံလုံလောက်လောက် စားသောက်ရမည့် တောဟင်းရွက် ဟင်းသီးများပင် မဟုတ်ပါလား။

"ဟင်းသီးဟင်းရွက်တွေတလည်း ပေါမှပေါ၊ ဝါးတွေကလည်း ဖြောင့်နေ တာပဲပေါ့၊ ခုတ်လို့တောင် နိုင်မှာမဟုတ် ဘူးကွ - နော"

"ဟုတ်တယ် - အဘ၊ ကဲ - ခုတ် ကွက်တွေလည်း တွေ့ပြီ၊ တဲကို ခဏ ပြန်ကြစို့ အဘရေ"

ထိုအချိန်တွင် နံနက် (၉)နာရီခန့် ရှိပေပြီ၊ အပြန်တွင် လာလမ်းအတိုင်း မဟုတ်ဘဲ တောင်ကုန်းတစ်ခုဖြတ်ကာ လမ်းသစ်မှ ပြန်လာကြခြင်း ဖြစ်သည်၊ သူတို့ယာယီဝါးတဲကလေးကို ကြည့်ပင်

www.burmeseclassic.com

ကြီးအောက်တွင် ရှိသည်။ ကညင်ပင်ကို ပင် လုမ်းမြင်နေရသည်။

"အဘ - ဒီလမ်းက ရှင်းတယ်နော်။ တောလမ်းဖြစ်နေတယ် ထင်တယ်"

တစ်နေရာတွင် ချုံပုတ်ပုပုကလေး များ ဝိုင်းရံထားသော မြေကွက်လပ် တစ်ခုကို ရုတ်တရက် တွေ့လိုက်ကြ သည်။ ပေနစ်ဆယ်သာသာ ပြောင်ရှင်း နေသော မြေဝိုင်းကလေးဖြစ်သည်။ မြေ ပြောင်ပြောင်ကွက်လပ်ကလေးထဲတွင် မည်သည့် သစ်ရွက် ခြောက် အမှိုက် သရိုက်မှမရှိဘဲ လတ်တလော မိနစ်ပိုင်း အတွင်းမှ ရှင်းလင်းသုတ်သင်ထားသကဲ့ သို့ ပြောင်ရှင်းနေခြင်းပင် ဖြစ်သည်။ ထို အချက်သည် ထူးဆန်းလှသည်။ ကျေး ငှက် များ၏ အော် သံ ထွ က် ပေါ်လာ သည်။

ဦးဘတူနှင့် ကျော်ဝင်းသည် တစ် ယောက်မျက်နှာတစ်ယောက်ကြည့်ကာ အတန်ကြာမျှ ငေးမောမိနေကြသေး သည်။ ရှေ့သို့ မလျှောက်ကြသေး။ ရပ် တန့်ငေးမောနေမိကြသည်။

"ထူးဆန်းတယ် - ဘယ်သူလာရှင်း သွားတာလည်း မသိဘူး"

"ကြည်ဝင်းတို့ - ဒီဘက်ကိုလာကြ တာမဟုတ်ဘူး။ သူတို့အားလုံးက အရှေ့ ဘက်ကို စုပြုံသွားကြတာ။ ကြည့်စမ်း - ထူးဆန်းတယ်ဟော့။ ဒါ တစ်ခုခုပဲကွ - ကျော်ဝင်းရ"

သူတို့နှစ်ယောက်သည် မုန့်သား ပြင်ကဲ့သို့ ပြောင်လက်မာကျစ် ချောမွေ့ နေသော မြေပြောင်ပြောင်ကလေး၏ ဘေးတွင် ဇဝေဇဝါဖြင့် ရပ်နေကြပေ သည်။

"ဒီလိုတောခေါင်ခေါင် ရှုပ်ထွေးလှ တဲ့နေရာမယ် အမှိုက်ဆံခြည်တစ်မျှင်မှ မရှိဘဲပြောင်ရှင်းနေတာ ထူးဆန်းတယ်။ အင်း - တစ်ခုခုတော့ တစ်ခုခုပဲဟော့"

ဦးဘတူသည် မြေဝိုင်းကလေးကို လှည့်ပတ်ကြည့် ရှုနေသည်။ စေ့စပ် သေချာစွာ စစ်ဆေးနေခြင်း ဖြစ်သည်။ ကျော်ဝင်းသည် မယောင်မလည် ရပ်နေ သည်။ မြေဝိုင်းကလေး၏ တစ်နေရာတွင် ဦးဘတူသည် တစ်စုံတစ်ရာကို တွေ့ရှိ သွားဟန်ဖြင့် ထိုင်ချလိုက်သည်ကို တွေ့ လိုက်ရပေသည်။

ခဏကြာလျှင် ကျော်ဝင်းကို အရေး တကြီး လက်ယက်ခေါ်လေသည်။

"ကျော်ဝင်း - ဒီကို လာကွယ်"

ကျော်ဝင်းသည် ပြောင်ရှင်းသော ကွက်လပ်ပြင်ကို ခပ်ဖွဖွမတုံ့မချိနင်းကာ ဦးဘတူဆီသို့ လျှောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးဘတူဆီသို့ လျှောက်လာသည်။

"ဟော့ - ကျော်ဝင်းရေ - ယောင်လို့မှ မြေပြောင်ပြောင်ပေါ် တံတွေးထွေးမချလိုက်လေနဲ့"

ပြောခါမှ ကျော်ဝင်း ပို၍ လန့်ဖျပ်သွားသည်။ ဒီအဘိုးကြီး ဘာတွေ ပြောနေပါလိမ့်။

"ဒီမှာ - ကြည့်စမ်း - မထူးဆန်းဘူးလား"

ဦးဘတူပြသောအရာကလေးကို ကြည့်လိုက်တော့ မြေကြွက်တွင်းပေါက်လို တွင်းပေါက်ကလေးကို တွေ့လိုက်ရသည်။ တွင်းပေါက်ကလေးသည် ကွက်လပ်၏ အစွန်တွင်ရှိပြီး စက်ဖြင့် ဖောက်ထားသကဲ့သို့ ဝိုင်းစက်ညီညာကာ ချောမွတ်နေသော တွင်းပေါက်ကလေးတစ်ပေါက်သာ ဖြစ်သည်။

"ဝိုင်းစက်နေတာပဲဗျာ - လှလိုက်တာ။ ဘာလုပ်တာလဲ - မသိဘူး အဘ"

"သွားမကိုင်နဲ့ - အန္တရာယ်ပဲ"

"ဗျာ - ဒီလောက် ပြောင်ချောင်လှပတဲ့ ပစ္စည်းကလေးက အန္တရာယ်ရှိတယ် ဟုတ်လား"

ကျော်ဝင်းသည် ယောင်ယမ်းကာ ထိုင်နေရာမှ နောက်သို့ တစ်လှမ်းစာမျှ ရွှေ့လိုက်၏။

"လူသူမနီးတောတောင်ထဲမှာ ဒီလို မြေပြောင်ပြောင်တွင်းကလေးလှလှတာ အန္တရာယ်အကြီးဆုံးပေါ့ကွယ်။ ဒီလို ကောင်လေးရ - မနက်လင်းအားကြီး အချိန်မှာ လူကလေးတွေ့ကြုံလိုက်ရတဲ့ ခြေသံတွေ၊ ကောင်မလေးတွေရဲ့ စကားပြောသံတွေကို ဆက်စပ်ပြီး စဉ်းစားနေတာကွ။ ဒါကျတ်တွင်း၊ ကျတ်တစ္ဆေတွေ နေတဲ့ ကျတ်အောင်းတွင်း"

"ခင်ဗျာ"

ကျော်ဝင်းသည် ယောင်ယမ်းကာ မတ်တတ်ရပ်လိုက်သည်။ တွင်းပေါက်မှ တစ်စုံတစ်ခုသော ထူးဆန်းသည့် အရာတစ်ခု ထွက်ပေါ်လာလေမည်လားဟု စိုက်ကြည့်လိုက်မိသည်။ အစွယ်ငြောငြောနှင့်တစ္ဆေ တစ်ကောင်လား၊ ဒါမှမဟုတ် ပုံပြင်ထဲက ဥစ္စာစောင့် မချောချောကလေးများ သီချင်းသီကာ ထွက်ပေါ်လာလေမလား၊ ဒါမှမဟုတ် အာလာဒင် ဆီမီးခွက်ထဲကလို ဘီလူးဝဝတစ်ကောင်များ ထွက်ပေါ်လာလေမည်လားဟု အတွေးပေါက်ကာ အလန့်တကြား စောင့်ကြည့်လိုက်ခြင်းသာ ဖြစ်သည်။

သို့သော် မည်သည့် ထူးထူးဆန်းဆန်း သတ္တဝါမှ ထွက်ပေါ်မလာပေ။ မည်သည့်အရိပ်အယောင်အငွေ့အသက်မှ

www.burmeseclassic.com

မမြင်ရပါချေ။ သည်အဘိုးကြီးတောနက်ထဲမှာလူငယ်တွေကိုတမင်ကြောက်လန့်အောင် ခြောက်လှန့်နေတာလား…။

"ကဲပါကွယ် - သူတို့လည်း သူတို့လောကမှာ အေးအေးချမ်းချမ်း နေပါစေ၊ လွတ်လွတ်လပ်လပ်နေပါစေ၊ သွားပြီး မနှောင့်ယှက်ပါနဲ့"

ကျော်ဝင်းသည်သိပ်တော့ကျေနပ်ပုံ မပြပေ။

"အချိန်ရမှ နောက်တစ်ခေါက် လာပြီး သူတို့ကို အကျွေးအမွေးလေး လုပ်ရမယ်တွ"

"ဘာတွေများ ကျွေးမွေးရမှာလဲ - အဘ"

"တောစည်းကမ်း တောင်စည်းကမ်းအရ ထမင်းဟင်းချက်ပြီး ဖက်ရွက်နဲ့ ပုံပြီး စတီသဘောမျိုး ကျွေးမွေးမှာပါကွာ၊ သိပ်ပြီးကာယိကာထမများလှပါဘူး။ ကဲ - လာကွာ - ပြန်ကြပါစို့"

သူတို့နှစ်ယောက်သည် နေရာကိုသတ်မှတ်မှတ်သားကာ တဲသို့ ပြန်လာကြသည်။ သူတို့ တောတက်ခြင်း၏ အဓိကမှာ ဝါးခုတ်ရန်သာ ဖြစ်သည်၊ ဝါးခုတ်ခြင်းလုပ်ငန်းကို စတင်ရပေတော့မည်။

ခဏကြာလျှင် ကိုမြဒင်နှင့် ဦးဘတူ ထွက်သွားသည်၊ ကျော်ဝင်းကတော့ ထမင်းဟင်းချက်ပြုတ်ရန် နွားတွေအစာကျွေး၊ ရေတိုက်ရန် ပြင်ဆင်ရတော့သည်။

※

ထိုနေ့တစ်နေ့လုံး လက်လှမ်းမီသလောက်ဝါးခုတ်ကွက်တွေရှာဖွေကာ အသီးသီးတာဝန်ယူကာ ခုတ်ကြသည်၊ ကိုင်းဖျားကိုင်းနားတွေ ရှင်းကြသည်၊ လှည်းလမ်းနှင့် အနီးဆုံးနေရာသို့ သယ်ကြရသည်၊

ညနေစောင်းတွင် ဦးဘတူသည် ကျော်ဝင်းကိုခေါ်ကာ မနက်ပိုင်းက တွေ့ခဲ့ကြသည့် ကျုတ်တွင်းသို့ တစ်ခေါက်ထပ် သွားသည်၊ သည်တစ် ခါတော့ စားဦးစားဖျားအင်ဖက်နှင့် ထုပ်ယူလာသော ထမင်းနှင့် ဟင်းများ ဗန်းနှင့်သယ်ယူသွားကြသည်။

"ကဲ - အန္တရာယ်ကင်းဘေးကင်း တွင်းအောင်းကျုတ်တွေကို ကျွေးမြ ရအောင်"

သူတို့သည် မြေပြောင်ပြောင်တွင်း ပေါက်အနီးတွင် အင်ဖက်ထဲသို့ ထမင်း



www.burmeseclassic.com

ဟင်းများထည့်ကာ မမြင်အပ်သော ပုဂ္ဂိုလ်များကို ပင့်ဖိတ်ကျွေးမွေးကြသည်။

※

တဲစောင့်ကျော်ဝင်းမှလွဲ၍ ကျန်သူများ ဝါးခုတ်ကွက်များတွင် အသီးသီး နေရာယူကြကာ လုပ်ငန်းခွင်ဝင်ကြတော့သည်။

ဦးဘတူ၊ ကိုမြဒင်နှင့် ကြည်ဝင်းက ခုတ်ကွက်တစ်ခုထဲတွင် ဝိုင်းခုတ်ကြသည်။ ကျန်သည့်ခုတ်ကွက်တွင် ကိုလှသောင်းနှင့် စိန်ကုလား ...

ထိုနေ့ညနေခင်းထိ ဝါးခုတ်ကြသည်၊ ဝါးခုတ်ရာတွင်အသက်အန္တရာယ်များလှသည်။ ဝါးခုတ်မကျွမ်းကျင်ပါက မတော်တဆ ဝါးချွန်ထိုးမိ၍ သေကြသည်။

ညနေစောင်းတွင်ကိုလှသောင်းနှင့် စိန်ကုလားတို့ခုတ်ကွက်တွင်ဝါးများရှင်းလင်းသန့်စင်နေစဉ်မှာပင်စိန်ကုလားက ကိုလှသောင်းကို ခွင့်ပန်ကာ တစ်နေရာသို့ ထွက်သွားသည်။ စိန်ကုလားသည် ယခု တောတက်ဝါးခုတ်အဖွဲ့ လူအုပ်စုတွင် လူငယ်မက လူကြီးမမည်သော စကောစကအရွယ်သာ ဖြစ်သည်။ တစ်

ရွာလုံးတွင် အရက်သောက်ရာတွင် စံမတူနှစ်ယောက်မရှိအောင်အသောက် ကြမ်းသူ ဖြစ်သည်။ ကျန်သည့် လူငယ် များ အရက်နှင့် မကင်းကြသော်လည် စိန်ကုလားလို ခုံခုံမင်မင် စွဲစွဲလမ်းလမ် တော့ မဟုတ်ကြပေ။

ယခုလို တောတက်ကာလတွင် အရက်ကို အားလုံးမသောက်ကြသည် မှာ တစ်ရွာလုံး သတိပေးစရာမလို၊ ပြော ပြစရာမလိုသော စည်းကမ်းချက်တစ် ဖြစ် သည်။ တောထဲ တောင်ထဲ တွင် အရက်သေစာသောက်စားခြင်းဖြင့် မလို လားအပ်သော ပြဿနာများ ဖြစ်ပေ တတ်သဖြင့် တောတက်စဉ်အရက်သေ စာနှင့် သားကြီးငါးကြီး ရှောင်ကြဉ်သည် က အကောင်းဆုံးနှင့် အန္တရာယ်အကင် ဆုံးဖြစ်ပေသည်။ ယခုလည်းစိန်ကုလာ သည် ကိုလှသောင်းကိုပြောကာ တော ခြေရွာတစ်ရွာသို့ အရက်ရှာ ဒါမှမဟုတ် အရက်သောက်ရန် ထွက်ခွာသွားခြင် ဖြစ်ပေသည်။ စိန်ကုလားသည် တစ် တော့ ခြွင်းချက်ရှိသည်။ ထိုအရာတာ သူတကာထက်ပို၍အလုပ်လုပ်နိုင်ခြင်း အပင်ပန်းခံနိုင်ခြင်း၊ သန်မာခြင်း ခြင်းဟူသော ဝိသေသလက္ခဏာများ ဖြစ်၏။ ကိုလှသောင်းကလည်း ဝါးခုတ်

www.burmeseclassic.com

ကျွမ်းကျင်လှရကာ သူတို့နှစ်ယောက်၏ ထူးခြားစွမ်းရည်ကို ဦးဘတူတို့ ယှဉ်၍ မရခြင်းပင်တည်း။

ကိုလှသောင်းသည် စိန်ကုလားတောင် ခြေထွက် သွားကတည်းက အလုပ်လက်စသတ်ကာ တဲရှိရာသို့ပြန်လာသည်။ ဦးဘတူတို့ အုပ်စုဝင်သုံးယောက်ကား လက်စမသတ်နိုင်သေးချေ။ ညနေသုံးနာရီပင် ကျော်ပေပြီ။ ဘာပဲဖြစ်ဖြစ် လက်ကျန်အပင် (၁၀)ပင် အုပ်စုကလေး ခုတ်ထွင်ပြီးလျှင်တော့ လက်စသတ်လောက်ပေပြီ။ အချိန်သုံးနာရီဆိုသည်မှာ တောထဲတောင်ထဲတွင် လျှင်မြန်စွာ အမှောင်ရောက်တတ်သည်မှာ ဓမ္မတာပင်တည်း။

"မြဒင်နဲ့ မောင်ကြည်ဝင်းရေ - ဒီအပင်စုကလေးခုတ်ပြီးရင်လက်စသတ်ကြစို့ကွယ်"

"လင်းတုန်းပဲ ရှိပါသေးတယ် အဘရဲ့"

"အော်ကွယ် - တစ်နေကုန်ခုတ်နေတာကလားကွယ်၊ နောက်နေ့တွေလည်း ရှိသေးတယ်၊ လောဘမကြီးစမ်းနဲ့ကွယ် မောင်ကြည်ဝင်း"

ကြည်ဝင်းသည် ကိုင်းဖျားကိုင်းနားတွေ ရှင်းလင်းလျက်ကပင် ...

"လောဘမကြီးပါဘူး - အဘ၊ များများခုတ်ထားတော့ နောက်နေ့တွေ ထက် သာတာပေါ့"

"ဒါတော့လည်း ဒါပေါ့ကွယ်"

စကားသံတွေ တိတ်ဆိတ်သွားကြသည်။ ထိုစဉ် ခပ်ဝေးဝေးကောင်းကင်ယံမှ ငှက်တစ်ကောင်အနီးရှိကညင်ပင်ပေါ်သို့ ထိုးစိုက်လာနားကာ ချက်ချင်းပင် ဂီးခနဲ အလန့်တကြား အော်ကာ ပျံသွားသည်။

"ဟ - ဒီကောင် ဘာဖြစ်တာလဲ - ငှက်ခါးထင်တယ်"

ကိုမြဒင်က လှမ်းကြည့်ရင်း ပြောသည်။ ဦးဘတူသည် ပျံထွက်သွားသောငှက်ကိုကြည့်ကာ တစ်စုံတစ်ရာပြောရန် အားယူလိုက်စဉ်မှာပင် နားထဲသို့ လေတိုးသံလိုလို၊ သစ်ရွက်တွေ တဖျောဖျောမြည်သံလိုလို အသံတစ်သံ ကြားလိုက်ရသည်။

ဦးဘတူသည် ခုတ်လက်စကို ရပ်တန့်ကာ အသံလာရာသို့ နားစွင့်ထောင်သည်။ လေတိုးသံလိုလို၊ သစ်ရွက်မြည်သံလိုလိုမှ စကားပြောသံမှန်း သတိပြုမိလိုက်သည်။ ဦးဘတူ၏ ရင်ထဲတွင် ဖြန်းခနဲ တုန်ခါသွားသည်။ ကိုမြဒင်ကို လှည့်ကြည့်လိုက်တော့ အဘတူနည်း

www.burmeseclassic.com

www.burmeseclassic.com

ဘူပင်ဓားကိုကိုင်လျက်က အသံလာရာသို့ လှမ်းကြည့်နေသည်။ ကြည်ဝင်းသည် ဘာမှမကြားရသလို အလုပ်ကိုဆက်လုပ်မြဲ ဆက်လုပ်နေသည်။

"ဘာသံလဲဗျ"

"မသိဘူး - မင်းကော ဘာကြားလိုက်သတုံး"

"စကားပြောသံဗျ - ကိုဘတူ"

"ဟုတ်တယ် - စကားပြောသံကွ၊ တစ်ယောက်က တစ်ယောက်ယောက်ကို ပြောနေတဲ့အရှိအချမျိုးပါ၊ ထူးဆန်းတယ်၊ ငါတို့ နားကြားမလွဲပါဘူးနော်"

"နစ်ယောက်တောင်ကြားတာဗျာ၊ အနားကပ်ပြောနေသလိုပဲ၊ သရဲခြောက်တာလား"

ဦးဘတူသည် ပုဆိုးကို ပြင်ဝတ်လိုက်သည်။

"ကဲ - အသံကြားတဲ့ဆီလိုက်ကြည့်ရအောင်ဟေ့"

ကိုမြဒင်သည် နစ်ကြိမ်မပေါ်ရ၊ ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်သည်။

"ဝါးရုံစပ်ကဗျို့"

ဦးဘတူသည်လူငယ်တစ်ယောက် ပမာ ရှေ့မှ ဆိုးဆိုးဆတ်ဆတ်ထွက်သွားသည်၊ ကိုမြဒင်က သူ့နောက်က လိုက်သွားသည်၊ ကြည်ဝင်းက မရိပ်မိ၊ သူ့အလုပ် သူ ဆက်လုပ်နေသည်။

အဘတူတို့ဝါးရုံစပ်ရောက်တော့ စောစောက စကားပြောသံ ရပ်သွားသည်။

"အသံပျောက်သွားပြီကွ - မြဒင်"

"ဟုတ်တယ် - ချက်ချင်းပျောက်သွားတာ၊ စကားပြောသံမှ စကားပြောသံ ပီပီသသဗျ"

သူတို့နှစ်ယောက် စူးစိုက်နားထောင်နေစဉ်မှာပင် ရုတ်တရက်စကားပြောသံ ပေါ်လာပြန်သည်၊ ဒီတစ်ခါ စကားပြောသံသည် ဝါးရုံပင်နှင့် ဝါးတစ်ရိုက်ခန့်ရှိ ကပ်စေးနဲချုံစပ်မှ ထွက်ပေါ်လာခြင်းပင်၊ ကိုမြဒင်သည်အသံကြားရာသို့လှမ်းခနဲ ပြေးကာ ချုံဘေးတတ်တတ်လည်ကို ငုံ့၍ရှာသည်၊ အရိပ်အယောင်မျှပင် မတွေ့သည်သာမက စကားပြောသံပင် တိတ်သွားပြန်သည်၊ သူတို့နှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက် မေးဆတ်ပြရင်း —


"တစ္ဆေခြောက်ပြီထင်တယ် ကိုဘတူ"

"သိပ်သေချာတာပေါ့ကွာ - တောတောင်ထဲမှာ လူမမြင်ရဘဲ စကားပြောသံတွေ အနီးကပ် ကြားရတော့မှ တစ္ဆေခြောက်ပြီပေါ့ကွ"

www.burmeseclassic.com

www.burmeseclassic.com

“ရင်ညွန့်ရိုးမှ ချက်အထိ ဓားထက်ထက်ဖြင့် မျဉ်းတစ်ကြောင်းတည်း ခွဲချကာ ဗိုက်ကို ဖွင့်လိုက်ကြသည်။ ထက်ခြမ်းပွင့်သွားသော ဝမ်းဗိုက်ကို ငုံ့ကြည့်နေသော သူတို့၏ မျက်ဝန်းများ ရုတ်တရက် ပြူးကျယ်သွားသည်။ ပါးစပ်များ ဟသွားကြသည်။ ဝမ်းဗိုက်ကို ခွဲသူ၏ မျက်ဝန်းများ အဆမတန် ပြူးထွက်သွားကာ လက်ထဲမှ ဓားသည် ယောင်ယမ်းကာ လွှတ်ကျသွားသည်။ ကျန်နှစ်ယောက်က နောက်သို့ အလန့်တကြားဆုတ်လိုက်သည် ...



ထိုစဉ် ယောကျ်ားများ အုပ်စု၏ စကားပြောသံ ဗလုံးဗထွေးများသည် လျှိုကလေးထဲမှ ထွက်ပေါ်လာပြန်သည်။ လျှိုကလေးသည် ဦးဘတူတို့ ရပ်တန့်စကားပြောနေသော နေရာနှင့် ပေ (၃၀) မျှ မဝေးပေ။ သူတို့ ငုံ့ကြည့်လိုက်တော့ စကားပြောသံ၊ တီးတိုးသံတွေထွက်ပေါ်နေခြင်းဖြစ်သည်။ လူမမြင်ရ၊ ဘာယ်သူမှမရှိ၊ ရယ်သံတွေပင်ပါလိုက်သေးသည်။

ကိုမြဒင်သည် ဦးဘတူကို အံ့ဩတကြီး ကြောင်ကြည့်နေမိသည်။ စကားမဆိုနိုင်။

“တောက် - ကျုပ်တို့ကို သရဲမတွေ၊ သရဲထီးတွေ အရူးလုပ်နေတာဗျို့”

ထိုအခါ ဦးဘတူက ပျာပျာသလဲ လက်ကာပြသည်။ ဟန့်တားလိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟော့ - ဟော့ - မပြောနဲ့ကွယ်။ တို့က သူတို့ ပိုင်နက်ထဲမှာ အလုပ်လာလုပ်နေကြတာ။ သူတို့နဲ့ ဆန့်ကျင်ဘက် မလုပ်မစေနဲ့"

ကိုမြဒင် ငြိမ်သက်သွားသည်။

"ပြန်ကြမယ် - ဦးဘတူ၊ ကြက်သီးတွေ ထလာပြီဗျို့"

"ဟုတ်တယ် - ပြန်ကြစို့"

ဦးဘတူသည် ပြန်ရန် ခြေလှမ်းတစ်လှမ်း နောက်သို့ဆုတ်လိုက်မိစဉ် ခါးပုံစထဲတွင် ထည့်ထားသော မီးခြစ်က ပြုတ်ကျသွားသည်။ ခါးပုံစထဲမှ လျှော၍ကျသွားခြင်း ဖြစ်သည်။ ကျကျခြင်း ငုံ့၍ လှမ်းဖမ်းလိုက်သော်လည်း မမီလိုက်၊ ခြေထောက်အောက်ရှိ မြေကျစ်စာခဲ နှစ်ခုကြားသို့ ဝင်သွားခြင်း ဖြစ်သည်။

"အယ် - ဒီမီးခြစ်နယ်ကွယ်၊ ဘယ်လိုများ ကျရပါလိမ့်။ အရေးထဲမှ"

မီးခြစ်အဖျားကလေးကိုပင် ကျစ်စာခဲကြားတွင် ညပ်နေသည်ကို လှမ်းမြင်နေရသေးသည်။ ဘတူသည် ငုံ့ကာ ကျစ်စာခဲကို လှန်၍ကြည့်လိုက်သည်။ အစွန်းအလေးကိုပင် မြင်နေရသော ကြေးဝါရောင် မီးခြစ်ကလေး မတွေ့ရတော့။

"ဘုရားရေ - ခုပဲကျ ခုပဲ မြင်နေရတဲ့ မီးခြစ်ကွယ်၊ မျက်စိရှေ့မှာတင် ပျောက်ခြင်းမလှ ပျောက်ရပါပကော"

ဦးဘတူသည် တစ်ချက် ညည်းညူကာ အောက်ခြေရှင်းရှင်းလင်းလင်း ကလေးပင် ရှိသော မြေကျစ်စာခဲကို တွဲကြေလုမတတ် လှန်လှောရှာဖွေသည်။ ဦးမြဒင်ကပါ ဝိုင်းကူရှာဖွေသည်။

"မျက်စိရှေ့တွင်ဗျာ"

ကြေးဝါမီးခြစ်ကလေးသည် မျက်မှောက်ရှေ့မှာတင် ပျောက်ခြင်းမလှ ပျောက် ကွယ် သွားလေပြီ တကား။ အတောင်ပေါက်ကာ ငှက်ပမာ ပျံထွက်သွားလေပြီတကား။

"ဒေါသထွက်စရာကွာ၊ ဘယ်မှခြေထောက်ပေါက်ပြီး ဒီမီးခြစ်က ပျောက်စရာမရှိဘူးဟာ။ ငါ့နယ်နော် - ဆန့်ကြွယ်လိုက်ပါဘိ။ ကဲပါကွယ် - နောက်မှ ထပ်ရှာတော့မယ်"

ဦးဘတူသည် စိတ်ပျက်လက်ပျက်ဖြစ်ကာ မရျတင်ကဲ မကျေမနပ်ဖြင့် ရှာဖွေမှုကို ရပ်လိုက်ကာ တဲရှိရာသို့ ပြန်လာသည်။ လမ်းလျှောက်ရင်း ကိုမြဒင်က –

"မျက်လှည့်ပြလိုက်သလား မှတ်တယ်ဗျာ၊ အံ့ရောပဲ ..."

※



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့မနက်ရှစ်နာရီမထိုးမီမှာပင် ကျော်ဝင်းမှလွဲ၍ အားလုံးနုတ်တွက်အသီသို့ ရောက်ရှိသွားကြသည်။ အသက်ကြီးရင့်လာပြီဖြစ်သော ဦးဘတူသည် ပေါ့ပါးသော အလုပ်များကို တစ်ဗိုင် တစ်နိုင်လုပ်နိုင်သည်။ ကိုင်းဖျားတိုင်းနားဖြတ်ခြင်း၊ အမှိုက်များစုပုံပေးခြင်း စသည့် အလုပ်များကိုသာ လုပ်နိုင်တော့သည်။

ဦးဘတူသည် ဝါးပိုးဝါးတစ်ပင် ခုတ်ပြီး၍ ချွေးသုတ်နေသော ကိုမြဒင်ကို လှမ်း၍စကားပြောမိသည်။

"မြဒင်"

"ဗျာ"

"မင်းကို ငါ အံ့ဩစရာကောင်းတဲ့ ကိစ္စတစ်ခု ပြောပြမယ်"

ကိုမြဒင်သည် ဝါးခုတ်ဓားကို သစ်ငုတ်ဆုံပေါ်သို့ အသာချလိုက်သည်။

"ပြောလေ - ကိုဘတူ"

"ဒီလိုကွ - မနေ့ညနေက မီးခြစ်ပျောက်သွားတဲ့ကိစ္စတွေ - အဲဒါ"

"မီးခြစ်က ကိစ္စပြတ်ကို ဖြစ်သွားတာ"

ဦးဘတူ ခေါင်းယမ်းပြလိုက်သည်။

"မပြတ်ဘူး - ဟော့ကောင်၊ ညက ငါ အိပ်မက်မက်တယ်။ အသက်လေးဆယ်လောက် ရှိတော့မယ့် လူတစ်ယောက်ကွ၊ တို့တဲပေါက်ဝကိုရောက်လာတယ်။ ပြီးတော့ ငါ့ကို ခင်ဗျား ကျုပ်တို့ကို စားဦးစားဖျား လာကျွေးတာ ကျေးဇူးလည်းတင်၊ ဝမ်းလည်းသာတယ်ဗျာ၊ ကျုပ်တို့ကိုဒီလိုစားဦးစားဖျားလာမကျွေးကြတာကြာပြီဗျ၊ ပြီးတော့ သားစို သားစိမ်းကလေးတွေလည်း ကြုံတုန်းစားချင်သဗျ၊ ဝမ်းတွင်းကလီစာ ပိုကြိုက်တယ်ဗျာ၊ ဪ - ဒါထက် - ခင်ဗျားရဲ့ကြေးဝါမီးခြစ်ကလေး မပျောက်ပါဘူးဗျာ၊ ကျွန်တော်ခင်ဗျားကိုခင်မင်လို့ကျီစားတာပါ၊ မပျောက်ရပါဘူး၊ စိတ်ချပါ - ကျုပ် ပြန်ထားလိုက်ပါပြီ၊ ခင်ဗျား လှန်ပြီးရှာခဲ့တဲ့ မြေကျစ်စာခဲအပေါ်မှာ ကျုပ် ပြန်တင်ထားလိုက်ပါပြီ၊ မနက်ကျတော့ သွားယူလိုက်ပါ၊ ဒါပါပဲဗျို့ - လို့ပြောပြီး ပျောက်သွားရော - မြဒင်ရေ၊ အေး - မနက်ကျတော့ ခပ်စောစောသွားယူလိုက်ဖို့ အိပ်ရာက ထထချင်း မနေ့က ပျောက်သွားတဲ့နေရာကို ကမန်းကတန်း သွားရှာလိုက်တော့ ဟုတ်တယ်ဟေ့ - ငါ့မီးခြစ်ကလေး မြေကျစ်စာခဲအပေါ်ဆုံးမှာ အဆင်သင့်ပဲ တွေ့ရတယ်ဟေ့"

ကိုမြဒင်သည် ငေးနေသည်။

"တော်တော်ဆန်းကြယ်တာပဲ"

www.burmeseclassic.com

"ဟုတ်တယ် - ကျတ်တွေက နောက်ပြောင်ထားတာပေါ့ - မြဒင်"

"သူတို့ ဒီပတ်ဝန်းကျင်မှာ ရှိနေတယ်ဆိုတာကိုလည်း ပြတာပဲ မဟုတ်လား"

"ဟုတ်တာပေါ့ - မြဒင် - အော် - ဒါထက် ကောင်လေးတွေကိုလည်း သတိပေးဦးဟေ့၊ မူးမူးနဲ့ ဆဲတာဆိုတာတွေ ဆင်ခြင်ကြဖို့"

"ကျွန်တော်လည်း ပြောထားတာပဲ - ကိုဘတူ၊ ခိုးကြောင်ခိုးဝှက်နဲ့ အရက်သောက်လာတော့ မတတ်နိုင်ဘူးလေ၊ ဆုံးမတာပဲဗျာ၊ ပြောလို့မှမရတာ၊ ချုံထဲမှာ ပုလင်းတွေ ဖွက်ထားသေးတယ်"

※

နောက်နှစ်ရက်ဆိုလျှင် လိုအပ်သမျှ ဝါးအရေအတွက် ပြည့်မီတော့မည်။ အိမ်ပြန်ရက်နီးလေ အားကြိုးခွန်စိုက် အလုပ် လုပ်ကြလေ ဖြစ်သည်။ ပါလာသော ရိက္ခာများလည်း တိုင်းထွာ သုံးလာသောကြောင့် တဖြည်းဖြည်း လျော့ပါးလာပေပြီ။ အချို့လှည်းပေါ်သို့ တင်ထားသည်၊ လှည်းသုံးစီးပြည့်လု ပြည့်ခင် ဖြစ်နေပြီဖြစ်သည်။

ထိုစဉ် မမျှော်လင့်သော ဖြစ်ရပ်တစ်ခုက ဖြစ်ပွားသွားခဲ့လေသည်။ ဝါးခုတ်ရာမှ စိန်ကုလား၏ ဘယ်ဘက်ပေါင်ကို ဝါးငုတ်စိုက်ဝင်မိခြင်းပင်တည်း။ ပြတ်ကျသွားသော ဝါးငုတ်တစ်ဖက်တစ်ဖက်သို့ ယိုင်၍အကျ သူ၏ပေါင်ကို ဝါးချွန်ဖြင့် ပက်ထုတ်သလို ဖြစ်သွားခြင်းဖြစ်သည်။ ထို့ကြောင့် ဝါးချွန်စဖြင့် ပေါင်ရင်းသို့ သုံးလက်မခန့် စိုက်ဝင်ပြီး ငါးလက်မခန့် အသားပြဲထွက်သွားခဲ့သည်။

"အား"

ကြည်ဝင်း၊ ကိုလှသောင်းတို့သည် စိုက်ဝင်ကာ လဲကျသွားသော စိန်ကုလားကို ပြေးပွေ့ကြသည်။ စိန်ကုလားသည် သတိလစ်မတတ် တစ်ကိုယ်လုံး တုန်ခိုက်ကာ ပေါင်ရင်းမှ သွေးတွေ တရဟော ထွက်ကျနေသည်။ ကြည်ဝင်းနှင့် လှသောင်းက တဲသို့ ပွေ့သယ်လာကာ နီးစပ်ရာ ကုက္ကိုရွက်များ၊ ဝိစပ်ရွက်များ ထောင်းကာ ဒဏ်ရာကို စည်းနှောင်ပေးကြသည်။

"ဒဏ်ရာများတယ်ကွာ၊ ဖြစ်မှ ဖြစ်ရတယ်၊ ကဲ - ရသလောက် ဝါးတွေနဲ့ ကွာ - ပြန်ကြစို့"

စိန်ကုလားသည် သတိမရတစ်ချက် ရတစ်ချက်ဖြင့် ကယောင်ကတမ်း

www.burmeseclassic.com

တွေ့စပြောလာသည်။ သတိလက်လွတ်ဖြစ်လာသည်။

"ကြောက်ပါပြီဗျ - ကြောက်ပါပြီဗျ - နောက် ဒါမျိုးမလုပ်တော့ပါဘူး"

စိန်ကုလားသည် တအင်းအင်းညည်းညူနေတော့သည်။

ဘတူနှင့် ကျော်ဝင်းသည် စိန်ကုလား၏ ဒဏ်ရာကို ပုဆိုးစုတ်နှင့် စည်းနှောင်ပေးရင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။

"ကိုလှသောင်း - သူ ဘာကို ကြောက်တယ် ပြောနေတာလဲ ဗျ။ နောက် ဒါမျိုးမလုပ်တော့ပါဘူးဆိုတာ ဘာကို ပြောနေတာလဲ"

ထိုအခါ ကိုလှသောင်းသည် မနေ့ညနောက်ပိုင်း သူ မြင်သမျှကို ဇာတ်စုံခင်းတော့၏။

"ဒီလိုဗျ - ဒီလို မနေ့ညနေပိုင်းက မြေပြောင်ပြောင်ကျတ်တွင်းမှာ သူ့ကို ကျုပ် တွေ့လိုက်တယ်။ ဘာလုပ်တယ် မှတ်သလဲ။ အဲဒီတွင်းပေါက်ထဲကို ကျင်ကြီးတွေ စွန့်ချတယ်လေ။ တားဖို့ အချိန်မရတော့ဘူး"

အားလုံး မျက်စိမျက်နှာ ပျက်ကုန်သည်။

"ဟာ"

"ဒုက္ခပါပဲ"

"ဒီလောက်တောင် မိုက်ရိုးရင့်ရသလားကွာ"

"အရက်မူးပြီး တွင်းထဲ ပါချတာနေမှာပေါ့"

ဦးဘတူသည်ခေါင်းကိုသွက်သွက်ခါယမ်းကာ...

"ကဲ - ကိုယ့်လူဘက်က စော်ကားသလို ဖြစ်သွားပြီပေါ့။ ကဲ - နေမဝင်ခင် ရွာရောက်အောင် ခပ်သွက်သွက်သွားကြစို့။ လှည်းပြင်တော့"

သူတို့အားလုံး တာဝန်ကိုယ်စီ ခပ်သွက်သွက်လှုပ်ရှားလိုက်ကြတော့သည်။

"နွားတွေ ရေတိုက်ကြ၊ အစာဝအောင် ကျွေးကြတော့ ခပ်မြန်မြန်"

လှည်းသုံးစီးသည် ရွာဆီသို့ ဝါးများကိုတင်ကာ အလျင်စလို မောင်းလာကြသည်။ ရှေ့ဆုံးလှည်းတွင် ကိုလှသောင်း၊ စိန်ကုလားသည်ဒဏ်ရာဖြင့်သတိရတစ်ချက် မရတစ်ချက် သွေးရူးသွေးတန်းကယောင်ကတမ်းတွေ ရေရွတ်ကာ လူမမာတစ်ယောက် ပါလာသည်။

ကြည်ဝင်းသည် စိန်ကုလားကို ပွေ့ထားသည်။ စိန်ကုလားသည် တစ်ချက်တစ်ချက် မျက်ဖြူလန်ကာ အကြောဆွဲ

www.burmeseclassic.com

သလို ဖြစ်သွားသည်။ ခန္ဓာကိုယ်သည် တဆတ်ဆတ်တုန်တက်ကာကြောက်ပါ-ပြီဗျ။ ကြောက်ပါပြီဗျဟုညည်းညူသည်။ ညည်းညူအော်ဟစ်ရင်း ပါးတစ်ခြမ်းရှဲ့သွားကာပါးစောင်မှသွားရည်တွေစီးကျလာသည်။ မျက်လုံးလှန်ကာ ကြည်ဝင်းကို မမြင်ဘူးသည့် သူစိမ်းတစ်ယောက်ကိုကြည့်သည်။ ထို့နောက် မျက်လုံးကြီးပြူးထွက်ကာ ...

"အောင်မလေး - ဘီလူးကြီးဗျ"

ကြည်ဝင်း လက်ထဲမှ အတင်းရုန်းကန်ရင်း သတိလစ်မေ့မြောသွားသည်။

လှည်းသည် ရွာထဲသို့ တရကြမ်းမောင်းဝင်လာသည်။ ရွာတံခါးကို ကျော်ဝင်လိုက်သည်နှင့် စိန်ကုလား၏ ခန္ဓာကိုယ်သည် တီကောင်ကို ငရဲမီးပက်လိုက်သလို ဖျတ်ဖျတ်လူးဖြစ်ကာ ရုတ်ခြည်း ငြိမ်ကျသွားတော့သည်။

BURMESE CLASSIC

※

ကျေးရွာ၏ဓလေ့ထုံးစံအရရွာတွင်းသေဆုံးသည့်အလောင်းမို့ ငါးရက်ထားရန် မိသားစုများက ဆုံးဖြတ်ကြသည်။

နာရေးကိစ္စမှန်သမျှ လက်ရဲဇက်ရဲလုပ်ကိုင်ကြသော ကာလသားအချို့က အရက်မူးအောင် သောက်ကြကာ စိန်ကုလား၏ ရင်ကို ခွဲရန် ပြင်ကြသည်။ ရေနံဆီ၊ မီးခြစ်ကျောက် စသည့် မပုပ်မသိုး တာရှည်ခံရန် လက်လှမ်းမီသမျှ ပစ္စည်းများကို ရှာဖွေစုဆောင်းထားကြရသည်။ ရင်ကို ခွဲပြီး ပုပ်သိုးလွယ်သော ဝမ်းတွင်းကလီစာ အူအသည်းများကို ထုတ်ပြီး ရေနံဆီ၊ မီးခြစ်ကျောက်များ လောင်းထည့်ရန်ဖြစ်သည်။ သို့မှသာ ငါးရက်ထား၍ ရပေမည်။

အရက်မူးယစ်နေသော လူသုံးယောက်သည် ရင်ညွန့်ရိုးမှ ချက်အထိ ဓားထက်ထက်ဖြင့် မျဉ်းတစ်ကြောင်းတည်း ခွဲချကာ ဗိုက်ကို ဖွင့်လိုက်ကြသည်။ ထက်ခြမ်းပွင့်သွားသော ဝမ်းဗိုက်ကို ငုံ့ကြည့်နေသော သူတို့၏ မျက်ဝန်းများ ရုတ်တရက် ပြူးကျယ်သွားသည်။ ပါးစပ်များ ဟသွားကြသည်၊ ဝမ်းဗိုက်ကို ခွဲသူ၏ မျက်ဝန်းများ အဆမတန် ပြူးထွက်သွားကာ လက်ထဲမှ ဓားသည် ယောင် ယမ်းကာ လွတ်ကျသွားသည်။ ကျန်နှစ်ယောက်က နောက်သို့ အလန့်တကြား ဆုတ်လိုက်သည်။

အရက်မူးသမားသုံးယောက်သည် စောစောကမှတင်တစ်ဝသောက်ထား သောယစ်ရွှေရည်၏အာနိသင်များသည် ရုတ်ခြည်းလွင့်စဉ်သွားတော့၏။ စိန်

www.burmeseclassic.com

ကုလား၏ ဝမ်းဗိုက်ထဲမှ အရှင်လတ်လတ်မြွေပွေးတစ်ကောင်ထွက်လာခြင်းလည်းမဟုတ်။ ခေါင်းနှစ်လုံးနှင့် အစွယ်ပြူးပြူး ဘီလူးကလေးတစ်ကောင် ငုတ်တုတ်ထထိုင်နေခြင်းလည်း မဟုတ်။

သုံးယောက်သော သူတို့၏ မျက်လုံးခြောက်လုံးသည် စိန်ကုလား၏ ဝမ်းဗိုက်ထဲသို့ တစ်ဖန် ပြုတ်ကျသွားပြန်၏။ ထက်ခြမ်းပွင့်သွားသော စိန်ကုလား၏ ရင်အတ်ထဲတွင် ဘာမှမရှိ။ ဝမ်းတွင်း ကလီစာ၊ အူ၊ အသည်းနှလုံးဖြစ်နေသည့် ပေါင်းလောင်းပေါက် ဝမ်းဗိုက်ကြီးတစ်လုံးသာ။ မော်တော်ကား တာယာကျွတ် အပေါင်းကြီးလို အခေါင်းပေါက်ကြီး သာပင်တကား။



## အနာပေါက်ကုထုံး

**အနာစက်**

ဦးခေါင်းနှင့် လက်ဖျံ၊ ခြေသလုံးတို့ တွင် အပေါက်များသည့် ယင်းအနာကို တမာရွက်ပြုတ်ရည်ကျကျဖြင့် ဖန်ရည် ဆေးပေးရမည်။

ဆေးအမည်

(၁) ဆီမီးတောက်ဉအမှုန့်၊ (၂) ကျပ်ခိုးမှုန့်၊ (၃)စပါးကြီးသည်းခြေ၊ (၄)ပျားတူအုံ လေးမျိုးရောကာ ဆေးတောင့်ပြုလုပ်ပါ။ နှမ်းဆီ သို့မဟုတ် အုန်းဆီဖြင့် သွေးလိမ်းပါ။

| | | | |
|---|---|---|---|
| (၅) ဥပသကာ | ၁ သား၊ | (၆)သစ်ကြမ်းပိုးခေါက် | ၁ သား |
| (၇) ကံ့ကောက်ဝတ်ဆံ | ၁ သား | (၈) ပန်းရင်း | ၁ သား |
| (၉) ပန်းလဲ | ၁ သား | (၁၀)ပန်းနု | ၁ သား |
| (၁၁)ပန်းဥ | ၁ သား | (၁၂)ကန့်ပလူဥ | ၁ သား |
| (၁၃)နံ့သာဖြူ | ၁ သား | (၁၄)နံ့သာနီ | ၁ သား |
| (၁၅)စန္ဒကူးနီ | ၁ သား | | |

ဤဆေးများကို စုပေါင်းကာ နလင်ကျောက်နှင့်ဖြစ်စေ၊ စက်ဥလုန်းခေါက်၊ လက်ပံဆူးခေါက်တို့နှင့်သွေး၍ လိမ်းရပါမည်။

www.burmeseclassic.com